


# ကြည်အေး

## ဂျိုကာမပါဘဲ တုတ်စားခြင်း

နှင့်အခြားဝတ္ထုတိုများ

ဂျိုကာမပါဘဲ တုတ်စားခြင်းနှင့် အခြားဝတ္ထုတိုများ။ ကြည်အေး
မျက်နှာဖုံးပန်းချီ - ချမ်းငြိမ်းကျော်
စာမျက်နှာ ၂၅၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဂျိုကာမပါဘဲ တုတ်စားခြင်း နှင့် အခြားဝတ္ထုတိုများ

## ကြည်အေး

ပထမအကြိမ်၊ ၂၀၁၇

ဆရာမကြီး ကြည်အေး ကွယ်လွန်ပြီးနောက်
သူ၏ ဝတ္ထုတိုလက်ရာများ စုံလင်အောင်
(ဘာသာပြန်လက်ရာများ အပါအဝင်) ပြန်လည်စုစည်းလျက်
၂၀၁၇၊ ဩဂုတ်လတွင် မူသစ်ထုတ်ဝေခဲ့ပါသည်။
ထပ်မံဖြည့်စွက်သော ဝတ္ထုတိုအများစုမှာ
စာပေစိစစ်ရေးရှိစဉ်က ထွက်ရှိသော စိတ်ကူးချိုချို၏ ဝတ္ထုတိုပေါင်းချုပ်သစ်တွင်
ထည့်သွင်းခွင့်မရဘဲ ကျန်ရှိနေသော ဝတ္ထုတိုများဖြစ်ပါသည်။

ယခုစာအုပ်ငယ်မှာ
အဆိုပါ ယခင်က ထုတ်ဝေခဲ့သော ကြည်အေး၏ ဝတ္ထုတိုပေါင်းချုပ်သစ်ကို
ဝယ်ယူပြီးခဲ့သူများအတွက် မူသစ်တစ်အုပ်လုံး ထပ်မံဝယ်ယူရန်မလိုဘဲ
အဆင်ပြေပြေ သိမ်းဆည်းနိုင်ရန် ရည်ရွယ်ပြီး မူသစ်တွင် ထပ်မံဖြည့်စွက်ထားသော
ဝတ္ထုတိုများချည်း သီးသန့် ပြန်လည်စုစည်းထုတ်ဝေခြင်းဖြစ်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကြေးကြီးလောင်းသူ | ၁ |
| ၂။ | ဂျိုကာမပါဘဲ တုတ်စားခြင်း | ၁၈ |
| ၃။ | တစ်မိုးလင်း၏ | ၃၆ |
| ၄။ | မလှတလှပုံပြင် | ၄၁ |
| ၅။ | မေ့ချစ်သူ | ၇၆ |
| ၆။ | မြသဒ္ဒါ | ၉၅ |
| ၇။ | မြိုင်လယ်မှ ညချောက် | ၁၀၂ |
| ၈။ | ရာသီမိုး | ၁၁၉ |
| ၉။ | လက်စားချေခြင်း | ၁၄၈ |
| ၁၀။ | အတွေးလွင့်ပျံ့ | ၁၅၆ |
| ၁၁။ | အမရှာပြန် | ၁၆၂ |
| ၁၂။ | အင်္ဂလန်၌ ကားအမြန်မောင်းခြင်း | ၁၇၄ |

**ဘာသာပြန်လက်ရာများ**

| | | |
|---|---|---|
| ၁၃။ | ကဗျာဆရာပြောသော ပုံတစ်ပုံ | ၁၈၅ |
| ၁၄။ | ပင်လယ်သို့ပြန် | ၁၉၆ |
| ၁၅။ | မိုးလားမောင်ရို့ | ၂၁၇ |
| ၁၆။ | သီတာနွမ်း | ၂၃၅ |


❑



## ကြေးကြီးလောင်းသူ

ကိုခင်လှိုင်သည် ကျွန်မနှင့် တက္ကသိုလ်သို့ တစ်နှစ်တည်းရောက်သူလည်းဖြစ်သည်။ ဘာသာယူပုံချင်းလည်းတူသည်။ အတန်းတူတူနှစ်များစွာ အတူစာသင်ခဲ့ရသည်။ သို့သော် သူက အသက်လေးငါးနှစ်ငယ်တယ်လို့ ထင်ရတာပဲလား၊ သူ့မျက်နှာပုံပန်းကိုက လူငယ်နှင့်အမြဲတူနေတာကြောင့်လားမသိ၊ ကျွန်မသည် ရွယ်တူချင်းလို ခင်မင်လို့မရချေ။ ပြီးတော့ သူ့ဦးလေးအရင်းဖြစ်သော ကိုခင်မောင်ဆွေကလည်းကျွန်မယောက်ျား၏ သူငယ်ချင်းဖြစ်ကာ ကျွန်မတို့သည် ကိုခင်လှိုင်ထက် အလကားနေရင်း ဝါကြီး၍နေသည်။ ကိုခင်လှိုင်ကို တူရွယ်မောင်ရွယ်ထင်ပြီး ခပ်တန်းတန်းနေခဲ့ပါသည်။ သူနှင့် သူ့ဦးလေးကလည်း တယ်ရင်းရင်းနှီးနှီးမရှိလှချေ။ ထို့ကြောင့် ကိုခင်လှိုင်သည်ဘယ်နည်းနဲ့မှ ကျွန်မတို့ အသိုက်အဝန်းမှာ မပါခဲ့ချေ။

ကိုခင်လှိုင် ဘီအက်စ်စီအောင်တာကို သတိမပြုလိုက်မိသော်လည်း အမ်အက်စ်စီ အောင်တာကိုတော့ သိလိုက်၏။ ထိုအချိန်မှာကျွန်မသည် ကျောင်းနှင့်ဝေးကွာခဲ့ကာ သားတစ်ဖြာပင် ရခဲ့လေပြီ။ ကိုခင်လှိုင် ပညာတော်သင်သွားသလိုလို သစ်တောဘက်ဝင်သလိုလိုကြားလိုက်သေး၏။ သို့မဟုတ် ကျောင်းမှာပင် ဆရာပြန်လုပ်တာဖြစ်

လိမ့်သည်။ သူ့ကို စိတ်ဝင်စားခဲ့သည်မဟုတ်ပါ။ သို့သော် သူ မင်္ဂလာဆောင်သည့်ပွဲကိုတော့ ကောင်းစွာမှတ်မိနေပါသည်။

ကိုခင်လှိုင်နှင့်ရသော မိန်းကလေးမှာ ပဲခူးသူဖြစ်ကာ လှလည်းလှပ၊ ပစ္စည်းလည်းရှိ၊ ပညာလည်းတတ်သူပင်။ မျှော်မှန်းသည့်အတိုင်းပင် အင်မတန်စည်ကားသော မင်္ဂလာပွဲဖြစ်ပါပေ၏။ သတို့သမီး သတို့သား အဖြူရောင်ကို ဝတ်ဆင်ကြကာ ချီးမွမ်းအံ့သြခဲ့သေး၏။ ကိုခင်မောင်ဆွေ၏ မိန်းမက မသိနားမလည်သူမို့ ထဘီအနက်ဝတ်ခဲ့သည်ကို ကန့်ကွက်ခဲ့ကြသေး၏။ ထို့နောက် ကျွန်မတို့တစ်တွေသည် ရယ်မောကာ၊ စကားများကာ၊ စားသောက်ကာ၊ စီးကရက်ခဲကာ ကရမက်ယပ်တောင်ခတ်ကာ ပဝါတမမနှင့် တစ်မနက်ခင်းလုံး အချိန်ကုန်ခဲ့သည်။ အိမ်ပြန်ရောက်ကြလျှင်တော့ ကိုယ့်အသိုက်အဝန်းထဲက မဟုတ်သော သူငယ်ချင်း၏တူမို့သာ သွားခဲ့ရသော မင်္ဂလာဆောင်နှင့် သတို့သား၊ သတို့သမီးတို့ကို မေ့ပျောက်ပစ်လိုက်သည်။

သုံးနှစ်မှာ တစ်ခါလောက်တော့ ကိုခင်လှိုင့်အကြောင်းကို ကိုခင်မောင်ဆွေနှင့် စကားစပ်မိ၏။ ဒါတောင် သိပ်ရှည်ရှည်ဝေးဝေးမဟုတ်ပါ။

"ခင်လှိုင်လေးဆီက စာလာတယ်ကွ။ ဘာစိတ်ကူးရတယ်မသိဘူး၊ ငါ့ဆီ စာရေးလိုက်တယ်။ ဟဲ... ဟဲ" ဟု ကိုခင်မောင်ဆွေက အကြောင်းမရှိ ရယ်မောကာ ပြောပြသည်။ ဒါမှမဟုတ် အကြောင်းရှိလို့ရယ်တာလည်း ဖြစ်နိုင်ပါသည်။ တူဆီက စာရသည်ကို ပြောပြရတာ ရှက်တာဖြစ်နိုင်ပါသည်။

"ခင်လှိုင် ခု ဘယ်ရောက်နေလဲကွ" ဟု ကျွန်မ၏ခင်ပွန်းက စကားအဖြစ် မေးသည်။

"ပူတာအိုမှာကွ"

"ဘာသွားလုပ်နေလဲ"

"စစ်တပ်ထဲဝင်သွားတယ် မင်း မသိဘူးလား"

"အေးကွ၊ ပူတာအိုသွားလည်ရရင် ကောင်းမှာပဲ။ သူရှိတုန်း..."

ထို့နောက် ကျွန်မတို့သည် ကချင်ပြည်နယ်ကို မရောက်ဖူးသေး

သည့်အကြောင်း၊ ငပလီ ဘယ်လိုလှကြောင်း၊ ရှမ်းပြည်နယ်ကိုတော့ တကယ်ချစ်ကြောင်းတွေဆီ ရောက်သွားပါသည်။

နောက်တစ်ကြိမ် ကိုခင်လှိုင့်အကြောင်း ပြောမိသေး၏။ သူ ရန်ကုန် ပြန်ရောက်ပြီတဲ့။ စစ်တပ်ထဲက ထွက်လိုက်သည်တဲ့။ သူတို့မှာ သားသမီးတစ်ယောက်မှမရှိတဲ့။

* * *

ကျွန်မတို့၏ ၁၀ နှစ်မြောက်မင်္ဂလာပွဲနေ့မှာ ကိုခင်မောင်ဆွေတို့ နယ်ပြောင်းရသည်။ ကျွန်မတို့ကလည်း လေဆိပ်သို့ လိုက်မပို့နိုင်။ သူတို့ကလည်း အိမ်သို့မလာနိုင်တော့ချေ။

"တို့ နောက်မှလာလည်မယ်ကွာ။ တောင်ငူပဲ နီးနီးလေးပဲ။ မနက်စောစော ထမောင်းလာရင် ထမင်းစားမီ ရောက်လာမှာ။ အေး... ဒီနေ့ မင်းအိတ်ထဲကငွေတစ်ထောင်လောက် မရလိုက်တာတော့ နစ်နာသကွာ" ဟု မောင်က ပြောခဲ့သည်။

"အောင်မာ ... ပြောင်းပြန်ပြောပြန်ပြီ။ ပိုက်ဆံသက်သာသွားတာက မင်းကွ။ မှတ်မိလား။ မိချိုကို ငါ ဖဲနိုင်တဲ့ပိုက်ဆံနဲ့ ပတ္တမြား လက်ကောက် ဝယ်ပေးတာလေ။ အဲဒါ မင်းပိုက်ဆံအများဆုံး" ဟု ကိုခင်မောင်ဆွေက ပြောသည်။ ကျွန်မကမူ သူတို့ သူငယ်ချင်းနှစ်ယောက်ကို ရယ်မောလျက်ကနေခဲ့ပြီး အိမ်မှာ ခင်းကျင်းစီမံစပြုရလေ၏ ။

ထိုနေ့မှာ ကိုခင်မောင်ဆွေ မရှိတာတော့ တစ်မျိုးခြောက်ကပ်တာ မှန်သည်။ တစ်နှစ်တစ်ခါ အားရပါးရ ကစားရသော ဖဲဝိုင်းများ သည်နှစ်အဖို့ ခါတိုင်းလို စည်ပင်ဆူညံသော်လည်း တစ်လှည့်နိုင်လျှင် ဆယ်လှည့်က ရှုံးသည်နှင့်ကာမိအောင် ဝမ်းသာအားရ အော်ဟစ်တတ်သော ကိုခင်မောင်ဆွေကို တမ်းတကြသည်။ မောင်ပင်လျှင် ရွှင်လန်းသင့်သလောက် မရွှင်လန်းဘူး ကျွန်မ ထင်သည်။

"ခင်ရေ ... လက်ဖက်စားချိန်တန်ပြီထင်တယ်။ ကိုယ့်လူတွေ အော်ကြရတာနဲ့ စားထားသမျှလေး ဗိုက်ထဲ ချောင်ကုန်ပြီ။ လက်ဖက်

ရည်ကြမ်းရော၊ ကော်ဖီရော၊ ကိတ်မုန့်ခြောက်ရော လုပ်ပါဦး။ လက်ဖက်ကို နှစ်မျိုးသုပ်နော်။ အချိုသုပ်တစ်မျိုး၊ ပြီးတော့ ငရုတ်သီးစပ်စပ် သံပရာချဉ်ချဉ်နဲ့သုပ်တဲ့ ခင့်လက်ရာလည်း စားချင်သေးတယ်” ဟု ခင်ပွန်းသည်က ခိုင်းသည်။

“စီးကရက်လည်း ဒီမှာကုန်ပြီဗျို့၊ ဆေးပေါ့လိပ်ရလည်း ပြီးပါတယ်” ဟု ဧည့်ခန်းထောင့်စွန်းမှ အော်သူက အော်ပါသည်။

ကျွန်မလည်း အစားအသောက်ချရ၊ ဆေးလိပ်ဖြည့်တင်းရနှင့် အလုပ်များသွား၏။ မီးမောက်ဖိတ်စဉ်နေသော ဆေးလိပ်ပြာခွက်များကို သွန်ရပြန်၏။ ဧည့်ဝတ်ပြုရင်းက ရှုံးနေသူအနီးရောက်ခဲ့လျှင် အားပေးစကားပြောရ၏။ နိုင်သူအနားရောက်ပြန်လျှင် အားရလှသည်။ ပြီးတော့ ငယ်ငယ်က ကြားဖူးသော ပုံပြင်တစ်ခုကို သတိရသည်။

အမေက ပုံပြောဖူးပါသည်။ ရှေးရှေးတုန်းကတဲ့ သူငယ်ကလေးနှစ်ယောက်ရှိသည်တဲ့။ သူတို့ ကြွေပစ်တမ်းကစားရာမှာ နမောဗုဒ္ဓါယဆိုပြီး ပစ်သူက အမြဲနိုင်သည်တဲ့။ သည်တော့ ရှုံးတဲ့သူငယ်ကလေးကလည်း အားကျပြီး နမောဗုဒ္ဓါယဆိုပြီး ပစ်ပြန်ရာ သူနိုင်လေသည်တဲ့။ ဒီတော့ ကျွန်မက မေးဖူးသည်မှာ အမေရယ် လူနှစ်ယောက် ကစားရာမှာ တစ်ယောက်နိုင်လျှင် တစ်ယောက်ရှုံးရမှာ ဓမ္မတာ။ ဘယ့်နှယ်လုပ်ပြီး နှစ်ယောက်စလုံးနိုင်လို့ဖြစ်မည်လဲ။

ဖဲရိုက်သူဧည့်သည်များကို ကျွေးမွေး၍ သိမ်းဆည်းပြီးသော် ကျွန်မ အတော်မောသွားပါသည်။ ကလေးငယ်များ အိပ်ချိန်မို့ နားနိုင်ပါပြီ။ အဖော်ကလေးမကလေးများကိုသာ ခဏထားခဲ့မည်။ အိမ်ပေါ်တက်ခဲ့ဖို့ရာလည်း သင့်တော်သည်မဟုတ်၊ စာကြည့်ခန်း၌လည်း ဖဲဝိုင်းရှိတာ မှန်ပေမည်။ ဦးလေးမြင့်တို့ လူကြီးများဝိုင်းမို့ မဆူညံလှ။ သူတို့က ဖဲကစားရင် ကိုယ့်အလှည့်ပြီးရင် တရေးတမောတောင် အိပ်လို့ရသော ၁၃ ချပ် ပိုကာကို ကစားကြသည်မို့ ငြိမ်ငြိမ်ပင် စာကြည့်ခန်းထဲ၌ သက်သောင့်သက်သာ ခဏနားနိုင်မည်မို့ ကျွန်မ အသာကလေးထလာဆဲ…

“နှစ်ဆယ့်တစ်ပေါက် ဆရာရေ့” ဟု ခင်ပွန်းသည်က အားရ

ပါးရပြောသံကို လှည့်ကြည့်လိုက်လျှင် "သေတယ်" ဟု တစ်စုံတစ်ယောက်က ချက်ချင်းပြန်ဖြေပါသည်။

"ငါတစ်ယောက်တည်း စင်းစင်းသေတာပါလား" ဟု ထပ်ပြောပြန်ပါသည်။

ပြောသူမှာ မထင်မှတ်သော ကိုခင်လှိုင်ပင်။

***

ထို့နောက် နွေပေါက်လာပြီး ဖိတ်စာများ လင်ပန်းပေါ်ဝေလျက်ရှိပါသည်။ စနေ တနင်္ဂနွေမှာ နားရတယ်လို့ မရှိလှပါ။ ညနေစာလည်း အိမ်မှာ စားရတယ်မရှိလှပါ။ အိမ်သို့ သန်းခေါင်ကျော်မှ ရောက်တာများ၍ သားသမီးများ မကျေနပ်သံကို မကြာခဏ နာခံရသည်။ မိုးလင်းမှ အိမ်ပြန်ရတာလည်း ရှိသေးသည်။ လူ့ဘဝ၌ အလုပ်အများဆုံးသော အရွယ်ရောက်ခဲ့ပြီလို့ ထင်ရပါသည်။ ကျွန်မတို့၏ သုံးဆယ်ကျော် လေးဆယ်နီးပါးရွယ်မှာ အိမ်ထောင်ကိစ္စ များပြောင်လာသည်။ သူ့သားသမီး ကိုယ့်သားသမီးကိုလည်း ချီးမြှောက်ရသည်၊ သူ့မိဘကိုယ့်မိဘလည်း သင်္ဂြိုဟ်ရသည်။ လင်မယားကွဲတာမျိုးနှင့်ကြုံပြန်တော့ စေ့စပ်လို့ရလျှင် စေ့စပ်၊ စေ့စပ်မရပြန်တော့ မျက်နှာလွှဲလို့ နေလိုက်ရသည်။ ကျွန်မတို့သည် ဖဲဝိုင်းနှင့် ပြတ်သည်မရှိတော့လို့ ဆိုလိုခြင်းပင်။

ဖဲဝိုင်း၌ ပိုက်ဆံမှာ သွားလိုက်လာလိုက်မို့ နိုင်သည်ဖြစ်လည်း ကိုယ့်ပိုက်ဆံလို့ မခေါ်နိုင်ရကား ကျွန်မ စိတ်မဝင်စားလှပါ။ သို့သော် ဖဲဝိုင်း၌ မျက်နှာများသည် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ကျွန်မမျက်ခြည်မပြတ်မိသည်မှာတော့ ကိုခင်လှိုင်တို့ပင်။

ကိုခင်လှိုင်တို့လို့ ဆိုလိုက်ရာ သူ့မိန်းမ ကြူကြူပါ ပါသည်ပေါ့။ ကိုခင်လှိုင်ကို ယခုတော့ ကျွန်မ သက်တူရွယ်တူလို့ အောက်မေ့လာခဲ့ပေပြီ။ သူ့မျက်နှာသည် ညိုမောင်းလာရုံမက အရစ်အစင်းများစွာပင်ထင်နေသည်။ ဘယ်တော့မှ ပျောက်မယ်မထင်ရသည့် လူငယ်အမူအရာကို ဘယ်လိုရှာလို့မျှ မတွေ့ရတော့ချေ။ အပြောအဆိုအမူအရာ

လည်း ကြမ်းတမ်းလာတယ်ထင်သည်။ နဂို မိကောင်းဖခင်သားသမီး စိတ်တော့ ကျန်သည်လို့ မျှော်လင့်ရပါသည်။ သူသည် ဖဲဝိုင်းမှာ မလိမ်ညာချေ။ ဖွဲနပဲကြီးစွာ ကစားသည်။ အသံကျယ်လောင်သည်။ ဖဲရှုံးသည့်အခါ ဖဲထုပ်ကို ဆွဲဆုတ်ကာ ဖဲထုပ်ဖိုး အတင်းလျော်တတ်သည်။ ဖဲကြွေးတင်သည်ကို အရင်ဆုံးဆပ်လေ့ရှိသည်။ တစ်ဝိုင်းလုံးပြောင်၍ သူသာနိုင်နေလျှင်လည်း ကစားချင်သေးသည်။ ပိုက်ဆံကို ဝေ၍ တစ်ဖန်ပြန်ကစားပြန်သည်။ ကြေးကြီးများ အလျော်အစား ရှိသည်ကို လက်မတုန်ဘဲ ကစားတတ်လေသည်။

"ခင်လှိုင်လေး သိပ်ဖဲရိုက်တတ်နေတယ်ဆို။ ဒီကောင် အကြီးအကျယ် ပြောင်းလဲနေပါလား။ သနားပါတယ်ကွာ" ဟု ကိုခင်မောင်ဆွေက တစ်ခါ တယ်လီဖုန်းနှင့် တောင်ငူမှ လှမ်းပြောသည်။ လူတိုင်းကပင် ကိုခင်လှိုင်ကို ကွယ်ရာမှာ သနားကြသည်။

ကိုခင်လှိုင်မှာ ခြေတစ်ဖက်ပြတ်လျက်ရှိလေသည်။ လူတစ်ယောက် အမေက အကောင်းမွေးပေးလိုက်သော်လည်း ကြီးမှ ခြေပြတ်ဖြစ်ရသည်ဆိုသည်မှာ ဆန်းပြားလွန်းလှတယ်လို့ မဆိုနိုင်သော်လည်း ဝတ္ထုစာအုပ်များ၊ ရုပ်ရှင်များထဲသာ တွေ့ရများကာ အပြင်မှာ မြင်ဖူးသည်မဟုတ်ပါ။ တွေ့စက ကျွန်မသည် ယုံကြည်လို့ကို မရပါ။ ကျွန်မတို့ အိမ်ပွဲသဘင်သို့ လာစဉ်က ခြေပြတ်ပြီးပြီလား၊ အကောင်းရှိသေးသလားလို့ဆိုတာလည်း မမှတ်မိပါ။ ကျွန်မ သေသေချာချာ မကြည့်လိုက်မိတာ ဖြစ်နိုင်ပါသည်။

တကယ်တော့လည်း ခုထက်ထိ ကျွန်မ သူ့ခြေထောက်ကို သေသေချာချာ မကြည့်မိသေးချေ။

"တင်ပျဉ်ခွေထိုင်လို့မရတဲ့ လူပါတယ်ဗျ။ စားပွဲကုလားထိုင်နဲ့ လုပ်ကြပါ" ဟု သူက ပျော်ရွှင်လို့မဟုတ်သော ရယ်မောသံဖြင့် ပြောလေ့ရှိကာ သူပါလျှင် ဖဲဝိုင်းကို စားပွဲများဘက်က ကုလားထိုင်များ စီစဉ်ခင်းရပါသည်။

"ဧကန္တ ပေါင်ရင်းက ပြတ်တယ်နဲ့တူတယ်" ဟု မသိမ်မွေ့သော မှတ်ချက်ချသံကိုလည်း ကြားခဲ့ရပါသည်။

ကုလားထိုင်မှာ ထိုင်၍ ဖဲရိုက်နေလျှင်တော့ သူ့ခြေထောက်ပိုင်းသည် စားပွဲအောက် မှောင်ရိပ်မှာ ရောက်နေသည်မို့ သူ့ကို အင်္ဂါမစုံလင်ဘူးဟု ထင်ဖွယ်မရှိချေ။ ညာဘက်သို့ ကိုယ်ညွှတ်ကာ ညာလက်ဖြင့် ထောက်၍ အားယူထားသည်မို့ ညာဘက်ခြေထောက်ဖြစ်သည်လို့ ထင်ရ ပါသည်။

ဖဲဝိုင်းမှာ အများအားဖြင့် သူနှင့် မျက်နှာချင်းဆိုင် ထိုင်တာများသည်။ ကြူကြူနှင့် ကျွန်မ ကစားပွဲကိုဖြတ်၍ နှုတ်ဆက်မြဲ၊ ခင်ပွန်းသည်နှင့် ကိုခင်လှိုင်တို့ စကားနိုင်လုမြဲ၊ ကျွန်မတို့သည် ရွယ်တူဖြစ်သွားရုံမက မိတ်ဆွေသစ်လည်းဖြစ်ခဲ့သည်။ ကျောင်းတုန်းက တစ်တန်းတည်း နေခဲ့ဖူးသည်ကို ကိုခင်လှိုင်နှင့် ကျွန်မ စကားမစပ်ပါ။ ကိုခင်မောင်ဆွေအကြောင်းကိုလည်း ထည့်မပြောကြပါ။

ကိုခင်လှိုင်သည် အမြဲလိုလို ဖဲရှုံးသည်ကိုလည်း သတိထားမိပါသည်။ သူ့မိန်းမလေး ကြူကြူကမူ နည်းနည်းပါးပါးနိုင်လေ့ရှိပါသည်။ ကြူကြူက ကိုခင်လှိုင်လောက် မတတ်လည်း မတတ်၊ မရမ်းကားလည်း မရမ်းကား၊ ဖဲကံတော့ ကောင်းသားပဲ ဆိုရမည်။ သို့သော် ကိုခင်လှိုင်သည် ဆယ်ချီမှာ တစ်ချိန် ထိန်းသိမ်းမနိုင်အောင် ဖဲကောင်းကာ တစ်ဝိုင်းလုံး သိမ်းရတတ်လေသည်။ ထိုအခါမျိုးမှာ ကျွန်မသည် တက္ကသိုလ်မှာ မြင်ဖူးခဲ့သော နုနယ်ပျိုမျစ်ဟန်ရှိလှသော ကိုခင်လှိုင်ကို ပြန်တွေ့ရပါသည်။ သူ့အတွက် ဝမ်းလည်းသာရသည်။ ထိုအခါမျိုးမှာ သူကမူ ချက်ချင်းပင် သူ့ခြေထောက်ကို သတိရသည့်သဖွယ် ချိုင်းထောက်ကို အကြောင်းမဲ့ လှမ်း၍ကိုင်တတ်သည်။ ကြူကြူယူထားလျှင် လှမ်းတောင်းတတ်သည်။ ထိုအခါ ကျွန်မ၏ခင်ပွန်းသည်က ဒေါသဖြစ်သောမျက်လုံးများဖြင့် သူ့ကိုကြည့်ကာ ကျွန်မဘက်လှည့်၍ အသံမထွက်သော စကားတစ်မျိုးကို ပြောပါသည်။

အိမ်ကျလျှင် "သူ ဘာဖြစ်လို့ ဒီလိုလုပ်သလဲ"ဟု မကျေနိုင်မချမ်းနိုင် ကျွန်မကို မေးသေးသည်။

"သူ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ ပြောပါမောင်" ဟု ကျွန်မက ကိုယ့်စကားကိုယ် မယုံကြည်နိုင်ဘဲ ဖြေပြော ပြောပါသည်။

"ဒီလိုဖြစ်ရတာ သူ့ကိစ္စမဟုတ်ပါဘူး"

"ဒါကတော့ ခြေပြတ်တစ်ဖက်ဟာ မောင်ခြေထောက်မှ မဟုတ်တာ"

"အေးပါ၊ ဟုတ်ပါတယ်။ မောင်က ကိုယ့်ကိုယ်ကိုယ် သတ္တိခဲကြီးလို့ထင်ပြီး ပြောနေတာမဟုတ်ပါဘူး။ မောင်လည်း ခဏခဏတွေ့ဖူးတယ်။ ငါဟာ ငယ်ငယ်နဲ့ အင်္ဂါမစုံဖြစ်သွားရင် ဘာလုပ်မလဲဆိုတာ အိပ်ရာထဲတော့ မနေနိုင်တာ အမှန်ပဲ။ ဒါပေမဲ့ မောင်ဟာ ဖဲထိုင်ရိုက်နိုင်သေးရင် အလုပ်ခွင်မှာ ထိုင်လုပ်နိုင်ဦးမယ်လို့တော့ ထင်တယ်။ ပြီးတော့ ပျော်ရွှင်ဖို့ကောင်းတဲ့အချိန်မှာ ချိုင်းထောက်ကို သတိရတတ်တဲ့ ကဲကဲဆတ်စိတ်တော့ ဒီလောက်များလှမယ်မထင်ဘူး"

"သူ အလုပ်မလုပ်ဘူးလား"

"မလုပ်ဘူး။ ကြူကြူက သံရုံးတစ်ခုမှာ လုပ်တယ်"

"ဒါပေမဲ့ သုံးလေးထောင်ကိုင်ရိုက်တဲ့ ဖဲဝိုင်းမှာချည်း ရိုက်နေတာပဲနော်" ဟု ကျွန်မက စိတ်ဆင်းရဲမိပါသည်။

"ကြူကြူကို သနားတယ်ကွာ"

"ဟုတ်တယ် မောင်၊ ကောင်မလေးက သိပ်ပိန်တာပဲ။ သတ္တိတော့ တော်တော်ကောင်းတယ်။ ဘယ်လောက်ရှုံးရှုံးနိုင်နိုင် မျက်နှာမပျက်ဘူး"

"ကြူကြူက ခင်လှိုင်ကို မိဘစွန့်ပြီးယူတာ ခင်ရဲ့။ သူ့အဖေက ကျောင်းဆရာကြီးဆိုပေမဲ့ ခရစ်ယာန်တရားဟောဆရာတဲ့။ သိပ် ဘုရားတရားကြည်ညိုတာ။ ခင်လှိုင်ကိုယူတော့ အဖေကြီးက စွန့်ထားတာ။ သေတော့တောင် သမီးကို ကြည့်မသွားဘူးပြောတယ်"

"ခင် မသိပါလား။ ကြီးကြီးကျယ်ကျယ်မင်္ဂလာဆောင်ယူတာမို့ ဒီလိုမျိုးဖြစ်တယ် မထင်ပါဘူး"

"ကြူကြူ့အဖေကြီးက မင်္ဂလာဆောင်မှာ အမွေတစ်ခါတည်း ခွဲပေးလိုက်တယ်တဲ့။ အဲဒီပိုက်ဆံနဲ့ မင်္ဂလာဆောင်နိုင်တာပေါ့။ ခုတော့ ကောင်လေး ဖဲရိုက်တာနဲ့ ပါလာတာ ကုန်ရောပေါ့လေ"

ကျွန်မသည် ကိုခင်လှိုင်တို့ လင်မယားကို ခုထက်ခင်မင်ရင်းနှီးစွာ

ပေါင်းမည်လို့ ဆုံးဖြတ်လိုက်ပါသည်။ သူတို့ကို ထမင်းစား အရင်ဖိတ်ရမည်ပင်။

* * *

စာဖတ်သူအများပင် ဖဲမရိုက်တတ်တောင် အရက်တော့ သောက်တတ်မည်ပင်။ အကြောင်းမူကား ဒါနှင့်ပင် သူ့ဘဝကြီးမှာ ပျော်စရာရှာလို့ နေရသူများရှိတာ မှန်သောကြောင့်တည်း။ ဖဲရိုက်ဖက်များသည် အရက်သောက်ဖက်များလိုပင် ခဏလေးနှင့် ငယ်ပေါင်းကြီးဖော်ပမာ ခင်မင်ရင်းနှီးသွားတတ်လေသည်။ ပိုက်ဆံလည်း သဒ္ဓါတတ်သည်။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရမနေနိုင်အောင် ချစ်ရသည်။ သူ့မိန်းမ၊ ကိုယ့်မိန်းမ၊ သူ့ယောကျ်ား ကိုယ့်ယောကျ်ားတစ်တွေသည် မောင်နှမတွေလို ပြောမနာ ဆိုမနာ ရှိလာတတ်သည်။ တစ်ခါတစ်ရံ အရင်းနှီးလွန်ပြီး ညစ်တီးညစ်ပတ်ကိုသာ အကျင့်လုပ်၍ ပြောခဲ့ပြီဖြစ်သော ဖဲဝိုင်းများကို တောင် တွေ့ရသည်။ ထိုအခါမျိုးမှာ သိမ်မွေ့သူတစ်ဦးနှစ်ဦးက ယဉ်ကျေးပြုံးနှင့် ထိန်းသိမ်းတတ်သေးသည်။

ကိုခင်လှိုင်တို့လင်မယားနှင့် ကျွန်မတို့သည် မြန်ဆန်စွာ ရင်းနှီးလာသည်။ ထိုအခါ ကြူကြူ၏အကြောင်းကိုလည်း ပိုလို့သိလာသည်။ ကြူကြူဟာ အရွယ်ကလေးနှင့် မလိုက်အောင် ကြီးရင့်ခဲ့ကြောင်း၊ သို့အတွက်ကြောင့် မောပန်းခဲ့ကြောင်း၊ သို့ပေမဲ့ စိတ်နှလုံးပျက်လွယ်သည် မဟုတ်သဖြင့် ရိုးသားဖြောင့်မတ်ဆဲရှိကြောင်းကို တွေ့ရပါသည်။ ကံဆိုးသည်လို့ လွယ်လွယ်ဆိုရမည်ဖြစ်သော ကိုခင်လှိုင်၏ စိတ်နှလုံးကို ကြူကြူထောက်ပံ့ခဲ့တာကတော့ လူတိုင်းအသိပင်။ သို့သော် ကြူကြူ ဆက်လက်ရပ်တည်ဖို့ရာ ကိုခင်လှိုင်သာလျှင် ခြေပြတ်သည်ဖြစ်စေ၊ မပြတ်သည်ဖြစ်စေတတ်နိုင်တော့သည်ဆိုကာ ကျွန်မနှင့် မောင်တို့ မကြာခဏပြောမိကြသည်။ ကိုခင်လှိုင်သည် အင်မတန်စိတ်တိုနေသော၊ ဒေါသထွက်လွယ်သော၊ နာကြည်းနေသော၊ ချဉ်တူးနေသော လူရွယ်ဖြစ်ခဲ့ပြီမို့လည်း ကျွန်မတို့ ရုတ်တရက် စကားမစဝံ့။

"ဖေဖေ့ဘုရားကျတော့လည်း အားမကိုးထိုက်ဘူး။ ကိုကိုလှိုင့်ဘုရားကျတော့လည်း အားမကိုးသာဘူး။ ကြူကြူက ဘယ်ဘုရားနဲ့မှ မတည့်ချင်ပါဘူး" ဟု ရွှန်းပြက်ပြက်သူကလေးက တစ်ခါပြောပါသည်။

"မတည့်သူနဲ့ အတူမနေတာ အကောင်းဆုံးပဲ" ဟု ကိုခင်လှိုင်က ထောက်ခံပါသည်။

"သို့ပေမဲ့ လူ့ဘဝမှာ မိတ်ဆွေအကောင်းဆုံးတစ်ခုတော့ ရှိမယ်ထင်တယ်ဗျ။ လူနတ်ဗြဟ္မာ ဖြစ်စရာမလိုပါဘူး။ ကဗျာတစ်ပုဒ်သော်လည်းကောင်း၊ ဘိန်းရှူတဲ့ ပြောင်းသော်လည်းကောင်း၊ အချစ်သော်လည်းကောင်း" ဟု ကျွန်မရဲ့မောင်က ပြောသည်။

"မှသာဝါဒသော်လည်းကောင်း" ဟု ကိုခင်လှိုင်က ပြောဆဲ "ရိုးဖြောင့်ခြင်းသော်လည်းကောင်း" ဟု ကြူကြူက ထောက်ပါသည်။

"သတ္တိသော်လည်းကောင်း၊ ဖြစ်သမျှကို လက်သင့်ခံခြင်းသော်လည်းကောင်း" ဟု ကျွန်မက နောက်ဆုံးပြောလိုက်ပါသည်။

ကျွန်မတို့အားလုံး တိတ်ဆိတ်သွားပြီး ထိုတိတ်ဆိတ်ခြင်းသည် သရဲခြောက်သလို ကြာရှည်ကြီး ခြောက်လို့နေသည်။ ထိုတိတ်ဆိတ်ခြင်း၌ ဂနာမငြိမ်ဆုံးမှာ ကိုခင်လှိုင် သာဖြစ်ပါသည်။ ကိုခင်လှိုင်သည် ဘာမပြော ညာမပြောနှင့် နံရံ၌ထောင်သော သူ့ချိုင်းထောက်ကို လှမ်း၍ဆွဲယူလိုက်သည်။ ကြူကြူ၏မျက်လုံးများမှာ မျက်ရည်ဝေ့လည်လာပြီ။ ပထမဆုံးအကြိမ် အော်ဟစ်လိုက်တော့သည်ကို သူကလေးရဲ့ နှုတ်ခမ်းများတုန်ကာ မျက်နှာတစ်ခုလုံး ရဲရဲနီလာပါသည်။

ကျွန်မရဲ့မောင်က အခြေအနေကို ထိန်းသိမ်းချင်ဟန်ဖြင့် "ကိုခင်လှိုင် ခင်ဗျားကို ကောလိပ်မှာ စာပြဖို့ခေါ်တယ်ဆို" ဟု ဖြုန်းခနဲ မေးလိုက်သည်။

"ခေါ်တယ်ဗျ။ ဒါပေမဲ့ မပြချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

ကြူကြူက စိတ်အားထက်သန်စွာစောင့်ဆဲ ကိုခင်လှိုင်သည် ဟိုယောင် သည်ယောင် လုပ်နေပြီးမှ

"နောက်ကျသွားပြီဗျ။ ကိုယ့်တပည့်တွေက ကိုယ့်ရှေ့ရောက်ကုန်ပြီ။ သူတို့လက်အောက် လုပ်ရမလိုဖြစ်နေတယ်"

"ဒါဟာ အဖြေမှန်မဟုတ်ပါဘူး ကိုကိုလှိုင်" ဟု ကြူကြူက လွတ်ခနဲပြောလျှင် ကျွန်မကလည်း "စိတ်ဆိုးချင်ဆိုးတော့ ကျွန်မလည်း ဒီလိုပဲထင်တယ်"

"ခင်ဗျား ငြင်းတော့ မငြင်းလိုက်သေးဘူးမဟုတ်လား"

"ငြင်းလိုက်ပြီ"

"စကားစ ပြန်ကောက်ဖို့တော့ ကျန်သေးတယ်မဟုတ်လားဗျာ"

"မသိဘူးလေ"

နောက်တစ်ရက်နှစ်ရက်အကြာမှာ ကိုခင်မောင်ဆွေ၏ဖခင်ကြီး ရုတ်တရက် လေဖြတ်၍ဆုံးသည်။ ထုံးစံအတိုင်း ကျွန်မတို့သည် ဖဲဝိုင်းဝိုင်းကြပြန်ပါသည်။ တောင်ငူရောက်လာသော ကိုခင်မောင်ဆွေ ကိုယ်တိုင်လည်း ပထမတော့ တစ်ချက်နှစ်ချက်ငိုပြီး ဖဲဝင်ရိုက်ပါသည်။ ဖဲဝိုင်းမှာ ရယ်မောနောက်ပြောင်မြဲရှိပါသည်။ ကျွန်မတို့ကျောဘက် အိမ်ခေါင်းရင်းမှာတော့ အသက်မရှိတော့ပြီဖြစ်သော အန်ကယ်သည် မျက်နှာကို ပဝါပါးနှင့်ဖုံးကာ ပက်လက်ငြိမ်သက်လျက်နေသည်။

ဖဲဝိုင်း သုံးလေးဝိုင်း ဝိုင်းရာ ကိုခင်လှိုင်တို့လင်မယား၊ ကျွန်မတို့ လင်မယားနှင့် ကိုခင်မောင်ဆွေတို့လင်မယားပါသောဝိုင်းမှာ မိတ်ဆွေ ကုန်သည်သူဌေးတွေပါသည်မို့ ကြေးအကြီးဆုံး ဝိုင်းအကောင်းဆုံးဖြစ်သည်။ ဘူကြီးဝိုင်းမို့ လူ ၈ ယောက်အစေ့ရှိပါသည်။ ကုလား ၁၂ ကောင်ထုတ်လိုက်ရာ တစ်ယောက်ငါးချပ်ဝေလျှင် အတိအကျဖြစ်သည်မို့ ဖဲမှားလို့ မရတော့ပါ။

"စပ်လို့ကိုမထိဘူး"

"ထိတော့ ထိပြီ"

"ဘူလေးကွ၊ ဘူကြီးကို နိုင်တယ်"

"အလယ်ပုံသိမ်းပြီး ဖြတ်ထားတာကို"

"ဝမ်းရောင်း မဇွန်းဒါးဘဲကွ"

"နောက် နှစ်ခါဆက်ပြီး ဒိုင်ကိုနိုင်တယ်လေ"

ကျွန်မတို့လင်မယားနှင့် ကိုခင်မောင်ဆွေလင်မယားမှာ နည်းနည်းပါးပါး ရှုံးလိုက်၊ နည်းနည်းပါးပါးနိုင်လိုက်နှင့် အမှတ်တရမရှိလှပါ။ သို့သော် ခုမှတွေ့ဖူးသော အင်မတန်ကစားပျော်သည့် စိတ်သဘောရှိသော ကိုရီခေါ် ကုန်သည်တစ်ဦးနှင့် ကိုခင်လှိုင်တို့ အကြိတ်အနယ်ဖြစ်လာပါသည်။ ကိုခင်လှိုင်သည် အကြီးအကျယ်ရှုံးကာ စောစောက ကြူကြူနိုင်ထားသည့် ငွေတစ်ထောင်ကျော်လောက်ကိုပင် လှမ်းတောင်းနေရပါသည်။

"ဖဲစီးတယ်ကွ" ဟု ကိုခင်လှိုင်က အော်ရုံမက တစ်ချက်ဆဲလိုက်ပါသေး၏။

အကြောင်းမှာ ကိုခင်လှိုင်တွဲရလျှင် ကိုရီက လပ်ရပါသည်။ ကိုခင်လှိုင် လပ်ရလျှင် ကိုရီက ကိုးရပါသည်။ ကိုခင်လှိုင် စပ်မထိလျှင် ကိုရီက တစ်ပေါက်နှင့် စားသေးသည်။ ငါးမိနစ်အတွင်းမှာ ကိုခင်လှိုင်တွင် ငွေရှိသမျှ ပြောင်ရုံမက ကြွေးရစ်ထောင်ခန့် တင်လေပြီ။

ထိုခဏ၌ ကျွန်မဘေးရှိ ကြူကြူသည် သူ့လက်ထဲရှိ ဖဲ ၅ တစ်ချပ်ကို ဖျတ်ခနဲလှန်ချလိုက်ရာ လပ်ပေါ်သည်မို့ ကျွန်မ ဝမ်းသာသော်လည်း ကိုခင်လှိုင် ဒိုင်လှည့်မို့ တကယ်ပဲ ဝမ်းသာရသလားမပြောတတ်ပါပြီ။ အလယ်ဘက်မှာ ကိုခင်လှိုင်ငွေတစ်ရာသာ ထည့်ထားကာ ကြူကြူက တစ်ရာ့ငါးဆယ်ထိုးထားသည်။ ကိုခင်လှိုင် ဒိုင်ပြုတ်ဦးမည်လားမသိ။

"ဒိုင်ဘယ်လောက်ရှိသလဲ၊ ထိသလား ... ထိသလား"

"ဟာ ... ထိတာပေါ့၊ မနည်းဘူး တွဲဗျ"

"ထင်တယ်" ဟုဆိုကာ ကြူကြူသည် ငွေတစ်ရာ့ငါးဆယ်ကို အလယ်ပန်းကန်ထဲ ထည့်လိုက်လေရာ ကျွန်မသည် ပါးစပ်ဟလိုက်ပြီးမှ ဘာမျှမဖြစ်သလိုနေသော ကြူကြူ့မျက်နှာကို မမြင်ယောင်ဆောင်ပြီး ငြိမ်နေလိုက်ရလေ၏။

နောက်တစ်လှည့်မှာ ကြူကြူသည် ၂၅ဝ ထိုးကာ ကိုးရသော်လည်း တင်လိုက်ပြန်သေးသည်။ ကိုခင်လှိုင်က လပ်မျှရှိသည်မို့ တစ်ဝိုင်းလုံးလိုလို တင်ရပါသည်။

ထိုအခါ အလယ်ပုံသည် တစ်ထောင့်ငါးရာကျော်လေပြီ။ ကိုခင်လှိုင်က ဝါနင်မခေါ်ပါ။ ဆက်ကစားမည်ဆိုသည်။ ငွေများများလိုချင်သူ ငွေများများတင်လိုက်ရသူတို့သည် ကံစမ်း၍ ပြန်ထိုးယူမည်ကြံကာ ငွေစက္ကူများကို ဆလျက်ရှိလေပြီ။

ထိုအလှည့်မှစ၍ ကိုခင်လှိုင်သည် ဆက်တိုက်ပင် ဘူကြီး ဘူကလေးနှင့် ကိုးမှအောက်သို့မဆင်း၊ စောစောက အကြိတ်အနယ်ဖြစ်သော ကိုရီက ပြောင်းပြန်ဖဲကျကာ တစ်လုံးငယ်နှင့်ချည်း ပေးလိုက်ရလေရာ ထိုအလှည့်အပြီးတွင် ကိုခင်လှိုင်၏ ကြွေး ရှစ်ထောင်ကျရုံမက လေးငါးရာပင် နိုင်ဦးမည်လို့ ထင်ရလေသည်။

ကြူကြူသည် တည်ငြိမ်သောမျက်နှာထားနှင့် ကုလားထိုင်မှ ထပါသည်။

"မောပြီ အိပ်ဦးမယ်၊ မနက်ကျ ရုံးလည်းတက်ရဦးမယ်" ဟု ပြောခဲ့ကာ ခပ်လှမ်းလှမ်းက ပက်လက်ကုလားထိုင်တစ်ခုမှာ သွားလှဲပါသည်။

ကျွန်မတို့ ဆက်လက်ကစားရင်း မိုးလင်းကြ၏။ ကြူကြူကို တစ်ချက်တစ်ချက် လှည့်ကြည့်လျှင် သူကလေးသည် အသက်မရှိတော့သော အနက်ကယ်၏ရုပ်ကလာပ်ကိုသာ မျက်တောင်မခတ် ငေးမောလျက်နေသည်ကို တွေ့ရကာ ကျွန်မ စိတ်မသက်မသာဖြစ်ရ၏။ ကျွန်မရဲ့မောင်ကလည်း တစ်ချက်မျှ လှည့်ကြည့်ပြီး ကျွန်မရဲ့မျက်လုံးများကို မေးမြန်းပါသေးသည်။ ကိုခင်လှိုင်ကမူ ခေါင်းမာ ဖွဲ့ကြီးစွာ အော်ဟစ်ကစားဆဲ ဖြစ်လေသည်။

မိုးလင်းသော် သူတို့လင်မယားကို အိမ်အထိ လိုက်ပို့ပေးခဲ့သေး၏။ ကိုခင်လှိုင်က တစ်ထောင်ခန့် ရှုံးလေသည်။

"သူစိမ်းတွေမို့ ချက်ချင်းပြန်ဆပ်ချင်တယ်"ဟု သူပြောရာ ကြူကြူက သည်တစ်ခါတော့ တမင်ကြိုးစားရမှန်း သိသာသော အသံမာမာဖြင့် "ရှာလို့ရပါတယ်လေ" ဟု ပြောလိုက်လေသည်။

နောက်နေ့ညမှာ ဖဲဝိုင်း၌ ကြူကြူကို မမြင်ပါ။

"ကြူကြူလား သံရုံးက ဘာပွဲလဲမသိပါဘူး သွားတယ်၊ ပြီးရင်

ဒီကိုတန်းလာလိမ့်မယ်" ဟု ကိုခင်လှိုင်က ပြောသည်။

ထိုညလည်း မိုးလင်းပြန်သည်။ တစ်ညလုံး ကြူကြူပေါ်မလာပါ။ မောင်သည် ကိုခင်လှိုင်ကိုသာ တစ်ချိန်လုံး မျက်စောင်းထိုးလျက် ကြည့်နေပါသည်။ မသာချမည့်နေ့ကို မသာပို့နိုင်အောင် မရအရ အိပ်ဦးမှဟု လူအားလုံး တိုင်ပင်ကြပါသည်။ ကိုခင်လှိုင် အနည်းငယ်နိုင်ပြီး အိမ်ပြန်သည်ကို လိုက်ပို့ရသည်။ ကြူကြူက တံခါးဖွင့်ပေးပါသည်။ အဝတ်အစားလဲပြီးပေမဲ့ မျက်နှာမှာ ခြယ်လှယ်ထားကာ နှုတ်ခမ်း ပါးဆိုးဆေးများ မဖျက်ရသေးပါ။ ဆံပင်လည်း အနည်းငယ်ပွပေသည်။ ဆံညှပ်ဆံထိုးများ မဖြုတ်ရသေးပါ။

"ကြူလည်း ခုပဲရောက်တယ်" ဟု ဆီးပြောလိုက်သေးသည်။

ဗြုန်းခနဲပင် သူတို့လင်မယား ရန်ဖြစ်ကြလေ၏။ ကျွန်မနှင့် မောင်သည် သူတို့အိမ်ထဲ ဝင်ထိုင်ပြီး ခဏမျှ ကြောင်နေပါသေးသည်။

"မင်း ဒီကောင်နဲ့ တစ်ညလုံးကနေတာပေါ့လေ" ဟု ကိုခင်လှိုင်ကပြောလျှင် "မကလို့ဖြစ်မလား။ ကိုကိုလှိုင့် ဖဲကြွေးဆပ်တဲ့ ငွေတစ်ထောင်က သူ့ဆီက ချေးလာတာပဲ" ဟု ကြူကြူက ပြောချလိုက်သည်။

"ငွေတစ်ထောင်အတွက် မပူပါနဲ့လေ။ ကြူကြူ တစ်လ သုံးရာလောက် လခထဲက ဆပ်သွားရင် သုံးလပေါ့" ဟု ကြူကြူက ချက်ချင်းပြန်၍ဖြေသည်။

ကိုခင်လှိုင်သည် ဘာမျှမပြောတော့ဘဲ ကုလားထိုင်ပေါ်ပစ်၍ ထိုင်ချလိုက်ပြီး ဘယ်သူ့မျှမကြည့်ဘဲ နေပါသည်။ ကျွန်မတို့အားလုံး တိတ်ဆိတ်နေသည်ကို ကြာတော့သည်းမခံနိုင်သလို "မူးလိုက်တာ" ဟု သူ စတင်ပါသည်။ ထိုခဏ၌ ဟိုတုန်းက ဘယ်တော့မျှ ပျောက်ကွယ်မယ် မထင်ရသည့် လူငယ်လို ငယ်ရွယ်ပျိုမျစ်ဟန် ပေါ်လာလေ၏။ သူ့ကို တကယ်တော့ အားလုံးက သနားကြစေချင်သည့်သဘောလည်း သူ့အသံမှာ ပေါ်နေ၏။ သို့သော် သူမော်ကြည့်လိုက်သည့်အခါ ကြူကြူ၊ ကျွန်မနှင့် မောင်တို့ရဲ့မျက်နှာမှာ သနားကြင်နာခြင်းဆိုတာ သူမြင်မည် မဟုတ်ပါ။

ပထမဆုံး ကြူကြူက မှဲ့ပြုံးကလေး ပြုံးလိုက်ပါသည်။ ကြူကြူ့ မျက်နှာမှာ ပထမ ဆုံးမြင်ဖူးသော မှဲ့ပြုံးလည်းဖြစ်သေးသည်။ တစ်ခုခု ပြောမည်လုပ်ပြီး သူကလေး ထိန်းချုပ်လိုက်ပါသည်။

မောင်က "ခင်ဗျား သိပ်မတရားတာပဲ" ဟု စကားစတင်ဆဲ ကျွန်မကဖြတ်၍ အသံကို အေးငြိမ်းနိုင်သမျှ အေးငြိမ်းအောင်ကြိုးစား ကာ "ကိုခင်လှိုင် .. ကောလိပ်ကို ကျွန်မနဲ့ တူတူရောက်တယ်မဟုတ် လား" ဟု ပြောလိုက်သည်။

ကိုခင်လှိုင်က နားမလည်ဟန်နှင့်

"ဒါပေါ့"

"အဲဒီတုန်းက နင် စာသိပ်တော်တာ မှတ်မိသေးတယ်"

"ခင်ဗျားလည်း မဆိုးပါဘူး" ဟု သူစိတ်ဝင်စားလာသည်။ သို့ မဟုတ် သူ့ကြိုးစားချက်ဖြစ်ပါလိမ့်မည်။

"ပြီးတော့ ရှင် ပေါင်တစ်ဖက်လည်း မပြတ်သေးဘူး"

တိတ်ဆိတ်ခြင်းပြန်လာကာ အသံဗလံထက် ကျယ်လောင်၍ ကြောက်စရာကောင်းလှပါသည်။

မောင်က ကျွန်မ၏ စကားကိုနင်းကာ "ဘာဖြစ်လို့ပြတ်တာလဲ လို့တော့ မမေးတော့ဘူးဗျာ။ သိလည်း မသိချင်ပါဘူး။ ဒါပေမဲ့ ပေါင် ပြတ်သွားတော့ ခင်ဗျားဘဝ ဆုံးပြီလို့ ထင်မှာပဲထင်တယ်"

ကိုခင်လှိုင်သည် မျက်ရည်များလည်လာပါသည်။

"ဒါပေမဲ့ ပေါင်ပြတ်လို့ ခင်ဗျားဘဝဆုံးသွားတာ မဟုတ်ပါဘူး။ ဘဝဆုံးပြီလို့ ခင်ဗျားထင်တဲ့အသိမှာသာ တကယ်ဆုံးတာပါ။ ဘယ့် နယ်ဗျာ... ခြေလက်အင်္ဂါလေးဖက်မှာ တစ်ဖက်ပြတ်တော့ လေးပုံတစ်ပုံ သာ ဆုံးတာပဲ။ လေးပုံသုံးပုံ ကျန်သေးတာပဲ။ ခေါင်းကျန်သေးတယ်၊ ဗိုက်ကျန်သေးတယ်၊ ခင်ဗျား စားလည်းစားနိုင်၊ မယားနဲ့လည်း အိပ်နိုင် ရုံမက ဖဲတောင် မိုးလင်းအောင် ရိုက်နိုင်သေးတာပဲမဟုတ်ဘူးလား"

ကျွန်မကလည်း ရက်စက်စွာပင် ရှေ့တိုး၍ ကျွန်မ ပြောချင်တာ ရှိသည်ကို ပြောလိုက်သေး၏။

"ရှင့်ကိုယ်ရှင် သနားပြီးချည်းလည်း အချိန်မကုန်နဲ့ဦးလေ။

ရှင်ကချည်းပဲ အစောင့်ရှောက် ခံမနေချင်နဲ့ဦး။ လောလောဆယ်မှာ ကြုုကြုု့ကိုသာ သနားရမယ်၊ ကြုုကြုု့ကိုသာ စောင့်ရှောက်ရမယ်။ ရှင့်မှာရှိတဲ့ ခြေတစ်ဖက်နဲ့ပဲ မားမားရပ်ရမယ်ဆိုတာ ရှင်မသိဘူးလား။ ပြီးတော့ ကြုုကြုုလောက် သစ္စာရှိတဲ့မိန်းကလေးကို ရှင် ရှာပါ။ သစ္စာဆိုတာ ခန္ဓာရုပ်နဲ့တင် တွက်လို့ရတာမဟုတ်ပါဘူး။ ရှင့်ကို ကူချင်လို့ ဖဲဝိုင်းမှာ ကြုုကြုုညစ်တာ ကျွန်မ တွေ့တယ်။ အဲဒီအချိန်မှာပဲ ကြုုကြုု အန္တရာယ်များလာပြီ၊ သူ့ကို ရှင် စောင့်ရှောက်ဖို့လိုလာပြီဆိုတာ ကျွန်မ သတိရလိုက်တယ်။ ရှင်ကတော့ သိမှသိရဲ့လား။ ကြုုကြုု ရှင့်ကို သစ္စာရှိပုံဟာ လမ်းဆုံးရောက်ပြီ။ လမ်းခွဲနဲ့တွေ့တော့မယ်ဆိုတာ ရှင် သိရဲ့လား"

ကျွန်မတို့သည် သည်လိုဆုံးမဩဝါဒတွေကို နားထောင်ချင်သူ များလည်း မဟုတ်ပါ။ ပြောချင်သူများလည်း မဟုတ်ပါ။ သို့သော်လည်း မရှောင်သာတဲ့အခါကို သည်တစ်ခါ ကြုံရပါပြီ။

ထိုညမှာတော့ လင်မယားနှစ်ယောက် ခေါင်းဆိုက်၍ငိုကြသည် ထင်သည်။ အားရစဖွယ်ကောင်းလှသော မျက်ရည်များပင်ဟု ဆိုပါရစေ။ ကျွန်မတို့သည် ကျေနပ်အားရနေတာတော့ အမှန်ပင်။ နောက်တစ်ခေါက် တွေ့ကြလျှင်တော့ ကိုခင်လှိုင်သည် တက္ကသိုလ်ကျောင်း၌ အလုပ်ဝင်လျက်ရှိလေပြီ။ အိမ်နှင့်အနီးကလေးမို့ အညောင်းပြေ အညာပြေပင် လမ်းလျှောက်လို့သွားသည်တဲ့။

"အဓိပတိလမ်းကြီးမှာဗျာ မိုးအေးအေးနဲ့မို့ လျှောက်ကောင်းကောင်းနဲ့လျှောက်တာ မျက်စိကလည်း သစ်ပင် ကောင်းကင်ပဲ ကြည့်နေမိလို့ ငန်းမြွေကြီးဖြတ်လာတာ မမြင်မိဘူးဗျို့။ နည်းတဲ့မြွေကြီး မဟုတ်ဘူး။ တရှူးရှူးနဲ့လာလိုက်တာ အနားရောက်မှ တော့တွေ့တာမို့ မလွှဲသာဘူး ချိုင်းထောက်နဲ့ ရိုက်သတ်လိုက်ရတယ်။ ငရဲတော့ကြီး သွားမှာပဲ" ဟု ကိုခင်လှိုင်က ပြောပြသေးသည်။ ။


*မြဝတီမဂ္ဂဇင်း*

❑

## ဂျိုကာမပါဘဲ တုတ်စားခြင်း

တုတ်အောက်က အိမ်မှာ ဘောက်ထော်က လာကစားသော ဆရာဝန်မ၏ အိမ်ဖြစ်သည်။ ဆရာဝန်မသည် သူ့ရုပ်ရည်နှင့် လိုက်လျောကာ စိတ်ညစ်ထပ်ထပ်ရှိသည်။ သူသည် ဖဲကစားလျှင် အမြဲတမ်း ဒေါင်းပြီး အမြဲတမ်းပင် တုတ်စားနေချင်ခြင်းကို ဆိုလိုသည်မဟုတ်၊ သူများဒေါင်းလျှင်၊ တုတ်စားလျှင် မကျေချမ်းနိုင်၊ ဝန်တိုပွားပြီး သူက ဒေါင်းရ တုတ်စားရလျှင် "ကိုင်း ... မှတ်ကရောဟဲ့" ဟု ရန်လိုသော သဘောကို ထားမြဲခြင်းသာတည်း။

တုတ်ကိုကြည့်သော်၊ ကိုးကျပ်ခွဲလောက် ရှိချေပြီ။ တုတ်ကို ရေ



လည်းမရေကောင်း၊ ရေလျှင် တုတ်စားသွားတတ်သည်ဟူ၏။ ယခု တုတ်အိမ်ရှင် ကျောင်းဆရာမ ငယ်ငယ်ချောချော အပျိုမကမူ သူတကာ ကန့်ကွက်သည့်ကြားက တုတ်ကို ရေတတ်၏။ နဂိုက ပြုံးရွှင်လေ့ရှိသော မျက်နှာကလေးသည် ဖဲကိုကိုင်ကာ စီပြီးသည်နှင့် ပိုမိုပြုံးရွှင်ကာ ပဝင်းလို့ လမင်းသို့ဖြစ်လာလေရာ ဘောက်ထော်က ဆရာဝန်မသည် တကယ့်ကို ငိုချင်လာလေ၏။ ဒီတုတ်လည်း ဒင်းပဲစားဦးမည်ထင်သည်။

ဆရာဝန်မသည် သည်တုတ်ကို သူသာစားလို၍ ဘယ်သူစားသည်ကိုမှ မသဒ္ဓါ၊ အထူးသဖြင့် တုတ်ကြီးကြီးစားနေကျ ကျောင်းဆရာမကို မသဒ္ဓါချေ။ ဘာကြောင့်လဲမသိ၊ သူ့ကို မနှစ်မြို့ အလွန်ဖြစ်သည်။ ရုပ်ကလေးလည်း လှပါ၏။ နှုတ်လည်း ပြေပြစ်၏။ စိတ်လည်း ဖြူပါပေ၏။ ဟောဟောဒိုင်းဒိုင်းနှင့် ကလေးမအရွယ် လွန်စပေမည့် တည်တည်ခန့်ခန့် တစ်ခါတစ်ခါ ကိုယ်ပင် နားမလည်သော လူကြီးစကားများကို ပြောတတ်သည်။ မကြားဖူးသော နာမည်များကို ကိုးကားတတ်သည်။ ကျောင်းဆရာမလုပ်တာ ကြာပြီထင်သည်။ လူ့ဘဝမှာ ကံအကြောင်းလှသူတစ်ယောက်ပေပဲ။

ယခုလည်းကြည့်လေ။ သူ့ဖဲကောင်းပြန်ပြီ။ ကေန္တ တစ်တွဲနှင့် ဂျိုကာတည်း။ တစ်ချိန်လုံး သူချည်းလိုလိုလည်း ဒေါင်းသေး၏။ တုတ်ကြီးပြီဆိုလျှင်လည်း စားသေး၏။ စောစောကများ ဘစ်ဂရမ်းတစ်ခါ၊ ပလိန်းဒေါင်းတစ်ခါ ရသေး၏။ သည့်လောက် သူများတကာအိမ်ဖဲတက်လွန်းတော့ မတရားပြီဘူးရယ်လို့ ဖဲနတ်ကို ငြူစူပြီး သည်လို ငြူစူလို့များ ငါ့ဖဲညံ့သထက် ညံ့လေသလားဟု ထင်မှန်းလန့်ဖျပ်ဖြစ်ပြန်သေးသည်။

ကိုယ့်ဖဲများကြည့်လိုက်လျှင် တကယ့်ကိုငိုချင်စရာတည်း။ တစ်နေ့လုံးကစားနေစဉ်အတွင်း သုံးလေးခါပဲ ဒေါင်းသေးသည်။ ပြီးတော့ အချပ်ကြီးလည်းမိသည်။ ကျပ်တန်ကလေးတွေ ကုန်လို့ ငါးကျပ်တန်ထုတ်၊ ငါးကျပ်တန်ကုန်တော့ ဆယ်တန်ထုတ်နှင့် တတိတတိကုန်သည်မှာ ရှစ်ဆယ်ကျော်လေပြီ။ ဘယ်လိုမိုက်ပြီးများ

တစ်ချပ်တစ်မတ် ဝိုင်းထိုင်မိပါလိမ့်။ ဆယ်ပြားကြေး ကစားနေ ကောင်းသားနှင့် တစ်ချပ်တစ်မတ် လုပ်ပါဆိုတာလည်း သည်ကျောင်းဆရာမပဲ စတာထင်သည်။ သူက စအားရှိမပေါ့။ သူက နိုင်နေကျကို။ ဖဲကံလိုက်နေတာကို။ ဟုတ်ပါတယ်။ မိန်းမကိုက ကြည့်ပါလား။ သူ့ဖဲသူ ကျေနပ်နေလိုက်တာ။

ကိုယ့်ဖဲလား၊ ကိုယ့်ဖဲကတော့ ဆယ်ချပ်မှာ တစ်ပြူးတီတီပါ၏။ နှစ် နှစ်ချပ်တည်း။ သုံးတစ်ချပ်ပါတာနှင့်တောင် ကပ်ထားစရာ အပွင့်က မတူလေတော့ ဒီသုံးကိုပဲ လွှတ်ပစ်ရပေမည်။ ဒီတစ်ပြူးမပါရင်လည်း ကောင်းလေသား။ ဖဲဖျက်ရမည်။ ဒါတောင် နိုင်နေကျ စားဖားမက ဂျိုကာနှင့်ကပ်လို့ရလျှင် ဖဲမဖျက်စကောင်းလို့ ကန့်ကွက်မှာပဲ။ သူ့ဖဲက ကောင်းတတ်တော့ ဘယ်ဖျက်ချင်မလဲ။

"ဖဲက စီဖို့မလိုဘူး" ဟု ပြောလိုက်၏။

ဘယ်သူကမှ ဘာမှ မှတ်ချက်မချ။

"တပြူးတီတီ ပါတယ်" ဟု ပြောပြန်ပြီ။ "ပြ ကစားရမယ်" ဟု ညည်းလိုက်ကာ နှစ် နှစ်ချပ်ကို အသာဖယ်၍ "ဟောဒါပဲ" ဟု ဖြန့်ချပြလိုက်၏။ ပြသာပြရသည်။ သူများများ ကိုယ့်ဖဲမှတ်မိသွားမလား။

ဘယ်သူကမှ သူ့ဖဲကိုမကြည့်ဘဲ အားနာပါးနာသာ ပြုံးကြ၏။ အဓိပ္ပာယ်မရှိသောအသံကို ပြုကြသော် ဆရာဝန်မသည် အားနည်းနည်းရှိလာပြီး ကိုယ့်လက်အောက်အိမ်ဖြစ်သော မေမေကြီးကို ဖဲများထိုးပြကာ "ကြည့်ပါဦး ... ဒီဖဲမျိုး မြင်ဖူးရဲ့လား" စသည်ဖြင့် မြည်တွန်တောက်တီးပြန်သည်။

"အမယ်လေးတော် ... ညည့်ဖဲ မကြည့်အားပါဘူး။ ကျုပ်ဖဲတောင် ကျုပ် မနည်းကြည့်ရတာ မျက်စိမှုန်လို့" ဟု မေမေကြီးက ထုံးစံအတိုင်း ငေါက်တီးငေါက်တောက် ပြော၏။

"ညည်း ဖဲဒီလောက်ဆိုးရင် ကျုပ်တော့ သေဖို့သာပြင်ဟဲ့ ... အတွဲမြန်မြန်ရပါစေ။ မအုပ်ကြီး အတွဲမြန်မြန်ရပါစေ" စသည်ဖြင့် အပြစ်တင် ပြန်ချေသေးသည်။

ဆရာဝန်မသည် မျက်နှာညိုးသွားပြီး သူ့ဖဲကို ဝမ်းနည်းပန်းနည်း ကြည့်လေ၏။ ခိခနဲရယ်သံလိုလို ကြားလိုက်ရသော်လည်း မော့မကြည့်ချေ။ အားကိုးစရာ လင်သည်လည်း ဖဲဝိုင်းမှာမပါ။ ခါတိုင်း မျက်နှာချင်းဆိုင် အိမ်မှာထိုင်ကာ ရင်းပြန်အိမ်ပြု၍ ကစားရလျှင် ဘာဖဲ ကောက်သလဲကြည့်ကာ သူ့ဖဲပေါ် ဘေစရာ နှစ်ချပ်အားကိုးနှင့် ကစားနိုင်မယ် "နှစ်ချပ် နှစ်ချပ်" လို့ ကျယ်ကျယ်အော်လိုက်လျှင် သူ့ဖဲချပေးပါက ဟောခနဲ နှစ်ချပ်တွဲ ဘေ၍ အားရပါးရ ဒေါင်းလိုက်နိုင်၏။ တစ်ခါတစ်ရံတော့ လင်သည်က ထူလွန်းလို့ ကိုယ့်ဖဲတောင် မမြင့်တမြင့်ကလေးပြကာ "နှစ်ချပ်နော်၊ နှစ်ချပ်နော် … ချပေးကြပါ။ ချပေးကြပါ။ နို့မဟုတ်ရင် တုတ်ပေးရလိမ့်မယ်" စသဖြင့် ဆွယ်အော်ရ၏။ ဒါနှင့်တောင် ကိုယ်တော်မြတ်က ဘုရားအလောင်းစိတ်ပေါက်ပြီး ချမပေးဘဲ တစ်သမတ်တည်း ကစားနေလျှင် ပြီးပါရော။ ဘေဖဲနှစ်ချပ် ကန့်လန့်နှင့် တည့်ဖဲလာလို့တောင် မကောက်နိုင်။ ဂျိုကာတက်လို့မှ ဘေစရာဖဲ လိုနေတတ်လေ၏။

အင် ဘာပဲဖြစ်ဖြစ် စိတ်မညစ်ဘူး။ ဟော ဂျိုကာတစ်ကောင်ပြီး တစ်ကောင်တက်မယ်။ ဖဲပူးလာမယ်။ အတွဲရလာမယ်ဆို ဒေါင်းနိုင်သေးတာပဲ။ အနည်းဆုံး တုတ်မပေးရအောင် တုတ်အောက်ကနေ ကောက်ကပ်မှပဲဖြစ်မယ်။ ကောက်ကပ်မဟေ့ဟု ကြုံးဝါး၏။ ပြီးတော့ အိမ်အောက်ကို မထိန်းဘူး။ ဒေါင်းပစေ။

"စိတ်တော့ မဆိုးကြနဲ့နော်။ ဖဲက ကောက်ကပ်ရမယ့်ဖဲပဲ" ဟု ကြေညာသေး၏။

သို့လျှင် ဆရာမဝန်မသည် နဂိုက ခြောက်တစ်ချပ်ရှိသည်နှင့် တုတ်အိမ်က ပစ်လိုက်သော ခြောက်ကို ကောက်ကပ်လိုက်ရာ အထုပ်ထဲက ခြောက်တစ်ချပ် ထပ်ရနေပြီး တစ်တွဲရသော် သူတကာအိမ်က တစ်တွဲနှစ်တွဲကျပြီးပြီတည်း။ တုတ်အိမ်က "သုံးချပ်" ဟုပင် ခေါ်ချေပြီ။ ဆရာဝန်မသည် မျက်စိပျက်ပျက် မျက်နှာပျက်ပျက် ရှိ၏။ တုတ်ထိန်းသည့်အိမ်ကို မျက်စောင်းထိုးရင်း ကြိမ်းမောင်းရင်းက ဘေဖဲတစ်ချပ် ဆက်လိုက်ရ၏။ ဂျိုကာတစ်ကောင်ဆွဲ၍ တက်သေးသော်လည်း ဝေပါ

နှစ် နှစ်ချပ်က အတွဲများရလေမလားဟု မချဘဲ ဂျိုကာနှမြောနေလေရာ တုတ်အိမ်က ဒေါင်းပြီး တုတ်စားသွားသော် ခြောက်ချပ်ဖိုးပေးရလေသည်။

ကြည့်စမ်း၊ ခြောက်မတ်ကယ် ဒေါင်းကြေးက ငါးမူးရယ် ၂ ကျပ်အတိပဲ။ တုတ်က ၉ ကျပ်နဲ့ သုံးမတ်၊ ၁၁ ကျပ်နဲ့ သုံးမတ်ပေးရမယ်။ အမယ်လေး ဘုရားရေ့ မနည်းပါလား။ မဂိုလမ်းက ဈေးဆိုင်နောက်ဘက်အခန်းကျဉ်းကလေးတွေထဲမှာ လူနာစောင့်နေရကောင်းသား။ စောင့်နေပြန်လည်း အကျိုးမထူး။ လူနာစီတန်းစောင့်နေတာမျိုးမရှိ။ သူသည် ကျော်ကြားသော ဆရာဝန်မ မဟုတ်။ ကျောင်းသူဘဝကလည်း ခပ်ချာချာ၊ ဘယ်လိုဖြစ်မှန်းမသိ။ ဆရာဝန်ဖြစ်လာတော့လည်း ခပ်ချာချာ၊ ဖဲရိုက်ရာမှာတောင် ချာချင်တိုင်း ချာရကား "ဉာဏ်တွေလည်း တုံးကုန်ပြီ။ ဖဲမနိုင်တော့ဘူး" ဟု ပြောနေရလေသည်။

"အစ်ကိုကြီးများ ဆူနေမလား မသိဘူး။ တစ်နေကုန်ရော၊ အိမ်မှာလည်း သမီးလေးနှစ်ယောက်က ကောင်းကောင်းနေမကောင်းဘူး" စသည်ဖြင့် ဖဲမှအပဖြစ်သောကိစ္စကို ယခုမှသတိရလာလေ၏။ နှုတ်မှထုတ်ပြောလေ၏။ ဆရာမဝန်၏လက်များ အနည်းငယ်တုန်ကာ အသံကလည်း မူတယ်မမှန်ချေ။ စုစုပေါင်းအရှုံးမှာ တစ်ရာမှာ သုံးလေးကျပ်လျော့လောက်ပဲရှိသည်။ မနည်းဘူးပေါ့။ ဆေးထိုးခလေးတွေ ငါးကျပ်စီ လီစုထားတဲ့ ပိုက်ဆံလေး။ လင်သည်က အရာရှိကြီးပေမို့ တော်တော့သည်။

သို့သော် မိမိ တယ်မေတ္တာမရှိသူ ကျောင်းဆရာမလေးကပဲ သည်နောက်ဆုံးတုတ်ကို စားသွားတာ တယ်မသဒ္ဓါလေရကား ဆရာဝန်သည် မေ့လျော့တတ်ဟန်နှင့် စကားရော ဖောရောပြောကာ ငါးမူးလျှော့၍ ၁၁ ကျပ် တစ်မတ်သာပေးလိုက်၏။ မျက်စိကို စွေကြည့်သော် ကျောင်းဆရာမသည် ခါတိုင်းလိုပင် မရေတွက်ဘဲ သိမ်းယူလိုက်သည်။ သည်လောက်နိုင်နေတာ ငါးမူးတစ်မတ်တော့ အပျော့ပေါ့။ ဘယ်ဂရုစိုက်လိမ့်မတုံး။ ငါ့ပိုက်ဆံက သူ့အနိုင်ထဲမှာ တစ်ဝက်မကရှိမယ်။ ပြင်းထန်သောဒေါသနှင့် အမုန်းထလာ၏။ မတရား ငွေလိမ်ခံ

ရသလိုထင်၏။ သည့်လောက်နိုင်လွန်းလျှင် နိုင်လွန်းသူက ယူဖို့မကောင်း၊ ပြန်ဝေငှခဲ့ဖို့ ကောင်းသည်ထင်၏။ ဆရာဝန်မသည် ကျောင်းဆရာမ၏ မျက်နှာကို ကြည့်လို့မရ ရှိလေသည်။

(၂)

ဆရာဝန်မ၏ လက်အောက်အိမ်မှ မေမေကြီးကမူ တုတ်ပေး အားရှိသည်။ စောစောက လေးငါးဆယ်လောက် နိုင်ထားတာရှိသည်။ ဖဲနိုင်၍ အကြွေ၊ ကျပ်တန်စသည်မှ ငါးကျပ်တန် ဆယ်တန်ဖြစ်လျှင် အိတ်ထဲထည့်လျှင်ထည့်၊ မထည့်လျှင် စားပွဲခင်းအောက်လျှိုပြီး ဝှက် လေ့ရှိရကား ရုတ်တရက်ကြည့်လျှင် သူ့ရှေ့မှာ ပိုက်ဆံပြောင်နေတာ သာ မြင်ရတတ်သည်။

မေမေကြီးက "ဟောတော့ ဒီလိုဆိုတော့ ဒီတုတ်ကို ကျုပ် မစား ရတော့ဘူးပေါ့" ဟု ဆိုလိုက်ရာ ဖဲဝိုင်းတစ်ဝိုင်းလုံး ဝါးခနဲရယ်ကြ ၏။ ဆရာဝန်မတစ်ယောက်ပဲ ကြားဟန်မတူ၊ ခပ်ငိုင်ငိုင်နေသည်။

"ဟာ ... စောစောက မေမေကြီး တုတ်ကြီးတစ်တုတ်စားပြီးပြီပဲ။ စိပ်ပုတီးကြီးဆွဲ၊ ဖဲရိုက်ပြီး လောဘမကြီးပါနဲ့။ ခုလည်း နိုင်သေးတာပဲ မဟုတ်လား။ နိုင်တာ တစ်ရာမကဘူး" ဟု မျက်နှာချင်းဆိုင်အိမ် တုတ်ထိန်းသူက ပြောရာ ရယ်သံအနည်းငယ် ပါးသွား၏။

"တစ်ရာလား၊ အားကြီးကြီးနိုင်လိမ့်မယ်။ ဟောဒါက အနိုင်ပဲ။ အစိတ်လောက် နိုင်မယ်။ ကျုပ်ထုတ်ထားတာက သုံးကျပ်မတ်တင်း တော့"

"ထုတ်ထားတာက မနည်းပါလား"

"ကျုပ်ဖဲကလည်း ကောင်းတယ်။ ဒီတစ်လှည့်လွတ်ရင် တုတ် မစားဘူး။ ပြီးနေပြီ။ ဂျိုကာတက်လာတာ"

တုတ်ပေးရသူတိုင်းပင် ယူကျုံးမရဖြစ်ရလေ၏။

"ဟော ... စောစောကတည်းက ငါးတစ်ချပ်ရှိလို့ လိုလိုမယ် မယ် ကောက်ထားတဲ့ လေးရှိတာ။ ဟော သုံးတို့ ခြောက်တို့တော့ မတက်ဘူး။ ဂျိုကာတက်လာတယ်"

တုတ်ထိန်းအိမ်က အသံကျယ်လောင်ဆုံး ရယ်လေ၏။ "မမေ ကြီးက လိုလိုမယ်မယ် ကောက်တာတောင် ဂျိုကာတက်သေးတယ် နော်။ အင်း ... ဒါနဲ့ တုတ်စားသွားပါ ရောဗျား ... ဟား ဟား"

"အောင်မယ် ... မင်း တုတ်ထိန်းညံ့လို့ သိရဲ့လား။ ငါ ဒေါင်း နေပြီ"

ဟုတ်သည် သူ့ဖဲမှာ ဝေပါတော်တော်လှသတည်း။ တစ်တွဲပါ သည်။ ဆွဲရင်း တစ်တွဲရသည်။ ကောက်ကပ်ထားသည့်အပြုံးမှ ဂျိုကာ တက်၍ တစ်တွဲဖြစ်ပြန်သည်။ မဒေါင်းသည်မှာ ဆက်ဖဲကို လွှတ်ပစ် သည့်အတွက်ကြောင့်တည်း။ တုတ်ထိန်းအိမ်က ဂျက်ကောက်သည်ကို မြင်ပါလျက် ဝေပါဂျက်ကို ပစ်လိုက်မိရာ ဆက်ဖဲရအောင် မနည်းဆွဲနေ ရလေသည်။ ကောက်ကပ်သည့်ဖဲကလည်း ပွင့်တူ ဂဏန်းစဉ်အတွဲမို့ အတွဲ ဖြစ်ရခက်သည်။ အဓိပ္ပာယ်မရှိ သက်သက်ကောက်ကပ်ခြင်းလို့ သူများ ဆိုမည်။

မမေကြီးကတော့ သူလုပ်သမျှ သူ့ဘာသာ အဓိပ္ပာယ်ရှိသည် ချည်းတည်း။ ဂျိုကာ တက်လာတယ်မဟုတ်လား။ သူသည် ဖဲ အင်မတန်တက်လေ့ရှိသည်။ အထက်အိမ်ကိုလည်း အားမကိုး၊ အောက်အိမ်ကိုလည်း မထိန်း။ တစ်ခါတလေ ကောက်ထားသည့် ဖဲပေမည့် ဆက်ပေးတတ်၏။ တုတ်ထိန်းတာဝန်ကျပေမည့် အဒေါင်း ကစားလေ့ရှိသည်။ ဖဲကစားရာမှာ စိတ်အလိုရှိသလို ကစားလေသည်။ သို့နှင့်လည်း ဘယ်တော့မှမရှုံး၊ ဘယ်သူမှ ဘယ်လိုမှ နိုင်နင်းလို့ မရအောင် ဖဲထတတ်သေးသည်။ "တို့က ဘယ်သူမှ အားမကိုးဘူး။ အပုံအားကိုးတာဟေ့" ဟု ကြေညာကစား၏။ ဖဲခေါ်တယ်ဆိုတာ လည်းမရှိ၊ အောက်အိမ်က ခေါ်ဖဲကိုပေးရမှန်းမသိ၊ ထင်သလိုလုပ် သည့်ကြားက ယှဉ်နိုင်နိုင်သူမရှိသော ဖဲဗိုလ်ကြီးအဖြစ်သို့ ခဏခဏ ရောက်သည်။ လွန်ခဲ့သော စနေပတ်ကဆိုလျှင် သူ့မျက်နှာချင်းဆိုင် ဆီက အထက်အိမ် အောက်အိမ်တိုင်ပင်ကာ ဖဲပေး၍ကစားတာတောင် မမေကြီးကို မနိုင်နိုင်ဖြစ်လေ၏။

ထို့ကြောင့် မမေကြီးသည် နိုင်မှထပြန်ကာ ရှုံးနေသေးလျှင်

ဟိုလူ သည်လူကို အတင်းလိုက်ခေါ်ကာ ကစားတတ်လေသည်။

"မေမေကြီး ကစားလာတာ အံ့ခွနေပြီ ဟုတ်လား၊ အသက်ဘယ်လောက်ရှိပတုံး" စသည်ဖြင့် နောက်ပြောင်လာလျှင်မူ မေမေကြီးသည် ခပ်အေးအေးပင် ပြောမည်။

"မေမေကြီးက အသက်ခြောက်ဆယ်ကျော်မှ ဖဲကစားတတ်တာ။ နဂိုက သူများ ဖဲရိုက်တာမြင်ရင် တယ်မုန်းတယ်။ ချွေးမက ဖဲကစားတတ်တာကို မေမေကြီးက ဆူလို့ ပူလို့ မပြီးဘူး"

"ဟော ... ခုတော့"

"ခုတော့ ချွေးမက ကလေးတွေများလို့၊ ကလေးတွေ ဆင်းရဲမစိုးလို့တဲ့ မကစားတော့ဘူး။ ကြီးကြီးကပဲ ဖဲမကိုင်ရရင် ဟောဒီလက်တွေက (လက်ချောင်းကလေးများကို ဖြန့်ကစားရင်း) မနေတတ်တော့ဘူးကွယ်"

(၃)

မေမေကြီးလက်အောက်ကအိမ်မှာ တရားမဝန်ထောက်ကလေး ထိုင်သည်။ သူသာလျှင် တကယ့်အလောင်းအစား ဝါသနာပါသူဖြစ်သည်။ လောင်းကစားရမည်ဆိုလျှင် သူ့စိတ်သူ ချုပ်တည်းခြင်းငှာ မတတ်နိုင်၊ နိုင်သည် ရှုံးသည် ပဓာနမဟုတ်။ နိုင်ပြန်တော့လည်း နိုင်လို့ ကစားရသည်၊ ရှုံးပြန်တော့လည်း ရှုံးလို့ မဲလိုက်ရသည်။ ဖဲဝိုင်းသိမ်းလျှင် သူ ဝမ်းအနည်းဆုံး၊ မိုးလင်းရမည်ဆိုလျှင် သူ့ကို မျက်စပစ်ပြဖို့ မလို။ နောက်ဆုံး ဖဲဝိုင်းပြီးပြီဆိုလျှင် သူ့၌ ခြူးတစ်ပြားမှ ကပ်လေ့မရှိတော့ချေ။ သူ၌ သူတစ်ပါး၏ပိုက်ဆံကိုလည်း လိုချင်တပ်မက်လေ့မရှိ။ နိုင်နေပြီဆိုလျှင် ပစ္စလက်ခတ်လုပ်တတ်၏။ အောက်အိမ်ကို ဖဲချပေးတတ်၏။ သို့ရာတွင် သူ့ဖဲသည် အမြဲပင်ညံ့လေ့ရှိကာ သူက ဖဲကိုလည်း ကိုင်နေတတ်သောကြောင့် နိုင်ခဲလှလေသည်။

ပိုက်ဆံဝိုင်းမှာ ရှုံးတာလောက်တော့ သူက အပျော့တည်း။ တကယ်စင်စစ် သူသည် ပိုက်ဆံကို တယ်ဝါသနာမပါလှ။ အချိန်ကုန်သည်ထင်၏။ သူသည် အဖိုးတန်လှသော အချိန်ကို ရခိုင်များ ကစား

တတ်သော အမေရိကန်ပိုကာခေါ် တစ်ချပ်မှောက်ကစားနည်း။ ၂၁ ပေါက်ဆွဲနည်း။ ကိုးမီးရိုက်နည်းမျိုးမှာမှ သုံးချင်၏။ ထိုဝိုင်းမျိုးများမှာ သူ့လခ၏ သုံးပုံနှစ်ပုံခန့်ကို နာရီဝက်လောက်နှင့် ရှုံးပစ်နိုင်၏။ ပြီးတော့ သူသည် လူပျိုကိုယ်မို့ အမေ့အိမ်မှာ ထမင်းစားနေနိုင်ကာ လခထပ်မထုတ်မီ ချွေချွေတာတာ နေရသည်။ သူ့၌ တခြား ဖြုန်းသုံးစရာ နေရာတော့မရှိ။ အရက်လည်း မကြိုက်လှ။ မိန်းမလည်း မလိုက်လှ။

တစ်ခုသာရှိသည်။ သူသည် သည်အိမ်မှာ ပိုကာဝိုင်းကို အမြဲလာနေချင်သည်။ သူ့မျက်နှာချင်းဆိုင်အိမ်မှ ကျောင်းဆရာမချောချောကို သူချစ်ချင်သည်။ ရင်းပြန်အိမ် မကြာခင်ဖြစ်ရမယ်လေဟူသော အတွေးနှင့် နှစ်သိမ့်ကာနေ၏။ ဆရာမကလေးနိုင်လျှင် သူ ဝမ်းသာ၏ ။

ခုန ဆရာမ တုတ်စားသည်မှာလည်း သူက ထောင်ဖဲကို သွားဆက်လိုက်သောကြောင့်ပင်။ ဆရာမ ဖဲထောင်ကာ အတွဲချတတ်သည်ကို သူက စောင့်ကြည့်ကြည့်တတ်သူမို့ သိမှတ်ရသည်။ သည်တုတ်ကို ဆရာမသာ စားစေချင်သဖြင့် ဆရာမ ချထားသော ငါး၊ ခြောက်၊ ခုနစ်အတွဲမှာ ရှစ်သွားဆက်လိုက်၏။ အဲသည်အချိန်၌ ဆရာမသည် ဆက်ဖဲ တစ်ချပ် အပြင်းအထန်လိုနေသည်ကို သူ မှန်းဆမိလေသည်။ လေးချပ်ကိုင်ကာ နှစ်ခါ သုံးခါဆွဲနေသည်ကို မြင်သည်မဟုတ်လား။

ဆရာမ တုတ်စားသွားလျှင် သူသည် ဝမ်းသာအားရ တုတ်ဖိုးပေးလိုက်ကာ ရယ်မောနေမိရာ လူရည်လည်သူ ယောက်ျားချင်းမို့ ရိပ်မိသူ တုတ်ထိန်းက “ဘယ့်နှယ် ဝန်ထောက်ကလေးရဲ့၊ တုတ်ပေးရတာလည်း ဝမ်းမနည်းပါဘဲကလား” ဟု မျက်စိတစ်ဖက် မှေးကာ နှာသံကလေးနှင့် ပြောလေ၏။

ဝန်ထောက်ကလေးသည် မျက်နှာ အနည်းငယ်နီကာ “တုတ်မြန်မြန်ပြတ်ရင် အေးတာပေါ့ဗျ။ အိမ်စောစောပြန်ရတာပေါ့။ ဆာလှပြီ။ ပြီးတော့ ကျွန်တော်လည်း ဒေါင်းမှာမှမဟုတ်တာ။ ဟောဒီမေမေကြီးက လွတ်ပါတယ်ဆိုတဲ့ဖဲလည်း အုပ်တာပဲ။ ခေါ်ဖဲလည်း မရတော့ဘူး

ပေါ့ဗျ။ ကျွန်တော့်ဖဲက ညံ့လိုက်တာဗျာ” စသည်ဖြင့် ဒရောသောပါး ပြောနေဆဲ ဆရာမကလေးက “ရှင် ဘယ်လောက်ရှုံးသလဲ” ဟု လှမ်းမေးသည်။

“သိပ်မများပါဘူး၊ သုံးလေးဆယ်ပေါ့ ... ထုံးစံအတိုင်းပေါ့”

“ပိုကာက အရှုံးအနိုင် နည်းနည်းညင်သာတယ်။ ရှင်တို့ အရင်ကစားတာ မြင်ရတာ ကြောက်စရာကြီး။ ပြီးတော့ လက်ဦးဖဲချပ်ချင်းလောင်းတာကလည်း ကျွန်မတော့ မဝံ့ပါဘူး။ ကျွန်မက ကစားသမားစိတ်မရှိဘူး။ နိုင်ရင်တော်ရဲ့၊ နည်းနည်းရှုံးရင်လည်း တော်ရဲ့၊ ဖဲသေနေ၊ သိပ်ရှုံးနေရင် ဖဲကို စိတ်နာနာသွားတာပဲ”

ဝန်ထောက်ကလေးသည် ချစ်သူအလိုကိုလိုက်ချင်၏။ သို့သော် သူသည် အို... နိုင်တစ်လှည့် ရှုံးတစ်လှည့်ပဲ၊ ဖဲသမားအိတ်ဟာ နဲ့သမားလိုပါပဲဟု တွေး၏။ ငါရှုံးနေပေမဲ့ သူ နိုင်တတ်တာပဲဟု တွေး၏။ ဒါပေမဲ့ ငါရှုံးတာက လုံးခနဲ ခဲခနဲ၊ သူက ချစ်တီးစု စုနိုင်ရတာ။ နှောင် တူတူနေလို့ ဒီလိုပဲ ငါလောင်းစားနေမယ်ဆိုရင်

ဆရာမကလေးလက်၌ လက်စွပ်ကလေးတစ်ကွင်းတောင် မရှိသည်ကို သူမြင်၏။ ဆရာမက ညီမတစ်ယောက် ကျောင်းထားပေးရမည်ဆိုတာ သူသိသည်။ လက်ကောက်၊ လက်စွပ်၊ ကြယ်သီး၊ ဆွဲကြိုးတွေ ဆင်ချင်စိတ် အမြဲပေါ်ခဲ့၏။ ဆင်ပေးပြီးရင်လည်း အရင် တစ်ပတ်ကလို ခွက်ခွက်လန်အောင်ရှုံးရင် ငါဆင်ထားတဲ့ လက်ဝတ်ရတနာကလေးတွေ ငါ ပြန်ဖြုတ်နေရတော့မယ်ဟု တွေးကာ မသက်မသာဖြစ်သည်။

သူမကြိုက်တဲ့ အလောင်းအစားကို မလုပ်ပေးတော့ပါဘူးဟု မရခင်ကမို့ သူ တွေးတောနိုင်သေးသည်။ သည်အထဲက ခေါင်းမာတတ်သည့်ညာဉ်က တစ်ထောင့်မှ ညွှန်ပြနေသည်။ သူ့အိမ်ကို ပိုက်ဆံတတ်နိုင်သော၊ လက်ဆောင်ပေးတတ်သော အမှုသည်များ လာလေ့ရှိသည်။ ထိုဧည့်သည်များကို ပြုံးရွှင်လက်ခံစကားပြောရန် ကိန်းရောက်တော့မည် ထင်သည်။

(၄)

တုတ်အထက်တစ်အိမ်ကျော်မှ ရှမ်းနှင့် အင်္ဂလိပ်ကပြားမကမူ ဘာမှမပြောဘဲ ဖဲများကိုလိုက်၍ သိမ်း၏။ သူ့လက်၌ စီးကရက်တိုနေချေပြီ။ သူသည် ငယ်ငယ်က တော်တော်လှပဟန်ရှိလေသည်။ ယခု အသက်လေးဆယ်နီးပါးရှိနေပြီဆိုတာတောင် မဟာဆန်ဆန် ခံ့ညားသော ရုပ်ရည်ရှိသေးသည်။

လှပသော မိန်းမထဲမှာ သူသည် ကံအဆိုးဆုံးလို့ ဆိုချင်သည်။ သူသည် အသက်နှစ်ဆယ်ကျော်ရွယ်ထိ ဂါဝန်ဝတ်နေမိလို့လားမသိ၊ ဗမာယောကျ်ား ဘယ်တစ်ယောက်ကမှ သူ့ကို အတည်မလိုချင်ချေ။ သူက ဗမာစိတ်ရှိသည်။ ဗုဒ္ဓဘာသာလည်းဖြစ်သည်။ သူသည် ဗမာယောကျ်ားတစ်ယောက်နှင့် ခဏမျှ အိမ်ထောင်ကျဖူးသည်ဆို၏။ သူ့မှာ ဗမာရုပ်သက်သက်ဖြစ်ကာ အရုပ်လည်းဆိုးလှသော သမီးကလေးတစ်ယောက်ရှိသည်။ သူ့ဗမာယောကျ်ားက သူ့ကိုပစ်ကာ အိမ်ကပေးစားသော ဗမာမနှင့် ပြန်ယူသည်လို့ ကြားရ၏။

သူသည် ရှမ်းသွေး၊ အနောက်နိုင်ငံသွေးစင်စစ်ဖြစ်လျက်နှင့် ဆိုရိုးရှိသော စကားတို့နှင့်ဆန့်ကျင်ကာ အတော်တည်တံ့သောသဘော ရှိသည်။ သူ့ယောကျ်ားကိုလည်း အင်မတန်ချစ်သည်ဆိုသည်။ သမီးလေးကို ကျောင်းအိပ်ကျောင်းစားထားကာ သူက ဝိုင်ဒဗလျူစီအေမှာနေပြီး တစ်သက်လုံးတစ်ယောက်တည်းနေလာသည်။ လက်နှိပ်စက်စာရေးမပေမည့် အင်္ဂလိပ်သွေးမို့ အင်္ဂလိပ်ကုမ္ပဏီမှာ လုပ်ရတော့ လခလည်း မနည်းလှဘူးဆိုသည်။

သူ့၌ တွယ်တာစရာ သမီးကလေးကလွဲ၍ ဘာမှမရှိ။ စိတ်ဝင်စားစရာလည်း ဘာမှမရှိ။ လင်ယောကျ်ားနှင့် ကွဲစကတော့ ဘုရားကိုသာ ရှိခိုးလို့နေသည်တဲ့။ ဗုဒ္ဓဘုရားကို ရှိခိုးလို့တောင် အားမရသည်နှင့် ဖအေ အင်္ဂလိပ်ရှိစဉ်က လိုက်သွားဖူးသော ဘုရားရှိခိုးကျောင်းများကိုတောင် လိုက်ပြီးရှိခိုးသည်။ သို့သော် ဗမာမနှင့် အတည်တကျဖြစ်နေသော လင်သည်က အရှိအသေတန်ဖွယ်ရာသော ပြန်လည်ဆက်ဆံမှုမျိုး လုပ်ချင်ဟန်လာရောက် စကားကမ်းလှမ်းသော် သူသည် တစ်ကြိမ်

၍ လူသူလေးပါးကို မငဲ့မကွက် မရှက်မကြောက် ချုံးချငိုယိုပြီးသည်နှင့်တစ်ပြိုင်နက် အိမ်တကာကိုလည်၍ ဖဲကစားသည်။ သည်တစ်ခုပဲ သူလုပ်လို့ရသည်။ သူ၌ စာဖတ်ဝါသနာမရှိ။ သိုးမွေး၊ ဇာ၊ တက်တင်း ထိုးခြင်းကလည်း တွေးမောခြင်းကို အားပေးလေတော့ စကို မစဝံ့။ သူသည် ရုံးမှ ဆင်းသည့် စနေနေ့လယ်က ထိုင်ကစားလိုက်သည်မှာ တနင်္လာနေ့ မနက်မှထရသော ဝိုင်းမျိုးကိုမှရှာ၍ ကစားတတ်လေ့ ရှိသည်။ ထို့ကြောင့် သည်အိမ်ဝိုင်းသို့ အလာအရောက်နည်းသည်။ သူ့တွယ်တာခိုကိုးရာ သမီးကလည်း အရွယ်ရောက်၍ ရည်းစားနှင့် တွဲဖက်သွားလာတတ်ပြီ ဖြစ်လေရာ စိတ်ချောက်ချားတိုင်း ဖဲကိုသာ မဲ၍ ကစားရှာသည်။

မကြာခင်ပင် ပေးရှင့်အမည်ရှိ တစ်ယောက်တည်းကစားနည်းကိုပင် သင်ရတော့ မည်ထင်သည်။

သူသည် ဖဲကစားတိုင်း အနည်းငယ် ရှုံးလေ့ရှိသည်။ တစ်ခါတစ်ရံတော့ ခပ်များများနိုင်လေ့ရှိ၏။ ထို့ကြောင့် စာရင်းရှင်းလိုက်လျှင် အရှုံးနှင့် အနိုင်ထေမိသည်သာ များသည်။ တစ်ခါတစ်ရံ အနိုင်ကပိုလျှင် သမီးလေးဖို့ အသုံးမကျသော်လည်း လှပ၍ တန်ဖိုးကြီးသော ပစ္စည်းမျိုးကို ဝယ်ပေးတတ်လေသည်။

သည်တစ်ခါတော့ သူသည် တုတ်ကို ချိန်ထားသည်။ သူ တော်တော်ဖဲကောင်းနေစဉ်မို့ ချိန်ခြင်းတည်း။ စောစောက မှန်မှန်ပေးနေရပြီး တုတ်ကြီးလျှင် တစ်ခါဒေါင်းကာ တစ်ခါဝင်စားတတ်သည်။

သူ့ဖဲမှာ ဝေပါနှစ်တွဲပါသည်။ ဂဏန်းစဉ်တစ်ပြူးပါသည်။ တက်ဖဲတစ်ချပ် အသင့်ရှိသည်။ သို့သော် ဂဏန်းစဉ်အပြူးမှာလိုသည့် ကြားဖဲသည် နှစ်ချပ်စလုံး ထွက်သွားလေရာ ဂျိုကာမျှော်နေဆဲ ဂျိုကာနှစ်ကောင်လုံး သူများရသွားကာ ဖဲကလည်း မပူးလာသဖြင့် ဘယ်နည်းနှင့်မျှ မဒေါင်းနိုင်ဘဲ သည်လို ငုတ်တုတ်နေလိုက်ရလေသည်။

တုတ်ပျက်တာတော့ သူ ဝမ်းနည်း၏။ အကြောင်းမူကား တခြားဝိုင်းသို့ သွားရဦးမည်မို့ပင်။ ခုလိုညနေပိုင်းမှာ သွားတော့ ဝင်ကစားစရာ အိမ်မရှိဖြစ်တတ်သည်။ သူ့အိမ်နှင့်သူ စေ့နေကာ

တစ်နာရီ နှစ်နာရီမျှ ဘေးကဖဲမျှော်ပြီးမှ ဖယ်ပေးသူ၊ ထပြန်သူရှိမှ ဝင်ကစားရတတ်၏။

"ဖဲက ကောင်းပါရဲ့ရှင် ... မာသော ကံကြမ္မာကြောင့်ပဲ" ဟု သူက ပြောလိုက်သည်။ သူသည် စကားဝဲသောကြောင့်တစ်ကြောင်း၊ စိတ်မပျော်သောကြောင့်တစ်ကြောင်း စကားများစွာ ပြောလေ့မရှိ။ ပြီးတော့ သူသည် ကပြားများ ပြောတတ်သော ဗမာစကား မပီမပြင်ကို ခပ်ချဉ်ချဉ်နှင့် ပြောလေ့ရှိရာ တကယ်မတတ်လို့ ပြောသည်ထင်ကြသဖြင့် စိတ်ညစ်လေ့ရှိပြီး ခပ်ချဉ်ချဉ်ပြောသည့် အကျင့်ကို ဖျောက်ဖို့ စိတ်ကူးရဆဲရှိလေသည်။

(၅)

တုတ်ကို တကယ်ချိန်သူမှာ တုတ်ထိန်းသူဖြစ်၏။ သူသည် ဖဲဝိုင်းတကာ၌ ကျော်ကြားသူတည်း။ ဖဲကစားလည်း ကျွမ်းကျင်၏။ တွက်ချက်ချိန်ဆပြီးလည်း ကစား၏။ စိတ်လည်း အင်မတန်ရှည်သည်။ ချိန်ဆနိုင်သည်။ ဆယ်ချပ်စလုံး ဂဏန်းတစ်စဉ်ရအောင် ဆွဲတတ်သည်။ သည်တော့ သူသည် မှတ်မှတ်ရရ လေးဆယ်ခန့် တစ်ခါမျှ ရှုံးဖူးသည်ကလွဲ၍ အမြဲအစဉ်လိုပင် ငွေပိုက်၍ အိမ်ပြန်ရသည် ချည်းဖြစ်သည်။

သူ့အသံများသည်လည်း အကျယ်ဆုံးတည်း။ စကားလည်း များများပြော၏။ နိုင်လေ အသံကျယ်နှင့် စကားများလေဖြစ်ရကား ဖဲဝိုင်းသည် သူမပါလျှင် ခြောက်ကပ်ကာ ပျင်းစရာတစ်မျိုးဖြစ်ရသည်။

သည်တုတ်ကို သူ စားချင်သည်။ သည်တုတ်စားရလျှင် တုတ်ဖိုးချည်း ငါးဆယ်နီးပါးရမည်တည်း။ ဖဲနိုင်တာကို သူမြိန်သည်။ အကြောင်းမူကား သူသည် ကလိန်လေ့မရှိ။ သူများဖဲကို မျက်လုံးလှန်၍ကြည့်လေ့မရှိ။ ဖဲပက်လက်ကြီး ကိုင်တတ်သူ၊ လာကပ်ထိုင်လျှင် မြင်ရမစိုး၍ ဇက်တစ်ဖက်ခိုင်နေတတ်လေရာ နိုင်လျှင် သူ့ကံနှင့် သူ့အစွမ်းအစကြောင့်သာဖြစ်ရကား မြိန်သင့်သည်ထင်သည်။ တစ်ဝိုင်းလုံး ရှုံး၍နေလျှင်တော့ သူသည် နောက်ဆုံးတုတ်ကို စားသည့်တိုင်

မစားဘဲ အိမ်ပြန်လေ့ရှိလေသည်။

ယခု ဖဲဝေပြီးသော် အဒေါင်းကစားရမည်လား၊ တုတ်ကောင်းကောင်း ထိန်းရမည်လား စဉ်းစား၏။ ဖဲက မကောင်းတကောင်းရှိသည်။ သည်လောက် ဖဲကို ဒေါင်းအောင် ကစားမည်ဆိုလျှင် ကစားနိုင်၏။ အထက်အိမ်က ကူထိန်းမည်ဆိုလျှင်တော့ အဒေါင်းကစားနိုင်သည်။ အထက်အိမ်ကိုလည်း သူ အားကိုးသည်၊ ခေါ်ကစားလို့ရ၏။ အောက်အိမ်ကလည်း သည်နေ့အဖို့ ဖဲအတော်တက်နေရကား အင်မတန် နှိမ်နိုင်မှုဖြစ်မည်။ အမှန်စင်စစ် သည်အိမ်မှာ မေမေကြီးအိမ်ဟောင်းတည်း။ မေမေကြီးက မထိန်းတတ်သဖြင့် ဆရာမကလေးသာ ဒေါင်းချည်းနေသလားဟု သူက ထိန်းရန် အိမ်ပြောင်းလာခြင်းဖြစ်သည်။ အများက သဘောတူသည်။ တုတ်က ကြီးလာပြီဆိုတော့ ဖဲကောင်းလျှင် စားပါ။ အထိန်းမတတ်လို့တော့ မစားစေနဲ့။ တခြားလူမှာ နစ်နာတယ်။ တုတ်ဆိုတာ လူတိုင်းရဲ့ ပစ္စည်း။

သူ့မှာ ငါးတစ်တွဲပါသည်။ ဖဲဝေပြီး အထုပ်မှ လှန်လိုက်သော် ပေါ်သည့်ပန်းကန်ဖဲမှာ ငါးညှင်းတည်း။

သည်တော့ သူ နည်းနည်းစိတ်ရှုပ်သွား၏။ ကိုယ့်မှာရှိသည့် သည်တစ်တွဲကိုဖျက်ကာ တုတ်ကို ငါးနှင့်ချည်း ပေါက်ရတော့မည်ဆိုလျှင် ဒေါင်းဖို့ အင်အားမရှိ။ ဂျိုကာလည်း မပါ။ ဘာပဲဖြစ်ဖြစ် ဆယ်ချပ်ဖိုးပေးပြီး တုတ်ထိန်းလိုက်လျှင် နောက်တစ်ခါ ဒေါင်းအောင် ကစားနိုင်၏။ တုတ်ချိန်နိုင်၏။ ငါးတွဲကို မနှမြောချင်တော့ချေ။

"ကဲ ... ခေတ်မီသူလား" ဟု တုတ်အိမ်ကို မေးမြန်း၏။

"မမီပါဘူးရှင့်၊ ငါး မကြိုက်ပါဘူး။ ပုစွန်မှ" ဟု တုတ်အိမ်မှ ဆရာမကလေးက ဖြေသည်။

တုတ်အိမ်က သုံးကိုပစ်သည်။

"သုံးမကြိုက်၊ ငါးမကြိုက်" ဟု တုတ်ထိန်းဆရာကြီးက ရွတ်လေသည်။ တုတ်အောက်က သုံးကို မကောက်။

မိမိအလှည့်ရောက်လာလျှင် "ပွင့်တူရှိရင် လိုက်ချင်တယ်နော်" ဟု ညည်းလိုက်သေး၏။ ထို့နောက် ငါးစပိတ်နှင့် တုတ်အိမ်ကိုလိုက်

ကာ အထုပ်ထဲက ဂျိုကာကိုမှန်းဆရင်း "လာပြီမေ … လာပြီမေ" ဟု သူ့ ဖေးဘရိတ်မြင်းနာမည်ဖြင့် ခေါ်၍ ဆွဲလေ၏။

"ဘုရားရေ့ … ခေါ်ဖဲတော့ မိပြီ။ ပစ်လိုက်သော ငါးစပိတ်ကို ကောက်တယ်ပါလား။ ဟေးလ်မေရီ၊ ဟိုးလီးမေရီ၊ တုတ်စားတော့မယ် ထင်သည်။ အဲဒါ တစ်တွဲရှိလျက်နှင့် အတွဲဖျက်ပြီး လိုက်ရတာဗျို့။ နစ်နာလိုက်တာနော်။ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိပဲ" စသည်ဖြင့် ရောက်တတ်ရာရာတွေ ထွက်မိသည်။

သို့လျှင် နောက်တစ်လှည့်မှာ သေချာပြီရယ်လို့ ငါးဒိုင်းမွန်းနှင့် လိုက်ပြန်တော့ ကောက်ပြန်ပါလေရော။

သည်လို တစ်ချက်ခုတ် နှစ်ချက်ပြတ် ခေါ်လိုက်တော့ အမိခံရ တာ မသက်မသာဖြစ်လှသည်။ နှစ်ခါကောက်ပြီးပြီ။ ဂျိုကာနဲ့ဆိုတော့ ဆက်ဖဲပဲလိုတော့တာပေါ့။ အေးလေ ဘာဖြစ်ဖြစ် အသက်သေသည့် တိုင် အလံတိုင်မလှဲဘူးကွ။ ဆက်ဖဲနဲ့ တစ်နေအောင် ကပ်ထားဦးမှ တော်မည်တည်း။

သို့လျှင် တုတ်အိမ်က လေးငါးခြောက် စပိတ်တစ်တွဲကျသော် "ဘေးယားဖြောက်" ဟု သူက ကောင်းချီးပေးလိုက်ကာ ငါး ခြောက် ခုနစ် ဒိုင်းမွန်းတွဲကျလာသော် "ထို့ပြင် ရှစ်" ဟု အော်လိုက်သေး၏။

ခုတော့ တုတ်အိမ်မှ လေးချပ်ကျန်ပြီး ဘေဖဲပေးလို့မဖြစ်။ တုတ် အိမ်က ဘေဖဲ ဆွဲနေဟန်ရှိဆဲ အထက်အိမ်က တစ်လှည့်ကူထိန်းသဖြင့် အထုပ်ထဲက ရလာသော ဖလေးတစ်တွဲကို ချလိုက်ကာ နောက်တစ်လုံး လည်း ဆက်ရသေးသည်။

တစ်ဝိုင်းလုံးအနံ့လိုက်ကြည့်သော် ဘယ်သူမှ ပြီးနိုင်ပုံမပေါက် သေး။ အထက်အိမ်ကတော့ သုံးချပ်ခေါ်တော့မည်။ အထက်အိမ်က ဆရာမကို နောက်ပိုးချင်သူက ထိန်းနေတော့ ခက်သားပဲ။ မေမေကြီးက လည်း နိုင်သလားမသိ။

"ပြီးနိုင်သလား … ပြီးနိုင်သလား" ဟု သူက မေးလိုက်၏။

"ထိန်းထားပါ … ဆက်ဖဲမပေးနဲ့" ဟူသောအဖြေကို ပေးကြလေ ရာ သုံးတွေ၊ ငါးတွေ၊ ခြောက်တွေနဲ့ချည်း ရှာကြံပေါက်နေရလေ၏။

သို့သော် အင့်ဟင် တုတ်အိမ်က ချထားသော ငါး၊ ခြောက်ခုနစ်တွဲမှာ မျက်နှာချင်းဆိုင်အိမ်ကလူကို ခပ်ကြိုက်ကြိုက်နဲ့ လိုက်ပြီး ရှစ်ဆက်တယ်ပါလား။ ဒါပေမဲ့ ဖဲထောင်ချင်ရင် ပထမတွဲမှာ ထောင်မှာ၊ အရင်ချထားတာပဲ။ ကိစ္စမရှိ။ ဟော ... ပြောရင်းဆိုရင်း ကိုးကို တုတ်အိမ်က ဒက်ခနဲဆက်ပြီ၊ ဆက်ဖဲလိုတာမဟုတ်၊ တည့်ဖဲလိုနေတာပဲ ပြီးပြီထင်ပါရဲ့။ "အမယ်လေး ... ဒီကိုးကို၊ ကျုပ် ဆက်မလို့ဗျ" ဟု အော်လိုက်သေး၏။ "သွားပါပြီဗျာ ... သွားပါပြီ"

တုတ်အိမ်ရှင်က "အမယ်လေး ဝမ်းသာလိုက်တာ"

"ရော့ဗျာ" ဟု သူ မဆက်လိုက်ရသော တုတ်အိမ်က ဆက်ပစ်သော ကိုးပွင့်တူ ဒိုင်းမွန်းနှင့်လိုက်လိုက်ရာ ဆရာကလေး၏ ခိခနဲရယ်သံနှင့် 'ချိန်း' ဟု အော်လိုက်သံကို မယုံနိုင်စရာ ကြားရလေသည်။

"ဘယ်လိုတုံး... လိမ်ချိန်းတာပါ။ အလကား" ဟု သူကပြော၏။

"တကယ်ချိန်းတာပါ၊ ဆက်စရာရှိ ဆက်။ ဘေစရာရှိ ဘေကြနော်။ တုတ်စားပြီ။ ပြီးရင်လည်း ပြီးလိုက်ကြ၊ ဒီတစ်လှည့်ကို" ဟု ဆရာမ၏ကြေညာသံကိုကြားသော် သူ့ခမျာသည် "အင်း ... ဒီတစ်ပတ်တော့ မြင်းလောင်းစရာ ပိုက်ဆံအပိုမရတော့ဘူးလေ။ ခါတိုင်းဆိုရင်တော့ တတ်နိုင်တာထက် ပိုပိုလောင်းရတယ်။ ဒီဝိုင်းက ပိုက်ဆံသယ်သွား၊ မြင်းပွဲမှာထားခဲ့နဲ့ ပစ်ထားတဲ့ ကိုး ဆရာမ စားတယ်နော်။ မကောင်းဘူး ရှိတယ်။ သုံးခါကောက်တယ်။ ဒေါင်းရောပေါ့" စသည်ဖြင့် ညည်းညူကာ ခြောက်ချပ်ဖိုးနှင့် တုတ်ပါပေးလိုက်ရသည်။

သို့သော် လူပါးပုလင်းထိခံရသည်မှာ နစ်နာလှရကား "ဆရာမရယ် ... ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး" ဟု မေးမိလေသည်။

(၆)

ဆရာမက ပြုံးလိုက်သည်။ ပြီးတော့ ပိုက်ဆံအမ်းစရာရှိသည်များကို အမ်းရင်း ပြောသည်။

"လက်ထိပ်က တုတ်တယ်မဟုတ်လား။ ဒီတော့ ခေါ်ကစားရတာပေါ့" ဟု သူ အစချီလိုက်သည်။ သည်လိုလေသံမျိုးကို သူတုတ်

သည်မှာမကြာသေး။ ဖဲသက်လည်း ရင့်သေးသည်မဟုတ်ပါ။ သို့သော် လည်လှလေပြီ။ သူသည်လည်း ညလုံးပေါက်ရမည်ဆိုလျှင် အချင်းချင်း မျက်စပစ်ပြစရာ မလိုသူတည်း။ နဂိုက အေးအေးရှင်းရှင်းနေလာရာက ဖဲကစားတတ်လာသည့်တစ်နေ့သ၌ အိပ်မက်ထဲမှာတောင် နိုင်း၊ တင်း၊ ဂျက်တွေ၊ စပိတ်ဆင်စီနေတတ်သူတည်း။ တည့်ပါလျက်နဲ့ မျက်စိမှောက်ပြီး မကောက်မိလျှင် နှစ်ညလောက် မအိပ်နိုင်သူတည်း။ သို့သော် ကစားသမားစိတ် တကယ်မရှိလေရကား သူတကာကို အားနာသည်နှင့် ပြောပြထားရသည်။ ရှုံးလျှင် ထွက်မည်၊ နိုင်လျှင် ဆက်ကစားချင် သည်လို့ပေါ့။

“ဖဲကဝေတုန်းက ခြောက်တစ်တွဲပါတာရှင့်။ ဒါပေမဲ့ ကံကောင်းတာက ခြောက်စပိတ်နားမှာ ကပ်စရာ လေးစပိတ်တစ်ချပ်ပါသရှင်။ ခြောက်ဒိုင်းမွန်းနားမှာ ကပ်စရာ ခုနစ်ဒိုင်းမွန်း ပါသရှင်။ ဒါနဲ့ ပန်းကန်ဖဲကလည်း ငါးပေါ်နေတော့ အလိုလိုခေါ်မိလျက် သားဖြစ်တယ်မဟုတ်လား။ ဒါနဲ့ ခြောက်တွဲကို ဖျက်ကစားကာ တုတ်စားချင်တော့ တည့်တည့် ငါးနှစ်ချပ်စလုံးရတယ်”

“ဒါပေမဲ့ဗျာ၊ လေးချပ်ကျန်တော့ ရှစ်သွားဆက်ပြီး အဲဒီရှစ်ပဲဘာဖြစ်လို့ ကောက်ချိန်းရတာလဲ”

“ဒါကတော့ စွန့်တာပဲလေ။ လေးချပ်ကျန်တော့ ဆက်ဖဲလိုနေတာကို ငါး၊ ခြောက်၊ ခုနစ်ချတုန်းက တမင်ထောင်တယ်မထင်အောင် နောက်မှချတာ။ ထောင်တော့ ထောင်တာပဲ။ ဟိုအိမ်က ရှစ်လာဆက်တော့ အတော်ပဲ။ ကျွန်မမှာ ဒိုင်းမွန်းကိုး၊ တစ်ဆယ် ဆက်စရာရှိတယ်။ ကိုယ့်မှာ ဆက်ဖဲအသင့်ရှိရင် တစ်ချပ်ကစားနိုင်တယ်။ ဒါမှမဟုတ် ဆက်ဖဲဆွဲနေနိုင်တယ်။ တစ်ချပ်ရှိတာဆက်ပြီး အဲဒီသုံးချပ်နဲ့ ဆက်ဖဲရအောင် ခေါ်နိုင်တယ်။ ဒါပေမဲ့ ဆက်ဖဲကလည်း မရှိ၊ ဟိုအိမ်က ကျလာတဲ့ဖဲက မမှန်ဘဲကိုး။ ဒါနဲ့ လေးချပ်ဆိုရင် ဆက်ဖဲပေးမယ် မဟုတ်။ ဒီဒိုင်းမွန်းကိုးကလည်း မထွက်သေး။ ပြီးတော့ ရှင့်ဆီမှာ ရှိမယ်ပဲ ထင်နေတာပဲ”

“ရှိတယ်”ဟုတ်သည်။ ဆရာမက မှန်းတတ်သည်။ သူတို့နှစ်

ယောက် အထက်အောက် ပြောင်းထိုင် တိုင်ပင်၍ တုတ်ထိန်းလျှင် "ဖဲစိမ်းပေး"လို့ တောင်းစရာမလို။ "တည့်ဖဲပေး"ဆိုလျှင် ဆရာမက စဉ်းစဉ်းစားစား တည့်အောင်ကို ဆိုက်ဆိုက်မြိုက်မြိုက်ပေးတတ်လေ၏ ။

"ဒါနဲ့နှစ်လုံးထဲက တစ်လုံးတည်းသွားတက်ရောလား"

"မဟုတ်ဘူး၊ ဂျက်တက်လာလို့ တစ်တွဲကိုဖြစ်နေတာ။ ဖျက်ပြီး ဟိုမှာ ကိုးသွားဆက်လိုက်တာ။ တထိတ်ထိတ်ပဲရှင်၊ တစ်ဆယ်နဲ့ ဂျက်ကျန်တော့တယ်။ ကိုးက ပေါ်ကိုမပေါ်တော့ ကျွန်မ ပစ်လိုက်ရင် ဒီဖဲသာ ဖဲထုပ်ထဲမနေဘဲ လက်ထဲမှာသာရှိရင် သုံးချပ်ခေါ်တော့ ကြောက်ပြီး ပွင့်တူလိုက်ကြမှာပဲလို့ တွက်တယ်။ စောစောကလည်း ငါးတွေ ခေါ်ဖဲမိထားတယ်မဟုတ်လား။ ဒီလိုတွက်ပြီး စွန့်လိုက်တာပဲ"

"ရက်စက်ပါပေ့ဗျာ .. ဒီဖဲဟာ ဟောဒီအထုပ်အောက်ဆုံးမှာ ကပ်နေရင်ကော"

ဖဲနိုင်သဖြင့် ပိုပြီးလှနေသလိုလိုရှိသော မိန်းကလေးက ရယ်ဟဟဖြင့် "နောက်တစ်ခါ ဂျီကာနှစ်ကောင်နဲ့ စားမှာပေါ့ရှင်။ အဲဒီတော့ တုတ်က တစ်ဆယ်အထိဖြစ်သွားမှာ" ဟု ပြန်ဖြေသည်။ ။

*ရှုမဝမဂ္ဂဇင်း၊ အမှတ် ၁၂၂၊ ဇူလိုင်၊ ၁၉၅၇*

❑

## တစ်မိုးလင်း၏

မနက် ၆ နာရီမှာ မခင်သူ နိုးလေ့ရှိသည်။ ခေါင်းအုံ့တာကို အရင်သိရ၏။ ပြီးတော့ ဝမ်းနည်းခြင်းနှင့် စိတ်လျှော့ခြင်းတို့ ဝင်လာ၏။ နှစ်ခုပေါင်းလိုက်ကာ ထူးဆန်းစွာဖြစ်ပေါ်လာပြန်သော စိတ်ထုံခြင်းဝေဒနာကို ခံစားရကာ သည်အတိုင်းနေနိုင်ပါရဲ့ဟု တွေးနိုင်လေ၏။ အကြောင်းကား သူသည် သီချင်းဆိုလို့ ပို၍ကောင်းမည်ဖြစ်လေ၏။ ပို၍ အပင်ပန်းခံနိုင်မည်။ အသက်အောင့်နိုင်မည်ဖြစ်လေ၏။ အားငယ်လွန်း၍သော်လည်းကောင်း၊ အားရှိလာပြန်၍သော်လည်းကောင်း တစ်စုံတစ်ခုကို ထလုပ်နိုင်သည့်သတ္တိသည် တော်တော်နှင့်တော့ ပေါ်ဦးမည်မဟုတ်။ ထိုအတောအတွင်း အေးချမ်းမည်ဖြစ်လေ၏။ မခင်သူ၏ အပြင်စာဖတ်နေလေ့ရှိသော သူငယ်ချင်း ကရင်မကလေး ကိုးကားရွတ်ဆိုလေ့ရှိသည့်အတိုင်း အသည်းကွဲခြင်း၏အဆုံးသည် အေးချမ်းခြင်း၏အစတည်း။ ဘားနတ်ရှောကို ကျေးဇူးတင်ပါသည်။

ကျီးတစ်ကောင် နှစ်ကောင်က တအအ အော်လိုက်သည်။ မခင်သူသည် ပျင်းရိလေးတွဲ့စွာထကာ ပထမဆုံး မှန်ကြည့်၏။ ညက ခေါင်းလိမ်းဆီလိမ်း၍ ဝိုင်ယာနှင့် ကောက်ထားသော ဆံပင်လိပ်များ



သည် လျှော့တိလျှော့ရဲနှင့် ပွနေ၏။ မျက်နှာက ချောင်နေ၏။ သူက ဘယ်အချိန်မှ အိပ်ပျော်တယ်ဆိုတာ မမှတ်မိ။ ရင်ထဲ၌ ဆန်းဆန်း ပြားပြား ယားကျိကျိရှိလာသည်နှင့် "အားဟာ အချစ်လောကကြီးဟာ အဆင်မပြေ"ဟု ဆိုလိုက်၏။ သူ့သီချင်းသံသည် ခါတိုင်းလိုပင် အုံ့သြ စဖွယ် သာယာလေ၏။

ထို့နောက် ခေါင်းရင်း၌ တရားဓမ္မပြောပြသူအစား ချိတ်ဆွဲထား သည့် ဘရိုမိုစက္ကူကို အထပ်လိုက်ဆွဲယူပြီး ခြောက်ရွက်တိတိ ရေတွက် ယူပြီး ကျန်တာကို မသေမသပ် ခေါက်ချိုး၍ အင်္ကျီအိတ်ထဲ ထည့်လေ ၏။ ထို့နောက် ရေချိုးခန်းကိုသွားသည်။

တစ်ခေါက်ပြန်လာပြီးမှ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာ သုတ်ပဝါ၊ ဆပ်ပြာခွက်တို့ကို မမေ့မလျော့ တစ်ခုမှမကျန်ရအောင်

သတိအထူးပြု၍ ယူ၏။ သွားတိုက်သည့်အမှုကို လူမြင်ကောင်းအောင် ပြုရင်း စိတ်ကရောက်တတ်ရာရာ သွားလာနေ၏။ ပူလောင်သော မျက်ရည်များ ကုန်ခန်းလျှင် အေးမြသော မျက်ရည်တစ်ဝေ့ နှစ်ဝေ့ လည်မြဲတည်း။ ပြီးတော့ သီချင်းဆိုနေတတ်သည်။

မျက်နှာသစ်ပြီး ပြန်လာပြန်၏။ ခေါင်းဖြီး၏၊ ပေါင်ဒါရိုက်၏။ နှုတ်ခမ်းဆိုး၏။ မျက်ခုံးမွေးဆွဲ၏။ ပါးအို့ကို မသိမသာခြယ်၏။ ပြီးတော့ ခဏထိုင်ငေးကာ ကော်ဖီဆင်းသောက်သည်။

ထောပတ်က စားလို့ကောင်း၏။ ပေါင်မုန့်ကလည်း နူးညံ့ပါရဲ့။ သို့သော် ကော်ဖီနှင့်မျောချမှ ဆုတ်ကန်ဆုတ်ကန်နှင့် ကျသည်။ အတော်ဆိုးတဲ့ဟာတွေ နင်တို့များ ငါ အူမရှိရင် စားမှာမဟုတ်ဘူးဟု အူကြောင်ကြောင်တွေးပြီး ရယ်ချင်သော်လည်း မရယ်ဘဲ ဘေးက ထမင်းစားပွဲ အတူထိုင်မြဲ သူငယ်ချင်းကို စိတ်မပါသော စကားလှမ်း ပြော၏။ သူ ပြန်ပြောပြသည်ကို နားမထောင်တော့ဘဲ အခန်းကို ပြန်တက်လာသည်။

ထို့နောက် တစ်ခေါက်ပြန်ဆင်းပြီး သတင်းစာဖတ်၏။ သတင်း စာမှာပါသည့် အကြောင်းအရာများကို တကယ်တော့ သိချင်တာ လည်းမဟုတ်။

ညေ့စားပွဲ၌ တွေ့ရသည့် သူငယ်ချင်းများနှင့် စကားပေါက်ကရ ပြောပြန်သည်။ ဘိုင်စကုတ်သွားကြည့်မည့်အကြောင်းနှင့် ပိုက်ဆံကို ချွေတာမသုံးစွဲအပ်ကြောင်း‚ဖြစ်လေသည်။

မဂ္ဂဇင်းအဟောင်းများကို လှန်လှောပြီး အရုပ်ကြည့်ပြန်သည်။ ဒါကတော့ ပိုပြီး စိတ်ဝင်စားစရာကောင်း၏။ အင်္ဂလိပ်မချောချော တစ်ယောက်၏ အရုပ်ဆိုးလှသော ဟန်ပန်မကျသည့် နောက်ဆုံးထွင် သည့် အဝတ်အစားများနှင့် ရိုက်ထားသည့် ကိုးရိုးကားရား နေထိုင်ပုံ များကို တွေ့၏။ ကိုယ့်အခန်းက ကုလားမလေး ဒေါ်ရိုသီ နေပုံထိုင်ပုံ အတိုင်းမို့ မြူးထူးစိတ်ကလေးတော့ ဝင်လာ၏။ ထို့နောက် ဘာမှ မပြောဘဲ ထလာပြီး အခန်းသို့ ပြန်ရောက်ပြန်သည်။

ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်သည်မှာ တစ်နာရီကျော်ကျော် ကြာ

လေသည်။ ပြီးခါစ မှန်များကြည့်လိုက်လျှင် သပ်ရပ်လွန်း၍ တောင့်နေတတ်သည်။ ထို့ကြောင့် အိပ်ရာပေါ် ပစ်လှဲကာ ကျောင်းစာကို ဖတ်လေသည်။

စာတစ်လုံးမှမရလိုက်ဘဲ ထမင်းစားချိန်တန်သော်ထပြီး မှန်ကြည့်လိုက်ရာ တောင့်ခြင်းပျောက်သွားပြီကို တွေ့သည်။ ကျေနပ်၏။ အတန်းထဲ ကိုင်ရမည့်စာအုပ်များကို အသင့်ပြင်ပြီး ထမင်းစားဆင်းပြန်၏။ အောက်ရောက်မှ သတိရပြီး ပြန်တက်ကာ ခွာတ်ဘူးကို ယူ၏။ ထမင်းစားပြီး ခွာတ်ဘူးကိုမေ့ကာ အပေါ်တက်လာသည်။ အပေါ်ရောက်မှသတိရပြီး အောက်ဆင်းကာ ခွာတ်ဘူးယူ၏။ ပြီးတော့ အခန်းသို့ ပြန်တက်လာသည်။

မှန်ကြည့်ပြီး နှုတ်ခမ်းကွက်သည်ကို သုတ်လေ၏။ ပေါင်ဒါထပ်ရိုက်သည်။ မိုးအုံ့သည်ကို ပြတင်းမှလှမ်းကြည့်၏။ သီချင်း ဆိုချင်လာပြန်၏။ ဂီတာအတီးကောင်းသည့်သူ့ကို သတိရ၏။

"မယ်ဆိုလျှင် မောင်ကတီးပါရှင့်၊ မောင်ငိုလျှင် မယ်က ညည်းမယ်ပေါ့"

စိတ်နည်းနည်း ပေါ့ပါးလာ၏။ မခင်သူသည် သီချင်းဆိုစားချင်သူဖြစ်ရာ သီချင်းဆိုဖို့အတွက်တော့ ကျောင်းစာမေးပွဲ ကျလည်းကျပါစေ၊ ဘာမဆို လုပ်နိုင်ပါရဲ့ဟု သူအောက်မေ့လေ၏။ ထို့ကြောင့် စာမေးပွဲတစ်ခုကို သုံးလေးခါမဖြေဘဲနှင့် မအောင်စဖူးချေ။

ကျောင်းသွားမည်ဟု အောက်ဆင်းခဲ့ရာ ဖောင်တိန်ကျန်ရစ်သည်မို့ ပြန်တက်ယူရ၏။ "အောင်မယ် ကံကောင်းလို့၊ မေ့တော့မလို့" ဟု ရေရွတ်ကာ အခန်းသော့ကို ရှာဖွေ၏။ မတွေ့။ ပျောက်ပြီထင်သည်။ ပျောက်ပါစေ၊ ကိစ္စမရှိ။ ကုလားဆီမှာ သော့ပိုရှိသားပဲ။ ဒီအတိုင်း အပြင်က ပိတ်သွားမယ်။

အောက်ရောက်သော် ခေါင်းထဲက မူး၏။ နေလို့မကောင်းဘူးထင်သည်။ အားဟာ မူးလာပါကလားဟ။ အရင်ကလည်း ဒီလိုပဲ မူးမူးလဲတာ။ ဒါ ပြန်ထချင်ပြီထင်တယ်။ ငါးကြီးဆီတို့ ဘာတို့ညာတို့ ပြန်သောက်ဦးမှပါပဲ။ ပြီးတော့ မောသကွာ။ ဘာဖြစ်လို့ပါလိမ့်။

ဟော ... မူးရင် မျက်စိရှေ့နဲ့ဘေးကိုမြင်ရတဲ့ စက်ဝိုင်းခြမ်းဟာ ကျဉ်းကျဉ်းလာပြီး ပြာမှောင်တတ်တယ်။ အတွန့်အဝိုင်းစက်ပြာနှမ်းနှမ်း ရွှေရွှေတွေ မှုန်မှုန်ပေါ်တယ်။ ခဏကလေးအတွင်းမှာ ဘာမှန်းမသိ တော့ဘူး။ ပြီးတော့ ချွေးတွေရွှဲလာပြီး မြေပေါ်မှာ ပက်လက်နိုးနေတတ်တယ်။ ပြီးတော့ မောလိုက်တာ လွန်ပါရော။

မခင်သူသည် သူ၏အခန်းသို့ရောက်အောင် လှေကားနှစ်ဆင့်တက်ရရာ လှေကားထစ်ပေါင်း ခြောက်ဆယ့်သုံးထစ်ရှိသည်ဆိုတာ တစ်ခါမှ ရေတွက်ကြည့်ဖို့ သတိမရသဖြင့် မသိချေ။

*တက္ကသိုလ်နှစ်လည်စာစောင်၊ အတွဲ ၃၊ အမှတ် ၆၊ ၁၃၁၅*

❑



## မလှတလှပုံပြင်

(၁)

သည်ကိစ္စကို အစတုန်းက ဘယ်လိုရယ်လို့ အမည်မမှည့်တတ်ဘဲ ရှိနေသော်လည်း ယခုလို အသက်အစိတ်ကျော်၍ ကိုယ်စိတ်ဝေဒနာ အစုံနှင့်လည်းကြုံခဲ့ကာ ဇာတိဆိုသည်နှင့် မပြတ်သေးသော်လည်း လောကီရေး၌ ခဏပန်းအားဖြင့်ဖြစ်စေ၊ ငြိမ်းချမ်းရပ်တည်နိုင်ဆဲမှာ တော့ သည်ကိစ္စဟာ ချစ်စဖွယ်လည်းကောင်း၊ ကြေကွဲစဖွယ်လည်း ကောင်းသော ရေးလို့လည်း နည်းနည်းကောင်းမည့် ဝတ္ထုလေးတစ်ပုဒ် ပါပဲရယ်လို့ ဆိုရပေတော့မည်။ ချစ်စဖွယ်ကောင်းတာကတော့ ထုံးစံ အတိုင်းပင် လူငယ်ကလေးနှစ်ယောက်၏ အချစ်ဆိုတာကို မူတည် သည့်ဇာတ်လမ်းမို့ဖြစ်ပြီး ကြေကွဲစဖွယ်ကောင်းတာကတော့ ဖြစ်ရိုး ဖြစ်စဉ် တွေ့သည်၊ ဆုံသည်၊ ကြုံလျက်ကွဲသည် ဆိုတာမျိုးမကဘဲ တစ်ယောက်၏ စိတ်နေ ကြီးမြင့်ခြင်းနှင့် တစ်ယောက်၏ မိုက်မဲခြင်းတို့ တိုက်ခိုက်ပြီးနောက် ရှင်းလင်းရခက်စွာ ဘာမှလည်းမဟုတ်ပါဘဲလျက် နုနယ်သော အသက်ကလေးတစ်ချောင်း ဆုံးပါးသွားသည်မို့တည်း။

ကောင်လေးကို တော်မီလို့ သင့်လျော်စွာခေါ်ရမည်ထင်သည်။ အကြောင်းမှာ သူသည် မြန်မာလည်း မစစ်ဘူးထင်သည်။ အင်္ဂလိပ်

ကျောင်း၌ အင်္ဂလိပ်နာမည်ကိုယူ၍ သင်ကြားကာ အသက် ၁၉ နှစ်ခန့်မှာမှ မြန်မာစကားမှန်မှန်ပြောဖြစ်သောကြောင့်ပင်။ ဂျပန်ခေတ်ကလည်း မြန်မာပြည်၌ မရှိ။ အိန္ဒိယသို့ အင်္ဂလိပ်နောက်ပါးမှ အပြေးလိုက်ခိုကြသူ လူတစ်စု၏အပါအဝင်တည်း။ တော်မီသည် အင်္ဂလိပ်အကတတ်၏။ အင်္ဂလိပ်သီချင်းတိုင်းကို ရ၏။ စကားပြောရင်း ပခုံးလည်းတွန့်တတ်၏။ သို့သော် ကျောင်းနေရင်းက သူ့ထက်တစ်တန်းငယ်ကာ ဗမာအလွန်ဆန်ချင်နေသော ကွန်ဗင့်ကျောင်းကို အထင်မကြီးတော့ပြီဖြစ်သော ကျောင်းသူတစ်ယောက်ကို ချစ်တယ် ချစ်တယ်တွေဖြစ်ရလေသည်။

အဲသည်တုန်းက ကျွန်မသည် အသက် ၁၇ နှစ်ခန့်ရှိသေးသည်။ ကိုယ့်ရွယ်တူတွေနှင့်နေစဉ်ဆိုလျှင် ကိုယ့်ကိုယ်ကိုယ်ကျေနပ်ကာ လောကမှာ ဘာမှသိတတ်စရာ မကျန်တော့လို့ထင်၏။ စာကြီးပေကြီးများကိုဖတ်ပြန်လျှင်တော့ သဘောမပေါက်သမျှကို ဟီးချလို့ငိုကာ ဟယ်... တစ်နေ့ကျလျှင်တော့ တစ်ကမ္ဘာလုံးမှာ ထွက်သမျှစာအုပ်ဆိုတာကို ကျေညက်အောင်ဖတ်လို့ ပညာတတ်ကြီးဖြစ်ရစေမပေါ့ဟု အားတင်းချင်ပြန်၏။ လူတစိမ်းနှင့်ဆုံလျှင် သူ ဘယ်လောက်တတ်သိသလဲဟု အရင်စူးစမ်းချင်၏။ တစ်နေ့ ၂၄ နာရီရှိသည့် အနက်မှာ ၄ နာရီ ၅ နာရီထက် ပို၍မအိပ်ရက်။ အစားအသောက်ကို အချိန်သတ်သတ်မပေး။ ကျစ်ဆံမြီးကို ၄–၅ ရက်မှ တစ်ခါကျစ်ပြီး ကျောင်းပိတ်ရက်များမှာ အခန်းအောင်း၍ စာဖတ်သည်မှာ အပေါ့အလေး သွားရုံသာထွက်သဖြင့် အမြဲညောင်းချိကာ မစားချင် မအိပ်ချင်သောရောဂါစွဲသည်။ သို့သော် သဘောပင်ကျချေသေး၏။ ဒါမှ စာဖတ်နိုင်မည်။ ဒါသာလျှင် လူတော်လူမြတ်တို့၏အကျင့်တည်း။ ဒီလိုနေမှ မျှော်မှန်းရာ ကြီးမြင့်ကျော်ကြားခြင်း ဘုံထွတ်သို့ ရောက်မည်။

တော်မီသည် ဘယ်လိုမှန်းလည်းမသိ၊ ကျောင်းသားသမဂ္ဂ၌ အမှုဆောင်တစ်ယောက်ဖြစ်နေပြီး ကျွန်မကလည်း သမဂ္ဂအားပေးသူမို့ သိကျွမ်းလာကြ၏။ အမှန်စင်စစ် ကျွန်မက စကားသွက်သွက်မပြောတတ်၊ လူလည်းကြောက်တတ်သဖြင့် ရုတ်တရက်မခင်မင်ချေ။ တော်မီ

နှင့် မိန်းကလေးအများပင် ခင်မင်သည်။ သူက ရင်းနှီးစွာပြောတတ်သည့် ယောကျ်ားနှင့် မိန်းကလေးများ ရောနှောသင်ရသော ကျောင်းများမှာ ဘာသိဘာသာနေတတ်လေ့ရှိရာ တော်မီကို ပြုံးသူက ပြုံးကြသည်။ တော်မီနှင့်ခင်သော မိန်းကလေးများကိုလည်း နောက်သူက နောက်ကြသည်။ ကျွန်မကတော့ တော်မီသည် သည်နှစ်မှ ကျောင်းသို့ ရောက်လာသော ကျောင်းသားမှန်းသာသိပြီး ဘယ်အတန်းကမှန်း မသိသေးချေ။

တော်မီသည် ကျွန်မတို့အတန်းသို့ မကြာခဏလာသည်။ ကျွန်မနှင့်တွဲသော သင်းသင်းနှင့် အစောတို့ထံလာပြီး ရယ်စရာမောစရာ ပြောသည်။ ဓာတ်ပုံစာအုပ်ချင်း လဲကြည့်သည်။ ဓာတ်ပုံတွေ တောင်းသည်။ (အဲသည်အချိန်၊ အဲသည်အရွယ်များမှ ဓာတ်ပုံတောင်းခြင်းသည် ကြောက်ခမန်းလိလိ ရာဇဝတ်မှုပမာဖြစ်လေရာ သင်းသင်းနှင့် အစောတို့ ကိုယ်တိုင်ပင်လျှင် တော်မီ၏ဖြူစင်သောအမူအရာကို သံသယမကွက်ဘဲ အံ့ဩ ကြက်သေသေတတ်လေသည်။ သူတို့သည် ဓာတ်ပုံပေးဖို့ကို မလိမ့်တပတ်ပြောပြီး နေကြ၏။ ခင်မင်နေတော့လည်း မငြင်းရက်ကြ) သီချင်းစာအုပ်ချင်း လဲဖတ်သည်။ လစဉ်စာမေးပွဲများ အကြောင်း ဆွေးနွေးကြ၏။ သမဂ္ဂအကြောင်း ပြောကြ၏။ ဆရာကြီး ဆရာမများအတင်းကို တိုးတိုးနှင့် မလွန်အောင်ပြောပြီး ကိုယ့်ဟာကိုယ် ကျေနပ်ကြ၏။ သည်အထဲမှာ စိတ်ကြီးအဝင်ဆုံးကတော့ ကျွန်မသာဖြစ်ကာ သူတို့တစ်တွေကို မကြီးရင့်ရှာဘူးလို့ တွေးထင်နေလေသတည်း။

တော်မီက "ကြည်ရော ဓာတ်ပုံမရိုက်ဘူးလား၊ ရိုက်ရင် ပေးစမ်းပါ" ဟု စကားကြုံ ရော၍တောင်းတတ်၏။

"ရိုက်ရင်ပေးမှာပေါ့" ဟု ကျွန်မက လှောင်တောင်တောင် ပြောကာ ရယ်တတ်သေး၏။ စိတ်ထဲကတော့ လူကို အားတိုင်းအမူအရာ အမျိုးမျိုးနဲ့ဓာတ်ပုံရိုက်ပြီး ကိုယ့်ပုံကိုယ် ကိုးကွယ်နေချင်တဲ့ မိန်းကလေး မျိုး မှတ်သလား။ ဒါမျိုးကို ဂျပန်ခေတ် ၁၁ နှစ်သမီးက လုပ်လို့ဝခဲ့ပြီ။

တော်မီက မိန်းကလေးများသော ကျွန်မတို့အတန်းကို လာလေ့ရှိ

သဖြင့် အနောက်က ခပ်ရှုပ်ရှုပ်ကျောင်းသား ခပ်ကြီးကြီးများကပါ ပါလာပြန်ကာ အတန်းထဲ ယောက်ယက်ခတ်လျှင် ကျွန်မက လူကြီးပြီးနှင့် သည်းခံနေပြန်သည်။ မျက်စိရှုပ်သည်လို့လည်း ညည်းချင်ညည်းသည်။

သို့သော် တစ်နေ့သ၌ ကျွန်မသည် သမဂ္ဂအမှုဆောင်ဖြစ်လာပြီး တော်မီနှင့် ခင်မင်ရလေ၏။

မှတ်မိသေး၏။ ထိုအမှုဆောင်ရွေးပွဲမှာ ကျောင်းသားကြီးတစ်ယောက်က တမင်တကာပင် ပြော၏။ "ဟာ ... ဒီနေရာဆို တော်မီကိုထားပေါ့။ ဒီနေရာက မိန်းကလေးအမှုဆောင်နဲ့ ခင်လေ ကောင်းလေမို့ ခုလည်း ခင်လက်စနဲ့ အတော်ပဲ" ဟူ၏။ စင်စစ် ကျွန်မသည် တော်မီနှင့် စကားစမြည်ရယ်လို့ပင် ကောင်းကောင်းမပြောဖူးသေးပါ။

ဟိုတုန်းကတော့ လက်ဖက်ရည်ပန်းကန်ထဲ၌ မုန်တိုင်းအမြဲကျနေသည်။ သည့်လိုပဲ ကျွန်မ၏ ဆရာရင်းတစ်ယောက်က ပြောခဲ့သည်။ ဆရာ ရောက်လာသည့်နေ့မှာ ကျောင်းသားက ကျောင်းသူကို ရည်းစားစာပေးမှုနှစ်မှု တစ်ပြိုင်နက်ဖြစ်သဖြင့် ဆရာကြီးက ကြိမ်ဖြင့်ဆုံးမကာ အတန်းတကာကို လည်ပြသည့်အဖြစ်အပျက် ကြုံသည်မို့တည်း။

ကျွန်မသည် ဘာမှုပြန်မပြောတတ်ဘဲ သည်တိုင်းနေလိုက်၏။ ဒေါသအနည်းငယ်ဖြစ်သော်လည်း ဝမ်းနည်းခြင်းက ပို၏။ အဲသည်တုန်းက ကျွန်မသည် အစဉ်အားငယ်ကာ အမြဲအားတင်းနေရသည်။ ကျွန်မ၌ တကယ်ခင်မင်ယုံကြည်ရသူ သင်းသင်း၊ အစောနှင့် လှလှကြည်တို့သာ ရှိလေသည်။ အမြဲတွဲနေကျ မာလင်ဆိုသည့် ကလေးမကမျှော်လင့်ဘဲ သစ္စာမဲ့သည်လို့ စိတ်ပျက်နေဆဲရှိသည်။ ကျွန်မသည် သူ့ကိုယုံ၍ ကျောင်းသားတစ်ယောက်ကို "ဘာမှ အဆင့်အတန်းမြင့်တဲ့သူမဟုတ်ဘူး" ရယ်လို့ မိုက်မှားကာ ဖွဲ့နွဲ့မိလေသည်ကို မာလင်က ဖောက်သည်ချလေရာ ကျွန်မကို ဘယ်တော့မှ မကျေနပ်နိုင်သော ရန်သူပေါ်လေ၏။ ယခုထက်တိုင် ကျွန်မကို ခွင့်လွှတ်နိုင်ဦးမည်မထင်။ အဲသည်တုန်းကလည်း အခွင့်ရသမျှ ကျွန်မကိုရန်လုပ်သည်။ ယခု တော်မီနှင့် ခင်ပါသည် ရယ်လို့ တကယ်ခင်လည်း ဘာမှအပြစ်မရှိနိုင်

သော ကျွန်မကို ကျော်ကြားအောင်ပြောသူမှာ ထိုကျောင်းသားပင် တည်း။

အမှန်စင်စစ်တော့လည်း အဲသည်သမဂ္ဂက ဆက်စပ်မှုပင် တော်မီနှင့် ကျွန်မ ခင်မင်သွားလေသည်။

ထိုအခါ ကျောင်းသားကျောင်းသူအပေါင်းသည် လျင်မြန်စွာပင် ရိပ်မိကြသည်။ တော်မီနှင့် ကျွန်မကိုပဲ ဝိုင်းကြည့်နေကြသည် ထင် သည်။

တစ်နံနက်မှာတော့ ကျွန်မသည် ကျောင်းကို အစောကြီးရောက် ဆဲ ဘော်ဒါနေသော တော်မီက မြင်ပြီး အခန်းထဲလာစကားပြော၏။ သူ အအေးမိနေသည့်အကြောင်း၊ သူ့မှာ အဖေမရှိသည့်အကြောင်း၊ နှမကလေးရှိကြောင်း၊ သူ့ကို ချင်းတောင်ပေါ်မှာ မွေးကြောင်း ရောက် တတ်ရာရာတွေ ပြော၏။ ကျွန်မကလည်း ဟိုစကားသည်စကား နည်း နည်းပါးပါးပြော၏။ ထို့နောက် ကျောင်းသားများ အခန်းထဲဝင်လိုက်၊ အပြင်က ဖြတ်သွားလိုက် လုပ်ပါများသည်ကို သတိထားမိလာကြ သည်။ ပြုံးသူက ပြုံး၏။ မျက်နှာသေကြီးနှင့် ခေါင်းငုံ့သွားသူက သွား၏။ နောက်တော့ တော်မီ ထွက်သွားသည်။

ထိုအခါ ကျွန်မသည် ကိုယ့်ကို လူချစ်လူခင်မများသည်ကို အမြဲ ပင် သတိရနေသည်။ အကြောင်းရင်းလည်း ရှာမတွေးတတ်။ အဲသည် တုန်းက အထူးသဖြင့် ယောကျာ်းလေးများက ကျွန်မကို မနှစ်လိုဖြစ်ကြ လေရာ စဉ်းစားလို့မရနိုင်ပါ။ ကျောင်းသားကြီးများသည် အသင်းဖွဲ့ပြီး တောင် ကျွန်မကို ချောက်ချသေးလေသည်။ ဥပမာ

ကျွန်မတို့ကျောင်းမှာ မြန်မာစာသင်သော လူမှုရေးရာမသိသော ဘုန်းကြီးကျောင်း ထွက်လို့ထင်ရသော၊ စိတ်သဘော အင်မတန် ကောင်းသော၊ ပြီးတော့ ကျော်ကြားသော၊ ယိုးဒယားကြောင်မြီးလို ဖွားထောင်သော မျက်ခုံးမွေးတစ်စုံလည်းရှိသော ဆရာကြီးတစ်ယောက် ရှိသည်။ သူ့အယူအဆမှာ မြန်မာစာသည် နွားနို့ဖြစ်လျှင် ပါဠိသည် ထောပတ်တည်း။ ထို့ကြောင့် ကျွန်မတို့တစ်တွေသည် ဆရာကြီးကို ထောပတ်နှင့် နှုတ်ဆက်ရလေ၏။ ပါဠိလို 'ဇေယျတု သဗ္ဗမင်္ဂလံ'

ဟု နှုတ်ဆက်ရလေ၏။

ဆရာကြီးသည် ကျွန်မကို မြန်မာစာတော်သည် ထင်စား၏။ အတန်းထဲ ဖတ်စာ ထဖတ်ခိုင်း၏။ ကျောင်းသားတွေ ဗမာစာညံ့သည်လို့ ညည်း၏။ ခဏခဏပင် ကျောင်းသားများကို စာလုံးပေါင်းခိုင်းတတ်လေသည်။ ဥယျာဉ်၊ လေယာဉ်ပျံ၊ ယဉ်ကျေးသည်။

တစ်နေ့တော့ ဆရာကြီးသည် မြန်မာစာချိန်၌ ဉာဏ်ဆိုသည့် စကားလုံးကို ပေါင်းခိုင်းသည်။

ကျောင်းသားများက မတတ်ချင်ယောင်ဆောင်နေကြသည်။

ဆရာကြီးက "ကဲကွယ်– မောင်ပု မင်း ပေါင်းပြလိုက်စမ်းပါ"

မောင်ပုသည် မြန်မာစာတော်၍ လူရေလည်းလည်ကာ နိုင်ငံရေးလည်း ဝါသနာပါလှသော နောင် ကောလိပ်ကျောင်း၌ ကျော်ကြားလာသည့် ကျောင်းသားကြီးတစ်ယောက်ဖြစ်သည်။

သူက ပြုံးကာ "ညရေး သေးသေးတင်ညံ့"

ဆရာကြီးက "ဟာ ... မင်းက တယ်ညံ့တာပဲ။ ကဲ– မောင်အေးသွင် ပေါင်းစမ်း"

"ညရေးချ ..."

"ဟုတ်ပြီ"

"ညရေးချ နသတ်ညာန်"

"ဟာ ... နည်းနည်းလွဲသွားတယ်"

မောင်အေးသွင်က ပြုံးဖြီးဖြီးနှင့် "ဟာ ... မှားလို့ဆရာ၊ ညရေးချ သေးသေးတင် ညံ့"

ဆရာကြီးလည်း စိတ်ပျက်ပြီး "ကဲကွယ် ... ဘယ်သူမှ မပေါင်းတတ်ရင် မကြည်က ပေါင်းပြလိုက်ပါတော့"

ကျွန်မသည် ကျွန်မကိုဝိုင်းပြီး ရယ်မောနေကြသော ကျောင်းသားများကိုကြည့်ပြီး ပထမတော့ ဘာလုပ်ရမှန်း မသိချေ။ ဆရာကြီးကိုမူကား မငြင်းဆန်ရက်။ ဆရာကြီး လူမှုရေးရာ သည်မျှနားမလည်သည်ကိုသာ အံ့ဩနေ၏။ ပြီးတော့ မျက်စိမှိတ်ပြီး ..

"ညရေးချ ဏကြီးသတ် ဉာဏ်"

ဆရာကြီးက သူ့တပည့်တွေကို ညာဏ်စာလုံးပေါင်းများစွာ စာအုပ်ထဲ ချရေးခိုင်းဆဲ၊ ကျောင်းသားများက အချိတ်အဆက်ပြု၍ ကျွန်မကို ချီးမွမ်းကြပြန်၏။

"တယ်တော်ပါလားကွ ... ညာဏ်တောင် မှန်အောင်ပေါင်းတတ်တယ်"

"ဟာ ... ဒါတွေကြောင့် အတန်းထဲ ပထမချည်း စွဲနေတာပေါ့"

"ဒါကြောင့်မို့လည်း ကိုယ်တို့အတန်းကို နှစ်ဝက်နဲ့တက်လာပြီး ဗိုလ်ထပ်စွဲပြန်တာပေါ့"

"ဟော့ ... ညာဏ် ဘယ်လိုပေါင်းလဲ မေးလိုက်စမ်းပါဦးကွာ။ မေ့သွားလို့ မှတ်ထားရအောင်"

အဲသည်တုန်းကတော့ ကျွန်မ၏ နုနယ်သောစိတ်၌ ဒဏ်ရာ တစ်ခု ဖြစ်ခဲ့သည်။

ဤကျောင်းသားများပင် အလွန်မြန်ဆန်စွာ သက်သေခံ အထောက် အထားလည်း မရှိပါဘဲ တော်မီနှင့် ကျွန်မကို စွပ်စွဲကြပြန်ဦးမည်။

အဲသည်တုန်းကတော့ နားမလည်နိုင်ခြင်းသာ ရှိသည်။ ပြီးတော့ ကျွန်မက အလွန်အေးဆေး ကင်းရှင်းစွာနေလျက် ဘယ်သူ့ကိုမှလည်း ရန်မမူပါဘဲလျက် ကျွန်မကို မလိုလားနိုင်သည်ကို နားမလည်ချေ။ ကျွန်မကို မနာလိုစရာအချက်ရယ်လို့ ရှိစကောင်းသည်လို့လည်း အထင်မကြီးဝံ့ခဲ့ပါ။ သတိလုံးဝမရပါ။ စင်စစ် ကျောင်းကဖတ်စာတို့၌ အထင်မကြီးသဖြင့် ကျောင်းက ဖတ်စာအားဖြင့် ဂုဏ်ယူလိုခြင်းလည်း မရှိ။

သို့သော် ကျောင်းသားကျောင်းသူအများပင် တော်မီနှင့် ကျွန်မ ကြိုက်ပြီရယ်လို့ ဆိုချင်စိတ် အတော်ပေါ်ကြသည်။ အဲသည်လိုဆိုရလျှင် ကျေနပ်စဖွယ်လို့ ထင်ကြမည်။ တော်မီနှင့် ကျွန်မ ကြိုက်သည်ဆိုလျှင် တော်မီက လူတော်ကျောင်းသား မဟုတ်သဖြင့် ကျွန်မမှာ နစ်နာစရာဖြစ်သည်။ ပြောစရာဖြစ်သည်ရယ်လို့ အယူရှိကြသလားမသိ။ အနည်းဆုံး ကျွန်မကိုလိုလားသော ဆရာ ဆရာမအပေါင်းကို အောက်ကလိအာဖြစ်စေ၊ ပြောနိုင်ခွင့်ကြုံသည်လို့ပဲ ထင်သလားမသိ။

ကျွန်မတို့ အိမ်ပြောင်းစဉ်မို့ ကျောင်းလိပ်စာနှင့် ရောက်လာသော ကျွန်မအတွက် စာများ၊ မှာယူထားသော မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်များကို တော်မီက ပို့သည်ပဲ ထင်ကြ၏။ (အဲသည်အချိန်၌ တော်မီ ကျောင်းမှာ မရှိတော့ချေ) ကျွန်မကလည်း မရှင်းလင်းမိ။ သူတို့ထင်ကြသည်ကို သာ ရိပ်မိရင်း လက်များတုန်နေရာ ရုတ်ခြည်းတိတ်ဆိတ်သွားသော စာသင်တန်း၌ ကျွန်မလက်မှ လွတ်ကျသော စာအုပ်ပေတံ၊ ဖောင်တိန် အသံသည် ပဲ့တင်ပင် ထပ်ထွက်လာလေသည်။

(၂)

အမှန်စင်စစ် ၁၇ နှစ်သမီးကို ၁၉ နှစ်သားက ချစ်ပါသည်ရယ် လို့ ဆိုတတ်ခြင်းမှာ တော်မီ ကျောင်းမှ ဆယ်တန်းမအောင်ခင် ထွက် ကာ လေတပ်ထဲသို့ဝင်တော့မှသာ ဖြစ်သည်။ အများထင်သလို ကျောင်းမှာ မဟုတ်ပါ။

တော်မီ ဘာကြောင့် လေတပ်ထဲဝင်သည်ဆိုတာ ခုထက်ထိ ကျွန်မ မသိရ။ သူနှင့်ရင်းနှီးသော သူငယ်ချင်းတို့သာ သိရှိပေလိမ့်မည်။ တော်မီသည် အစိုးရအထောက်အပံ့ယူသော ကျောင်းသားလားမသိ။ သူ့မှာ ဖအေမရှိလေတော့ မအေ့ကို တာဝန်မပေးချင်သဖြင့် လည်း ကောင်း၊ သိပ်မချောင်လည်ကြသဖြင့်လည်းကောင်း၊ လူငယ်မို့ စွန့်စား လိုစိတ်ရှိသဖြင့်လည်းကောင်း၊ လေယာဉ်မောင်းတတ်လျှင် ကြီးပွားနိုင် သဖြင့်လည်းကောင်း ဖြစ်မည်ဖြစ်သည်။ ပြီးတော့ သူ့သူငယ်ချင်း အပေါင်းအသင်းများနှင့် တစ်အုပ်ကြီး ပျော်ပျော်ပါးပါး ဝင်ကြသည်။

လေတပ်ထဲဝင်မည်ဆိုသည့်အကြောင်းကို ကျွန်မအား မတိုင်ပင် ပါ။ တိုင်ပင်လျှင် ကျွန်မက ဖျက်မည်အမှန်ပင်။ စစ်သားဘဝကို ကျွန်မ မနှစ်သက်၊ ဘယ်သူ့ကိုမဆို ပညာကို ဆုံးခန်းတိုင် သင်စေချင် သည်။ အဲသည်တုန်းက တစ်သက်လုံးသာ ပညာကို ရှာနေရလို၏ ဟု ဆုတောင်းမြဲတည်း။

လေတပ်ထဲဝင်ပြီး ကျောင်းသို့တစ်ဖန် ပြန်လာကာ သူ့ပစ္စည်း များကို ယူသည့်နေ့မှာ ကျွန်မနှင့်တွေ့၏။ ကျွန်မ ကျောင်းကဆင်းလျှင်

တော်မီသည် ဘတ်စ်ကားဆိပ် လက်ဖက်ရည်ဆိုင်မှ ထွက်လာကာ သူ၏ ကျော်ကြားသော အဖြူနှင့် အနက်ကွက်ကျား မြက်ဦးထုပ်ကို ချွတ်၍ နှုတ်ဆက်၏။ "မနေ့က နှုတ်ဆက်မသွားရဘူး။ ညက ကိုယ် တပ်ထဲမှာ အိပ်တယ်" ဟု ပြော၏။ ကျွန်မက ဘာမှမပြောဘဲ ပြုံး၍ နှုတ်ပြန်ဆက်ပါသည်။

အနားရောက်သော် "ကိုယ် ညကအိပ်မပျော်ဘူး။ တပ်ထဲမှာ မျက်စိသိပ်ကြောင်တာပဲ" ပြောပြန်ရာ ကျွန်မလည်း ဘာမှပြောစရာမရှိဘဲ နားထောင်နေလိုက်ပြန်ပါသည်။

"ညက ကြည့်ကို သိပ်သတိရတာပဲ" ဟု သူက ပြော၏။

"ကြည့်မှာ ချစ်သူရှိသလား" ဟုမေးပြန်လျှင် ကျွန်မက ခေါင်းခါပြလိုက်သည်။

"လူတစ်ယောက်ကို ချစ်ချင်ရင် ဂုဏ်ရှိရမယ်။ ရုပ်ချောရမယ်လို့ ထင်သလား" ဟု သူက မေးပြန်သည်။

"မထင်ပါဘူး" ဟု ကျွန်မက မှန်ကန်စွာဖြေလျှင်

"အေးကွာ၊ ကိုယ်လည်း ရုပ်ချောမမက်ပါဘူး။ ကိုယ်လည်း မချောဘဲနဲ့ စိတ်သဘောကောင်းရင် အကြိုက်ချင်းတူရင် ပြီးတာပဲနော်"

တော်မီနှင့် ကျွန်မသည် စကားမပြောဘဲ ငါးမိနစ်လောက် နေကြပါသည်။ သူ့မျက်နှာ၌ ရွှင်ပျခြင်းကင်း၏။ ကျွန်မအဖို့လည်း သည်လိုအတွေ့အကြုံမျိုး မများလှသော်လည်း အမှန်ပင် မချောက်ချားလှပေ။

"ကိုယ် ကြည့်ကို ပြောစရာရှိတယ်။ ကိုယ်အခု ပြောလို့မတတ်ဘူး။ စာနဲ့ရေးလိုက်မယ်ဟုတ်လား" ဟုပြောကာ နှုတ်ဆက်၍ ထွက်သွား၏။ ကျွန်မလည်း အိမ်သို့ပြန်ခဲ့သည်။

စိတ်ထဲ၌ "ချစ်တယ် ကြိုက်တယ်ဆိုတာတွေပဲ ဖြစ်မှာပေါ့" ဟု တွေး၏။ ကျွန်မ၌ ဘာမှထူးကဲတွေးတောစရာမရှိ။ တော်မီကို ကျွန်မ၏ ဝေးကွာလှသေးသည်ထင်သော ချစ်စခန်း ကြိုက်စခန်း၌ မထည့်သွင်း။ ချစ်ခြင်းမေတ္တာဆိုသည်ကို စာ၌၊ ကဗျာ၌သာ တွေ့ဖူးကာ တကယ်စင်စစ် နားလည်သဘောပေါက်ခြင်းမရှိ။ ကျွန်မ၏နှလုံး

သည် လူ့ဘဝ အထွတ်အထိပ်သို့ရောက်လိုခြင်း၊ အောင်မြင်ကြီးကျယ်လိုခြင်းတို့ဖြင့်သာ ပြည့်ကာ အရွယ်ရောက်စ မိန်းကလေးများလို စိုးရွှန်းခြင်းမရှိရကား အခြေထွက်ပြီးသား ဖြစ်နေပေ၏။

နောက်တစ်နေ့၌ ဖတ်ရသော တော်မီ၏စာမှာ ခပ်ရိုးရိုး တိုတိုပင်။ ချစ်တယ်ဆိုတာတောင် မပါဘူးထင်သည်။ "ကိုယ့်စိတ်ထဲ ဘယ်လိုထားမိတယ်ဆိုတာ သိလိုက်ပါတော့" ဟုသာ အထပ်ထပ်တောင်းပန်ထားသည်။ ဘာမှလည်း ဖွဲ့ဖွဲ့နွဲ့နွဲ့မရှိလေတော့ ကျွန်မ၌ ကြင်နာခြင်း၊ ယုံကြည်ခြင်းတို့တောင် ဖြစ်ပေါ်လာပေသည်။

ထို့ကြောင့်တစ်ကြောင်းပင် တော်မီနှင့် စာတိုစာရှည်များ ရေးဖြစ်ခြင်း ထင်သည်။ တော်မီ၏စာများမှာ သူတို့ တပ်ထဲတွင် ဘယ်လိုနေရထိုင်ရကြောင်း၊ ဘယ်လိုပင်ပန်းကြောင်း၊ သူ ဘယ်ရပ်ရှင်သွားကြည့်ကြောင်းတို့ အစချီကာ ပြီးခါနီးမှ "ကိုယ်ကတော့ ဒီအချစ်ပန်းပွင့်ကို အမြဲမျှော်လင့်နေမိမှာပဲ" ဟု ဆိုလေ့ရှိသည်။ အဲသည်လို ရေးလိုက်လျှင် ကျွန်မစိတ်၌မသက်မသာဖြစ်မိ၏။ ကျွန်မသည် သာမညမိန်းကလေး မဟုတ်၊ နောင်တစ်နှစ် နှစ်နှစ်အတွင်းမှာ အများပြည်သူတို့အဖို့ ပြောရေဖြစ်လာသော

*"ဟော ကြည့်စမ်း ပိတောက်ကိုင်းအကြား*
*ခုနစ်ထွေ သက်တံ တံတား"*

စသော ကဗျာသစ်ကိုလည်းကောင်း

*"ညကြီးမင်းကြီး၊ ထပြီးထိုင်နေ*
*အိပ်ရာတွေလည်း ကြေမွတွန့်လိပ်၊*
*သိပ်စိတ်ညစ်တယ်၊ သတိပြယ်လွင့်၊*
*ခိုတွယ်စရာ၊ အတည်မကျ"*

စသော ကာရန်သစ်ကိုလည်းကောင်း၊ ရာတွေ့မည့်သူဖြစ်လေရာ အချစ်ကို ပန်းပွင့်နှင့်တင်စားလိုက်ခြင်းကို အဆဲခံလိုက်ရသလို ထင်မိသည်အမှန်။ ပန်းပွင့်ဆိုသော စကားမပါလျှင် ဘယ်လောက်

ကောင်းမလဲဟု စိတ်ထဲတထင့်ထင့်နေရကား သူ့စာကို တစ်ခေါက်က နှစ်ခေါက် ပြန်ဖတ်ဖို့ ဝန်လေးနေပေ၏။

ကျွန်မ၏စာများကို ကျွန်မ ယခုပြန်ဖတ်မိလျှင်တော့ စိတ္တဇ ရောဂါပင် ကပ်ဖွယ်ရှိလေသည်။ အကြောင်းမူကား ကျွန်မက ရေးသော်လည်း စင်စစ် ကြားဖူးနားဝစာအုပ် ဖတ်ဖူးသမျှထဲမှ ကောက်နုတ်ချက်များကို စုဆောင်းရေးကာ ကျွန်မ၏လက်မှတ်ထိုးထားခြင်းသာ ဖြစ်ပေလိမ့်မည်။ စာတစ်စောင်တလေကို ဖတ်မိသူမှန်သမျှသည် ကျွန်မ၏ အသက်အရွယ်နှင့်လျော်ညီစွာ စိတ်ပျက်ဖွယ်ကောင်းအောင်ပင် မရင့်မာသေးသည့်သဏ္ဍာန်၊ မိန်းကလေးတကာလောက်မှ လူရည်မလည်ဟန်ကို တစ်မုဟုတ်ချင်း ဖမ်းဆုပ်မိပေမည်ထင်၏။ ကျွန်မသည် ထိုစဉ်က ကဗျာဆရာ ရှယ်လီ၏ သဘောတရားများ အလွှန်သက်ဝင်နေရကား ကျွန်မရေးသည့်စာတို့သည် ရှယ်လီ သေရာကထ၍ ကိုယ်ထင်ပြသလို သာ ရှိချေ၏။ သူ့ကဗျာကို စကားပြေပြန်သည့်အခါ ပြန်၏။ သည်အတိုင်း ထည့်သည့်အခါ ထည့်၏။ တော်မီသည် တော်တော် စိတ်ပင်ပန်းစွာ ဖတ်ရလိမ့်မည် ထင်ပါသည်။

တော်မီသည် ကျွန်မအလိုရှိသလောက် စာဖတ်ဝါသနာပါသူ မဟုတ်သော်လည်း ကျွန်မထက်တော့ နားလည်သိတတ်ခြင်းရှိချင်လည်း ရှိမည်ဖြစ်သည်။ သူက တစ်ခါ စာရေးဖူးသည်မှာ

"ဒီလို အချစ်တရားတွေကို ကြည် ဘယ်လိုရေးနေပေမဲ့ ကိုယ့်ရဲ့ စိတ်ထားကို သဘောပေါက်မယ်မထင်ပါဘူး။ တစ်နေ့နေ့မှာ ကြည် ကိုယ်တိုင် အချစ်နယ်ထဲရောက်မှပဲ နားလည်တတ်၊ ခံစားတတ်မယ်လို့ ဆိုချင်တယ်" ဟူ၏။

အဲသည်တော့ ဟုတ်များ ဟုတ်မလားဟု ကျွန်မ စဉ်းစားစရာ ခဏတာမျှတော့ဖြစ်ပြီး တစ်ဖန် ကိုယ့်ဘာသာကိုယ် အထင်ကြီးနေပြန်ပြီ။ တော်မီဟာ လူငယ်ငယ်မို့ နီးစပ်ရာမှာ ငြိတာပဲ။ ဆန်ကြဲစားပဲဟု ဆုံးဖြတ်လိုက်ပြန်သည်။ အမှန်စင်စစ် တော်မီ၏ မေတ္တာဆိုတာ၌ လည်း ကျွန်မ အယုံအကြည်မရှိ။ တော်မီကို ချစ်တတ်သူရယ်လို့လည်း မထင်။

တကယ်စင်စစ် မချစ်တတ်သူမှာ ကျွန်မသာတည်း။

ကျွန်မသည် ဘယ်လိုပင်ငြင်းဆိုသော်လည်း အမှန်စင်စစ် စည်းကမ်းကြီးသူ၊ တင်းကျပ်သူ၊ ခွင့်လွှတ်ခဲသူဖြစ်သည်ကို စိတ်ပျက်ဝမ်းနည်းစွာ ဝန်ခံရမည်။ ဥပမာ ...

တစ်နေ့မှာ တော်မီ ပေါက်လာပြီး ရုပ်ရှင်လက်မှတ်ပေး၏။ သူတို့ လေတပ်ကို တစ်ခန်းမျှ ရိုက်ထည့်ထားသော မြန်မာဇာတ်ကား။ အစိုးရဝါဒဖြန့် ခပ်ဆန်ဆန် ရုပ်ရှင်တည်း။ မျိုးချစ်စိတ်တွေ၊ တိုင်းပြည်တာဝန်တွေကို ခုမှကြားသိရသော တော်မီ့အဖို့ ထိုဇာတ်ကားအတွက် အားရပါးရ ပြောစရာရ၏။ "ဒီကားကို ကြည့်ဖြစ်အောင် ကြည့်ပါနော်။ ကိုယ့်ကိုတော့ အများကြီးအသိဉာဏ်ပေးလိုက်တာပဲ" ဟု သူက ဆို၏။

သည်တစ်ခါတော့ ကျွန်မသည် မျက်နှာကို အရိုက်ခံလိုက်ရသလို နာသွားလေသည်။

အဲသည်ကတည်းက တော်မီကို ဘယ်လိုမှ ချစ်လို့ ကြိုက်လို့ မရယ်မဟုတ်ဟု တစ်ယူသန်ဖြစ်လာလေသည်။ သူ့ကို အခဲမကျေနိုင်သလို၊ မုန်းတီးချင်သလိုဖြစ်သည်။ အရင်ကလို ဒီတစ်ခါ ချစ်ပြီကွယ်လို့ ပြောလိုက်ရ ကောင်းမလားလို့တောင် စိတ်ကူးမယဉ်နိုင်တော့။ ခဏချင်းမှာပဲ အင်မတန် ဝေးကွာခဲ့ကြပြီလို့ ထင်၏။

ထိုအတွင်းမှာပဲ ဝမ်းနည်းစွာ အဖြစ်တစ်ရပ်ဖြစ်ရ၏။

သင်းသင်းက ပြောပြသည်။

"မနေ့က တော်မီ ကိုယ့်ဆီလာလည်တယ်။ ကြည့်အကြောင်း ရောက်သွားတော့ ကြည့်ကို သူ တစ်ခါတွေ့တယ်၊ လိုက်လို့မမီလို့တဲ့"

"ကိုယ် မတွေ့ပါလား။ ဘယ်မှာတွေ့တာတဲ့လဲ"

"ယူနီဗာစီတီမှာတဲ့။ ကြည်က အတန်းဆင်းတော့ သူက အဲဒီရောက်နေရာက မြင်ပြီး ပြေးလိုက်တာ၊ ကြည်က ဂျစ်ကားနဲ့ဆိုတော့ မမီရှာဘူးပေါ့ကွာ။ နောက်မှ သူ့ဟာ သူ သတိရပြီး ရှက်လိုက်တာတဲ့။ သနားပါတယ်"

သင်းသင်းနှင့် ကျွန်မတို့ရယ်မောကြသည်။ သို့သော် သင်းသင်းလည်း မျက်နှာမကောင်း၊ ကျွန်မ၏ရင်တွင်း၌လည်း ဆို့နင့်သည်။

ဒါဟာ မကောင်းသော နိမိတ်သာ ဖြစ်သည်။

(၃)

အကြောင်းမှုကား ကျွန်မသည် ယူနီဗာစီတီသို့ လျင်မြန်စွာ ရောက်လာကာ အပေါင်းအသင်းလည်း များလာသောကြောင့်ပင်။ တော်မီ၏ရုပ်ပုံသည် ကျွန်မ၏သညာ၌ မှေးမှိန်ပျက်ပြယ်လုလု ရှိလေသည်။ ဘယ်လိုဘယ်လိုနှင့် သူနှင့်စာအဆက်အသွယ် ပြတ်သွားသည်ကို ယခုထိ စဉ်းစားလို့ သတိပြန်မလည်။ ကျွန်မ အင်းလျားဆောင်သို့ အပြောင်းမှာ လိပ်စာမပေးမိဘဲ နေသည်ထင်သည်။ သည်လိုနှင့် သူကလည်း မရေးတတ်၊ ကျွန်မကလည်း မရေးမိဖြစ်တာနှင့်တူသည်။

ဩော် ... ကျွန်မတို့ ကတောက်ကဆ စကားများဖူးသေး၏။

တော်မီက စာတစ်စောင်မှာ "ကိုယ်တော့တစ်နေ့ကျရင် ကြည်ဟာ ကိုယ့်ကို စိတ်လည်လာရမှာအမှန်ပဲလို့ ထင်တယ်" ဟု ရေးလိုက်ရာ ကျွန်မအဖို့ ဒေါမာန်ပွ၍မဆုံးစရာ ဖြစ်လေတော့၏။ တစ်ဖန်သူက "ကြည်က အမြဲတမ်း ကိုယ့်ကို တရားဟောနေတာချည်းပဲ။ ကိုယ်လည်း နောင်တော့ ကြည့်ကို ပြန်ဟောနိုင်အောင် ကြိုးစားရဦးမယ်" ဟု ဆိုသေးသည်။ သည့်အတွက်တော့ ကိုယ်ရဲ့လေမှာလွှင့်ကြွားထားသည့် ဘောလုံး ရောင်စုံစပ်ကလေးကို တွယ်အပ်နှင့် အဖောက်ခံရသလို ရှက်ကြောက်ခြင်းဖြစ်ရသည်။

ကျွန်မသည် သူ့ကိုဃာမက စင်စစ်တော့ ကျွန်မကိုယ်ကိုပါ တော်တော်နှင့် ခွင့်မလွှတ်နိုင်ဖြစ်ခြင်းသာတည်း။

"တရားဟောနေစရာမလိုတဲ့လူဆိုရင် သိပ်ဟန်ကျတာပေါ့။ တော်မီ့မှာ သင်စရာ ပြစရာတွေရှိလည်း သင်ပြလှည့်ပါဦး" ဆိုတာမျိုးကို ကျွန်မက အလွန်ယဉ်ကျေးဝေးကွာသော အသုံးအနှုန်းနှင့် ပြန်ရေး၏။ ပြီးတော့ တစ်ဖန် "တစ်နေ့ကျ တော်မီ့ကိုစိတ်လည်မယ်လို့ သေချာနေတာက ငါတော့ ဘယ်နည်းနဲ့မဆို ကျနေပြီထင်လို့လား" ဟု ကျွန်မက ရန်ထောင်လိုက်ပြန်သေး၏။ ပြီးတော့ ခါတိုင်း သူငယ်ချင်းများထံ ရေးသည့် ဒါလင် ဆိုသော အသုံးအနှုန်းကို ဖြုတ်လိုက်လေသည်။

တော်မီကတော့ ကျွန်မသည် သူ့ကို စိတ်ဆိုးမပြေလို့ စာမရေးဘူးဟု ထင်ပေမည်။ ကျွန်မကတော့ ခဏလေးနှင့် စိတ်ဆိုးပြေသွားပြီး မေ့လျော့နေတာသာ ဖြစ်လေသည်။ ယူနီဗာစီတီသည် ကျွန်မအဖို့ ဘဝအသစ်တစ်ရပ် တည်ဆောက်ခြင်းဖြစ်ကာ လူဟောင်းများ ပြန်မပါတော့ချေ။

ပြောခဲ့သည့်အတိုင်းပင် ကျွန်မသည် မချစ်တတ်သူဖြစ်ရကား သံယောဇဉ်လည်း မရှိစကောင်းချေ။ သို့သော် မချစ်တတ်သည့်အတွက်၊ သံယောဇဉ် နည်းပါးသည့်အတွက် ဇာတ်လမ်းတစ်မျိုး ဆန်းကြယ်သော်လည်း သံယောဇဉ်မီးတွေလိုပင် ပူပြင်းသည့်ဝေဒနာကို တွေ့ရပြန်သေးသည်။

(၄)

ယူနီဗာစီတီ ပထမနှစ်၌ တော်မီ့သတင်းလည်း မကြားရ၊ လူချင်းလည်း မတွေ့ရ၊ စာလည်းမပေးမရ။ သူဘာဖြစ်နေသည်၊ ဘာလုပ်နေသည်ဆိုတာ လုံးဝမသိချေ။ သူကလည်း ကျွန်မကို စိတ်ဝင်စားတော့မည်မထင်။

ယူနီဗာစီတီရောက်မှပင် ကျွန်မလည်း လူလားမြောက်သည် ထင်သည်။ အကြောင်းမူကား သည်တော့မှပင် အချစ်မေတ္တာတရားကို သုံးသပ်မိသောကြောင့်တည်း။ ယူနီဗာစီတီရောက်မှ ရည်းစားထားမိသည်ရယ်လို့ မဟုတ်ပါ။ ကျွန်မ ဆိုလိုသည်မှာ ကျွန်မ၏ ခန်းခြောက်သော နှလုံးသားတို့သည် ချစ်ခြင်းမေတ္တာကို တောင့်တလာပြီး တောင့်တသည့်အတိုင်း ရသမျှကိုလည်း ရပြီးရောဟု မလိုချင်။ ပြောခဲ့ဖူးသလိုပင် စည်းကမ်းတင်းကျပ်ကာ မိဘမေတ္တာကိုတောင်မှ ခြွင်းချက်ကျန်စကောင်းလားဟု မကျေမချမ်း ဝမ်းပန်းတနည်းနှင့် လက်မခံနိုင်ဖြစ်သည်မျိုးကိုတည်း။ ညီအစ်ကိုမောင်နှမမေတ္တာကိုလည်း ကျွန်မသည် စစ်ကြော၍နေပြန်၏။ သူငယ်ချင်းမေတ္တာကိုလည်း အလိုမကျ၊ နောက်ဆုံး ကျွန်မသာ နားလည်နိုင်သည်၊ တန်ဖိုးဖြတ်နိုင်သည် ထင်ကာ စိတ်ကူးယဉ် အထင်ကြီးစွာသော ကိုယ်ကထားသည့် ကိုယ့်

မေတ္တာလို့ ထင်သည့်အရာသည်ပင် နောက်ဆုံးတော့ ကိုယ့်ဘာသာ ဇာတ်လိုက်ဖြစ်ခြင်း၊ ကိုယ်ကြိုက်သည့် ဝတ္ထုဇာတ်လမ်းမျိုး ဆင်ခြင်းပါ ကလားဟု သိရကာ စိတ်အပျက်ကြီးပျက်၊ အနာကြီးနာပြီး လူ့ဘဝ၌ တွယ်တာစရာမရှိတော့သလို စိတ်လေလွင့်ခြင်း၊ မချမ်းသာခြင်းများကို ခံစားရသည့်အဖြစ်ကို ဆိုလိုပါ၏။

အင်းလျားဆောင်၌ ကျွန်မရှိစဉ် တချို့မိန်းကလေးများသည် လေယာဉ်ပျံ နိမ့်နိမ့်ပျံလျှင် ပြုံးရွှင်စရာရှိသည်ကို တွေ့ရသည်။ တစ်ခါ တလေတော့ တပ်မတော်မှ လေယာဉ်တစ်စင်းတလေသည် အင်းလျား ဆောင်ပေါ်မှာ ဝဲပျံကာ ကစားတတ်၏။ ကျွမ်းစိုက်ထိုး ချလာတတ်၏။ သုံးလေးခါမက ဆော့ကစားကာ တမင်လာရမှန်း သိစေလေ၏။ လေ ယာဉ်ပျံ၏ ကြီးပြန့် မည်းမှောင်သောအရိပ်သည် အင်းလျားဆောင် ဟိုဘက်တောင်ပံနှင့် သည်ဘက်တောင်ပံအကြားရှိ လေးကွက်ကြား သော မြက်ခင်း၌ အပြားလိုက် ပြေးသွားတတ်သည်။ ထိုအခါ မိန်း ကလေး အများပင် ထွက်ကြည့်ကြသည်။ နောက်ပြောင်စရာ ရှိသော သက်ဆိုင်သူများကို အပြက်စကားတွေနှင့် တွန်းထိုးကျီစယ် ဆူညံကြ ၏။ မသက်ဆိုင်သူများကလည်း အလိုလို ရွှင်မြူးကာ လက်ကိုင်ပဝါ ဖြူများ၊ ခေါင်းစည်း ပဝါနီများ လှုပ်ရမ်းပြကြလေသည်။

သည်လိုကြုံလျှင်တော့ ကျွန်မသည် တော်မီကို သတိရတတ် သည်။ ခုနေ လေယာဉ်ပျံမောင်းတတ်နေရောပေါ့၊ ရန်ကုန်မှာကော ရှိပါ့မလား၊ ခုနေဆိုလျှင် စစ်တပ်ထဲမှာ နေသားကျလို့ စစ်သားအမူ အရာ လုံးလုံးပါရောပေါ့။ တော်မီကို စစ်ဝတ်စစ်စားနှင့် ကောင်းကောင်း မမြင်စဖူးချေ။ ကျွန်မထံ လာလည်လျှင် လုံချည်နှင့်သော်လည်း ကောင်း၊ အရပ်သားဝတ် ဘောင်းဘီနှင့်သော်လည်းကောင်း ဖြစ်သည်။ လုံချည်ဝတ်ဝတ်၊ ဘောင်းဘီဝတ်ဝတ် ဗမာနှင့်မတူတာ သွားသတိရ ၏။ တော်မီကတော့ သူ ဗမာစစ်ပါသည်ရယ်လို့ အမြဲငြင်းဆိုမြဲပင်။ ကျွန်မအဖို့ကမူ ဗမာစစ်တာ၊ မစစ်တာတွေ အရေးကြီးလှသည် မဟုတ် ပါ။

အင်းလျားဆောင်၌နေသည့် အတောအတွင်း တော်မီနှင့် တစ်ခါ

တော့ တွေ့လိုက်ရ၏။

တော်မီသည် ကျွန်မ အင်းလျားမှာရှိမှန်းသိသော်လည်း ကျွန်မက စိတ်ဆိုးနေသည်ဟုထင်သေးသဖြင့် လာမတွေ့ဘူးဆိုသည်။ သူ့ကို ဖိတ်ခေါ်ဖို့ရာလည်း ကျွန်မ မေ့လျော့မိသည်အမှန်။ သည်လိုပင် လောက၌ ကိုယ်ကခင်သလောက် ကိုယ့်အပေါ် ပြန်မခင်သူ၊ ကိုယ့်အပေါ် ခင်သလောက် ကိုယ်ကပြန်မခင်နိုင်သူတွေ လူတိုင်းမှာ ရှိကြသည်။ တစ်ခုကလည်း ကျွန်မသည် ရှယ်တူမိန်းကလေးတကာလောက်မှ လောကရေးရာကို နားမလည်သည့် ၁၇ နှစ်သမီးရှယ်မဟုတ်တော့ပြီ။ ကျွန်မ၏ အပေါင်းအသင်းများသည်လည်း စာကိုသာ ကုန်းကျက်လွန်း၍ ဟုန်ကာ နဂိုဉာဏ်ကောင်းတာပျောက်ပြီး စာမေးပွဲ တောင် မှန်မှန်မအောင်နိုင်တော့သော သင်းသင်းတို့ ကောလိပ်ရောက်၍ ယခု အမ်အက်စ်စီ တက်နေသည်အထိ ၇ တန်းကျောင်းသူတုန်းက အချိုးအတိုင်း တစ်သဝေမတိမ်းရှိသေးသော လှလှကြည်တို့သာ မကတော့ပြီ။

ကြုံ၍ သတိရကာ ပြောရဦးမည်မှာ

ကျောင်းတုန်းကအဖော်တွေကို အဆက်ပြတ်မိသည့် အကြောင်းတစ်ရပ်မှာလည်း အစော လင်ယူသွားသောကိစ္စတည်း။

အစောသည် ကျွန်မနှင့် တစည်းတလုံးတည်းပင် သမဂ္ဂမှာ အမှုဆောင်တို့ ဘာတို့လုပ်ကိုင်ခဲ့သူတည်း။ အဲသည်တုန်းကတော့ ဆရာကြီးက သော့ခတ်ထားသော တံခါးကို ပြတင်းပေါက်မှန်ခွဲ၍ ခုန်ဝင်ကာလည်းကောင်း၊ ဆရာမ အခွင့်မရှိဘဲ စာသင်ဆဲ စာသင်ခန်းမှ ထွက်ခွာလာကာလည်းကောင်း၊ ကျောင်းသို့ နံနက်စောစောလာကာ လည်းကောင်း၊ ညနေ ကျောင်းလွှတ်လည်း အိမ်မပြန်ဘဲနေကာလည်းကောင်း အစည်းအဝေးတွေ လုပ်ရတာနှင့်ပင် ကိုယ့်ကိုယ်ကိုယ် ကျေနပ်စရာထင်နေပေ၏။

အသက်နှစ်ဆယ်တောင် မပြည့်သေးသည့် လူငယ်တွေမို့ စိတ်အားလည်း တက်ကြွနေကြသည်။ အလကားနေရင်း သပိတ်မှောက်ချင်နေ၏။ ဒါတွေထက် ခဏကြာတော့ ထွေးငြိခြင်းကလေးတွေ ပေါ်

လာသည်။ အမှုဆောင်အစည်းအဝေးလုပ်ရင်း စိတ်ကောက်ပြီး ပြောဆိုလို့မရသည့် မိန်းမပျိုကလေးတစ်ယောက်စ နှစ်ယောက်စကို တွေ့လာရ၏။ ကိုယ်လို သူလို တွေ့ချင်နေတိုင်း အစည်းအဝေးခေါ်နေသော အတွင်းရေးမှူးကလေးရဲ့ စိတ်ထားကိုလည်း ရိပ်မိလာကြရ၏။

အဲသည်အချိန်ကောင်းမှာ ကျွန်မသည် သမဂ္ဂမှ ထွက်ခွာလာခဲ့သည်။

ထွက်ခွာခဲ့သည့် လောလောဆယ် အကြောင်းရင်းကို ပြောပြရလျှင် ယုံချင်မှ ယုံကြမည်။ ယုံသူထဲကလည်း အများကပင် ကျွန်မကို အပြစ်မြင်ကြမည်ထင်သည်။

တစ်နေ့၌ ကျွန်မကို စာဖြောင့်ဖြောင့်သင်စေချင်သော ဆရာမနှစ်ယောက်သည် ကျွန်မကို ရှေ့တွင်ထားကာ အစော၏အကြောင်းကို ပြောကြသည်။ သူတို့စေတနာကတော့ ပညာသင်ရွယ်မှာ ပညာမှတ်မှတ် သင်စေချင်ခြင်းသာတည်း။ ဒါကိုတော့ ကျွန်မသည် ဘယ်သူဘာပြောပြော အမြဲယုံကြည်ကာ သည်လို အမြဲပင် ပြောနေမည်ဖြစ်၏။

ဆရာမတစ်ယောက်က "အစောဟာ ချစ်စရာလည်း ကောင်းတယ်၊ မိုက်လည်း မိုက်တယ်" ဟု ဆိုသည်။

ကျန်တစ်ယောက်က "သည်အရွယ်မှာ ခက်တာပဲ။ သူဟာ သူ့ဘာသာသူ ဘာလုပ်လို့လုပ်နေမှန်း မသိဘူး။ သူဘာလုပ်နေတယ် ဆိုတာတွေ ကိုယ်ပြောပြလိုက်ရင်လည်း နားလည်မယ်မထင်ဘူး။ နားများလည်ရင်တော့ သူ့ဘာသာ သိပ်အံ့အားသင့်သွားမှာပဲ" ဟု ပြောသည်။

အဲသည်အချိန်မှာ အစောသည် သမဂ္ဂကိစ္စမဟုတ်သော အမှုဆောင်ယောကျ်ားကလေးအချို့နှင့် အဖော်ပြု၍ သွားလာနေသော တခြားကိစ္စများနှင့် မအားလပ်ရှိသည် ထင်သည်။ ခင်မင်သော ကျွန်မကိုပင် မသိစေချင်သော အကြောင်းများရှိကာ မကြားစေချင်သော စကားများကို တော်ရာမှာ သွားပြောကြရသည်။

ဆရာမနှစ်ယောက်၏ ထိုမျှသာပြောလိုက်သော စကားသည် ကျွန်မကို တုန်လှုပ်ချောက်ချားသွားစေကာ အင်မတန်မှလည်း ရှက်

ကြောက်သွားစေသည်။ နေ့ချင်းပဲ သမဂ္ဂသို့ ထွက်စာတင်သည်။ ဘယ်သူ့ကိုမှလည်း ငဲ့ညှာခြင်း၊ အားနာခြင်းမရှိ။

အမှန်စင်စစ် သမဂ္ဂမှ ထွက်ခွာခြင်းထက် လူငယ်အဖြစ်၏ သေးနုပ် နုနယ်ခြင်းမှ ထွက်ပြေးခြင်းမျှသာတည်း။

ကျောင်းပိတ်ခါနီး စာမေးပွဲများဖြေနေကြစဉ်မှာ စာလည်းမရ သော၊ အိမ်က လူကြီးမိဘ ငြိုငြင်ဆူပူခြင်းကိုပဲခံရသော အစောသည် သမဂ္ဂထဲမှ ကျောင်းသားလူငယ်တစ်ယောက်နှင့် ထွက်ပြေးလေသည်။

သည်တော့ စည်းကမ်းတင်းကျပ်သော ကျွန်မသည် သမဂ္ဂနှင့် ပတ်သက်သမျှ စင်စစ်တော့ လူငယ်ဘဝကို ခွင့်မလွှတ်နိုင်ဘဲ ဖြစ်ရ သည်။

သို့လျှင် ခွင့်မလွှတ်တတ်ခြင်းဟာလည်း မကြီးရင့်ခြင်းပဲရယ်လို့ မထင်မြင်နိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်တော့ မှန်သည်ထင်ကာ ခင်မင်ကြ သော မိတ်ဆွေအပေါင်းကို ကျွန်မသည် စကားပင် မပြောဖြစ်အောင် ရှောင်ဆဲ၊ ယူနီဗာစီတီသို့ရောက်ကာ ဘဝအသစ် ကူးပြောင်းခဲ့ပေ သည်။

သည်နည်းအတိုင်းပင် တော်မီလည်း ဝေးရာမှ ကျန်ရစ်ခဲ့ခြင်း ထင်ပါသည်။

အမှန်အတိုင်းဆိုရလျှင် ကျွန်မမှာ တရားမရှိခြင်းသာတည်း။ ကျွန်မသည် ကျောင်းတုန်းက အပေါင်းအဖော်တို့ကို သည်အရွယ် သည်အတိုင်းပဲ မြင်နေခြင်းမျှသာတည်း။ သူတို့ကို ကြီးရင့်ခွင့် ကျွန်မ က မဆီမဆိုင် မပေးနိုင်ခြင်းသာတည်း။ ငယ်ရွယ်စဉ်က သေသွား သည့် မောင်လေး၏ဓာတ်ပုံမှာ အမြဲတမ်း ကြိုးသိုင်းဘောင်းဘီတို၊ နံပါတ် ၆ ရှူးဖိနပ်နှင့် အစ်ကိုကြီး၏ ဇက်စလင်ကို ခိုးလိမ်းကာ မနည်း ပိအောင်ဖြီးပြီး ခေါင်းတုံးဆံတောက်ကို အဓမ္မ ခွဲထားသော ဘိုကေနှင့် အင်္ဂလိပ်စာအုပ်ကို ခပ်ကြွားကြွားကိုင်ကာ မလုံမလဲ မျက်နှာထား ကလေးများနှင့်ရှိသည်ကို အနှစ်ငါးဆယ်ကြာလည်း သည်အတိုင်းမြင် သလို သူတို့ကို မြင်နေရခြင်းသာတည်း။

တော်မီ့ကိုလည်း အမြဲငယ်ရွယ်နေသည်လို့ ထင်သည်။ သူ့ရဲ့

နေရာ စစ်တပ်ဆိုသည်မှာ သေခြင်းတရားကို အရင်းနှီးဆုံးထားသဖြင့် ယောကျ်ားတို့ လူလားမြောက်ခြင်းဆိုလျှင် မကင်းဘဲမနေနိုင်ဘူးလို့ ပေါ့ပေါ့ဆိုကြသည့် မိန်းမနှင့် အရက်ဆိုတာမျိုးကို ကျွန်မ လာရောက်ခဲ့သော ယူနီဗာစီတီမှာထက်ပင် လျင်မြန်စွာ တတ်ကျွမ်းခွင့်ရရင်လည်း ရမည်။ သည်လို ဆိုလိုက်ပြန်တော့လည်း ကျွန်မသည် ခါးသီးစိတ်နိုင်ပြန်သည်လို့ ပြောကြပေဦးမည်။ သို့သော် ကျွန်မ ဆိုလိုသည်မှာတော့ လောကမှာ ဘယ်တစ်ခုကို အထင်ကြီးလို့ ဘာကိုမှ စွန့်ပစ်ထိုက်သည် ရယ်လို့ မရှိသည့် အဖြစ်မှန်ကို သာတည်း။ အားလုံးသော အရာတို့၌ ခြွင်းချက်ရှိသည်ချည်းသာတည်း။ ခြွင်းချက်ကိုမကြောက်သည့် သတ္တိကို မွေးခြင်းသည် အေးငြိမ်းခြင်းမည်သတည်း။

ပြန်လို့စဉ်းစားပြန်တော့ သည်လိုဆိုခြင်းသည်ပင် လွန်လှလေပြီ။ သည်လိုဆိုရအောင် ဆိုသူကိုယ်၌က ခြွင်းချက်ကင်းသည်။ အပြစ်မြူမှေး ရှင်းစင်သူလေလား။

မီးခိုးကြွက်လျှောက် မဆုံးလောက်အောင် လိုက်လျှင်တော့ ဝမ်းနည်းကြေကွဲခြင်းနှင့်သာအဆုံးသတ်ဖို့ရှိလေသည်။ သည်တော့ မြေကြီးသီးနှံ ဖွံ့ဖြိုးစေရန် မိုးကိုသာ ဝအောင် ရွာဖို့ ချန်စို့၊ မျက်ရည်ဆိုသည်ကို ထိန်းကြိုးကလေးချည်စို့။

(၅)

သို့လျှင် တော်မီနှင့် အင်းလျားဆောင်မှာ တစ်ခါတော့ တွေ့လိုက်ရသည့်အကြောင်းကို ပြန်ကောက်ရပါဦးမည်။

သင်းသင်းနှင့် စကားစပ်မိ၍ဖြစ်လေသည်။ သင်းသင်းထံသို့တော့ တော်မီ မကြာခဏရောက်သည်ကို သိရသည်။ "ဟင်... ဟုတ်လား၊ ကိုယ်တွေ့ချင်ပါတယ်" ဟု ကျွန်မကပြောလိုက်လျှင် သင်းသင်းက လျင်မြန်စွာပင် "ဒါဖြင့်ရင် ကိုယ်ပြောလိုက်မယ်လေ၊ ကြည်က လာလည်ပါပြောတယ်လို့" ဟု ဆိုသည်။

"ပြောလေ၊ ကိုယ့်အခန်းနံပါတ်ပါ ပြောလိုက်။ ဒရဝမ်ရှာရလွယ်အောင်"

နောက်တစ်ရက်နှစ်ရက်အတွင်းမှာပဲ တော်မီ ရောက်လာသည်။

တော်မီ ရောက်လာသော် ကျွန်မသည် ဧည့်ဝတ်မကျေပွန်မိချေ။ တွေ့တာကြာ တော့ စကားပြောလို့လည်း မကောင်းလှ။ ခပ်စိမ်းစိမ်း ဖြစ်နေသည်။ တော်မီသည် အသားညိုသွားပြီး အရပ်ရှည်လာသည်ကို သတိထားမိ၏။ အရင်လို ကျောင်းသားကလေးတစ်ယောက် မဟုတ် တော့ပြီဆိုတာလည်း သူ့အမူအရာမှာ ထင်ရှား၏။ အရွယ်ရောက်သော လူငယ်တစ်ယောက် ဖြစ်ပြီ။ သူ၌ ပြုံးရွှင်နောက်ပြောင်တတ်သော မျက်နှာထားလည်း မရှိပြီ။

ကျွန်မတို့သည် အင်းလျားဧည့်ခန်းတွင်းသို့ မဝင်ဘဲ အပြင်၌ ခုံရှည်ပေါ်မှာ ထိုင်ကြ၏။ ကျွန်မထံ လာနေကျဧည့်သည်တစ်ယောက် မဟုတ်သည်ကို သိဟန်ဖြင့် ရရိုင်ပြည်သူတစ်ယောက်က ရပ်၍ကြည့် နေသေး၏။ တော်မီက ဘောင်းဘီရှည်နက်ပြာဖြင့် လည်ပင်းက လည်စည်းသက်သောင့်သက်သာနှင့် ရုပ်က ဗမာမဆန်တော့ ဆန်း တယ်လို့ထင်ချင်လည်း ထင်မည်။

ရတ်တရက် စကားများစွာမပြောမိ၊ တော်မီက ဖြုန်းခနဲ သူပြော ချင်တာကို ကောက်ပြောသည်။

"သတင်းကြားပါတယ်၊ ကိုယ့်သူငယ်ချင်းတွေက လာလာပြော ကြတယ်"

"ဘာသတင်းကြားသလဲ" ဟု ကျွန်မက တိတိကျကျမေးလိုက် လျှင်

"ကိုယ်ကတော့ မယုံပါဘူး။ ကြည်က ဝန်မခံသမျှ ဘယ်တော့မှ မယုံဘူး။ ပြီးတော့ မျှော်လင့်ချက်ဆိုတာ ခက်သားပဲ၊ ဘယ်တော့မှ မဆုံးနိုင်ဘူး။ တော်တော်နဲ့ မပျောက်ပျက်နိုင်ဘူး"

"ဘာသတင်းကြားလဲ ပြောပါဦး"

"ဩော် ... ကြည့်ဘေးမှာ အမြဲတမ်းလူတစ်ယောက်ရှိနေတယ် ဆိုတာပေါ့" သူက ယဉ်ကျေး အေးဆေးစွာပြောသည်။

သူသည် မျက်လွှာများချထားသည်။ သူစကားအမှန်ပြောသည် လို့လည်း ယုံကြည်ရသည်။ ကျွန်မ ပြောမည့်စကားကိုသာ ယုံမည်

ရယ်လို့ သူ စောင့်ဆိုင်းနေသည်ကို သိရပါ၏။

ကျွန်မကမူ ပေါ့ပေါ့ဆဆရှိသည်။ ထိုခဏမှာ မာရ်နတ်သည် ခြေဖျားထောက်၍ နောက်တောက်တောက်ကသည်ကို မမြင်မိပါ။ စင်စစ် ထိုခဏမှာ ကျွန်မသည် ယခင် ကျောင်းသူ ၁၇ နှစ်အရွယ်က ထက် ၂ နှစ်မျှသာ ထူးကဲလို့ ကြီးသော်လည်း နှစ်ဆမျှတော့ ကြီးရင့် သိတတ်ကာ လာပြီထင်သည်။ အရာရာ၌ သိတတ်လိုသော၊ အနုပညာ ကို မြတ်နိုးသော၊ အလှကို စုံမက်သော၊ အပြစ်ကင်းတာကို ကြိုက် သော၊ ကဗျာကိုချစ်သော၊ အပျက်ကို မမြင်ချင်သော လူငယ်ဟူသမျှ တို့၏ တွေ့ခွင့်ရှိသမျှ စိတ်ဒုက္ခသုခဝေဒနာတို့ကို တွေ့ကြုံခံစားဆဲရှိ ကာ ထုံးစံအတိုင်းပင် မျှော်လင့်ချက်နှင့် မကိုက်သဖြင့် ဘုံခုနစ်ဆင့် တက်ကြည့်ပြီးမှ နတ်သမီးရှာမရသဖြင့် ဘုံးခနဲ မြေသို့ကျသောအဖြစ် ကို ရှေ့တွင်မြင်ကာ ရပ်တည်မရသည့်အချိန်တည်း။ ကြီးမြင့်လိုခြင်း လည်း မရှိပြီ။ ကျော်ကြားခြင်းကိုလည်း သတိမရပြီ။ မေတ္တာတစ်ခုသာ အားကိုးစရာကျန်သော်လည်း အားကိုးဖွယ်မမြင်။

ထို့ပြင် အဲသည်အချိန်မှာ ကျွန်မသည် တော်မီကိုမက ဘယ်သူ့ ကိုမှ မလောက်လေး မလောက်စား ပမာဏမထားပြီ။

ထို့ကြောင့် ပေါ့ပေါ့ဆဆရှိသည်ဆိုသည်မှာ နေရာတကာမှာ စိတ်ပျက်လက်ပျက် ဖြစ်နေခြင်းသာတည်း။

ထို့ကြောင့် ပြောမိ၏။

"တော်မီက အရင်စိတ်အတိုင်းရှိသေးတယ်လား"

"ကိုယ့်ကို ဘာများအောက်မေ့လို့လဲ။ အရင်အတိုင်းပဲ၊ ဘာမှ မလွဲဘူး"

"ဒီလိုဆို ဝမ်းနည်းစရာကြီးပေါ့"

"တကယ်လား" ဟု သူကမေးသည်။

"တကယ်ပေါ့၊ ဘာကြောင့်လဲဆိုတော့ တော်မီကြားတဲ့သတင်း ကို မမှန်တောင် မှန်အောင်လုပ်မယ်လို့ စိတ်ကူးထားတယ်။ မှန်အောင် လုပ်လို့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တော်မီ့အတွက်တော့ ဘာမှ မကျန်ဘူး"

သည်အတိုင်းပင် ကျွန်မသည် မရည်ရွယ်ဘဲနှင့် အကြင်နာကင်းစွာ ပြောမိလေသည်။

"ဒါဖြင့် ကိုယ်မေးတုန်းက ဘာဖြစ်လို့ ချစ်သူမရှိပါဘူးလို့ ပြောသလဲ"

"မေးတုန်းက ရှိမှ မရှိဘဲ"

သူက ဝမ်းနည်းသွားသည်။ "ဪ ... ဒီလိုလား"

ကျွန်မ တကယ်ပြောပြချင်သည်မှာတော့ တော်မီနှင့် ကျွန်မသည် ကျောင်းမှထွက်လာကတည်းက အလွန်ဝေးကွာခဲ့ကြပြီဆိုသည်ကိုသာတည်း။ အခြေအနေများသည် ဆက်စပ်လို့ မရတော့ချေ။ တစ်ဘဝစီပမာ ပြောင်းလဲခဲ့လေပြီ။ တော်မီက သည်အတိုင်းရှိပါသေးသည်လို့ ဖွတ်ဆိုလည်း ကျွန်မအဖို့တော့ ဖွတ်ပင်ဆိုလို့မဖြစ်ခဲ့ပြီ။ ကျွန်မ ရှစ်တန်းတုန်းက ဓာတ်ပုံများကို ပြန်မြင်ရုံပင်သည်လျှင် ယခုကျွန်မအဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ရသည်။ ဘယ်ဟာကပိုကောင်းတယ်လို့ ဘာမှဆိုလိုခြင်းရှိလို့တော့ မဟုတ်ချေ။ ကျောင်းတုန်းက မှန်မှန်ရေးခဲ့ဖူးသော စာရေးစက္ကူအပြာနုကို ချုပ်ထားသည့် ဒိုင်ယာရီစာအုပ်များကို ပြန်ဖတ်မိလျှင် ကြက်သီးမွေးညင်းများထကာ အရင်ကိုယ်ကိုလား၊ ယခုကိုယ်ကိုလားမသိ ကြီးစွာသော မနှစ်မြို့ခြင်းဖြစ်မိ၏။ ထိုဒိုင်ယာရီစာအုပ်များကိုလည်း ယခင်က ရတနာသိုက်ပမာ ဖုံးကွယ်သိမ်းဆည်းခဲ့သလောက် ယခု ပစ်စလက်ခတ် ယောက်ယက်ခတ်ကာ ပျောက်ပျက်တတ်ချေပြီ။

ဝမ်းနည်းစရာကောင်းသည်မှာတော့ တစ်ခုတည်းသာတည်း။ ရှစ်တန်းကျောင်းသူဘဝက ကျွန်မသည် တော်မီ့ကို ခင်လည်းခင်လျက် လိုလည်းလိုလားပါလျက် စိတ်နေမြင့်ခြင်းကြောင့် ဓာတ်လမ်းမလှခဲ့သည်ကိုသာတည်း။ ငယ်ရွယ်သူကလေးနှစ်ယောက်၏ ကြည်နူးစရာ အချစ်ဓာတ်ကွက်ကလေးတစ်ကွက်သည် လောကမှာ ယုတ်လျော့ပျက်ပြယ်ရခြင်းသာတည်း။ ပန်းချီအလှဆွဲလို့ မရခြင်းပင်တည်း။ သည်လို အင်မတန်ဖြစ်နိုင်သည့် အချိန်၊ ဖြစ်လို့ကောင်းသည့်အချိန်ကတောင်မှ ဓာတ်လမ်းအလှ ကဗျာစပ်၍ မရခဲ့သည်ကို ယခုအထိ စိတ်

မပြောင်းလဲသေးပါဘူးဟု တော်မီဆိုနေခြင်းသည် အလွန်တရာမှ ဝမ်းနည်းကြေကွဲစရာအဖြစ်သာ ဖြစ်လေတော့သည်။

ဒါကိုများ တော်မီနားလည်အောင် ကျွန်မ ပြောပြနိုင်ခဲ့လျှင် ပြောပြနိုင်ဖို့ လေးလေးစားစားကြိုးစားခဲ့လျှင် ကျွန်မအဖို့ ယခုအခါမှာ စိတ်မသက်မသာ ဘာမှဖြစ်စရာမရှိ။

ခုတော့ ကျွန်မသည် တော်မီ၏မာနကို မြှောက်ထိုးပင့်ကော်လုပ်သလိုသာ ပြောခဲ့မိလေသည်။ သူ့ကို ရည်ရွယ်ချက်မရှိဘဲ စော်ကားသလိုလည်း ဖြစ်ရသည်။

တော်မီက "ဒီလိုဆိုရင် ကိုယ့်အဖို့ ဘာထူးတော့လဲ။ အလကားမျှော်လင့်လာတဲ့ ဒီကိစ္စကို ဖျက်ဆီးပစ်လိုက်ရတော့မှာပေါ့" ဟု ဆို၏။

"ဘာပြောတာလဲ" ဟု ကျွန်မက နားမလည်နိုင်ဆဲ။

"ကိုယ့်လက်ရှိဘဝကို ပြောင်းပစ်ရမှာပေါ့"

"ကောင်းရာကိုရောက်ရင် ပြီးတာပဲ" ဟု ကျွန်မက ပြောင်စီစီပြောသေး၏။

"ဖျက်ဆီးပစ်လိုက်မယ်" ဟု သူက ဆို၏။ ပြီးတော့ ကျွန်မ၌ ပြောစရာရှိမလားရယ်လို့ ခဏစောင့်၏။ ပြီးတော့ နှုတ်ဆက်ပြီး ပြန်သွားသည်။

ကျွန်မက "အမယ်မင်း .. လမ်းမှာ ကားတွေဘာတွေ တိုက်နေဦးမယ်နော်" ဟု နောက်ပြောင်လိုက်သေးသည်ကို သူက ခေါင်းညိတ်ညိတ် ပြုံးစေ့စေ့ဖြင့် "အင်း .:. ဖြစ်ချင် ဖြစ်နိုင်တယ်ဆရာ" ဟု ပြောလေသည်။

ညမိုးချုပ်လျှင်တော့ ကျွန်မသည် အနည်းငယ် စိတ်ပူပင်လာပြီး အတူနေသည့် သူငယ်ချင်းအား ပြောပြမိသည်။

သူက ကျွန်မကို "အလိမ္မာမရှိဘူး" ဟု အပြစ်တင်သည်။

"စကားလုလုပပ ပြောနေရအောင် ဝတ္ထုရေးနေတာမှမဟုတ်ဘဲ။ ဒါ တကယ်ဖြစ်နေတာကွ။ ဝတ္ထုထဲမှာလို စိမ်းကားတဲ့သူထံက ပြန်အလာ ကမူးရှူးထိုးနဲ့မို့ မိုးတွေကလည်း ရွာတုန်း၊ လော်ရီကားက ဝင်တိုက်မှာမဟုတ်ဘူး၊ အိမ်ရောက်အောင်မဝင်ဘဲ ရန်ကုန်မြစ်ထဲ ဆင်း

ပြီး ကဗျာတစ်ပိုင်းတစ်စရွတ်လို့ ရေပြင်မှာ ပျောက်ကွယ်သွားမယ်လည်း မဟုတ်ဘူး”

“ဒါနဲ့ သူမျက်ရည်လည်နေတယ်ဆို”

“ထင်တာပဲ၊ မသိပါဘူး။ ဒီလောက်ဖြစ်တယ်ထင်ရအောင်လည်း ကိုယ်က ကိုယ့်ကိုယ်ကိုယ် တယ်အထင်မကြီးဝံ့ဘူး။ သူ့နှုတ်ခမ်း တုန်ချင်သလားလည်း မသိပါဘူးလေ။ ကိုယ်က ဒါတွေဟာ အပြင်မှာ တကယ်ဖြစ်နိုင်တယ်လို့ကို ထင်လို့မရဘူးကွ။ ဒါမျိုးတွေ့ချင်ရင် ဘိုင်စကုပ်ရုံ သွားသွားကြည့်ရတယ်”

သူငယ်ချင်းဖြစ်သူက “မင်းဟာ အချစ်တရား ဘယ်လိုပဲဟောပေမဲ့ တကယ်တော့ သူလိုကိုယ်လိုလောက်တောင် ချစ်တတ် ခင်တတ်တာ မဟုတ်ပါဘူးကွာ။ စိတ်ထဲမှာ ခံစားရလို့ အမူအရာ လှုပ်ရှားလာတာလေးတွေကို မင်း နားမလည်ပါဘူးကွာ” ဟု ပြောတော့ ကျွန်မသည် “ကိုယ်ဆက်ဆံပုံ မှားသလား” ဟု ပူပင်လာမိလေသည်။

“အို ... ကိစ္စတော့ မရှိပါဘူး။ စိတ်ညစ်တယ်ဆိုရင် ညကျတော့ အရက်မူးအောင် သောက်ရုံ၊ အော်ရုံ၊ ဟစ်ရုံပေါ့။ ပြီးတော့ အိပ်ပျော်သွားလိမ့်မပေါ့”

ရတ်တရက်တော့ ဒီလိုပြောပုံကို မနှစ်မြို့သလိုဖြစ်သွား၏။ ပုဖောင်းကလေး ပေါက်သွားလို့ သက်သက်ရယ်မဟုတ်ပါ။ တော်မီ၊ စ တန်းကျောင်းသူကို ကြာရှည်ချစ်တတ် သည်လို့ပြောသည့် တော်မီသည် ကျောင်းသားကလေးမဟုတ်တော့ဘဲ အရက်မူးတတ်၊ အော် တတ်ပြီးတော့ နားမူးနားထိုင်း အိပ်ပျော်သွားတတ်သည့် စစ်သားတစ်ယောက်ပါကလားရယ်လို့ မသိမြင်ချင်သောကြောင့်ပင်။ သည်လိုသိမြင်လိုက်ရလျှင် စောစောကလို ပေါ့ဆဆသဘောထားလို့ မဖြစ်တော့ဘဲ ရှိမည်ကိုလည်း သိရှိဝန်လေးနေပေ၏။

သူ့ကို အနည်းဆုံး သူ့ရဲ့မာနတို့၊ သူ့ကိုယ်သူ ယုံတာတို့ကိုတော့ ငါ နည်းနည်းလေးစားဖို့ကောင်းတယ်။ အရိုအသေပေးဖို့ ကောင်းတယ်။ သူငယ်ချင်း မိတ်ဆွေအဖြစ်ကိုလည်း မထောက်ညှာသလို ရိုင်းစိုင်းသလိုဖြစ်နေမှာပဲ စသည်ဖြင့် ကိုယ့်ဘာသာကိုယ် မကျေမနပ်

တစ်ညလုံးဖြစ်နေမိသေး၏။

မိုးလင်းတော့လည်း ပြီးသွားလေသည်။

သည်မျှပဲလို့လည်း အောက်မေ့နေသည်။

သို့ရာတွင် နောက်တစ်ပတ်ခန့်၌ တော်မီ သေဆုံးသည့်သတင်းကို မမျှော်လင့်ဘဲ ကြားရသည်။

(၆)

၁၉၄၇ ခုနှစ်၌ ယူနီဗာစီတီမိန်းကလေးတစ်ယောက်ကို တွေ့ဖူးသည်။ သူသည် တကယ်တော့ ဘာမှ ချီးမွမ်းစရာမရှိသော အမေရှယ် အစ်မကြီး၏သွန်သင်ချက်ဖြင့် ကြီးပြင်းလာ၏။ သူ၌ လင်ကောင်းကောင်းရဖို့တစ်ခုသာ လူ့ဘဝ၌ မျှော်လင့်ချက်ထား၏။ လင်ကောင်းကောင်းဆိုသည်မှာလည်း တက္ကသိုလ်ဘွဲ့၊ ရာထူးနှင့် ကားပါသူများသာတည်း။ သို့သော် သူသည် နယ်ကျောင်းမှ ရောက်လာပြီး သူအလိုရှိသလောက် အထက်တန်းမကျတတ်။ ဗိုလ်မဆန်တတ်ဖြစ်ကာ သူ့ကိုယ်သူလည်းသိပြီး အနည်းငယ်စိတ်ပူနေလေ့ရှိသည်။ ဥပမာ စစ်ပြီးမှ ကွန်ဗင့်ကျောင်း၌ တစ်နှစ်မျှ ကမန်းကတန်းပြေးနေပြီး အင်္ဂလိပ်အမည်ရလာသည်ကို အင်္ဂလိပ်စကား ကောင်းစွာမပြောတတ်သည်နှင့် ရဲရဲအသုံးမပြုဝံ့ခြင်းမျိုးဖြစ်သည်။ သို့သော် သူသည် အလိမ္မာဖက်တတ်ရကား များစွာသော ကျောင်းသူတို့လို ဣန္ဒြေမရမလုပ်ဘဲ အကလေးပမာ ဖြူစင်သန့်ရှင်းပါသည်ဟူသော ဆိုင်းဘုတ်ကို မျက်နှာ၌ ဆွဲချိတ်၏။ လိုလားအပ်သော လူငယ်များကို တွေ့တိုင်းတော့ ထိုဆိုင်းဘုတ် အကာအကွယ်ဖြင့် ပေါင်းသင်းဆက်ဆံ၏။ ထို့နောက် သူသည် အင်မတန်လုပလိုချင်သူ ပေါ်များလုပါသည်ဟူ၍ လူတကာက သူ့ကိုတန်ဖိုးထားစေချင်ခြင်းဖြင့် အလဟဿ စိတ်မောနေလေ့ရှိလေ၏။

ထိုမိန်းကလေးကို တွေ့တွေ့ချင်း သိမ်ဖျင်းသောစိတ်ရှိသည်ရယ်လို့ ယူဆလိုက်ပြီး မလိုလားပါဘဲလျက် ရင်းနှီးခင်မင်လာရ၏။ သို့သော် ကျွန်မသည် သူ၏ သာမန်စိတ်ထား ထားရှိခြင်းကို ခွင့်မလွှတ်နိုင်ဘဲရှိသည်။ ကိုယ့်သူငယ်ချင်းဖြစ်လာလေ အပြစ်ပို၍ယူလာ

လေတည်း။ ကျွန်မ၏ ဖျင်းချက်ကိုလည်း သိပါသည်။ အဲသည်ဟာမှာ စင်စစ်တော့ ကျွန်မသည် ငါဟာ သူ့လို မိန်းကလေးစားမဟုတ်ရယ်လို့ အထင်ကြီးခြင်းပင်။

သူသည် အသက် ၂၄ နှစ်ကျော်၍ အစိတ်ရှိပြီရယ်လို့ အနည်းဆုံးအတွင်းသိ ကျွန်မ ကို ဝန်ခံရဖို့ နီးကပ်လာသော် လင်ကိစ္စ၌ ထင်တိုင်းပေါက်ပါ့မလားရယ်လို့ နေမထိ ထိုင်မသာရှိလေပြီ။ ပြီးတော့ ကျွန်မလိုအသက်နှစ်ဆယ်ကျော်မှ ဖြုန်းခနဲလူလားမြောက်ပြီး သူများလောက်သိတတ်လာရသူမဟုတ်ဘဲ လောကီရေးရာ၌ ၁၁ နှစ်သမီးခန့်က ကျွမ်းကျင်လာရကားအပျိုသက် အင်မတန်ရှည်နေပြီး ချစ်မေတ္တာဆိုတာကိုလည်း လျော်ကန်သင့်မြတ်စွာပင် တောင့်တမိလေသည်။ ပြီးတော့ သူ့ရဲ့ လှသည်။ လူကြိုက်များသည်ရယ်လို့ ထင်ချင်စိတ်ကလေးကိုလည်း ဆက်လက်ယုယမထားနိုင်မှာကို ရှက်ကြောက်ခြင်းလည်းရှိသည်။ သို့လျှင် တစ်နေ့သ၌ သူ့မှာ ပြောစရာဝတ္ထုတစ်ပုဒ်ရှိသည်။

သူ့ဝတ္ထုကလေးသည် စိတ်ကူးယဉ်တစ်ဝက်၊ အဖြစ်မှန်တစ်ဝက်လို့ ကျွန်မထင်သည်။ ပြောပြသူ ဇာတ်လိုက်မကလေးက ကိုယ့်ဂုဏ်သရေလည်း မထိခိုက်နိုင်အောင် အလိမ္မာအတိရှိသည့် အသုံးအနှုန်းများကို ရွေးချယ်သည်ဆိုတာလည်း သိရသည်။ ဇာတ်လမ်းက ကြေကွဲဖွယ်လည်းကောင်းသည်။ မမေ့တဲ့နိုင်စရာလည်းဖြစ်သည်။ ဝတ္ထုပြဇာတ်တို့၏ အပြင်းထန်ဆုံး၊ အစူးရှဆုံး အရသာလည်း ပါသည်။ အကြောင်းမူကား အချစ်နှင့် အချစ်အတွက် သေခြင်းတို့ကို ဖွဲ့ခြင်းကြောင့်တည်း။

တစ်နေ့သ၌ ဆေးရုံတက်ရသော မိန်းကလေးတစ်ယောက်နှင့် တာဝန်ကျသော ဆရာဝန်လူငယ်တစ်ယောက် တွေ့ဆုံခင်မင်ကြသည်။ အစ်ကိုကြီးလို ခင်သူက ခင်ဆဲ၊ ညီမလေးလို မခင်နိုင်သူက ရှိသည်။ သည်ထက် အရေးကြီးသည်မှာ ဆရာဝန်ကလေးက အသက်ငယ်သော်လည်း သားနှင့် မယားနှင့်ရှိနှင့်ပြီမို့ပင်။ ပြီးတော့လည်း ညီမလေးက လောက၌ ပြုသင့်သောအမှုများမှ မသွေဖည်သူ၊ ကိုယ်စိတ်နှလုံးကို

ထိန်းသိမ်းစောင့်ရှောက်နိုင်သူဖြစ်၏။ ပြီးတော့ အချစ်ဇာတ်လမ်းသည် တစ်ဖက်သတ်ဇာတ်လမ်းမျှသာဖြစ်သည်ရယ်လို့ ဇာတ်လိုက်မကလေးက တင်းတင်းကျပ်ကျပ်ဆို၏။ ဇာတ်လိုက်မကလေးသည် နောင်အခါ၌ ဘယ်သူဖြစ်ဖြစ်၊ လင်တော်စပ်လာမည့်သူကို မျက်နှာထားဝင့်ဝင့်၊ အသံခိုင်ခိုင်နှင့် ကြိုးတစ်စမျှ မရှုပ်ခဲ့သည်ရှင့်ရယ်လို့ ပြောနိုင်သည်အထိပင် တစ်ဖက်သတ်ကျသော ဇာတ်ပါတည်းဟု ဆို၏။

သို့သော် "လို၍မရသောဆင်းရဲခြင်း" ရယ်လို့ ဆရာဝန်ကလေး၏ သချိုင်းဂူမှာ ကမ္ပည်းထိုးရမည့်အဖြစ်သို့ရောက်သော ညီမလေးသည် ဝတ္ထုကို ပို၍ပြင်းထန်စေလိုသောကြောင့်လား၊ တစ်ခါတလေနှလုံးမခိုင်ကောင်းသည်ရယ်လို့ ဆုံးဖြတ်လေလားမသိ၊ မျက်ရည်တော့ကျသည်။ မကျဘဲ နေနိုင်ရိုးလားရယ်လို့ ကိုယ် တကယ်ယူသည့်လင်ကို အာခံဝံ့နိုင်ရမည်လို့လည်း အားတင်းဟန်ရှိသည်။ အကြောင်းကားသူ့ခမြာ သေရရှာသည်မှာ ကိုယ့်ကြောင့်မဟုတ်လား။ သူ့ခမြာသည် အများလက်ခံသည့် တရားတွေကို တော်လှန်လို၏။ ချစ်ခြင်းမေတ္တာတစ်ခုသာ ဘက်တော်သားအဖြစ် လိုက်မည့်သူရှိသော လောက၌နေမည်ကြံ၏။ သို့သော် တုံ့ပြန်ခြင်းမရှိသောအချစ်သည် အချည်းနှီးတည်း။ ဆရာဝန်ကလေးသည် ထိုအချည်းနှီးသော အချစ်ကို စစ်မြေပြင်သို့ သောင်းကျန်းလေ၏။ အကြောင်းမူကား ငယ်ရွယ်နုပျိုခြင်း၊ မျှော်လင့်ချက်၊ အစွမ်းသတ္တိ စသည့် လူ့အရည်အချင်းတို့ကို တခြားနေရာထက် စစ်မြေပြင်က ပို၍လျင်မြန်စွာ ဖျက်ဆီးအဆုံးသတ်တတ်သောကြောင့်တည်း။ စစ်မြေပြင်သည် သေမင်း၏ ခမ်းနားကြွယ်ဝလှသော ဧည့်ခန်းဆောင်ဖြစ်လေသည်။

ကျွန်မ၏သူငယ်ချင်းကလေးသည် သူ့ဝတ္ထု၌ ချို့ယွင်းချက်များစွာမရှိဘူးဟု ထင်သည်။ ဝတ္ထုဇာတ်ကောင်များနှင့် သက်ဆိုင်သောအသက်ရှိသေးသည့် ဆွေမျိုးမိတ်သင်္ဂဟများကိုလည်း အားနာမှုမကင်းဟန်ပြပြန်လေတော့ ဝတ္ထုလေးသည် ပို၍အဖိုးတန်လာပြန်၏။ သို့လျှင်ကျွန်မ၏ သူငယ်ချင်းသည် ဆေးရုံကို ရှောင်ကွင်း၏။ မျက်နှာချင်းဆိုင်တွေ့တော့မည့်ဆဲဆဲ ကိုယ်က ဦးအောင်ရှောင်ပြေးရသည့် အကြောင်း

သိသူများကိုလည်း စကော့ဈေး၌ စနေနေ့များမှာ ပြတ်ခနဲ ကြုံ၍မြင်ရတတ်သည်။ သူတို့ထဲမှ အချို့ကအပြစ်ဆိုချင်သည်။ အချို့က ပြောပြရာတွေ ရှိသေးသည်။ အချို့ကမူ သူ့ကို မုန်းကန်သည်။ လုပ်ပုံဟုတ်ပေသည်လို့ ချီးမွမ်းချင်သည်။ မိန်းကလေးခမြာကတော့ အတိတ်ကအငွေ့ကို တစ်ဆိတ်တော့ မေ့ချင်ပြီ။ ကိုယ်က သန့်ရှင်းခဲ့သူပီပီပေါ့။

ထိုခဏ၌ ရှိုက်သံညှင်းညှင်းလေးသည်တော့ ဘယ်သူ့ရင်ကိုပြေးလို့ဆောင့်လိုက်သလဲမသိ။

(၇)

ကျွန်မသည် တော်မီအကြောင်းပြောရာက ဗြုန်းခနဲကောက်၍သူငယ်ချင်းမ၏ ဝတ္ထုဆီသို့ ရောက်သွားသည်မှာ အကြောင်းရှိ၍ဖြစ်ပါသည်။ သူငယ်ချင်းမ၏ဝတ္ထုသည် ဝတ္ထုတို့ထုံးစံအတိုင်း အဆုံးသတ်၌တောင်ထိပ်သို့ရောက်ပါ၏။ သို့သော် အပြင်မှာကျတော့ တောင်ထိပ်မှလိမ့်ကျခြင်းကို တွေ့လိုက်ရသောကြောင့်တည်း။

ဆရာဝန်လေး၏သူငယ်ချင်းတစ်ယောက်နှင့် ကျွန်မ၏ တုပ်ကွေးရောဂါကိုကုဖို့ ကြုံရစဉ်ကပင် ဆရာဝန်လေးသည် ပညာအရာ၌ ကျော်ကြားသူမို့လည်းတစ်ကြောင်း၊ သူ့အကြောင်းရောက်သွား၏။ သူသေဆုံးရသည့်အကြောင်းကို ရိုက်ချင်စရာကောင်းအောင်ပင် ဤကဲ့သို့မလှမပ ပြောကြသေးသည်။

"ဟာ … လူကတော့ လူတော်ပဲ။ လူက မိုက်ကန်းကန်းပေပေတေတေဗျ။ အရက်လည်း ၁၅ နှစ်သားကတည်းက ကြိုက်လာတာ။ သူ့မိန်းမရွာ သွားလည်ရင်း ကင်းစောင့်သမားတွေနဲ့ အရက်ဝိုင်းဖွဲ့ဆိုလား၊ ပြီးတော့ မူးမူးနဲ့ သေနတ်ဆွဲ၊ ရွာပြင်ထွက်သွားပြီး ဆဲဆိုလား။ သူ့မိန်းမရွာက အစိုးရတပ်နောက်ဆုံးစောင့်တဲ့ရွာဗျ။ အဲဒီဟိုဘက်ဆိုကွန်မြူနစ်နဲ့ ရိုးမတောင်ပဲ ရှိတော့တယ်"

ကျွန်မသည် တော်မီ၏အကြောင်းကိုပြောပြရာမှာ ကျွန်မသူငယ်ချင်း၏ ဝတ္ထုနှင့် ဆင်သွားမှာကို ကြောက်ပါလှသည်။ ကျွန်မ အပြောမလိမ္မာမှာကိုလည်းကောင်း၊ စာဖတ်သူတို့ သတိလစ်မှာကိုလည်း

ကောင်း ပူပင်ပါလှသည်။ ထို့ကြောင့် ဆိုချင်းဆိုလျှင် ထပ်၍ဆိုချင်သည်မှာ ငယ်ရွယ်သူကလေးတွေမို့ အချစ်ဆိုတာကို အရင်းပြုရသော်လည်း အစဦးပြောခဲ့သလိုပင် စင်စစ် တစ်ယောက်၏ စိတ်နေမြင့်ခြင်းနှင့် တစ်ယောက်၏ မိုက်မဲမှုတို့ တိုက်ခိုက်ခြင်းသာတည်း။ အသက်ကြီးခြင်း၏ အုပ်ချုပ်မှုမရှိသဖြင့် လက်လွတ်စပယ်ဖြစ်ခြင်းသာတည်း။ သည့်အတွက်သာ လုပ်၍ ကြေကွဲစရာကောင်းသည်ဟု ဆိုခြင်းဖြစ်သည်။ သို့မဟုတ်လျှင် အစစ်အမှန်မရှိသည့်အတွက် ရုပ်ပျက်ဆင်းပျက်ဖြစ်ပေလိမ့်မည်။

စင်စစ် တော်မီသေဆုံးသည့်အကြောင်းကို ဘာမှ စေ့စေ့ငငကျွန်မမပြောနိုင်ပါ။ တော်မီသည် သောင်းကျန်းသူများကို လေယာဉ်ပျံနှင့် ဗုံးကြဲရင်းဆိုလား၊ စက်သေနတ်ပစ်ရင်းဆိုလား တိုက်ခိုက်ရင်းစစ်ပွဲမှာကျဆုံးခြင်းတည်း။ သူ့လေယာဉ်ပျံကို အလွန်နိမ့်နိမ့်မောင်းသဖြင့် အောက်က သေနတ်ကျည်ဆန်သင့်သည် ဆို၏။ သူနှင့်အတူစစ်သားနှစ်ယောက်သုံးယောက် ပါသွားသည်ထင်သည်။

ကျွန်မသည် ထိုသတင်းပါသော သတင်းစာကိုလည်း မဖတ်ရပါ။ အားလုံးဖြစ်ပျက်ပြီး တစ်ပတ်ခန့်ကြာမှ သင်းသင်းက ပြောမှသိရသည်။ သင်းသင်းကပင် ကျွန်မ မသိသေးသည်ကို အံ့ဩ၏။ တော်မီနှင့်ပတ်သက်တာမှန်သမျှ ကျွန်မ အရင်သိရမည်လို့များ သဘောထားသလားမသိ။

"သတင်းစာထဲကော မတွေ့မိဘူးလား" ဟု သူကမေး၏။

ကျွန်မသည် သတင်းကြားရသော် အတော်စိတ်မကောင်းဖြစ်ကာ မသာဖြစ်စေ လိုက်ပို့ချင်၏။ သို့သော် အားလုံးပြီးလေပြီ။ သူ့သတင်းကိုပင် သင်းသင်း သတင်းစာမှ ဖြတ်ယူလာပြီး ပြသဖြင့် ဖတ်ရ၏။ သူ့ဓာတ်ပုံလည်းပါ၏။ ဓာတ်ပုံမှာ ကျွန်မသိသော တော်မီနှင့်လုံးဝမတူပါ။ အလွတ်တွေ့လျှင် ထင်မိမည်ပင်မဟုတ်ပါ။ ဓာတ်ပုံထဲမှာ ကိုယ်ထည်ကြံ့ခိုင်၍ အသက်ကြီးရင့်ဟန်ပေါက်၏။ သည်တော့အနည်းငယ်စိတ်ချမ်းသာ၏။ တော်မီသည် ကျွန်မ တစိုးတစသာသိရှိသော ကျောင်းမှထွက်စ သူငယ်ကလေး ဟုတ်ချင်မှ ဟုတ်မည်ဖြစ်၏။

တော်မီသေလွန်ခြင်းအကြောင်းကို ပြောပါဆိုလျှင် စစ်သားတစ်ဦး တိုက်ခိုက်ရင်း ကျဆုံးခြင်းဟုသာ ပြောနိုင်လိမ့်မည်ထင်၏။ အဲသည်လို ဆိုလျှင် ယခု ကျွန်မ ပြောပြနေသော တော်မီအကြောင်းသည် ကျွန်မ ပြောခဲ့သလို အသက်ငယ်ခြင်း၊ မိုက်မဲခြင်း စသည့် စကားလုံးတွေပင် မလိုတော့ဘဲ အလွန်ရိုးသားသလောက် အလွန်ခံ့ညားသော စစ်သားပုံ တစ်ပုံသာ ဖြစ်ပေလိမ့်မည်။

သည်တော့ ကျွန်မအဖို့ တော်မီအကြောင်း မသိတသိနှင့် ပြောဖို့ လည်း အခွင့်မရှိပါ။

သို့သော် ခင်မင်သော ယောကျ်ားမိတ်ဆွေတစ်ယောက်က ပြောဖူး၏။ သူကစ၍ ပြောခြင်းလည်းမဟုတ်၊ စကားစပ်ရင်းနှင့် ကျောင်း နေစဉ်က အကြောင်းများသို့ ရောက်သွား၏။ ကျွန်မက တော်မီနာမည် ကို ထည့်သွင်းပြောပြ၏။ ပြီးတော့ သူသေသွားပြီဆိုတာကိုလည်း ပြောပြ၏။ ထိုအခါမှာ မိတ်ဆွေက အားလုံးသိပြီးသားလို ဖြစ်နေသည် ကို တွေ့ရ၏။ တစ်ခါက စိတ်ဝင်စားစရာသတင်း ဖြစ်ခဲ့ဟန်တူသည်။

သူက ပြောသည်မှာ

"ကျွန်တော့်မိတ်ဆွေအိမ်တစ်အိမ်မှာ တော်မီဓာတ်ပုံ တွေ့ဖူး တယ်။ ကျွန်တော်ကမမေးဘဲ သူတို့က လက်ညှိုးထောက်ပြပြီး ဒါ ကြည့်အဆက်လို့ ပြောတယ်ဗျ"

ပြီးတော့ သူက အားနာဟန်နှင့်ကြည့်ပါသည်။ ဟုတ်တယ်လား ရယ်လို့လည်း မေးချင်သည်။

ကျွန်မက ဘာမှအဖြေမပေးပါ။ ဒါသည် မည်သူ့ကိစ္စမှမဟုတ်ဘူး လို့ထင်သည်။ ထို့ကြောင့် ရှင်းလင်းနေစရာလည်းမလိုဘူး ဆိုရမည်။

ကျွန်မ၏မိတ်ဆွေက သူ့အကြောင်းတွေကို ပြန်ပြောပြသေး၏။ သူလည်း သည်လိုပင် ကြုံဖူးသည်။ နှစ်ခါတောင် ကြုံဖူးသည်။ ပထမ ဆုံးမိန်းကလေးသည် သူ့လက်ပေါ်မှာတွင် သေဆုံးသွားသည်။ နောက် တစ်ယောက်ကိုတော့ အသက်ပင် မမီလိုက်ချေ။

သူက ရှက်ပြုံးပြုံးနေပါသည်။ သူသည် "ကိုယ့်အတွက် စာမေးပွဲ ကျရတယ်။ ဒုက္ခဖြစ်ရတယ်ဆိုတာ မခံချင်စရာမဟုတ်ပါဘူးဗျာ။

ကျွန်တော်သာ ဒီလိုအပြောခံရရင် သိပ်ဝမ်းသာမှာ။ အဲလေ ကိုယ်က လိုလားတဲ့လူဆိုရင်တော့ ပြောတာပေါ့”ဟု ပြောဖူးသူတည်း။ ကျွန်မ၏ သူငယ်ချင်းမတစ်ယောက်ကို ကျွန်မက နှောင့်ယှက်လို့ စာကျက်ပျက်သည်ဟုဆိုစဉ် သူငယ်ချင်းမက မခံချင်၍ တိုင်တောစဉ်က ဖြစ်သည်။

ကျွန်မ၏စိတ်မှာတော့ ခိုးလိုးခုလုဖြစ်ပေသည်။

တစ်ဖန် အထက်ဗမာပြည်သို့ တစ်နှစ်အလည်သွား၏။ ဟိုအိမ်သည်အိမ်လည်ရင်း ဧရာဝတီခုတ်သင်္ဘောမှ အုပ်ချုပ်သူ့ကတော်တစ်ယောက်နှင့် တွေ့သည်။ မိန်းမက အသက်သုံးဆယ်ခန့် မန္တလေးသူ၊ လည်လည်ပတ်ပတ်ထဲကဖြစ်လေသည်။ သူက ကျွန်မကို ထမင်းခေါ်ကျွေး၏။ စကားတွေ အစုံအစေ့မေး၏။ ကျွန်မ၌ ကြီးစွာသော စိတ်ဝင်စားခြင်း ပြသည်။ ကျွန်မသည် ခုမှတွေ့ဖူးသူက သည်လိုဖြစ်သော် မနေထိုင်တတ်ဖြစ်ကာ နစ်မြို့ လုတယ်ရယ်လို့လည်း မရှိနိုင်ဖြစ်ရ၏။

ပြီးတော့ သူက တော်မှီအဒေါ်ဖြစ်ပါသည်ရယ်လို့ တကယ့်လျှို့ဝှက်ချက်ကြီးပမာ အရေးတကြီး ဖွင့်ချလိုက်လေသည်။

ကျွန်မကို တော်မှီဓာတ်ပုံတွေ ထုတ်ပြ၏။ တော်မှီက သူ့ကို ဘယ်လောက်ခင်သည် ဆိုတာလည်း ပြောပြ၏။ ကျွန်မကို ဆွေလိုမျိုးလို သူက သဘောထားချင်၏။ ကြင်နာခြင်းကိုလည်း ပြ၏။ ပြီးတော့ “သြော်... သေတာကိုတော့ ဘယ်သူမှ မတားနိုင်ဘူး၊ မတတ်သာဘူးလေ” ဟု ဆိုညည်းပါသည်။ ကျွန်မကမူ သူနှင့် ဆွေမျိုးတော်သည် ဆိုတာကို ဟုတ်ပါ့မလားဟု သံသယရှိနေသည်။ တော်မှီနှင့် သိကျွမ်းခင်မင်ရုံပဲ ထင်သည်။ ကျွန်မကို တွေ့သဖြင့် လေသံကြားကာ တရားဖမ်းနာတယ်ထင်၏။ အကြောင်းမူကား တော်မှီ ကျောင်းနေစဉ်က အကြောင်းတချို့အချက်တွေမှာ အမှန်နှင့် မကိုက်ညီချေ။ လုပ်ကြံမှုများ ရယ်လို့ ထင်စားစရာတည်း။ ပြီးတော့ သူ တို့ဆိုင်းဟန်ကိုလည်း ဖမ်း လိုက်မိသည်။

သို့သော် ဒါတွေထက် သူက ကျွန်မကို မြင်မြင်ချင်း ထမင်းဖိတ်ကျွေးသည့် အကြောင်းရင်းကိုသိရတာ ခိုးလိုးခုလုဖြစ်ပြန်သည်။

ကျွန်မကိုယ်၌ကလည်း အလိမ္မာဖက်တာကို မလုပ်ချင်တာ၊ မယုံကြည်တာရှိသေး၏။ တော်မီသေဆုံးစက တပ်တွင်းမှ သူ့သူငယ်ချင်းများထံ စာရေး၍ မေးလိုက်၏။ တကယ်တော့ အကျိုးအကြောင်းစုံစုံစေ့စေ့သိလို၍တစ်ကြောင်း၊ လူနာမည်တူများ ဖြစ်နေမလားရယ်လို့ သူသေဆုံးသည်ကို မယုံကြည်လိုသဖြင့်တစ်ကြောင်း၊ သေတယ်ဆိုလျှင်လည်း ရှင်စဉ်က ကျွန်မ မေ့လျော့နေခဲ့သည့်အတွက် စိတ်မသက်မသာဖြစ်မိသည်က တစ်ကြောင်းကြောင့်ပင်။

"ကျွန်မကို လာတွေ့ပါဦး။ လူမှားတာဆိုရင်၊ တော်မီ မသေဘူးဆိုရင် သူ့ကိုပါ ခေါ်ခဲ့ပါ။ တွေ့ချင်ပါတယ်" ဟု ရေးလိုက်၏။

သည်တော့ သည့်အတွက်ပင် ပိုပြီးကြည်ဆွတ်ကွက်ကလေးပေါ်လေသလားမသိ။

တစ်ဖန် ကျွန်မ မမြင်ဖူးသော တော်မီ့နှမကလေးက ကျွန်မကိုတွေ့လိုသည့် သတင်းစကားလည်း ကြားရပြန်သေးသည်။

ကျွန်မ၏ စောစောက ဖောက်၍ပြောပြသည့် ဝတ္ထုရှင် သူငယ်ချင်းမကတော့ ပြိုင် ဘက်ပေါ်သည်ထင်သလားမသိ။ သိပ်ပြီး လိုလိုချင်ချင်မရှိလှပါ။ သူက တော်မီ သေဆုံးသွားသည်ထက် တစ်ဖက်ကလှည့်၍ ကျွန်မဟာ သူ့လို ကြိုးတစ်ပင် မရှုပ်ခဲ့ပါသည်ရှင်ရယ်လို့ ရဲရဲပြောနိုင် မနိုင်ကို ပို၍ သိချင်နေသေး၏။ ပြီးတော့ ကျွန်မစိတ်ထိခိုက်ခြင်းဒီဂရီကို တိုင်းထွာချင်နေ၏။ သူသတ်မှတ်ထားသော အနီမှတ်ထက် ပိုတက်လေသလားလို့ ချိန်ဆချင်နေ၏။ ပြီးတော့ သူ့လောက်တော့ ကျေနပ်ဖွယ်မရှိဟန် သန္နိဋ္ဌာန်ချဟန်ရှိလေသည်။

ကျွန်မကမူ ထိုအဖြစ်မှာ ပူပူနွေးနွေးရှိသေးသည်တစ်ကြောင်း၊ တော်မီ ကျွန်မထံ တစ်ခါမျှ ရောက်လာပြီး လမဆိုင်းခင်အတွင်း ဖြစ်ရသည်မို့တစ်ကြောင်း၊ တကယ်ဆိုတော့ တော်မီအကြောင်းကို အထူးသဖြင့် ယခုအခါမှာ ကောင်းစွာ မသိတော့ပြီ။ သူ့အတိမ်အနက်ကိုအကဲမခတ်တတ်တော့ပြီဖြစ်သည်မို့တစ်ကြောင်းကြောင့် သည်ကိစ္စကိုဘာရယ်လို့ အမည်မမှည့်တတ်ခြင်းဖြစ်ပေ၏။

ကျွန်မအဖို့မူ ကဗျာချစ်သူပီပီ ငယ်ရွယ်သူကလေးနှစ်ယောက်၏

ကျောင်းနေစဉ်က ချစ်ခင်စုံမက်ပြီး တကွဲတပြား ကြီးရင့်လာကြကာ ပြန်လည်မနီးစပ်နိုင်သော သူစိမ်းတစ်ရံ ဆန်ဖြစ်သွားကြသော ကြိုးစားလို့တောင် မဖြစ်နိုင်တော့သော အလွမ်းဇာတ်ကလေးကို မလုလုအောင်၊ လုပြီးကို ပိုလို့လုအောင် ကာရန်ကလေး မငြိတငြိ၊ မထိတထိနှင့် ကလိလို့ ရေးချင်လှပါသည်။ အဲသည်လိုများဆိုလျှင် ကျွန်မ၏ ဝတ္ထုသည် ကျေးငှက်သံကလေးများနှင့်လည်း ညံနေမည်။ ရက်ပြုံးပါးနီ စသည်တို့ဖြင့်လည်း သက်တံရောင်ထွေမည်။ မရှင်းလင်းသာသော အရုပ်ဆိုးသော သံသယတွေနှင့်လည်း ကင်းရှင်းမည်။ စာဖတ်သူအပေါင်းလည်း ခေါင်းတဆတ်ဆတ်နှင့် အင်မတန် ကျေနပ်ကြမည်ထင်ပါသည်။

ကျွန်မ၏ သူငယ်ချင်းမပိုင် ဝတ္ထုမျိုးကိုတော့ မလိုလားလှပါ။ တောင်ပေါ်ရောက် ပြီးမှ တောင်ပေါ်က လိမ့်ကျရတာကို ရှက်ကြောက်လို့လည်း သက်သက်မဟုတ်ပါ။ သည့်အတွက် သိကြားမင်းက သူ့သာသနာပေမို့ အားနာပါးနာနှင့် ဆင်းလို့ တာဝန်ခံရှာလည်း မရေးချင်၊ အကြောင်းကတော့ သည်ဝတ္ထုပုံစံကို ကြိုက်ကိုမကြိုက်လို့သာတည်း။ သည် ဝတ္ထုမျိုးသည် တကယ်စင်စစ်တော့ လူ့ဘဝ၌ဖြစ်လည်းဖြစ်ခဲ၍ ဖြစ်ဖို့လည်း မကောင်းဘဲ လူ့မာနကို ထိခိုက်စရာလည်းဖြစ်သောကြောင့်တည်း။

ထို့ပြင် ကျွန်မသည် တော်မီ၏သူငယ်ချင်းကောင်းလည်း ဖြစ်လိုသည်မှန်လေသဖြင့် နောက်ထပ်ပြောရန် ကျန်သေးသည်မှာ

တော်မီသည် မသေခင် တစ်နှစ်ခန့်ကလည်း လေယာဉ်ပျံနှင့် မြေပြင်သို့ ဇွတ်ဆင်းရဖူး၏။ မြစ်ဝကျွန်းပေါ် လယ်ကွင်းများထဲသို့ ဘေးကင်းရောက်ခဲ့သည်။ သူ၏ လေယာဉ်ပျံစက်တစ်လုံး ချွတ်ယွင်းသည်ဆိုလား၊ တောင်ပံတစ်ဖက် ကျိုးသွားသည်ဆိုလား ကောင်းစွာ မပြောတတ်ပါ။ သို့သော် သူ၏ကျွမ်းကျင်မှုနှင့် သတ္တိတို့ကြောင့် ဒဏ်ရာမဖြစ်စလောက် ရရုံထက် မပိုဘဲ ချောမောခဲ့လေသည်။

အဲသည်တုန်းကလည်း သောင်းကျန်းသူများကို တိုက်ခိုက်ရင်းပဲ ဖြစ်ရသည်ထင်ပါသည်။

သည်တော့ တော်မီသည် စွန့်စားချင်သော စစ်သားကောင်းဖြစ်၍ စစ်သားပီပီပင် စစ်မြေပြင်၌ ကျဆုံးခဲ့သည်လို့ ပိုင်ပိုင်နိုင်နိုင်ဆိုရမည်ထင်လေသည်။

ဟုတ်ကဲ့၊ သူ့၌ ငယ်စဉ်က ချစ်ကြိုက်ချင်သော မိန်းကလေးတစ်ယောက်တော့ သူသူငါငါပမာရှိခဲ့ဖူး၏။ တစ်ယောက်မက နှစ်ယောက်သုံးယောက်မျှကိုလည်း ချစ်ကြိုက်ခဲ့ဖူးပေမည်။ သည်လိုဆိုလည်း ဓမ္မတာတရားမှ သွေဖည်ခြင်းမဟုတ်ပါ။ လူငယ်ဘဝသည် လူကြီးဘဝလိုပင် အဆင်စုံနိုင်သည်။ ပို၍ပင် ခမ်းနားနိုင်သည်။ ထို့ပြင်ပို၍ပင် လှပဖို့ အကြောင်းများစွာရှိလေသည်။ အကြောင်းမှုကားအနည်းနှင့်အများ စင်ကြယ်သေးသောကြောင့်တည်း။ ဟန်ဆောင်ကင်းသောကြောင့်တည်း။

ထို့ပြင် တော်မီ၌ မိတ်ဆွေကောင်းတစ်ယောက်ရှိသေး၏။ ဒါကိုတော်မီကိုယ်တိုင်လည်း ရှင်စဉ်က သိခွင့်ရသလား မရသလား ကျွန်မမပြောနိုင်ပါ။ ထိုမိတ်ဆွေသည် လူတစ်ယောက်နှင့် ပေါင်းသင်းဆက်ဆံရာမှာ နာသည်သာမည်ရယ်၊ ဘယ်သူက ဘယ်သို့ ဆိုစရာရှိသည်ရယ်တွေကို တွက်ချက်လိုစိတ်မရှိဘဲ ဘေးဘီသို့မကြည့်ဘဲ သူငယ်ချင်း မိတ်ဆွေဆိုသူ၏ မျက်နှာတစ်ကွက်တည်းကိုသာ မသွေမလွဲကြည့်ရှုသူဖြစ်သည်။ သစ္စာတရား ဆိုသည်မှာ ဒါပဲရယ်လို့ သူဆိုမည်။ ထိုသစ္စာသည် သူငယ်ချင်းအပေါ်၌တွင်သာ ထားခြင်းမဟုတ်ဘဲ ကိုယ်၏ လူ့ဘဝ၌ လူလာဖြစ်ခြင်းတည်းဟူသော အချက်ပေါ်၌လည်း သစ္စာရှိခြင်းဟု ဆိုချင်သည်။

သို့လျှင် ကျွန်မသည် သေဆုံးသူ ကောင်းရာသုဂတိသို့လားစေသတည်းရယ်လို့ ဆုတောင်းမည်ထက် သူမသေမီက မသေးသိမ်ခဲ့ပါရယ်လို့ ပြောခွင့်ကို ပို၍ယူမည်။ တော်မီကို မသေမီက လူအဖြစ်အသက်ရှင်နေထိုင်ခဲ့စဉ်က ဂုဏ်ရှိခဲ့စေချင်သည်။ ။

*ရှုမဝမဂ္ဂဇင်း၊ နိဝင်ဘာ၊ ၁၉၅၆*

❑

## မေ့ချစ်သူ

သူသွားတော့မယ်လေ ...

တင်မေ့ကိုတောင်မှ တင်မေမှန်းမသိဘဲ သူသွားပါတော့မယ်။ ဒါဟာ တင်မေပါ။ တစ်ခါတုန်းက မိုက်မိုက်ရူးရူးကလေး တင်မေရယ်လေ။ သူကတော့ ဘာမှမသိတဲ့ မိုက်ကန်းခြင်းနဲ့သွားတော့မယ်။ ကြည့်စမ်း တိုက်ပုံအင်္ကျီတောင် ဝတ်ပြီးပြီ။ အဲ ... အဲ ... ဘိုကေလေးများ အဲဒီလို အရင်က စတိုင်မပျက် သပ်လိုက်ပါဦး ဖော်ရယ် ... ဩော်... ခုတင်ပေါ်ပြန်ထိုင်ပြီး စီးကရက်သောက်ရပြန်ပါပြီ။

တင်မေသည် စားပွဲပေါ် လက်ဖဝါးနှစ်ခုကိုထပ်၍ချကာ လက်ဖမိုးပေါ် မေးတင်ပြီး ရီဝေသော မျက်လုံးများနှင့် ငေးနေမိလေသည်။ ဘယ်သူမှ မကြားနိုင်သော စိတ်တွင်းက စကားပြောနေမိလေသည်။ ရှေးက ကိုဖော်ဖေကို တစ်ခါတုန်းက ကျွမ်းခဲ့ဖူးသည့် မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်ကအစ အသေးစိတ်ပြီး မှတ်မိနေ၏။ သူဘာမှ သိပ်ပြီး မပြောင်းလဲ။ နားထင်ဆံစကလေးများ ဖြူနေတာနှင့် မကောင်းမှုကို မွေ့လျော်တာကြာရှည်ခဲ့၍ ဘာကိုမှမမှု၊ မထီသည့် ပြက်ရယ်အပြုံးက မျက်နှာပေါ် ထင်ပေါ်နေတာပဲ ပိုလာပါ၏။ မဖမ်းမိနိုင်လောက်အောင် ပြောင်းပါစေဦး၊ တင်မေတစ်ယောက်ကဖြင့် နောက်ထပ် နှစ်ပေါင်း

နှစ်ဆယ်အကြာမှာလည်း မှတ်မိနေပါဦးမည်။

ကိုဇော်ဖေကမူ စီးကရက်ကိုသာ ဂရုထားပြီး သောက်နေရာက တင်မေ ငေးကြည့်နေသည်ကို သတိပြုမိသွားပြီး ဆတ်ခနဲ ကိုယ်ကိုတွန့်လိုက်လေ၏။ မဝေခွဲနိုင်သလို၊ အံ့သြသလို အမူအရာပေါ်လာပြီး "ဟုတ်ပြီ၊ မင်း သည်လိုနေတော့ ဘယ်သူနဲ့တူသလိုလို ရှိပါလိမ့်" ဟု ကမန်းကတန်း စိတ်ထက်သန်စွာ ပြောလိုက်လေရာ တင်မေသည် အကြီးအကျယ်လန့်ဖျပ်သွားပြီး ကိုယ်ကိုမတ်ကာ အနေအထားပြောင်းလိုက်မိလေ၏။

"အို ... ဘာဖြစ်လို့ လုပ်လိုက်ရတာလဲ" ဟု စိတ်ရှုပ်သွားကာ

"မင်းနဲ့ ငါနဲ့ တွေ့ဖူးသလားဟင် ... တစ်ခါတုန်းက တွေ့ခဲ့ဖူးတယ်ထင်တယ်"

တင်မေသည် မျက်နှာတစ်ဖက်လှည့်ပြီး "တွေ့ခဲ့ဖူးသားပဲ၊ မမှတ်မိဘူးလား" ဟု လေသံကလေးနှင့် ခပ်သဲ့သဲ့ပြောလိုက်လေသည်။

"ဟုတ်ပါတယ် ... တွေ့ဖူးပါတယ်။ ဘယ်မှာပါလိမ့်၊ ပြောပြစမ်းပါဦးကွယ်"

တင်မေသည် ဟားတိုက်ပြီး ရယ်လိုက်ရကောင်းမလား၊ ပေါက်ကွဲပြီး ငိုလိုက်ရကောင်းမလားဟု ခဏမျှ တန့်နေမိလေသည်။ တတ်နိုင်လျှင်တော့ နှစ်ခုစလုံးမလုပ်မိအောင် ချုပ်တည်းမည်ဖြစ်လေ၏။ ကိုယ့်ကို မမှတ်မိသည့် ချစ်သူမျက်နှာကိုလည်း စစ်ဆေးသည့်အပြုံးဖြင့် စိုက်ကြည့်လိုက်ဖို့စိတ်မရှိ။ ကိုဇော်ဖေ၏ ဘယ်မိန်းမကိုမှ မလေးစားသည့် ပြက်ရယ်ပြုံးကိုလည်း ဒေါသထွက်ဖို့ စိတ်မကူး။

တစ်မိနစ်ပဲရရ၊ ရသမျှအချိန်ကလေးတွင် စားပွဲပေါ် လက်ဖဝါးနှစ်ခုထပ်၍ချကာ လက်ဖမိုးပေါ် မေးတင်ပြီး ငေးနေချင်စိတ်သာ ရှိလေသည်။

"ပြောစမ်းပါကွ၊ သိရအောင်" ဟု သူက မေးပြန်၏။ တင်မေက ရုတ်တရက်ရှိုက်၍ ခေါင်းကိုသာ ဆောင့်လိုက်မိလေ၏။ ကိုဇော်ဖေက ခရီးမခံသာဖြစ်သလို စီးကရက်ကို လွှင့်ပစ်ကာ ဗြုန်းခနဲထလာပြီး တင်မေကို ကျုံးမပွေ့ယူလိုက်၏။ မေးဖျားကိုပင့်၍ မော့စေပြီး စူးစိုက်

ကြည့်ကာ ... "မပြောဘူးလား–ပြောမလား" ဟု ညစ်ပြီးမေး၏။

"အို ... အို ... လွှတ်ပါဖော်"

"ဖော် ... ဟုတ်လား။ ငါ့မယားတောင် ဖော်လို့ တစ်ခါမှမခေါ်ဖူးဘူး။ မင်းနဲ့ ငါနဲ့ တွေ့ခဲ့ဖူးတာ အမှန်ပဲ။ ကဲ– ဆိုစမ်း၊ ဘယ်မှာလဲ"

တင်မေသည် ကြမ်းတမ်းသည့်လက်မောင်းများကြားတွင် ငြိမ်၍သွားကာ သူ့ရုပ်အင်္ကျီ ကြယ်သီးကြိုးမှ ရွှေစကြာကလေးကို လှုပ်ကစားကာ နေလေ၏။ ရှည်ဝေးလှသည့် အရပ်ဟောင်းကို ပြန်ရောက်နေ၏။ စိတ်ဟောင်းများ ပြန်လည်လာလေ၏။ ကိုဖော်ဖေက အဖြေကို စောင့်နေရာက သက်ပြင်းချပြီး တင်မေ့ကိုယ်ကလေးကို သတိပေးသလို လှုပ်လိုက်လေရာ ...

"အဝီစိမှာ"

ကိုဖော်ဖေ ပွေ့ထားသည်ကို မြန်ဆန်စွာ လွှတ်ချလိုက်လေသည်။

ရုတ်တရက်မို့လည်းတစ်ကြောင်း ... ငယ်ငယ်ကလို အင်အားမရှိတော့သည်ကလည်း တစ်ကြောင်းနှင့်မို့ တင်မေမှာ နောက်ပြန်ယိမ်းယိုင်သွား၏။ တံတောင်ဆစ်နှင့် စားပွဲကို ပြင်းထန်စွာ ခိုက်မိသွား၏။ ကိုယ်ကို မနည်းဟန်ပြီး ကုလားထိုင်ပေါ် ပြန်ထိုင်ရသည်။ ကျဉ်၍သွားသော တံတောင်ဆစ်ရိုးကို လက်နှင့်ဆုပ်ပြီး မောပန်းစွာ မော့ကြည့်နေမိပြန်သည်။ အရင်တုန်းက ဖော်ပဲနော် ... ရက်စက်တုန်းပဲ။

ကိုဖော်ဖေကား အော်၍ရယ်လျက်ရှိလေသည်။

"ဟား ဟား ... ဒါဖြင့် တို့သေပြီးရင် အဝီစိမှာ ပြန်တွေ့ကြဦးစို့လားဟင်"

"အို ... ဒီဘဝမှာ ရှင်ပြန်မလာတော့ဘူးလား" ဟု လွမ်းဟန်ပြုကာ သရော်လိုက်မိလေသည်။

"ခက်တာက ကိုယ့်ချစ်သူက ပိန်လည်းပိန်၊ အိုလည်းအိုနေပြီကွ။ ဒါပေမဲ့ ခွဲမသွားဘူးလို့တော့ မပြောနိုင်ပါဘူးလေ။ ပြီးတော့ ပြန်တွေ့ဦးမယ်ဆိုလည်း အချိန်တွေ အများကြီးကျန်ပါသေးတယ်။ တော်တော်နဲ့ မသေသေးပါဘူးနော်။ ဩော် ... မင်းအသက် ဘယ်လောက်ရှိပြီလဲ

ဟင်။ ၁၆ နှစ်လား၊ ၁၈ နှစ်လား”

လှောင်သေးတယ် ဇော်ရယ်။ သို့ပေမဲ့ တင်မေကတော့ သူ လှောင်တာ၊ ရက်စက်တာ၊ ကြမ်းတမ်းတာတွေကို တေပေပြီး တွေ့ခဲ့ ရဖူးပြီဖြစ်၍ ရင်တွင်းမှာ ဘာမှမဖြစ်တော့ပါ။ တင်မေသည် အင်မတန် လည်သည့်ဟန်မျိုးကို အစုရနေပြီးဖြစ်ရာ သူ့ကိုယ်သူမသိဘဲ ကိုယ် အထက်ပိုင်းကို တွန့်ခနဲလှုပ်ကာ ခေါင်းတစ်ချက်ညိတ်၍ မျက်စိ တစ်ဖက် မိုတ်လိုက်မိပြီး ပြုံးတစ်ဝက် မဲ့တစ်ဝက်နှုတ်ခမ်းနှင့် ...

“အို ... ရှင်နဲ့တွေ့တဲ့အခါတိုင်းဟာ ၁၅ နှစ်ပဲ”

တင်မေသည် မိမိအမူအရာကို ပြန်သတိရပြီး ထိတ်လန့်သွားမိ လေသည်။ ဒါဟာ အပေါစားမဆန်ဘူးလား။ စင်စစ်တော့လည်း ငွေနှင့်လာသည့် ယောကျ်ားဟူသမျှကို သည်လိုအမူအရာမျိုး၊ သည်လို အပြောမျိုးနှင့် ဧည့်ခံရမည့်သူအဖို့ အပေါစားဆန်ရမှာက ဓမ္မတာ ပင်ဖြစ်ပေသည်။ သို့သော် ကိုဇော်ဖေတစ်ယောက်ကိုမူ ဘယ်ဘဝက နေပြီးပဲဖြစ်ဖြစ် တင်မေသည် သစ္စာရှိသော ချစ်သူကောင်းတစ်ယောက် အဖြစ်နှင့် လက်ခံချင်လေ၏။ ထူးတော့ လည်း မထူးပါဘူးလေ။ ခု ရွှေပေးမရသည့် ဣန္ဒြေကလေးနှင့် ချိုချိုကလေးပြုံးပြီး ကြိုမယ်ဆို လျှင်လည်း ဒါဟာ တင်မေလို့သိမှာမှမဟုတ်ဘဲဟု တင်မေ သက်ပြင်း ချလေ၏။

ကိုဇော်ဖေကမူ တင်မေဖြေပုံကို သဘောကျကာ အော်ရယ်လျက် ရှိပြန်၏။

ကြည့်လေ ... ရယ်နေလိုက်တာ ... ခေါင်းကိုနောက်ပစ်ပြီး ပေါ့ဆဆ ရယ်ပစ်လိုက်လို့ပါကော။ ဟိုတုန်းက ... ဟိုတုန်းက ဟန် ကလေးတွေ။ နီရဲနောက်ကျိနေသော မျက်လုံးများတွင်းက မျက်ရည် များပင် ကျလာပါပြီ။ အသားကလည်း ပွစိစိနှင့် အဆီပြန်လို့။ သို့ပေမဲ့ စက်ဆုပ်စရာကြီးလို့လည်း ခုတောင် မထင်နိုင်ပါလားကွယ်။

“ဩော် ... ၁၅ နှစ်ဆိုတာကို သဘောကျနေသကိုး”

တင်မေသည် မျက်တောင်တွန့်ပြီး သူ ရယ်နေသည်ကိုသာ ကြည့်နေမိလေ၏။ မိမိပြောလိုက်တုန်းကတော့ ခု သူကောက်ယူသည့်

အဓိပ္ပာယ်မျိုးနှင့် မဟုတ်ချေ။ တိုက်ဆိုင်ချင်၍သာ တိုက်ဆိုင်သွားပေသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့် တင်မေ ၁၅ နှစ်သမီးက တွေ့ခဲ့သည်များကို သူ တကယ်ပင် မေ့လေပြီ။

တင်မေ ပြောလိုက်သည်မှာ မှန်ကန်သော သစ္စာစကားပေတည်း။ တင်မေ့ဇာတ်လမ်းမှာ စင်စစ် ၁၅ နှစ်သမီးက စလေသည်။ ဒီတော့ ၁၅ နှစ်ဆိုသည့်အရွယ်ကို ဘယ်မှာ မေ့နိုင်ပါ့မလဲ။ ကိုဇော်ဖေကို ယခု ၃၅ နှစ်အရွယ်မှာ တွေ့ပြန်လည်း ၁၅ နှစ်သမီးအရွယ်က စိတ်များနှင့် တွေ့ရသည်။ သူ့ကို အစွဲကြီးစွဲနေသည့် မိုက်မဲသောစိတ်များသည် ခုလည်း မိုက်မဲလျက်ပင်ရှိကာ နောင်လည်း ဆက်၍ မိုက်မဲဖို့အသင့်ရှိလေသည်။ ခုနေများ ကိုဇော်ဖေက တင်မေကို ပြန်မှတ်မိပြီး ...

တင်မေသည် ဇရာဖိစီး၍ အမယ်အိုဖြစ်သည့်တိုင်အောင်ပင် မိုက်မဲချင်လှပါသည်။

သည်တော့ ဘယ်ခါမှာမဆို ကိုဇော်ဖေတစ်ယောက်အပေါ်မှာဖြင့် တင်မေသည် အမြဲတမ်း ၁၅ နှစ်ပဲရှိပေမည်။

ကိုဇော်ဖေသည် ရုတ်တရက် တင်မေကိုရော၊ ထိုအခန်းကျဉ်းကလေးကိုပါ ငြီးငွေ့သွားသလို အပြင်းအထန် သမ်းလိုက်ပြီး အိတ်ထဲက တစ်ဆယ်တန် ငွေစက္ကူလေးရွက်ကို ထုတ်၍ စားပွဲပေါ်ပစ်တင်လိုက်လေ၏။ တင်မေလည်း ရင်ထဲတွင် လှိုက်လှဲဝမ်းနည်းသွားပြီး မျက်လုံးများ ရီဝေလာပြန်၏။ မသိလိုက် မသိဘာသာ လက်ဖဝါးနှစ်ခုကို ယှက်၍ စားပွဲပေါ်ချကာ လက်ဖမိုးပေါ်မေးတင်ပြီး ငေးနေမိပြန်၏။

"ဟော" ဟု ကိုဇော်ဖေက ဆိုလေ၏။

"အဟုတ်ပါ ... မင်းကို တစ်ခါတုန်းက သိဖူးပါတယ်။ အဝီစိမှာတော့ မဟုတ်ပါဘူးကွယ်။ နတ်ပြည်မှာလို့ ငါထင်တယ်"

ကိုဇော်ဖေသည် တင်မေ့နဖူးလေးကို မတို့တထိနမ်းကာ ပေါ့ပါးစွာ ထွက်သွားလေသည်။

သူ ညကလာပြီး မနက်ကျတော့ သွားပြီလေ။ လေဟာနကပြေးဆင်းသွားသည့် ခြေသံများသည် ဆူညံရာက အဝေးရောက်တော့ ပျောက်သွား၏။ တခြားယောကျ်ားတွေနှင့် ဘာမှမကွာခြား။ တင်မေ

သည် အပြေးထပြီး ပြတင်းက မျှော်ကြည့်လိုစိတ်လည်း မပေါ်တော့။ သည့်ထက်မက အနောက်က အတင်းလိုက်ပြီး ဖမ်းတောင်မှ ကိုဇော်ဖေသည် သူ့စိတ်က မလိုတော့ဘူးဆိုသည့်အခါမှာ လှည့်ကြည့်ဖို့ စိတ်ကူးတော့မည်မဟုတ်ချေ။ တင်မေကတော့ သိခဲ့လှပါပြီ။

ထို့ပြင် လာပြီး ပြန်သွားသည့်အဖြစ်မျိုးက တင်မေ့အဖို့ ရိုးလှပေပြီ။

ယခုလိုတော့ ဘယ်တုန်းက တွေ့ငိုင်ပြီး ကျန်ရစ်ခဲ့ဖူးပါသလဲ။ အမှန်မှာ တွေငိုင်ရုံတင်မကဘဲ ဇော် ... ဇော် ... အို .. ဇော်ဟု တမောတပန်းကြီးပင် တသပြီး နေရစ်ပါသေး ၏။ လက်ဖမိုးပေါ်မှာ ပူနွေးသောအရည်များ ရွဲနေ၏။ စားပွဲခုံပေါ်သို့ပင် ကျရောက် စိုစွတ်နေပါသည်ကော။ မထင်ဘဲနှင့် ကိုယ့်ကိုယ်ကိုယ် ငိုနေမှန်းသိရ၍ လန့်ဖျပ်မိသေး၏။

စင်စစ်တော့လည်း တင်မေလို အသားအရေခြောက်ခန်းပြီး အသက်ကြီးရင့်သည့် ပြည့်တန်ဆာမကြီးတစ်ယောက် ငိုနေသည်ကိုမြင်လျှင် ဘယ်သူသည် ချစ်သူစွန့်ပစ်၍ ၁၅ နှစ်ရွယ် အပျိုပေါက်စကလေးတစ်ယောက် ငိုနေသည်ဟု ထင်ပါလိမ့်မလဲ။ ဤသို့ တင်မေသည် အမြီးအမောက်မတည့် တွေးကာရှိသည်။ ဒီဟာမကြီး ဝါရင့်လွန်းလို့ ညည့်မရှင်တော့တာနဲ့ ငိုနေတယ်လို့ ထင်မှာပေါ့...။

သို့သော်လည်း ကိုဇော်ဖေနှင့်ပတ်သက်ပြီဆိုလျှင် တင်မေသည် သူ့ကိုယ်သူ အရာရာပစားပေးထားသည်ဖြစ်ရကား မျက်ရည်ကို သုတ်ဝစ်ဖို့ပင် မကြိုးစား၊

"ဇော်ရယ် ... ဇော်ရယ်" ဟုပင် တ,တပြီး ငိုရှိုက်လိုက်ချေသေး၏။

ကဲ ... သူသွားပြီလေ။ တင်မေကိုမှ တင်မေမှန်းမသိဘဲ တစ်ခါတည်း ထွက်သွားပြီး မသိသား ဆိုးဝါးလှချေလား ဇော်ရယ်။ တင်မေကိုမှ မမှတ်မိနိုင်လောက်အောင် ဦးနှောက်ထဲမှာ အရက်ခိုး အရက်ငွေ့တွေ ဆို့ပိတ်နေပြီလားကွယ်။ တွေ့ရတဲ့ မိန်းမတွေ ထောင်သောင်းမကများလွန်းလို့ တင်မေတစ်ယောက်ကို ကောက်ပြီး မမှတ်မိနိုင်တာလေ

လားကွယ်။

အမှန်ဆိုရလျှင်မူ ညကတုန်းကဖြင့် သူများ မှတ်မိသွားတော့မှာလား။ မှတ်မိသွားတော့မှာလားဟု တထိတ်ထိတ်ပူကာ ဣန္ဒြေချည်းပျက်နေမိလေသည်။ တင်မေမှာ ဘာမှ မချုပ်တည်းနိုင်ချေ။ သတိထားနေလျက်ကလည်း ယောင်ကာ ဇော် ... ဇော်နှင့် တစ်ဇော်တည်းဇော်မိ၏။ ဦးလေးဇော်လို့များ တစ်ခွန်းထွက်သွားလိုက်လျှင်တော့ လုံးလုံးပေါ်ရချေရဲ့။ ဘုရားသိကြားမလို့ တင်မေကို တွေ့ခဲ့တာ အဝီစိမှာလား နတ်ပြည်မှာလားတောင် သိမသွားချေ ... ဟာ ... ဟာ ...။

ကိုဇော်ဖေသည် တစ်ညလုံး "မင်း ဘာဖြစ်နေတာလဲ" ဟု မေးကာနေ၏။ သူ့စိတ်ထဲတွင် ထူးပါတယ်ဟုတော့လည်း ထင်ချင်ထင်ပေမည်။ တင်မေကတော့ သူ့မှာ ပါလာသည့် ပုလင်းကိုသာဖွင့်ပြီး တစ်ခွက်ပြီးတစ်ခွက်သာ ချော့ပြီး တိုက်နေရ၏။ ကိုဇော်ဖေသည် ဟိုအရင်တုန်းကလိုပင် သောင်းကျန်းမူးရူးပြီး ပစ်စလက်ခတ် အိပ်ပျော်သွားသည့်အခါမှုကား တင်မေသည် အခန်းထောင့်စားပွဲပေါ် လက်ဖဝါးနှစ်ဖက် ထပ်ပြီးတင်ကာ လက်ဖမိုးပေါ် မေးတင်ပြီး သူ့ကိုသာငေးနေမိသည်မှာ မိုးလင်းလုမှ စားပွဲပေါ်ခေါင်းချပြီး မှေးခနဲ ငိုက်ရသည်။ သိပ်မကြာပါဘူး။ ဇော်လာပြီး နှိုးတာပဲမဟုတ်လား။

နောက်ဆုံးမှာမူ ကိုဇော်ဖေသည် မိမိကို သည်အသက်အရွယ်အထိ သည်ဘဝထဲကနေပြီး အစွဲကြီးစွဲနေသေးသည့် ချစ်သူထံကလား၊ ငွေလေးဆယ်ပေးလျှင် တစ်ညပျော်ရသည့် ပြည့်တန်ဆာထံကလားဟူ၍မှ ခွဲခြားမသိသည့် မိုက်ကန်းခြင်းနှင့် ထွက်သွားချေပြီ။ တကယ်တော့ ဤသို့လျှင် တင်မေကို တင်မေမှန်းမသိဘဲ လာပြီး ပြန်သွားရုံသာရှိသည့်ကိစ္စမှ အင်မတန်ဝမ်းသာစရာ .. အို၊ ဆို့တက်အသက်ပျောက်သွားလောက်အောင်ကို ဝမ်းသာပစ်ချင်စရာပဲဖြစ်တော့လေသည်။

တစ်ခါတုန်းကလည်း (တင်မေ ပြန်ပြီးမှတ်မိပါသေး၏) ခုလိုပင် တင်မေသည် လက်ဖဝါးများကို ယှက်၍ စားပွဲပေါ် ချကာ မေးတင်ပြီး ငေးနေခဲ့မိဖူးလေသည်။

အင်း … နည်းနည်းပဲ ကွာသည်ကတော့ ထိုအခါက တင်မေသည် ၁၅ နှစ်အရွယ် မြူမတင်သည့် အပျိုပေါက်ကလေးသာရှိသေးခြင်းဖြစ်တော့လေ၏။

စားပွဲပေါ်တွင် အရက်ပုလင်းနှင့် ဖန်ခွက်ရှိသည်ထင်ပါရဲ့။

စားပွဲတစ်ဖက် တင်မေနှင့် မျက်နှာချင်းဆိုင်တွင် ကိုဇော်ဖေထိုင်လျက်ရှိလေသည်။ သူ့ဆံပင်များသည် အမြဲထိုးထိုးထောင်ထောင်ရှိကာ မျက်လုံးများလည်း ရီဝေ နောက်ကျိလျက်ရှိ၏။ ကော်လာလည်ပင်းသည်လည်း ပွင့်ဟနေ၏။ အတော်ကို ဝင်သွားပြီဖြစ်၍ ခြေပစ်လက်ပစ် ဖြစ်နေပေ၏။ လက်ဖျားမှာ တုန်တုန်ရီရီနှင့် ပုလင်းနှင့်ဖန်ခွက်ကို ဘယ်ဟာမှ မြဲအောင်မကိုင်နိုင်ချေ။ အရက်ငှဲ့ထည့်သည့်အခါ ဖန်ခွက်ထဲ ဖြောင့်ဖြောင့်တန်းတန်းမကျဘဲ စားပွဲပေါ်သို့ ဖိတ်ဖိတ်နေ၏။ ဖန်ခွက်ကိုယူပြီး သောက်ပြန်တော့လည်း ရှေ့သွားနှင့် ဖန်ခွက်နှုတ်ခမ်းက ဆောင့်မိသေး၏။ အင်္ကျီရင်ဘတ်က ပေပေရေရေ။

ဒါကတော့ တင်မေ အစွဲကြီးစွဲသည့် ကိုဇော်ဖေ့စတိုင်။

တင်မေသည် သူ သောက်နိုင်သမျှ သောက်နေစဉ်မှာ စကားတစ်လုံးမျှမပြောဘဲ ငေးပြီး မျက်တောင်မခတ်ဘဲ ကြည့်နေမြဲဖြစ်လေ၏။ တင်မေ့မျက်စိထဲတွင်မူ သူ့အမူအရာများသည် အင်မတန် ဟန်ပါ၏။ ဘာကိုမှ ဂရုမစိုက်ပုံကလေးကလည်း သူရဲကောင်းဆန်သလိုလို၊ နောက်ဆုံး၌ ကိုဇော်ဖေသည် စားပွဲပေါ် ထိုးပြီးကျသွားတတ်သည်။ တင်မေ့ခေါင်းကိုလည်း လက်ကိုနှိုးကားရားဖြင့် လာရိုက်မိတတ်သည်။ သူ့မယား မခင်သန်းက နောက်ဖေးမီးဖိုချောင်ကနေပြီး ဆဲဆိုကာနေတတ်သည်။ တင်မေသည် သူ့ကိုယ်ကြီးကို မနိုင့်တနိုင်နှင့် ထူမကာတွဲပြီး အိပ်ရာပေါ် အရောက်ပို့ရမြဲဖြစ်လေသည်။ တစ်ခါတလေ သူ့ခေါင်းကြီးကို ခေါင်းအုံးပေါ်ချ၍မရဘဲ တင်မေ့ရင်ခွင်ပေါ်မှာ မှိန်းပြီးကြာလျှင် အိပ်ပျော်သွားတတ်၏။ သည်တော့မှ တင်မေ ထလာနိုင်တော့သည်။

တင်မေ့အင်္ကျီများသည် မကြာခဏ အရက်များ ပေရေကုန်၏။ အရက်အနံ့အသက်များလည်း ကိုယ်မှာ ကပ်လာ၏။ တင်မေကတော့

ချိုချဉ်မွှေးမြသည့် ရနံ့တစ်မျိုးကလေးဟု ယူဆ၏။ တင်မေမှာ ရင်တနွေးနွေးနှင့် ငိုချင်သလို ခံစားပြီး ကျန်ရစ်တတ်လေသည်။

သည်လိုဖြစ်ရသည်မှာ ကိုဇော်ဖေတို့ ပြောင်းလာပြီး ခင်မင်လာကြသည့်အချိန်ကတည်းကပင် ဖြစ်လေ၏။ တစ်နှစ်ကျော်သွားပေပြီ။ တင်မေသည် ကိုဇော်ဖေအိမ်ကို ချည်းကူးကာ နေလေသည်။ နှုတ်ခမ်းမှာ "ဦးလေးဇော် ... ဦးလေးဇော်" နှင့် ခေါ်၍မပြတ်။ တင်မေမှာ ရင်ထဲတွင် တနွေးနွေးနှင့် နှာခေါင်းတွင် ချိုချဉ်မွှေးမြသည့် ရနံ့ကလေး တစ်ရစ်ဝဲဝဲဖြစ်နေခြင်းမှာ တဖြည်းဖြည်း ပြင်းထန်လာ၏။

ကိုဇော်ဖေကတော့ တင်မေ့ကို ကလေးလေးထင်နေ၏။ တင်မေ ထွားကျိုင်း ဖွံ့ဖြိုးလာတာကိုလည်း သတိမထား။ တင်မေ့မျက်လုံး ငေးငေးများကိုလည်း အဓိပ္ပာယ်မရှာ။ အရက်သောက်တာ၊ မိန်းမလိုက်တာကို အမြဲဆူပူဆဲဆိုသည့် မယားအစား ပြုစုအလိုလိုက်သည့် တူမကလေးလိုချစ်ခင်သည်။ ကိုဇော်ဖေ၏လောကတွင် တင်မေတစ်ယောက်သာ သူ့ဘက်သားရှိ၏။ ထို့ကြောင့် တင်မေကို ဖြူစင်စွာချစ်၏။ ဒါကိုသိသည့် လူတစ်ယောက်ကတော့ တင်မေ ကံကောင်းနေသေးသည်ဟု ဆိုမည်ဖြစ်လေ၏။

တင်မေကတော့ မိမိကံကို မိမိ ဖန်တီးချင်ပြီ။

သောက်တာက ကိုဇော်ဖေဖြစ်သော်လည်း စင်စစ်ရူးမူးတာက တင်မေပင်ဖြစ်တော့ လေ၏။ ရင်တွင်းမှာ မချိမဆံ့ဖြစ်လွန်းတော့ နည်းလမ်းကိုရှာ၏။

ဥပမာဆိုပါတော့ ...

တစ်ညနေတွင် ကိုဇော်ဖေနှင့် တင်မေတို့မှာ မြို့ပြင်လမ်းလျှောက်ခင်း၏ နံဘေး မြက်ခင်းမှာ ရောက်နေကြလေ၏။ သူက မြက်ခင်းပေါ် ဝယ်မှောက်ကာ မြက်ပင်ကလေးများကို နုတ်လျက်ရှိ၏။ မှုးပြီး ထိုးမလဲသည့်တိုင်အောင် အမြဲတမ်းတော့ ခပ်ထွေထွေရှိရကား တင်မေစွဲသည့် သင်းရနံ့ကလေးကတော့ တပျံ့ပျံ့နေလေ၏။ ထွေထွေကလေး ဆိုပြန်တော့လည်း သူ့ဟန်ပန်က တစ်မျိုးချစ်စရာ၊ တင်မေမှာမူ လက်ဖမိုးပေါ် မေးတင်၍ ငေးသည့်မျက်နှာထားမျိုးဖြင့် သူ့ကိုသာ တစိုက်မတ်မတ်

ေးကြည့်ကာ နေလေ၏။ ကြက်သီးထနေ၏။ ချမ်းစိမ့်ပြီးနေလေ၏။ ပြီးတော့ ငိုချင်လာ၏။

တင်မေက သူ့နဖူးပေါ်ကျနေသော ဆံပင်ကို တင်ပေးရင်းက နဖူးကို နောက်သို့ လန်ကျသွားအောင် နှိပ်လိုက်ပြီး မျက်နှာကို မော့စေလေ၏။ ထို့နောက် မရိုးသားသဖြင့် တုန်လှုပ်နေသောအသံဖြင့် ...

"ဦးလေးဇော်"

"ဘာလဲ"

"ဦးလေးဇော်"

"ဘာလဲဟ"

"ဦးလေးဇော်"

သည်အခါမှာတော့ တင်မေသည် ငိုသံပါလာပြီး တင်မေ့မျက်နှာသည်လည်း သူ့ မျက်နှာပေါ်ကျလာတော့မလို နီးကပ်လာလေရာ ကိုဇော်ဖေသည် "ဩော် ... ကျပ်လိုက်ပါဘိ" ဟု ညည်းရင်း လူးလဲထလေသည်။

"ဘာဖြစ်နေတာလဲ တင်မေ"

တင်မေသည် ခေါင်းကိုသာ ခါနိုင်လေ၏။ သူက ရိပ်မိပုံလည်းမရ။ တင်မေသည် သူ့ကိုမကြည့်တော့ဘဲ မျက်နှာလွှဲနေလေ၏။ တင်မေမျက်နှာကလည်း သွေးလျှမ်းပြီး နီရဲနေ၏။ သူမသိအောင်လည်း တိတ်တဆိတ်ရှိက်လျက်ရှိလေ၏။ ကိုဇော်ဖေကမူ ကောင်မလေး အရူးထတာပါဟူသော့အနေဖြင့် ဂရုမစိုက်ဘဲရှိလေသည်။

"ဦးလေးဇော်"

"လာပြန်ပြီ"

"ဦးလေးဇော်လို့ မခေါ်ချင်ဘူး"

"ဦးလေးပေလို့ခေါ်ဟာ" ဟု သူက စိတ်ပေါက်ပေါက်နှင့်ပြော၏။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်နေပြန်လေ၏။

"ဦးလေးဇော်"

ကိုဇော်ဖေက သက်ပြင်းချလေ၏။

"မခင်သန်းကို တင်မေ မုန်းတယ်"

"ဟား ဟာ ... ဘာဖြစ်လို့လဲဟင်"

"သူက အားအားရှိ ဆူပူနေတာပဲ။ သူဆူတာ ဘာဖြစ်လို့ခံနေရတာလဲဟင်။ ပြီးတော့ ဦးလေးဇော်ကို ပျော်အောင်မထားဘူး။ ဘာမှလည်း ဂရုမစိုက်ဘူး။ တင်မေသာမရှိရင် ဦးလေးဇော် သိပ်မူးတဲ့အခါ ဘယ့်နှယ်လုပ်မလဲ"

တင်မေသည် မြန်ဆန်စွာပြောလေ၏။ ကိုဇော်ဖေက ဘာမျှမပြော။ တွေးနေဟန် ရှိလေ၏။ တင်မေကတော့ မိမိစိတ်များ လေနေသည်ထင်၏။ အမှန်ပင် လေနေ၏။ ထို့ကြောင့် မှောင်၍ အိမ်ပြန်ရန်ထကြသည့်အခါတွင် တင်မေသည် "ဇော်ရယ်" ဟု မကြားတကြားသက်ပြင်းကလေးမှုတ်ထုတ်လိုက်မိလေ၏။ ကိုဇော်ဖေက အံ့သြသလိုဖြစ်သွားပြီး သူ့နားသူ မယုံနိုင်သလို ဘာမျှမပြောဘဲနေလေ၏။

"ဇော်" ဟု လမ်းယှဉ်လျှောက်ရာက ရဲတင်းမိုက်မဲစွာ ခေါ်လိုက်မိလေ၏။

"ဇော် ... ဟုတ်လား"

တင်မေသည် မျက်နှာကိုတစ်ဖက်လှည့်ပစ်ပြီး "ဟောဒီလမ်းဟာ ဘယ်တော့မှ မဆုံးရင် ကောင်းမှာပဲ ဇော်" ဟု လွမ်းလွမ်းဆွေးဆွေး ညည်းညူလိုက်လေရာ

"ဘာဖြစ်လို့လဲကွယ်"

"အိမ်ပြန်မရောက်အောင်လို့ပေါ့"

သည်အခါမှာမူ သူသည် မျက်နှာအနည်းငယ် နီလာပြီထင်၏။ တင်မေက ဝမ်းသာ၏။ ရှက်စိတ်ဆို၍ နည်းနည်းမှလည်း မရှိပါ။ မိုက်ချင်နေ၏။ ဘေးအန္တရာယ်ကို တောင့်တနေ၏။ တင်မေသည် သူ့အနားတိုးကာ ခါးကို သိုင်းဖက်လိုက်လေ၏။ အရောဝင်နေကျမို့ မထူးဆန်းသည့်အပြုအမူ၊ သို့ပေမဲ့။

ကိုဇော်ဖေက ချောက်ချားနေသောအသံဖြင့်

"တင်မေ ... နင် မငယ်တော့ဘူး"

"သိသားပဲ" ဟု ပေါ့ဆစွာ ခေါင်းကိုမော့ပြီး ပြောလိုက်မိသေး

၏။

ခဏကြာသော် ကိုဇော်ဖေ၏လက်မောင်းသည် တင်မေ့ပခုံးပေါ် လာတင်လေ၏။ သူတို့နှစ်ယောက်သည် တင်းကျပ်စွာဖက်ရင်း မှောင်ထဲတွင် ဖြည်းလေးစွာလျှောက်ကာ နောက်ဆုံးတွင် အိမ်ပြန်ရောက်ကြလေ၏။ သူ့စိတ်ထဲ ဘာရှိမည်တော့ ခုထိ တင်မေမသိ။ တင်မေက တော့ ပျော်သည်။

တင်မေသည် ခုကစပြီး ပျော်ရတော့မည်ထင်လေသည်။ သို့သော် နောက်တစ်နေ့တွင် ကိုဇော်ဖေသည် ဘာကိုမှ မမှတ်မိတော့သလို နေလေ၏။ ညကအဖြစ်ကို မူးပြီးမက်သည့် ကတောက်ကတက် အိပ်မက်ဟုပင် ထင်နေသလားမသိ။

တင်မေသည် သူသောက်သမျှကိုသာ စားပွဲပေါ် လက်ဖဝါး နှစ်ခုယှက်ချပြီး မေးတင်ကာ ကြည့်ရှုံသာ တတ်နိုင်လေတော့သည်။

တင်မေ့အသည်းထဲက ဇော်သည် ငါးရက်မျှ ပျောက်သွားလိုက် သေးသည်။ ကိုယ့် ဇော်ကိုဖြင့် တင်မေ အတွင်းသိ အစင်းသိဖြစ်လေရာ ငါးရက်လုံးပင် စိတ်တိုနေရပေသည်။ ဇော်ကား လူပေလူတေတစ် ယောက်ဖြစ်လေရာ သည်လိုပဲ ပျောက်သွားတတ်သည်။ အရက်သမား တစ်စုနှင့် မလင်းအောင်သောက်လိုက်။ ရီတီတီကြားဖြတ်ကာလ ကလေးများတွင် ဟိုတယ်မယ်တွေနှင့် တစ်ဖက်ငါးရာ လူးလိမ့်နေ တတ်၏။ ဒါကို တင်မေ အတတ်သိ၏။

တင်မေကမူကား ဇော် ပြန်မလာမချင်း စိတ်ထဲက ဘာဖြစ်မှန်း မသိ ဒေါသဖြစ်သလို၊ စိတ်ညစ်သလိုနှင့် လှုပ်ရှားထကြွသောဝေဒနာ ကို ခံစားနေရလေ၏။

ဇော်၏မိန်းမ မခင်သန်းကမူ လာလျှင် ဆူပူလိုက်မည်၊ ကြိမ်း မောင်းလိုက်မည်ဟု ဟန်ပြင်ထား၏။ အဆူအပူများကိုကြောက်၍ လည်း ဇော်က ထွက်ပြေးတတ်၏။

တင်မေကမူကား ဆူးတောင်များရှိသော လိပ်ပြာကိုလိုက်လံကာ ဖမ်းချင်နေ၏။ တင်မေ၏စိတ်ကူးတိုင်းပြည်ထဲတွင်ကား ပန်းလိပ်ပြာ ကလေးမှာ ဆူးကလေးတွေနှင့်။ ဖယ်လိုက်လျှင် လက်ကို လာ၍

ရှုတတ်၏။ စူးတတ်၏။ ဒါပေမဲ့ စူးတာရှုတာကလေးကိုပဲ လိုချင်သလား၊ မလိုချင်သလား မခွဲတတ်။ စိတ်ထဲကမူ လာ၍စူးလျှင် "အမယ်လေး" ဟု အော်ပစ်လိုက်ချင်၏။ အော်လိုက်ရမှ စိတ်က ပြေသွား၏။

တစ်နေ့လုံး ပြတင်းမှမှီကာ ဇော်ကို စောင့်နေ၏။

မခင်သန်းမှာ မီးဖိုချောင်မှ ကျိန်ဆဲရေရွတ်လျက်ရှိ၏။ သို့သော် အရိပ်အယောင်မှ ပေါ်မလာ။ လေက တိုက်ဖော့တိုင်း ရွှေ့လျား၍နေသော သစ်ပင်ရိပ်များကို တင်မေက ကျိန်ဆဲနေ၏။ ပြာသော ကောင်းကင်မှာ ကြေးမုံလို ဝင်းလက်နေသည်။ သစ်ကိုင်းသစ်ခက်တို့မှာ အောက်သို့သာ ငိုက်ယွန်းနေကြသည်။ မြေပြင်ပေါ်တွင် လာ၍ထင်ကြသော အကွက်တို့မှာ လေက သုတ်ဖော့လိုက်တိုင်း ပြား၍ပြား၍ သွားကြလေ၏။ ပုံသဏ္ဍာန်တို့သည် တွန့်ယှက်ကာ ဝါးသွားကြ၏။ နောက် ပြန်၍ငြိမ်လာ၏။ နောက် ပြန်၍ ဝါးသွားပြန် ၏။

တင်မေမှာ စိတ်မှန်းလို့ မတည်မကျ။ ဇော် ... ဇော် ... ပြန်လာပါတော့ကွယ်။ သို့သော် လေတစ်ချက်အဖော့တွင် မြေပြင်မှအရိပ်ကွက် အရိပ်ပြောက်တို့သည် လွင့်ပါ၍ လူပ်ရှားသွားကြပြန်လေ၏။ ပုံသစ်တစ်ခုသို့ ကူးပြောင်းသွားကြပြန်လေ၏။ သည်လိုနှင့် ဒေါသထွက်ရပြန်ပါ၏။

ကနေ့ကလည်း ဇော် အိမ်ပြန်မလာ။ တင်မေသည် အစောကြီး အိပ်ရာဝင်သည်။ တစ်ရေးနိုးသောအခါ တစ်ဖက်ခန်းမှ ဇော်၏အသံကြားရ၏။ အရက်သံမှာ ပြတ်သားစွာ ပေါ်လာ၏။ မိန်းမက ဆူ၏။ တစ်ခါတစ်ခါ ကျယ်လောင်လာ၏။ ဇော်ကမူ တိတ်ချက်ကောင်းနေ၏။

နောက်တစ်နေ့တွင်ကား ဇော်ကို ယခင်က လမ်းလျှောက်လေ့ရှိသော မြို့အပြင် မြက်ခင်းကလေးတွင် တွေ့ကြပြန်လေ၏။

ခါတိုင်းကဲ့သို့ပင် တင်မေက သူ့ကိုကြည့်ကာ မခိုးမခန့်ရယ်၏။

"ဘာလဲ ... ဒီကောင်မလေး" ဟု ဆိုကာ ခေါင်းကိုပုတ်လိုက်၏။ တင်မေက ကျင်လည်ဖျတ်လတ်စွာ ကွေ့ရှောင်လိုက်သဖြင့် လွတ်

သွား၏။ နောက်တစ်ကြိမ်မူ အဖျားခတ်၍ ထိပွတ်မိလေရာ ဆံပင်တွေမှာ ဖွာရရာကြဲသွား၏။

တင်မေ စွဲသည့် သင်းရနံ့ကလေးက မွှေးအပျံ့ပျံ့ ထွက်လာ၏။ မျက်လုံးမှာ ရီဝေနေ၏။ ခါတိုင်းလည်း ရီဝေနေကျ၊ မှုန်ဝေ့ဝေ့ဖြစ်နေကျ။ သို့သော် ဒီတစ်ကြိမ်မူ တင်မေက ပို၍ မူးယစ်နေ၏။ မျက်တောင်မှာ စင်းကျနေ၏။ အကြည့်မှာ ရီဝေနေ၏။

နှုတ်ကမူ "ဇော် ... ဇော်" ဟု တေးကာရန်ယူသလို ရွတ်နေလေ၏။

"ဘာလဲ ... ဒီကောင်မလေး ဘာဖြစ်နေလဲ"

ဒါပဲ ကိုဇော်ဖေက ပြောသည်။

နှစ်ယောက်သား ဆက်၍သာ လျှောက်သွားကြ၏။ အရိပ်များသည် ရှည်သည်ထက် ရှည်လျားလာကြသည်။ နောက် အမှောင်ရိပ်များသည် တစ်ခုနှင့်တစ်ခု ကူးဆက်ကာ ဆက်သွားကြလေသည်။ ကျေးငှက်ကလေးများ တွတ်တွတ်ထိုးသံသည် ဆူညံ၍လာ၏။ ခေါင်းပေါ်မှ အရွက်များ ပြွတ်ကာ မိုးလာကြ၏။

"မှောင်လာပြီကွ" ဟု ကိုဇော်ဖေက ဆို၏။

"မှောင် မှောင် ..."

ကိုဇော်ဖေက ဘာမျှမပြောနိုင်။ ငေးကြောင်ကြောင်နှင့်သာ တင်မေ့ကို စိုက်ကြည့်နေရ၏။ တင်မေကတော့ နည်းနည်းမျှမဖြုံ။ ဘယ်သူ့ကိုမှမကြောက်။ အံ့သြသည့် အကြည့်ကို တင်း၍နေနိုင်၏။

"မှောင် .. မှောင်လေ"

ထပ်၍ပင် ပြောလိုက်သေး၏။

ပန်းရနံ့ကလေးတွေမှာ မှောင်သောသစ်ရိပ်အကြားမှ ဖြတ်သန်းကာ ဝင်လာ၏။ ဘာပန်းတွေ၊ ဘာရွက်တွေ၊ ဘာပင်တွေဟု မခွဲခြားနိုင်တော့။ မြင်မြင်သမျှ စိမ်းမှောင်မှောင် သာ ဖြစ်နေ၏။ ဟိုကတွဲလွဲ၊ ဒီကတွဲလွဲ ဆိုင်းနေတာ ညွှတ်ကိုင်းကာကျနေတာတွေ၊ ပိန်းပိန်းတွေ၊ အပြောက်အပြောက်သာပဲ စိတ်ထဲက သိနေ၏။ ဘာမျှမထင်ရှားတော့။

သို့သော် တင်မေအဖို့ ထင်ရှားနေတာမှာ သင်းတပျံ့ပျံ့ရန့် ကလေး။ အရက်ငွေ့။

တင်မေကသာ စကားတွေပြောနေ၏။ သူက အင်းလိုက်၏။ တင်မေက ပြောရင်း စိတ်ပါလာ၏။ ငယ်ငယ်က တစ်ယောက်တည်း နေခဲ့ရတာတွေ၊ အမေတစ်ညလုံးပြန်မလာ၍ မှောင်ကြီးမည်းကြီးထဲ စောင့်နေရတာ။

"အဲဒီတုန်းကလေ သိပ်ကြောက်တာပဲ သိလား။ သိပ်ကို ကြောက်တာပဲ။ မီးကလည်း မရှိဘူး၊ ဘာမှမမြင်ရဘူး။ ကြယ်ရောင် ကလေးသာ ရှိတယ်။ ဒါပေမဲ့ မလင်းသလိုပါပဲ။ တစ်ယောက်တည်း ဆိုတော့ တစ်မျိုးပဲလေ။ သိပ်ကိုကြောက်တာပဲ။ ဘာမှမမြင်ရပြန်တော့ သရဲတို့၊ တစ္ဆေတို့ကို စိတ်ကူးကြောက်ရတယ်။ တစ်ယောက်တည်းနေ ရတာ စိတ်ကူးဖြစ်တယ်နော် ဇော်ရေ"

ကိုဇော်ဖေကား အင်းလိုက်၍သာ နေ၏။ တင်မေက ဆက်ပြော ၏။

"သိပ်စိတ်ကူးလို့ကောင်းတာပဲ။ ထင်ရာမြင်ရာ လျှောက်တွေး တော့တာပဲ။ နောက် စိတ်ကူးရင်းနဲ့ ကြောက်တယ်ဆိုတာ ဘာမှန်းမသိ တော့ဘူး။ သိပ်လည်း ရယ်စရာကောင်းတယ်။ စိတ်ကူးထဲမှာ ကြယ် ကလေးတွေဟာ စံပယ်ပွင့်ကလေးတွေ ဖြစ်နေကြတယ်။ နောက် စကြာလို လည်ပြီး လကြီးဖြစ်သွားပြန်ရော။ လကြီးက ကြီးလာပြီး မျက်နှာပေါ် မိုးလာတော့တာပဲ။ ငွေရောင်ကလည်း တလက်လက်နဲ့ မျက်နှာကတော့ ကြောက်စရာ မကောင်းဘူးရှင့်။ ပြုံးနေတာပဲ။ အဲဒီကတည်းကစပြီး တစ်ယောက်တည်းနေရတာ မကြောက်တော့ဘူး။ ဇော်ကော ဘယ့်နှယ်လဲ"

ဇော်ကား ခေါင်းကိုသာ တွင်တွင်ခါနေလေ၏။

"နင့်ဟာကလည်းဟာ အရက်မူးတဲ့လူ လျှောက်ပြေးတာကျနေ တာပဲ။ ပေါက်ကရ ရောက်တတ်ရာရာပဲကိုး"

မြို့အပြင် ချောင်းကလေးတစ်ခုနားသို့ ရောက်သွား၏။ တစ်ခါ မှ သည်ချောင်းလေးမျိုးရှိသည်ဟု မကြားဖူး။ ရေမှာ ရေညှိတို့ဖြင့်သာ

ပြွမ်းလေ၏။ မှော်ပင် ပိန်းပင်တို့ကား တရစပ်ပေါက်နေကြ၏။ အပေါ်မှာ ဇလပ်ပင်များက အုပ်၍နေကြ၏။ အကိုင်းများက ညွှတ်ကွေးကာ ရေသို့ထိလုဘနန်းဖြစ်နေလေ၏။ တချို့ပျော့ပျောင်းသော နွယ်ချောင်းတို့သည် ရေထဲတွင် တစ်ဝက်နစ်မြုပ်လျက်ရှိ၏။ ငှက်ကလေးများ၏ တကျီကျီအော်သံမှာ စူးရှ၍လာ၏။ မြူငွေ့တို့ကလည်း သမ်းလာလေသည်။

"နင် မငယ်တော့ဘူး" ဟု ကိုဇော်ဖေက တစ်ချက်ဆိုလိုက်၏။

တင်မေကား ကြားလိုက်သည်ဟုပင် မထင်သည့်အလား "ရေစပ်ကလေး သွားရအောင်" ဟုဆိုကာ ကိုဇော်ဖေလက်ကို အတင်းဆွဲခေါ်နေလေ၏။

"ရေထဲကျသွားလိမ့်မယ်"

"မကျပါဘူး ဇော်ရယ်"

ကိုဇော်ဖေက လက်လျှော့လိုက်၏။ တင်မေသည် ရေစပ်နားသို့ အရောက်သွား၏။ ဇလပ်ကိုင်းများကို လက်နှင့်ဖယ်ရှားပစ်ရ၏။ တင်မေက သမင်မကလေးလို မြူးထူးဖျတ် လတ်စွာ ခုန်ပျံ၍သွား၏။ တစ်နေရာတွင် ခြေတစ်ဖက် ရေထဲနစ်သွား၏။

"အမယ်လေး"ဟု ငယ်သံပါအောင် အော်လိုက်သည်။

ကိုဇော်ဖေသည် ပြေးကာ သွား၍ပွေ့ရ၏။

"ဘာဖြစ်တာလဲကွ"

"ဇော်ရယ်" ဟုဆိုကာ တင်မေက ကိုဇော်ဖေ့ကို ဖက်ထား၏။ ကိုဇော်ဖေကလည်း ပြန်ဖက်ထား၏။

"အိမ်ပြန်မယ်" ဟု တင်မေက အထူးအဆန်းဆို၏။

သည်တစ်ခါမူ ဇော်က မပြန်ချင်။ တင်မေကမူ အမူးပြေလေပြီ။

"ဒီကောင်မလေး သိပ်ခက်တာပဲ"

ဟုဆိုကာ တင်မေ့ကို တိုး၍ဖက်ထား၏။

"လိမ္မာစမ်းပါကွယ်"

"ဘာလိမ္မာရမှာလဲ ပြောစမ်းပါဦး"

"မင်းကိုမင်း ကလေးလေးလို့ထင်နေသလား"

“ကလေးမဟုတ်တော့ ဘာဖြစ်သေးလဲ”

ကိုဇော်ဖေက ရယ်မောကာ နေလေ၏။

သူတို့သည် သစ်ပင်အောက်မြက်ခင်းသို့ လျှောက်သွားကြ၏။ တင်မေ့စိတ်မှာ မခံရပ်နိုင်အောင် ဖြစ်လာ၏။ တင်မေက စိတ်ထဲက အလိုမကျတိုင်း မြက်များကိုသာ ဆွဲနုတ်နေ လေ၏။ ကိုဇော်ဖေကမူ သူ့ဖက်ထား၏။ သို့သော် တင်မေ၏အဖက်က ပို၍တင်းကျပ်၏။

“ဖက်ပါဦး ဇော်ရယ်”

တင်မေ အစွဲကြီးစွဲခဲ့သော ဇော်၏ သင်းပျံ့ပျံ့ရနံ့ကလေးမှာ သင်းမြ၍လာ၏။ အဝေးမှ ချောင်းရိုးတစ်လျှောက် ဝေ့လာသော စိမ်းဆတ်ဆတ်ရနံ့များထက် လှပ၏။ ချစ်စရာလည်း ကောင်းလှ၏။

ဇော်၏ပါးစပ်ကမူ “ခက်တာပဲ” ဟု ညည်းတွားနေ၏။

“ဘာခက်တာလဲ ပြောစမ်းပါဦး။ ပြောလေ ပြောလေ”

ကိုဇော်ဖေကား ဘာမျှမပြောနိုင်။ တင်မေမှာ ကိုဇော်ဖေ၏ မျက်နှာနားသို့ ကပ်ကပ်လာ၏။ နောက် မျက်လုံးနှစ်လုံး ထိသွားကြ၏။ တင်မေက နည်းနည်းမှ မျက်စိကို မပိတ်လိုက်ဘဲ ကြည့်နေ၏။ မြင်သမျှကို ငေးကာကြည့်နေလေ၏။ ကြည့်ရင်း မျက်တောင် စင်းလာ၏။ ငေးလာ၏။

တင်မေက “ဟင့်အင်း .. ဟင့်အင်း”နှင့် ညည်းညူနေလေ၏။

ကိုဇော်ဖေကမူ ကလေးလေးဟုအောက်မေ့ကာ မူးယစ်ယစ်နှင့် ဖက်၍ထား၏။ တင်မေက လူးလိမ့်၍နေလေ၏။ ကိုဇော်ဖေက ငြိမ်သက်ကာ တွေးနေ၏။ ကျေးငှက် ကလေးများသည် တကျီကျီအော် မြည်ကာ သူတို့ကိုယ်ပေါ်မှ ဖြတ်သန်းပြေးသွားကြ၏။

နောက်ဆုံး၌ တင်မေက ကိုဇော်ဖေ့ကို တွန်းပစ်ကာ “ပြန်မယ်” ဟုပြောပြီး ထွက်သွား၏။ ကိုဇော်ဖေမှာ အံ့သြကာ ကျန်ရစ်၏။ ခေါ်၍ လည်း လှည့်မကြည့်။ သည်တော့မှ နောင်တရကာလိုက်၏။ မမီ တော့။ တင်မေကား အနားကပ်ပင်မခံ။ ယခင် လမ်းလျှောက်နေကျ မြက်ခင်းကလေးသို့ ရောက်လာသောအခါ မီလုမီခင်ရှိလာ၏။

“ကောင်မလေး နေဦး”

ဘာမျှပြန်မပြော။

"ကောင်မလေး နေဦးဟ၊ ငါပြောပါဦးမယ်"

လှည့်၍ပင်မကြည့်။

ကိုဇော်ဖေက ပြေးလိုက်သောအခါ တင်မေက ထွက်ပြေး၏။ ဒါနှင့် မြို့ထဲဝင်လာ၍ မမီတော့။

သည်ကတည်းက တင်မေနှင့် ကွဲကြတော့သည်။ တင်မေမှာ အိမ်ထဲက အိမ်ပြင် မထွက်ဘဲနေ၏။ နေနိုင်အောင်လည်း နေ၏။ ကိုဇော်ဖေမှာ အစကတော့ သည်လိုနေလိမ့်မည်ဟု မယုံကြည်ချင်ဘဲ စိတ်ကောက်တာပဲဟု အောက်မေ့၏။ သို့သော် သည်ကတည်းက တစ်ယောက်နှင့်တစ်ယောက် မဆုံကြတော့ပေ။ ခါတိုင်းကဲ့သို့ပင် ကိုဇော်ဖေသည် အိမ်မှ ၄–၅ ရက် ပျောက်သွားပြန်လေ၏။ အရက်နှင့် ဟိုတယ်မယ်ကြားတွင် အိပ်ပျော်ကာနေပြီး ပြန်ရောက်လာ၏။ တင်မေကို အစအနမှ မတွေ့ရတော့ပေ။

နှစ်တွေ၊ နှစ်တွေ ကြာခဲ့ပေပြီ။

ယခုမှ တင်မေမှန်းမသိဘဲ တွေ့ရပြီ။ သူပြန်သွားပြီ၊ သူပြန်သွားပြီလေ။ ဘာတတ်နိုင်သေးသလဲ။ ဟိုတုန်းက တွေ့တုန်းကလည်း ဘာမှမတတ်နိုင်။ အခုလည်း မတတ်နိုင်။ ဘာများထူးသလဲ။

သူကတော့ သူ့ဘဝ အလှေ့ကျအတိုင်း ပျော်ပါးသွားပြီလေ။ အရက်ချိုမြမြကလေးမြည်းကာ အနမ်းကလေးနှင့် တို့ကစားကာနေ၏။ တစ်ခါတလေ ပါးချင်းအပ်ကာ စကားတတွတ်တွတ်ပြော၏။ အရက်ကို အနမ်းနှင့် မြည်းလိုက်ပါသေး၏။

တစ်ညလုံး ချစ်သူနှင့် တစ်အိပ်ရာတည်းအိပ်ရ၏။ သို့သော် သူက မသိ။ ချစ်သူဟူ၍ဝေးစွ။ တစ်ည သုံးလေးဆယ်ပေးရသည့် မိန်းမတွေ ထောင်သောင်းထဲက အစက်ကလေးတစ်စက်မျှပင် ထင်ချင်မှ ထင်မည်။ သိပ်မျှော်လင့်မနေပါနဲ့လေ။ သေချာပါတယ်။ တစ်စက်မှ မထင်ပါဘူး။

ပိုက်ဆံပစ်ပေးပြီး အခန်းထဲကမှ ဆင်းသွားသော ခြေသံများကို ကြားယောင်ယောင် ဖြစ်လာရပြန်ပါ၏။ ခြေသံတို့ကား နှစ်ကာလကို

ရေတွက်နေ၏။ နှစ်တွေကုန်လွန် ခဲ့ပေပြီ။ အဖြစ်အပျက်မျိုးစုံနှင့် ကြုံတွေ့ကာ နောက်ဆုံး သည်ဘဝသို့ ရောက်လာရ၏။ သူ့ကို ဘယ်တော့မှ တွေ့ရလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။ တွေ့လည်း မတွေ့ချင်။ တွေ့မယ့်တွေ့တော့လည်း တစ်အိပ်ရာတည်းမှာ တွေ့ကြရ၏။ တွေ့ပေမဲ့ အတိတ်မရှိ။ သူက ကိုယ့်ကိုမသိ။ ကိုယ်ကသာသိကာ မချိတရိဖြစ်နေရ၏။

ပြတင်းပေါက်မှ လေကလေး သုတ်ဖြူးကာ ဝင်လာ၏။

ကိုဇော်ဖေ တင်ထားခဲ့သော ငွေစက္ကူများသည် စားပွဲပေါ်မှ လွင့်ကျသွား၏။ တင်မေသည် ချက်ချင်းလိုက်ကာ ကောက်၏။ လေတစ်ချက်ဝှေ့ တိုက်လိုက်ပြန်ရာ အနားသို့ရောက်ကာမှ ဝေးသွားသဖြင့် တစ်ဖန် လိုက်ကောက်ရပြန်၏။ ရပြီ။

နောက်ဆုံးတော့ ရပေပြီ။

ငွေစက္ကူမှာ အရက်စွန်းထားသဖြင့်လားမသိ။ ဝါကာ တွန့်နေ၏။ ယခင်က သင်းပျံ့ပျံ့ ရနံ့ကလေးမှာ ထွက်လာပြန်လေသည်။

“ဇော်” ဟု ပါးစပ်က အလိုအလျောက်ထွက်လာသည်။

သင်းပျံ့ပျံ့ရနံ့ကလေးမှာ လှိုင်၍လာပြန်၏။ တင်မေ အစွဲကြီးစွဲခဲ့တဲ့ ရနံ့ကလေးများ။ ရနံ့ကလေးသာလျှင် ကျန်ရစ်နေလေ၏။ ။

*တာရာမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၂၈၊ မေ၊ ၁၉၅၀*

❑



## မြသဒ္ဒါ

မြင်းခြံမြို့မှ စာချုပ်ဂွိုလ် ဦးညာဏိကသည် ရန်ကုန်သို့ ရုတ်တရက် ကြွခဲ့ရလေသည်။ ဝါဆိုခါနီးဖြစ်၍တစ်ကြောင်း၊ ဗြုန်းခနဲ ထလာရသည်မှာ ကသိကအောင့်ဖြစ်သော်လည်း ရဟန်းတော်သည် စိတ်၌ ဘာမျှငြူစူခြင်းမရှိလှ။ ဒါသည်ပင် ဘုရားသားတော်ဖြစ်သည် ကစ၍ သူ့အလေ့အကျင့်ဖြစ်လေ၏။ သူသည် မြင်းခြံဆရာတော်၏ အမိန့်ကိုသာ နာခံမြဲဖြစ်ခဲ့ကာ ထိုအမိန့်သည်လည်း ဖြစ်ပျက်လာသော အကြောင်းကိစ္စတို့ကို မှီ၍ လျော်ကန်အောင် စီမံခြင်းသာဖြစ်လေ့ ရှိသောကြောင့် ပြုခဲ့ဖူးသော ဂံဖန်တီးခြင်းလို့လည်း သူ ယူဆနိုင်သည် မှာ အမှန်ပင်။

ဆရာတော်က ဤသို့မိန့်ခဲ့လေ၏။

"ဟဲ့ ... မောင်ညာဏိက ... ရန်ကုန်သရက်တောတိုက်တွင်းက ဘာ ကျောင်းတဲ့၊ ရွှေတောင်တန်းသူဌေး ဦးဖိုးနှင်းဆောက်တဲ့ကျောင်း ဟာလေ။ အဲဒီကျောင်းထိုင် မောင်သောဘိတဟာ နာနေတယ်လို့ လျှောက်ခဲ့တယ်။ ကျောက်နာတဲ့။ လူနိုင်မယ်မဟုတ်ဘူး ဆိုကြတယ်။ အဲဒါ နင် မီအောင်သွား၊ မောင်သောဘိတ ပျံလွန်ရင် ကောင်းကောင်း မွန်မွန် သင်္ဂြိုဟ်ပြီးတော့ သံဃာတွေ ဥမကွဲသိုက်မပျက် ထိန်းပြီး ကျောင်း

ထိုင်ပေတော့"

ဦးညာဏကသည် ရန်ကုန်သို့ ပထမအကြိမ်ရောက်ဖူးခြင်းလည်း ဖြစ်သောကြောင့် ရောက်ရောက်ချင်း နာနေသော ဆရာတော် ဦးသောဘိတကို ရှိခိုးဝတ်ပြု၍ ရွှေတိဂုံဘုရား သို့တက်ဖို့ စိတ်ကူး၏။ ဆရာတော် နာနေသည်မို့ နဂိုက တိတ်ဆိတ်မြဲသောကျောင်းတွင် စာအံချိန်ပင် စာအံသံ မကြားရ။ ဘုရားဝတ်ပြုချိန်၌ ခါတိုင်းလို ညီညာပြိုင်တူရွတ်ကာ ရှိခိုးမှု မပြုကြတော့ဘဲ အသံမထွက်ဘဲ ရှိခိုးကြ၏။ ပြီးလျှင် မသာယာသော မျက်နှာများဖြင့် သံဃာအပေါင်းကိုယ်စီ ဆုတောင်းကြဟန်ကို မြင်ရလေ၏။ ဦးညာဏကသည် သံဃာတစ်မျက်နှာမှတစ်မျက်နှာ စေ့စေ့ကြည့်မိလျှင် အရပ်ရှည်ရှည် အသားညိုညိုနှင့် ရုပ်ရေသပ္ပာယ်လှသော မြင်းခြံမှ ကိုရင်ဘဝကတည်းက ထွက်ခွာသွားသော ဦးပဥ္စင်း ဦးနန္ဒိယသည် စင်ကြယ်သော ဦးပြည်းကို ငုံ့၍ မျက်ရည်တိတ်တဆိတ်ကျသည်ကို မြင်ရလေ၏။ ဦးနန္ဒိယသည် မယ်တော်၊ ခမည်းတော် ပျံလွန်သည်ကိုမှ ပြန်လာသင်္ဂြိုဟ်သူ မဟုတ်ခဲ့။ ဘုရား ပရိနိဗ္ဗာန်ပြုသည့်အခါမှာ ရှင်အာနန္ဒာတစ်ထောင့်၌ ငိုကြွေးသည်ကို သတိရမိလေ၏။ သို့သော် ဆရာတော်ဦးသောဘိတသည် စကားဆိုနိုင်တော့သည်မဟုတ်။ ဖျောင်းဖျတရားချနိုင်တော့သည်မဟုတ်။ သူဌေး ဦးဖိုးနှင်း ပင့်ဆောင်လာသည့် ဆရာဝန်သည်လည်း ပြန်လေပြီ။ ဆေးပူဖော်လိုသော မြန်မာသမားသော်လည်း ပုဆစ်တုပ်၍သာ ရှိခိုးလျက်နေလေပြီ။

ဦးညာဏကသည် ဆရာတော်ကို တစ်ကြိမ်ထပ်၍ ရှိခိုးလေ၏။ ပျံလွန်မီ ပူဇော်ခြင်းပေတည်း။ ထို့နောက် မမြဲသောလောက၌ သေဆဲသေလတ္တံ့သောအမှုကြောင့် တုန်လှုပ်သည်၊ ချောက်ချားသည်မဖြစ်လှဘဲ နဂိုရည်ရွယ်ရာ ရွှေတိဂုံဘုရားသို့ ဦးတည်၍ လာခဲ့လေ၏။

ကျောင်းပြင်၌မူ သင်္ကန်းညိုရင့်ကိုဆင်သည့် ဦးနာရဒသည် တံမြက်စည်းလှည်း၍နေသည်ကို တွေ့လေ၏။ သူ ကျောင်းသို့ရောက်ရောက်ချင်း ဦးနာရဒ တံမြက်စည်းလှည်းသည်ကို အရင်ဆုံးတွေ့ရ၏။ တံမြက်စည်းကို လက်ကမချသလော၊ မကြာခဏ သုတ်သင် ရှင်းလင်း

လေသလောဟု တွေးတောမိ၏။ ဦးနာရဒသည် အပြင်ထွက်မည်ပြု သော ဧည့်သည် သံဃာကျောင်းထိုင်ဆရာတော်လောင်းကိုမြင်လျှင် တံမြက်စည်းလှည်းသည်ကို ရပ်လိုက်၏။ ထို့နောက် "အရှင်ဘုရား... သွားတတ် လာတတ်ပါမလား ဘုရား" ဟု မေးလေ၏။

"ကိစ္စမရှိပါဘူးလေ။ မြင်းရထားငှားစီးသွားမယ်။ ရောက်တဲ့ အချိန် ရောက်လိမ့်မပေါ့" ဟု ပြောလိုက်လေ၏။

"တပည့်တော် ဆွမ်းစားဝတ်ပြုရပါဦးမယ် ဘုရား ... ဆွမ်းစား ဝတ်ပြီးရင်တော့ တပည့်တော် လိုက်ပို့နိုင်ပါလိမ့်မယ်။ ဒီနေ့အဖို့တော့ ရှင်ရာဇော ဆွမ်းစားဝတ်ပြုနိုင်မယ် မထင်လို့ပါဘုရား။ ဆရာတော် အညစ်အကြေးပေးသမျှကို သုတ်သင်ပါလိမ့်မယ်ဘုရား"

"ကိစ္စမရှိပါဘူးလေ" ဟု ဦးညာဏိကလည်း ထပ်၍ပြော၏။ "ကျုပ်ဘာသာကျုပ် သွားတတ်ပါတယ်။ ဘာမှပူမနေနဲ့၊ ဆွမ်းစား လည်း မစောင့်နဲ့။ ဘုရားက ထမင်းဆိုင်တွေမှာ ဝင်စားလိုက်မယ်"

သူလှည့်ထွက်လာသည်နှင့်တစ်ပြိုင်နက် တရှဲရှဲ တံမြက်စည်း လှည်းသံ ကြားရပြန်လေ၏။

ဦးညာဏိကသည် ရန်ကုန်မြို့၌ တိုက်တာ၊ ဈေးအိမ်များ ကြီး ကျယ်သည်ကိုတွေ့လျှင် ကြီးကျယ်ပေသကိုးဟုသာ တွေးတော၏။ သူတောင်းစားများကိုမြင်လျှင် ပိုက်ဆံကြွေများ စွန့်ကြဲလိုက်၏။ ကုလားများစွာကို မြင်လျှင် ဒါကြောင့် ကုလားမြို့လို့ ခေါ်တာပဲ ဟု တွေးတော၏။ မြင်းရထားစီးမိ၍ မြင်းကို မောင်းသမားရိုက်လျှင် "ဟဲ့... မရိုက်နဲ့၊ အင်မတန်အပြစ်ကြီးတယ်။ သူ့လည်း မှီခိုစားသောက်သေး၊ သူ့လည်း နှိပ်စက်သေး" ဟု တားမြစ်၏။ ဆွမ်းစားချိန်မှာ ရွှေတိဂုံ လှေကားထစ်များကို တက်မိလေ၏။ ရွှေတိဂုံစေတီကို ပန်းနှင့်ဆီမီးများ ပူဇော်သေး၏။ ပြီးမှ ခဏာဆင်းပြီး ဆွမ်းဝယ်စားလေ၏။ ထမင်းဆိုင် က ဆွမ်းဖိုးတစ်ဝက်သာယူ၍ တစ်ဝက်လှူဒါန်းသည်ကို သာဓုခေါ်၏။ လက်ဖက်ရည်ကပ်အုံ့သည်ကို ငြင်းပယ်လိုက်ပြီးလျှင် ဘုရားရင်ပြင် တော်သို့ ပြန်တက်ကာ တစ်နေ့လုံး ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလျက် နေလေသည်။

ညမိုးချုပ်မှ သူပြန်လာသည်။ ဘတ်စ်ကားစီး၍ပြန်သည်မို့ လမ်းများနေသေး၏။ လန်ခြားခေါ်၍ စီးရ၏။ နောက်ဆုံး၌ ကျောင်းသို့ရောက်သော် ဆရာတော် ပျံလွန်နှင့်ပြီကို တွေ့လေ၏။

"အရှင်ဘုရား စိမ်သမ္မုပါဘုရား" ဟု စာချုပုဂ္ဂိုလ်များဖြစ်သော ဦးသောမန၊ ဦးဝိသုဒ္ဓနှင့် ဦးပညောဘာသတို့က ဆီး၍ ကျောင်းအပ်လေ၏။ သို့လျှင် ရန်ကုန်ရောက်၍ တစ်ညအိပ်ပြီးသည့်ကာလမှ ဦးညာဏိကသည် ဆရာတော်အဖြစ်သို့ရောက်ကာ ရန်ကုန်တွင် ဝါဆိုရန် စီမံရလေသည်။ ဘုန်းကြီးပျံပွဲတော်ကို သူတို့ကျောင်း၌ လုပ်လေ့မရှိသောကြောင့် ကြီးကျယ်သော တာဝန်လည်း မရှိချေ။

* * *

ဆရာတော်ဦးညာဏိကသည် ချက်ချင်းပင် နေသားကျသွားလေ၏။ သူကိုယ်၌က နေမြဲ ဝတ်မြဲ စားမြဲဟူသော တွယ်တာခြင်းမရှိသည့်အတွက် နေရာသစ်၌ သူ မစိမ်းချေ။ နံနက်လေးနာရီ တုံးခေါက်လျှင် ရှင်ရာဇာသည် သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခွက်၊ မျက်နှာသုတ်ပဝါနှင့် ရေဇလုံနှစ်ခွက် လာ၍ကပ်မြဲဖြစ်လေ၏။ "အရှင်ဘုရား ... ရေနွေးလိုရင် ရပါတယ်ဘုရား" ဟု ပြောသေး၏။ သို့သော်ဆရာတော်သည် လက်ကာ၍သာပြကာ နေ့စဉ် ရေအေးနှင့်သာ မျက်နှာသစ်၏။ တကယ်တော့ ဆရာတော် ကျိန်းစက်ရာ ခုတင်ပေါ်မှ လှမ်းကြည့်လျှင်တောင် ဆွမ်းစားကျောင်း အဖီဆောင်၌ မီးဖိုပေါ် ရေနွေးအိုးကြီးဆူနေသည်ကို မြင်နိုင်၏။ ရေနွေးနွေးကလေးနှင့်သာဆိုလျှင် သက်သောင့်သက်သာ ရှိမည်ဆိုတာကို သူ သတိပင် မရမိချေ။

ထို့နောက် ရှင်ရာဇာသည် မီးဖိုဆီသို့သွား၍ ကျောင်းသားများနှင့် လုပ်ကိုင်စပြု၏။ ဘုရားဆောင်၌ ဦးနာရဒ ဘုရားပန်းအိုးနှင့် သောက်တော်ရေလဲသံ ကြားရ၏။ ဘုရားဆောင်သို့ သူရောက်လျှင်တော့ သံဃာအားလုံး စုမိပြီးဖြစ်လေ၏။ စောစောက မီးဖိုမှာရှိသော ရှင်ရာဇာလည်း ရောက်နေပြီပင်။ ဆရာတော်သည် သူ့အတွက် ခင်းထားသော နှစ်ပေပတ်လည်ခန့်ရှိ ကော်ဇောပေါ်၌မထိုင်ဘဲ သံဃာ

အများနှင့်ရောချ် သင်ဖြူးပေါ်ထိုင်ကာ ဘုရားဝတ်ပြုကြလေ၏။

ထို့နောက် ဆွမ်းစားကျောင်းသို့ သွားကြ၏။ ပဲပြုတ်နှင့် ထမင်းရောကြော်၍ လက်ဖက်ရည်ကြမ်းပွဲ ပြင်သည်ကို အငွေ့တထောင်းထောင်းနှင့် မြင်ရ၏။ ထိုနေရာ၌ သံဃာတို့ စကားစမြည်ပြောလေ့ရှိသည်ကို သူ သတိထားမိလေ၏။ သူ့၌ကား စကားများစွာပြောစရာမရှိ။

နံနက် ဆွမ်းစားပြီးလျှင် ကျောင်းသည် အနည်းငယ် ညီးညံ့စပြုလာလေ၏။ ဦးနာရဒသည် တံမြက်လှည်း၏။ ရှင်ရာဇာသည် ညက ဆေးထားသော ကနုတ်များကို နေလှန်း၏။ ဆွမ်းခံကြွမည့်ကိုယ်တော်များ သင်္ကန်းပြင်၍ရုံကြ၏။ သူတို့ကျောင်းသည် ဆွမ်းခံရာ၌ ယပ်ကိုင်ခွင့်မပြု၊ ဖိနပ်စီးခွင့်မရ၊ ပို့ဆွမ်းလည်း အားမပေး။ စာချပုဂ္ဂိုလ်ကအစ ဆွမ်းခံထွက်ကြရ၏။ ထို့ကြောင့် သူဌေးဦးဖိုးနှင်း လစဉ်လှူမြဲသော ဆန်အိတ်နှင့် ဆီပုံးတို့ကို ကျောင်းနီးချင်းသို့ စွန့်ကြရလေ၏။ တစ်ခါတစ်ရံ ငါးခြောက်နှင့် ငှက်ပျောသီးများပင် မကုန်နိုင်သောကြောင့် စွန့်ရပြန်၏။

ဆွမ်းခံကိုယ်တော်များ ပြန်လာလျှင် ရှင်ရာဇာသည် ကျောင်းသားများနှင့် ဆွမ်းပြင်ဆဲ။ ဦးနာရဒသည် သံဃာအများချိုးရန် ရေတွင်းမှ ရေငင်လေ၏။ ရေတွင်းနံဘေးရှိ သံစည်ကြီး ၃ လုံးအပြည့် လောင်းလေ၏။ ကျောင်းသားငယ်တစ်ယောက်ကိုခေါ်ကာ သစ်ပင်ရေလောင်းစေ၏။ နောက်ဆုံးမှ ဆွမ်းစားကျောင်းသို့ ရောက်တတ်သည်။

ဆွမ်းစားပြီးလျှင် ဆရာတော် ကျိန်းစက်ဖို့ပြင်ကြ၏။ သို့သော် ဦးညာဏိကၡ၌ နေ့လယ်အိပ်တတ်သောအကျင့်မရှိ။ သူသည် ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးပြောင်းလာသည်ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ နေ့လယ်တစ်ရေးကျိန်းစက်တတ်သော ဖြူဖြူဝဝ ဦးသောမနသည်ပင် မလဲလျောင်းဝံ့ဘဲ ဦးပဥ္စင်းပျိုများ၊ ကိုရင်များကို စာချဖို့ပြင်လေ၏။

သို့လျှင် ညနေစောင်းလျှင် ခဏနားကြရလေ၏။ ကုန်စျေးတန်းအထည်တိုက်မှပြန်လာသော သူဌေးဦးဖိုးနှင်းနှင့် ဇနီး သားသမီးတစ်စု

သည် ဘိလပ်ရည်ပုလင်းများဖြင့် ဝင်ကန်တော့လေ၏။ ဦးဖိုးနှင်းဇနီးက ဘုရားတင်ရန် မေမြို့ပန်းများ ကပ်သေး၏။ ဆွမ်းဒကာ ဒကာမများ လည်း တစ်ဦးစ နှစ်ဦးစ လာ၍ကန်တော့ကြသေး၏။ ထို့နောက် ညမိုးချုပ်၌ ဘုရားဝတ်ပြုကာ စာအံသူအံ၊ လဲလျောင်းသူလျောင်း၊ ကျိန်းစက်သူ စက်ကြလေသည်။

* * *

ကျောင်းထိုင်၍ ရက်အတော်ကြာသွားလျှင် ဦးညာဏက ဆရာ တော်သည် ကျောင်းရှိ သံဃာတော်တို့၏ ထူးခြားသော ဝသီကလေး များကို မှတ်မိလာ၏။ ရှင်ရာဇာသည် ဖြူလည်းဖြူ အလွန်လည်း သပ္ပာယ်၍ ငယ်ရွယ်ပျိုမျစ်သည်မို့ သာသနာ့ဘောင်၌ ဖြောင့်တန်းပါ မည်လောဟု သူ ပူပင်မိသည်များ ပျောက်ခဲ့သည်။ ရှင်ရာဇာသည် ဉာဏ်ကောင်း၍ စာပေ၌ မွေ့လျော်၏။ သူ့ထက်ဝါရသော သံဃာ အများကိုလည်း ရိုသေ၏။ တစ်ခါမှ အအားမနေဘဲ ကျောင်းဝေယျာ ဝစ္စကိုပြု၏။ ဆရာတော်မှအစ စာချပုဂ္ဂိုလ်ဟူသမျှကို ညစဉ် နင်းနယ် ပေးလိုသော ဝါသနာလည်းရှိ၏။ တစ်ခါမျှ ဆွမ်းခံရက် ပျက်သည် လည်းမရှိ။ ပြီးတော့ ကျောင်းသားများကို စာသင်သေးသည်။

ဦးပဥ္စင်း ဦးနန္ဒိယကမူ စကားနည်းလှသည်။ ဆွမ်းခံမှန်သည်၊ စာချပုဂ္ဂိုလ်အဆင့်လည်း မရောက်သေး။ စာသင်ခန်းလည်း ပြီးစီး ခဲ့ပြီဖြစ်ကာ ဆရာတော်နှင့် တစ်ခါတစ်ရံ လာ၍ ဝိပဿနာမှုပြု၏။ အများအားဖြင့်တော့ စက်ရိယာမှန်သမျှကို ပြင်နေတတ်လေသည်။ သူ့အခန်း၌ နာရီမျိုးစုံရှိလေသည်။ ဒကာများအိမ်မှ နာရီဟောင်းများ ချွတ်ယွင်းသည်ကို ပြုပြင်ပေးတတ်၏။ စွန့်ပစ်တော့မည့် နာရီများကို တောင်းခံလာပြီး ပြင်ဆင်ကာ ဆွဲချိတ်တတ်၏။ သို့လျှင် သူ့အခန်း တွင်း၌ နောက်ပြန်သွားသောနာရီ၊ ခဲနှင့် ချိန်သီးကို ကြိုးနှင့်ဆွဲထားမှ သွားသောနာရီ စသည်ဖြင့် အမျိုးစုံရှိကာ တစ်ခန်းလုံး တချက်ချက် မြည်နေတတ်လေ၏။

ဦးနန္ဒိယသည် ကလေးလည်းချစ်တတ်ပေသေး၏။ သူဒွေး

ဦးဖိုးနှင်း၏ သားကလေး အပုကို ဆွမ်းခံထွက်သွားရင်း ခေါ်လာတတ်၏။ အပု၏ ကစားစရာကလေးများ သံပတ်ပျက်သည်ကို ဖြုတ်၍ ပြင်ဆင်ပေးတတ်၏။ ပြီးတော့ ရှင်ပြုလျှင် အသင့်ဖြစ်ရန် သင်္ကန်းတောင်းမှအစ ကျကျနန နှုတ်တိုက်ချသင်လေ၏။

စာချပုဂ္ဂိုလ် ဦးသောမနမှာမူ ဖြူဖြူဝဝနှင့် စကားများစွာ ပြောလေ့ရှိလေသည်။ ကျောင်းကိစ္စကြီးငယ်ကို ဆရာတော်အား လျှောက်တတ်၏။ ကိုရင်နှင့် ကျောင်းသားများကိုလည်း ဆူပူမြည်တွန်တတ်၏။ ဆွမ်းခံကြွရင်း သူကြိုက်သော ငါးဖယ်နှင့် အုန်းနို့ချက်ဟင်းအကြောင်း ဆွမ်းလောင်းသော ဒကာမကြီးများနှင့် ဆွေးနွေးတတ်လေသည်။ လက်ဖက်ကိုလည်း တောင့်တတတ်၏။ တရားရှည်ကြီးလည်း ဟောတတ်လေသည်။

ဦးပညောဘာသကမူ စိတ်အလွန်တိုသော ကိုယ်တော်တည်း။ ကျောင်းသား ကိုရင်များကို စာချရင် ခေါက်တတ်၏။ ဦးပဉ္စင်းများကို 'အပါယ်ကောင်'တွေဟု ဆဲတတ်၏။ သို့သော် သူ့၌ရှိသော စားစရာများကို အကုန်အစင် စွန့်ကြဲတတ်၏။ သင်္ကန်းနှစ်ထည်ထက် ပိုလာလျှင် စွန့်ကြဲပစ်ပြန်၏။ သူအမွေရထားသော လယ်ကွက်မှ ရသမျှငွေကို ကျောင်းကိစ္စအဝဝ၌ သုံးရန် အကုန်လှူပစ်ကာ လက်၌ ပိုက်ဆံတစ်ပြားမှမကပ်နေတတ်လေသည်။

ငယ်ရွယ်သော သံဃာများနှင့် ကိုရင်များကို ဦးနာရဒက ထိန်းအုပ်စီမံလေ၏။ သင်္ကန်းညိုမဲ့ကိုဝတ်၍ တံမြက်စည်းလှည်း၊ ရေခပ်မပြတ်ပြုသော ထိုကိုယ်တော်ကို တစ်ကျောင်းလုံး ဝိုင်း၍ကြည်ညိုကြသည်ထင်၏။ ဦးနာရဒကိုယ်တော်၏ ပြောစကားကို ဆရာတော့်စကားနှင့်တန်းတူ ရိုသေလိုက်နာကြသည်။ ဦးနာရဒ၌ ရှေးဆုတောင်း ကောင်းခဲ့သည်တည်း။

သို့သော် ပြုံးပြုံး ပြုံးပြုံးနှင့် မျက်ခမ်းစပ်သော၊ စကားမြန်မြန် ဗလုံးဗထွေးပြောတတ်သော ဦးပဉ္စင်းဇဝနကိုမူ ဆရာတော် ဆုံးမဖို့ဖြစ်လာသည်။

ဦးပဉ္စင်း ဇဝနသည် အင်မတန်ဆိုး၏။ ညနေ ၆ နာရီထိုးသည်

နှင့် အပြင်မထွက်ရဘဲ ကျောင်းတံခါးပိတ်သည်ကို ခိုး၍ကျော်ထွက်ကာ ရုပ်ရှင်ကြည့်တတ်လေ၏။ သူများ စာအံချိန်မှာ ဝတ္ထု၊ မဂ္ဂဇင်း ဖတ်တတ်၏။ ဆွမ်းခံရင်း ဆွမ်းဒကာအိမ်မှ လူငယ်များနှင့် ဘောလုံးပွဲအကြောင်း ပြောတတ်သေး၏။ သတိသုံးကြိမ်ပေး၍ မရလျှင် ကျောင်းမှ နှင်ရပေတော့သည်။ တကယ်တော့ ဦးပဋ္ဌင်း ဇဝနသည် ဆရာတော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်သေး၏။ ယခင်ဆရာတော်လက်ထက်ကလည်း ဆိုဆုံးမ၍မရဘူးဆိုသည်။

* * *

"အရှင်ဘုရား .. ဟိုဘက် ရွှေဘိုကျောင်းကို မော်တော်ကားတစ်စင်း တရုတ်သူဌေး လှူသွားပါတယ်။ ဆရာတော်က ယပ်လှဲ့တရားဟောကောင်းမို့ ဥပုသ်နေ့တိုင်း ဘုရားကြီးပေါ်မှာ တရားဟောရတော့ အသွားအလာ ပင်ပန်းလှတယ်ဆိုပြီး လှူတာနဲ့တူပါတယ်ဘုရား" ဟု ဦးဖိုးနှင်းက စကားစလေ၏။

ဦးဖိုးနှင်းသည် ဖဲသင်္ကန်း၊ ပိုးသင်္ကန်းကို လှူချင်တတ်၏။ ကြေးခုတင်နှင့် ပန်းဓာခြင်ထောင်၊ သက္ကလတ်မွေးပွစောင်တို့ လှူချင်တတ်၏။ ဘုန်းကြီးပြန့်ပွဲ ကြီးကျယ်စွာ မလုပ်ရသည်ကို မကျေနပ်လှချေ။ ယခုလည်း မော်တော်ကား လှူချင်ပြန်ပြီမို့ ဘုန်းကြီး ဦးသောမနှင့် စောစောကတည်းက စကားသွင်းထားပြီး ယခုစလေပြီ။

"ကျုပ်တို့က တရားလည်းမဟောတတ်၊ သွားစရာလည်း မရှိ။ မော်တော်ကားလည်း မလိုချင်ဘူး" ဟုသာ ဆရာတော်က ပြတ်ပြတ်မိန့်လေရာ ဦးဖိုးနှင်းသည် အတော်မျက်နှာပျက်၍သွားလေ၏။

"ဒီလိုပါဘုရား ... တပည့်တော်က ဒီနွေမှာ သားကလေးအပုကို ရှင်ပြုမယ်မှန်းပါတယ်။ သားကလည်း တစ်ယောက်တည်းမို့ ကိတ္တိမတွေ ရှင်အပါး ၂၀ လောက်လည်း ထည့်ပြုချင်ပါတယ်။ အလှူမှာ လူပရိသတ် ကျွေးတာလည်း ကျွေးတာပဲဘုရား၊ သံဃာတွေအတွက် သင်္ကန်းလှူတာလည်း လှူတာပဲဘုရား။ ဒါပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် ပစ္စည်းတစ်ခုလည်း ဆရာတော့်ကျောင်းအတွက် လှူချင်တာပါဘုရား"

ဆရာတော်သည် ဦးဖိုးနှင်း၏ သဒ္ဓါတရားကို အကဲခတ်မိသော်လည်း နဂိုက အလှူခံလေ့မရှိ၊ ဒါနအကျိုးဟောလေ့မရှိသော ဘုန်းတော်ကြီးဖြစ်သည့်အတွက် မည်သို့ အကြံပေးရမည်မသိ ဖြစ်လေ၏။

"ရှင်ပြုတော့ လူတွေအများကြီး ဖိတ်မလို့လား"

"တင်ပါဘုရား ... ဒါကတော့ လူတို့ဝတ္တရားကလည်း ရှိပါသေးတယ်ဘုရား။ မိတ်ဆွေအပေါင်းအသင်းမှန်သမျှ ဖိတ်ရပါတယ်။ ဒီကျောင်းတိုက်မှာတော့ ဆုံမယ်မထင်ပါဘူး။ မြို့တော်ခန်းမမှာ ညှော်ခံမယ် စိတ်ကူးပါတယ်ဘုရား"

"ဟင် ... မြို့တော်ခန်းမက ရှင်ပြုလို့လည်း ရသလား" ဟု ဆရာတော်ကမေးလျှင်

"ညှော်ခံရုံပါဘုရား"

"ဒကာကြီးတို့ ပင်ပန်းနေမှာပေါ့။ မြို့တော်ခန်းမ ငှားရတဲ့စရိတ်ကို ဟောဒီမြေကွက်လပ်မှာ မဏ္ဍပ်ထိုးလိုက်ပါလား။ ဒါမှမဟုတ် သိမ်ဘေးနားကပ်ပြီးထိုးရင် သိမ်ထဲရော၊ သိမ်ပြင်မဏ္ဍပ်ကော၊ ကျောင်းတိုက်ထဲရော ပရိသတ်နေလောက်ရောပေါ့"

"သိမ်က ကျဉ်းလည်းကျဉ်း၊ ဟောင်းလည်းဟောင်းဆိုတော့..." ဟု ပြောရင်း သူဌေး ဦးဖိုးနှင်းသည် မျက်နှာလင်းထိန်ကာ ဝမ်းသာအားရ လက်အုပ်ချီ၍ လျှောက်၏။

"အကြံရပြီဘုရား ... သိမ်ဟောင်းကိုဖျက်ပြီး သိမ်သစ်ဆောက်ပါရစေဘုရား။ တပည့်တော် ဘယ့်နှယ် ခုမှ ဒီအကြံပေါ်ပါလိမ့်။ တပည့်တော်အဘိုး ဆောက်ခဲ့တဲ့သိမ်ဆိုပြီး သူ့ဒါနကိုသာ သတိရနေတယ်။ ဒီလိုလုပ် ချင်ပါတယ်ဘုရား။ သိမ်သစ်ကို အကြီးအကျယ် ဆောက်၊ ဆင်းတုတော် ဉာဏ်တော်မြင့်မြင့် မန္တလေးကိုမှာယူပြီး တကယ့်ရွှေပလ္လင်ကို အနုဆုံး ထွင်းစေမယ်ဘုရား"

"အင်း ... ကောင်းတယ်" ဟုသာ ဆရာတော်က ပြောလေ၏။

"သို့ပေမဲ့ ဒကာမကြီးကိုလည်း စိတ်ချမ်းသာအောင် လုပ်ရမှာမို့ သမီး နားထွင်း တာပါ သိမ်ထဲရော လုပ်နိုင်အောင် ယောက်ျားမိန်းမ မရွေးဝင်နိုင်တဲ့ သိမ်ဆောက်ရအောင်။ အဲဒါ ဘာသိမ်ခေါ်ပါသလဲ

ဘုရား” ဟု ဦးဖိုးနှင်းက မေးလေ၏။

မိုးမကုန်ခင်ပင် ကျောင်းဝင်းထဲသို့ အုတ်များလာပုံ၏။ အင်္ဂတေ အိတ်များကို ကျောင်းတိုက်အောက်သို့ သွင်း၏။ ခင်းရန် ကျောက်ပြား များ ရောက်လာ၏။ အုတ်ကြွပ်များ လာချ၏။ သံတန်းသံပေါင်များ ကရိန်းနှင့်ဆွဲယူ၏။ ဆရာတော်မျက်စိရှေ့တွင်ပင် အင်တိုက် အားတိုက် ဆောက်သော သိမ်ကြီး ပြီးစီးသွားကာ မြန်ဆန်လွန်းလှ၍ နတ်ဘုံ နတ်နန်းများ ပေါ်တယ်ဆိုတာ ဒီလိုပဲနေမှာပဲ” ဟု သတိရမိလေ၏။

ထိုသိမ်သည် ဆရာတော်သစ် ဦးညာဏိကလက်ထက်တွင် တိုး တက်သော အကြီးဆုံးအဆောက်အဦဖြစ်ကာ သိမ်နှင့်ကျောင်းတိုက် လှူသွားအောင် စည်သော အပု၏ ရှင်ပြုပွဲ သည်လည်း အကြီးဆုံးသော အလှူဖြစ်လေ၏။ သူဌေးဦးဖိုးနှင်းက အငြိမ့်ထည့်ချင်သည်ကို လက် မခံသောကြောင့် “အားမနာတတ်တဲ့ ဆရာတော်” ဟူသော ဘွဲ့ကို လည်း ရလိုက်၏။ အငြိမ့်ကို ရွှေတောင်တန်းရှိ သူဌေးအိမ်မှာ ကစေရ ၏။ ဖြောဝိုင်းကိုမူ ဆရာတော် ခွင့်လွှတ်တော်မူလေရာ ဦးသောမနက ပြုံး၍ “ဟန်ကျပါသဘုရား။ ဖြောသံကြားမှ ခြေလှမ်းလို့ တယ်ကောင်း သကိုဗျ” ဟု ဆိုလေသည်။

အလှူပြီးသွားလျှင် သဒ္ဒါတက်၍မဆုံးသော သူဌေးဦးဖိုးနှင်း သည် ကျောက်ပြားခင်းသော ကြမ်းလုံးပြည့်ကော်ဇောကြီးကို ကုလား ပြည်သို့မှာ၍ ရက်စေကာ ခင်းလှူလေ၏။ သိမ်တွင်း၌ ဆွမ်းကျွေး တရားနာကိုလည်း မကြာမကြာလုပ်သေး၏။ သိမ်ကြီး၏ ပါဠိအမည် မတွင်ဘဲ ဦးဖိုးနှင်းသိမ်ဟု တွင်သည်ကိုလည်း အားရ၍မဆုံးတော့ချေ။ မော်တော်ကားတစ်စီးထက် အများကြီးမြင့်မြတ်သော အလှူပေပဲဟု သူ့နှုတ်မှ ဝန်ခံသေး၏။ သို့သော် ဆရာတော်ကအစ ဘယ်သူမှ မထင် မှတ်သောနည်းဖြင့် သိမ်အဆောက်အဦ အကျိုးထူးပေးရန်ရှိသေးသည် ကိုမူ မမှန်းမြင်နိုင်ကြချေ။

* * *

စစ်ဖြစ်၍ ဗုံးကြဲသည်။ စက်သေနတ်နှင့်ပစ်သည်ဆိုသည့်ကိစ္စ တွေ့လာကြသော်လည်း တစ်ကျောင်းတိုက်လုံးသည် ရဟန်းသံဃာကို ဘယ်သူကမှ အန္တရာယ်ပြုမည် မဟုတ်ဟု ထင်မှတ်လျက် စိတ်အေး လက်အေးပင် ရှိသေး၏။ သို့သော် ဗုံးနှင့် စက်သေနတ်သည် မင်္ဂလာဒုံ လို၊ သဘော်ဆိပ်လို၊ မီးရထားဘူတာရုံလိုနေရာများမှာသာ မွှေ့ရမ်း သောင်းကျန်းရာက မြို့တွင်းလူနေအိမ်ခြေကို ထိပါးစပြုလာလေ၏။ သူဌေးဦးဖိုးနှင်းတို့ တစ်အိမ်သားလုံးလည်း ရန်ကုန်မှ ပြေးလေ၏။ ဆွမ်းဒကာများလည်း မနေဝံ့တော့ အနည်းဆုံး ရန်ကုန်အစွန်အဖျားသို့ ပြေးရှောင်ကြလေရာ ဆရာတော် ဦးညာဏိကသည် ကျောင်းတိုက်ရှိ သံဃာတို့ကို စည်းဝေးစေရ၏။

"ကိုင်း ... ငါ့လူတို့၊ အခြေမလှတဲ့အခိုက်အတန့်မှာ လျော်ကန် သလိုသာ လုပ်ကြပေတော့။ ဆရာတော်က ခွင့်ပြုလိုက်ပြီ။ ကိုယ့်ရပ်ရွာ ပြန်လိုလည်း ပြန်ကြ။ သည်မှာပဲ ဆင်းဆင်းရဲရဲနေလိုက နေကြ" ဟု ပြောလေ၏။

"အရှင်ဘုရားကော ဘယ်လိုလုပ်မယ်ကြံပါသလဲဘုရား" ဟု ရှင်ရာဇောက မေးလျှင်

"ငါတော့ ဒီကျောင်းမှာပဲ စောင့်ရစ်မယ်။ ဒကာတွေရဲ့ အလှူဒါန အဆောက်အအုံကို ပစ်ပြေးလို့မတော်ဘူး။ ငါ့တစ်ဝမ်းတစ်ခါးတော့ သပိတ်တစ်လုံးနဲ့ လည်ခံရင် ရကောင်းပါရဲ့"

"တပည့်တော်လည်း သည်မှာ နေရစ်ပါရစေဘုရား" ဟု ရှင်ရာဇောက လျှောက်လေ၏။

"တပည့်တော်လည်း နေရစ်ချင်ပါတယ်ဘုရား" စသည်ဖြင့် ဝိုင်း လျှောက်ကြ၏။ ဆရာတော်က စီမံရပြန်၏။

"မောင်သောမနက ခုတစ်လော သိပ်မကျန်းမာဘူး။ မောင်ပညော ဘာသကလည်း အညာက တပည့်ဘုန်းကြီးများကို ဒီနှစ် စာသင်ဖို့ပြော ထားတာ ရှိသေးတယ်။ မောင် ဝိသုဒ္ဓလည်း မယ်တော်၊ ခမည်းတော် တို့က မှာလှပြီ။ စာချပုဂ္ဂိုလ် ၃ ဦးက အညာပြန်ကြ။ ပဉ္စင်း ကိုရင် ကျောင်းသားထဲက လိုက်ချင်သူလိုက်၊ မလိုက်ချင်သူ နေရစ်"

ထို့ကြောင့် သရက်တောတိုက်တစ်တိုက်လုံး ပြာကျအောင် ဖုံးကြဲသောနေ့တွင် ကျောင်းတိုက်၌ သံဃာများစွာမရှိချေ။ မမျှော်လင့်ဘဲ မီးတောက်ကြီးများထလာသည်ကို မြင်ရ၏။ ဘုန်းကြီးကျောင်းများ၌ လာခိုသူ လူများ အော်ဟစ်ထွက်ပြေးကြသည်ကိုလည်း မြင်လိုက်၏။ ကလေးနှင့် မိန်းမများ ငိုသံလည်း ကြားရ၏။ ရွှေဘိုကျောင်း ရှင်ပြုပွဲ၌ လူများ အတုံးအရုန်းလဲကျ သေဆုံးသည်ကိုလည်း တွေ့လိုက်ပြီး ဆရာတော်သည် ခါတိုင်းလို နေလို့တော့မဖြစ်၊ ရှောင်တိမ်းဦးမှ တော်မည်ဟု သတိရကာ သိမ်တွင်းသို့ ဝင်ခဲ့ရလေ၏။

သိမ်တွင်း၌ ရှင်ရာဇာသည် ကြမ်းတိုက်ဆဲမို့ ပုန်းရှောင်ပြီးသား ဖြစ်လေ၏။ "တခြားလူတွေကော ရာဇာ"ဟုမေးရင်း ကျန်ရစ်သူကိုရင်နှစ်ပါး ပြေးဝင်လာ၏။ "နန္ဒိယ ကော၊ နာရဒကော၊ ပေါကြွယ်ကော" ဟုမေးဆဲ လေယာဉ်ပျံထိုးချသံကြီး ဝီခနဲမြည်ဟည်းလာပြီး စက်သေနတ်များပစ်သံ၊ ဖုံးပေါက်ကွဲသံ ကြားရပြန်၏။ မီးခိုးလုံးမည်းပြီး အူထလာသည်ကို မြင်ရပြန် လေ၏။

"ဟဲ့ ... နန္ဒိယကော၊ သူ့အခန်းထဲက မထွက်ပါလား။ နာရီပြင်ရာက မထဘူးထင်တယ်။ နာရဒလည်း တစ်မနက်လုံး တံမြက်စည်းလှည်းနေတာမြင်တယ်။ ဘယ်မလဲ၊ ပေါကြွယ်ကော မီးဖိုဘေးမှာ စောစောကတွေ့သားပဲ။ ဘယ်မလဲ" ဟု ဆရာတော်သည် နှလုံး ငြိမ်ဆိမ်မြဲဖြစ်ရာက ပူပန်လာလေ၏။

ထိုခဏ၌ "ဆရာတော်ဘုရား၊ ဆရာတော်ဘုရား" ဟု ခေါ်သံကြားလေ၏။ "ဒါ ဘယ်သူ့အသံလဲ ရာဇာ" ဟု လှည့်မေးသော် တုန်လှုပ်မည်ကို ချုပ်တည်းနေသော ပဋ္ဌင်းတက်စ ဦးရာဇာက "ဦးတေဇောဘာသ အသံပါဘုရား" ဟု ဖြေလေ၏။

"သည်ကောင် ဘာဖြစ်လို့ခေါ်နေသလဲ။ ငါသွားကြည့်ဦးမယ်" ဟု ဆရာတော်က ဆိုလျှင် စက်သေနတ်တွေ ပစ်နေပါတယ်ဘုရား။ တပည့်တော် သွားပါမယ်" ဟု ဦးရာဇာ က ပြောလေ၏။

"နင် နေခဲ့၊ ဒီနေရာက တစ်ဖဝါးမှမခွာနဲ့" ဟု ခပ်ပြတ်ပြတ်မိန့်ကာ ဆရာတော်သည် ရုတ်ခနဲ ထွက်ကာအသံကြားရာသို့ မှန်းလာ

ခဲ့လေ၏။

ဦးတေဇောဘာသသည် ဆရာတော် အနားနေရလှသည် မဟုတ်။ ဆွမ်းခံပုဂ္ဂိုလ်ဖြစ်၍ စာသင်သားအသစ်လည်းဖြစ်လေ၏။ အောက်သားလည်းဖြစ်လေ၏။ သူ့ကို ကျောင်းတိုက်နှင့် မလှမ်းမကမ်းမှာ လဲလျက်တွေ့လေ၏။ အနားရောက်သော် သင်းပိုင်တစ်ထည်လုံး စိုရွှဲနီရဲအောင် သွေးများသွန်အိုင်နေသည်ကို မြင်ရလေ၏။

"ဟဲ့ ဘာဖြစ်သလဲ"

"ပေါင်ပြတ်သွားပါပြီဘုရား" ဟု ငိုသံပါနှင့် လျှောက်လေ၏။

"ကိုင်း ... ငါ့ကိုမှီစမ်း" ဟုဆိုကာ ဆရာတော်သည် ပွေ့ချီလေရာ အလွန်ကျစ်လျစ်၍ လေးလံလှသည်ကို တွေ့ရလေ၏။ "ထလည်း မထနိုင်ဘဲကိုး ... ဒုက္ခ၊ ဒုက္ခ" ဟု ဆရာတော် ညည်းမိလေ၏။ "ဒီလိုလုပ်၊ ငါ့ကျောပေါ် ရင်ဘတ်နဲ့ကပ်ပြီး လည်ပင်းကိုဖက်စမ်း"

အတော်ပင် ခဲယဉ်းစွာ ဦးတေဇောကို ထမ်းပိုးယူရလေ၏။ ကျောပေါ်ရောက်၍ မတ်တတ်ရပ်မိလျှင် ဟန်ကျပေပြီ။ ဆရာတော်သည် စက်သေနတ်သံ၊ ဗုံးသံ၊ လေယာဉ်ပျံသံ၊ ပေါက်ကွဲသံများကို အာရုံမှ ပြတ်တော်မူလေ၏။ မီးတောက်မီးခိုးများကိုလည်း မြင်လို့မှ အမှတ်မထင်အောင် စိတ်ဆောင်တော်မူလေ၏။ သတ္တဝါအများကို လည်း မေတ္တာပို့လေ၏။ ဦးတေဇောအတွက် ပရိတ်ရွတ်စပြုလေ၏။ ထိုခဏ၌ ဆရာတော်၏ကိုယ်စိတ်နှစ်ပါးသည် ငြိမ်းချမ်းသွားကာ လေးလံလှသော ဦးတေဇောကို ချီပိုးရသည်မှာလည်း ပေါ့သွား၏။ ဆရာတော်သည် ခြေလှမ်းခပ်မြန်မြန် ခပ်မှန်မှန်ပင် ဆေးရုံကြီးသို့ လာခဲ့၏။

ဆေးရုံကြီးသို့ရောက်သော် သူ နူတ်ခွန်းတစ်ပါဒမျှမဟ၊ ဆရာဝန်တစ်ယောက်ကိုမြင်၍ လူနာကိုအပ်ခဲ့၏။ ပြီးသော် ပြန်၍မကြည့်တော့ဘဲ ကျောင်းတိုက်သို့ ပြန်လာခဲ့လျှင် မီးလောင်ဆဲ၊ မီးခိုးလုံးထဆဲ အုတ်ပုံဖြစ်နေသော ကျောင်းတိုက်ကို မြင်လေ၏။

သို့သော် ထုထည်ထူထဲ၍ သစ်သားမဖြစ်စလောက်သာပါသော ဦးဖိုးနှင်းသိမ်ကား မားမားကြီးတည်နေလေ၏။ သိမ်တွင်းသို့ဝင်ခဲ့သော်

ကိုရင်နှစ်ပါးနှင့် ဦးရာဇောကို တွေ့ရ၏။ ဦးနန္ဒိယ၊ ဦးနာရဒနှင့် ကျောင်းသား ပေါကြွယ်တို့ မလာရောက်နိုင်ကြတော့ချေ။

✱ ✱ ✱

စစ်ပြီးသွားသည်အထိ ဆရာတော်၊ ဦးရာဇောနှင့် ကိုရင်နှစ်ပါးတို့သည် သိမ်တွင်း၌နေကြရ၏။ ထမင်းတစ်နေ့တစ်နပ်ပင် ပြတ်သည်ကို ပေါင်မုန့်ကုလားတစ်ယောက် ရိပ်မိ၍ လာလှူမှ ပေါင်မုန့်တစ်လှည့်၊ မုန့်ကြွပ်တစ်လှည့်၊ ထောပတ်မုန့်တစ်လှည့် စားရသည်များမှလည်း လွတ်ကင်းခဲ့လေပြီ။ သို့သော် ယခင်အခြေအနေသို့ ပြန်မရောက်တော့ချေ။

သူဌေးဦးဖိုးနှင်းလည်း မွဲလေပြီ။ ဆွမ်းဒကာတို့လည်း အများအားဖြင့် ဆင်းရဲကုန်ကြကာ ဒကာ့သားသမီးများလည်း ခေတ်ပညာသင်၍ လခစားများဖြစ်ပြီး ကျောင်းတိုက်ကို ဆက်လက်မကိုးကွယ်ကြတော့သည်မို့ ကွန်မြူနစ်တွေ ဖြစ်ကုန်ထင်ပါရဲ့ဟု ဆရာတော် တွေးမိလေ၏။ သစ်သားကျောင်းပြန်ဆောက်ဖို့ရာ ဒကာဟောင်းများ ဆော်သြ၍ တအိအိနှင့် ကျောင်းပြန်ဖြစ်လာ၏။ စာသင်သားများလည်း များများလက်မခံနိုင်တော့။ စာချပုဂ္ဂိုလ်သုံးပါး ပြန်လာသော် အိုမင်းစပြုပြီမို့ ဆွမ်းမှန်မှန်ထွက်မခံနိုင်ချေ။ ဦးရာဇောတစ်ပါးသာ ညိုမောင်းလာသော အသားအရေ၊ ရင့်ရော်လာသောမျက်နှာနှင့် နေပူ မိုးရွာထဲ ဆွမ်းထွက်ခံကာ ဆရာတော်မှအစ ဘုန်းကြီးကြီးများကို လုပ်ကျွေးလေ၏။ သနပ်ခါးတုံးရောင်းနေသော ဇဝနလူထွက်လည်း လှူဖွယ်ဝတ္ထု လာလှူ၏။ ဦးသောမနမူ တီဘီဖြစ်ကာ ဆေးမမှီဝဲနိုင်၊ ဓာတ်စာမစားနိုင်ဘဲ ပျံလွန်လေ၏။ အလွန်စိတ်တိုသော ဦးပညောဘာသသည်ပင် စိတ်အေးငြိမ်ကာ သည်းခံတတ်လာသည်ကို တွေ့လေ၏။

ဦးဖိုးနှင်းသိမ်ကား ခိုင်ခိုင်မာမာ တည်လျက်နေသော်လည်း ပြုပြင်ဖို့ လိုသေး၏။ ကြမ်းလုံးပြည့်ကော်ဇောကြီးကား အနားလည်း စုတ်ဖွာ၊ အမွေးလည်းတုံးပေပြီ။ သည်သိမ်ကြီးကို မွမ်းမံသူမှ ပေါ်ပါဦးမည်လား။ သိမ်ဝင် ရဟန်းခံရှင်ပြုပွဲမှ ဖြစ်နိုင်ဦးမည်လားဟု ဆရာ

တော် တွေးမိတတ်လေသည်။

တစ်ညနေတွင် မြင်ဖူးသလိုလိုရှိလှသော လူရွယ်တစ်ဦးသည် ကိုးနှစ်ရွယ် သားကလေးကို လက်တွဲ၍ ကျောင်းတိုက်တွင်းသို့ ဝင်လာလေ၏။ သူ့နောက်က သူ့ဒကာမနှင့်တူသူ မိန်းကလေးလည်း ပါလာ၏။ သူတို့သည် ဆရာတော်ကိုဦးချ၍ "နေကောင်းပါရဲ့လား ဘုရား" ဟု မေးလျှောက်လေ၏။

"နင်တို့က ဘယ်သူတုံး၊ ဘယ်ကတုံး" ဟု ဆရာတော်က မေးသော်

"တပည့်တော် ဦးဖိုးနှင်းသား အပုပါဘုရား။ ကြီးနာမည်တော့ မောင်အောင်ထွန်းပါ"

"ဟေ... ဟုတ်ကဲ့လား၊ ဘယ်ပျောက်နေတုံး။ မင်းအဖေ လေဖြတ်တဲ့ဆီ ငါ တစ်ခါတော့ရောက်တယ်။ မင်းတို့ အတူမနေကြဘူးထင်တယ်"

"တင်ပါဘုရား၊ အိမ်ခွဲနေပါတယ်။ ဒါကတော့ တပည့်တော် ဒကာမပါ။ ဒါကတော့ သားပါ။ ဟဲ့လူလေး ... ဆရာတော်ကို ကန်တော့ပြီးပြီလား"

"ပြီးပြီ ဖေဖေရဲ့"

"ကလေးတောင် အတော်ကြီးမှကိုး"

"တင်ပါ၊ ရှင်ပြုချင်ပါပြီဘုရား။ အရှင်ဘုရားတို့ကျောင်းမှာအပ်၊ သိမ်ထဲမှာ ရှင်ပြုရမယ်လို့ ဖေဖေက ပြောပါတယ်ဘုရား"

"အင်း ... ကောင်းတယ်" ဟု ဆရာတော်က မိန့်၏။

"ကလေးကျောင်းပိတ်ပိတ်ချင်း တပည့်တော်တို့ တစ်ခါလာပါဦးမယ် ဘုရား"

"ဟဲ့ နေဦး ... နင့်ကလေးနာမည်က ဘယ်လိုတုံးကွဲ့" ဟု ဆရာတော်က သတိရ လာပြန်လေ၏။

"တပည့်တော်နာမည် မောင်လေးမြင့်ပါ" ဟု ကလေးက သွက်သွက်လက်လက် ဖြေလေ၏။

"မင်း ကိုရင်ဝတ်မလား၊ ဟောဟိုသိမ်ကြီးထဲမှာလေ။ အဲဒါ

မင့်ဘိုးအေ ဆောက်တဲ့သိမ်ပဲ” ဟု ဆရာတော်က ပြောလေ၏။

“အဖေကြီးဆောက်တဲ့သိမ်ဆို ကျွန်တော်တို့သိမ်ပေါ့နော် ဖေဖေ”

“ဒါပေါ့ သားရဲ့”

“ကျွန်တော်တို့သိမ်ကို ကျွန်တော်ရှင်ပြုဖို့ ဆေးအသစ်သုတ်ဦးမှပေါ့ ဖေဖေရဲ့။ ဟိုမှာ အင်္ဂတေတွေကလည်း ကွာလို့။ ဒီလိုဆို ဘယ်လှမလဲ” ဟု ကလေးကပြောလေ၏။ သူ့ အဖေက ရယ်မောလေ၏။ သူ့အမေက လိမ္မော်သီးခြင်းကို ဦးရာဇောထံ ဆက်ကပ်၏။ ဆရာတော်ကမူကား စိတ်တွင်းမှ သာဓုခေါ်စပြုလေ၏။ ။

*မြဝတီမဂ္ဂဇင်း*

❑

# မြိုင်လယ်မှ ညချောက်

(၁)

သူ၏ကင်းစောင့်ရသည့်အလှည့်မှာ မနေ့ညကပင် ကုန်၍သွားပြီ၊ သူ့အလှည့်မှာ သုံးညမျှပင် ဖြစ်သော်လည်း ရဲဘော်–ဝင်းအောင်ငှက်ဖျားထသဖြင့် အစားစောင့်ပေးရကာ ခြောက်ညမျှပင် အိပ်ရေးပျက်ခဲ့သည်၊ သည်လိုညမူ သူမျှော်လင့်ထားသည့် လူသေပမာ ပစ်လှဲအိပ်၍မရ၊ မျက်လုံးသည် အကျင့်ရကာ ကြောင်လျက်ရှိသည်။ နေ့လယ်ကတစ်နာရီ ခန့် အိပ်လိုက်မိသည်မှာ မှားပြီ ထင်သည်။

သူသည် အလွန်ဇာရာမှ နွမ်းနယ်လျက်ရှိ၏။ မျက်ရိုးများ ကိုက်ကာ ဦးခေါင်းမှာ ထုံကျဉ်၏၊ လက်ဖျားများ နားရွက်များနှင့် နှာခေါင်းတို့သည် ဆောင်းဦးလေတွင် အေးစက် စေးထိုင်းလျက် ရှိလေသည်။

သူ၏ အာရုံကြောများသည် တစ်နေရာရာမှာ ချွတ်ယွင်းနေသည်ဟု ထင်မိ၏။ ထူးဆန်းသော စိတ်ဝေဒနာကို ခံစားရသည်။ စိတ်ညစ်တာ ဝမ်းနည်းတာ ဘာရယ်ဟုလည်း ခွဲခြား၍မရ၊ သေခြင်းတရားကို နီးကပ်စွာ မြင်၏။ ကိုယ့်ကိုယ်ကိုယ် တစ္ဆေပမာအရိပ်သာရှိတော့သည်ဟု ထင်လေသည်၊ ဝိညာဉ်ဆိုတာကို ယုံချင်လျက်ရှိသည်။

စင်စစ်တော့ မှောင်မိုက်တဲ့ ညများရဲ့ ဒဏ်ပြန်ချက်ပါပဲဟု သူ

တွေးသည်။

သူသည် တောကြီးမျက်မည်းထဲမှ ရုပ်ဝါဒသမားပင် မဟုတ်လား။ သို့သော်လည်း ကုန်လွန်ခဲ့သောအချိန်ကာလများက စွဲခဲ့သော စိတ်ကူးယဉ်အယူသီးမှုများသည် အိပ်မပျော်သောညများတွင် ပြန်လည်လာကပ်တတ်သည်။ ဝေးလံစွာသောအရပ်ကို မလွင့်ကြသေးပါတကား။

ပထမဦးဆုံး သူ ကိုးကွယ်သော ကဗျာဆရာမှာ ကိစ်ဖြစ်လေ၏။ ရှိတ်စပီးယားကိုမူ သူသည် ခွင့်လွှတ်ခြင်းနှင့် အတူစွဲသည်၊ နောက်ဆုံးတွင်မူ သူသည် ဘုရားမရှိဝါဒရှင် ရှယ်လီအားသာ ဆည်းကပ်ချေတော့သည်၊ ထိုအခါမှာ သူသည် လူငယ်တို့၏ ရူးမူးထက်သန်သော အချစ်စိတ်လည်း တက်ကြွချိန်ဖြစ်၍ ရှယ်လီနှင့် သင့်မြတ်စွာ နေထိုင်သည်။

နောက်ဆုံး၌မူ ကျောင်းသားသမဂ္ဂက စတင်မတ်တတ်ရပ်ကာ သူသည်ထောင်ကျခြင်း၊ ကျည်ထိခြင်း၊ နယ်နှင်ခြင်း၊ သေဒဏ်ပေးခြင်းများဖြင့် တန်ဆာဆင်အပ်သော လမ်းတွင် မခံရပ်နိုင်သည့်နှလုံးဖြင့် လျှောက်လျက် ရှိလေတော့သည်။

နေ့အခါများသည် သူ၏ ဘဝအစစ်အမှန်ဖြစ်၏။ ညအခါများမှာမူ သူသည် အိပ်စက်မရဘဲ ရွှေရတနာအမည်ရှိ ကဗျာနှင့်အတူ လမင်းထံသို့ လွင့်၏၊ ရုပ်တရားနှင့် နာမ်တရားအလယ်မှာ သူသည် ပိန်ချုံးကာ လာခဲ့သည်။ ပြောင်လှောင်လာသော ရဲဘော်များ ကို သူက ရှယ်လီ၏ ကဗျာဖြင့် ဖြေသည်၊ နက်ရှိုင်းကျယ်ပြောတဲ့ ပူပင်ဆင်းရဲခြင်း ပင်လယ်ထဲမှာ စိမ်းလန်းသော ကျွန်းကလေးများ ရှိရပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ နွမ်းနယ် မောပန်းနေတဲ့ သဘော်သားဟာ သည်အတိုင်း ဘယ်လို ခရီးဆက်နိုင်မလဲ။

သူသည် မပြောင်လက်သော လူစုလူဝေးအလယ်တွင် နေထိုင်ကာ စကားပြော ကောင်းလာ၏။ ငြင်းခုံတတ်လာ၏။ သို့သော်လည်း ကဗျာများကို ကျက်လျက်ရှိသေး၏။ နီရူဒါ၏ အကျဉ်းသမား မိန်းမနှင့်ယောကျ်ားတွေ့ခန်းကို ကိစ်၏ ဟိဘိနတ်သမီးဂျို့ နတ်သားနှင့် အတွေ့ ခါးဝတ်လျှောခန်းနှင့် ယှဉ်ပြီးဖတ်ကာ ရရှိလာသော အကျိုးနှစ်ခု

ကို ဆန်းစစ်နေတတ်သည်။

တစ်ခါသောအချိန်၌မူ သူသည် မိန်းမောတွေဝေခဲ့ဖူး၏။ မိုက်မှောင်သော အချစ်ဝင်္ကပါကွက်တွင် ဆောက်တည်ရာမရ လျှောက်ခဲ့ဖူး၏။ သူ၏ဘဝမှာ ညသည် များ၍သာ လာသည်။ ညတိုင်းသူသည် တစ္ဆေအဖြစ်သို့ ပြောင်း၏။ များပြားလှသော သူ၏ကိုယ်ပွား တစ္ဆေတို့သည် ယခုတောင် အမှောင်တွင်းမှာ လွင့်ပါးနေပေဦးမည်၊ ချစ်သူထံ ရောက်ချင်လည်း ရောက်နေမည်။

(၂)

ကင်းစောင့်စစ်သား၏ သေနတ်ကို ဟိုဖြုတ် ဒီကိုင်လုပ်နေသံကို ကြားရသည်။ ပုရစ်တို့သည် ရင်ကွဲသည်အထိ အော်နေကြသည်၊ မြွေတွန်သံကို ရွှီခနဲလည်း ကြားရသည် ညသည် မှောင်၏။

သူသည် ရုတ်တရက် အိမ်ကို သတိသွား၍ ရလေသည်။ အိမ်ရှိ သူ၏ ခင်မင်နှစ်သက်သော အိပ်ခန်းကလေးကို တွေးမြင်မိ၏။ ပြတင်းမှာ သူ့ခေါင်းရင်းတည့်တည့်ဖြစ်ကာ သန်းခေါင်တိုင်းမှာ ည၏အမှောင်ကို မြင်ရသည်။

မောလှသည်။ ရင်ခုန်သံမှာ မညီမညွတ်၊ သူသည် နှလုံးရောဂါမျိုးရိုးရှိသူဖြစ်၍ ထိတ်လန့်သည်၊ ယခုတစ်လောလည်း အင်မတန်ပင်ပန်းနေသည်၊ အိပ်ချိန်ကို ဂရုစိုက်ဦးမှဖြစ်မည်။

သူ၏အတွေးတို့သည် တဝေ့လည်လည်နှင့် မြို့ပြကျေးရွာများထံ ပြန်ရောက်လျက် ရှိလေသည်။ ဖြုန်းခနဲ သတိရကာ အိပ်ဖို့ရာကြိုးစားပြန်လည်း မရ၊ စိတ်မချမ်းသာခြင်း ဖြစ်လေသည်။

သူ၏ လက်ပတ်နာရီမှ အမှောင်ကို စူးဝင်သော ရေဒီယံလက်တံတို့သည် ၁၂ နာရီကို နီးကပ်စွာ ညွှန်ပြသည်။

သက်ပြင်းသာချရသည်၊ ဘယ်တော့များ အိပ်ပျော်မလဲ၊ မျက်လုံးများသည် ကျိန်းစပ်ကာလာသော်လည်း အိပ်ချင်ဟန် မပြသေး၊ သူ၏စိတ်သည် အစိုးမရ ရှုးသွပ်တော့မလို ဖြစ်၍လာသည်၊ စိတ်ညစ်စရာတွေ၊ စိတ်နာစရာတွေသည် ညအခါမှာ လာလေ၏။ လောကကို

မခင်တွယ် ကိုယ့်ဘဝကို အဓိပ္ပာယ်မရှိဘူးဟု ထင်လာသည်၊ အသက်ရှင်နေထိုင်ခြင်းဟာ ငါ့အတွက် အင်မတန် ပင်ပန်းစရာ အလုပ်ကြီးတစ်ခု ဖြစ်နေပါပြီကော။

သူသည် တရွေ့ဖြစ်၍သွားကာ ထ၍လျှောက်လျက်ရှိသည်၊ ရဲဘော်နေဦးနှင့် တွေ့သည်၊ နေဦးက သူ၏ လျှို့ဝှက်သော ဒိုင်ယာရီကို လုဖတ်ပြီး သူ့ကို ကြိမ်းသည်၊ မင်းလိုကောင်မျိုး တို့ဆီမှာရှိတာ တခြားလူတွေ စိတ်ဓာတ်ပျက်ပြားစရာဖြစ်တယ်။ သူက ဆက်၍လျှောက်သွား၏။ ငါ ဘာဖြစ်နေသလဲ၊ ငါ ဘာဖြစ်နေသလဲ၊ သူသည် တစ်ကိုယ်တည်း ပြောကာနေရင်း အသံတို့သည် ပြောင်း၍သွားကာ အက်ကွဲပွင့်ထွက်သွားသလိုပင်။

လန့်၍နိုးမိသည်၊ သူ၏ အင်္ကျီရင်ဘတ်သည် ပွင့်ဟကာ သူ့တစ်ကိုယ်လုံး အအေးမိနေသည်ကို တွေ့ရ၏။ ဖျားမှာ ကြောက်ရသည်၊ အင်္ကျီရင်ဘတ်ကြယ်သီးကိုတပ်ရင်း အသက်ရှူရခက်နေ၏။

သူသည် ခဏမျှငြိမ်နေပြီး မှောင်ထဲတွင် ထလေသည်၊ အင်္ကျီအိတ်ထဲမှ ဒိုင်ယာရီကို ထုတ်၏၊ ဤဒိုင်ယာရီထဲတွင် သူမေ့ပစ်ဖို့ကြိုးစားနေသော ချစ်သူ၏အမည်များ စာမျက်နှာတိုင်းတွင်ပါသည်။ ကြိုးနှင့် စာအုပ်ကို ဖောက်တွဲထားသော ခဲတံကလေးနှင့် စမ်း၍ ရေးလေသည်။

ညသည် မှောင်၏။ မမြင်ရပေ၊ မျက်လုံးများကို အစွမ်းကုန်ပြူး၍ကြည့်သော် ဒိုင်ယာရီစာရွက် ဖြူလဲ့လဲ့ကို တွေ့ရသည်။ စာလုံးများကိုတော့ မတွေ့နိုင်ပေ။ မင်နဲ့ဆိုရင် မြင်ချင် မြင်ရမှာကွာ–။

*ညသည် မှောင်၏။ သူကသည်လိုပင် ဆိုချင်သည်။*

*ညသည် မှောင်၏။*

*အရောင်မွဲခြောက် ကြယ်မပြောက်ဘူး။*

ကာရန်များသည် သူ့ခေါင်းတွင်းမှာ ခုန်ပေါက်၍နေကြသည်။ ခမိ၏ အိပ်ခန်းကလေးကို သတိရပြန်၏။ သူသည် ပက်လက်လှဲပြီး မိုးပေါ်ကို မော့ကြည့်နေသည်။

သူ ရောက်နေသည်ကို အိမ်သားများ မသိကြချေ။

*"လေပေါက်ပြတင်း ငါ့ခေါင်းရင်းရှိ*
*ပယင်းညိုရင့် အဝတ်လွှင့်နေ*
*လေနှင့်လိုက်လံ သံစီညံလို*
*စိတ်ကြံမတတ် သတိပြတ်လု*
*ရင်ကြပ်ပန်းစွာ တစ်ကိုယ်နိုး"*

သူသည် တကယ်ပင် မောပန်း၍၊ နေရှာလေသည်။ နှုတ်မှ ကာရန်များကို စမ်းသပ်ရွတ်ဆိုသည်။ ယခု သူ့စိတ်တွင် ဖြစ်ပေါ်နေသည်မှာတော့ အချိန်ကာလမရှိ အလင်းအမှောင်လည်း မရှိသော လဟာပြင်သာ ဖြစ်လေသည်။

*ဖြေးညင်းစွာ ဆိုမိလေသည်။*
*စက္ကန့်သံသည်*
*ဆူညံရာက အေးဖျော့လျကာ*
*တစ်စတစ်စ အပါးကခွာ*
*ညည်းတသံနှင့် အဝေးလွှင့်ရှာ*

အို – စိတ်ညစ်စရာကြီးပါကလားလို့ မဆိုနဲ့နော်ဟု သူ ပြောမိသည်။

*မှုန်သာပျင့်*
*သုညနာရီ ဉာဏ်သိမီခက်*
*ညဥ့်လယ်တစ်ဝက် ရှူပြင်းသက်နှင့်*
*ညဥ့်နက်ကိုသာမှန်းမိရဲ့။*

သူ၏စိတ်တို့သည် လေလွင့်သွားလေပြီ၊ ဖမ်း၍ မမီတော့။ သူသည် တစ္ဆေပင် ဖြစ်၍နေလေ၏။ အမြဲတမ်း လမ်းလျှောက်လျက်ရှိသော တစ္ဆေ။ ခိုလှုံနားနေစရာမရှိသော တစ္ဆေ။ တစ္ဆေသည် ခလုတ်တိုက်မိလေသည်။

အို... ငါသာ ဒီလို တစ်ရေးနိုး အချိန်ကြီးမှာ သူ့အကြောင်းကို မမေ့နိုင်အောင် တွေးနေတာပါကွယ်။

*"ငါ့ချစ်သူဖြင့်"*

*သက်ရှုမှန်သေး ပြုံးမျက်မှေးနှင့်*
*အေးချမ်းအိပ်ပျော် ရှာလိမ့်မယ်။*
*ပျော်ရှာသူ၏။*
*မြကြူခိုင်ညွှန့် ကျလျော့လွန့်လာ*
*သက်တံပန်းချယ် အိပ်မက်နွယ်ကို*
*ဖက်တွယ်တက်သဲ လက်မမြဲမိ*
*ခက်ခဲလမ်းကျဉ်း နွယ်ကဆင်းပြီး*
*ချက်ချင်းပြန်လာ ငါ့အိပ်ရာကို။*
*"မောလွန်းရှာ၍"*
*အိပ်ရာပွေ့ထက် ရင်လှိုက်သက်ဖို*
*အိပ်မက်ချောက်ချား စကားထစ်ပြတ်*
*ဖန်စပ်ကျိန်းမျက် ငိုတစ်ဝက်နဲ့*
*စိတ်ပျက်လမ်းလျှောက် သီချင်းငေါက်သတဲ့*
*ကြောက်ရွံ့ထွက်ပြေး ခြေကနှေးသတဲ့။*

သူသည်တစ်ကြောင်း ဆက်ချင်သေး၏ သည်အတိုင်းဆိုရင် အဆုံးမသတ်သလိုပင်။

(၃)

"မိုးလင်းသော်ဖျား၏"

ရဲဘော်များကို ဟာဗျာ ညက မျက်စိကြောင်လို့ အိပ်မရဘူး၊ အအေးလည်း မိသွားသည်ဟု ပြောပြနေသည်။

လူရှင်းလျှင် ဒိုင်ယာရီကို ထုတ်၍ဖတ်၏။ ကဗျာသည် အလကား ဖြစ်နေသည်ဟု ထင်၏။ ညကများ ခဏရူးသွားရော့သလား၊ အဓိပ္ပာယ်မရှိလိုက်တာ ငါဟာ မရင့်မာသေးဘူးနော်။ တခြားမောင် တွေမြင်ရင် ငါ့ကို ဘယ်လောက်ကြိမ်းကြမလဲ၊ စိတ်ကူးယဉ်နိုင်သေး တယ်လို့ တွေဝေမိန်းမောနိုင်သေးတယ်လို့။

ည။ ကောင်းကျိုးမပေးသောညများ။

ကြည့်စမ်း ယခု နေရောင်သည် ရွှေလို ဝင်းနေသည်၊ သစ်ရွက်

ကြိုကြားက စူးရှဝင်ရောက်လာသည်၊ ငှက်တို့က ဖျတ်လတ်စွာ ပြေးကြ ပျံကြ၊ ရဲဘော်အားလုံးလည်း ထထကြွကြွရှိကြသည်၊ ညသည် အသေ ဖြစ်လျှင် မနက်သည် အလွန်တရာ ရှင်သည်တကား။

မနက်သည်သာ ဘဝအစစ်အမှန်ပါပဲနော်၊ ညဆိုတာ အလုပ် ပန်းသူတို့အိပ်ဖို့၊ ချစ်သူမောင်နှံတို့ ကလက်ဖို့၊ လျှို့ဝှက်သူတို့ ခြေဖျား ထောက်လျှောက်ဖို့ ဖြစ်သည်။

သို့သော် သူ၏ကဗျာကို ထပ်ဆက်ပြီး အဆုံးသတ်လိုက်သေး ၏ ။

*"ငိုတစ်ဝက်နဲ့"*
*စိတ်ပျက်လမ်းလျှောက်၊ သီချင်းငေါက်သတဲ့*
*ကြောက်ရွံ့ထွက်ပြေး၊ ခြေကနှေးသတဲ့*
*လမ်းဘေးလဲဟန်၊ ထလာပြန်သတဲ့*
*နံနက်မိုးလင်း၊ ပင်ပန်းခြင်းပင်။*

သူသည် နေ၍မကောင်းပေ၊ နွမ်းလျလှသည်၊ ကိုယ်လက် ကိုက် ကာ ခြေလက်ပူနေသည်၊ ရေငတ်သည်၊ ခြေပစ်လက်ပစ် လှဲနေချင် သည်၊ နံနက်မိုးလင်း ပင်ပန်းခြင်းပင်။

*ဆေးသိပ္ပံမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၁၊ ဒီဇင်ဘာ၊ ၁၉၅၁*

❑

# ရာသီမိုး

(၁)

လေးငါးရက်ကြာခဲ့ပြီဖြစ်သော်လည်း အေးအေးသည် ရှက်ကြောက်၍မပြီးနိုင်ဘဲ ရှိသည်။ ရင်ကလည်း ခုန်လိုက်ပါဘိ။

စာကျက်ရင်း၊ ထမင်းစားရင်း၊ စကားပြောရင်းက အမေ့ပြောစကားများကို ဖြုန်းခနဲသတိရတတ်သည်။ မျက်နှာကလေး ရဲရဲသွားအောင် ရှက်တတ်သည်။ အတန်းထဲက ကောင်မလေးများကပင် "အေးအေး ... ဘာဖြစ်လို့လဲဟင်" ဟု မေးကြသည်။ အေးအေးသည် ငေးပြီး ဘာမှမပြောဘဲ ရှက်၍သာနေသည်။

အမေ့ပြောစကားမှာ စင်စစ်တော့ ဆန်းလှသည်မဟုတ်။ မိန်းမအဖြစ်ဖြင့် မွေးဖွားလာသော လူသတ္တဝါတိုင်း အရွယ်ရောက်စ၌ မိခင်ထံက ကြားရမည့်စကားပင်တည်း။

လွန်ခဲ့သော သောကြာနေ့မနက်က အေးအေးသည် ခါတိုင်းထက် အိပ်ရာထနောက်ကျသည်။ အိမ်ဘေးက သူငယ်ချင်းမကလေးများနှင့် ပုံပြောတမ်းကစားကြရာက တစ္ဆေပုံ ရောက်သွားသောကြောင့် ကြောက်လည်းကြောက်၊ ကြိုက်လည်းကြိုက်ဖြစ်ကာ ညဉ့်နက်သွားကြသောကြောင့်ပင် ဖြစ်လေ၏။

ထိုညက လအလွန်သာသည်။ ထုပ်ဆီးတိုးတော့ မကစားရတော့ပြီ။ အမေသည် အေးအေးကို ညတိုင်း လမ်းမထွက်ခွင့်မပေးတော့ချေ။ အမေ့အကြောင်းပြချက်မှာ "အေးအေး ... ညည်း ကလေးမဟုတ်တော့ဘူး" ဟူ၏။

"ကလေးမဟုတ်တော့ဘူး" ဟု ပြောတာလောက် မကြိုက်တာမရှိဘူးထင်သည်။ သို့သော်လည်း အေးအေးသည် လိမ္မာချင်သောသမီးဖြစ်လေရာ အမေ့စကားကို မကျေနပ်လှသော်လည်း လမ်းမ မဆင်းတော့ချေ။

ထို့ကြောင့် သူငယ်ချင်းမလေးများက အေးအေး၏အိမ်ကို လာကြ၏။ က,တမ်း ခုန်တမ်းကစားရ၏။ ထမင်းလက်သုပ် ရောင်းကြရ၏။ ပုံပြောကြရ၏။ အေးအေးကိုယ်၌ကလည်း တယ်ပြီး ခုန်ပေါက်ပြေးလွှားချင်လှသည်ဟု မရှိတော့ချေ။ အေးအေးသည် စိတ်ကူးယဉ်လာလေသည်။

မိမိ၏ ပုံပြောအလှည့်ရောက်သော် ကိုယ့်ဒဏ္ဍာရီကို ကိုယ့်ဘာသာ ထွင်ယူမိလေ၏။ အေးအေး၏ပုံထဲမှ ဇာတ်လိုက်မှာ ဥစ္စာစောင့်ဘဝက ဝင်စားလာသော မမိုးသူဖြစ်လေ၏။

မမိုးသူဟူသောအမည်မှာ အေးအေး၏ အဘွားနာမည်ပင်တည်း။ အေးအေးသည် ကြားဖူးနားဝနှင့် ဖြီးကာဖြန်းကာ နေလေ၏။ လူဝင်စားမကလေးသည် မွေးမွေးချင်း "အစ်ကိုကြီးရေ" ဟု တစ်လုံးပီပီသသအော်လိုက်သည်။ လသာသောညတိုင်း မာလကာပင်အောက်မှာထိုင်ပြီး ငိုတတ်သည်။

ပယောဂဆရာနှင့် အစွဲချွတ်ပြန်တော့ အစ်ကိုကြီး ဥစ္စာစောင့်နှင့်လည်း မခွဲချင်၊ လူ့ဘဝက မိဘများနှင့်လည်း ချစ်ခင်နေ၍ အလွမ်းဇာတ် စလေတော့သည်။ အေးအေးသည် ကိုယ့်ပုံမှာ ကိုယ်တိုင်ဇာတ်လိုက်ဖြစ်ကာ ငို တရှိုက်ရှိုက်ပင် ဖြစ်လုခမန်းရှိလေ၏။

အိပ်ပျော်တော့တောင် အေးအေးသည် ဥစ္စာစောင့်အိပ်မက်များကိုဆက်၍မက်နေသေး၏။ အိပ်မက်ထဲ၌ ဥစ္စာစောင့်အစ်ကိုကြီးမှာ ကိုကိုမောင်ဆွေဖြစ်နေသည်။ ကိုကိုမောင်ဆွေသည် အေးအေးမှာထားသော

ရင်ကမ်းသီးများကို အမေတို့ အဖေတို့မသိအောင် ဝှက်၍ယူလာသည်။

မိုးလင်း၍ အိပ်ရာမှနိုးသော် နေရောင်သည် အတော်ပင် ဝင်းဝါလျက်ရှိပေပြီ။ အဖေတောင် ကမ်းနားလမ်းကုန်တိုက်သို့ ထွက်သွားပြီဖြစ်လေ၏။ အေးအေးသည် အလွန်အိုက်နေသည်။ အင်္ကျီကို ကမန်းကတန်းချွတ်ပစ်ကာ ရေချိုးခန်းသို့ ပြေးဝင်သည်။ ရေချိုးပြီးမှ အပြင်၌ ရပ်ကာ သွားတိုက်နေလေ၏။

အမေက ထမင်းဟင်းချက်ပြုတ်နေရာက ဖြုန်းခနဲရပ်လိုက်ကာ အေးအေးကိုစိုက်ကြည့်သည်။ ကြာတော့ မနေတတ် မထိုင်တတ်ပင် ဖြစ်လာသည်။ အမေသည် သည်လိုပင် မျက်တောင်မခတ် ကြည့်တတ်သည်။ ညအိပ်ရာဝင်ပြီဆိုလျှင် အေးအေးသည် အမေနှင့်မျက်နှာချင်းဆိုင်ပြီး အိပ်ရသည်။ ဒါမှအိပ်ပျော်သည်။ သို့မဟုတ်လျှင် အမေက တစေ့စေ့ကြည့်နေတတ်ရကား နေမထိထိုင်မသာနှင့် အိပ်မပျော်တော့ချေ။

ယခုတစ်လောကြည့်ပုံကတော့ ပို၍ပင် စိတ်ညစ်စရာ ကောင်းသေးသည်။ အမေ့အကြည့်ထဲတွင် အပြစ်ဆိုချင်ဟန်၊ ဆူပူချင်ဟန်များကို တွေ့သလိုလို ထင်မိသည်။ အေးအေးသည် အပြစ်မရှိပါဘဲ အပြစ်ရှိသလိုဖြစ်ကာ မလုံမလဲရှိလှသည်။

အမေက ပထမဆူပြီး အစပျိုးသည်မှာ "ရေချိုးပြီးမှ သွားတိုက်ရသလားဟဲ့။ ထမင်းစားပြီးမှပဲ တိုက်ပါတော့အေ"

တကယ်တော့ အမေသည် ဒါကို အရေးတကြီးထား၍ ပြောချင်တာမဟုတ်ဟု အေးအေးသိလေသည်။ အေးအေးသည် ဘာမျှပြန်မပြောဘဲ သွားတိုက်မြဲ တိုက်နေသည်။

"အေးအေးနော် ..." ဟု အမေက ချော့သံလိုလို၊ ငေါက်သံလိုလို မဝေခွဲတတ်သော အသံနေအသံထားနှင့် ပြောသည်။ "အေးအေးနော်... ညည်း မငယ်တော့ဘူး။ ကလေးမှမဟုတ်ဘဲ" ထို့နောက် အမေသည် မျက်နှာကိုတစ်ဖက်လွှဲကာ "ရေချိုးတဲ့အခါ ထဘီကို ရင်ရှားရတယ်အေ့" ဟု ပြောလိုက်လေရာ အေးအေးနားထဲ၌ အမြောက်ဆယ်လုံးတစ်ပြိုင်တည်း ပစ်လိုက်သလို အလန့်တကြားမြည်ဟည်းသွားလေ၏။

အေးအေးသည် ယောင်ကန်းကန်းနှင့် သွားဆက်ပြီး တိုက်လိုက်

သေး၏။ ထို့နောက် ဘာမှမပြောဘဲ မိမိအိပ်ရာသို့ ပြန်ပြေးခဲ့လေသည်။ ရှက်လိုက်တာ၊ ရှက်လိုက်တာ။ အမေ့ကို စိတ်ဆိုးချင်သလိုလိုပင်။ ဘာဖြစ်လို့ သည်လိုပြောရတာပါလိမ့်။ ငါ့ဘာသာငါ လုပ်မှာပေါ့။ ငါသိသားပဲဟာ။ သို့သော်လည်း အမှန်မှာ အေးအေးသည် ထဘီ ရင်ရှားဝတ်ဖို့ တစ်ခါမှ စိတ်မကူးမိသေးချေ။

စိတ်ကိုတင်းပြီး ထမင်းစားသော်လည်း မမြိန်ရှက်ချေ။ ထို့ကြောင့် ကျောင်းသို့ စောစောထွက်ခဲ့ရ၏။ အေးအေးကို ယခု ကျောင်းသို့တစ် ယောက်တည်း မလွှတ်တော့ပြီ။ တစ်အိမ်ကျော်က ကိုကိုမောင်ဆွေကို သွားစောင့်ရ၏။ ကိုကိုမောင်ဆွေက ကျောင်းအထိ လိုက်ပို့ပြီးမှ သူ့ရုံး သို့ သူ ဆက်၍သွားလေ၏။

ကိုကိုမောင်ဆွေ၏အိမ်သို့ရောက်သော် အေးအေးသည် ခါတိုင်း လို ပျော်ရွှင်စိတ်နှင့် လှမ်းပြီး မအော်ခေါ်မိချေ။ အိမ်ရှေ့လှေကားမှာ ခပ်ငေးငေးထိုင်မိ၏။ ရှက်စိတ်များ ဝေနေ၏။ ဘာကြောင့် သည်လောက်ရှက်နေသလဲတော့မသိ။ အလျင်တုန်းကဆိုလျှင် ရှက် လျှင် ငိုပစ်လိုက်သည်။ ယခုတော့ ငိုလည်းမငိုချင်ပေ။ ဖျားသလို တစ်ကိုယ်လုံးပူနေလေသည်။ ထိတ်လန့်ခြင်းလည်း ဖြစ်နေသည်။

ကိုကိုမောင်ဆွေကတောင် ပြောရသည်။ "ဟေ့ မိအေး၊ နေ မကောင်းဘူးလား။ မျက်နှာတွေ အမ်းနေသလိုလို ..." ကိုကိုမောင်ဆွေ သည် နဖူးကို ခပ်ဖိဖိ လာ၍စမ်း၏။ ထို့နောက် အေးအေး၏နဖူးပေါ်က ဖွေပိုကလေးလို ရစ်ရှော့၍ပေါက်သော ဆံပင်လိမ်လိမ် ကွေ့ကွေ့ကလေး များကို ချစ်စနိုးနှင့် သပ်၍ပေးလေ၏။

သည်တော့မှ ငိုချင်လာ၏။ အားလည်းရှိလာလိုက်သေး၏။ ကိုကိုမောင်ဆွေ၏ လက်ဖဝါးများမှာ နွေးထွေးလှသည်။ အရွယ်ရောက် သော ယောကျ်ားလက်မို့ မာ၍ကြမ်းသော်လည်း ဖိကပ်ပြီး နေလိုက်ချင် ၏။ အေးအေးသည် မျက်ရည်စများနှင့် မော်၍ကြည့်၏။ ကိုကိုမောင် ဆွေ၏ လက်ချောင်းများကြားမှ သူ့မျက်နှာကို တစ်မြှောင်းစီ မြင်ရ သည်။ သိပ်ချောတာပဲဟု ထင်၏။ မိန်းမထဲမှာတော့ အေးအေးတို့ အတန်းက အင်္ဂလိပ်စာပြသော ဆရာမကလေးသည် အချောဆုံးပင်။

အေးအေးသည် မိမိလည်း ချောရင်ကောင်းမှာပဲ၊ ချောသလား မသိဟု တွေးမိ၏။ ကိုကိုမောင်ဆွေ၏ လက်ချောင်းများကို ဖယ်ရှားပစ်ပြီး ပြုန်းခနဲပြေးထွက်သွား၏။ ဘုရားစင်အောက်မှာ ချိတ်ထားသောမှန်ကို ခြေဖျားထောက်ပြီး ကြည့်လေ၏။ မှန်ထဲတွင် မျက်နှာတစ်ခုလုံး ရဲရဲနီသော ကလေးလည်းမဟုတ်၊ လူကြီးလည်းမပီသေးသည့် မိန်းမငယ်တစ်ယောက်ကို မြင်ရလေ၏။

"အောင်မယ်၊ အပျိုက မှန်ကြိုက်တတ်လာပြီ" ဟု ကိုကိုမောင်ဆွေက နောက်သည်။ သူ အင်မတန်စတတ်သည်။ စည်းကမ်းမရှိသော စကားမျိုးကိုလည်း ပြောလေ့ရှိသည်။ သူ့စကားများမှာ အမေတို့ပြောစကားများနှင့် ကန့်လန့်ချည်းဖြစ်လေသည်။ သို့သော် ကိုကိုမောင်ဆွေက ဘာပြောပြော အေးအေးမရှက်၊ ဂရုလည်းမစိုက်၊ အခံပ္ပာယ်လည်းမကောက်။ ရယ်ကာသာနေသည်။ ကိုကိုမောင်ဆွေကြီးကို ချစ်သည်။

နှစ်ယောက်သား ကျောင်းသို့သွားသော် အေးအေးသည် ခါတိုင်းထက် ပျော်သလိုလို စိတ်လှုပ်ရှားနေလေသည်။ ပခုံးပေါ် လာတင်နေသော သူ့လက်ကိုပဲ သဘောကျနေသည်။ ပါးပြင်ကိုဆွဲယူပြီး မျက်နှာအပ်ကာ နမ်းလိုက်ချင်သည်။

စင်စစ်တော့ ကိုကိုမောင်ဆွေသည် အေးအေး၏ မိတ်ဆွေကောင်းကြီးပေတည်း။

မပြောရဲဖြစ်နေသည့်အခါ ကိုကိုမောင်ဆွေကို ပြောရသည်။ အမေတို့မကြိုက်သော ရုပ်ရှင်အကြောင်း၊ သီချင်းအကြောင်း၊ ဝတ္ထုမဂ္ဂဇင်းအကြောင်းများကို သူနှင့်ပြောရသည်။ သူငယ်ချင်းများနှင့် မခေါ်သည့်အခါမျိုး၌ကား "အမယ်လေး ကိုကိုမောင်ဆွေရှိပေလို့၊ နို့မဟုတ်ရင် သိပ်ပျင်းမှာ။ သူတို့ကို ငါကချည်း စစခေါ်နေရမှာ" ဟု တွေးပြီး ကျေးဇူးတင်တတ်သည်။

အိမ်မှာဆိုလျှင် ဘာမှမလွတ်လပ်ချေ။ အမေက နေရာတကာ ပါလွန်းသည်။ အခုတစ်လောဆို ရှက်တာကလည်းတစ်မျိုးနှင့်မို့ ဘယ်လိုနေရမှန်း မသိချေ။

အိမ်မှာ စကားပေါ့စကားပျက် ပြောလို့မရ။ သီချင်းကျယ်ကျယ်ဆိုလျှင်တောင် ယခုမကြိုက်ချင်ကြတော့ပြီ။ မနက် အိပ်ရာကထ၍ ရေချိုးလျှင် စိတ်ဒုက္ခတစ်မျိုးဖြစ်သည်။ အမေ့စကားကို နားလည်းထောင်ချင်၏။ ခွတိုက်ပြီး လုပ်ချင်စိတ်လည်း ထူးထူးဆန်းဆန်းပေါ်ပေါက်လာတတ်သေးသည်။

သို့သော် အမေ့ကွယ်ရာပင်ဖြစ်စေဦးတော့ အေးအေးသည် စိတ်တစ်မျိုးဖြစ်ကာ ဝမ်းကွဲအစ်မ အပျိုကြီးများဟန်ကို အတုခိုးကာ နေမိလေတော့သည်။

ထဘီကို ခြေသလုံးသားကလေးပေါ်ရုံသာ လှန်ကာ သေသေသပ်သပ် ဆပ်ပြာတိုက်သည်။ ရင်မှာဝတ်ထားရသဖြင့် ကျပ်တတ်တတ်နေသော်လည်း စောင်ခြုံထားရသလို စိတ်လုံခြုံလျက်ရှိနေလေတော့သည်။

မျက်နှာကို ဆပ်ပြာတိုက်ရင်း လူကြီးများလုပ်သလို မျက်လုံးဖွင့်စမ်းကြည့်သည်။ အလျင်ကဆိုလျှင် ရေအထပ်ထပ်လောင်းပြီးမှ မျက်စိဖွင့်ရဲသည်။ ကံကောင်းချင်တော့ ဆပ်ပြာမြုပ်များသည် မျက်လုံးထဲသို့ မဝင်ဘဲနေကြရာ အေးအေးကျေနပ်သွားပြီး နောက်နောင် မျက်နှာတိုက်လျှင် မျက်လုံးဖွင့်ဖွင့်ပြီးနေဖို့ ဆုံးဖြတ်လိုက်လေ၏။

ဘာပဲဖြစ်ဖြစ် ရက်တာကတော့ မပျောက်နိုင်။ အမေ့ကိုလည်း မျက်နှာချင်းမဆိုင်ဝံ့သလိုဖြစ်နေလေရာ အိမ်မှာ တယ်ပြီးမနေမိတော့ချေ။ ကိုကိုမောင်ဆွေဆီချည်းပဲ သွားနေသည်။ သူငယ်ချင်းမလေးများနှင့်လည်း ယခုတစ်လော မတည့်လှ။

သည်လိုဆိုပြန်တော့လည်း အမေ့မှာ ပြောစရာရလာပြန်သည်။ "ဟဲ့ မအေး လည်လှချည်လားအေ။ နေဝင်မိုးချုပ်ထိ သူများအိမ်မှာနေရသလား။ မိန်းကလေးအေ ... ယောက်ျားလေးမဟုတ်ဘူး"

အေးအေးသည် ဘာကြောင့်မှန်းမသိ၊ အလွန်နာကြည်းသွားကာ မျက်နှာအောက်သိုး၍ "ဘယ်ကသူများအိမ်ရမှာလဲ၊ ကိုကိုမောင်ဆွေဆီသွားတာ"

အမေသည် တစ်ခုခုပြောဦးမည်ပြုပြီး မပြောတော့ချေ။ မျက်လုံး

များ အရောင်တောက်လာကာ သမီးဖြစ်သူကို ကြည့်သည်။ အေးအေး နားမလည်နိုင်သော လျှို့ဝှက်သည့် အရိပ်အငွေ့များ သန်းသလိုလို။

ယခုတစ်လော ဒါတွေချည်း တွေ့နေရသည်။ ကျပ်ပါဘိနော်ဟု သာ ညည်းချင်သည်။ သို့သော်လည်း အေးအေးသည် တယ်ဂရုမစိုက် တော့ဘဲ ကိုယ့်ဘာသာကိုယ် နေတတ်သလို နေသွားဖို့ရာသာရှိသည်။

အမေက ဘာလိုချင်မှန်းမသိ။ သမီးဖြစ်သူက ဘာပေးရမှန်း မသိ။ မိမိအပေါ်၌ မိဘများသည် အနည်းငယ် ရက်စက်လာသည်ဟု ထင်စပြုသည်။ ဘာကြောင့်လဲ။ ငါဟာ ကလေးမဟုတ်တော့လို့လား။ မိန်းကလေး မို့လား။ သူငယ်ချင်းမကလေးများနှင့် ပြန်၍တည့်သွားကာ ကိုကိုမောင်ဆွေတို့အိမ်ဘက်သို့ မရောက်ပြန်တော့ချေ။ ထို့ကြောင့် အိမ်လည်ပြဿနာ အလိုလိုပြေသွားသည်။

(၂)

ကျောင်းတက်ရသည်မှာလည်း ပျင်းစရာကောင်း၍နေသည်။ အထူးသဖြင့် အတွက် တွက်ရသည်မှာ ပျင်းစရာသက်သက်ပေတည်း။

အင်္ဂလိပ်စာဖတ်ရတာ ပျော်စရာကောင်းသည်။ ခင်လက်မ ကလေးအကြောင်းများ ဆိုလျှင်တော့ ဖတ်၍မပြီးနိုင်။ ဖားမကြီးသား နှင့် ခင်လက်မကလေးကို မင်္ဂလာဆောင်တော့မည်လုပ်သည့်အခါမူ ကား အေးအေးသည် မခံချိမခံသာဖြစ်လျက် ဒေါသထွက်၏။ သည် လောက် အရုပ်ဆိုးတဲ့ ဖားကြီးများဟု မဲ့ရွဲ့မိ၏။ ပုံပြောဆရာကိုလည်း သည်းမခံနိုင် ဖြစ်မိသည်။ သို့သော်လည်း ကံကောင်းထောက်မ၍ ခင်လက်မကလေးသည် နောက်ဆုံး ပန်းနတ်သားကလေးနှင့် ရလေရာ အေးအေးသည် စိတ်နှလုံး နူးညွတ်နစ်မြောသွားလေသည်။

ထိုနေ့သည် သောကြာနေ့ဖြစ်ရကား အင်္ဂလိပ်စာဖတ်ပြီးသော် မိန်းကလေးတို့သည် အချုပ်အလုပ်သင်ရန် တစ်ချိန်ယူကြရသည်။ သူတို့အခေါ်အတိုင်း ထို 'အပ်ချုပ်ချိန်' မှာ ပျော်စရာကောင်းလှပေ၏။ မိန်းကလေးများ ဝိုင်းစုကာ စကားမျိုးစုံပြောရသည်။

အချုပ်အလုပ်သင် ဆရာမကမူကား ထိုအချိန်ဆိုလျှင် ကျောင်း

အုပ်ဆရာမကြီး၏ မောင်နှင့် စကားပြောနေတတ်သည်။ ဆရာမ၏ ထူးဆန်းသော ပြုံးစကလေးများကို မြင်ရတတ်သည်။

ဘာဖြစ်ဖြစ် ကျေနပ်၏။ အကြောင်းမူကား ကျောင်းသူမကလေးများကို အဖက်လုပ်ည့်၍မှ မလုပ်သောကြောင့် သူတို့၏ ချုပ်လုပ်ပြီးသားပစ္စည်းများမှာ ကိုင်ကြည့်ချင်စရာပင် မကောင်းလှချေ။

သိုးမွေးဦးထုပ်ကလေးများမှာ နဂိုရောင်ပျောက်ကာ ချွေးနှင့်လည်း ညစ်ထေး၏။ အပင်ကျကာ အပေါက်အပေါက်နှင့်လည်း ရှိသည်။ အေးအေး၏ဦးထုပ်မှာ အပင်တစ်ရာနှင့် စထားရာ တစ်မိုက်မျှရသော် အပင်နှစ်ဆယ်ကျော်ကျော်ကလေး ကျန်တော့သဖြင့် အပင်သိမ်းဖို့ရာ မလိုတော့ဘဲ ဖြစ်နေလေတော့၏။

အေးအေးနှင့် မတည့်ဆုံးသော နယ်လီကမူကား အပင်တစ်ရာစလျှင် တစ်ရာ့ငါးဆယ်လောက်ရအောင် ဟိုကသည်က ကောက်တတ်လေသည်။ ထို့ကြောင့် နောက်ဆုံးနှစ် ကုန်ခါနီး၍ စစ်ဆေးကြည့်ရှုသူလာခါနီးလျှင် ဆရာမသည် လက်မအားတော့ချေ။ သိုးမွေးဦးထုပ်များတစ်လုံးပြီးတစ်လုံးထိုးကာ ကျောင်းသူမလေးများနာမည် ကပ်ရသည်။

အေးအေးသည် မိမိ၏စာအိတ်ကလေးကိုယူကာ ထိုးလက်စသိုးမွေးစနှင့် သိုးမွေးခင်ကို ယူလေ၏။ ပန်းရောင်သိုးမွေးမှာ လက်ကကြေးညှော်နှင့်ချွေးကြောင့် လိမ္မော်ရောင်ညစ်ထပ်ထပ်အကွက်များ တင်နေ၏။ လက်ကို ဘယ်လိုပင် ဆပ်ပြာနှင့်ဆေးသော်လည်း မစင်ချေ။

သိုးမွေးဦးထုပ်စမှာ နမ်းကြည့်သည့်အခါ ချဉ်စော်ပင်နံလိုက်သေး၏။ စိတ်ပျက်သွားပြီး ဘေးက ကလေးမများ၏ ပစ္စည်းကလေးများကို ကြည့်သော် သူလိုကိုယ်လိုထက် မထူးသည်ကို တွေ့ရ၏။ စိတ်သက်သာသွားပြီး နယ်လီ့ဦးထုပ်ကို ကြည့်သည်။

နယ်လီကိုခင်သလောက် မျက်နှာကြောမတည့်လှရကား နယ်လီလုပ်သည့်အရာကိုလည်း ကောင်းသည်မထင်ချေ။ သို့သော် နယ်လီထိုးနေသောဦးထုပ်မှာ အားလုံးထဲတွင် အဖြူစင်ဆုံး၊ နဂိုရောင်အပေါ်ဆုံးပေတည်း။ အဆင်အကွက်လည်း မပျက်ရှိလေရာ အပင်ကျပုံလိုသည်ထက်ပိုသွားပုံ မပေါ်ချေ။ နယ်လီ၏လက်ချောင်းကလေး

များလည်း သွက်လက်လှသည်။

"သူက ကုလားချွေးမကိုး၊ တတ်မှာပေါ့။ ဒါပေမဲ့ သူ့ဟာကြီးက ကောင်းကောင်း မကောင်းပါဘူး" ဟု တွေး၏။

နယ်လီသည် အေးအေး၏ ကိုကိုမောင်ဆွေကို အင်မတန် အရေးပါချင်၏။ နယ်လီသည် အပျိုဖော်လည်း ဝင်လာပြီ။ အတန်းထဲတွင် အကြီးဆုံးဖြစ်၍ အင်္ဂလိပ်သွေးနှင့် ကုလားသွေးလည်း တစ်ဝက်တစ်ပျက်စပ်ရကား ထွားကျိုင်းသန်မာလှသည်။

"ငါ့ဟာ ပြီးတော့မယ်ဆရာ" ဟု နယ်လီက ဦးထုပ်ကလေးကို မြှောက်၍ပြလေ၏။

"ဟုတ်လား ..." ဟု ဂရုမစိုက်သလိုဟန်လုပ်ပြီး ခေါင်းမလှည့်သော်လည်း မျက်စိတွေက စွေစောင်းလှမ်းကြည့်မိသည်။

"ဒီကိုလာပါကွယ့်၊ ဟော့ ... လာကြပါကွယ်။ အားလုံး ... တို့ ဒီမှာ စကားပြောရအောင်"

ကျောင်းသူမကလေးတို့သည် လက်က အချုပ်ထိုးတစ်ချက်၊ မထိုးတစ်ချက်နှင့် စကားပြောကြသည်။

ဆူဆူညံညံကြားထဲက နယ်လီသည် အားလုံးကို လွှမ်းမိုး၍ အော်ရယ်တတ်သည်။ ဣန္ဒြေလည်း နည်းနည်းမှမရ။ လက်ကိုင်ပဝါကို အင်္ကျီရင်ဘတ်ထဲထည့်လိုက်၊ ပြန်ထုတ်လိုက်နှင့် လုပ်သည်။ ကျစ်ဆံမြီးကိုလည်း ဘယ်တစ်ဖက် ညာတစ်ဖက်ပြင်ပြီး ကျစ်ပြန်သည်။ နောက်ဆုံး၌ကား မျက်နှာပြောင်စပ်စပ်နှင့် အခြောက်တိုက်ရယ်ကာ "ဟော ဟိုမှာ.." ဟု မေးငေါ့ပြလေသည်။

နယ်လီမေးငေါ့ပြရာသို့ အားလုံးလည်း၍သွားကာ ကြည့်ကြလျှင် ကျောင်းအဆင်း လာကြိုသော မော်တော်ကားဒရိုင်ဘာများကို တစ်သိုက်ကြီး တွေ့ရ၏။

"ဟော ဟိုက ညည်းအဆက်" ဟု နယ်လီက မဆီမဆိုင် အေးအေးကို လက်ညှိုးထိုးလေ၏။

"အောင်မာ ... ငါ့ဘာသာငါနေတာပါ။ နင်က ဘာလဲ..." ဟုသာ ပြောတတ်၏။ သို့သော် အေးအေးသည် ထိုစကားမျိုးကို

မကြိုက်သလို ကြိုက်သလိုရှိကာ မျက်နှာထား မတတ်ဘဲ လှမ်းတော့ ကြည့်မိ၏။ နယ်လီပြသူမှာ ရပ်ခပ်ဖြောင့်ဖြောင့်၊ ကိုယ်ခပ်တောင့်တောင့်ပင်။ သို့သော်လည်း ယောက်ျားမားမားကြီးဖြစ်ရကား အေးအေးသည် စိတ်မထွေပြားလှချေ။

ထိုလူသည် ဘယ်သူ့ကိုမှန်းမသိ ပြုံး၍ပြသည်။ အေးအေးသည် စိတ်တုန်လှုပ်သွားကာ မျက်နှာပျက်သွားပြီး ဘေးက မိန်းကလေးများ ရိပ်မိသလားဟု လှည့်ပတ်ကြည့်မိ၏။ နယ်လီက ခပ်ရဲရဲကလေး ပြန်လည်ပြုံးပြသည်ကို တွေ့ရ၏။ နယ်လီလုပ်သလို လုပ်ချင်ချင်လည်း ဖြစ်လာ၏။ သို့သော် ထိုလူသည် အေးအေးကို အဖက်မလုပ်ချေ။

ကျောင်းသူမကလေးတစ်သိုက်သည် စကားပြော အနည်းငယ်တိုးသွားသည်။ အေးအေးလည်း စိတ်ဝင်စားလာသည်။ ဆရာမအလိုတော်ရိ သုံးလေးယောက်သာ ခပ်လှမ်းလှမ်းမှာ တည်တည်ကြည်ကြည် နေကြသည်။ သူတို့ကြားမှာ ကြောက်လှရသည်။ အေးအေးသည် တိုးဝင်လာသောခေါင်းများကြားဝယ် ဇက်ခိုင်နေမိလေသည်။

“ဟော့ ... ဟော့၊ ဟိုဘက်ကစားကွင်းမှာ လာလာကစားတဲ့ ကောင်က ဘယ်သူတဲ့လဲ” ဟု မေက မေးလေ၏။

“ဘယ်ကကောင်လဲ မသိပေါင်တော်” ဟု နယ်လီက ဖြေ၏။

“အမယ် ... ညည်းကို စာလိုက်ပေးတာ ငါတွေ့သားနဲ့။ မနေ့က နေ့လယ် အိမ်ပြန်တော့လေ။ ညည်းတောင် စာကို ဆွဲဆုတ်ပစ်လိုက်သေးတယ်လေ”

“မဟုတ်ပါဘူးဟယ်၊ မြမြကို မေးကြည့်ပါဦး။ အဲဒီတုန်းက မြမြရှိပါတယ်။ ငါ့ကို စာလိုက်ပေးတာမဟုတ်ပါဘူး။ သူ့ဘာသာ ဘောလုံးလိုက်ကောက်တာပါ”

မြမြက နယ်လီကို ထောက်ခံ၏။ စင်စစ် မြမြနှင့်နယ်လီမှာ နှစ်ယောက်သား တိုင်ပင်၍ ရည်းစားကိုယ်စီထားကြသူများဖြစ်လေ၏။ သူတို့နှစ်ယောက်သည် ရည်းစားစာချင်း လဲဖတ်ကြသည်။ ညနေ ကျောင်းဆင်းချိန်မှာ ကိုယ့်ရည်းစားကိုယ် ချိန်းတွေ့ကြသည်။ သူတို့၏ ရည်းစားများမှာလည်း ကျောင်းဘေးကစားကွင်းသို့ လာကစားကြသော

တရုတ်ကပြား တေတေပေပေများပေတည်း။

မြမြနှင့် နယ်လီတို့သည် အေးအေးကိုမျှားတော့ ဂရုစိုက်လောက်စရာဟု မထင်ကြပေ။ အေးအေးရှေ့မှာပင် ညစ်တီးညစ်ပတ်စကားများ ပြောလေသည်။ ဘယ်ကတတ်သလဲတော့မသိ။ အေးအေးပြောလိုက်သည့်စကားများကိုလည်း အနက်ကောက်ပြီး ရယ်တတ်သည်။ အပျိုဟန်ပန်လည်း လုပ်တတ်သည်။ ထို့နောက် အေးအေးကို သင်ကြသည်မှာ "ဟိုဘက်က လက်ဖက်ရည်ဆိုင်ကို ဟိုကောင်မတွေနဲ့ လိုက်မသွားနဲ့၊ အဲဒီမှာ နောက်ပိုးတွေ ရှိတယ်သိရဲ့လား"

"ရှိတော့ ဘာဖြစ်သလဲ"ဟု အေးအေးက ခပ်ရိုးရိုးမို့မေးမိသည်။

"လက်သရမ်းတာပေါ့ရှင်"

"ဘယ်လိုလဲကွ"

"ဟော... ဒီလို" ဟု နယ်လီက လက်သရမ်းပြလိုက်လေရာ အေးအေးသည် နာလည်းနာ၊ ရှက်လည်းရှက်ပြီး ငိုရသေး၏။

အဲသည်တုန်းကတော့ အေးအေးသည် နယ်လီတို့နှင့် အရောမဝင်တော့ဟု ထင်စားမိ၏။ သို့သော် မနေနိုင်ချေ။ နယ်လီနှင့် မြမြတို့ပြောကြသည်များကို ယခု အဓိပ္ပာယ်လည်း နားလည်တတ်လာ၏။ တိတ်တဆိတ်လည်း အရသာတွေ့၏။ ကိုယ်တိုင်လည်း ပြောကြည့်ချင်၏။ မတတ်လို့သာနေရသည်။ မိမိထက်ငယ်သော ကလေးမများနှင့် ဇယ်ခုနစ်လုံး ကောက်ရတာ၊ ဒန်းလွှဲရတာကို အမြဲမပျော်ပိုက်နိုင်ပြီ။

"အေးအေးရေ... နင့်ကိုကိုမောင်ဆွေလည်း မတွေ့သေးပါလား"

"သူက လေးနာရီမှ ရုံးဆင်းမှာ"

"ငါ ညည်းကို စောင့်နေပါ့မယ်။ ညည်းတစ်ယောက်တည်း" ဟု နယ်လီက ပြော၏။

"ဟင့်အင်း ... ငါ စာကူးနေမှာပေါ့"

နယ်လီကို ကိုကိုမောင်ဆွေနှင့် မတွေ့စေချင်ပေ။

"ငါလည်း စာကူးစရာရှိသေးတယ်။ တို့နှစ်ယောက် အတူကူးတာပေါ့"

မြမြကလည်း သူပါနေမည်ဟု ပြောလေရာ အေးအေး မတတ်

နိုင်တော့ချေ။

"ကိုကိုမောင်ဆွေက ညည်းဦးလေးအရင်းလား" ဟု မြမြက မေး၏။ မိန်းကလေးမျက်နှာမှာ မျက်နှာပိုးမသတ်တာကို ဟန်လုပ်ပြီး လုံ့လုပြီထင်နေသော အမူအရာနှင့်ပင်။

"ဦးလေး နှစ်ဝမ်းကွဲ" ဟု အေးအေးက မဖြေချင့်ဖြေချင် ဖြေ၏။

"ချောတယ်နော်"

"အင်း"

"သူနဲ့ပါလာတဲ့ လူကြီးက သာချောသေး"

အေးအေးသည် နိုးကြားလာကာ "အမယ် … ဘာချောလို့တုံး၊ ဒီလူကြီးက သွားခေါကြီးဥစ္စာ။ ကိုကိုမောင်ဆွေက အသားလည်း ဖြူသေးရဲ့"

"သွားမခေါပါဘူးတော်"

"ခေါလွန်းလို့"

"အမယ် … ငါတော့ ကိုကိုမောင်ဆွေက ပိုချောတယ်ထင်တယ်" ဟု နယ်လီက မျက်စတစ်ဖက်ချီ၍ ပြောလေ၏။ ထိုအခါများဆိုလျှင် နယ်လီသည် လူကြီးစင်စစ် ဖြစ်လေပြီဟု အေးအေး ထင်တတ်သည်။ နယ်လို့အမူအရာများသည် အတော်အတန် ကြီးရင့်ပေပြီ။

မြမြက နယ်လီကို ပြိုင်မငြင်းချေ။ သူတို့သည် အချင်းချင်း နားလည်ပြုံး ပြုံးကြလေ၏။ "အေးလေ … ငါကတော့ ဟိုလူကြီးက ချောပဲပေါ့"

လေးနာရီထိုးသော် သူတို့သုံးယောက်သည် ကိုကိုမောင်ဆွေနှင့် ဟိုလူကြီးတို့နှင့်အတူ ပြန်ကြသည်။

နယ်လီနှင့် မြမြတို့သည် အေးအေးကို တယ်ဂရုမစိုက်တော့ဘဲ ယောကျ်ားနှစ် ယောက်ကိုသာ စကားပြောလျက်ရှိလေသည်။ သူတို့သည် အပျိုမားမားကြီးများနှင့် မတူတူအောင် ကြိုးစားရသည်မှာ မောလှလေပြီ။ နယ်လီပင်လျှင် မျက်စတစ်ဖက်ချီရလွန်း၍ ညာဘက် ပြောင်းချီမည် ကြံသော်လည်း ဘယ်မသန်ရကား နှစ်ဖက်လုံး မြင့်တက် သွားသဖြင့် လက်လျှော့ရလေ၏။

ကိုကိုမောင်ဆွေနှင့်ပါလာသူမှာ "ကောင်မလေးတွေ၊ ကောင်မလေးတွေ" ဟု ပါးစပ်ကခေါ်ရင်း လက်က ကောင်မလေးနှစ်ယောက်ကို ပွတ်သပ်ဖက်ရက်လုပ်လာ၏။ ကိုကိုမောင်ဆွေကလည်း တစ်ချက်တစ်ချက် ခေါင်းပုတ်လား၊ ပါးဆွဲလားလုပ်လေရာ အေးအေးသည် မျက်ရည်များ စို့လာလေတော့သည်။

အေးအေးမျက်စိမှာ သူတို့လေးယောက်ကို ကြည့်၍မရ။ မိမိကိုယ်ကို လူမမည်ရွယ် ကလေးလို့ထင်ကာ စိတ်အားငယ်၏။ မိမိကို ဘယ်သူကမှ အဖက်မလုပ်ဘူးထင်၏။ ခါတိုင်းလို ကိုကိုမောင်ဆွေနှင့် နှစ်ယောက်တည်း အေးအေးပြန်ချင်၏။ စိတ်အေးချမ်းသာနှင့် မွေးကတည်းက နေခဲ့သည့်အတိုင်း ကိုကိုမောင်ဆွေခါးကို ဖက်မှီကာ ပြန်ချင်လေ၏။ သူတို့တစ်တွေ လက်တွေ၊ မေးတွေ၊ ပခုံးတွေ၊ ခါးတွေ ရှုပ်နေတာကိုတော့ ကြည့်ရတာ နည်းနည်းရှက်သည်။

သို့သော် အေးအေးသည် မျက်ရည်ကျကျနနမစို့ရခင် ကိုကိုမောင်ဆွေ၏လက်တစ်ဖက်သည် အေးအေး၏ပခုံးကို ညင်သာစွာလာ၍ဆုပ်၏။ စိတ်ပြေလိုက်တာ၊ ကိုကိုမောင်ဆွေကို ချစ်တယ်၊ ကိုကိုမောင်ဆွေ၏ လက်ချောင်းများသည် အေးအေး၏ ကျစ်ဆံမြီးကို ဖြေနေကြလေသည်။ အေးအေးကား ရင်ထဲ၌ လှိုက်လှဲကျေနပ်၏။ ကိုကိုမောင်ဆွေသည် နယ်လီတို့ကို ဂရုမစိုက်တော့ဘဲ ရှိလေ၏။

"အေးအေးက ငြိမ်လှချည်လား" ဟု ဟိုလူကြီးက လှည့်လာသော် ကိုကိုမောင်ဆွေ၏လက်မောင်းများသည် မာကျောသွားပြီး အေးအေး၏ပခုံးနှင့် လည်ကုပ်ကို ဖိမိလေ၏။ အေးအေးသည် ပြုံးရွှင်ကာ နေလိုက်မိပြီး မကြားချင်ယောင်ဆောင်နေလေသည်။

ထိုညနေ အိမ်ပြန်ရသည်မှာ ပျော်ရွှင်မှုသက်သက်မျှမက ရလေသည်။ ထူးဆန်းသော ဝေဒနာများ ပါလာသည်။ ရင်လည်း ပထမဆုံးခုန်လေပြီ။

(၃)

"မိအေးနော် ... တင်ဆွေနဲ့တော်တော်ရော။ တော်ကြာ ရယ်ပာ...

ရယ်ဟာနဲ့ နွားပြာကြီး အောက်သွားမရှိဘဲ ဖြစ်နေဦးမယ်”

ဤသို့ အမေက မျက်နှာထိမျက်နှာထားနှင့်ပြောသော် အေးအေးသည် ထိတ်လန့်အံ့အားသင့်ကာ ဘာကိုနားလည်ရမလဲဟု စဉ်းစား၍ မရ ဖြစ်လေ၏။ အမေ့စကားပုံကိုလည်း စက်ဆုပ်ရွံရှာသည်။ ကိုကိုမောင်ဆွေဘက်ကလည်း နာသည်။ မိမိအတွက်တော့ ကြောင်တိကြောင်တောင် ဖြစ်ရအောင်ကို ရက်ကြောက်တုန်လှုပ်၏။ ဒေါသလည်း ပြင်းစွာထွက်၏။ ဝမ်းနည်းဝိုချင်ကြီးလည်း ဖြစ်၏။ အမေ့ကို မုန်း၍သွား၏။ ရန်သူလို သဘောထားမိလေသည်။

အမေသည် သမီးငယ်၏ ရပ်တည်ရာမရအောင် ထိခိုက်သွားပုံကို ရိပ်မိဟန်ဖြင့် အသံအနည်းငယ် ပျော့လာသည်။

“တင်ဆွေဆိုတာက အနမရ၊ အကြမ်းမရ ပေါ့ပေါ့နေ ပေါ့ပေါ့စားအကောင်မျိုး မအေးရဲ့ ...။ ဆွေမျိုးစပ်ပေမဲ့ သစ္စာစောင့်တတ်တဲ့ လူမျိုး မဟုတ်ဘူး။ ကိုယ်လည်း အရွယ်ရောက်လာပြီပဲ။ ပွတ်သီးပွတ်သပ်နေလို့ ဘယ်ဖြစ်မလဲ။ မိန်းကလေးနဲ့ ယောကျ်ားလေး”

အေးအေးကမူကား နောက်ဆက်တွဲစကားများကို နားမဝင်တော့ပြီ။ နှုတ်ခမ်းကိုကိုက်ပြီးသာ ကြိတ်ပြီးနေသည်။ ပါးစပ်က ဘာမှလည်း မရှင်းချင်တော့။ ဘဝသည် ကြမ်းကြုတ်၍လာလေပြီ။

အိမ်မှာနေချင်စိတ်များပျောက်လျက်ရှိ၏။ ကိုကိုမောင်ဆွေဆီလည်း အလျင်လောက် အခါခါမသွားဝံ့။ စိတ်တွေညစ်လှ၏။ ထွက်ပြေးချင်၏၊ အမြဲဆိုးနေမိ၏။ ထူးဆန်း ထွေပြားလှသည့် စိတ်ဝေဒနာများ ဖြစ်ပေါ်နေပေ၏။ အားကိုးရာကို ရှာချင်၏။

မတွေ့။

ကိုကိုမောင်ဆွေ၏ အပြစ်ကင်းစင်သည်ဟု မိမိယုံကြည်သောမျက်နှာကို မှုန်ရေး ရစ်ဝဲကာ မြင်ရလေ၏။

ဒုက္ခများ ဝန်းရံလျက်ရှိသည်ဟုထင်သည်။ အမေသည် မိမိကို အပြစ်ရှာလျက်ရှိသည်မဟုတ်လား။

အိမ်ရှေ့အိမ်မှ ဂဏန်းသင်္ချာ အပိုပြသေးသည့် ကုလားဆရာကြီးကိုလည်း လူပျိုကြီးမို့ မယုံစားရပြန်ပြီတဲ့။ ဘယ်လိုဘယ်လိုမှန်းမသိ

အေးအေး၏ ကော်ပီစာအုပ်ထဲ လာဆွဲသွားသော သွေးတစက်စက်ကျသည့် မြားဒဏ်ရာနှင့် အသည်းပုံကိုလည်း အမေသည် စစ်ကြော မေးမြန်း၍မဆုံး။ နယ်လီစတာဟု ထင်သော်လည်း မပြောပြဝံ့ပြန်ချေ။

ယောက်ျားသူငယ်ကလေးများ အနားသို့ရောက်ပြီဆိုလျှင်တော့ အေးအေးသည် လှုပ်ပင်မလှုပ်ရဲတော့ချေ။ အမေ၏ စုံစမ်းမေးမြန်းနေသော မျက်လုံးများကား စူးရှပြင်းထန်လှချေ၏။

သည်အထဲ အေးအေးကလည်း ကဲ၍ တစ်ည ဆင်းကစားလိုက်သေး၏။ ပြေးရင်း ကစားရင်း နယ်လီ့မောင်လေးနှင့် ဖက်မိသည်ကို အိမ်ထဲမှာ အိပ်ပျော်နေသည်ထင်ရသော အမေက မြင်လိုက်ကာ "ထဦးဟဲ့ ဒီအရွယ်နဲ့၊ ထဦးဟဲ့" ဟု လက်ဝါးနှင့် ကျောပြင်ကိုလည်း ချသေးသည်။ သည်ဘဝမှာ ဘာများပျော်စရာရှိတော့မလဲ။

ထို့ကြောင့် သေသွားလျှင်ကောင်းမည်။ သေကြောင်းကြံတော့မည်။

မိဘများ ညှဉ်းပန်းရက်စက်မှုကြောင့် အပြစ်မရှိသော သမီးကလေး သတ်သေသွားရပုံကို စာပေတစ်ခု ဖွဲ့နွဲ့သွားမည်။

ထိုအခါ မိဘတို့သည် "တို့မှားလေခြင်း သမီးရဲ့" ဟု ငိုကြွေးကြပေတော့မည်။ နောင်တပူလောင်ကြပေတော့မည်။ လူသူလေးပါးကလည်း "အတော်မိုက်တဲ့ မိဘတွေပါလား" ဟုဆိုကာ မိမိကို သနားစုတ်သပ်ကြပေလိမ့်မည်။

အို ... သိပ်ကောင်းမှာပဲ။ ဒါဟာ အကောင်းဆုံး လက်စားချေနည်းပဲ။

သေသွား၍ တစ္ဆေဖြစ်လျှင်တော့ အကုန်လိုက်ခြောက်မည်ဟုလည်း ဒေါသထား၏။ သို့သော် တစ္ဆေဖြစ်လျှင် အခြားတစ္ဆေများနှင့် အတူနေရမှာ ကြောက်လိုက်ပါဘိ။

မိမိ၏ သတ်သေခြင်းဝတ္ထုကို အလွန်ခမ်းနားသည်ဟု ထင်စားလေ၏။ နောက်ဆုံး နှုတ်ဆက်ခဲ့တော့မယ်။

ထိုခဏ၌ ဖခင်ဖြစ်သူကို သတိရ၏။ အဖေသည် ဘယ်လိုများ

အငြိုးထားလေသည်မသိ။ ဆံပင်အုပ်လုံးသိမ်းထားသည်ကိုလည်း ကုလားမနှင့်တူသည်ဟု ဆူစရာမရှိ ကြံဖန် ဆူ၏။

စိတ်နာသည်။ သူတို့ကို နှုတ်ဆက်စာ ဖွင့်မရေးခဲ့ချင်တော့။

ဟောဒီဝရန်တာက ခုန်ချလိုက်ရင်တော့ အုံးခနဲနေမှာပဲဟု တွေးကာ ဝမ်းနည်း၏။ မျက်ရည်များသည် ကြွေကျသော သစ်ရွက်များလို တဖြောက်ဖြောက်ကျလေ၏။

နာကြည်းပြီးနောက် စွန့်ခွာရခြင်းသည် အလွန်လှသော ကဗျာတစ်ပုဒ်ကို ဖြစ်စေ၏။

အပြင်၌ လသည် အလွန်မြင့်ကာ ကြည်ကြည်လင်လင်လာလေပြီ။ တိမ်တို့သည် လနှင့်ဝေးရာသို့သွား၍စုကာ ငြိမ်နေကြသည်။

အားလုံးဖြူ၏။ ပုတိုသော အရိပ်နက်များက ဖြူသည့်အရာမှန်သမျှကို ပို၍ပင် ဖြူစေသေး၏။ အဖြူနှင့် အနက်သည် သေမင်းနှင့် သင်္ချိုင်းလိုပင် တွဲဖက်မိ၏။ အေးအေးသည် လူစိတ်များပင် ပျောက်လျက်လာတော့သည်။

ဝရန်တာလက်ရန်းကိုမှီလျက်နေ၏။

နောက် ငါးမိနစ်အတွင်းမှာ လှုပ်ရှားခြင်းကြီးတစ်ခု ဖြစ်ပေါ်တော့မည်။

သို့သော်လည်း ထိုခဏအတွင်းမှာတော့ အေးအေးသည် ခပ်ငြိမ်ငြိမ် မလှုပ်မယှက် နေချင်၏။ ထို့ကြောင့် စိတ်အေးအေးထားကာ လမ်းပေါ်သို့ ငုံ့ကြည့်နေလိုက်သည်။

လှလိုက်တာနော်။

အေးအေး၏ မျက်စိထဲ၌ ကာကီယူနီဖောင်းလောက် လှတာမရှိ။ ထို့ကြောင့် ပုလိပ် များ၊ စစ်သားများကို အစဉ်ချစ်သည်။ အထူးသဖြင့် ပုလိပ်များကို ပိုချစ်သည်။

သူတို့သည် သေးသွယ်နွဲ့ပျောင်းနိုင်သည်။ မေးကြိုးသိုင်း၍ ဦးထုပ်ဆောင်းလိုက်လျှင် မျက်နှာသည် ရှည်သွယ်ကာ မျက်လုံးမျက်ခုံးများ ပို၍ ထင်လင်းလာပေ၏။

အေးအေးသည် ရင်မ,၍ နှစ်ဆင့်ရှိုက်ကာငေး၏။

ပက်တရောင်လှည့်သော ပုလိပ်ကလေးသည် သတ်သေမည်ကြံသော ကလေးမတစ်ယောက် ခေါင်းပေါ်တွင် ရှိနေမှန်းလုံးဝမသိဘဲ စက်ဘီးကို ဖြည်းညင်းစွာ စီးလာ၏။ အလွန်ဖြည်းညင်းစွာ စီးလာလေ၏။ သူ့ဦးထုပ်ပေါ်၊ ပခုံးပေါ်၊ ဒူးပေါ်ကို လရောင်သည် ဖြာယှက်ကွန့်မြူး၍ ကျလာလေ၏။

အလှကိုမြင်ခြင်း၊ ဘဝကိုညည်းခြင်း၊ လွတ်ရာကိုရှာခြင်းတို့သည် ပျက်ကယ်ဖြစ် ဖြစ်၊ တကယ်ဖြစ်ဖြစ် နုပျိုလန်းဆန်းလှသေးသည့် နှလုံးထဲမှာ စုပေါင်းမိသည့်အခါ၌ကား ဘယ်လမ်းမှမဆို ငွေဖဲပြားတစ်ခွေ ဖြစ်နေမည် ဖြစ်၏။ ဘယ်သီချင်းမဆို လရောင်မှာ စောင့်ခိုင်းသည့် မှာတမ်းပင် ဖြစ်နေမည်ဖြစ်၏။

အေးအေးသည် ကဗျာကို ရွတ်စပြုလေသည်။

လမင်းလည်း နေရစ်ပေတော့။

အေးအေးသည် တစ်ယောက်တည်း လေလွင့်လာကာ အိပ်ရာထဲသို့ ဝင်လေသည်။

(၄)

ယခုတော့ စိတ်ကူးတစ်ခု ဆန်းသစ်လေပြီ။

လောက၌ ခေါင်းဝှက်၍ ငိုစရာရင်ခွင်တစ်ခုတော့ ရှိရမည်ဖြစ်လေ၏။ ထိုစိတ်ကူးကြောင့် အားလည်းနွဲ့ရ၏။ ရင်လည်းနွေးရ၏။ အသက်ရှည်ရှည်လည်း နေချင်လာ၏။

အေးအေးသည် အနည်းငယ် ငြိမ်ဆိတ်သွား၏။ စိတ်သည်သာ မမြင်ကွယ်ရာမှာမို့ ပျံသန်းလွင့်ပါးနေပေ၏။

အမြဲတမ်း အိပ်မက်မက်နေသလို ဖြစ်နေပေ၏။ ပုံဝတ္ထုများကို ကြိုက်လာ၏။ စာဖတ်ပြီး နေချင်၏။ ဘုရားရှိခိုးလျှင်တောင် ဖြူဖွေးအေးစက်သော ကျောက်ဆင်းတု၏ မျက်နှာကို မျက်တောင်မခတ်ငေးကြည့်ခြင်းဖြင့်သာ အဆုံးသတ်၏။ ကြည်ညိုသဒ္ဓါစိတ်တွေ ပွား၏။

တစ်ခါတစ်ရံတော့လည်း သီချင်းကို စိတ်ပါလက်ပါဆိုပြီး

အဆုံး၌ ငိုကြီးချက်မ ငိုချရ၏။

စိတ်အာရုံတို့သည် ထွေဆန်းလှပေတော့သည်။ ဆန့်ကျင်ဘက်လိုင်ကို တွန်းလှန် ရုန်းကန်လိုခြင်းသည်လည်းရှိသည်၊ တပ်မက်စွဲငင်ခြင်းလည်း ရှိသည်။ ယောကျ်ားများ၏မျက်လုံး၌ ရမ္မက်ကို မြင်တတ်လေပြီ။ မရဲမဝံ့လည်း တုံ့ပြန်တတ်လေပြီ။

လူတိုင်းပင် မသန့်ရှင်းဘူးဟု ထင်သည်။ မိမိက သန့်ရှင်းချင်သေးသည်။ သို့သော်လည်း မရ။ ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ရွံရှာ၏။ သို့သော် သူမသည် ချစ်ချင် ကြိုက်ချင်သော စိတ်များဝေလျက်ရှိတာတော့ အမှန်ပင်တည်း။

ရင်သည် မကြာခဏထိတ်ရ၏။ အမေ၏မျက်လုံးတဝင့်မှာပင် သတိရကာ ထိတ်ရ၏။ ကိုကိုမောင်ဆွေနှင့် ခါတိုင်းလို စကားထွေလာပြောနေရအကောင်းသားက အမေ့ကိုသတိရလျှင် မျက်စိမျက်နှာပျက်သွားလေတော့သည်။ လက်ဖျားများ အေးစက်လေတော့သည်။

"မိအေး ... ဘာဖြစ်တာလဲ" ဟု ကိုကိုမောင်ဆွေက မေးတတ်သည်။

"ဘာမှမဖြစ်ပါဘူး"

သို့သော်လည်း ဖြေသည့်အသံသည် မှုမမှန်ချေ။

သူ့မျက်လုံးများနှင့် ကြာရှည်ဆိုင်မိတတ်သည်။ ပထမတော့ ကိုယ်ကစ၍ လွှဲရ၏။ ထို့နောက်ကား စွန့်စားလိုစိတ်များဖြင့် အနိုင်ပြိုင်၍ ဆိုင်တတ်သည်။

ထိုအခါ ထွေပြားခြင်းတစ်ခုကို တွေ့ရ၏။ ထိုထွေပြားခြင်းသည် ကိုကိုမောင်ဆွေ့မျက်လုံးများမှာ ရှိတာလား၊ မိမိ၏ မျက်လုံးများထဲ၌ ရှိကာ အရှေ့က ကာနေတာလား မပြောတတ်တော့ပြီ။

ဘယ်သူမှ မမြင်သောနေရာ၌ ကိုကိုမောင်ဆွေနှင့် နှစ်ယောက်တည်း ထိုင်နေချင်သည်။

ယခင်ကလို သူ့ရည်းစားများအကြောင်းကို နားမထောင်နိုင်တော့ချေ။ မိမိသာ ပိုင်ဆိုင်ချင်၏။

အမြတ်ထွက်သည်မှာ ကိုကိုမောင်ဆွေက 'အေး' ဟု လေးလေး

စားစားခေါ်လာခြင်းပင်။ ကျေနပ်၏။ အမေ့ရှေ့ဆိုလျှင် သူတို့သည် မတိုင်ပင်ဘဲ ပြိုင်တူဟန်ဆောင်မိလျက်သား ဖြစ်လေ၏။ တစ်ယောက်ကိုတစ်ယောက် အဖက်မလုပ်သလိုပင်နေသည်။ တစ်ခါတလေ ရန်ပင် လိုနေလိုက်ကြသေးသည်။

စိတ်အေးသွားသောအမေက တစ်ဖက်သို့ လှည့်သွားလျှင် တစ်ယောက်ကိုတစ်ယောက် နားလည်ပြုံး ပြုံးကြ၏။ သူက မျက်လုံးတစ်ဖက်မှိတ်သည်။ အေးအေးက ရှက်သည်။

အမေ့ကွယ်ရာမို့ထင်၏။ ငယ်ငယ်ကတည်းက လုပ်နေကျဖြစ်သော တစ်ယောက်လက် တစ်ယောက်ဆုပ်ခြင်းသည်ပင် အဓိပ္ပာယ်ရှိလာ၏။ အေးအေး၏ကျစ်ဆံမြီးကို ဆော့ကစားသော လက်သည်လည်း အဖိုးတန်လာလေ၏။

အေးအေးသည် ရင်လှိုက်မောပန်းမိလေပြီ။

သို့သော်လည်း အေးအေးသည် သည်ကြားထဲက ရည်းစားတစ်ယောက် ကောက်ရလေသည်။

နယ်လီ၏မောင်လေးသည် ဖြူန်းခနဲအရပ်ရှည်လာ၏။ နယ်လီထံမှတစ်ဆင့် စာတွေ တစ်စောင်ပြီးတစ်စောင်လာ၏။ အင်္ဂလိပ်လိုရော၊ မြန်မာရော ရေး၏။

ဖတ်လို့လည်း ကောင်းလှသည်။ ရွယ်တူချင်းမို့ ပိုပြီး နားလည်နိုင်သော အကြောင်းအရာများပါတတ်သည်။ ဥပမာ ... ပိုက်သာဂိုးရပ်ဂရပ်သီအိုရီ ဆိုသည်မှာ က နှစ်ထပ်နှင့် ခ နှစ်ထပ်ပေါင်းလျှင် ဂ နှစ်ထပ်နှင့် ညီမျှသည်ဟု အလွတ်ကျက်ထားလျှင် အလွယ်လေးပင်ဖြစ်ကြောင်း။

အေးအေးသည် ရည်းစားစာမရေးဖူးရကား နယ်လီ၏ထံမှပင် အကူအညီယူရသည်။ နယ်လီက ကြီးကြပ်စီမံပေး၍ တစ်ည လသာသာ၌ စာတိုက်ပုံးအနီးတွင် ချိန်း၍တွေ့ကြ၏။

“ဟော့ ... အေးအေး၊ တို့ ခိုးပြေးရအောင်။ ပဲခူးကို သွားမယ်။ မီးရထားစီးသွားမယ်။ ငါ တစ်ခါက ရောက်ဖူးတယ်ဆရာ၊ သိပ်ပျော်စရာကောင်းတာပဲ။ ငါတို့ဦးလေးအိမ် ရှိတယ်” ဟု ပီတာက ပြော၏။

အေးအေးသည် ရှက်မူရှက်ရာကလေးများနှင့် ပီတာ၏ ဖုန်ပေသော ဘောင်းဘီရှည်ကလေးကိုသာ ကြည့်၍သဘောကျနေလေ၏။ သည်ဘောင်းဘီရှည်ကလေးကြောင့် ပီတာသည် ချစ်စရာကောင်းလှသည်။

သူတို့သည် လူမှန်းသိစကတည်းက တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းလာကြရကား ယခုလို သမီးရည်းစားဖြစ်ပြီး ချိန်းတွေ့ရသော်လည်း သိပ်ပြီး အိပ်မက်မဆန်ချေ။

"အို မောင့်အသည်းကလေး" ဟု ပီတာက သူ့အစ်မ သင်ပေးလိုက်သလို ဟန်ပန်လေသံနှင့် ခေါ်လေ၏။

"ဘာလဲအချစ်" ဟု အေးအေးက မရဲတရဲ ထူးကြည့်ရင်းက ခေါ်ရဲဖူးတာကို အရသာတွေ့သွားလေတော့သည်။

သူတို့သည် အိပ်မက်ဆန်လာပြီထင်သည်။

အေးအေးသည် အနည်းငယ် ချမ်းတုန်လာသည်။

ပီတာကို ကြည့်လိုက်သော် သူလည်း ချမ်းတုန်နေဟန်ကို တွေ့သည်။

ထိုခဏ၌ နှစ်ယောက်လုံးမှာ ပြောင်းလဲခြင်းဖြစ်၏။ အေးအေးသည် ငိုချင်လာသည်။ သူတို့သည် ကလေးသူငယ်မဟုတ်တော့ပြီ။ သို့မဟုတ် မကြာခင်ပင် ကလေးသူငယ် မဟုတ်တော့ပြီဆိုတာကို ဝန်ခံရတော့မည်ဟု သိလာ၏။ မနက်ဖြန်ပင်လျှင် အရွယ်ရောက်ပြီးသော ယောကျ်ားနှင့်မိန်းမ ဖြစ်ပေတော့မည်။ အေးအေးသည် အန္တရာယ်ဆိုတာကို မြင်၏။

ရင်တွင်း၌ ဟုတ်ခနဲပူ၏။ အိမ်ပြန်ပြေးရလျှင် ကောင်းလေမလား။ သည်မှာ ယခုလို ဆိတ်ငြိမ်ပြီး နှစ်ယောက်သား ရပ်နေရခြင်းကိုလည်း နှစ်သက်၏။ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

ပီတာက သူမ၏လက်မောင်းကလေးကို ကိုင်လိုက်ရာ မသိလိုက်ဘဲ ဖျတ်ခနဲ ရုန်းမိ၏။ အင်္ကျီစကိုသာ သူက ကိုင်ထားမိ၏။ အေးအေးသည် သွေးရောင်လျှမ်းသော ပီတာ၏မျက်နှာကို တစ်ချက်ကြည့်ကာ ဘာမှမပြောဘဲ ပြေးထွက်ခဲ့လေသည်။

အေးအေးသည် ပီတာကို နောက်ထပ်မတွေ့ချင်တော့သည့်အကြောင်းကို စာတစ်စောင်ပြီးတစ်စောင် ရေးရသည်။ နယ်လီနှင့်လည်း စိတ်ဆိုးရသည်။ သို့သော် စင်စစ် ပီတာနှင့်ထပ်ပြီးတွေ့ချင်သည်။ ထိုညကထက် ပိုပြီးပြင်းထန်သောတွေ့ခြင်းမျိုးကိုပင် တောင့်တသည်။ တစ်ညလောက်များ ပီတာသည် အိမ်ရှေ့ကိုဖြတ်၍ အသည်းကွဲသည့် သီချင်းတစ်ပုဒ်လောက်ဆိုသွားလျှင် အေးအေးသည် မျက်ရည်စနှင့် ချက်ချင်းဆင်းခဲ့မည် ဖြစ်ပေ၏။

ကိုကိုမောင်ဆွေကို မေ့နေ၏။ သတိရပြန်လည်း ပေါ့ရွှတ်ရွှတ်နိုင်သည်။ အို ... သူ့ရည်းစားအိမ်တွေ သွားနေမှာပေါ့။ ဒါမှမဟုတ်သူ့သူငယ်ချင်းတွေနဲ့ ဖဲကစားနေမှာ။ အလကားကြမ်းပိုးကြီးဟုဆဲလိုက်မိ၏။ သို့သော် ကိုကိုမောင်ဆွေကို ဘယ်လိုမှန်းမသိ၊ သိပ်ချစ်တာပဲနော်ဟု တွေးမိလေသည်။

သည်လိုနှင့် အေးအေးသည် ရှစ်တန်းစာမေးပွဲကို ကျအောင်သာဖြေနိုင်လေသည်။

အဖေ၏အမိန့်ကြောင့် အေးအေးသည် နယ်လီနှင့် စကားမပြောရတော့ချေ။ ကျောင်းလည်း ပြောင်းလိုက်ရသည်။ ပီတာနှင့် စိတ်ကောက်ကာ လမ်းမှာတွေ့၍ စကားမပြောနိုင်ကြ။

အမေကလည်း ဘာစိတ်ကူးပေါက်သည်မသိ၊ ကိုကိုမောင်ဆွေနှင့်ဟိုဟိုသည်သည် လွှတ်ပြန်သည်။ ရောရောထွေးထွေးနေရပြန်သည်။

အေးအေးသည် ယခင်ဇော်ဂျက် စိတ်လှုပ်ရှားခြင်းများ ဆက်တိုက်မဖြစ်တော့ဘဲ ဣန္ဒြေအတော်ရလာသည်။ ကိုယ်ခန္ဓာလည်းလူကြီးနှင့် တူလာလေပြီ။

မှန်ရှေ့မှာ ကြည့်လိုက်လျှင် ယခု ဖွင့်လှစ်လိုက်သော နှင်းဆီလိုနုနယ်သော်လည်း အဖူးမဟုတ်တော့ပြီဆိုတာကို တွေ့ရ၏။ အဆင်အပြင်လည်း တတ်လာ၏။ သပ်ရပ်လာ၏။

ကာလပေါ်သီချင်းများကို ကျက်ချင်လာသည်။ သီချင်းများကူးရသည်။ အော်တို စာအုပ်များလည်း တပင်တပန်းထားရ၊ ရေးရသည်။ တစ်ခါတစ်ရံ ကာရန်မကိုက်သော ကဗျာကလေးများ ဆိုစပ်

သည်။ ရေးကဗျာများထဲကလည်း မသိမသာ ကူးထပ်ချရသည်။

တစ်နေ့တော့ ဝတ္ထုတွေလည်း ရေးဦးမည်ဟု စိတ်ကူးထား သည်။ နာမည်ကျော်ကြားခြင်းဆိုတာကို စုံမက်မြတ်နိုးလာလေတော့ သည်။

"မဟုတ်ဘူး အေး... အေးဟာ အရင်လိုမဟုတ်တော့ဘူး။ စိမ်းစိမ်းကြီး" ဟု ကိုကိုမောင်ဆွေက ဝမ်းနည်းစကားပြောလာလေ သည်။

ဟင့်အင်း ... စိမ်းတာမဟုတ်ပါ။ အေးလည်း ပြောမပြတတ်။

စင်စစ်တော့ ကိုကိုမောင်ဆွေအပေါ်၌ အရင်လို ဒရောသောပါး လည်းနိုင်၍ အဓိပ္ပာယ်လည်းကင်းမဲ့သော အာရုံမျိုးမရှိတာတော့ အမှန် ပင်။

အေးအေးသည် အစွဲတစ်ခုတော့ ရှိနေသည်။ ထိုအစွဲသည် ကိုကိုမောင်ဆွေပင်ဖြစ်၍ ဘဝတစ်လျှောက်မှာ သဏ္ဌာန်အမျိုးမျိုးကို ဆောင်၍ သွားလျှင် သွားမည်ဖြစ်သော်လည်း အတွင်းကတော့ သည်အစွဲအတိုင်းပင် နေမည်ဖြစ်လေ၏။

အထဲက ကွီနိုင်လုံးသည် ကွီနိုင်လုံးပင်ဖြစ်ကာ အပြင်က သကြား က ဒိုင်းမွန်းပုံ၊ လခြမ်းပုံ အစုံပြောင်းချင်ပြောင်းမည်။ ဒါကို နားလည် အောင် ပြောပြချင်သည်။

"ဒေါ်ဒေါ်က ဘာပြောထားလဲ အေး" ဟု သူက မေးပြန်၏။

"ခုတော့ ဘာမှမပြောပါဘူး။ အမေက အလျင်တုန်းကတော့"

"ဆိုစမ်း"ဟု သူကပြော၏။ သို့သော် ဘယ်လိုပြောရမလဲ။ ယခု တော့ ထိုစကားများကို ရှက်စရာသာမက မဟုတ်တာဟုလည်း ထင်ပြီ။

"အေး ... မပြောချင်ဘူး"

"ဘာလဲ ကိုကိုမောင်ဆွေနဲ့ ကြိုက်သွားမှာစိုးလို့လား"

ကြည့်စမ်း ... ဆိုးလိုက်တာ။

အေးအေးသည် မနှစ်မြို့နိုင်သလိုဖြစ်ကာ သူ့မျက်နှာကိုကြည့် သည်။ သူသည် လူငယ်တစ်ယောက်ပင်ဖြစ်ကာ မိမိနှင့် ကိုယ်ရင့် တန်းတူဖြစ်ပါကလားဟု ပထမဆုံး သိလာ လေ၏။

သူ့မျက်နှာက ခပ်ရဲရဲပင်။ မနှစ်မြို့သလိုဖြစ်မိ၏။ ထို့နောက် ကား ရင်တွင်း၌ ကျဉ်၏။ အပြစ်ရှိသည်ဟုပင် ကိုယ့်ကိုယ်ကိုယ် ထင်လာ၏။ သည်လို မနှစ်မြို့မိသည့်အတွက် ဘာနှင့်ပင် လျော်ရ လျော်ရ လျော်လိုက်ချင်သည်။ အနစ်နာခံလိုက်ချင်၏။

စင်စစ်တော့ ကလေးဘဝတစ်လျှောက်လုံး၏ အကောင်းဆုံး သော အဖော်ပင် မဟုတ်ပါလား။

ပြီးတော့ ကိုကိုမောင်ဆွေကို ချစ်သည်။ သိပ်ချစ်သည်။

အေးအေးသည် မျက်ရည်လည်လာပြီး နောက် ပြုံးကာ ခေါင်းခါ ပြသည်။

"ဟုတ်တယ်၊ ကြိုက်နေပြီလို့ ပြောလိုက်"

သူ့ပါးစပ်က အရက်နံ့လည်း နံနေသည်။ အေးအေးသည် အခြေအနေကို သိလေသည်။ ကိုကိုမောင်ဆွေက ပြောင်ပြောင်ပင် ဖြားယောင်းနေသည်ဆိုတာ သိသည်။ ခက်လိုက်တာက သူ ဖြား ယောင်းနေတာကို အေးအေးက သဘောကျနေခြင်းပင်တည်း။

သူက မဖြားယောင်းတောင် သူမကစပြီး ဖြားယောင်းဖြစ်ချင် ဖြစ်မှာပဲဟု ခေါင်းမာစွာ တွေး၏။ တစ်ခါတုန်းက ကိုကိုမောင်ဆွေ၏ အိပ်ခန်းသွားပြီး သူ့ကိုယ်နံ့ကလေးတွေကို ခေါင်းအုံးမှာ၊ အိပ်ရာမှာ၊ ရှပ်အင်္ကျီမှာ ရှာဖွေ၍ နမ်းခဲ့တာ ကိုယ့်ဘာသာ ဘယ်မေ့နိုင်မလဲ။

အေးအေးသည် မိုက်မဲရမှာမကြောက်ဘဲရှိသည်။

"အေး မှတ်မိသေးလား၊ ကိုယ်တို့ အင်းလျားကိုသွားတာလေ" ဟု သူက မေး၏။

"အေးက ခုလောက်မထွားသေးဘူး။ အေးနဲ့ကိုယ်နဲ့ နှစ်ယောက် တည်း လှေတစ်စင်းနဲ့ ဟိုအဝေးကြီးလှော်သွားပါရော"

ဒါတွင်ဘယ်ကပါ့မလဲ။ အေး မှတ်မိသေးသည်မှာ ငြိမ်၍စီးခြင်း မရှိသော ရေပြင်ပေါ်မှ လေတိုး၍ လှုပ်ရှလာသော လှိုင်းတွန့်ကလေး များရယ်၊ ညနေစောင်း၏ ကျနေနီရဲရဲရှေ့မှ ရွှေလျှံမောင်းသော တိမ်တွေ ရယ်၊ ပြီးတော့ ...

"ပြီးတော့ ထိုင်ခုံကျဉ်းကျဉ်းကလေးထဲမှာ အေးနဲ့ကိုယ်နဲ့နှစ်

ယောက် တိုးပြီး ထိုင်ရပါကော"

အေးသည် ညို့ကွင်းထဲသို့ အလွယ်နှင့်ပင် လိုက်ခဲ့သည်။

"အဲဒီကတည်းကပါ... အေး"

အေးအေးသည် စိတ်တွင်းမှ ခေါင်းခါလေသည်။ အဲဒီကတည်း ကတော့ မဟုတ်ပါဘူး။ သို့သော်လည်း လောကမှာ မယုံကြည်ခြင်းက တခြား၊ မယုံတာကို မိုက်မဲစွာ လက်ခံတာက တခြားပင်။

ဒါဟာ အချစ်ပဲဟု အေးအေး၏ နုပျိုသောစိတ်ကလေးက ဆုံး ဖြတ်ပေး၏။ သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားသော ပခုံးကလေးများ ကို မတွန့်မိ။ ဒါမှ တကယ်ချစ်ကြိုက်ခြင်းနှင့်တူသည်ဟု ထင်စား၏။

"အေး ... အိမ်မှာနေရတာ မပျော်ဘူးမဟုတ်လား"

မသိ။

"အေးဟာ ကလေးလေးမဟုတ်တော့ဘူး။ ဒီလို ငုတ်တုတ်ကြီး လုပ်မနေနဲ့ဗျ"

ထို့နောက် ယခုမှ သူစိမ်းနှင့်တူလာသော ကိုကိုမောင်ဆွေသည် စကားတွေအများကြီးပြော၏။ နားထောင်ရင်း သူဟာ ငါ့အပေါ် စိတ် ကောင်းမှထားရဲ့လားဟုလည်း ကြောက်ရွံ့မိသေး၏။

သို့သော် ငယ်ကတည်းက ယုံကြည်လာသူကို ဆက်ပြီးယုံကြည် ချင်သည်။ လိမ်ပြောတာတွေကိုလည်း လိမ်ပြောတာမှန်းသိသည်။ သို့သော် မသိချင်ယောင်ဆောင်လျှင် စိတ်ကူးယဉ်ချင်သောအရွယ်၌ စိတ်ကူးယဉ်ခွင့်ရမည်ကို ကျေနပ်၏။

သို့သော် သူ့နေရာမှာ တခြားလူရောက်နေပြီး ခုပြောတဲ့စကား တွေ ပြောနေရင်ကော။

အေးအေးကို ခြောက်လည်းခြောက်၏။ ချော့လည်းချော့၏။ ညာလည်းညာ၏။ အေးအေးကမူကား စိတ်လက်လျှော့ထားလိုက် သည်။ သူမ စိတ်ထဲတွင် သူ့ကို ချစ်ကြိုက်နေပါ၏ဟု ဝန်ခံစကားကို တမင်ပြောနေမှတော့ အားလုံးသည် ပြီးစီးအေးချမ်းလေပြီ။

နောက်ဆုံး၌ သူကပြောနေသောစကားနှင့် မဆီမဆိုင် အေးအေး ၏ နှုတ်ခမ်းများကို စုပ်ယူလိုက်လျှင်တော့ အေးအေးသည် တကယ့်ကို

ချစ်ကြိုက်သွားလေတော့သည်။

(၅)

အပြင်၌ မိုးတွေသည်းနေပြီကို အေးအေးသိလေသည်။ အေးအေးသည် ချစ်သူနှင့်ချိန်း၍ ရုပ်ရှင်ကြည့်နေသည်။ အေးအေးသည် ဘယ်လိုပင် လူကြီးဟန်ဖမ်းသော်လည်း ငယ်ရွယ်သေးခြင်းမှာ ပျောက်ကွယ်၍မသွားရကား ဟိုလူသည်လူများက ဝိုင်းကြည့်ကြသည်။

ပြီးတော့ ကိုကိုမောင်ဆွေကလည်း ဟိုဘက်ပခုံးကို ရဲရဲတင်းတင်းကျော်၍ ဆုပ်ထားသည်။ မီးငြိမ်းလိုက်မှပင် နေသာထိုင်သာရှိသည်။

"အိမ်ရှေ့အိမ်" ဟု ဖြောင်လိမ်ကာ ထွက်ခဲ့ရ၏။ ယခုတစ်လော အေးအေးသည် ကြိတ်၍ရိုက်ခြင်းခံရသည်။ အဖေနှင့် အမေသည် စိတ်ချမ်းသာခွင့်ကို မပေးတော့ချေ။

အေးအေးက ကိုယ့်ကိုယ်ကိုယ် တကယ်ကြီးရင့်တာထက် ပိုပြီးကြီးရင့်ပြီဟု ထင်သလောက် သူတို့က တကယ်ငယ်ရွယ်တာထက် ပို၍ငယ်သေးသည်ဟု ထင်သည်။ သူတို့သည် သမီးလုပ်သမျှကို ပိတ်ပင်ဆန့်ကျင်ခြင်းနည်းတစ်ခုသာ သုံးတတ်သည်။

ထိုအခါ လိမ်ရ၏။ စဉ်းလဲရ၏။ အလိုအလျောက်နေလျှင် မလုပ်မိမည့်ကိစ္စတွေကို လုပ်မိရ၏။

ယခုတစ်ခါတော့ အေးအေးသည် အနည်းငယ် ကြောက်နေလေသည်။ ခါတိုင်းဆိုလျှင် ၁၂ နာရီပွဲ ကြည့်မြဲပင်။ သည်တစ်ခါ ညနေပွဲကြည့်သည်။

ဆောင်းဦးပေါက်လာကာ အေးမြခြင်းနှင့်အတူ ညတာရှည်လာသည်။ ထို့ကြောင့် စောစောမိုးချုပ်လေရကား အိမ်ပြန်လျှင်တော့ အဆူခံရတော့မှာပဲဟု ပူသည်။ သို့သော်လည်း သူက ပူဆာလွန်းလှသည်။ ဘယ်တတ်နိုင်မလဲ။ ချစ်တယ်ဆိုရင် စွန့်စားရတာပဲ။

သည်လောက်ဆိုလျှင် တော်ပေသေး၏။ ယခု အပြင်၌ မိုးရွာပြီ။ ရာသီမဟုတ် ရွာသောမိုး။ ရွာမည်မထင်ဘဲ ရွာသောမိုး။ သူတို့သည်

ထိုးလည်း မယူခဲ့ကြ။

"ကို ... မိုးတွေရွာကုန်ပြီ"

"ရွာပေ့စီလေ" ဟု သူကပြောပြီး ရုပ်ရှင်ကြည့်မြဲ ကြည့်သည်။

"သူကတော့ ဘာဂရုစိုက်မလဲ၊ ကြောက်ရတဲ့လူမှ မရှိဘဲ"

"အေးရဲ့၊ ကိုယ်ချစ်ချင်တဲ့လူ ချစ်ရတာ၊ ချစ်လို့ ချစ်သလိုလုပ်ရတာ ဘာမှကြောက်စရာမရှိဘူး"

"အေး သိပ်ကြောက်တာပဲ"

ကိုကိုမောင်ဆွေက ဘာမှပြန်မပြောချေ။

အေးတစ်ယောက်တည်းသာ ပူရသည်။ မေးလျှင် ဘယ်လိုပြောရပါ့မလဲ။ ယခု သူတို့ကို တွေ့ခွင့်မပေးတော့ချေ။

စင်စစ်တော့ ရုပ်ရှင်ကြည့်ချင်လှသည်မဟုတ်၊ နှစ်ယောက်အတူ နီးနီးကပ်ကပ်နေချင်သည်။ ငယ်ငယ်ကလိုများ ပျော်ပျော်ရွှင်ရွှင်နေခွင့်ပေးလျှင် သည်လိုချိန်းတွေ့ပြီး မိုးမိနေသည့်အဖြစ်ကို ရောက်မည်မဟုတ်။

"ကဲ ... မိုးတွေ ပိုသည်းလာပြီ"

"နောက်တစ်ပွဲ ဆက်လိုက်ရုံပေါ့ အေးရာ"

မိုးသည် မမျှော်လင့်ဘဲ သည်းလာသည်။ ရုပ်ရှင်လည်း မိုးစဲကို မစောင့်နိုင်ဘဲ ပြီးသည်။ အပြင်သို့ထွက်လာသော မိုးသံလေသံသည် ဝေါခနဲ လာတိုး၏။ ကောင်းကင်သည် မည်းမှောင်ကာ လျှပ်များပင် ဝင်းဝင်းပြက်ချေသေး၏။

မှောင်သဖြင့် ဆိုင်များသည် မီးစတင်ထွန်းကြပေပြီ။ လမ်းမီးများလည်း လာပြီ။ ညပဲ။ နာရီကိုကြည့်သော် ငါးနာရီထိုးပြီးစကလေးပါပဲ။ ယခုနေ ပြန်ရလျှင် နာရီကို မြှောက်ပြနိုင်၏။

သို့သော် မိုးသည် သွန်အန်၍ကျလာ၏။ ဘယ်သူမှမသွားနိုင်။ မိုးခိုပြီး နေရသည်။ ယာဉ်များသည် တချို့ကရပ်ကာ တချို့က အပြင်းမောင်း၍ပြေး၏။

"ချမ်းနေမှာပဲ အေး ... နော်"

ချမ်းရမှန်းတောင် မသိပြီ။ စိတ်ပူကာ ငိုမဲ့မဲ့ဖြစ်လာ၏။

"အေးရယ် ... အလကား အပြင်မှာ လေတိုက်ခံနေမယ့်အတူတူ တစ်ပွဲ ထပ်ကြည့်လိုက်ရအောင်။ မိုးကပက်နဲ့ ဟောဒီအမိုးအောက်က ကူးသွားမယ်"

"နေပါဦး မိုး သိပ်မသည်းတော့ဘူးထင်တယ်"

"သည်းနေတာပဲ၊ လေငြိမ်သွားတာ တစ်ခုပဲ"

"ဒုက္ခပဲ ကိုရဲ့ ... ဒုက္ခပဲ။ အေးကိုတော့ ရိုက်တော့မှာပဲ"

"အို ... ကို လိုက်ပို့မယ်။ မရိုက်ရအောင် ပြောပေးမယ်။ ဘာလုပ်တာမှတ်လို့။ ဘိုင်စကုပ်ကြည့်တာပဲ။ နေပါဦး၊ အေးကို တစ်သက်လုံး ဘယ်သူက ဘယ်လိုက်ပို့လို့တုံး။ ကိုကချည်း ပို့ရတာမဟုတ်လား"

"အခု အေးက အပျိုဖြစ်ပြီကိုးရှင့်" ဟု အမေ့စကားကို ထပ်ပြော၍ လှောင်လိုက်မိသည်။

"ကြည့်မိမှတော့ မထူးပါဘူး၊ သူတို့ကို ရှင်းပြရုံပေါ့။ မိုးသည်း ရွာနေတာကိုး။ လာပါ၊ အထဲထဲသာ ဝင်ထိုင်နေရအောင်။ မိုးတိတ်သွားတော့ ပြန်ထွက်မယ်"

"ပြီးအောင်မကြည့်ရဘူးနော်။ မိုးတိတ်ရင် ပြန်မယ်"

သူကဘာမှမပြောဘဲ အေးလက်ကိုဆွဲကာ ဟိုဘက်ရုံသို့ပြေး၏။

သို့သော် မိုးသည် ပို၍သည်းကာ တစ်ညလုံးမစဲအောင် ရွာတော့မည့်ဟန် ဆင်လေ၏။

အားလပ်ချိန်မှာ ထွက်လာသော်လည်း သည်းတုန်းပင်။

အေးအေးသည် လက်မှတ်ဧရောင်းသော ရုံကလေး၏ မှောင်ရိပ်ကိုခိုကာ မျက်ရည်သုတ်သည်။

"ကို ... အေး မပြန်ရဲတော့ဘူး"

"ကောင်းတာပေါ့၊ ခိုးပြီးသား ဖြစ်တာပေါ့"

"အမယ်လေး၊ မနက်ဖြန်ကျရင်တော့ ကျောင်းမှာ နာမည်ကျော်တော့မှာပဲ ကိုရယ်။ အမေတို့ကိုလည်း မတွေ့ရတော့ဘူးပေါ့ ဟင်။ အေး ကြောက်တယ်။ အိမ်လည်း ပြန်ချင်တယ်၊ ပြီးတော့ ဆာလည်း ဆာတယ်"

အေးသည် ကို၏လက်မောင်းကို လှုပ်၍လှုပ်၍ ငိုလေ၏။

အေးအေး တကယ်ဒုက္ခဖြစ်မှန်းသိ၍ ကိုကိုမောင်ဆွေလည်း တည် ကြည်လာသည်။ သူ့မျက်နှာ၌ ရိုးဖြောင့်သော အမူအရာကို တွေ့ရလာ သည်။

"လာ ... အေး၊ မိုးရေထဲပဲ သွားမယ်။ ကားတွေ ရပ်မပေးရင် လျှောက်ပြန်မယ်။ မရိုက်စေရဘူး။ ကို အပြစ်ခံရအောင်ပြောမယ်အေး။ ကို့ကို သူတို့ ဘာမှမလုပ်နိုင်ပါဘူး။ အေးကို နိုပ်စက်မယ်ကြံရင် ကို အိမ်ပေါ်က မဆင်းဘူး။ ပြီးတော့ အေးနဲ့ကိုနဲ့ဟာ"

"ဆွေမျိုးအရင်းကြီးပဲ ..." ဟု အေးအေးက ခါးခါးသီးသီး ထောက်၏။

ကိုက မျက်နှာပျက်သွားပြီး

"ဟုတ်တယ်အေး ... အေးဟာ ကလေးပဲရှိသေးတယ်။ စာလည်း ကောင်းကောင်း မသင်ရသေးဘူးနော်"

သည်လိုစကားတော့လည်း မကြားရက်ပါ။ သည်လောက် ငယ် ငယ်ကလေးနှင့် ဘဝ၏ တွေ့စမြဲအဖြစ်များကိုတော့ မတွေ့ချင်သေး တာ အမှန်ပင်။

သို့သော် ချစ်တယ်လေ။ ချစ်တယ်ဆိုတာ တစ်ဘဝမှာ တစ်ခါ ပဲဟုလည်း ထင်၏။ ဘယ်သူ့မှလည်း မချစ်နိုင်ပါဘူး။ အသက် ၆၀ ကျော်လို့ အမယ်အိုဖြစ်နေလည်းကိုပဲ၊ ကိုပဲ။

"အေး မပြန်ဝံ့ဘူး" ဟု ဖြည်းညင်းစွာပြော၏။

"ပြန်ရင်တော့ ဆိုးတော့ တော်တော်ဆိုးမှာပဲ။ ရှစ်နာရီခွဲပြီ"

"ဘာလုပ်ကြမလဲ"

ကိုသည် မျက်ခုံးပင့်ပြ၏။ ပြုံးစေ့စေ့လုပ်လိုက်သေးသည်။ ပြီးမှ အေးအေး၏ ဆံပင်ကလေးများကို အကျင့်ပါနေသောလက်များဖြင့် မွှေ့ယမ်းလိမ်ဆွဲသည်။

အေးအေးလည်း မျက်ရည်ကျရပြန်ကာ စိတ်ထဲက ဦးလေးတော် သွားပြန်လေသည်။ အားနည်းနည်းရှိလာသည်။

"အေးသဘောပဲ၊ အိမ်လိုက်ပို့ဆိုရင်လည်း ပို့မယ်။ မပြန်ရဲဘူး ဆိုရင်လည်း ..."

အေးအေးသည် မော့ကာကြည့်နေလေရာ သူသည်ပင် ရင်ဆို့သွားဟန်ဖြင့် "အေးရာ ... ခက်လိုက်တာကွာ။ အေး အသက်ဘယ်နှနှစ်ရှိပြီလဲ"ဟု တစ်ခါမှမညည်းဖူးသူ၊ ပျော်ပျော်နေ၍ သေခဲ့သူက ရှည်ရှည်ဝေးဝေး ညည်းလေ၏။

"၁၆ နှစ်"

"ပြည့်ပြီးပြီလား"

"ပြည့်ပြီးပြီ"

"သနားတော့ သနားတယ် အေးရယ်"

သည်လိုဆိုပြန်တော့ အတော်ကျေနပ်သွားကာ သတ္တိတွေ ရှိလာပြန်၏။

မိုးတိတ်သွားသော် ကိုးနာရီထိုးလေပြီ။ သည်အချိန်ဆိုလျှင် အိမ်မှ လိုက်ရှာနေကြပြီ။ အိမ်နီးချင်းများက တစေ့တစောင်းကြည့်ကြပြီ။

ဘယ်နည်းနှင့်မှ ပြန်၍မဖြစ်ဟု အေးအေး ထင်လေသည်။ အေးအေးသည် ဘာကိုမှ ရင်မဆိုင်တော့ချေ။ လွတ်ရာသာ ပြေးစို့ရဲ့ဟု ပြောတော့မည်။ မျက်ရည်ပူတို့သည် တစ်ပေါက်ပြီးတစ်ပေါက် ကျလာလေသည်။

ဤသို့ သူတို့နှစ်ယောက်တွဲကာ လျှောက်ကြ၏။

သူ၏ ယုယသောလက်များသည် လာ၍ သိုင်းဖက်ထားကြရာ ထိုလက်များသည် သည်လိုပင် အမြဲနွေးညွှေ့နေပါစေဟု ဆုတောင်းရတော့မည်။

အလင်းရောင်ကို ကတ္တရာလမ်းပေါ်မှ ရေလွှာကိုဖမ်းယူကာ ပြုံးပြက်နေရာ ထိုရွှေလိုဝါမောင်းသော်လည်း ရွှေမဟုတ်သော အရောင်တို့ပေါ် ဖြတ်သွားသော အေးအေး၏ ခြေများသည် အလှမ်းမရေရာဘဲ ဘယ်မှန်းမသိသော သူခေါ်ရာသို့ ဆုတ်ဆိုင်းဆိုင်းပင် လိုက်လျက်ရှိလေသည်။ ။

*ရှုမဝမဂ္ဂဇင်း၊ အမှတ် ၇၀၊ မတ်၊ ၁၉၅၃*

❑

## လက်စားချေခြင်း

မော်မော်သည် စိတ်ပျက်လက်ပျက်နှင့်သာ လိုက်ခဲ့လေသည်။ ပြပွဲကြီးမှာ လူတွေရော၊ ဆိုင်တွေပါ စည်လှပါသည်။ ဓာတ်မီးတွေ ပွင့်နေလိုက်ကြသည်မှာ မိုးပေါ်က ကြယ်တွေ စုပြုံပြီး ဆင်းလာ နားနေသလား အောက်မေ့ရပေသည်။ ပိုးဖဲ၊ စိန်ရွှေများအရောင်ကြောင့် လူတိုင်း၏ဟန်သည် လှပမော်ကြွားကာနေပေသည်။ အားလုံးကြည့်၍ ကောင်းလှသည်။ အို တစ်ထောင့်ကထိုင်ပြီး တမေ့တမော ကြည့်နေဖို့သာ ကောင်းတော့သည်။

မော်မော်ကတော့ အားလုံးနှင့်ဆန့်ကျင်ကာ မကျေမနပ်ဖြစ်လေသည်။ မော်မော်သည် သွားစရာလာစရာရှိလျှင် သူငယ်ချင်းအပေါင်းအဖော်များနှင့်သာ သွားလာမြဲ ဖြစ်ပေသည်။ မိဘများနှင့် သွားရသည်မှာ အင်မတန်ရှုပ်သည်။ နည်းနည်းမှ မလွတ်လပ်ပေ။ အရာရာမှာ သူတို့မျက်နှာထားတာကိုပဲ ကြည့်ကြည့်ပြီးနေရသည်။ ယခုပြပွဲကိုကား အိမ်သားတွေသွားလျက်နှင့် မလိုက်ဘဲ သူငယ်ချင်းများနှင့် သွားမည်ဆိုက ဆူပူမည်ကို ကြောက်၍ လိုက်ခဲ့ရသည်။

သူသိသည့်အတိုင်း လိုက်လာပြီး နည်းနည်းမှမပျော်သည်ကို တွေ့ရသည်။ မပျော်သည့်ပြင် စိတ်တောင်ညစ်ရသေးသည်။ သူ့မေမေ၊

အဖေတို့သည် ရှေးလည်းဆန်၍ ကပ်စေးလည်းနဲသဖြင့် အလွန်အမင်း ခွကျလေသည်။ ခုကြည့်ပါလား၊ ပြပွဲကို ကလေးတွေ တန်းလန်း တန်းလန်းနှင့် လာသည်။ ဟိုဟာလိုချင်၊ ဒီဟာလိုချင် ပူဆာသည့် ကလေးက ပူဆာ၊ ငိုသည့်ကလေးက ငို၊ သူတို့ကို ပျောက်မှာစိုး၍ လက်မလွှတ်တမ်း ဆွဲထားရသေးသည်။

မော်မော် ညီမလေး အနီကတော့ တစ်မျိုးဖြစ်သည်။ ခွကျလိုက်သည်မှာလည်း သူ့အပြင်မရှိဘူး။ မော်မော်ထက် ထွားကျိုင်းသော်လည်း အင်မတန် ကလေးဆန်သည့် အနီကို မိဘများထက် မော်မော် ကြောက်လေသည်။ အနီသည် အေးစက်စက်နှင့် ထိအောင် တိအောင် ထုနှက်တတ်သည်။

အနီသည် ကလေးအငယ်ဆုံးကလေးကို တစ်ချိန်လုံးချီလာသည်။ မော်မော်လောက် လှလှပပ ဝတ်စားမလာသော်လည်း အတော်သပ်သပ်ရပ်ရပ်ကား ပြင်ဆင်ထားသဖြင့် ကလေးချီထားသည်နှင့် မလိုက်ဘဲဖြစ်ကာ အပျိုလုပ်လွန်းသော သားသည်မအေပေါက်စနှင့် တူနေပေသည်။ မော်မော်က သူ့လက်ညောင်းသည်ကို သနားသော်လည်း ကူချီရမှာရက်သဖြင့် မသိချင်ယောင်ဆောင်ကာ လမ်းလျှောက်နိုင်သော ကလေးကိုသာ လက်တွဲ၍တိမ်း၏။

နှစ်ပတ်လောက် အနှံ့လျှောက်ပြီးသော် မောလာသဖြင့် လက်ဖွဲ့ထိုးပွဲတစ်ခုရှေ့မှာ မြက်ခင်းပေါ်ထိုင်ပြီး အပန်းဖြေကြလေသည်။ မော်မော်က မတ်တတ်သာရပ်နေ၏။ သူ့စိတ်ကို ရိပ်မိသော အနီက တစ်ချက်ရယ်ကာ တို့တော့ ညောင်းရင်ထိုင်တာပဲ။ ဘယ်သူမှ ဂရုမစိုက်ဘူးဟုဆိုကာ ခြေဆင်းပြီး ပစ်ထိုင်လိုက်လေသည်။

သူတို့ထိုင်နေရာနှင့် ခပ်နီးနီးမှာ ချင်းသုပ်ဆိုင်တစ်ဆိုင်ရှိသည်။ ဆိုင်မှာ ချင်းသုပ်ထက် စားပွဲ၊ ကုလားထိုင်ကို ရောင်းခြင်းဖြစ်ပေသည်။ ချင်းသုပ်ကို မစားရက်အောင် အလှဆုံးပြင်ကာ သုပ်သူက နယ်ပေးပြီး လက်မပေအောင် ဇွန်းဖြင့် စားစေခြင်းဖြင့် အပြင်မှာ တစ်မူးလောက်ကို တစ်ကျပ်နှင့် ရောင်းနေလေသည်။ ပိုက်ဆံအရမ်းမဲ့ ပေါသူများနှင့် မိန်းမပျိုများ ပြပွဲခေါ်လာသည့်ငနဲ စသောသူများသာ ထိုင်စားနေသည်။

အောက်လင်းလက်ဆွဲ ဓာတ်မီးကြီးမှ လင်းလွန်းလှ၍ မော်တို့တစ်သိုက် ထိုင်နေသည်မှာ သူတို့ခြေရင်းမှာလိုဖြစ်အောင် ထင်ပေါ်နေလေသည်။

အမောပြေကြသည့်အခါ ကလေးတို့မှာ ချင်းသုပ်ဆိုင်ကို မြင်လာလေ၏။ အော်ကြီးဟစ်ကျယ် ပူဆာကြပြန်သည်။ မေမေ ဖေဖေတို့သည် ကလေးများကို လက်ဆွဲကာ မတန်မရာရောင်းသော ဆိုင်ရှေ့မှ ထွက်လာသည်။ ထို့နောက် ပွဲဈေးတန်းသို့လျှောက်လာကာ တစ်မတ်ဖိုး ရောင်းသော မုန့်ဟင်းခါးဆိုင်မှ တစ်ထွာသာသာ ဖြက်ကျယ်သည့် ထိုင်ခုံကလေးများမှာ ငုတ်တုတ်ထိုင်ကြလေသည်။

မော်က ထိုင်လည်းမထိုင်၊ မုန့်လည်းမစားဘဲ မီးရောင်ကို ကျောပေးပြီးရပ်သည်။ မေမေ ဖေဖေတို့က မော်မော်ကို "စားမလား" တစ်ခွန်းသာမေးပြီး သူတို့ဟာသူတို့ စားကြသည်။ အနီမှာ ပထမက မစားဘဲ နေသော်လည်း မော်မော်ကို ခွတိုက်ကာ တရှူးရှူး တရှဲရှဲ ဝင်စားလေ၏။

အနီ မုန့်စားသဖြင့် သူချီထားသည့် ကလေးကို မော်မော် ချီရ၏။ အကျီကျေမည်လည်းစိုး ချီလည်းမချီချင်သဖြင့် တွန့်ဆုတ်တွန့်ဆုတ်နေမိကာ အနီက သူ့မျက်လုံးသွားရာကို လိုက်ကြည့်ပြီး သရော်သောမျက်နှာဖြင့် "ဟိုလူတွေက မမကို အပျိုမှန်း သိပါတယ်" ဟု ပြောလိုက်လေသည်။

မော်မော်ကို မြင်သဖြင့် တကောက်ကောက်လိုက်လာသော ထိုလူသုံးယောက်ကို အနီက ဆိုလိုသည်။ မော်မော်သည် ရှက်လည်းရှက်၊ နာလည်းနာကာ မျက်ရည်များ ဝေလာပြီး ဘာမျှမပြောဘဲ နှုတ်ခမ်းကို ကိုက်၍နေလေသည်။

မော်မော်သည် သူ့တစ်အိမ်သားလုံးကို မုန်းတီးသည်။ တစ်ခါ တစ်ရံ မေမေ့ကိုတော့ ချစ်စိတ်ဝင်သည်။ သူ့ကို ဘယ်သူကမှ မချစ်၊ ဂရုမစိုက်ဟု ယုံကြည်သည်။ တစ်နေ့နေ့တော့ ငါနဲ့တွေ့ကြဦးမှာပေါ့ လေဟု တေးထားသည်မှာ ကြာပြီ။ သူ့အိမ်သားများသည် သူ့အား ဂရုမစိုက်သည်ကတော့ မှန်သည်။ မေမေနှင့် ဖေဖေသည် ငွေ ငွေ ငွေနောက်သာ လိုက်ကာ တစ်နေ့နေ့ ကုန်ဈေးတန်းက အထည်ဂိုဒေါင်

မှာသာ အချိန်ကုန်သည်။ ထို့ကြောင့် သားသမီးများသည် ကိုယ့်ဟာကိုယ် နေတတ်သလိုနေကြရသည်။

မော်မော်သည် သူ့အိမ်သားများကဲ့သို့မဟုတ်ဘဲ အပေါင်းအသင်းများပေသည်။ ဘယ်သွားသွား တစ်ယောက်တည်းသွားရဲသည်။ မိဘများ ချောင်လည်သော်လည်း မော်မော်က အိမ်မှာ မလွတ်မလပ် ကုပ်ပြီးမနေချင်သဖြင့် ရုံးတွင် စာရေးဝင်လုပ်ရာ သူ့စိတ်နှင့်သူ့ကိုယ် နေချင်သလောက် နေနိုင်ပါသည်။

မုန့်ဟင်းခါး စားပြီးသည့်အချိန်မှာ မော်မော်သည် သူတို့ကို ဘယ်လိုခွာထုတ်ရမည်ကို စဉ်းစားပြီးသားဖြစ်၏။ ထို့ကြောင့် "မေမေ... ဟောဟိုဘိုင်စကုတ်ပြတဲ့ဆီသွားရအောင်" ဟု ဆိုလိုက်သည်။ သူသွားချင်သည်ဆိုသောနေရာမှာ ပြပွဲတစ်ခုလုံးတွင် အမှောင်ဆုံးဖြစ်၏။ ဘိုင်စကုတ်မှာ ရုံမဆောက်ဘဲ လဟာပြင်မှာ အခမဲ့ပြသဖြင့် မီးရောင် အနည်းဆုံးနေရာကို ရွေးရပေသည်။

မေမေသည် သူတို့ညီအစ်မ စိတ်ကောက်နေကြမှန်းသိ၍ အလိုလိုက် ချော့မော့ဖို့ စိတ်ရှိကာ "ကိုင်း ... လာ၊ ဘိုင်စကုတ်ကြည့်ရအောင်ဟေ့" ဟု ကလေးတို့ကိုခေါ်ရင်း အိမ်ပြန်တော့မည်ပြင်သော ဖေဖေ့ကို လက်မောင်းမှ ကိုင်ဆွဲလာလေသည်။

ဘိုင်စကုတ်ကြည့်၍ တစ်ပိုင်းတောင်မကုန်ခင် မော်မော်သည် ရှေ့တိုးရင်းတိုးရင်း ပျောက်ကွယ်သွား၏။ မိဘတို့သည် "မော်မော် ... မော်မော်" နှင့် တကြော်ကြော်အော်ပြီးခေါ်သေးသည်။ မတွေ့ရပေ။ သူတို့သည် ပြပွဲကို တစ်ပတ်ပတ်ကာ ရှာသေးသည်။

ဘိုင်စကုတ်ပြနေရာသို့ ပြန်ရောက်သော် ကလေးတို့သည် မောပန်းနေကြပြီး အငယ်ဆုံးကလေးနှစ်ယောက်မှာ မေမေ ဖေဖေတို့ လက်မောင်းပေါ်ဝယ် ကိုယ်စီအိပ်ပျော်နေကြသည်။ မိဘတို့သည် ကိုယ်လက်နာနေကြလေပြီ။

"စိန်ဂျွန်းသူနာပြုတပ် သွားတိုင်မလား။ ကလေးပျောက်တယ်ဆိုရင်တော့ အော်လန်ကြီးနဲ့ အော်ပေးတာပဲ" ဟု မေမေက ပြောသည်။ အနီက စိတ်မကောင်းဖြစ်မိသဖြင့် "ရှက်စရာကြီးပါ မေမေရယ် ...

မမဟာ ကလေးမှမဟုတ်ဘဲ။ သူ စိတ်ဆိုးနေဦးမယ်" ဟု မော်မော်ဘက်က ပြော၏။ ဖေဖေက တွေဝေနေရာမှ "သူလည်း ကလေးမှမဟုတ်ဘဲလေ။ ပြန်တတ်သားပဲလေ။ တို့ကိုရှာမတွေ့ရင် အိမ်ပြန်မှာပေါ့။ ခါတိုင်းလည်း သူတစ်ယောက်တည်း သွားနေကျဟာ၊ ပူစရာမရှိပါဘူး" ဟု ဖြေပြော၏။

နောက်ဆုံးတွင် သူတို့ အိမ်ပြန်ကြလေသည်။ ကိုးနာရီတော့ ခွဲပြီ။ သို့သော် ပြပွဲမှာ ယခုမှ စည်၍ကောင်းစ ရှိသေးသည်။ သူတို့မှာ လူရှင်းသည့် ခုနစ်နာရီလောက်ကတည်းက လာခဲ့ကြပါသည်။

မော်မော်သည် သူ့မိဘများခေါ်သံက အတင်းလွတ်အောင် တိုးရင်း သူ့နာမည်ကို လူတွေအလယ်မှာ အော်နေသည့် ရိုင်းစိုင်းမှုကို စိတ်ဆိုးနေသေးသည်။ ထို့နောက် သူခိုးမျက်စိဖြင့် မိဘများကိုရှာရင်း လျှောက်သည်။ မိဘများကို တွေ့လိုသည်ထက် ရှောင်ပြေးရအောင် သူက အရင်တွေ့မှဖြစ်ပေမည်။ မော်မော်သည် အတင့်ရဲကာ မီးရောင်မှာ ခပ်ကြော့ကြော့လျှောက်လာပြီး မေမေ ဖေဖေတို့ ခုလောက်ဆို ပြန်ပြီ။

နောက်ဆုံးမှာ ဟောခနဲ ယောင်မိသည်။ စောစောက လူသုံးယောက်နှင့် သွားတိုးလေသည်။

သူတို့ကို သိတယ်လည်းဆိုနိုင်သည်၊ မသိဘူးလည်း ဆိုနိုင်သည်။ ထိုလူသုံးယောက်မှာ ဘိုင်စကုတ်ကြမ်းပိုး မည်မျှကျသည်ကိုတော့ မသိပေ။ မော်မော်ကြည့်သမျှ ဘယ်ရုံမှာမဆို အမြဲတွေ့သည်။ စနေ တနင်္ဂနွေကြည့်သူချင်းချင်းဖြစ်သမို့လားတော့ မဆိုနိုင်။ ဆုံမိတတ်သည်မှာကား မော်မော်တို့က နှစ်ကျပ်ခွဲတန်းရှေ့ဆုံးက ကြည့်မြဲမှာ သူတို့က နှစ်ကျပ်တန်းနောက်ဆုံးမှာချည်း ရှိလေသည်။

သူတို့မှတ်မိသည်မှာလည်း အမြဲတမ်း သည်လူ သည်လူချည်း သုံးယောက်တည်း တွဲတတ်သောကြောင့်ဖြစ်သည်။ ဘိုင်စကုတ်ပြ၍ ရယ်စရာရှိလျှင် သူတို့က ပထမဆုံး နင်းကန်ပြီးရယ်တတ်၏။ တခြားလူများလည်း သည်တော့မှ နားလည်သူကလည်၊ မလည်သူက မလည်နှင့် ရောယောင်လိုက်ရယ်ကြလေသည်။ မော်မော်တောင် နားမလည်ဘဲ

သူတို့ရယ်သဖြင့် ရယ်ရသည့်အခါမျိုး ရှိသေးသည်။

သူတို့ကလည်း စနေ၊ တနင်္ဂနွေတိုင်း ပွဲဆက်ကြည့်သူ မော်မော်ကို မှတ်မိသည်။ ဘိုင်စကုတ်မပြသေးခင်နှင့် အားလပ်ချိန်မှာ သမင်လည်ပြန်ကြည့်တတ်သည်။

သူတို့အကြောင်း သိသမျှမှာ ဒါပဲဖြစ်သည်။ သို့သော် မော်မော်သည် သူတို့အား အင်္ဂလိပ်ဘိုင်စကုတ်ကြည့်သူ၊ နားလည်သူများဖြစ်၍ ခေတ်ပညာတတ်သူများမှန်းသိကာ အထင်ကြီးလေသည်။

မော်မော်သည် ခဏမျှ ခြေလှမ်းတုံ့နေစဉ် သူတို့အထဲမှ တစ်ယောက်ကလာကာ "ဩော် ... တစ်ယောက်တည်း အဖော်ကွဲလာသလား" ဟု သိကျွမ်းဖူးသလို မေးသည်။

"ဟုတ် ... ဟုတ်ကဲ့"

"ကျွန်တော်တို့ ကူရှာပေးပါ့မယ်။ မိန်းကလေးတစ်ယောက်တည်း မကောင်းပါဘူး။ လာပါ၊ မတွေ့မချင်း ကျွန်တော်စောင့်ရှောက်ပါ့မယ်။ မတွေ့လည်း အိမ်လိုက်ပို့ပါ့မယ်"

ဤသို့ နှစ်ယောက်သားလျှောက်ခဲ့သည်။ ကျန်သည့်အဖော်နှစ်ယောက်ကား လစ်ကြလေပြီ။ မော်မော်သည် ပြပွဲကြီး ပျော်စရာကောင်းပုံကို သိလာလေသည်။ နှစ်ယောက်သား ရင်းနှီးလာကာ စကားတွေကြွယ်ကြလေ၏။ ထိုလူက သူ့ကိုယ်သူ "ကိုမြထွန်းကလေ .." ဟု ဘာညာနှင့် ပြောသဖြင့် နာမည်သိရသည်။

ကိုမြထွန်းသည် မော်မော်ရှာကွဲသည့်အဖော်များကို ဟိုသည်ဝင်ကြည့်ဖို့ထက် ဂရုမစိုက်သည်ကို တွေ့သဖြင့် ရှာဖို့ ဘာမှမပြောတော့ချေ။ သူတို့နှစ်ယောက်သည် လူညပ်သည့်နေရာများတွင် ရှောင်ရင်းတိမ်းရင်း တစ်ယောက်နှင့်တစ်ယောက် ပွေ့ဖက်မိလျက်သား ဖြစ်ရချေသည်။

လူရှင်းသည့်အခါ မော်မော်သည် ကိုမြထွန်း၏ခါးကို သိုင်းထားသည့် မိမိလက်များကို ရုပ်လိုက်သော်လည်း သူ့ပခုံးပေါ်က ကိုမြထွန်း၏လက်များကား မလျှောပြေချေ။

သူတို့သည် လူတောထဲမတိုးတော့ဘဲ မှောင်ခိုလာကာ နောက်

ဆုံးတွင် ထွက်ပေါက် ဝင်ပေါက်လည်းမဟုတ်ဘဲ တစ်ဖက်က မည်းမှောင်သည့်ကွင်းပြင်သို့ရောက်သည့် နေရာကလေးသို့ရောက်ကာ မြက်ခင်းပေါ်ထိုင်ကြသည်။ သည်နေရာမှာ လူလည်းမရှိ၊ မီးရောင်လည်းမလင်းသဖြင့် မော်မော်သည် မြေကြီးပေါ်ထိုင်ရမှာ မရှက်တော့ချေ။

ပြပွဲထဲမှာ အလင်းရောင်နှင့်လူတွေ၊ သည်မှာတော့ အမှောင်။ မော်မော်နှင့် ကိုမြထွန်း။ ပြပွဲမှာ အသံတလံနှင့် လေညစ်၊ သည်မှာတော့ တိတ်ဆိတ်ခြင်းနှင့် သန့်ရှင်းလန်းဆတ်သည့်လေ။ သည်ဆန့်ကျင်ဘက်နှစ်ခုဟာ ခုလို နီးကပ်စွာတစ်ဆက်စပ်တည်း တစ်မြေရာကွက်တည်းမှာ ရှိလိမ့်မယ်လို့ ဘယ်သူတွေးမိပါမလဲ။

မော်မော်သည် ကြောက်သလိုလို ပျော်သလိုလို စွန့်စားခန်းတွေ ရင်ဆိုင်တိုးနေရသလိုဖြစ်မိသည်။ မော်မော်သည် အသက်ငယ်သော်လည်း သည်နေရာ၏အဓိပ္ပာယ်ကို ရိပ်မိ နားလည်ပေသည်။

သူတို့နေရာလေးမှာ လေတင်ကဖြစ်၍ တစ်ခါတစ်ရံ လေပြန်ဖော့လာမှ ဓာတ်စက်သီချင်း၊ လူသံ၊ သူသံတို့ကို ကြားရသည်။

ကိုမြထွန်းသည် စီးကရက်တစ်လိပ်ကို ညှိ၍သောက်ရာ သူ့မျက်လုံးများကို လက်ခနဲ မြင်ရသည်။ မော်မော်သည် သူ့မျက်လုံးထဲက တစ်ခုခု ဘာမှန်းမသိသော တစ်ခုခုကိုကြည့်ရင်း ချမ်းတုန်မိသလိုဖြစ်လာလေ၏။

"ကလေးရယ် ..." ဟု ကိုမြထွန်းက ပျော့ပြောင်းချော့မော့စွာ ခေါ်သည်။ သူသည် တစ်မော်တည်းမော်ရာက ကလေး ကလေးနှင့် ဖြစ်လာသည်ကို မော်မော် သတိထားခဲ့မိသည်။ မော်မော်ကလည်း ကိုမြထွန်းကိုဖြင့် အနှစ်နှစ်အလလက ချစ်ကြိုက်လာသူလို ခင်မင်ရင်းနှီးမိလေသည်။

ကိုမြထွန်းက မြက်ခင်းပေါ် ကျောချ၍လှဲလိုက်ကာ မော်မော့်ကို ပွေ့လိုက်လေသည်။

မော်မော် အိမ်ပြန်ရောက်သော် ၁၁ နာရီခွဲပြီးပေပြီ။

မေမေက မအိပ်ဘဲစောင့်နေသည်။ ဖေဖေကမူ တစ်ရေးရ၍

ဆေးပြင်းလိပ် ထသောက်သည်။

အိမ်တွင်းသို့ရောက်သည်နှင့် အပျော်စိတ်ပျောက်ကာ ဝမ်းသာပြောင်လှောင်ချင်စိတ် ပေါက်လာလေသည်။ ယခုမှ မေမေတို့ ဖေဖေတို့ကို နိုင်ပြီ။ ငါမှန်းသိပလား ... ကိုင်း ... မှတ်" ဟု စိတ်တွင်းမှ အခြောက်တိုက် ကြိမ်းလိုက်သည်။ သို့သော် သူပြုခဲ့သည့် အမှုသည် သူ့မိဘများထက် သူ့ကို ပို၍ မှတ်စေမည်လား ဘာလားတော့ မသေချာချေ။

သူ့ဖေဖေက ဆူမလို့လားမသိ၊ စကားပြောရန် ပါးစပ်ဟလိုက်သည်နှင့်တစ်ပြိုင်နက် "သိပ်တော်တဲ့မေမေနဲ့ ဖေဖေ၊ သမီးကလေးတစ်ယောက်တည်း ပစ်ထားပြီး အိမ်ပြန်အိပ်ကြတယ်" ဦးအောင်ပြောလိုက်ကာ သူ့အခန်းတွင်းသို့ ဝင်၍ပြေးလေသည်။

သူ့မေမေက သမီးလေးသည် ငိုယိုရန် ပြေးဝင်သွားသည်ဟု ထင်လေသည်။

မော်မော်ကတော့ မှန်ထဲက ပန်းလျှစွာ ပြက်ရယ်ပြု၍ ပြုံးနေသော မော်မော်ကို တစ်ချက်ကြည့်ကာ အဝတ်အစားမလဲဘဲ စားပွဲတွင် ထိုင်၍ တွေးနေလေသည်။ ။

*တာရာမဂ္ဂဇင်း၊ အတွဲ ၂၊ အမှတ် ၃၊ ဇူလိုင်၊ ၁၉၄၈*

❑

## အတွေးလွင့်ပျံ့

ည ၉ နာရီထိုးပြီးသော်လည်း အပြင်မှာ နေရောင်လင်းပြီး ငှက်တွေ ပျံသန်းနေဆဲပဲ။ အထူးသဖြင့် ကျွန်မ အိပ်ခန်းပြတင်း အဖွင့်အပိတ်ကို စောင့်ကြည့်နေတတ်ကြတဲ့ ခိုကလေးများဟာ တစ်ဝက်တစ်ပျက်မြင်ရတဲ့ တိုက်ခန်းညာဘက်ဆောင် ခေါင်မိုးပေါ်မှာ တန်းစီနေကြတုန်းပဲ။ မနက်တစ်ခါ ညနေတစ်ခါ ပေါင်မုန့်ပစ်ကျွေးတာကို သူတို့မျှော်နေတတ်ကြတယ်။ မြေကြီးပေါ်က မြက်ခင်းကို ငုံ့ကြည့်နေတတ်ကြတယ်။

ဒီနေ့ ပေါင်မုန့်ဈေးတက်သွားတယ်၊ ပေါင်မုန့်လေးလုံးကို ၂ ပေါင်ကျော်ပေးရတယ်။ ဘယ်တတ်နိုင်မလဲလို့ ကျွန်မပြောပြီး ဝယ်ခဲ့တယ်။ ပေါင်မုန့်ကို အစိတ်စိတ်အမွှာအမွှာ ချေခွဲပြီး ပြတင်းက မြက်ခင်းပေါ်ကို ပစ်ကြဲလိုက်တဲ့အခါ မီးခိုးရောင်ရှဉ့်ကလေး ၃–၄ ကောင်ပြေးလာပြီး ကျကျနနထိုင်ပြီး ပါးစပ်နဲ့ကောက်ယူပြီး လက်နှစ်ဖက်နဲ့စုံကိုင်ပြီး စားတတ်ကြတယ်။ သူတို့အမြီးကလေးတွေကို ကောက်ကွေးပြီး ကျောပေါ်အုပ်ထားတတ်တယ်။ စောင်ခြုံထားသလိုပဲ။ ကျွန်မနေတဲ့တောင်ပိုင်းမှာ မီးခိုးရောင်ရှဉ့်မျိုးပဲ ရှိတယ်။ လန်ဒန်မြို့ကြီးနားမှာနေပြီး လူ့အစာ အကျန်အကြွင်းပဲ စားရလို့ထင်ပါရဲ့။ ရှဉ့်ကလေးတွေဟာ

သေးသေးကလေးတွေ။ အမေရိကမြောက်ပိုင်း အထူးသဖြင့် ဒါကိုတာ မြောက်ပိုင်း ကနေဒါနဲ့နီးတဲ့ ထင်းရှူးပင် ထင်းရှူးသီးနဲ့ တခြားသစ်သီး သစ်ဥပေါတဲ့နေရာက မီးခိုးရောင်ရှဉ့်ကလေးတွေလို မဟုတ်ဘူး။ အမေရိကန်ရှဉ့်တွေရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်။

အနီရောင်ရှဉ့်တွေ ဒီမှာ မရှိဘူး။ စကော့တလန်ပြည်မှာပဲ ရှိတယ် ပြောတယ်။ ရှဉ့်နီကလေးတွေက အရွယ်ငယ်တဲ့အမျိုးမို့ ထင်ရဲ့။ မီးခိုး ရောင်ရှဉ့်တွေရောက်လာရင် ရှဉ့်နီလေးတွေ ပျောက်ကုန်ရောတဲ့။

လောလောဆယ် ကျွန်မ ဆေးရုံဝင်းထဲမှာ တစ်ပတ်ငါးရက် (အလုပ်လုပ်တဲ့ ရက်) နေတော့ ထုံးစံအတိုင်း ဆေးရုံဝင်းက ကျယ်ပြန့် ပြီး သစ်ပင်ကြီးသစ်ပင်ငယ် ချုံပုတ်မျိုးစုံ ရှိတာမို့ တိရစ္ဆာန်ကလေးတွေ မျိုးစုံခိုလှုံနေကြတာ တွေ့ရပါတယ်။ ဆေးရုံထဲမှာ ကားလည်း အရမ်း မောင်းလို့မရတော့ တိရစ္ဆာန်ကလေးတွေ ဘေးကင်းပြီး အသက်ရှည်နေ ထိုင်နိုင်ကြတာပေါ့။ ကျွန်မကလည်း တိရစ္ဆာန်ဟူသမျှကို ချစ်ခင်ကြင် နာချင်လေတော့ ရောက်လေရာမှာ သူတို့နဲ့ တစ်နည်းမဟုတ်တစ်နည်း အဖော်ဖြစ်သွားတတ်တယ်။ သူတို့ကြိုက်တတ်တဲ့ အစာကိုရှာဖွေပြီး ပစ်ကြဲကျွေးမွေးစပြုလိုက်ရင် ၂ ရက်၊ ၃ ရက်အတွင်း သူတို့ အုပ်လိုက် ရောက်လာပြီး အစာတောင်းတဲ့ အကျင့်ရသွားတတ်ကြတယ်။

ရှဉ့်ကလေးတွေ သိပ်ကြာကြာမနေဘူး။ စားလို့ဝရင် ပေါင်မုန့်စ အပိုတစ်ခု နှစ်ခုကို ကိုက်ပြီး ချုံပုတ်ထဲ ပြန်ပြေးသွားကြတယ်။ သူတို့ မပြန်ခင်ဖြစ်စေ ပြန်ပြီးမှဖြစ်စေ ခေါင်မိုးပေါ်က ခိုကလေးတွေ လျှောပျံ ကျဆင်းလာတတ်ကြတယ်။ သူတို့ အသံသိပ်မပြုကြဘူး။ မြက်ခင်း ပေါ်မှာ ဟိုလျှောက်သည်လျှောက် လျှောက်ရင်း ပေါင်မုန့်ကို ကောက် စားကြတတ်တယ်။ သူတို့နှုတ်သီးတွေက သေးပြီးချွန်တယ်။ သိပ် ကျယ်ကျယ်ဟလို့ မရဘူး။ အစာကို နှုတ်သီးထိပ်နဲ့ပေါက်ပြီး စားကြ တယ်။ ပေါင်မုန့်စတွေ ကွဲကြေစင်ထွက်သွားတတ်တယ်။ တစ်ခါ ပေါင်မုန့်တစ်စဟာ ခိုကလေးတစ်ကောင်ရဲ့ ကျောပေါ်တင်ပြီး တော် တော်နဲ့ အောက်မကျလို့ ခိုကလေး ဟိုပြေးဒီပြေးနဲ့ ကိုယ်ကို ခါရမ်းပြီး ချောက်ကျနေတာ ရယ်စရာလိုပဲ မြင်လိုက်ရပါတယ်။ သူတို့ အစာ

တစ်စကို ပြီးအောင်မစားဘူး။ တစ်ခုပြီးတစ်ခု နှုတ်သီးနဲ့ပေါက်ပြီး လျှောက်သွားရင်း စားတတ်ကြတယ်။ စားရင်း စိတ်ကူးတစ်မျိုးပေါက်ပြီး ခိုမကို ရစ်စိုင်းပြီး တရှူးရှူးနဲ့ အလုပ်များတတ်တဲ့ ခိုအဖိုတစ်ကောင် နှစ်ကောင်ကိုလည်း သတိပြုရတတ်တယ်။

ခိုလေးတွေ အများအားဖြင့် မီးခိုး၊ အပြာ၊ နက်ပြာနဲ့ မီးသွေးရောင် ရောတဲ့အဆင်ကို ဆင်တတ်တယ်။ အဖြူစင်းနဲ့ အဖြူပြောက်တွေ အတောင်ဖျား လည်ပင်းနဲ့ ဝမ်းဗိုက်မှာ ဆင်တတ်တယ်။ ခြေထောက်ကတော့ အနီနဲ့အပြာ နည်းနည်းပေါ့။ နီညိုညိုခိုကလေးတစ်ကောင် နှစ်ကောင်လည်း ပါလာတတ်တယ်။ ခိုဖြူလည်း တွေ့ဖူးတယ်။

မြို့ထဲမှာမနေတဲ့ တောအုပ်တွင်းက လာတတ်တဲ့ ခိုက အင်္ဂလိပ်လိုတော့ Wood Pigeon ခေါ်မှာပေါ့။ သူတို့လည်း လာတတ်တယ်။ နှစ်ကောင် သုံးကောင်ပဲ၊ အုပ်ဖွဲ့လာလေ့မရှိဘူး။ သူတို့က မြို့သားခိုတွေနဲ့ မရောဘူး။ မနီးမဝေးမှာ နေကြတယ်။ ကြာကြာလည်း မနေဘူး။

ညိုဝွေရောင်လို့ ကျွန်မခေါ်ချင်တဲ့ ခိုကလေးတွေလည်း လာကြတယ်။ အားလုံး လေးကောင်ပဲ၊ နှစ်ကောင်တွဲ အဖိုအမ တစ်စုံစီပေါ့၊ လာကြတယ်။ သူတို့က ခိုထက် သေးငယ်ပြီး ခေါင်းသေးသေး ရင်အုပ်အတောင်ရင်း ထူထူပဲရှင့်။ သူတို့က ခိုတွေကို နည်းနည်းကြောက်သလိုပဲ။ ဒါပေမဲ့ ခိုတွေဟာ သိပ်ရန်နည်းတဲ့ ငှက်ကလေးတွေ ချိုးကလေး တွေကို ရန်မမူပါဘူး။ သူတို့အချင်းချင်း ရန်မူတိုက်ခိုက်တာ တစ်ခါမှ မတွေ့သေးဘူး။

ချိုးကလေးတွေက ကူးကူးလို့ အော်ပြီး သုတ်ခနဲ ထပျံပြေးလာတတ်ကြတယ်။ သူတို့က မိုးချုပ်မှောင်စပြုတဲ့အထိနေပြီး အစာတဖြည်းဖြည်း စားကြတယ်။ သူတို့ ဘယ်မှာအိပ်သလဲ ကျွန်မ မသိဘူး။ ခိုတွေလို ခေါင်မိုးတံစက်မြိတ်မှာ မအိပ်ဘူး။ အနားက ချုံပုတ်ကြီးတွေနဲ့ သစ်ပင်ကြီးကြီး ရွက်ထူထူကြားမှာ အိပ်မှာပဲလို့ ကျွန်မတွေးပါတယ်။

အံ့သြစရာတစ်ခုက ဘယ်ကရောက်လာမှန်း မသိဘူးရှင့်။ တောဘဲအမနဲ့ အထီးသုံးကောင် ရောက်လာပြီး ခိုတွေနဲ့ရောပြီး အစာ

စားကြတယ်။ အမေ အဖေနဲ့ သားနှစ်ကောင်လို့ ထင်ပါတယ်။ အမေ က အညိုများများ အဖြူဖတ်ကြားကြားနဲ့ အထီးသုံးကောင်က အမြီးမှာ အညိုနုည်းနည်း လည်ပင်းနဲ့ ခေါင်းက စိမ်းဖန့်ပြာလဲ့ပြီး မြရတနာလို တောက်ပပြီး လှနေကြတယ်။ သူတို့အချင်းချင်း သိပ်စောင့်ရှောက်ကြ တယ်။ ဘဲတစ်ကောင်က အမြဲတမ်း စန္ဒရီစောင့်ဆဲ အခြားသုံးကောင် က အစာစားကြတယ်။ အမေဘဲမက အများအားဖြင့် စန္ဒရီ စောင့်တဲ့ အလုပ် သိပ်မလုပ်ဘူး။ သူက ခပ်အေးအေးပဲ၊ စားပြီး မြက်ခင်းပေါ်မှာ ဝပ်နေတတ်တယ်။ ခဏကြာရင် ဘဲတွေ အားလုံးဝပ်နေကြတယ်။ သူတို့ ပူးပူးကပ်ကပ် မနေဘူး။ တစ်ကောင်နဲ့တစ်ကောင် တစ်ပေ တစ်ပေခွဲလောက်အကွာမှာ နေတယ်။ ဒါပေမဲ့ သူတို့ ကလေးဖောက် တဲ့အခါ ဘဲပေါက်စကလေးတွေ တန်းစီပြီး ဘဲကြီးတွေနောက် လမ်း လျှောက်လိုက်တဲ့အခါ ရေပေါ်မှာ ကူးတဲ့အခါဆိုရင်တော့ ဘဲကြီး သုံးလေးကောင်က ဝိုင်းရံပူးကပ်ပြီး အကာအကွယ်ပေးတတ်တယ်။ ဘဲပေါက်စကလေးတွေက မောရင် ညောင်းရင် ဘဲကြီးတွေရဲ့ ကျော ပေါ်နဲ့ အတောင်ကြားထဲ ခိုဝင်ပြီး အချောင်စီးတတ်ကြတာ မြင်ဖူးမှာ ပေါ့။

ဘဲတွေလည်း ရန်မထောင်တတ်ဘူးရှင့်။ ခိုတွေ ချိုးတွေ ရှဉ့်တွေ နဲ့ရောပြီး ပေါင်မုန့်စတွေ စားကြတယ်။

တစ်ခါ ပြောရဦးမယ်။ ပေါင်မုန့်တစ်စဟာ ဘဲတစ်ကောင်ရဲ့ လျှာပေါ်အလျားလိုက် ကပ်နေပြီး မျိုချလို့မရဖြစ်နေတာ ကျွန်မ စိတ်ပူ စွာ မြင်ရပါတယ်။ ခါထုတ်လို့လည်း မရ၊ မျိုချလို့လည်းမရ၊ ကျွန်မ လည်း ဘာမှမတတ်နိုင်။ ပြတင်းပေါက်ကပဲ မျှော်ကြည့်ရင်း နောင်တ ရရင်း ပေါင်မုန့်စကို နောင် ပိုပြီးသေးသေးငယ်ငယ်အဖြစ် ဖဲ့ချွေပေး ရမယ်လို့ပဲ စိတ်ကူးဆဲ နောက်ဆုံးတော့ သူ မျိုချလို့ ရသွားတယ်ရှင့်။ ဘုရားမလို့။

နှစ်ပတ်သုံးပတ်အတွင်းမှာ ဘဲအမေနဲ့ အဖေပဲ လာပြီး သား နှစ်ကောင်က အဝေးကို တွဲပြီး ခွဲပျံသွားကြတယ်။

ဘဲထီးနဲ့ဘဲမ ခပ်ငယ်ငယ် တစ်စုံတွဲလည်း လာခဲ့သေးတယ်။

သားတစ်ကောင် အဖော်တွေ့လေသလား။ ဘဲစုံတွဲအသစ်ပဲ ရောက်လာသလား ကျွန်မ မပြောတတ်ပါ။

မက်ပိုင်းဆိုတဲ့ အဖြူနဲ့အနက် ကြားထားတဲ့ အမြီးရှည်ရှည် အတောင်ကားကားနဲ့ ငှက်ဖိုငှက်မလည်း လာတတ်တယ်။ အဲဒီငှက်ကို အနောက်နိုင်ငံသားတွေက မချစ်ဘူး။ သူခိုးငှက်တဲ့ရှင့်။ ကျွန်မက ပြောတယ်။ သူတို့လည်း ငှက်ပဲ၊ အစာမြင် စားချင်တာပဲ။ သူတို့ အစာရှာစားတာ အစာတွေ့ရင် ကောက်ချီပြေးတာပဲ။ သူတို့ကိုမှ ရွေးပြီး ဘယ်ကြောင့် သူခိုးလို့ ခေါ်ရတာလဲဆိုတော့ မဖြေတတ်ကြဘူး။ အို... ပြောင်ပြောင်လက်လက်မြင်ရင်လည်း ကောက်ချီပြေးတတ်တယ်တဲ့ရှင်။

မက်ပိုင်းမှ မဟုတ်ပါဘူး၊ ကျီးငှက်တွေလည်း ပြောင်ပြောင်လက်လက်မြင်ရင် ကောက်ချီပြေးတတ်ကြတယ်။

အဲဒီငှက်အမှုအရာမှာ အရင်းခံအကြောင်းရှိတယ်။ ငှက်တွေဟာ အင်မတန်ချီးမွမ်း အံ့သြဖွယ်ကောင်းတဲ့ သတ္တဝါတွေဖြစ်တယ်။ ကမ္ဘာမြေကြီးပေါ်မှာ လူသတ္တဝါ မဖြစ်မပေါ်ခင် နှစ်ပေါင်း ကုဋေကုဋာ စောပြီး ဖြစ်ပေါ်ခဲ့ကြတယ်။ ဒိုင်နာဆောတွေ တဖြည်းဖြည်းနဲ့ အတောင်ပေါက်ပြီး ငှက်ဖြစ်သွားတယ်လို့ ဆိုကြတယ်။ ကမ္ဘာကြီး တစ်ခုလုံး ရေနစ်ပြီး သတ္တဝါအကုန်လုံးလုံးလိုလို ပျက်စီးပျောက်ကွယ်သွားတဲ့ခေတ်မှာ ကောင်းကင်မှာ ပျံသန်းပြီး ကမ္ဘာကို ရစ်ဝဲခိုလှုံပြီး နောက်ဆုံး မြေပေါ်ပြန်လာနားနေနိုင်ခဲ့တဲ့ အစုအထိ အစဉ်အဆက် မပြတ်ခဲ့တဲ့သတ္တဝါဟာ ငှက်တွေပဲလို့ ဆိုတယ်။

နယူးဂီနီမှာ ထင်ပါရဲ့။ ဘာဝါငှက်ဆိုတဲ့ ငှက်အမျိုးမျိုးတစ်အုပ်ဟာ အင်မတန်စိတ်ကူးယဉ်တဲ့ အနုပညာသည်တွေပဲရှင့်။ သူတို့မှာ ထူးဆန်းလှပတဲ့ အမွေးအတောင်ရှိတယ်။ သူတို့သိပ်ပြီး ကတတ်တယ်။ အဖိုက အမကို နောက်ပိုးတဲ့အခါ အတောင်ဖြန့်ပြီး ခြေက ကရင်း ဟိုယိမ်းသည်ယိုင် ကွေ့ဝိုက်ပြီး ရစ်တတ်တယ်။ နောက်ငှက်တစ်မျိုးက အမကို အိမ်ဆောက်ပြီး လက်ဆောင်ပေးတယ်။ အိမ်က ဇရာမအသိုက်ကြီးဖြစ်တတ်ပြီး အနီရောင် အဝါရောင် တောက်ပတဲ့ သစ်ရွက်နဲ့ အကန့်အကန့်ခြယ်လှယ်ဖြန့်ကြဲ အလှပြထားတတ်တယ်။

အရောင်မျိုးစုံ ဝင်းလက်တဲ့ ကျောက်စရစ်ခဲတွေကိုလည်း အကန့် အကန့် ဆင်ပြင်ပြီး အိမ်ခြေရင်းမှာ အလှပြထားတတ်တယ်။

ငှက်များစွာမှာ အဖိုနဲ့အမ တစ်သက်လုံး သစ္စာရှိရှိ မဖောက်ပြားဘဲ တွဲဖက်နေကြတဲ့ အကျင့်ရှိတတ်တယ်။ အမေအဖေ အတူတကွ သားဖောက်ပြီး အစာကျွေး အပျံသင်ပေးကြတတ်တယ်။ ဒါကို တစ်သက်လုံး လုပ်နေတတ်တယ်။ ကျွန်မရဲ့ ပြတင်းပြင်က ငှက်ကလေးတွေကတော့ သိပ်စာဖွဲ့လောက်တာ မဟုတ်သော်လည်း သူတို့မှာ စဉ်းစားတွေးတောတတ်တဲ့ ဦးနှောက်ရှိတာ အမှန်ပဲ။

ကျွန်မကို သူတို့ သိကြတယ်။ သူတို့မျက်စိထဲမှာတော့ ကျွန်မဟာ ပြတင်းပေါက်ဖွင့်ပြီး အစာပစ်ကြဲတတ်တဲ့ မတ်တတ်ရပ်နေတတ်တဲ့ ခြေထောက်ရှည်ရှည်နဲ့ လမ်းလျှောက်တတ်တဲ့ အတောင်မရှိ မပျံနိုင် မြေကြီးမှာ ကပ်နေရတဲ့ လူသတ္တဝါတစ်ကောင်ပေါ့ရှင်။

*ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် ၁၀၀၊ ဖေဖော်ဝါရီ၊ ၁၉၉၈*

❑

## အမရှာပြန်

ယောက်ထည်းငယ်တကိုယ်၊
လျှင် စလိုငယ်၊
ခင်လျှို ရေကျ၊
သည်တော စ က၊
အမရှာပြန်...။

(ဦးကြီး)

(၁)

အပြင်မှာ နေကျဲကျဲပူသော်လည်း၊ သမ္ဗန်ဝမ်းထဲ၌ ခပ်အေးစိမ့်စိမ့် ရှိသည်။ အပြင်မှာလို အလင်းရောင်ကလည်း မျက်စိစူးအောင် မတောက်ပ။ ထို့ပြင်ကမ်းစပ်၊ ရေစ၊ သစ်ချုံ ဘာကိုမှ တရိပ်ရိပ်မူးအောင် မမြင်ရ၊ စိတ်ငြိမ်းချမ်းသည်။ သို့သော် သမ္ဗန်ဝမ်းပြင်၏ အခင်းမှာ ခိုးလိုးခုလုရှိကာ၊ ညှိမည်း စုတ်ချာသည့် ပေါင်းမိုးကုပ်ကုပ်အောက်၌ အနည်းငယ် ကျဉ်းကျဉ်းကျပ်ကျပ်နိုင်တာသာ ရှိလေသည်။

ဒေါ်လုရင်သည် သမ္ဗန်ဝမ်းထဲ၌ မိန်းမောလျက် ရှိလေသည်။ သူမသည် ဤလူ့ဘဝကြီးကို စွန့်ခွာရတော့မည်။ ရက်ပိုင်းကလေး

မျှသာ လိုတော့သည်ကို ကောင်းစွာ သဘောပေါက်မိလေပြီ။ အင်း... တစ်နှစ်ကျော်ကျော်မျှ ခံစားခဲ့ရသည့် မီးယပ်သွေးဆုံးရောဂါမှ ကင်းလွတ်ပါတော့မည်။

သူမသည် သေရတော့မည်ဆိုတာကို သိရှိသည်မှာ ကြာပြီဖြစ်၏။ သို့သော် စင်စစ် မျှော်လင့်ချက် လုံးလုံးစွန့်လိုက်သည်မှာမူ မနေ့ကမှ ဖြစ်သည်။ ဆေးဆရာအမျိုးမျိုးကိုလည်း ကယ်ပါရန် တောင်းပန်ခဲ့ဖူးပါ၏။ ဆရာဝန်တို့၏ ချွန်မြသည့်အပ်နှင့်လည်း ဆေးထိုးခံခဲ့ဖူးပါ၏။ ယောကျ်ားဖြစ်သူကိုပင် ပျောက်အောင်ကုမည့် ဆရာ မခေါ်တတ်နိုင် ကောင်းလားဟု အကြိမ်ကြိမ်ရန်ဖြစ်ခဲ့ဖူးလေသည်။ ဒေါ်လှရင်သည် သေရမည်ကို နီးကပ်လာလေလေ၊ ကြောက်ရွံ့လေလေဖြစ်ကာ၊ ကိုယ့်ကိုယ်ကိုယ် အားပေးလျက်ရှိခဲ့လေသည်။

သို့သော် မနေ့က မနက်လင်းအားကြီးအချိန်၌ သူမသည် ပထမဆုံးအကြိမ် စတင်မိန်းမောခဲ့လေပြီ။

ဒေါ်လှရင်သည် နာတာရှည်လူမမာပီပီစွာ သတိဆောင်ခဲ့လေသည်။ သို့သော် မနေ့ကမူ မိန်းမောခဲ့လေပြီ။ ထို့နောက် ဘယ်လိုပင် သတိဆောင်သော်လည်း မတတ်နိုင်တော့ဘဲ၊ မေ့ရာစ်ချက် လျော့တစ်ချက်နှင့်ပင် အသက်ရှည်ကြာခဲ့ရသည်။ ညကဆိုလျှင် လင်သည်က ခေါင်းရင်းမှ ထိုင်ကာ ရတနာသုံးပါးဂုဏ်တော်ကို ရွတ်ဆို၍ပေးနေခဲ့သည်။ မနက်ကမူ အနည်းငယ်လန်းပါ၏။

မှောင်နက်သော တစ်ညလုံးပင် ဒေါ်လှရင်သည် သတိဝေ့လည်ဝေ့လည်နှင့်ပင် ရှာပြန်ဖို့ကို စိတ်စောလျက်ရှိသည်။ 'ရှာပြန်ပြီး ခေါင်းချပါစို့ရဲ့ လှရင်ရယ်' ဟု ကိုယ့်ကိုယ်ကိုယ် အထပ်ထပ် ပြောကာနေမိသည်။ ချက်ချင်းပင် လင်သည်ကို ပူဆာမိလေသည်။ 'ရှာပြန်ပါရစေတော့ ကိုအောင်ရယ်... မိုးလင်းရင် သမ္ဗန်ဆိပ် ဆင်းပါရစေ...' ဟု မပီမသ ပြောရသည်။ သူမ၏ စကားကို တစ်ကြိမ်၊ နှစ်ကြိမ်နှင့်မှ မသဲကွဲကြသော်၊ အလွန်ပင် ထိတ်လန့်လာမိလေသည်။ ဒေါ်လှရင်သည် သန်းခေါင်ကျော်ကြီးမှာပင် ရှိုက်ငင်ကာ ငိုယိုမိလေသည်။

ယခုမူ ဒေါ်လှရင်သည် ရှာသို့ပြန်လာလျက်ရှိပေပြီ။

ဩော်… ကိုယ့်ရွာတောင်ကိုယ်မရောက်တာ ဘယ်လောက်ကြာပြီလဲ၊ ကြာဆို ရွာကထွက်လာကတည်းက တစ်ခါမျှ ပြန်မရောက်တော့ချေ။

ဤအတောအတွင်း နှစ်ပေါင်းနှစ်ဆယ်ကျော်တို့သည် ကုန်ကျွမ်းခဲ့လေပြီ။

ရွာကထွက်စဉ်က လှရင်နှင့်၊ ရွာပြန်လာသည့် လှရင်တို့မှာ ကွာလှပါသေး၏။ သူမသည် ရန်ကုန် အစ်မများရှိရာသို့ ထွက်လာစဉ်က အသက်နှစ်ဆယ်ရွယ်၊ မျှစ်စို့ပမာ နုနယ်ထွားကျိုင်းသည့် အပျိုမကလေးဖြစ်ခဲ့လေသည်။ ရုပ်ရည်က တယ်မလှသော်လည်း၊ အသားဖြူဖြူ၊ ကိုယ်ပေါက်ကိုယ်ရောက် ခပ်ဖြောင့်ဖြောင့်မို့ သူ့ခေတ် သူ့အခါမှာ မျက်နှာတော့လည်း ပွင့်ခဲ့ပေသေးသည်။ သူကြီးဟောင်း၏ သမီးလည်း ဖြစ်ပြန်၊ ရွှေလက်ကောက်၊ ရွှေခြေချင်းကလေးများလည်း ဝတ်နိုင်ပြန်ဆိုတော့၊ အပျိုမ လှရင်သည် မာနခပ်ကြီးကြီးနေခဲ့သည်။

လှရင်သည် ရွာမြောက်ပိုင်းမှာဖြင့် နာမည်အကျော်ဆုံး ဖြစ်ခဲ့လေသည်။ ထို့ပြင် ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးထားရမှန်း သိတတ်ကာ သူများအပျိုတွေ ရေခပ်၊ ထင်းခွေ၍မှ သူမ ဘာမှမလုပ်ချေ၊ ရှားစောင်းခြံစည်းရိုး ခတ်ထားသည့် ပျဉ်ထောင်အိမ်ပေါ်မှာ ၄၅ ကျပ်တန် ခွေးတံဆိပ်လက်ဆွဲ ဓာတ်စက်ကလေးနှင့် တေဘုမ္မာ ဓာတ်ပြားဖွင့်ကာဖွင့်ကာ ခပ်ကြွားကြွားနေခဲ့ရသေးသည်။

လှရင်မှာ အမေမရှိ၊ အဘိုးအရွယ်ရှိသည့် အဖေနှင့် ဦးလေး၊ ဦးကြီးအရွယ်ရှိသည့် အစ်ကိုနှစ်ယောက်နှင့်သာ နေခဲ့ရသည်။ လှရင်မှာ ခပ်ဆိုးဆိုး၊ ဘယ်သူ့ကိုမှ ကြောက်တယ်မရှိ။

တစ်နေ့မှု… အစ်ကိုနှစ်ယောက်သည် ရွာထဲက သတင်းကြားလာပြီး၊ လှရင်ကို တစ်လှည့်စီ ရိုက်ကြလေသည်။ ထုံးစံမှာ အင်မတန်ခေါင်းမာသူဖြစ်ပေမဲ့ သည်တစ်ခါမူ နာနာရှိသည်နှင့် ‘အဘရေ… မဆွဲတော့ဘူးလား’ ဟုပင် အော်မိသေးသည်။ သို့သော် အဖေအိုသည် မတုန်တလှုပ်နှင့် ခပ်ကုပ်ကုပ်ပင် လုပ်စရာရှိသည်ကို လုပ်လျက်နေလေသည်။

နမဖြစ်သူ ရည်းစားထား၍ ရိုက်ကြတယ်ဆိုကိုး။ လှရင်မှာ မာနကြီးသော်လည်း၊ အပျိုဖြစ်လာသည်နှင့် ရည်းစားထားချင်စိတ် ပေါက်ကာ ရည်းစားထားမိလေသည်။ စင်စစ် ရိုးမြေကျရယ်လို့ မမှန်း၊ သို့သော် ရည်းစားသည်က ထန်းတောသို့သွားကာ ကာလသားတို့ ထုံးစံအတိုင်း၊ ဦးရေ တစ်ကျိုက်၊ တောကြောင်သား တစ်ကိုက်နှင့် သူ၏ ညစွန့်စားခန်းကို ဖောက်သည်ချပြန်သတဲ့။

လှရင်သည်အိပ်ရာမှနစ်ရက်၊ သုံးရက်ပင် မထနိုင်ချေ။ ထနိုင်ပြန်ပြီးလည်း အတေးကြီးတေးကာ နေလေသည်။

သူမသည် သည်အမှုဖြစ်ပြီးသည့် နောက်တစ်လတောင် မကြာဘူးထင်သည်။ ရန်ကုန်မြို့သို့ ရင်ကော့ကာထွက်ခဲ့လေသည်။ ရည်းစားသည်လည်း သူ့နမဝမ်းကွဲတစ်ယောက်ကို ကရင်တောသို့ ခိုးပြေးလေသည်။ အစ်ကိုနှစ်ယောက်က လယ်ထဲအဆင်းမပျက်။ အဖေအိုကမူ မျက်ရည်စမ်းစမ်းနှင့် ဆုမွန်တောင်းလိုက်ရှာသည်။ လှရင်သည် လူကြုံအားကိုးနှင့် တစ်ယောက်တည်းပင်ပင် စွန့်စားဖို့ ထွက်လာသည်။

ရန်ကုန်သို့ ချောချောမောမော ရောက်ပါ၏။

(၂)

'ချောချောမောမောမှ ရောက်ပါ့မလားကွယ်...'

ဒေါ်လှရင်၏သတိတို့သည် ပြယ်၍၊ ပြယ်၍လာလေပြီ။ အမြင်သည် ဝါး၏။ သမွန်ပေါင်းမိုး၏ညို့မှိုင်းသော အရောင်၊ ဝါးစ အချွန်အတက်များနှင့် တစ်ဝက်တစ်ပျက် မြင်ရသော ကောင်းကင်အဖြူသည်၊ မဆီမဆိုင်ပင် တစ်ပြေးတည်းဖြစ်ကာ နေလေသည်။ ဦးနှောက်လည်း မကြည်ပြီကော... မူးမေ့ရိပ်ရိပ်။

သမွန်ခတ်သမား၏ စိုးရိမ်သံကို ကြားလိုက်၏။ ချောချောမောမော ရောက်ပါ့မလား၊ ဟုတ်လား၊ ဘာဖြစ်လို့လဲကွယ်။ ငါ အရှင်ကြီးရှိပါသေးတယ်။ ဒေါ်လှရင်သည် လန့်ဖျပ်သွားကာ သတိဆောင်လိုက်ပြန်လေသည်။

သူမသည် 'ကိုအောင် ... ကိုအောင်' ဟု လင်သည်ကို ခေါ်၏။

လင်သည်က သမ္ဗန်ဦးမှ ဆင်းလာကာ၊ စိတ်မသက်သာဟန်နှင့် ကြည့်လေသည်။ အို... မယားလူမမာကို ငြီးငွေ့ရှာတာ ကြာပြီကော လေ၊ ကြာပြီကော။

ဒေါ်လှရင်သည် ဒေါသထလာလေသည်။ သို့သော်လည်း ဒေါသဖြစ်ရတာပင် မောပန်းလှလေပြီ။ အရင် မာတုန်းကလိုသာ ဆိုလျှင် ဘယ်နှချီဖြစ်ဖြစ် လင်မယား ရန်ဖြစ်ဖို့ အသင့်ရှိသည်။ ပြီးတော့ လည်း သေခြင်းတရားက အပါးမှာ ကပ်လို့ပဲကွယ်၊ ဒီတဒင်္ဂလေးမှာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်သမျှ နေပါစို့ရဲ့။

ဒေါ်လှရင်က ပျော့လျစွာ... 'ကျွန်မ ရေငတ်လိုက်တာတော်' ဟု ပြောသည်။

လင်သည်က ဘာမျှမပြော၊ သမ္ဗန်ဝမ်းတွင်းသို့ တိတ်ဆိတ် ညင်သာစွာ ဆင်းလာပြီး ကြိမ်လက်ဆွဲခြင်းကို ဖွင့်သည်။ စပျစ်ခိုင် တစ်ခိုင်ကို ရေဆေး၏။ ပြည့်ဝဖောင်းတင်းကာ အရည်ချိုနှင့် ရွှန်းပါ ၏။ သို့သော် နှုတ်ခမ်းပေါ် ညှစ်ချပေးသည့်အခါမူ လျှာနှင့်မှ သွက် သွက် မသပ်နိုင်ပါကလား။

ဒေါ်လှရင်သည် အားငယ်သွားကာ ဖြစ်လိုရာ ဖြစ်စေတော့ဟူ သောစိတ်မျိုး ဝင်လာလေ၏။ သေမင်းက တစ်ဝက်ပိုင်ဆိုင်နေပြီလေ။ သို့သော် ဖျတ်ခနဲ ရွာကလူများကို မြင်ယောင်မိသည်။ သမီး သေတာ တောင် မြင်ရဦးမည့် အသက်ရှည်သည့်အဖေအိုရယ်၊ မြောက်ပိုင်းတစ် ယောက်၊ တောင်ပိုင်းတစ်ယောက် မယားနှစ်ယောက် ယူထားသည့် အစ်ကိုကြီးရယ်၊ လူတွေနှင့်မနေ၊ နွားနှင့်သာနေပြီး လယ်ထဲက မထွက် သည့်အစ်ကိုလေးရယ်...။

"ရွာမရောက်မချင်း ငါ မသေဘူး" ဟု ဒေါ်လှရင်သည် စိတ်တင်း လိုက်ပြန်လေသည်။

သမ္ဗန်သမားက ရောက်ချင်ဇောနှင့် တကျွီကျွီမြည်အောင် အပြင်း ခတ်ပြန်သော် ဒေါ်လှရင်သည် မောလာပြန်သည်။ ရင်တွင်းက ကျပ် လွန်း၍ အသက်မှရှူ၍မဝ၊ ပါးစပ်ကိုဟကာ ပါးစပ်နှင့်ပါ ရှူရလေ သည်။

"ရွာတော့ မရောက်ဘူး ထင်ရဲ့" ဟု ဝမ်းနည်းမိသေးသည်။

လင်သည်က သမွန်သမားကို အခတ်နှေးစေပြီး၊

'မရင်ကြောင့်တော့ ခက်ပါရဲ့ကွာ၊ ရန်ကုန်မှာ အိပ်ရာပေါ် ငြိမ်ငြိမ် ကလေးနေရင် အသက်ပျောက်တောင်မှ သက်သက်သာသာ ရှိပါသေးရဲ့' ဟု မတိုးမကျယ် ညည်းနေသေး၏။

ရန်ကုန် ဘာများမက်စရာတုံး၊ အနှစ်နှစ်ဆယ်နေခဲ့တာ တအောင့် ကလေးများ ပျော်တယ်ထင်သလား။

(၃)

စင်စစ် ရန်ကုန်၌ သူမ ပျော်သင့်သလောက်တော့ ပျော်ခဲ့သေး သည်ကို ဝန်ခံရပေမည်။

ရန်ကုန်ရောက်စ လှရင်မှာ မိုက်ကလည်း မိုက်ချင်ချင်၊ အိမ်ကို လည်း စိတ်နာနာမို့ ဘာဖြစ်ဖြစ် စွန့်စားလိုက်ချင်စိတ်တွေသာ ရှုရှုတက် နေခဲ့ပေသည်။ လှရင်၏အစ်မမှာ လင်နှင့်သားနှင့် တိုက်တာအိမ်ခြေနှင့် ကောင်းစားနေသည်ကို အားကျမိသည်။ အစ်မကမွေးသည့် မတိမ်း မယိမ်း တူမပျိုများနှင့်အတူ ဝတ်ကာစားကာ သွားကာလာကာရှိလေ သည်။ ရုပ်ရှင်ကိုလည်း အစ်မက ခွင့်ပေးသမျှကြည့်ကာ၊ မောင်ညီပု၊ ခင်ခင်ဥ စသည့်အမည်ကို လည်း အင်မတန်မှ ခေါ်၍ ကောင်းမိသည်။ ညတိုင်ဆိုလျှင် အနောက်ပိုင်းညဈေးတန်း လျှောက်ကာ လက်ဖက်သုပ် ဝယ်စားလိုက်၊ ဂျပန်ဖြစ် ဓာတ်ရိုက်လုံချည် သုံးမူးတစ်ပဲတန်တွေ ဝယ် လိုက်နှင့် လူလုံးပြ၍ကောင်းလှသည်။ ကြာတော့ အစ်မဖြစ်သူက 'လှရင်–တော်တော်ထတယ်နော်' ဟုပင် ပြောရလေသည်။

ဘာပြောပြော လှရင်သည် ဟိုက်ကုတ်က စာရေးကြီးဆိုသော လူတစ်ယောက်နှင့် ချိတ်ဆက်မိလေသည်။

စာရေးကြီးက ခြောက်မောင်ဂျပန်ပိုးအကျီလေးတွေ ပန်စရာ ဖယောင်းပန်း၊ ဖဲပန်းလေးတွေ ဝယ်ပေးတတ်သည်။ လှရင်သည် မြို့ အနေအထိုင်ကို တပ်မက်လျက်ရှိကာ ရန်ကုန်သူ လုပ်လိုစိတ် ပြင်းပြ လျက်ရှိလေသည်။ စာရေးကြီးဆိုသည်မှာ ညံ့လှတာ မဟုတ်ဘူး။

အနည်းဆုံး ဝဝစားပြီး လှလှတော့ ဆင်နိုင်ပေလိမ့်မည်။ ပြီးတော့ ရွာက ထွက်သမျှ အပျိုတွေထဲတွင် မိမိတစ်ယောက်သာ ဖွဲ့ဆော်ဦး မြို့သားနှင့်ကျရမည်မှာ ဂုဏ်ယူစရာပေတည်း။

လှရင်သည် အစ်မဖြစ်သူနှင့်ရန်ဖြစ်စ ပြုလေသည်။

တစ်ညနေ၌ ထမင်းပွဲမှာ ညီအစ်မနှစ်ယောက်စကားများ၏။ အစ်မဖြစ်သူက နာနာနိမ့်၍ပြောသည်။ လှရင်သည် စာရေးကြီးအားကိုးနှင့် ခံလှန်၍ ပြောမိလေသည်။ သည်တော့ အစ်မဖြစ်သူက ဒေါသတကြီးနှင့် တံမြက်စည်းနှင့် ရိုက်ပါလေရော။

လှရင်သည် သူမ၏ ရွှေထည်ကလေးများကို ကျစ်ကျစ်ထုပ်ပြီး စာရေးကြီး လက်ထဲအပ်ကာ ခိုးရာလိုက်ပြေးရပြန်ချေသည်။

လှရင်နှင့်စာရေးကြီးသည် စာရေးကြီး၏ သူငယ်ချင်းဆိုသူ၏ အိမ်မှာနေကြ၏။ သူမသည် ရအပ်သည့် လွတ်လပ်ခွင့်နှင့် ပျော်ရွှင်ကာနေသည်။ လမ်းမတော်ရှင်ဥပဂုတ်ပွဲမှ ရာမဇာတ်ပွဲစသည်တို့ကို ညဆက်ကြည့်သည်။ ဗိုလ်တထောင်ဘုရားပွဲဆိုလည်း ရှေ့က ရောက်သေးသည်။ ပုဇွန်တောင်မှာ ဂရိတ်ဘိုးစိန်ကလျှင် လှရင် အငြိမ်မနေနိုင်ပြီ။ သူမသည် စာရေးကြီးနှင့် တွဲမိကာ ပွဲတိုင်းကျော်ဖြစ်၍နေသည်။

စင်စစ်တော့ သူမသည် ရန်ကုန်သူတွေ အပျော်ကြူးသလို၊ သူမလည်း အပျော်ကြူးချင်သည်။ ရန်ကုန်သူတွေ ဝါကြွားသလို သူမလည်း ဝါကြွားချင်သည်။ ဖြစ်နိုင်လျှင် ရန်ကုန်သူတွေ လည်သလိုလည်ကာ၊ ရန်ကုန်သူတွေ လော်မာသလို လော်မာချင်သည်။ ရန်ကုန်သည် လှရင်လို အူရိုင်းအဖို့ အင်မတန်ပြင်းသည့် အရက်ပေပဲ။

လှရင်သည် စကားပြောလျှင် မျက်စချီတတ်လာသည်။ ပိုလိုစီးကရက်ကို လက်ကြားညှပ်ချင်လာ၏။ ထို့ပြင် သွားအကောင်းကိုလည်း ရွှေအုပ်ရပြန်သေး၏။ သူမသည် ပျားဖယောင်းရုပ်တုဖြစ်နေ၏။ စာရေးကြီးက သူမအား ခေါ်ဆောင်သွားသည့် လူတန်းစား ထဲ၌ အသားကျကျနေတတ်ဖို့ ကြိုးစားရသည်။

သုံးလေးလမျှကြာလျှင် စာရေးကြီးသည် တိတ်တဆိတ် ပျောက်ကွယ်သွားလေသည်။ လှရင်၏ ရွှေထုပ်ကလေးလည်း ပါသွားသည်။

လှရင်သည် ချွေးခံအင်္ကျီအိတ်ထဲမှ ငွေလေးငါးကျပ်နှင့် ရွှေလက်ဖွဲ့ ကလေးတစ်ကုံးနှင့် ကြောင်လည်လည်ကျန်ခဲ့သည်။

သတင်းကြားရသည်မှာ စာရေးကြီးမှာ မယားကြီးရှိ ဆိုပါ ကလား၊ ထို့ပြင် ဘယ်ရုံးမှာမှ အလုပ်လုပ်နေသူမဟုတ် ဆိုပဲ။ အ, ပါပေ့ လှရင်ရယ်၊ တစ်နေ့တစ်နေ့ လှရင်နှင့်ချည်း လျှောက်လည်နေ လျက်နှင့်မှ ဟိုက်ကုတ်သွားတာ မမြင်လေရော့သလား။ လှရင်သည် ပထမဆုံးအကြိမ် လူ့ဘောင်ကြီးကို ကြောက်ရွံ့၍လာလေသည်။

လှရင်သည် 'စာရေးကြီးရဲ့ စာရေးကြီးရဲ့' ဟု.... လွမ်းဆွေးနေ သေးသည်။ ညဦးများကျပြီဆိုလျှင် မီးထိန်ထိန်လင်းသည့် ရန်ကုန် မြို့ကြီးထဲသို့ ထွက်လာကာ ခြေဦးတည့်ရာ လျှောက်သွားလျက်ရှိလေ သည်။

သူမသည် ရှုပ်ပွလှသည့်လမ်းများကိုလည်း တယ်ပြီး မမှတ်မိ သေး၊ ကိုယ်နေသည့် အိမ်ကိုပင် ကွမ်းယာဆိုင်ကလေး မှတ်မှတ်ထား ပြီး ပြန်လာရချေသည်။

လှရင်သည် များမကြာမီပင် စာရေးကြီး၏ သူငယ်ချင်းဆိုသူ၏ မယားဖြစ်ပြန်လေသည်။

သည့်နောက်ကော၊ သည့်နောက် အဖြစ်အပျက်များကိုတော့ သိပ်ပြီး မေ့လိုက်ချင်ပြီ။ ဤအတိတ်၏ အကြောင်းချင်းတများသည် ကြောက်မက်ဖွယ် အိပ်မက်များအဖြစ် ပြန်လည်လာသေးသည်။ သူမ သည် လက်ထဲလည်း ပိုက်ဆံမရှိ၊ ဦးနှောက်ထဲလည်း အသိ ဉာဏ်မရှိ ဘဲ... တစ်လက်မှသာလျှင် တစ်လက်သို့ ပြောင်းကာ အစ်မလို ကောင်း စားခြင်းမျိုးကို ရန်ကုန်မှာ ရှာဖွေရှာလေသည်။

ဒါဟာ ထူးဆန်းလေသလားဟု သူမ ဖြေပါ၏။ လှရင်သည် တောက ဆင်းရဲသူကလေးများ ရန်ကုန်တက်လာလျှင် ဖြစ်တတ် ပျက်တတ်တာထက် ဘာမှပို၍ မဖြစ်ပျက်ခဲ့။ အထူးသဖြင့် သူမသည် ပို၍မာနကြီးကာ ပို၍ သတ္တိကောင်းခဲ့သေးသည် မဟုတ်လား။ ရွာကို ပြန်ဖို့လည်း စိတ်မကူး၊ အစ်မ၏အိမ်ပေါ်တက်ဖို့လည်း မကြိုးစား၊ ဖြစ်ချင်ရာဖြစ်...။ သူမသည် တပ်မက်ခြင်း၊ ဆင်းရဲခြင်း၊ မိုက်မဲခြင်းတို့

နှင့် အတူတကွ သံသရာလည်ခဲ့ပါပေသည်။

(၄)

ဒေါ်လှရင်သည် သမ္မန်တက်က အုန်းဆံကြိုး၏ တကျစ်ကျစ် မြည်သံ၊ တက်နှင့် သမ္မန်ပေါင် ကြိတ်မိကာ တအီအီမြည်သံတို့ကို နားထောင်နေလေသည်။ တဖြည်းဖြည်းနှင့် ရွာနှင့် နီးလာပြီ။ ရွာကို ရောက်တော့မယ်လေ၊ ရွာကိုရောက်လျှင် ဗိန္ဒောဆရာကောင်းကောင်း ရှာ၍ တွေ့ချင်လည်း တွေ့ဦးမည်။

သို့သော်... သူမသည် ပန်းလျှလှလေပြီ။

ဒေါ်လှရင်သည် လက်ကို အမှတ်မထင် မြှောက်ကြည့်မိလေ သည်။ ကြွလို့မရပါတော့ပြီ။ အောက်ပိုင်းက ဘာဖြစ်နေပြီမသိ။ သူမ ၏ခြေများ စတင်ဖော်ရောင်ကတည်းက အောက်ပိုင်းတစ်ခုလုံးကို သူမ မပိုင်ဆိုင်တော့ပေ။ အပေါ့အလေးသွား၍မှ မသိ၊ အပူအအေးမှ မခံစား တတ်၊ ဖောရောင်ခြင်းသည် တဖြည်းဖြည်းရင့်လာပြီး ယခုတစ်ရက် နှစ်ရက်အတွင်းမူ နည်းနည်းကျသွားသလို ရှိသည်ဟု လင်သည်က ပြောသည်။

"အဖောကျရင် သေတတ်တာပဲ"ဟု ဒေါ်လှရင်က ကြောင် တောင်ကြီး ပြောခဲ့မိသည်မှာ တစ်နေ့ကတင် မဟုတ်လား။

ဩော်... ငါရွာကိုရောက်ရင် မသေခင် လုပ်စရာရှိတာ လုပ်ရဦး မယ်ဟု သတိရလာရလေသည်။ ခေါင်းအုံးအောက်က ခုလုခုလု အရာကို ယခုမှ ခံစားမိတော့လေသည်။ ဒေါ်လှရင်၏ စုဆောင်းထားသည့် ပစ္စည်းအထုပ်မှာ စတီလုပ်ထားသည့် ပုတီးစေ့ရွှေလက်ကောက် သုံးရန်၊ ဆင်မြီးလက်စွပ်နှစ်ကွင်း၊ ဉသဖရား ဆွဲကြိုးတစ်ကုံး၊ ရွှေဆွဲကြိုး တစ်ကုံးနှင့် ကျောက်စိမ်းကြယ်သီးတစ်စုံရှိလေသည်။

ဒေါ်လှရင်သည် လက်နှင့် စမ်းသပ်ကိုင်တွယ်ကြည့်ချင်လာ လေသည်။ လက်ကို မြှောက်ပြန်၏။ အနည်းငယ်ရွှေ့သေးသည်။ မ,၍တော့ မရ။

ရွာကလူတွေဟာ ဆင်းရဲပါဘိသနှင့်၊ ငါသေရင် သင်းတို့သဂြိုဟ်

နေရဦးမယ်၊ ငါ့ ရွှေလက်ကောက်နှစ်ရန် ရောင်းတယ်ဆိုရင် မသာစရိတ် သပိတ်သွတ်ဖို့တော့လောက် ကောင်းပါရဲ့။ အဲဒါကို ရွာဦးဘုန်းကြီး ကျောင်းက ဆရာတော်ကို မှာပြီးအပ်ခဲ့ရမယ်။

လက်ကောက်တစ်ရန်ကိုတော့ အဘပေးခဲ့မယ်၊ အိုစာ မင်းစာ။

ကျန်တာတွေတော့ အစ်ကိုတို့ပေးခဲ့ရုံပဲ။ အစ်ကိုကြီးက သား သမီးများများနဲ့။ ဒီထဲ က ငါ့ကို သတိရသေးရင် နောင်ဘဝအဖို့ ပါအောင် အလှူဒါနပြုခဲ့ပါလို့ ပြောရမယ်။

လုံချည်၊ အင်္ကျီ အဝတ်အစားများကို ဒေါ်လှရင် သတိရလာပြန် လေသည်။ ဒါ တွေကို ဘယ်သူ့ပေးခဲ့ရပါမလဲ၊ ဩော် ငါ့သမီးလေး၊ မွေးမွေးချင်း၊ သေသွားရှာတဲ့ သမီးလေး–သူသာရှိရင် ခုနေ အပျိုဖြစ်ပြီ၊ ပေးခဲ့နိုင်မှာ...

ဒေါ်လှရင်သည် အဝတ်အစားများအတွက်၊ စိတ်ဝေခွဲမရ ဖြစ်နေ သည်။ သို့သော် သည်လောက် တွေးတောရသည်မှာပင် နွမ်းပျော့ လှပေပြီ။ ခဏထားလိုက်ပါဦး။

သမ္ဘန်ဦးမှ လင်သည်က ချောင်းတစ်ချက်ဟန့်လိုက်လေသည်။

ဒေါ်လှရင်သည် လန့်ပင်လန့်သွားချေတော့သည်။ ငါ့အကြံ အစည်တွေကိုများ သူ သိလေပြီလား၊ သူက ရန်ကုန်သားမို့ ပါးက ပါးပါဘိသနဲ့၊ လင်သည်ကိုတော့ ဘာမှ ပေးခဲ့လိုစိတ်မရှိ၊ မိမိမှာရှိသည့် ရွှေထည်ကလေးများအကြောင်းပင် စကားစ၍မပြောခဲ့။ မိမိမှာ ဘယ်လောက်ရှိသည်ဆိုတာလည်း သူမသိ၊ ဒေါ်လှရင်သည် မလုံမလဲ ဖြစ်နေမိလေသည်။

လင်ဆိုတာ ဘာများ ကောင်းတဲ့လူတွေလဲဟု ဒေါ်လှရင်သည် စိတ်နာစွဲကလေး ရှိသည်။

ကိုအောင်ဆိုလျှင် အလုပ်နှင့်အကိုင်နှင့် ယောကျ်ားကြီးမားမားမို့ ဘယ်တော့မှ မဆင်းရဲနိုင်၊ ထို့ပြင် သူ့မမှာ ကိုယ့်ဘက်ကိုသာ ပံ့ပိုးချင် သည့် မယား၏အလိမ္မာကလေးမျိုး ရှိသည်။ လင်ဆိုတာ စင်စစ်တော့ သူစိမ်းတစ်ရံဆံကြီးပဲဟု တွေးလျက်ရှိလေသည်။

ကိုအောင့်အပေါ် မိမိမယားကောင်း ဖြစ်သလား မဖြစ်သလား

တော့ မဆိုနိုင်၊ မိမိအပေါ်တော့ ကောင်းလှသည့် လင်မဟုတ်ချေ။

အတိတ်က အရိပ်တို့သည် ပြန်လာ ဖိစီးကြပြန်လေသည်။ လင်မယားနှစ်ယောက် ပေါင်းသင်းခဲ့သည် ၈ နှစ်ကျော် ၉ နှစ်အတွင်း ဘယ်နှခါကွဲ၍၊ ဘယ်နှခါ ပြန်ပေါင်းခဲ့ သည်ကိုလည်း မမှတ်မိတော့။ သူကလည်း ရိုက်တတ်သည်။ မိမိကလည်း မိုက်၏။ အသက်သုံးဆယ်ရွယ်တုန်းက မလှရင်သည် လင်ကိုပစ်ကာ တခြားလူပျိုလူရွယ် ခပ်ချော ချောကလေးများနောက်သို့ တစ်ကြိမ်နှစ်ကြိမ်မက လိုက်ဖူးပေသေးသည်။

ဒေါ်လှရင်သည် ခေါင်းကို အနိုင်နိုင်စောင်းငဲ့ကာ သမ္ဗန်ဦးက လင်သည်ကို ကြည့်လေသည်။ သူ၏ မျက်နှာမှာ နေခြည်တစ်ခြမ်းဟပ်၍၊ တစ်ဝက်ဖြူ တစ်ဝက်မည်းနှင့် နေသည်။ ဘိုကေက စုတ်ဖွားဖွား လည်ပင်းကော်လာကလေးမှာ တဖျတ်ဖျတ်လွင့်သည်။ အို ... အပုံကြီး နုပျိုသေးသားပဲ။

လင်သည်–သည် ဒေါ်လှရင်ထက် ၄ နှစ်ကျော်ကျော်မျှ ငယ်လေသည်။ ဒီလိုဆိုတော့ သူဟာ ခုမှ သုံးဆယ့်ငါးနှစ်လောက် ရှိသေးတာပဲ။

ငယ်ပါသေးသည်။ မိမိသေလျှင် နောက်ထပ်ယူနိုင်ပါသေး၏။ ခုခေတ်ကြီးမှာ မိန်းမက ပေါသောခေတ်၊ အို ... ငါ့ရဲ့ လုံချည်အကျီတွေ သူ့ပေးခဲ့ရင် သူရဲ့နောက်မယား အစား ဖြစ်ကုန်မှာပေါ့။

ဒေါ်လှရင်သည် မနာလိုစိတ်များ ပွားလာကာ၊ အမောပင်ဆို့၍ဆို့၍ လာလေသည်။ မောလှချည်လား၊ ရွာအရောက်မှ မခံတော့ဘူးလား၊ မြတ်စွာဘုရား ကယ်တော်မူပါ၊ လှရင်မှာ–သေရတော့မယ်နော်။

သူမသည် ကြက်သီးများ ချမ်းထလာ၏။ သေခြင်းတရား၏ လက်လှမ်းမမီသည့်ဒေသကို ပြေးသွားလိုက်ချင်၏။ သို့ရာတွင် မလွတ်တော့ပြီ၊ ကြောက်လှချေရဲ့၊ ကြောက်လှချေရဲ့၊ ကြောက်ရလွန်း၍ ဟုန်ကာ၊ တဖြည်းဖြည်းနှင့် သတ္တိကောင်းလာပြန်လေသည်။ ဘာဘဲဖြစ်ဖြစ် ဆိုသည့်စိတ် ဝင်လာလေသည်။ နောင်ဘဝကိုပင် မြင်ယောင်မှန်းဆမိလေ၏။ အသံပင် မာလာလေ၏။

(၅)

လူမမာဒေါ်လှရင်ပါလာသည့် သမ္ဗန်သည် နှစ်ရက်မြောက်သည့်နေ့၌ ရွာသို့ လာဆိုက်သည်။

ရေဆိပ်သို့ ရွာက လူများ ဆင်းကြိုကြလေသည်။ ကလေးတို့ကလည်း အော်ဟစ်ဆူညံလို့ ခွေးတို့ကလည်း တဟောင်ဟောင်။

ဆွေမျိုးရင်းချာများသည် ကြိတ်ပြီး ငိုကြလေသည်။ အဖေအိုကမူ 'လှရင်၊ လှရင်' ဟု တတွတ်တွတ်ခေါ်သည်။ အစ်ကိုနှစ်ယောက်ကတော့ကာ မျက်ရည်ဝဲကာ၊ မျက်လုံးများကိုလှန်ကာ မိုးပေါ်သို့ မော့ပြီးနေကြသည်။

လင်သည် ကိုအောင်ကမူ မမြင်ဖူးသည့် ဆွေမျိုးများအလယ်၌ အနေရ အထိုင်ရ ခက်နေကာ၊ သမ္ဗန်သမားက ဆေးပေါ့လိပ်ကို မီးညှိသည်။

သမ္ဗန်ဝမ်းတွင်း၌မူ ဒေါ်လှရင်သည် မလှုပ်မယှက်နှင့် ဂွမ်းစောင်ကလေးချုံကာ ပက်လက်ကပင် မျက်ရည်များ တွေတွေကျ၍ နေလေ၏ ။

*ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ၁၉၅၀*

❑

## အင်္ဂလန်၌ ကားအမြန်မောင်းခြင်း

အော်တမ်ဆိုတဲ့ သစ်ရွက်ကြွေတဲ့ ရာသီရောက်ခဲ့ပြီ။ သစ်ရွက်တွေက ပထမ ဝါရွှေ နီကြန်ပြီး ဝင်းထိန်လာကြတယ်။ သစ်ပင်တောတောင်ဟာ နွေဦးနဲ့ နွေလယ်ရာသီအရောင် ဖြစ်တဲ့ စိမ်းလန်းတဲ့တန်ဆာကို ခွာချပြီး ငေးကြည့်လို့မဝ၊ လှပတဲ့၊ ကြွားဝင့်တဲ့ ကြောင်ကြောင်ကြားကြား အဝတ်ကို ပွဲသဘင် ဝင်မယ် ပြင်သလို မကြောက်မလန့် ဝတ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ နီးရာသစ်ပင်တန်းကို လှမ်းကြည့်လိုက်ရင် ရှေးကလို ညို့စိမ်း ပြိုးပြက်မနေတော့ဘဲ လင်းထွန်းဝင်းဝါနေတော့တယ်။ သစ်ရွက်တွေဟာ လေသွဲ့တိုင်း တနွဲ့နွဲ့လေလွင့် ခုန်ဆင်းကြတော့ အိပ်အီးဘိတ်စ် တစ်ခါက ရေးခဲ့တဲ့ 'အောက်တိုဘာ ရေကန်' ဆိုတဲ့ ဆောင်းပါးကလေးကို သတိရမိတယ်။ ၁၉၄၈ မှာ ကျွန်မတို့ ကောလိပ်ရောက်တဲ့နှစ်မှာ သင်ရတဲ့ စာအုပ်ထဲမှာပေါ့။ တောတောင်ရေမြေသာယာလှပတာကို ဖွဲ့နွဲ့လာပြီး သေနတ်သံကဖြိုခွဲခြိမ်းခြောက်လိုက်ခြင်းနဲ့ အဆုံးသတ်လိုက်တဲ့ ဝမ်းနည်းစရာဆောင်းပါးကလေးပါပဲ။ ကျွန်မ သတိရနေချင်တာကတော့ သစ်ရွက်တွေ၊ စီးတွေတွေ အပြီးကြွေကျနေတဲ့ ပန်းချီကားချပ်သာပါပဲ။

ကျွန်မ ခဏနေနေတဲ့ အင်္ဂလန်ပြည်က ရာသီပြောင်းလဲဆိုးဝါးရာ

မှာ အင်မတန် နာမည်ပျက်တဲ့ ဒေသပါပဲ။ အနောက်နိုင်ငံရာသီက လေးရာသီလို့ သတ်မှတ်ရတဲ့ နွေဦး၊ နွေလယ်၊ ဆောင်းဦး၊ ဆောင်းလယ်များ ဖြစ်တယ်။ အင်္ဂလန်မှာတော့ တစ်နှစ်လုံး ခဏခဏ မိုးရွာနေတော့ လေးရာသီပီပီသသ မရှိလှပါဘူး။ ကျွန်မ နေထိုင်ခဲ့တဲ့ အမေရိကန်ပြည်နယ်များမှာ လေးရာသီ ပီပီသသရှိပြီး နွေဦးမှာ စိမ်းလန်း၊ နွေလယ်မှာ ပူနွေး၊ ဆောင်းဦး (အော်တမ်) မှာ သစ်ရွက်ကြွေရာသီမှာ ပတ်ဝန်းကျင်ဟာ အကြာကြီး ဝင်းထိန်လှပနေတတ်တယ်။ ဆောင်းတွင်းကျတော့ နှင်းထုအောက်မှာ မြုပ်နေတတ်တယ်။ အင်္ဂလန်မှာတော့ နှင်းမကျဘဲ မိုးပဲ ရွာနေတာပဲ။ တစ်ခါတစ်ခါ စိတ်ညစ်စရာကြီး။

နွေကုန်ခါနီးမှာ နေ့တာတိုလာတာကို အရင်ဦးဆုံး သတိပြုမိရပါတယ်။ ကောင်းကင်ဟာလည်း ကြည်လင်ပြာလဲ့တာ သိပ်မရှိတော့ဘဲ နေသာတဲ့နေ့များမှာ နီဝါရွှေမောင်း ခရမ်းလမ်းကြောင်းများ သမ်းနေတတ်တယ်။ ငှက်များစွာဟာလည်း အင်္ဂလန်ကို ချန်ရစ်ပြီး ပူနွေးတဲ့ တောင်ဘက်အရပ်က နိုင်ငံများကို ရွှေ့ပြောင်းပျံသန်းကုန်ကြပြီ။ ဒီမှာပဲ ဆက်လက်တွယ်ကပ်နေကြတဲ့ အင်္ဂလိပ်ငှက်တွေလည်း အိပ်တန်းစောစောတက်ကြတယ်။ အစားအစာရှားပါးလာတော့ သည်ငှက်ကလေးတွေကို အစာကျွေးဖို့ သတိရလာကြရပါတယ်။ ကျွန်မလုပ်နေကျ ကိစ္စတစ်ရပ်ကတော့ ဈေးပေါတဲ့ ပေါင်မုန့်များများဝယ် အမဲဆီသုတ်ပြီး အစိတ်စိတ် ခွဲလှီးပြီး အိမ်နောက်ခြံထဲက ကျောက်ပြားခင်းတဲ့ အကွက်ပေါ်မှာ ဖြန့်ပြီး သူတို့ကို ကျွေးရတယ်။ ငှက်ကျွေးတဲ့ ကောက်နှံအစေ့များလည်း ဝယ်လို့ရတယ်။ မြေပဲ၊ နေကြာစေ့နဲ့ အခြားမျိုးစေ့တွေ ရောထားတဲ့ ငှက်စာပေါ့ရှင်။

တစ်ခါ ကုလားဆိုင်က ဆန်တစ်အိတ်ဝယ်မိတယ်။ ကျွန်မက သေသေချာချာ မစုံစမ်းဘဲ ဝယ်လာတော့ အိမ်ရောက်မှ ဆန်အိတ်မဟုတ်ဘဲ ဆန်ကွဲအိတ်ဖြစ်နေတာ သိရတယ်ရှင့်။ ဒါပေမဲ့ ငှက်ကျွေးလို့ရတော့ အလဟဿမဖြစ်ပါဘူး။ ဘတ်စမတီ ဆိုတဲ့ မျိုးကောင်းဆန်ကွဲဆိုတော့ ငှက်တွေလည်း အာဟာရကောင်းကောင်း ရတာပဲလို့ သဘောထားရပါတယ်။

ကျွန်မရဲ့ အိမ်နောက်ခြံက အဲဒီကျောက်ပြားကွက်ကလေးက ဘာဘီကယူးခေါ်တဲ့ အမဲကင်ပွဲလုပ်ဖို့ ရည်ရွယ်တည်ဆောက်ထားတဲ့ နေရာပါပဲ။ ကျွန်မကတော့ ပန်းပင်တွေ ဝိုင်းစိုက်လိုက်ပြီး ငှက်အစာကျွေးတဲ့ အကွက်လို့ သတ်မှတ်လိုက်ပါတယ်။ နံဘေးမှာ ရေကန်ကလေးသေးသေးလည်း ဆောက်ထားတာ ရှိတယ်။ ရေမှာပေါက်တဲ့ သစ်ပင်လည်း ဝယ်စိုက်ရသေးတယ်။ ရွှေငါးကလေးတွေလည်း မွေးရသေးတယ်။ ငှက်ကလေးတွေ ရေသောက်၊ ရေချိုး လုပ်တတ်ကြတော့ ရေမနစ်အောင် ကျောက်တုံးတွေ ကန်စပ်မှာ ဆင့်ပေးထားရတယ်။ အလုပ်အများသား။

ကန်နံဘေးက ချုံနှစ်ပင်ဟာလည်း ပန်းသိပ်မပွင့်တော့ဘဲ အရွက်တွေသာပွားပြီး ကြီးမားလာပါတယ်။ ငှက်ကလေးတွေ အသိုက်ဆောက်နေကြတော့ အကိုင်းအရွက် မညှပ်ပစ်ရက်တာ ကြာပြီ။ ကန်ဘယ်ဘက်မှာ ကျွန်မစိုက်ထားတဲ့ ပေါ်ပကပင်ကလေးနှစ်ပင်ဟာလည်း ကျွန်မထက် အရပ်ဆယ်ဆမြင့်တဲ့အရွယ်ရောက်နေကြပြီ။ သစ်ရွက်ကြွေတဲ့ ရာသီမှာ ကြဲ့ကြဲ့ခိုင်တဲ့ သဘောနဲ့ထင့်။ ထိပ်ဖျားမှာ အရွက်တစ်သိုက် တွယ်ခိုဆဲ။ စိမ်းမြဆဲပါပဲ။ တခြားသစ်ပင် ပန်းတွေကတော့ ညီတော်လက္ခဏာရဲ့ ရွှေအဆင်းဆောင်ကြပြီပေါ့။ အိမ်ရှေ့ခြံထောင့်က ခြံစည်းရိုးအုတ်နံရံကို ခြေကန်ကြီးပြင်းလာတဲ့ နှင်းဆီချုံအုပ်က နွေရာသီမှာ ခရမ်းနီရင့်ရောင် အပွင့်တွေ အရွက်မမြင်နိုင်အောင် ပွင့်တတ်တယ်။ ခုထကြည့်လိုက်တော့ ညိုနက်တဲ့ အကိုင်းအခက်တွေကြားက ဝါလဲ့လဲ့ အရွက်စုကလေးတွေဝေနေပြီ။ အော်တယ်ပန်းပွင့်တွေလားလို့ အထင်မှားရအောင် ထွန်းပနေလေတော့ အရင်က သတိမမူခဲ့တာကို အံ့အားသင့်ရပါသေးတယ်။

နေ့တာတိုတော့ ညတာက ရှည်တယ်။ ညနေလေးနာရီဆို မှောင်လာပြီ။ မိုးအုံ့ မိုးရွာတဲ့ နေ့များမှာတော့ ပတ်ဝန်းကျင်ဟာ စိမ့်အေးမည်းသည်းပြီး လေကြမ်းကလည်း ဖွဲ့ယမ်းတတ်တယ်။ ကောင်းကင်ကို ကြည့်လိုက်ရင် ကြည့်ချင်စရာ မရှိဘူးရှင့်။ နေမရှိ၊ လမရှိ၊ ကြယ်မရှိ။

တစ်ခါတစ်ရံ ကြည်လင်တဲ့နေ့များမှာ လူတွေ သိပ်ဝမ်းသာကြ

တယ်။ ကျွန်မကတော့ အိပ်ခန်းပြတင်းကနေ ကောင်းကင်ကို မျှော်ကြည့်ရတယ်။ နွေတုန်းက အရှေ့က တက်လာပြီး အိမ်ခေါင်မိုးပေါ်တက်ပြီး ကျွန်မရဲ့ မြင်ကွင်းက ထွက်သွားတတ်တဲ့ လကို ရှာရတယ်။ ကမ္ဘာလုံး လည်နေတာနဲ့အမျှ နက္ခတ်တာရာတွေ လမ်းကြောင်း ပြောင်းနေတာနဲ့အမျှ ကျွန်မ အိပ်ခန်းပြတင်းပေါင်အတွင်းမှာ နေ၊ လ၊ ကြယ်တွေလည်း သဏ္ဌာန်ပြောင်းကြတယ်။ မနက်အိပ်ရာထရင် နေလုံးကို တိမ်တွေကြားမှာ မြင်ရရင် ဝမ်းသာစရာကြီး။ နေလုံးကို တစ်ခဏပဲ မြင်ရတာလည်း ဖြစ်နိုင်တယ်ဆိုတာ သိပါရဲ့။ မိုးတိမ်တွေ ပြိုလာပြီး ချက်ချင်းမှောင်မည်းလာနိုင်တာကိုး။ ညနေအိမ်ပြန်ရောက်တော့ စားသောက်ပြီး တီဗွီခဏကြည့်ပြီး အိမ်ပေါ်တက် အိပ်ရာဝင်တတ်တယ်။ ပြတင်းကနေ လကိုများ မြင်ရမလားလို့ မျှော်ရတယ်။ ခုတစ်လောသောကြာကြယ်ကို အရင်မြင်တတ်တယ်ရှင့်။ သူက ဘယ်မှ မြန်မြန်မသွားဘဲ တစ်နေရာတည်းမှာ ငြိမ်နေသလို မြင်ရတယ်။ လကလည်း ဘယ်ဘက်ကတက်လာပြီး ကောင်းကင်မှာ အကြာကြီးနေပြီး ညာဘက်ကို ရွေ့သွားတတ်တယ်။ လရဲ့ ပုံသဏ္ဌာန်ပြောင်းလဲပုံကလည်း အော်တမ်မှာ ပိုပြီးထူးဆန်းလာတတ်တယ်။ တစ်ခါတလေ ထူအမ်းအမ်းတစ်ခြမ်းပဲ့၊ တစ်ခါတလေ တိတိကျကျ ထက်ခြမ်းခြမ်းနေပြီး တစ်ခါတလေ လကွေးမျှင်ကလေး၊ တစ်ခါတလေတော့လည်း လကွေးကွေးဟာ ခပ်ထူထူထဲထဲနဲ့ လိမ္မော် စိပ်လိုပါပဲ။

ကျွန်မ အခုပဲ ပြတင်းက ထကြည့်လိုက်တော့ ကြယ်သုံးလေးလုံးပဲ ခပ်မှိန်မှိန်လက်နေတာ မြင်ရတယ်။ လအတွက် နောက်ကျတဲ့ ညများမို့ မိုးလင်းခါနီးမှ ပေါ်လာမှာ။ ခု သန်းခေါင်ကျော်စဆိုတော့ သုံးလေးနာရီလောက် စောင့်ရမယ် ထင်ပါရဲ့။

* * *

ကျွန်မက အလုပ်လုပ်ဆဲဆိုတော့ ခုလိုနေ့တာတိုတဲ့ရာသီမှာ ကားမောင်းရတာ သိပ်စိတ်ညစ်တယ်။ ရထားစီး၊ တက္ကစီစီးပြီး အလုပ်သွား၊ အလုပ်ပြန်လည်း ရပါတယ်။ ဆေးရုံက ခရီးစရိတ်ကျသမျှ

အကုန်ပေးတယ်။ ဒါပေမဲ့ ကျွန်မက ကိုယ့်စိတ်နဲ့ကိုယ့် ကိုယ်သွားချင်သူဆိုတော့ ကိုယ့်ကားကိုယ်မောင်းပြီးပဲ နေတတ်တယ်။

အနောက်နိုင်ငံများမှာ ကားမမောင်းနိုင်ရင် ကားမဝယ်နိုင်ရင် လူတွေ တော်တော်ဒုက္ခရောက်တတ်တယ်။ ဘတ်စ်ကား၊ ရထားတွေ ရှိပေမဲ့လည်း မြို့ကြီးအလယ်ကောင်မှာ နေသူကလွဲလို့ လူအများဟာ သွားရလာရ ခက်တတ်တယ်။ အထူးသဖြင့် ရာသီဥတုဆိုး တတ်လေတော့ ဟိုနား၊ သည်နား ထလျှောက်သွားလို့ ဖြစ်တာမဟုတ်ဘူး။ အနောက်နိုင်ငံက လူ့ဘဝဟာလည်း ပိုမိုကိစ္စမြားမြောင် ရှုပ်ထွေးလာတယ်။

အင်္ဂလန်မှာ လမ်းတွေက ကွေ့ကွေ့ကောက်ကောက်။ လမ်းအချက်ပြမီးက နည်းပါးပြီး အဝိုင်းကြီးတွေကို အားကိုးပြီး ကားမောင်းရ။ လမ်းမီးတွေကလည်း မှိန်မှိန်။ တချို့မြို့ပြင်က လမ်းတွေမှာ လမ်းမီးတောင် လုံးလုံးမရှိတတ်လေတော့ အမေရိကားနဲ့ သိပ်ကွာခြားတာ အမှန်ပါပဲ။ ကျွန်မက မျက်စိမှုန်ရုံမက နှစ်ဖက်လုံးခွဲပြီး ကုသထားတော့ အမြင်ပိုကောင်းလာသော်လည်း လူသာမန်တွေ မျက်စိလောက် ဘယ်ကောင်းနိုင်ပါ့မလဲ။ ညဆိုရင် ဘယ်မှမထွက်တော့ဘူး။ အရှေ့နိုင်ငံမှာ မွေးဖွားကြီးပြင်းလာတာကြောင့်တစ်ကြောင်း၊ ညအချိန်မှာ တစ်ယောက်တည်း မထွက်ဝံ့တာလည်း ပါပါတယ်။ ဒါပေမဲ့ အလုပ်သွား၊ အလုပ်ပြန်ချိန်ဟာ ဆောင်းဦးနဲ့ ဆောင်းတွင်းအခါမှာတော့ ညမှောင်မှောင်မှာ ကားမောင်းရတာနဲ့ အတူတူပါပဲ။ နည်းနည်းမှ မထူးပါဘူး။ မနက် ရှစ်နာရီထွက်တော့ မှောင်ဆဲ၊ ညနေလေးနာရီ ပြန်ရောက်တော့လည်း မှောင်နေပြီ။ တစ်နေ့ကို မနက် တစ်နာရီ၊ ညနေတစ်နာရီ ခွဲလောက် နေ့စဉ်မောင်းရတယ်ရှင့်။ မှောင်ထဲမှာ...

အင်္ဂလန်မှာ ဘီလမ်းဆိုတဲ့ မြို့ထဲရွာထဲကလမ်း၊ အေလမ်းဆိုတဲ့ မြို့ပြင်ရွာပြင် ထွက်တဲ့လမ်း၊ မော်တာဝေးဆိုတဲ့ မြို့ပြင်ဘက်က တစ်မြို့နဲ့တစ်မြို့ အရှေ့အနောက် တောင်မြောက် ကူးသန်းထားတဲ့လမ်းတွေ အကြမ်းအားဖြင့် ခွဲခြားထားတယ်။ ရောက်လိုရာကို မြန်မြန်ရောက်အောင် မော်တာဝေးကို အလုအယက်ထွက်မောင်းကြရတယ်။ မော်တာ

ဝေးမှာ တစ်နာရီ မိုင်ခုနစ်ဆယ်အမြန်နှုန်း မောင်းနိုင်တယ်။ ဒါပေမဲ့ ၉၀၊ ၁၀၀ ထိ မောင်းကြတယ်။ ခပ်နှေးနှေး မောင်းချင်သူတွေနဲ့ လော်ရီ ကားကြီးတွေက ဘယ်ဘက်က အနှေးလမ်းမှာ မောင်းရတယ်။ တစ် နာရီ ၆၀၊ ၇၀ မိုင်ပေါ့။ အမြန်လမ်းမှာတော့ အမြန်မောင်းသူတွေပေါ့။

ကျွန်မ ပြောလေ့ရှိတာကတော့ မြန်မြန်သွားလည်း ဒီလမ်းပဲ။ နှေးနှေးသွားလည်း ဒီလမ်းပဲ။ နောက်ဆုံးခရီးရဲ့ စခန်းကတော့ ခြောက်ပေ၊ သုံးပေ၊ ငါးပေ မြေတွင်းပါပဲလို့။ တစ်ခါတုန်းက လူတစ် ယောက် ကားမှောက်ပြီး တောက်လျှောက် လမ်းဘေးက သုသာန် ခြံမြေထဲ ဆိုက်သွားတာ လူတွေရယ်ကြတယ်။ မစောင့်နိုင်ဘူး။ လမ်း တိုတိုရှာလို့ တွေ့သွားတယ်ပေါ့။

ဒါပေမဲ့ လူ့ဘဝကြီးမှာ မသေခင် လုပ်စရာတွေက များပြီး ကျွန်မ အဖို့ တစ်နေ့ ၂၄ နာရီက သိပ်လုံလောက်လှတယ် မဆိုနိုင်တော့ မရည်ရွယ်ဘဲ ကျွန်မ ကားမြန်မြန်မောင်းတတ်တယ်။ သိပ်အမြန်ကြီး တော့လည်း မဟုတ်ပါဘူး။ တစ်နာရီ မိုင်ရှစ်ဆယ်၊ ကိုးဆယ်ပါပဲ။ ဒါပေမဲ့ အနှေးလမ်းပေါ် မနေနိုင်ဘဲ အမြန်လမ်းပေါ်မှာချည်းပဲပေါ့ရှင်။ အသက်ငယ်သေးသူများ၊ ယောကျ်ားများ ရွေးချယ်တဲ့ အမြန်လမ်းပေါ့။

မိုက်ကယ်ရှူးမာကာကတော့ ရယ်လိမ့်မယ်။ မိုက်ကယ်က ကျွန်မနဲ့ မြေးကလေးတို့ရဲ့ အသည်းစွဲ ကားမောင်းပြိုင်သမား ဂျာမန် လူမျိုး ချန်ပီယံပေါ့။ ကျွန်မနဲ့ မြေးကလေးက မိုက်ကယ် ကားမောင်း ပြိုင်ပွဲ အမြဲကြည့်ပြီး သူအမြဲနိုင်ပါစေလို့ ဆုတောင်းသူများ ဖြစ်ပါ တယ်။ မိုက်ကယ် မနိုင်တဲ့ပွဲများမှာ ဝမ်းနည်းနေတတ်ကြတယ်။ မိုက်ကယ်တို့ ကားမောင်းပြိုင်သမားများကတော့ တစ်နာရီ မိုင် ၂၀၀၊ ၃၀၀ မောင်းကြတယ်။ ဒီတော့ ကျွန်မ တစ်နာရီ မိုင် ၈၀၊ ၉၀ မောင်းပြီး မြန်မြန်မောင်းတယ်လို့ထင်ရင် သူတို့က ရယ်လိမ့်မယ်။

နွေရာသီမှာ လင်းလင်းချင်းချင်းအချိန်မှာ ကားအမြန်မောင်းရ တာ သိပ်အရေးမကြီးလှပါဘူး။ သတိထားရင်၊ အရက်မမူး၊ ဆေး ခြောက်မျိုးစုံ မမူးနေရင် ကားတိုက်မှု မဖြစ်တတ်ပါဘူး။ ဒါပေမဲ့ အနောက်နိုင်ငံမှာ အရက်သောက်တာက သူတို့ရဲ့ ယဉ်ကျေးမှု ဖြစ်

တယ်။ အင်္ဂလန်မှာဆို မိန်းမ၊ ယောကျ်ားမရွေး ပတ်ဘ်ဆိုတဲ့ ဘီယာဆိုင်ကို ညနေတိုင်းသွားကြ။ သူငယ်ချင်း၊ မိတ်ဆွေနဲ့ စကားဝိုင်းဖွဲ့ကြတာက ထုံးစံပဲ။ လမ်းမသိလို့မေးရင် ဘယ်အဝိုင်းကြီးမှာ ဘယ်လိုကွေ့ပြီး ဘယ်ဘီယာဆိုင်မှာ ဘယ်လမ်းချိုးရမယ်လို့ ညွှန်တတ်ကြတယ်။ ဘီယာဆိုင်ကြီးကြီးတွေမှာ နေ့လယ်စာ၊ ညစာလည်း ချက်ပြုတ်ရောင်းတတ်တယ်။ ဝီစကီ၊ ဗော့ကာ၊ ဂျင်၊ ကော့ညက် အစုံပေါ့။ အဲဒါတွေလည်း သောက်လို့ရတယ်။ ကျွန်မက အရက်နည်းနည်းကလေးသောက်ရင် မမူးဘဲ အန်တတ်၊ ဒုက္ခဖြစ်တတ်တာလည်း တစ်ကြောင်းနဲ့မို့ အဲဒီယဉ်ကျေးမှုနဲ့ စပ်ဟပ်လို့ မရပေမဲ့ လီမွှော်ရည်မှာသောက်ပြီး နေ့လယ်စာ စားလို့တော့ ရတယ်။ သူတို့ဘီယာဆိုင်က အစားအစာတွေက တော်တော်ကောင်းကောင်း ချက်လေ့ရှိတယ်။ တစ်ခါတလေ အရှေ့နိုင်ငံ ချက်နည်းနဲ့ ဥပမာ ဝက်သား၊ သိုးသား၊ အာလူး၊ ဆီပြန်လိုချက်တတ်တယ်။ မက္ကဆီကန်အစားအစာတွေလည်း ရတတ်တယ်။ ကျွန်မရဲ့တပည့် ဆရာဝန်ဖေါက်စကလေးတွေ ဆေးရုံအဝင်အထွက်ပွဲများမှာ ကျွန်မတို့ ဘီယာဆိုင် ရက်စတော့ရင့်တွေမှာ စားတတ်ကြတယ်။ တစ်နှစ် သုံးလေးခါလောက်ပေါ့။

ကားမောင်းတဲ့ကိစ္စ ပြန်ဆက်ရရင်...

အဲဒီလို အမြန်လမ်းပေါ် အလုပ်သွား၊ အလုပ်ပြန်မောင်းတဲ့အခါ ကျွန်မ တွေးတယ်။ ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲလို့။

လူ့ဘဝဟာ အချိန်သိပ်များများရှိလှတဲ့ ကိစ္စမဟုတ်ဘူး။ လုပ်ချင်တာတွေကလည်း ပြီးအောင်မလုပ်နိုင်တာ။ တချို့မစတင်ရသေးတာတောင် ရှိတော့ ဘာမဆို အမြန်လုပ်ရတယ်။ အလုပ်ခွင်ကို မြန်မြန်ရောက်ပြီး အလုပ်ကိစ္စတွေ မြန်မြန်ပြီးအောင် လုပ်ချင်တယ်။ ညနေကျတော့လည်း အိမ်မြန်မြန်ရောက်ပြီး အိမ်ကိစ္စတွေ လုပ်ချင်တယ်။ အိမ်ပြန်ရောက်ရင် ကြောင်ကလေးတွေက လာကြိုပြီး တညောင်ညောင် အော်ကြတယ်။ နှုတ်ဆက်ကြတယ်။ ကျွန်မနောက်ကို တကောက်ကောက်လိုက်ကြတယ်။ မီးဖိုချောင်မှာ စားစရာ ပြင်ဆင်ရင်း ရေဒီယိုသီချင်းဖွင့်၊ တီဗီကိုလှမ်းကြည့် စသည်ဖြင့် အလုပ်နှစ်ခုသုံးခုကို

တစ်ပြိုင်နက်တည်း လုပ်ရတယ်။ စားသောက်ပြီးရင် သီချင်းနားထောင်ရင်း စာဖတ်ဖို့ လုပ်ရဦးမှာကိုး။ ကိုယ့်ဆေးကိုယ်သောက်ဖို့ သတိရရတယ်။ ကြောင်ကလေးတွေ ဆေးတိုက်ရတယ်။ အစာသစ်ကျွေးရတယ်။ မနက်ကျ ငှက်ကျွေးဖို့လည်း ပြင်ရသေးတယ်။ ပီယာနို ထိုင်တီးချင် တီးရတယ်။ ပြီးတော့ ပြတင်းကနေ လကိုမျှော်ရှုရတယ်။ ပြီးတော့ စာရေးရမယ်လို့ သတိပေးရပြန်တယ်။ သိပ်မအားပါဘူး။

အမြန်လမ်းပေါ်မှာ ကားမောင်းနေရတဲ့အဖြစ်က ခဏလွတ်သွားတော့ ဘဝင်အေးပြီး အိပ်ရာဝင် နွေးထွေးရတာကတော့ ကျေနပ်စရာပါပဲ။

ကားအမြန်မောင်းရတာ တော်တော်ပူပင်ရတဲ့ ကိစ္စအမှန်ပါပဲ။ လူတွေနဲ့ ဆက်ဆံနေရတဲ့ကိစ္စလည်း ဖြစ်တယ်။ ကိုယ့်ရှေ့က နှေးနှေးမောင်းနေတဲ့ လူတွေ၊ လော်ရီတွေကလည်း ခဏလမ်းပြောင်းပြီး ပိုနှေးတဲ့ ရှေ့က ကားကို ကျော်တက်တတ်တော့ သူတို့က ခဏကလေး အချက်ပြပြီး ဖျတ်ခနဲ လမ်းကြောင်းပြောင်းရင် အမြန်မောင်းလာတဲ့လူက ဗြုန်းခနဲ ဘရိတ်အုပ် အရှိန်လျှော့ရလေတော့ သူတို့က နောက်က မတိုက်မိအောင်၊ ကိုယ့်နောက်က အမြန်မောင်းသမားတွေလည်း ကိုယ့်ကို နောက်က လာမဆောင့်မိအောင် ဂရုထားရတယ်။

တစ်ခါတလေ သရဲစီးလာသလို တစ်နာရီ မိုင်တစ်ရာ မောင်းလာတဲ့ ကားကိုဖယ်ပေးဖို့ အနှေးလမ်းကို မြန်မြန်ပြောင်းရပြန်တယ်။ ဒါပေမဲ့ ကိုယ်က မြန်မြန်မောင်းနေတဲ့အခါ နှေးတဲ့တချို့ကားတွေဟာ မလှုပ်ရှားဘဲ ရပ်နေတယ်လို့ မြင်မှားရတယ်။ အဲဒီတော့ အဝေးအနီး ချင့်ချိန်ဖို့ ခက်တတ်တယ်။

ဘယ်ဘက်ကို ထွက်သွားတဲ့ လမ်းခွဲတွေ၊ ဘယ်ဘက်က ဝင်လာတဲ့ လမ်းခွဲတွေ မှာလည်း ကားအရေအတွက် နည်းလာများလာ ပြောင်းလာတာနဲ့အမျှ ကားအမျိုးမျိုး၊ လူအမျိုးမျိုးက ကားမောင်းပုံပြောင်းလဲပြီး တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေအောင် ကြည့်မောင်းကြရတယ်။

ဒီနေ့ဆို ကားအဖြူတစ်စီးဟာ ဘယ်ဘက်အနှေးလမ်းမှာ အမြန်

မောင်းလာပြီး ဟိုဝင်ဒီထွက် ကျော်တက်ပြီး ဖြုတ်ခနဲ ဘယ်ဘက်က လမ်းခွဲထဲ ဝင်သွားတယ်။ ပြီးတော့ သူ့ရှေ့က ကားကို မီးနဲ့ထိုး ခြောက် လှန့်ပြီး ဖယ်ခိုင်းနေတာ တွေ့လိုက်ရသေးတယ်။

အင်္ဂလိပ်တွေဟာ သူတို့စိတ် မလှုပ်ရှားလွယ်ဘူး။ ချုပ်ထိန်းနိုင် တယ်လို့ ထင်ကြ၊ ဂုဏ်ယူကြပေမဲ့ စိတ်တိုတာ နည်းနည်းမှ သည်းခံ ချုပ်ထိန်းနိုင်ခြင်း မရှိတာ ခဏခဏ တွေ့ရတယ်။ စကားများ၊ ရန်ဖြစ်၊ အော်ဟစ်၊ ထိုးကြိတ်ကြတာ လမ်းပေါ်မှာ အများကြီးပဲ။ မကြာခင်ပဲ မော်တာဝေးမှာ ရှေ့က ဖြည်းဖြည်းမောင်းပြီး အမြန်မောင်းက သူ့ကို ဖယ်မပေး ရကောင်းလားလို့ တမင်တိုက်ပစ်လိုက်တာ ရှေ့ကကားဟာ လွင့်စင်သွားပြီး မျက်နှာချင်းဆိုင်က လာတဲ့ကားနဲ့ တိုက်လိုက်တာ လင်မယားနှစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ပွဲချင်း ပြီးသွားပါရော။

အင်္ဂလန်က ကားတွေက အများအားဖြင့် သေးသေးကလေးတွေ (ခုတော့ ကား ခပ်ကြီးကြီး ဝယ်ချင်လာကြပါပြီ) အင်ဂျင်တွေကလည်း အားကောင်းလှတာမဟုတ်ဘူး။ ပြီးတော့ မော်တာဝေးမှာ မိုင်တစ်ရာ နှုန်းနဲ့မောင်း၊ အရက်နဲ့ ဆေးခြောက်ကလည်း မူးတတ်ကြတော့ ကား တိုက်လိုက်ရင် ကားတွေဟာ ကိုလာကိုလာ သံဖြူဘူးခွက်ကို နင်းချေ လိုက်သလိုပဲရှင့်။ ကြေမွပြားချပ်သွားတတ်တယ်။ ကားထဲက လူကို ဆွဲမထုတ်နိုင်ဘဲ ညှပ်ထားတဲ့ ကားအပိုင်းအစတွေကို မနည်းခွာဖို့ အရင်လုပ်ရသေးတယ်။ ဒါနဲ့ မသေသင့်ဘဲ သေကြရတာလည်း အများ ကြီး။ ဒါမျိုး အမေရိကမှာ တစ်ခါမှ မတွေ့ဖူးဘူး။ အမေရိကမှာ ကားကြီးတွေက အကြီးကြီး။ တချို့များ အိမ်ကလေးတစ်လုံးလောက် ကြီးတယ် ထင်ရတယ်။ ပြီးတော့ တစ်နာရီ မိုင် ၅၅ ထက် ပိုမမောင်းရ။ ဘီယာဆိုင်ယဥ်ကျေးမှုလည်းမရှိတော့ ကားမောင်းတဲ့အန္တရာယ် သိပ် မကြီးလှဘူးလို့ ဆိုနိုင်ပါတယ်။

ကျွန်မလည်း ငါဒီနေ့ အနေးလမ်းမှာ နေမယ်လို့ စိတ်ကူးတတ် ပေမဲ့ ကားမောင်းရင်း အချိန်ကုန်နေတာနဲ့မြော်ပြီး အမြန်လမ်းကို ပြောင်း တတ်တယ်။ အရေးကြုံလာရင် ဘယ်လိုအန္တရာယ်ကင်းတဲ့ အပေါက် ကို ရှာမယ်ဆိုတာလည်း ကြိုတင်ရှာထားရတယ်။ ကားအရေအတွက်

နည်းပြီး ကိုယ့်ရှေ့မှာ လမ်းဖြူးနေရင် တစ်နာရီ မိုင် ၉၀ မောင်းနေတာ သတိတောင် မပြုမိတတ်ဘူး။ တစ်ခါတစ်ခါတော့လည်း ကိုယ့်ကိုယ်ကိုယ် သိပ်မိုက်တယ်လို့ အပြစ်တင်တယ်။ တစ်ခါတစ်ခါတော့လည်း မိုက်ကယ်ရှူးမာကာက ရယ်လိမ့်မယ်လို့ အားပေးတယ်။

လောကမှာ လူတွေအမြင်အားဖြင့် အနေးအမြန်၊ အကောင်းအဆိုး၊ အမှားအမှန် ဆိုတာကလည်း ပြောင်းလဲနေရုံမက တစ်ချိန်တည်းမှာတောင် နှိုင်းယှဉ်ခြင်းတစ်ရပ်သာ ဖြစ်လေတော့ ကျွန်မက မြန်မြန်မောင်းတတ်သူပေမဲ့ တစ်ခါက ကျွန်မနဲ့ အလုပ်လုပ်ဖက်စူးစတိုင်လာဆိုတဲ့ မိန်းကလေးက တစ်နည်းအားဖြင့် တရားရစေခဲ့ပါတယ်။ သူက လမ်းရှုပ်တဲ့ မော်တာဝေးမှာ တစ်နာရီ မိုင်တစ်ရာမောင်းပြပြီး သူတစ်ခုလပ်မိန်းမအနေနဲ့ သားသမီးတွေကို ဘယ်လိုကျွေးမွေးစောင့်ရှောက်ထားခဲ့တယ်ဆိုတာ ကားမောင်းရင်း ကျွန်မကို ပြောပြတယ်။ ဒါပေမဲ့ ကျွန်မနဲ့ အလုပ်လုပ်ဖက် အီယန်စတူးဝပ်ဆိုတဲ့ ဆရာဝန်အဘိုးကြီးကတော့ ကျွန်မကို လေယာဉ်ပျံမောင်းပါလားလို့ နောက်ပြောင်ဖူးတယ်။ သူက ကျွန်မ နောက်ကလိုက်လာပြီး ငါးမိနစ်အတွင်း ရှာမတွေ့တော့လို့တဲ့။ ပြီးတော့ ကျွန်မက သူ့ကို အဘိုးကြီးသာ ခေါ်တယ်။ ကျွန်မထက် နှစ်နှစ်သာကြီးတာ။

ပြောရဦးမယ်။ လူတွေကိုးကားလေ့ရှိတဲ့ စကားတစ်ရပ်က လူတိုင်းလူတိုင်းဟာ လူ့ဘဝသက်တမ်းမှာ ကိုယ်နှစ်သက်စွဲလမ်းခဲ့တဲ့ အသက်အရွယ်အချိန်တစ်ခုမှာ တွယ်ကပ် ခိုအောင်းပြီး အဲဒီအရွယ်မှာ ဆက်လက်နေထိုင်လေ့ရှိတယ်တဲ့။ စိတ်ပညာဆရာတို့ရဲ့ လက်စွဲစကားပေါ့ရှင့်။ အဲဒီအသက်အရွယ်ဟာ လူ့ဘဝမှာ အအောင်မြင်ဆုံး၊ အပျော်ရွှင်ဆုံး၊ အကျေနပ်ဆုံးအချိန်လည်း ဖြစ်တတ်တယ်တဲ့။

အဲဒီစကားကို ယုံကြည်တဲ့ ကျွန်မရဲ့ ဆရာတစ်ယောက်ကတော့ မက်ကွန်းဗီးဆိုတဲ့ နယူးဇီလန်သား အမေရိကက ကလေးစိတ်ပညာဆရာဝန် ဖြစ်ပါတယ်။ ကျွန်မကလည်း အဲဒီတုန်းက အဲဒီစကားကို ယုံကြည်စအချိန်ဆိုတော့ အားရပါးရ ထောက်ခံခဲ့တယ်။ သူက ပြောတယ်။ သူ့မှာ ၂၈ နှစ်ထက် ပိုလွန် မအိုမင်းတော့ဘူးတဲ့။ သူဟာ ၂၈

နှစ်အရွယ်က ပြုလုပ်နေထိုင်ခဲ့တဲ့အတိုင်း ဆက်လက်နေတယ်တဲ့။

ကျွန်မက ပြောတယ်။ ကျွန်မကတော့ အသက် ၃၈ နှစ်ထက် မပိုလွန်ချင်တော့ဘဲ အဲဒီအရွယ်မှာပဲ ခိုအောင်းနေပါတယ်လို့။

ခုပြန်ကြည့်လိုက်တော့ ကျွန်မ အသက် ၃၈ နှစ်လောက်က လူ့ဘဝမှာ အင်မတန် နေပျော်ခဲ့တဲ့ အချိန်ဖြစ်ပြီး လူ့ဘဝမှာ ကျွန်မ ဘာလိုချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ သိနားလည်လာပြီး ဘယ်လို ရယူလုပ်ကိုင်ရမယ် ဆိုတာလည်း ဆုံးဖြတ်နိုင်တတ်ပြီး နည်းလမ်းကို လည်း ရှာဖွေပြင်ဆင်ခဲ့ပြီ။ အများအားဖြင့် အဲဒီပုံစံအတိုင်းပဲ ကျွန်မ နေထိုင်ခဲ့ပြီ။

အဲဒီတုန်းကတော့ အလုပ်လည်း မရှိဘူး။ ကားလည်း မမောင်း တတ်။ အလုပ်လုပ်ခွင့်၊ ကားမောင်းခွင့်လည်း မရခဲ့ဘူး။ ဒီတော့ လူ့ ဘဝမှာ ဆက်လက်နေရင် အများကြီး အမြတ်ထွက်လာတယ် ဆိုရ မလား။ အင်အားသစ်ရလာတယ် ဆိုရမလား။ ဗုဒ္ဓဘာသာတရားအရ ဘဝကို ပိုတွယ်လာတယ်လို့ ရှုတ်ချရမလား။

ဘာပဲဖြစ်ဖြစ် ကားအမြန်မောင်းတာတော့ အလုပ်လုပ်နေသမျှ ရှောင်လို့ မရနိုင်ဘူး ထင်ပါတယ်။

*ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် ၁၁၀၊ ဇန်နဝါရီ၊ ၁၉၉၉*

❑



## ကဗျာဆရာပြောသော ပုံတစ်ပုံ

မောင့်ဘလန်ချီတောင်ကို တက်ရတာ လွယ်တယ်လို့ ပြောနိုင်တယ်လေ။

ချိုလိုထောင်နေတဲ့ တခြားတောင်တွေပေါ် မျက်စိကြည်ကြည်၊ ခြေမြဲမြဲနှင့်မှ တက်ရလေ့ရှိကြတယ်။ မောင့်ဘလန်ချီတောင်ပေါ်တော့ တောင်ထိပ်ပေါ်ရောက်တဲ့အထိ ဘယ်သူမှ မတက်ခဲ့ဖူးသေးဘူးပေါ့။

ပြောခဲ့တဲ့တောင်တွေကဖြင့် အင်မတန် ကြွစောင်းစောင်းနိုင်ပြီး ဘယ်တော့မှ ယဉ်ပါးမယ်၊ သိမ်မွေ့မယ်လို့ မပြောနိုင်အောင်ပါပဲ။ လွတ်လပ်ရေးသူရဲကောင်းတွေပီပီ ဘယ်လူသားရဲ့ အနိုင်ကိုမှ မခံပေဘူးတဲ့။ အဲ ... နေရောင်ခြည်တစ်ခုကိုပဲ ခိုလှုံအရှုံးပေးမတဲ့။

"ဧည့်"လို့ခေါ်တဲ့ တောင်တန်းတစ်ထွေးကြီးထဲမှာတော့ ပြောခဲ့တဲ့ တောင်တစ်သိုက်ကဖြင့် "တို့တော့ မဟာသွေးစင်စစ်ဟေ့" လို့ သူရဲကောင်းသားမာနနှင့် ငါတကော အကောဆုံးပေါ့လေ။

အဲဒီကြားထဲမှာမှ မော့ဘလန်ချီတောင်က "ငါတကား မင်းမူမဟဲ့" လို့ သရဖူဆောင်းတော့တာကိုး။

မင်းပျိုမင်းလွင်ဘဝကတော့ ဟော့ဟော့သွမ်းသွမ်း အတော်နေလိုက်ပေတာကလား။ မှန်တေကြမ်းကြုတ်ခဲ့ပါရဲ့။ သို့သော် အသက်

ကလေး ရလာတာနှင့်အမျှ နလုံးအတော်ကောင်းလာပြီး ခုတော့ လူ ခေါင်းဖြူကြီးကို မတ်ပြီး အိမ်ဦးနတ်ပမာထိုင်လို့ သူပိုင်တဲ့ သုံးပြည် ထောင်ကို ရာဇဓိဋ္ဌေကြီးစွာနှင့် စောင့်ပြီးပဲ ကြည့်လို့နေတော့တယ်။

သူ့ရဲ့စခန်းသာကို ဦးတိုက်ပြီး တည်နေတာကတော့ ကျောက်ဖြူ သားပမာ ပပဝင်းတဲ့ စောင်းတန်းကြီးပါပဲ။ စောင်းတန်းတစ်လျှောက်က တရွရွတက်လာတဲ့ လူပုရွက်ကလေးများကိုတော့ သူက မလောက် လေး မလောက်စားပေမို့ အပျော်ရယ် အပြက်ရယ်မျှ သဘောထားပြီး တရားရဟန်နှင့် သည်းခံတတ်တယ်။

အလို… သူကလေ ရေခဲနှင့် ဖန်မှန်စီတဲ့ သူ့ရဲ့တိုက်တော် ပြိုးပြိုး ပြက်ပြက်အတွင်းတောင် "လာချင်လာလာပါလား" ရယ်နှင့် ထီးမူ နန်းရာ ဧည့်ဝတ်ကျေတဲ့စကားတွေနှင့်ပေါ့ ဖိတ်ကြားပေသေးတယ်။

သို့သော် နွေရက်များနှောင်းလို့ ဆောင်းဦးညို့ခဲ့ပြီဆိုရင်တော့ ဘလန်ချီတောင်ရာဇာဟာ တိမ်တိုက်ဗိတာန်ကြပ်ပေတဲ့ ကြာဖြူရွက် သဋ္ဌာညောင်မှာ ပျော်အောင်ကို အိပ်တော့တယ်တဲ့။ "စောင့်ကြဟဲ့၊ စက္ကတီကို အနှောင့်အယှက်တစ်မြူရွက်မှ မသီစေနဲ့" လို့ အမိန့်ထုတ် တယ်။

ဒီအမိန့်တော်ကို မင်းချင်းခြွေရွေအဖော်များထံက ထောက်လှမ်း လို့ အကျွန်သိပါငဲ့။ ဗိုလ်ရှုခံချိန်လွန်ခဲ့ပြီ။

သို့သော် စဉ်းစားစရာက အကျွန်သည်ကားဆိုလျှင် စားမြိန်စာ ထုပ်ကို ကျောမှာ လွယ်လို့ ရဲထိုက်တော်ရဲ့ ပျံ့နှံ့ကျော်ကြားလှတဲ့ ဆန်းပြားကြော့မော့ပုံကို စိတ်ကူးလေးက တယဉ်ယဉ်၊ မင်းတို့ မာန် ထောင်လွှားလှတဲ့ ဘလန်ချီဘုရာ့မျက်နှာတော်လည်း ဖူးချင်ချင်။

မဝံ့မရဲ မကျေမနပ်နှင့် ရဲတိုက်တော်မုခ်ဝတွေဆီ ရစ်သီလို့နေ သေးရဲ့။ ရင်ထဲထွေပြားနှင့် စိတ်အနေယားလှတယ်။ ရာဇာမင်းက ယခုလို လက်လွတ်စပယ် ပစ်ပယ်ထားမယ်ဆိုရင်ဖြင့် မသင့်တော်ပေ ဘူး။

သို့သော် အကျွန်သည် ဘုရင့်ရှေ့မှောက်ရောက်အောင် ကြံဝံ့တဲ့ ပုဂ္ဂိုလ်ထူးပေမို့ ကျားကြီးလျှင် ခြေရာကြီးသလို ပုဂ္ဂိုလ်ကြီးလျှင် ကဲ့ရဲ့ခံ

ရချက်ကြီးတတ်တယ်လေ။ မကျော်ရတော့ ပျော်သမျှနှင့် ပြန်စို့ပေါ့။

သို့သော် မပြန်ဘဲ အဖော်သွေးသောက်နှစ်ယောက်နှင့် အရောက်ပဲ တက်ခဲ့တယ်။ ကျေးတောသားမို့ မဖွယ်ရာနိုင်ဘူး။ အချေခံနိုင်ဘူး။ ဒူးနေရာနှင့် တော်နေရာကို မဖွေရှာတတ်ပြီဘူး။

တက်ခဲ့ပြီဆိုရင်ပဲ တောင်ကြားမြေပြန့်ရဲ့ သမီးအလှ နွေရာသီမယ်ကလေးက လမ်းတစ်ထောက်ရောက်အောင် လိုက်ခဲ့ရှာသေးငဲ့။ ခရီးဦးမှာတော့ သူကလေးရဲ့ ဖဝါးခြေနုနုနှင့် လဲလုလဲချင်ပါပဲ။ ပဲ့စင်ငေါက်တောက်နှင့် ကျောက်ချွန်စတွေကို ကုတ်ကပ်ပြီး ခပ်လွယ်လွယ်လိုလို လိုက်ခဲ့တယ်။

သို့သော်လည်း အကျွန့်လောက်တော့ စွမ်းစွမ်းတမံ မရှိနိုင်ဘူးလေ။ အကျွန်က ရေခဲနှင့် ဖြူမှိုင်းတဲ့ ကေရာဇ်ကြီးရှေ့ ဝင်မယ့်အတိုင်းပဲ သံချွန်ခွာတပ်တဲ့ တောင်တက်ဖိနပ် ခြေနင်းနှင့် ဒူးရောက်အောင်ရှည်တဲ့ နှင်းခံတဲ့ ခြေစွပ်နှင့် သံမဏိလုံတပ်တဲ့ ဘုရားဖူးသွား တောင်ဝှေးနှင့် ခမ်းခမ်းနားနား ရှိလှတယ်။

သူကလေးကတော့ ကပျာကသီမို့လား မသိနိုင်တော့ဘူး။ ကသီကရီ နိုင်လှပါရဲ့။ သစ်ရွက်ချပ်လွှာနှင့် စပ်ကာရက်တဲ့ အင်္ကျီကလေးကို လေကြမ်းက တိုးဖော့ဆွဲယမ်းလို့ နေလေတယ်။ "ယုန်နားရွက်" လို့ခေါ်တဲ့ပန်းတွေ၊ "ပျို့မှာတမ်း"လို့ခေါ်တဲ့ ပန်းတွေကို သီပြီး ဖဲပွင့်ထိုးတဲ့ သူ့ကတ္တီပါဖိနပ်စိမ်းကလေးကို ကျောက်တုံးအစများက ခွဲရှပစ်ကြတယ်။

လွယ်လွယ်တော့ ပျို့မလျှော့ဘူးရယ်နှင့် နွေရာသီ မယ့်အချစ်ဦးကလေးက သနားစရာ ကြာခြေဖူးကလေးတွေကို နူးညံ့တဲ့ ရေညှိနွယ်တွေပေါင်းပြီး တုပ်နှောင်ရှာသေးတယ်လေ။ သူ့လက်ချောင်း အေးစက်စက်ကလေးတွေနှင့် ချမ်းတုန်ရှာလျက်က ယုံခေါင်းလောင်းပွင့်တွေဖက်စပ်လို့ သိမ်မွေ့သပ်ရပ်ရက်တတ်ရှာတယ်။

ဒီလိုနှင့် ကျောက်တောင်ခါးပန်းတစ်စွန်းကို ရောက်လာကြတယ်ပေါ့။

ရောက်ရင်ရောက်ချင်းပဲ မျက်နှာပေါက်ဆိုးလှတဲ့ ငရဲအိုးစောင့်

ခွေးကြီးကို ရဲတိုက်အဝင်ဝမှာ စောင့်လျက်သား တွေ့ရပါကော။ (တိုးတိုးကလေး ကျိတ်လို့ပြောရင် အဲဒီခွေးကြီး ဆိုတာကတော့ စင်စစ်တော့ ဆောင်းတွင်းရဲ့ နှင်းတိုက်ကြီးက ခွေးယောင်ဆောင်နေတာပါ)

ဟောင်လိုက်ချေ၊ အူလိုက်ချေနှင့် သူ့ကိုယ်ကြီးကို လှုပ်လှုပ်ပြီး ဝင်ရိုးစွန်းနှင်းဖွေးပွကြီးကို ခါခါနေလေတော့ သူပတ်လည် လေအဝှန်မှာ နှင်းဖြူဆုပ်ကြီးများ ထထလို့ ပျံကြတယ်လေ။

အကျွန်ကတော့ ခွေးဆိုးဟူသမျှကို ကြောက်လေ့မရှိသူမို့ သူ့ငယ်နာမည်ကိုတပ်ပြီး ရင်းရင်းနှီးနှီးခေါ်လိုက်တယ်။ အကျွန့်ကို မွေးခဲ့တဲ့ ကလေးဘဝက အိမ်မှာ စောင့်ခဲ့ဖူးသားနှင့် မေ့ရက်ပြီလားလို့ မာဂဓသံဝဲနှင့် ချွဲရတယ်။

ဒီတော့မှ အားသွန်ပြီး တရှူးပြေးလာလို့ ရင်ဘတ်ပေါ် သူ့ရှေ့ခြေ နှစ်ချောင်း တပ်မိအောင် ပတတ်ရပ်ခိုလိုက်တော့ အရှိန်ကြီးလှသမို့ အကျွန်မှာ ကျောက်စွန်းထက်က ပက်လက်နောက်ပြန်ကျမတတ် ဖြစ်ရတယ်။

သူ့ရေခဲလျှာကြီးနှင့် မျက်နှာကို လျက်လိုက်တာကလည်း အသက် ဘယ်ကရှုရမှန်းမသိအောင်ပါပဲ။ ဒီလို ဖက်လဲတကင်း လုပ်နေလျက်က သင်း တကယ်မကောင်းလေတော့ နှာခေါင်းကို ဟပ်လိုက်တာ ကံသီလို့မပြတ်ပေဘူး။ (အဲ ... ဆောင်းကြမ်းလွန်းရင် နှာခေါင်းတောင် ကြွေတတ်ဆို မဟုတ်လား) ခွေးစိမ်းများနှင့်တွေ့ရင် လူစိမ်းများနှင့်လိုမဟုတ်၊ ပေါင်းရ အင်မတန်ခက်ပေတယ်လို့ ကိုယ်ပြောခဲ့ဖူးတာ သတိရစရာပေါ့။

ခွေးချစ်တတ်သူလည်းဖြစ်သလို ဘာမှမလုပ်ဖြစ်ဘဲ ခပ်သုတ်သုတ်သာ ရှေ့သို့ ထွက်ခဲ့တယ်လေ။ ကိုရွှေခွေးကဖြင့် သည်အဖွဲ့ထဲ သူလည်းပါမယ်လို့ ခွေးမသားပီပီ ဟိန်းဟောက်လို့ လိုက်ခဲ့တော့တယ်။

ရွှေသည်းဆတ်ဆတ်တုန်ရှာတဲ့ နွေရာသီမယ်ကလေးကဖြင့် "မလိုက်ပါရစေနဲ့တော့နော်" လို့ တောင်းပန်ရှာလေတော့ ရင်ဆို့ဆို့နှင့် ထားခဲ့ရပါတယ်။ ပျော်ရွှင်မြူးထူးသွားရှာသူကလေးကဖြင့် ခြေကလေး

သွက်သွက်နှင့် ထင်းရှူးခင်းစိမ်းမြမြဆီကို ပြန်ပြေးရှာတယ်ကော။

အကျွန်ကဖြင့် ကိုယ်ရုံကိုကျုပ်ကျုပ်ပတ်လို့ မောင့်လမ်း မောင်သွားရတယ်။ အရွက်ချွန်ချွန်နှင့် အမြဲပဲစိမ်းချင်နေတဲ့ သစ်ပင်တချို့က သတ္တိကောင်းလှတယ်ဆိုပြီး ဖုထစ်ကြမ်းတမ်းတဲ့ ခဲကျောက်မြေကို တွန့်လိမ် သိမ်ငယ်တဲ့အမြစ်တွေနှင့် ကုတ်ခြစ်တွယ်ကပ်ပြီး လိုက်လာပြန်တယ်။

လမ်းကြောင်းမတ်စောက်ပြီး ကျောက်ထူလာလေလေ၊ အစိမ်းရောင် ချပ်ဝတ်တန်ဆာနှင့် ကိုယ်ရံတော်အကန့်အတန်းတွေလည်း လျော့ပါးလာတာပါပဲ။

နောက်ဆုံး အသိုက်လည်း ငေါထွက်နေတဲ့ ကျောက်စွန်းဆီရောက်ရင် တစ်ထောက်ခိုမယ်လို့ နေရစ်တယ်။ တစ်ဆိတ်ကလေး လိုက်ပါဦးမယ်လို့ တောင်းပန်ခေါ်ငင်တုန်းမှာပဲ တုံးတုံးချနေရစ်ခဲ့တယ်လေ။

သူတို့ရဲ့ခေါင်းဖြူဖြူကလေးများကို ခါယမ်းပြီး နောက်ဆုံးနှုတ်ဆက်ခြင်း ပြုကြသတဲ့။

တောင်ဘုရင့်သွေးကြော ချိုင့်ဝှမ်းများကြားထဲ အသေလို စိမ့်စွဲအေးစက်ခြင်းက ထိုး စိုက်ဝင်လာလေတော့ မချိသူ မယ်ဖုရားသဘာဝ နတ်မယ်တစ်ပါးမှာ နှလုံးခုန်အား နေးကွေးလာရှာတယ်။

ဒီတွင်မှာ အမည်ကလေးချစ်စဖွယ်နှင့် လူမမည် သတ္တိခဲကလေး ဖြစ်ပေတဲ့ ပန်းပွင့်နုနယ် သေးသွယ်သွယ်ကလေးတစ်ပွင့်ဟာ နွေရာသီမယ်ကလေးရဲ့ နယ်ကျွံလာတဲ့ ရှေ့တော်ပြေးကလေးအဖြစ် တစ်ကိုယ်လုံးရပ်လို့ နေရှာတာကို တွေ့ရတယ်လေ။

အဖော်ပြုစရာ သက်ရှိသတ္တဝါ သစ်ပင်ပန်းမာလာမရှိဘဲ နေလို့ ထင်ပါရဲ့။ သူတစ်ပါး မြင်ကောင်းအောင် ဝတ်စားနေဖို့ မလိုတဲ့အတိုင်းပါပဲ။ နှင်းပုလဲခဲများ အနားကွပ်တဲ့ မီးခိုးသွေး၊ သိုးမွေး၊ ဂါဂရာကလေး ဝတ်လို့ နေမင်းကို ရဲရဲမော့ပြီး ကြည့်ဝံ့တာလည်း ဒါကြောင့်ပဲလို့ ဆိုရမယ်။ သူကလေးလည်း ကလေးအလျောက် သူ့အခန်းမှာ သူက ရပေဦးမယ်နော်။ အကျွန်က နှောင့်ယှက်ဖို့ မသင့်ပေဘူးပေါ့။

တစ်ချက်လောက် မျက်ထောက်လှန်လို့ ကြည့်ပြန်တော့ အိမ်ချုပ်ဂါဂရာကလေးနှင့် အရိုးဆင်ကလေး။ ချမ်းတောထဲမှာ အေးစက်လို့ တစ်ဝက်ခဲနေသူကလေးဟာ တောင်ကြားမြေပြန့်က နွေရာသီမယ်ကလေးနှင့် တစ်ဆင်တည်းတူတဲ့ ညီအစ်မခုနစ်ဖော်အလယ်မှာ မလှစဖူး အလှကျူးပေတဲ့ သမီးအအေး မထွေးလေးပေါ့။

အကျွန်လည်း ထာဝရဆောင်းရာသီစိုးတဲ့ နိုင်ငံရှေ့မှာရပ်လျက်ရောက်ခဲ့ပြီဖြစ် တယ်။ ရေခဲဘုရင်မင်းရဲ့ ကျွန်စခန်းကို ရစ်ဝန်းလို့ခွေတဲ့ ခဲလှိုင်းထထနှင့် ကျုံးကို ခြေကုတ် လို့ဖြစ်တယ်။

ရဲတိုက်တော်တစ်ခုလုံး အိပ်ပျော်နေတုန်းမှာ ဆိတ်ငြိမ်နားနေခြင်းဆိုတဲ့ဟာက ထီးခေါင်စိုးစံနေလေရဲ့။

ဘုရင့်အပါး ရောက်ချေတော့မယ်။

အကျွန်တော့် ဘယ်လူသားရဲ့ခြေထောက်မျှ မနင်းဖူးသေးတဲ့ ဖြူဝင်းလက်ပြောင်တဲ့ ကော်ဇောပေါ်ဖြတ်၊ သကြားပွင့်၊ စိန်ပွင့်ပမာ လက်လက်ထတဲ့ နန်းမြို့ထွတ် မုခ်ခုံးအောက်က သွားပြီး ရဲတိုက်တော်ရဲ့ လဟာပြင်ကျင်းတဲ့ အဆောင်ဆောင် အခန်းခန်းထဲ ဝင်ခဲ့ပါရဲ့။ နက်ရှိုင်းတဲ့ မြစ်အော်သံလို လေး၏။ နဲ့သံက မြည်နေတာပါပဲ။

မြင့်ဖြူးတဲ့တိုင်ရှည်များကြားက လာခဲ့လေတော့ တိုင်များရဲ့ တိမ်တိုက်လွှမ်းအုပ် တန်ဆာဆင်တဲ့ အထွတ်များဟာ မိုးကို မပြိုအောင် ထောက်ပေးနေကြတာ တွေ့ရတော့တယ်လေ။

နောက်ဆုံးတော့ ရဲတိုက်ကြီးရဲ့ အမြင့်ဆုံးမျှော်စင်ကို လှေကားတွေရဲ့ အဆုံးတွင် ဝင်ခဲ့တယ်ပေါ့။ လင်းယုန်တော်၏ အသိုက်ကို ချင်းနင်းဝင်ရောက်ရသလိုပါပဲ။

မောင့်ဘလန်ချီ နာမချီတဲ့ တောင်ဘုရင်နှင့် ပက်ပင်းပါ တွေ့ပြီလို့ ဆိုနိုင်ပါတယ်။

ဘီလူးလို ကြီးမားလှတဲ့ သူ့နဖူးအထက်မှာ ရောင်စုံယှက်သီတဲ့ နေခြည်နဖူးစည်း ကပ်ထားတာ တွေ့တယ်။ သူ့လွှာရုံတော်ကတော့ ပြောမပြနိုင်စွမ်းအောင် ခမ်းနားလှတဲ့ ခရမ်းနှင့် ရွှေရောင်ပေါင်းစပ်တဲ့ ကျက်သရေနှင့်ပါပဲ။

ဘုရင်ရဲ့ ဆိတ်ငြိမ်နားနေခြင်းကို တောင်အောက်က မြေညီက ဘယ်လိုစီတဲ့ ပွဲတင်သံမှ မထိခိုက်နိုင်စွမ်းပါဘူး။ ကိုယ်ထီးပင်နေရတဲ့ အရပ်မှာမို့ ညှိုးပျောင်းသမ်းမှိုင်စွာထိုင်ပြီး တိတ်ပွေပွေ သူ့နိုင်ငံကို ရှုစားစောကြောနေဟန်တူရဲ့။

ရာဇပလ္လင်တစ်ဖက်တစ်ချက်မှာတော့ သက်တော်စောင့် တောင်တန်းများ ရပ်လို့နေလေရဲ့။ သူတို့ရဲ့ ခဲကျောက်ရင်ဘတ်ပေါ်မှာ ရေခဲချပ်ဝတ်တပ်လို့ထားကြတယ်။ တိမ်ခွေစွပ်တဲ့ ခမောက်များကို နှင်းမြူဦးခေါင်းမှာ ဆောင်းလို့ထားကြတယ်။

ရာသီကြမ်းခံနေကျမို့ ရင့်ရော်တဲ့ သူတို့မျက်နှာတွေ လှျောက်ကြည့်ပြန်တော့ ကိုယ်နှင့်သိကျွမ်းတာ တစ်ယောက်နှစ်ယောက်မကပါတယ်။ နာမည်ကိုယ်စီကို ရှေ့ကခံလို့ ခေါ်ပြီး နှုတ်ခွန်းဆက်ပြန်တော့ နောက်ဆုံးမှာ ကညာစင် စစ်သည်တော်ကို သွားတွေ့ပါပကော။ နှင်းခြုံလွှာသတဲ့ လနတ်သမီးလို ပြစ်မြူစင်တဲ့ ယဉ်မျက်နှာပေါ် သံခမောက်နှင့် ဆက်စပ်ထားတဲ့ မျက်နှာဖုံးအုပ်လို့ပေါ့။

မနီးမဝေးမှာ ကြွားဝင့်ထည်လှတဲ့ တောင်သူရဲ့ ချိုထောင်ထောင်ကို မြင်ပြန်တော့ ကြာရှည်ငေးလို့ကြည့်ဆဲ "ဩော် ... သွေးရောင်ပြာညို တဲ့ နတ်ဖြစ်ချပ်ဝတ်နဲ့မို့ စွမ်းပကားကြီးပြီး ခြေဖနောင့်က ကိုင်မနိုင်တဲ့ အာချီလီနတ်သားနဲ့ တူအားလေခြင်း။

ဒီတစ်ခဏမှာပဲ ဘုရင့်မျက်နှာတော် ညိုတာသိရတယ်။

အကြောင်းကတော့ တိမ်မှောင်ညိုတစ်တိုက်က ဘုရင့်နဖူးပေါ်ဦးလာလို့ ခိုက်တာကြောင့်ပေါ့။ တောင်ဘုရင်ဟာ သရဖူကို အချွတ်လိုက်မယ် ဆံဖြူခွေအလိပ်များ တိတ်တဆိတ် ထပ်ပုံကြတယ်။ အကျွန်တို့ကို အဖက်မပြုတော့ဘဲ ညဝတ်ခေါင်းစွပ်ကို အစွပ်မှာ ဗိုလ်ရှုခံခြင်းပြီးဆုံးပြီဆိုတာ သိရပြန်တယ်ပေါ့။

အကျွန်တို့ပတ်လည်မှာ ကြောက်မက်စဖွယ် ပရမ်းပတာနိုင်ပြီး အသံဗလံကြီးများ ကျလာသမို့ တောင်ဘုရင် အိပ်မပျော်နိုင်ရင်တော့ ချီးမွမ်းအံ့သြစရာပ။

မှန်တိုင်းက ဒေါသမောဟနှင့် ကျလာတော့ ရဲတိုက်တော်

ခေါင်မိုးတောင် ကျိုးပြုတ်ရချေရဲ့လို့ စိုးထင့်မိတယ်။ ပါလာတဲ့ ခွေးဝင်စားကလည်း အစာငတ်နေတဲ့ ဝံပုလွေလို ဖနောင့်ကို ဆွဲဟပ်တော့မယ့်ပုံပဲ။ ဟိန်းလို့နေပြန်တယ်။

ဒီတော့ ကသုတ်ကရက် အထုပ်တစ်ဖက်နဲ့ ဆင်းခဲ့ကြရတယ်။

လူမရှိတဲ့ မြေကိုဖြတ်တော့ လမ်းစလမ်းနကလေးများကို တစ္ဆေလက်များက ဖျက်ထားတယ်လေ။ (တစ္ဆေလက်ဆိုတာက လေ့လက်ချက်လို့ မပြောချင်လို့ပါ)။

ရဲတိုက်တော်ရဲ့ အခန်းကျယ်ကြီးများကိုဖြတ်တော့ အတွန့်အမြှောင်းထတဲ့ ခန်းဆီးဖြူကြီးများနှင့်မို့ သေမင်းစိုးစံရာ နေရာလို မှုန်မှိုင်းလှတယ်ပေါ့။ အထွတ်မုခ်ခုံးများအောက်က ဖြတ်ဆဲလေရဲ့ နဲသံကလည်း ဘုရားသခင် တရားစီရင်တော်မူတော့မယ့်အတိုင်းပဲ စီစီညံလေတော့တယ်။

ရဲတိုက်တော်ရဲ့ အခန်းများမှာ တစ်ခုခုမဟုတ်တာ ရှိလေရဲ့။ ဒါကြောင့် နာနာဘာဝများက ခြောက်လှန့်နေသတဲ့။ ညည်းသံ၊ ဟစ်သံ၊ စူးရှတဲ့ မဲ့ရွဲ့ ဟက်ပက်ရယ်သံတွေ၊ ငုတ်ခနဲ လေကိုဖြတ်လို့ စီပြန်တယ်။ ဘေးက အဖြူထည်ကြပ်စည်းတဲ့ အရိပ်ရှည်ကြီးများ ပျံ့နေတာကတော့ တောင်တစ္ဆေများထင်ပါရဲ့နော်။

မြေပြန့်ကျယ်ကိုရောက်လာတော့ ကောင်းကင်ဆီ အမြောက်တစ်ချက်တက်လာတာ တွေ့တယ်ပေါ့။ ဟိုတောင်တစ်လျှောက်ဆီမှာ မီးခိုးဖြူများ ကခုန်လို့ ဆင်းနေကြလေရဲ့။

ရေခဲများပျော်တဲ့အခါ ဒိုက်နှင့်ရောပြီး ဒလဟောကျသလို ကျောက်တုံးကျောက်စိုင်များ ပြိုကျတာ သွားအတွေ့မှာ "မဖြစ်ချေဘူး"ရယ်နှင့် တစ်တီတူးလိုဖြစ်ပြီး မဆည်တန့်နိုင် ပြေးခဲ့ကြရတယ်လေ။ မိုးကြိုးသံလို ခေါင်းပေါ်က ကွဲအက်သံကြားပြီး ခြေအောက်က မြေကြီးက ပါးစပ်ဟာလေရဲ့။

အကျွန်လည်း မြေအောက်စိုးတဲ့ ယမမင်းလက်ထဲ ကျဆင်းရတယ်လို့ ဆိုရမယ်။ အားလုံးတိတ်ပြီး သေခြင်းဟူတဲ့ လက်အေးစက်စက်က ဇက်ပေါ်ကျလာတယ်။

ဒါပေမဲ့ မသေချင်သေးတဲ့ မွေးရာပါစိတ်က နိုးလေတော့ အခေါင်းကြီးထဲက တစ်ဝက်နိုးပြီး တိုးထလို့ ထိုင်လိုက်တယ်။ အဖော် တစ်ယောက်က ကျပ်စည်းသလို အုံ့ညှပ်နေတဲ့အကြားက ထလာပြန် တယ်လေ။ ရေခဲလုပ်တဲ့ သံပုဆိန်နှင့် ကျန်တစ်ယောက်ရဲ့ အခေါင်းဖုံး ကို ဖောက်ထွင်းလို့ ဖွင့်ကြသပေါ့။ မသေကြသေးလို့ အံ့အားသင့်နိုင် သေးတယ်လေ။

မြေအောက်အကျဉ်းခန်းထဲ ထိုင်လျက်နှင့် စီရင်ချက်ကို ပေးပြီး သော်လည်း အပြစ်ကျပြီးသားဆိုတာတော့ သိတယ်ကော။ ခေါင်းပေါ် က အက်ကွဲကြောင်းတစ်မျှင်က မိုးသောက်ခြည်ကလေး တိုးဝင် လာရောက်ရှာတယ်။ ဘေးက မြေဟက်တက်ကွဲကတော့ သမ်းဝေနေ လို့ မဆုံးဘူးထင်ပါရဲ့။ ပါးစပ်ဟလျက်သားပဲ။

ညည်းညူပြစ်တင်တယ်ဆိုတာ အကျိုးမဖြစ်နိုင်လေတော့ စဉ်းစားငေးမောပြီးပဲ နေရုံပေါ့။

ကံကိုလည်း ယိုးမယ်မဖွဲ့သာသမို့ စီရင်ချက်ကိုပဲ စောင့်စို့ပေါ့။ အပေါက်ဝက ဖြူကြောင်းမျှင်ကလေးတော့ တွေ့ရပြီပဲလေ။ လှောင်ပြောင်ရယ်မောတဲ့အသံနဲ့တူတူ နှင်းပုံကြီးတွေ ချပေးလိုက်တတ် သေးရဲ့။

သူတို့ပြောပုံက ...

"အသင်လူသားလေးရယ်၊ လူသားလေးရယ်။ မင်းတို့ကိုယ်ကို မြေပေါ်မှာတော့ အရှင်သခင်ပဲကွလို့ ထင်တုန်းပဲလား၊ ဖြစ်ရလေ မွှားကောင်ငယ်ရယ်"

သူတို့အသံကြောင့်ပေါ့။ ခေါင်းပေါ်မှာ အားလုံးဟိန်းပြီး သွက် သွက်ခါနေတယ်။ သွားကြိတ်ပြီးသာ ငုံ့ခံရတော့တာပဲ။ နောက်ဆုံး တော့ အကျွန်ဆိုတဲ့သူက ဒေါသကြီးသူမို့ ခံအော်မိတာကတော့ ...

"ဟေ့ ... မင်းတို့သာ မွှားကောင်ဟေ့"လို့ပေါ့။

ဒါကို ပြက်လုံးကို သဘောထားပြီး အဖော်များမျက်နှာကို လှည့် ကြည့်လို့ မျက်နှာတစ်ချက်ရှုံ့ပြီး ရယ်ပြုသေးရဲ့။

ဒါပေမဲ့ ကြာရှည် ဘယ်ရပ်နိုင်ပါ့မလဲ။ ရယ်ချင်ရင် ရှုံ့တွဆွဲငင်ရ

တဲ့ ပြာနှမ်းနေပြီဖြစ်တဲ့ မျက်နှာက အသားစိုင်တွေကဖြင့် သွက်ချာပါဒ တိုက်လို့ လှုပ်တောင် မလှုပ်နိုင်ဘူးတဲ့။

နာနာဘာဝများကဖြင့် အံ့အားသင့်ဟန်ရှိကြတယ်။ ဒါနှင့် အကျွန်လည်း သတ္တိရှိသမျှ ဆောင်ပြီး သင်းတို့ဟန်ပန်လေသံထွားဖို့ မလိုပါတကား။ မောင့်ဘလန်ချီ တောင်ဘုရင်ထက် ကြီးကျယ်တာတွေ လောကမှာ ရှိသေးတယ်။ တရားနှင့် ပြန်လှန်လို့ ကြားရ ပြန်တာပေါ့။

အပေါက်ဝက မှိုင်းညို့တဲ့ နှင်းဖြူထုကိုဖောက်ပြီး မျက်စိသူငယ်ရှိ ရှာသူများအပေါ် တောက်ပလာတဲ့ ကြယ်တစ်ပွင့်လို အားကိုးတကြီးနှင့် ညွှန်မိတယ်။

အကျွန့်စကားမှမဆုံးသေးခင် ကိုတစ္ဆေအကုန်လုံး ပျောက်ကွယ် ကုန်ပါရော။

ညနေစောင်းမှာ ပြုံးပြောင်လင်းချင်းလာတဲ့ ရောင်ခြည်အောက် မှာတော့ တစ္ဆေတွေဟာ ရောမရေခဲတုံးကြီးများအဖြစ်ကို ပြောင်းနေ ကြပြီဆိုတာ တွေ့ရတယ်လေ။

ရေခဲတုံးကြီးများကို ဒိုက်သရောက တွန်းချပြီး အကျွန်တို့အပေါ် ပိတ်ဆို့ထားတာ သိရတော့ စုန်းအတတ်အပြင် ဘာဖြစ်ဦးမလဲလို့ တွေးမိတယ်။

သို့ပေမဲ့ အကျွန်တို့ မသေနိုင်ကြ။ အောင်နိုင်ကြတာကတော့ စုန်းအတတ်ကြောင့် မဟုတ်ချေဘူး။ အခြားအရာပဲ။ မောင့်ဘလန်ချီ တောင်ထက်ကြီးကျယ်တဲ့ အခြားအရာပေါ့။

***(Aret Mun The ၏ Meunriesamb Vogue Ries Most Blaue ကို ဆီလျော်အောင် ဘာသာပြန်သည်။)***

*ရှုမဝမဂ္ဂဇင်း၊ အမှတ် ၇၅၊ ဩဂုတ်၊ ၁၉၅၃*

❑

## ပင်လယ်သို့ပြန်

သူမြင်ရသောရှုခင်း၏ ပြန့်ပြူးသော လွင်ပြင်များတွင် ဒေစီပန်း ပွင့်ဖြူလွလွများ ပြောက်ကျားနေသည်။ လွင်ပြင်များအစွန်ရှိ ထင်းရှူး တောကမူ မလှုပ်မယှက် ပိန်းပိတ်စိမ်းညို့နေကာ မိုးကုပ်စက်ဝိုင်းနှင့် ထိနေသည်။ သူတို့၏ကားသည် စိတ်မပါသလို ဖြည်းလေးစွာ ခရီးနှင် ခဲ့ပြီး ကျောက်မခင်းသော လမ်း၏ချိုင့်များပေါ်မှာ တစ်ဆောင့်တည်း ဆောင့်နေလေသည်။ ထင်းရှူးတောသည် အထုအထည်လိုက် ကြွလာ ပြီး သူ့ထံရွေ့လျားလာဟန် မြင်ရသည်။ လေးလံမှိုင်းပျသော ထင်းရှူး တောသည် လျှို့ဝှက်သောအဓိပ္ပာယ်ကိုလည်း ဆောင်သည်။ ထင်းရှူး တောဆီသို့ သူတို့လာခဲ့သည်မှာ ကိစ္စများစွာကို ပြေပြစ်အောင် စီစဉ်ဖို့ ပင်။ ခုတော့ သူ့မိန်းမသည် နှုတ်ဆိတ်ကြိတ်ခဲနေသည်မို့ ကြောက်ရွံ့ ကာသာနေမိသည်။ သို့သော် ထင်းရှူးပင်များ အနားရောက်လာလျှင် "ထင်းရှူးတောရောက်ပြီ" ဟု သူပြောလိုက်လေသည်။

သူ့မိန်းမက ဘာမှ ပြန်မပြော၊ သူကသာ လက်ကိုမြှောက်၍ နောက်သို့ကြည့်သော ကားမှန်ကလေးကို နေသားကျအောင်ပြင်၏။ သူတို့ထွက်လာစက ထိုမှန်ကလေးကို မိန်းမဘက်စောင်းကာ တစ်လမ်း လုံး မိန်းမမျက်နှာ အကဲခတ်၍လာခဲ့၏။ သူ့မိန်းမကမူ ငြိမ်တောင့်၍



ထိုင်လိုက်လာ၏။ လက်အိတ်စွပ်သော လက်ကို ကားတံခါးဘောင် ပေါ်တင်ကာ ဒူးခေါင်းပေါ် ကုတ်အင်္ကျီခေါက်တင်ကာ ပိုးလျှော်ဖြူ အင်္ကျီကို ရင်ညွှန့်အထိဖွင့်ကာ ထားသည်။ သေးသွယ်သော လည်တိုင် သည် ပန်းပွင့်ညှာတံပမာ အင်္ကျီလည်ပင်းမှ ကြော့ရှင်းစွာ တိုးထွက်လာ ၏။ နေလှုံ့ပါများသဖြင့် ညိုမှောင်နေသောမျက်နှာရှိ မဲ့ပြောက်များ၊ နီရဲ သော ပါးစပ်အောက်နှုတ်ခမ်းမှ မွေးညှင်းများသည် အတွင်းက ရမ္မက် သွေးပူဟန်ကို တစ်မျိုးပြသည်။ သေးငယ်နက်မှောင်သော မျက်လုံးများ ကသာ ရှေ့သို့ ခေါင်းမာစွာ စူးစိုက်နေသည်။ သိမ်းတင်ထားသော ဆံပင်ကြောင့်လည်း တင်းမာ၍ အနိုင်ကျင့်လိုစိတ်ရှိဟန်ကို ပို၍မြင်ရ ၏။ မျက်နှာထားမှာတော့ အပြစ်ကင်းစင်ဟန်၊ သို့သော်လည်း ဝမ်းနည်းအိုကျဟန်သက်သက်ပင်။ ဒါမျိုးကို တချို့မျောက်ငယ်များမှာ တွေ့ရတတ်၏။ သူ့မိန်းမသည် တကယ်တမ်းခံစားနိုင်သည့် အရည် အချင်းမရှိသည်မို့ နာကြည်းသောအမူအရာကို မျက်နှာ၌ ဟန်ဆောင် တပ်ဆင်ထားသည်ကို မြင်သည်။

ထင်းရှူးတောထဲဝင်မိလျှင်မူ စောစောက မြင်ရသလို ပိန်းပိတ်နေ သည်မဟုတ်ချေ။ ပင်စည်နီများ ဟိုသည်ယိမ်းစောင်းကာ တစ်ပင်ပေါ် တစ်ပင် လဲကျတော့မလို ပေါက်နေသည်။ သူ့ကားသည် လမ်းမကို

ကြဉ်ခဲ့ကာ ပျော့ညံ့ပြောင်ရှင်းသော မြေကွက်ပေါ်သို့ တငြိမ့်ငြိမ့်လာခဲ့၏။ ထင်းရှူးတောဒွ် လူမရှိတော့၊ သစ်တစ်ရိပ်နှစ်ရိပ်လောက်မှာ တရုတ်ကပ်ပြတင်းများပိတ်သည့် လူတို့စွန့်ခွာခဲ့သော အိမ်တစ်အိမ်နှစ်အိမ် ရှိ၏။ ထို့နောက် ထင်းရှူးတောသည် ပွင့်လင်းလာကာ ကြည်စင်သောလေသည် မြူးထူးခုန်ကြွနေလေသည်။ ရှေ့မှာ ပင်လယ်ရှိသည်မို့ပင်။

"ပင်လယ်ရောက်ပြီ" ဟု သူထပ်မံ ကြွေညာချင်သေး၏။ သို့သော် သူ့မိန်းမသည် နှုတ်ဆိတ်ကြိတ်ခဲနေပြန်သည်။ ပင်လယ်ကို သူမြင်လျှင် အင်မတန် ပျော်ရွှင်တတ်သည် ဆိုတာကို မိန်းမကောင်းစွာ သိသည်မို့ တမင်ကန့်လန့်တိုက်ပြီး ဘာမှပြောစရာ မရှိသလို တိတ်နေတာလည်း သူရိပ်မိသည်။ ထို့ကြောင့် တိတ်ဆိတ်စွာပင် မြေသလင်းပြောင်ပေါ်မှာ ကားမောင်းလာခဲ့သည်။ ကားထိုးဆိုက်ပြီး တစ်ခဏတော့ နှစ်ယောက်သား မလှုပ်မရှား ထိုင်နေသေး၏။ ကားအမိုးက နိမ့်လှသည်။ ပင်လယ်ကို ကောင်းကောင်း မမြင်ရသေး၊ သို့သော် ကားစက်ရပ်လိုက်ပြီမို့ ပင်လယ်၏အသံကို ကောင်းစွာကြားရလေသည်။ လှိုင်းတစ်လုံးက အသံတစ်မျိုးထွက်သည့်ပမာ အသံစုံ ညီးညံ တီးတိုးမြည်သည်။

"အပြင်ထွက်ရအောင်" ဟု သူပြောလိုက်၏။

သူ့မိန်းမသည် ကားတံခါးကို ဖွင့်ကာ ခြေကိုထုတ်ရာ အဝတ်နားတုံ့နေသေး၏။ သူသည် ကားထဲမှ ထွက်ကာ တံခါးပြန်ပိတ်သည်။ ရုတ်ခနဲ ပင်လယ်လေနှင့် တိုးမိသည်။ ပြင်းထန်၏။ နွေးထွေး၏။ ကြမ်းကြုတ်၏။ ပင်လယ်လေသည် ခက်ထရော်မြေပြင်မှ သဲနှင့် ဖုန်တို့ကို အလုံးလိုက်ထအောင် တိုက်လေ၏။

"ပင်လယ်နား သွားရအောင်"

"သွားတာပေါ့ ......"

ဗုံးဒဏ်ကြောင့် ပျက်စီးနေသည်များဆီ ရောက်ခဲ့သည်။ သမံတလင်းပေါက်ကြီးများမှာ တိုင်အနည်းငယ် ထိုးထိုးထောင် ကျန်သေး၏။ တခြားတိုင်များမှာ ကျွတ်ထွက်လဲကျပြီး သဲများဖုံးနေသည်။ ထိုသဲများကို မြေသလင်းထိ လက်တံရှည် ထိုးထွက်တိုက်ခတ်သော လေက

ဆောင်ယူလာသည်။ ပင်လယ်ကမ်းစပ်မှာ သံဆူးခက်ကြိုးထုံးများ ဖြတ်သန်းကာဆီးနေ၏။ ပင်လယ်လေက သံဆူးခက်အောက်မှ လှိုဝင်ကာ သဲပြင်ကို ညီအောင် ညှိလိုက်လေ၏။ မုန်ထသလို ခုန်ကြွကာ ဖုတ်သဲဖြူများ အုပ်သည့်သံဆူးခက်များသည် တစ်မျှော်တစ်ခေါ် တန်းလျက်ရှိသည်။

ပင်လယ်သို့သွားရန် အပေါက်ဝတွင် တိုင်များထောင်ထား၏။ သူသည် မိန်းမကို ရှေ့က သွားစေပြီး မလှမ်းမကမ်းမှ လိုက်လာ၏။ မှန်ကားထဲက ကြည့်လာသလို ခုလည်း စိမ်ပြေနပြေ ကြည့်ချင်သည်။ ကြည့်ရင်း သူ့ဒုက္ခများစွာအနက် ဝမ်းနည်းစရာ အကောင်းဆုံး ဖြစ်ရပ်တစ်ခုမှာတော့ သူ့မိန်းမကို မသိလိုက်မသိဘာသာ ချစ်ခင်စုံမက်စိတ်ပြင်းထန် ကြီးမားခဲ့ခြင်းဖြစ်သည်လို့ သူထင်လာသည်။ နည်းနည်းမှ သည်လိုဖြစ်လာမည် မထင်ခဲ့။ ချစ်တယ်ဆိုတာမပါဘဲ နိုင်ငံရေးကြောင့် မြန်မြန်ဆန်ဆန် လက်ထပ်ယူခဲ့သည်။ နှစ်ပေါင်းများစွာ မျက်စိမှုံးသီနေခဲ့သည်၏ အဆုံးသတ်မှာတော့ သူသည် မိန်းမကို တကယ် စုံမက်ချစ်ကြိုက်ခဲ့ပြီဆိုတာကို သိရလေတော့သည်။ သူ့မိန်းမအဖို့မူကား သူ့အချစ်သည် အသုံးမကျတော့ချေ။

သူ့၌ လူပျိုကလေးများ ဖြစ်သလို အနေမတတ် ရှက်ကြောက်တစ်ဝက် ရှိလှသော ရမ္မက်သွေးတစ်မျိုးဝင်ခဲ့တယ်လို့ ဆိုရမလားမသိ။ သူ့မိန်းမ နောက်မှလိုက်လာလျှင် ဝမ်းနည်း ချဉ်တူးလျက်က တပ်မက်စိတ်များနှင့် ကြည့်နေမိသည်ကို တွေ့ရလေ၏။ သူ့ဘာသာပင် အံ့အားသင့်မိသေး၏။ အရပ်ရှည်၍ ပါးလျားသည့် သူ့မိန်းမမှာ ကြွားဝင့်သော ဟန်ပန်ရှိသည်။ ယောကျ်ားကလေးနှင့်လည်း တူသည်။ သန်မာ ရှည်လျားသော ခြေချောင်းများသည် သွယ်လျသော ကိုယ်လုံးနှင့်မလိုက်အောင် တောင့်တင်းပြီး မညီညာသော သဲမြေပေါ် ကိုးရိုးကားရားလျှောက်သွားသည့်အခါ သမင်ငယ်၏ ခြေချောင်းများကို သတိရစေလေသည်။

ခြေအိတ်မှ ထုတ်ချင်းဖောက် မြင်ရသော ခြေထောက်များတွင်လည်း ပိနေသော မွေးညင်းနက်များကို သူသေသေချာချာ ကြည့်လေ

၏။ တခြားမိန်းမတွေလို မွေးညင်းများကို နုတ်လေ့မရှိ၊ သူ့မိန်းမသည် လေတိုက်သဖြင့် ပွရောင်းသော ဆံပင်ကို လက်မြှောက်၍ ပြင်လျှင်တော့ ချိုင်းအောက်မည်းမှောင်သည်ကို ပိုးလျှော်ဖြူအင်္ကျီမှ ဖောက်ထွင်းမြင်သည့်ပမာ သူ့စိတ်ဒုက္ခ အတော်ရောက်ရ၏။

သူတို့ ပင်လယ်ရောက်ခဲ့ပြီ။ ကမ်းခြေနှင့် အလှမ်းဝေးရာမှ ရှည်လျား အသံကျယ်လောင်သော နွေဦးပေါ်လှိုင်းများကို ပင်လယ်လေသည် တစ်လုံးပေါ်တစ်လုံးထပ် တွန်းလိုမ့်လျက်နေသည်။ သို့သော် ဟိုအဝေးက ပင်လယ်ပြင်ကျယ်မှာမူ ရေပြင်သည် ငြိမ်သက်သည်ဆိုရမည်ဖြစ်ပြီး နောက်ကျိသော အစိမ်းစင်းတစ်ကန့် ခရမ်းရင့်တစ်ကန့်ပေါ်သည်။ သူသည် မိန်းမဘေးမှာရပ်ကာ လှိုင်းများကို ခဏကြည့်နေသေး၏။ ဟိုအဝေးမှ လှိုင်းတစ်လုံးမွေးဖွားလာခဲ့ပြီး ရှေ့ကသွားနှင့်သော လှိုင်းလုံးပေါ် ကျွမ်းပြန်လိမ့်ကာ ဖြတ်ကျော်လာခဲ့သည်ကို လိုက်ကြည့်လေ၏။ လှိုင်းလုံးသည် အရှိန်သတ်ကာ ရှေ့တွင် လျှံအီနှင့်သောရေမြှုပ်လမ်းစပျောက်ပြီး သူ့ခြေရင်းသို့ ရောက်ကာ သေဆုံးပျက်ကြွေသွားသည်ကိုမြင်၏။ ထိုအခါ သူ့မျက်လုံးများသည် ဟိုအဝေးသို့ ပြန်ရောက်ကာ လှိုင်းသစ်တစ်လုံးကို ရှာပြန်လေ၏။

ဘာကြောင့်လဲတော့ မသိ၊ လှိုင်းများစွာမှ လှိုင်းတစ်လုံးလောက်တော့ ရှေ့ကသွားနှင့်သော လှိုင်းလုံးများ ပြန်အရိုက်မှာ မအီဘဲ အနိုင်ယူဖြတ်ကျော်ခဲ့ပြီး ကမ်းပေါ်သို့ တက်ခဲ့စေချင်၏။ ပြီးတော့ သူနှင့်သူ့မိန်းမကို ဖြတ်ကျော်ကာ အမြှုပ်များဆူဝေပုံတက်မြဲနှင့် သံဆူးခက်များကိုကျော်၍ မြေသလင်းပြောင်သို့ တက်ခဲ့စေချင်သည်။ သို့သော် အလဟဿ ဆုတောင်းမှုဖြစ်သည်။ ရုတ်ခနဲပင် ဘာကြောင့် သည်လိုဖြစ်စေချင်သည်ကို သူနားလည်လာသည်။ ငယ်ငယ်တုန်းက မုန်တိုင်းထန်သောနေ့များမှာ လှိုင်းများ ရိုက်ဟန်ကို သူကြည့်မောခဲ့ဖူး၏။ သူတကာထက် ကြီးမား၍ အားသန်သော လှိုင်းလုံးတစ်လုံး တက်လာပြီ။ ကမ်းပေါ်က ရေကူးတဲငယ်များအထဲ ရောက်လာလျှင် သူသည် မျှော်လင့်ကြီးစွာဖြင့် ဒီလှိုင်းဟာ ငါပဲဟု တွေးတတ်၏။ ယခုတော့ သတိပြန်မရနိုင်သည်နှင့် ခေါင်းကို ခါယမ်းပစ်လိုက်ပြီး သူ့မိန်းမဘက်

သို့ လှည့်၍ မေးလေ၏။

"သဘောကျစရာ မကောင်းဘူးလားကွာ"

"ပင်လယ်လား၊ မြင်ဖူးသားပဲ" ဟု မထူးဆန်းသလို ဖြေလေ၏။

သူကတော့ ခံစားရတာတွေ ပြောပြလိုက်ချင်၏။ ငယ်ငယ်တုန်းက ဆန်းကြယ်သောစိတ်ကူးများ၊ သို့သော် အလကားနေရင်း ကြောက်ရွံ့အားငယ်နေသည်မို့ စကား ဆက်မပြောဘဲနေလေ၏။ စိတ်လွတ်လက်လွတ် ရှိချင်လှ၏။ အနည်းဆုံး ပူစရာမရှိဟန် နေလိုက်ချင်၏။ သူသည် ခဲတစ်လုံး ငုံ့၍ကောက်လိုက်ကာ ဝေးသမျှ ဝေးအောင် ပစ်မည်စိတ်ကူး၏။ သည်နည်းနှင့် သူ့ဝေဒနာပါ ကျောက်ခဲလုံးနှင့် ပါသွားအောင် လုပ်လိုက်နိုင်မည် ထင်၏။ သို့သော် ကျောက်ခဲသည်လည်း ပရိယာယ်များလှသည်။ လက်သီးဆုပ်လောက် ကြီးမားလျက်က ပေါ့ပါးသည့် ထုံးကျောက်မို့ အပေါက်များပါသည်။ သူနှင့် နီးနီးမှာသာ ကျပြီး လှိုင်းလုံးပေါ်မှာပေါ်ကာ သူ့ခြေရင်းက သဲပေါ်မှာ လာဆိုက်လေသည်။ စိတ်ထဲ၌ ခါးသွား၏။ သူမျှော်လင့်ထားသမျှတွေကို တုံ့ပြန်သည့် တိတ်ဆိတ်သော အဖြေပမာပင်။ သူ့စိတ်ဒုက္ခကို ထိုထုံးကျောက်ခဲပမာ အဝေးသို့ ခွာချလွှတ်ပစ်လို့ မတတ်နိုင်၊ အားမရှိ၊ ပင်လယ်ကြမ်းက အော့အန်ပစ်တင်လာသော မည်းညစ်သည့် အမှိုက်မှော်ပမာ အမြဲပြန်လာမည်ပင်။

သူသည် မိန်းမကို လက်ဖြင့် သိုင်းဖက်လိုက်၏။ ပင်လယ်စပ်ရှိ ကောင်းကျိုးပေးသော လေအလာကို မျက်ကွယ်ပြု၍ နှစ်ယောက်သား လျှောက်သွားချင်၏။ ဆိတ်ညံပြေးတက်လာသော လှိုင်းများကြားမှာပေါ့။ သို့သော် လန့်ဖျပ်သွားသော ခေါင်းမာသည့် သူ့မိန်းမက သူ့ကို တွန်းလိုက်၏။

"ရှင်ဘာဖြစ်နေလဲ"

"တို့လျှောက်သွားနေရရင် မကောင်းဘူးလား"

"လေထန်လွန်းတယ်"

"ငါတော့ လေထန်တာကြိုက်တယ်"

ထို့နောက် သူသည် တစ်ယောက်တည်း ရေစပ်တစ်လျှောက်

သုံးလေးလှမ်း လျှောက်လေ၏။ သူရှူးပမာ အဓိပ္ပာယ်မရှိ သူလုပ်နေတာလည်း သိ၏။ သူ၏ သူရူးစိတ်သည် လှိုင်းများရိုက်သံ၊ ပြီးတော့ မျက်စိ၊ ဆံပင်ကြား တိုးဝှေ့လာသော လေတို့ကြောင့် ပို၍ကြွလာလေ၏။ "ငါ့မှာ စဉ်းစားဉာဏ်ပျောက်ခဲ့ပြီ" ဟု အေးဆေးစွာ တွေးသေး၏။ ပြီးတော့ သံချေးတက်နေသော အုပ်နေသည့် အရာဝတ္ထုဆီသို့ သွားလေ၏။

သူ့မိန်းမက ဒေါသကြီးစွာနှင့် "ရှင်ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲ၊ မိုင်းဗုံးတွေ မြုပ်နေတာရှိတယ်ဆိုတာ မသိဘူးလား" ဟု ပြောသံကြားသည်။

"မိုင်းဗုံးရှိတော့ကော ဂရုစိုက်စရာလား" ဟု သူက ပခုံးတွန့်၍ ပြော၏။ "တကန်နင်း မိလို့ သေတော့ကော ဘာဖြစ်လဲ" ဟု သူ ထပ်ပြောလိုက်ချင်သေး၏။ သို့သော် သိမ်မွေ့သော သဘောဖြင့် ဆက်မပြောဘဲနေသည်။ သူ့မိန်းမ ဘာလုပ်နေသည်ကို လှည့်ကြည့်လျှင်တော့ ပင်လယ်ကို မျက်နှာပြုကာ ပျင်းရိ၍ ဘာလုပ်ရမည်မသိဖြစ်နေသည်ကို မြင်ပေ၏။ "သူရဲကောင်းကြီး လုပ်မနေနဲ့လေ၊ ရှင် မသေချင်သေးပါဘူး" ဟု သူ့မိန်းမက မျက်နှာပင့်ကာ ပြောလေရာ သူသည် နာလည်းနာ၊ မတရားဘူးလည်းထင်သည်မို့ ခုန်ထလိုက်ပြီး မိန်းမလက်မောင်းကို ကိုင်ကာ ပြော၏။

"ဟောဒီ အချိန်မှာတော့ ငါသေရမှာ နည်းနည်းမှ မကြောက်ဘူးဆိုတာ ယုံစမ်းပါကွာ၊ တကယ်များ သေသွားရင် ဝမ်းတောင်သာချင်သေးတယ်"

သူ့မိန်းမ၏ တင်းရင်းသော လက်မောင်းကို ကျပ်ကျပ်ဆုပ်လိုက်မိသဖြင့် အသားချင်းထိမိလျှင် သူသည် စိတ်ငယ်ညှိုးချုံးနေရာက အလွယ်တကူ ရမ္မက်သွေးကြွလာသည်ကို တွေ့ရ၏။ ထို့ကြောင့် သူပြောလိုက်သည့်စကားမှာ အပေါ်ယံသက်သက်မျှသာ ဖြစ်နေလေရာ စိတ်ညစ်ညူးလာသည်။

သူ့မိန်းမကမူ မျက်စောင်းထိုး၍ ကြည့်ပြီး "ဖယ်စမ်းပါရှင်၊ အထူးအဆန်းလုပ်ပြီး ပြောမနေပါနဲ့" ဟု ပြောပြီး တစ်ဖန် "ရှင်သေချင်

သွားသေလေ၊ ကျွန်မတော့ လိုက်မသေနိုင်ဘူး။ နည်းနည်းမှ ဝါသနာ မပါဘူး"

သူသည် မိန်းမအနားမှခွာခဲ့ကာ သဲဖုံးသောအရာသို့ ဦးတည်၍ လာ၏။ သဲထဲ ခြေထောက်နစ်ဝင်သည်မို့ ဖိနပ်ထဲ သဲဝင်ကုန်၏။ မိုင်းဖုံးနှင့်တူသော အရာဝတ္ထုနှင့် ကိုက် ၅၀ မျှပင် မကွာတော့၊ သို့သော် ဘာမှမဖြစ်ဘဲ အနားရောက်လာလျှင်တော့ ခာတ်ဆီပုံး လွတ်မျှဖြစ်သည်ကို တွေ့ရသည်။ ပင်လယ်ရေစားသဖြင့် သံချေးတက်ကာ သဲများ လေးပုံ သုံးပုံမျှ ဝင်နေသည်ကို မြင်လေ၏။

အဝေးမှာမူ မျက်စိတစ်ဆုံး ပြန့်ပြူးသော ကမ်းခြေသာရှိ၍ လျှပ်တိုက်နေသော လေကပင့်သဖြင့် သဲဖုံးအုပ်ကာ အနာရွတ်များနှင့်တူနေသော သံဆူးခက်ထွေးများရှိလေသည်။ သူသည် ခဏတန့်နေပြီး တိမ်ထူသော ကောင်းကင်မှ အလင်းရောင်ပြန်ကာ မျက်စိစူးသဖြင့် ပြန်လာခဲ့သည်။

သူ့မိန်းမမူကား နဂိုနေရာမှာ မရှိတော့ချေ။ သူသည် သံဆူးခက်ကြား ထွက်ပေါက်ကျဉ်းကျဉ်းမှ မြေပြင်သလင်းသို့ လာခဲ့၏။ သူ့မိန်းမကို ကားနားမှာတွေ့၏။ လက်တစ်ဖက်က ကားတံခါးပေါ်တင်ကာ ကျန်လက်တစ်ဖက်ကား နဖူးမှ ဆံပင်ကို ပြုပြင်နေသည်။

"ကဲ... ကျွန်မတို့ ဘာလုပ်ကြမလဲ"

"စားစရာ စားကြတာပေါ့" ဟု လေသံရွှင်ရွှင်ထား၍ ပြော၏။ တကယ်တော့ ရွှင်ပြုံးဖို့ဝေး၍ စကားပြောချင်စိတ်မရှိ"

"ဘယ်မှာ စားမလဲ"

"ထင်းရှူးတောထဲ သွားစားရအောင်"

သူသည် အဖြေကိုမစောင့်တော့ဘဲ ကားနောက်မှ ပျော်ပွဲစားခြင်းတောင်းကိုထုတ်ပြီး ထင်းရှူးတောသို့ သွားသည်။ သူ့မိန်းမက လိုက်လာသည်။

သူတို့သည် မြေတလင်းကိုဖြတ်ကာ တစ်ခါက ပျော်ပွဲစားရုံဖြစ်သော အုတ်ပြို အုတ်ပျက်ပုံသို့ သွား၏။ ဖုန်ထူ၍ ဖြူသော အလင်းရောင်၌ မြေထဲတစ်ဝက်မြုပ်နေသော အပျက်အစီး ငုတ်တိုများသည်

အုံကြွထခဲ့သော မြေမှ ထိုးထိုးထောင်ထောင်ထွက်ကာ ပိုးစား ဆွေးမြည့် သောသွားပမာ အပြင်က ဖြူလျော်၊ အတွင်းက မည်းညိုလျက်ရှိ၏။ ပင်လယ်ပေါ်မိုးနေသော ညှော့ခန်းမသို့ တက်ရာလှေကားသည် တစ်ထစ်နှစ်ထစ်သာ ကျန်လေကာ ခေါင်းပေါက်ကြီး ဖြစ်သွားသည့် ခေါင်မိုးမှ တွန့်လိမ်ချေးတက်သော သံတန်းများ၊ အုတ်နံရံပိုင်းပြတ်များပေါ်သာ ရောက်နိုင်လေတော့ပြီ၊ ပြိုကျနေသော နံရံအခွေတွင်းမှာ ဖုတ်လုံးခဲကြီးများဖြစ်နေသော အပြိုအပျက်ပုံကိုကြည့်ပြီး တခြားအခန်းများကိုလည်း မှန်းမြင်နိုင်သေးသည်။ အပြိုအပျက်ကို သူတို့ပတ်၍ လျှောက်ဆဲ သူမေးမိ၏။

"နောက်ဆုံး တို့ဒီလိုရောက်ခဲ့တာ မှတ်မိသေးလား"

"ဟင့်အင်း"

"လွန်ခဲ့တဲ့ နှစ်နှစ်တုန်းကလေကွာ၊ နိုင်ငံရေးအခြေအနေ ဆိုးနေတဲ့ အချိန်ပေါ့။ ငါကတော့ ရင်မဆိုင်ချင်ခဲ့ဘူး။ အဲဒီတုန်းက မင်းဟာ ရင်ဘတ်ကို ပါးလွှာလွှာကလေးတစ်ခု ဖုံးထားရဲ့၊ ခါးမှာလည်း ပတ်မိရဲ့ ဝတ်ထားတယ်။ နေရောင်ခံထားလို့ တစ်ကိုယ်လုံးလည်း ညိုနေတယ်။ ခေါင်းမှာလည်း အဝတ်လှလှလေးနဲ့ ပေါင်းရစ်ထားသေးတယ်။ အဲဒီတော့.."

သူသည် မမျှော်လင့်ဘဲ အသံကို ထိန်းချုပ်၍ပြောလိုက်၏။

"အဲဒီတော့ ငါ့စိတ်ထဲမှာ မင်းဟာ အင်မတန် ချစ်စရာကောင်းတယ်လို့ ထင်တယ်။ ဒါပေမဲ့ မင်းကို မမြင်သလိုဘဲ နေမိတယ်။ နိုင်ငံရေးအကြောင်းပဲ တွေးနေပြီး တို့နဲ့ပါလာတဲ့ ခွေးကောင်တွေ မင်းကို ပရောပရည်လုပ်တာ ငါကြည့်နေလိုက်တယ်"

"အဲဒါဘာဖြစ်လဲ" ဟု သူ့မိန်းမက ခြောက်ကပ်စွာမေး၏။

"ဘာမှ မဖြစ်ပါဘူး"

ပျော်ပွဲစားရုံ အနောက်ရှိ ကြမ်း၍ ညစ်ပေသော မြက်များသည် သဲနှင့်ရောနေလေ၏။ ချုံပုတ်များနှင့် လူ့လက်မောင်းပမာ ခေါက်လိမ်သော သစ်ကိုင်းသစ်ပင်များ မြက်ခင်းကို ကွပ်ကဲ၍ပေါက်၏။ ဗုံးကြဲစဉ်က ပီယာနိုတစ်ပိုင်းတစ်စသည် လွင့်စင်၍ မြက်ခင်းလယ်သို့

ကျခဲ့၏။ ပီယာနိုခလုတ်ပြင်နှင့် တွဲလျက်ပါလာသော သစ်သားပိုင်းကြီး နေပုံမှာ သွားပုတ်သော တိရစ္ဆာန်တစ်ကောင် ပါးစပ်ကြီးဖြဲနေသည်နှင့် တူလေ၏။ မြက်ခင်းအနှံ့မှာလည်း သက္ကလတ်အုတ်သည် ပီယာနို မောင်းတံများ ပြန့်ကျဲလျက်နေသည်။ ပီယာနိုကိုယ်ထည်မှာမူ သစ်တစ်ပင်ခွကြားသို့ကျကာ သတ္တုမောင်းကြိုးများ တွန့်လိမ် တွဲလဲကျနေလေရာ ရုပ်ဆိုးသော နွယ်ပင်၏ နာမောင်းတံများနှင့် တူလေ၏။

သူသည် ဆိတ်ကွယ်ရာကို ရှာ၏။ အချစ်ကို ဖန်တီးဖို့အစား မကောင်းမှုကျူးလွန်ဖို့ ကြံစည်သည့်ပမာပင်။ သူ့မိန်းမက အနောက်မှ လိုက်လာ၏။ သူ့မိန်းမသည် ကြာလေ ကြာလေ မကျေနပ်လေ ရန်လိုလေဖြစ်လာသည်ကို သိရ၏။ ထင်းရှူးတောဒ္ဓ မြက်ပေါက်သော မြေကွက်လေးများရှိကာ ချုံနွယ်ပိတ်ပေါင်းတစ်စတလေဖြင့် မညီမညာ အနားကွပ်ထားသည်။ သူကြိုက်သော နေရာတစ်ကွက်တွေ့ပြီဟု သူ ထင်လျှင်တော့

"ဒီမှာထိုင်ရအောင်" ဟု ပြောကာ မြေကြီးပေါ်သို့ ထိုင်ချလေ၏။

သူ့မိန်းမသည် မတ်တတ်ရပ်ပြီး ဟိုသည် လှည့်ကြည့်နေသေး၏။ ပြီးတော့မှ ဖြည်းလေးစွာ တောင့်တင်းစွာ မျက်နှာပင့်ကာ စိတ်ပါစွာ ထိုင်ချ၏။ ဒူးပေါ်သို့ အဝတ်ဆွဲချဖုံးအုပ်သေး၏။ သူကတော့ မိန်းမကို ကြည့်မနေသလို ဟန်ဆောင်နေ၏။ ခြင်းတောင်းထဲမှ စားစရာကိုယူ၏။ အဖြူရောင် ပန်းစက္ကူများဖြင့် ထုပ်ထားသော အထုပ်ကြီးသေးများစွာ ထွက်လာ၏။ ပြီးတော့ ဝိုင်အရက်တစ်ပုလင်းပါလာသည်။

"စားစရာတွေ မင်းထည့်လာတာလား"

"ဟင့်အင်း... အဖော်မကိုခိုင်းတာ"

သူသည် မြင်ခင်းပေါ် လက်သုတ်ပဝါ ခင်းလိုက်ပြီး ကြက်ဥများ၊ အသား၊ ဒိန်ခဲနှင့် သစ်သီးများကို ဂရုတစိုက်ပြင်ဆင်လေ၏။ ပြီးတော့ ဝိုင်ပုလင်းဘူးဆို့ကိုဖွင့်ကာ ပြန်ဖုံးထားလိုက်သည်။

"ကြက်ဥစားမလား"

"ဟင့်အင်း"

"အသားကော"

"ပေါင်မုန့်နဲ့ အသားတစ်ချပ် ပေးစမ်းပါ"

သူသည် ထက်ပိုင်းလှီး၍ ထောပတ်နဲ့ သုတ်ထားသော ပေါင်မုန့်လုံးရှည်ကိုယူကာ အသားနှစ်ချပ်ထည့်၍ ပေးလိုက်သည်။ သူ့မိန်းမက ဇိဇာကြောင်ဟန်နှင့် လှမ်းယူပြီး ကျေးဇူးတင်စကားမဆိုဘဲ စိတ်မပါလက်မပါစားသည်။ သူသည် ခေါင်းငုံ့မြင့်လျက် သူ့မိန်းမကိုမကြည့်ဘဲ မာမာပြုတ်ထားသော ကြက်ဥကို မွတ်သိပ်စွာ ကိုက်စားလေ၏။ ထောပတ်သုတ်သော ပေါင်မုန့်ကိုလည်း ပါးစပ်ထဲသွင်းသေး၏။ သူ့မိန်းမကို တပ်မက်သည့်စိတ်နှင့် တူလှသော ညှိုးပူ ဆာလောင်မှုကိုလည်း ခံစားရလေ၏။ မွတ်သိပ်ခြင်းနှင့် ရမ္မက်နှစ်ခုလုံးပင် သူ၏မျှော်လင့်ချက် ပျက်ပြုန်းဆုံးပါးမှုအပေါ်မှာ ပွားစီးကြသည်ဟု သူထင်သည်။ သူသည် အသက်မရှိသော ဆန္ဒမသိသော အသေကောင်ပမာ တဏှာပူသော ချင်ခြင်းသည် အလောင်းကောင်၌ မှတ်ဆိတ်မွေးမှင်များ တိုးထွက်ပေါက်ကြသည့်ပမာ သူ့မှာ ထလာသေးသည်။

သူသည် ကြက်ဥတစ်လုံးမှ နှစ်လုံး၊ နှစ်လုံးမှ သုံးလုံး ဆက်လေသည်။ ပြီးတော့ ခဏတုံ့သွားပြီး စတုတ္ထတစ်လုံး ထပ်စားလေ၏။ ပြောင်ချောသော အကာကို ကိုက်ရတာ ကောင်းသည်။ သွားကြားမှာ နှအိသော အနှစ်ကြေမွသွားတာလည်း အရသာတစ်မျိုးပင်။ သူသည် အားပါးတရစားပြီး ဝိုင်ပုလင်းကို ပါးစပ်မှာတေ့ကာ အကျိုက်ရှည်ကြီးများ ကျိုက်၍သောက်သေး၏။ ကြက်ဥပြီးလျှင် အသားဘက်လှည့်ပြန်၏။ အပြားလိုက် ရဲနေအောင် ကြော်ထားသော အသားချပ်ကြီးများနှင့် စဉ်း၍မုန့်ကြွပ်ဖြူးကာ ကြော်သော အသားပြားနှစ်မျိုးပါသည်။ သူသည် မိန်းမကို မကြည့်ဘဲ စားမြဲစားရင်း အသည်းနှလုံး ဟာလာဟင်းလင်းဖြစ်ကာ စိတ်ညှိုးပူနေသည့်ကြားက သွေးကြောများ ဆူဝေတက်ကြွသည်ကို ခံစားရလေသည်။ သို့သော် အချည်းနှီးသာပင်။ နောက်ဆုံး၌ မျက်လုံးလှန်ကြည့်ကာ စကားတစ် ခွန်းမျှမပြောဘဲ သူ့မိန်းမကို ဝိုင်ပုလင်းကမ်းပေး၏။ မိန်းမကမူ ပေါင်မုန့်လုံးရှည်ကို စားဆဲ၊ တစ်ဝက်သာ ကုန်သေးသည်။ ပြီးတော့ ခေါင်းယမ်းပြလေ၏။

"မစားနိုင်ဘူးလား"

"မဆာဘူး"

သူသည် စားလို့ပြီးပြီမို့ ကြက်ဥခွံများနှင့် အစအစနများကို ကောက်၏။ စက္ကူနှင့်ထုပ်၏။ အဝေးသို့ တအားပစ်လိုက်၏။ တစ်ဝက်ကုန်သွားသော ဝိုင်ပုလင်းကို ခြင်းတောင်းထဲ ပြန်ထည့်၏။ ထိုအသေးအဖွဲကိစ္စလေးများကို သူ့စိတ်ထဲရှိ အရှုပ်အထွေးများကို ရှင်းလင်းသည့်သဖွယ် သပ်ရပ်စိစစ်စွာလုပ်သည်။ ပေါင်မုန့်ရှည်ကုန်အောင် စားပြီးပြီဖြစ်သော သူ့မိန်းမက သူ့လက်ကိုင်မှန်ကိုထုတ်ကာ တို့ပတ်နှင့် အလှပြင်စရာ ပြင်လေ၏။

"သွားစို့လား" ဟု မိန်းမက ပြောလေ၏။

"ဘယ်လဲ"

"အိမ်ပေါ့"

"အစောကြီး ရှိသေးတယ်"

"ပင်လယ်လည်း ကြည့်ပြီးပြီ၊ နေ့လယ်စာလည်း စားပြီးပြီ၊ ရှင် ဒီမှာ ညအိပ်ချင်သေးသလား" ဟု မကြင်မနာ ဆို၏။

သူသည် မိန်းမကိုကြည့်ကာ သည့်လောက် ခေါင်းမာရန်လိုခြင်း ကြောင့် ဒေါသဖြစ်ရမလား၊ ခေါင်းငုံ့ခံရမလား မသိတော့ချေ။ သို့သော် အသံနိမ့်နိမ့်ဖြင့် ပြောလေ၏။

"ဒီမှာ ငါမင်းကို ပြောစရာရှိသေးတယ်"

"ကျွန်မတို့ ပြောစရာတွေ ပြောလို့ဝပြီမဟုတ်လား"

သူသည် အားဆောင်၍ မြက်ခင်းမှထကာ မိန်းမဘေးနားမှာ ထိုင်လေ၏။

"မင်း ဘာမကျေနပ်တာရှိလဲ၊ ငါ့ကိုပြောစမ်းပါ"

"ဘာမှမရှိဘူး၊ ဘာကိစ္စ ရှင်နဲ့ ကျွန်မအတူ ဆက်နေရဦးမှာလဲ ဆိုတာ တစ်ခုပဲ ရှိတယ်"

"ငါ့အပေါ် ချစ်တဲ့ခင်တဲ့စိတ် မရှိတော့ဘူးလား ..."

"တစ်ခါမှမရှိခဲ့ဖူးဘူး၊ ခုတော့ သာမရှိသေး"

"ဒါပေမဲ့ကွာ" ဟု သူသည် ဇွတ်တိုး၍ ပြောလေ၏။

"မင်းကို ငါ သုံးဖို့ ပိုက်ဆံကြေးငွေ ပေးရင်တော့ မင်း ငါ့လည်

ပင်းကို ဖက်တတ်တာပဲ၊ ငါ့ကို မင်းနမ်းလည်း နမ်းဖူးတယ်၊ ချစ်တယ်လို့လည်း ပြောဖူးတယ်"

သူ့မိန်းမက ကလေးပမာ လောဘထွက်ခဲ့ဖူးသည်များကို သတိမရချင်၊ ရှက်စရာထင်သည်။

"ဟုတ်တယ်လေ သုံးဖို့ပိုက်ဆံပေးတာတွေတော့ ကြိုက်တာပေါ့၊ ဒါပေမဲ့ ရှင့်ကို ချစ်မှမချစ်တာ"

"ဒါဖြင့် ဟန်ဆောင်တာပေါ့"

"ဒီလိုလည်း ဟုတ်သေးဘူး"

သူ့မိန်းမ မှန်တာပြောသည်ကို သူသဘောပေါက်သည်။ သည်လိုမိန်းမစားအဖို့ ကျေးဇူးတင်ခြင်းသည် ချစ်ခြင်းနှင့် ဆင်တတ်၏။ ဒါသာပဲ သူ့မိန်းမအဖို့ အတတ်နိုင်ဆုံးသော ချစ်ခြင်းတစ်မျိုးလို့ ဆိုရမည်ထင်သည်။

သူသည် ခေါင်းငုံ့၍ ပြော၏။

"ငါကတော့ အခြေအနေတွေဆိုးလာပြီ ဆိုကတည်းက တစ်သက်မှာတစ်ခါဆို သလို မင်းအပေါ် စိတ်တစ်မျိုးထားလာမိတယ်။ အို ငါဘယ်လိုပြောရမှန်းမသိတော့ပါဘူး"

"ဘုရားရေ… အဲဒီလိုဆိုလည်း မပြောနဲ့တော့ပေါ့" ဟု သူ့မိန်းမက လှောင်၏။

"မင်းငါ့ကို ဘာအပြစ်ပြောစရာရှိသလဲ၊ ငါမသိရတော့ဘူးလား"

"အပြစ်ဟုတ်လား" ဟု သူ့မိန်းမက ဒေါသထွက်လာလေ၏။

"ဒီမှာ ကျွန်မဘယ်တော့မှ ထောင်ထွက်မယား အဖြစ်မခံနိုင်ဘူးရှင်ရေ့"

"ထောင်ထဲမှာ ငါဘယ်နှရက် နေရလို့လဲ၊ ပြီးတော့ နိုင်ငံရေးအရ ထောင်ကျရတာပဲကွာ"

"ရှင်ကတော့ ဒီလိုပြောတာပဲ၊ တခြားလူတွေကတော့ နိုင်ငံရေးအပြင် တခြားကိစ္စလည်း ပါတယ်ပြောကြတယ်။ ပြီးတော့ တစ်နေ့ကျ ရှင်ထပ်ပြီး အဖမ်းခံရဦးမှာပဲတဲ့"

သူ့မိန်းမအသံမှာ စိတ်ကူးရသလို ပြောရခြင်းမဟုတ်၊ သင်ထား

သည်ကို ပြောနေသလို မရဲတရဲသဏ္ဍာန်ပါလေ၏။

"ဘာမှ မင်းနားမလည်တဲ့ ကိစ္စကို မင်းပြောနေတာပဲ။ တို့အတူတူ လင်ရယ် မယားရယ်နေခဲ့တယ်။ အဲဒီတစ်ချိန်လုံး ငါဘယ်သူလဲ၊ ငါဘာလုပ်နေသလဲဆိုတာလည်း မင်း မသိဘူးမဟုတ်လား"

"မဟုတ်တာ မပြောစမ်းပါနဲ့"

"ဒါဖြင့် ပြောလေ"

"ရှင်လား၊ ရှင် ကြိုးကိုင်နိုင်ငံရေးသမားတစ်ယောက်ပေါ့"

"ဘယ်အဆင့်အတန်းက လူစားလဲသိလား"

"ကျွန်မ ဘယ့်နှယ်လုပ်သိမလဲ" ဟု အဖက်မလုပ်ဟန်နှင့် ပြောလေ၏။ "ကျွန်မ သိသမျှတော့ ရှင်ဟာ အကြီးအကဲထဲက လူပဲလေ။ ဒီလိုလူတကာပြောသံ ကြားတာပဲ။ ဒါပေမဲ့ ရှင်က အပြောင်းအလဲများသား။ ခုတစ်မျိုး၊ ခုတစ်မျိုး၊ ကျွန်မ ဘယ့်နှယ်ပြောတတ်မလဲ။ ကျွန်မမှာ ရှင့်အလုပ်အကိုင်တွေပြင် တခြားစဉ်းစားစရာတွေ ရှိသေးတယ်"

သူသည် ဖြည်းညင်းစွာဖြင့် "ဒါပေါ့၊ မင်းမှာ စဉ်းစားစရာအများကြီးပဲ" နာမည် သုံးခုကို ရွတ်လေ၏။

သူ့မိန်းမသည် ရွှယ်တူလည်းဖြစ်၊ အသုံးမကျပုံချင်းလည်း တူ၍ တွဲဖက်မိသော လင်ငယ်များ၏ နာမည်ကို မကြားချင်ယောင်ဆောင်လျက် နေလိုက်လေ၏။

သူက ထပ်မေးပြန်၏။ "ငါအရာရှိ ဖြစ်လာပြီးတဲ့နောက် ဘာတွေတစ်ချိန်လုံး ဖြစ်ခဲ့တယ်ဆိုတာကော မင်းသိရဲ့လား"

သူ့မိန်းမက စိတ်မရှည်စွာ ပခုံးတွန့်လိုက်လေ၏။

"ကြည့်ပါလား၊ ရှင်ကျွန်မကို အ,အ အ,နလို့ ထင်နေတာပဲ။ ရှင်ထင်တာထက်တော့ ကျွန်မမှာ အသိဉာဏ် ရှိပါသေးတယ်"

"ဟုတ်ပါတယ် ငါယုံပါတယ်၊ ဒါပေမဲ့ ဘာဖြစ်မလဲဆိုတာ ပြောပါဦး"

"စစ်ဖြစ်လာတယ်၊ ဖက်ဆစ်ဝါဒရှုံးသွားတယ်။ ဒါပေါ့ ကျေနပ်ပလား"

"ဟုတ်ပြီ၊ ဒါပေမဲ့ ငါဘာဖြစ်လို့ အလုပ်ပြုတ်သလဲ သိလား"

သူ့မိန်းမသည် သိပ်မသေချာတော့ဘဲ "အို–ဖက်ဆစ်ဝါဒရဲ့ ရန်သူတွေက အစိုးရ ဖြစ်လာလို့ပေါ့"

"ဖက်ဆစ်ဝါဒရဲ့ရန်သူဆိုတာ ဘယ်သူတွေလဲ"

သည်တစ်ခါတော့ သူ့မိန်းမသည် မျက်လုံးကို မိုးပေါ်လှန်ကာ နှုတ်ခမ်းများ တင်းတင်းစေ့ပြီး ဘာမှမပြောဘဲနေ၏။ သူ့၌ ဒေါသတစ်မျိုး စိုးမိုးလာလေ၏။ သည့်လောက် မိုက်မဲခြင်းကိုကြုံရသည်မှာ မစဉ်းမစား အပြစ်တင်ခံရခြင်းထက် ခံရခက်စေ၏။ သူကောင်းတာလုပ်ခဲ့သမျှ အနည်းငယ်ကို ဖယ်ဦး၊ သူ့အမှားဟူသမျှပင် အဓိပ္ပာယ်မရှိဖြစ်ရလေ၏။ ခုလိုဆိုတော့ သူ့တစ်ဘဝလုံးသည် ဟောဟို ပင်လယ်ကမ်းစပ်သဲမြေပေါ်ရှိ သူ့ခြေရာများထက် ဘာမှပို၍ အနက်မထင်ပြီ။

"ဖက်ဆစ်ဝါဒဆိုတာ ဘာလဲကွာ ပြောပါဦး'

တိတ်ဆိတ်နေရာမှ သူသည် ပြုံးခနဲ သူ့မိန်းမလက်ကို ကိုင်ဆွဲရင်းက "ဖြေလေ မာရ်နတ်မ၊ ဘာလို့မဖြေတာလဲ"

"ဖယ်ပါ ကျွန်မ ဘာလို့မဖြေသလဲဆိုတော့ ရှင်ကျွန်မကို အမျိုးမျိုးစိတ်ရှုပ်အောင် လုပ်ပြီး ကျွန်မစိတ်ကူးရသမျှကို ဖျက်ပစ်မယ်ဆိုတာ သိလို့ ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင်နဲ့အတူမနေနိုင်တော့ဘူး၊ ဒါပဲ။ သူသည် နားမထောင်တော့ပေ။ သူ့မိန်းမ၏ လက်မောင်းကို ထိလိုက်ခြင်းဖြင့် သူ ရမ္မက်ပွားခဲ့ပြန်သည်။ သူ့မိန်းမ၏ တင်းကျပ်စွာ ဝတ်ထားသော အဝတ်ကို ကြည့်၏။ အတွင်းမှ အသားအရေ နူးညံ့နွေးထွေးလေးအိဟန်သည် အဝတ်သို့ ကူးစက်လာသည်ထင်ရသည်။ သူ့စိတ်အရှည်ပျော်ကာ အသက်ရှူမြှုပင် မှားလာလေ၏။ သို့သော် ဖြည်းညင်းစွာ သူက ဆိုသည်။

"မင်းသိရဲ့လား၊ တခြားမိန်းမသာဆိုရင် ခုလိုအချိန်မှာ လင်ဘက်မားမားရပ်မယ် ဆိုတာ၊ မင်းကတော့ ဒီအချိန်မှာမှ ငါ့ကိုပစ်မယ်ကြံတယ်၊ ပြီးတော့ မင်းမှာ မကျေနပ်တာ ဆိုလို့ ပြောစရာလည်း ဘာမှမရှိဘူး။ ဘာမှန်းလည်း မင်းဘာသာမသိဘဲနဲ့ သူများ အတင်းပြောတာနဲ့ ငါ့ကို ပစ်သွားတော့မှာလား"

"ကျွန်မသိတာပေါ့၊ ဟောအထက်တန်းစား မိန်းမတွေဆိုရင်

အခုကျွန်မကို သူတို့အိမ် မဖိတ်တော့ဘူး၊ လမ်းမှာတွေ့ရင်လည်း မခေါ်တော့ဘူး။ ကျွန်မတော့ အမေ့ကိုတောင် ပြောပြီးပြီ၊ ကျွန်မ ပြန်လာချင်တယ်လို့၊ ဒါပဲလေ ရှင်နဲ့ တူတူမနေနိုင်တော့ဘူး"

သူ့မိန်းမသည် ထရပ်လိုက်သည်။ သူသည် မိန်းမကို ခြေပြန်ခေါင်းပြန် ကြည့်လေ၏။ သူ့မိန်းမသည် မာနနှင့် မတ်မတ်ရပ်၏။ ကျပ်လွန်းသော အဝတ်ဖိနပ် ခွာမြင့်မြင့်နှင့်မို့ မလှမပရပ်သည်။ မိန်းမကို တွန်းလှဲပစ်လိုက်ပြီး မာနချိုးဖို့ အလွယ်လေးဆိုတာ သူသိသည်။ အဝတ်ကျပ်သော ထိုခြေချောင်းများသည် မိန်းမ၏ အကျင့်စာရိတ္တလိုပင် မိုက်မဲခြင်းက ချုပ်စည်းထားသည်မှာ အမှန်ပင်။ သူ့မိန်းမ၌ အခြေပျက်သွားစေချင်သော စိတ်ပြင်းထန်စွာ ပေါ်လာပြီး ကိုယ်ချင်း တအားတိုက်ကာ မြက်ခင်းပေါ် တွန်းလှဲချလိုက်လေ၏။ သူ့မိန်းမသည် ထိုးလဲသွားကာ ဒေါသခြောင်းခြောင်းထွက်ပြီး "လွှတ်...လွှတ်.. ရှင် ဘာဖြစ်တာလဲ" ဟု အော်လိုက်၏။

သူသည် ဘာမျှ မဖြေဘဲ သူ့ကိုယ်နှင့် အတင်းဖိထားလိုက်၏။ ပြီးတော့ သူ့စကားကို သူ့မိန်းမနှုတ်ခမ်းထဲသို့ ပြောထည့်လိုက်ချင်ဟန်ဖြင့် နှုတ်ခမ်းချင်း ကပ်ကာပြော၏။ "ဘာပဲဖြစ်ဖြစ် ငါကတော့ ဒီလိုကောင်စားပဲ သိပလား၊ ဒါပေမဲ့ နင်ကော ငါ့ထက် ဘယ်လောက်ကောင်းတဲ့ မိန်းမမို့လဲ၊ မိန်းမမိုက်၊ မိန်းမပေါ့၊ မိန်းမယုတ်ပဲ၊ နင့်မှာ အကျိုးရှိတုန်း ငါနဲ့ နေခဲ့တယ်။ ခု နင့်မှာ အကျိုးမရှိတော့ဘူး။ ဒါပေမဲ့ ငါနဲ့ ဆက်နေရမယ်"

သူ့မိန်းမသည် ထိတ်လန့်သွားပြီး "ကျွန်မကို လွှတ်ပါ" ဟု တောင်းပန်သလို ပြောလေ၏။

"မလွှတ်ဘူး" ဟု သွားကြားထဲမှ ပြောလိုက်၏။ သူသိ၏။ ဘယ်လိုပင် သူ့မိန်းမ ငြင်းဆန်သော်လည်း သူအကြမ်းဖက်လျှင် နောက်ဆုံး၌ အလျှော့ပေးမြဲဆိုတာ အတိတ်က သက်သေပြခဲ့သည်။ အကြမ်းဖက်ပြီဆိုလျှင် နောက်ဆုံး တဒင်္ဂမှာတော့ သူ့မိန်းမသည် အကြမ်းဖက်မှုနှင့် လိုက်လျောညီထွေ ပျော့ခွေသွားပြီး စောစောက ခုခံငြင်းဆန်ခဲ့သမျှမှာ ကျီစယ်ကစားသန်ခြင်းသာဖြစ်သည့်ပမာ သည်းခံချင်စိတ်ပင်

ပေါ်တတ်သေး၏။ ဒါသည်ပင် မိုက်မဲနုံအ,မှု တစ်ရပ်ပင်။ ရန်မူခြင်းဖြစ်စေ၊ လိုလားခြင်းဖြစ်စေ ဘယ်စိတ်ထားကိုမှ အဆုံးအထိ မထားတတ်သည့် အဖြစ်တည်း။

သို့လျှင် သူတို့နှစ်ဦး လုံးထွေးရန်းကန်ဆဲ သူ့မိန်းမ၏ သေးငယ်သောမျက်လုံးများတွင် သူကောင်းစွာသိသည်။ အညှံ့ခံလိုက်လျှောတော့မည့် အကြည့်ကို ရုတ်ခနဲ မြင်မိ၏။ တွန်းကန် ငြင်းဆန်ခြင်းလည်း ပျောက်ပျက်သွားခဲ့၏။ ထို့နောက် သူ့မိန်းမက အသံနိမ့်နိမ့်ဖြင့် "တော်ပါ၊ ဒါနဲ့ လူတွေမြင်ကုန်တော့မယ်"ဟု ပြောသည်။ ဒါသည်ပင် ရှေ့တိုးဖို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။

သို့သော် ချက်ချင်းပင် ခုလိုအောင်နိုင်တာကို သူရွံရှာလာ၏။ သူ့မိန်းမ အညှံ့ခံခဲ့ပြီဆိုသော်လည်း ဘာမှတော့ တကယ်တမ်း ထူးခြားပြောင်းလဲခဲ့သည်မဟုတ်၊ သူရယူ ခံစားလိုက်သော တဒင်္ဂအချစ်မှာ မေတ္တာမပါ။

သူ့မိန်းမအဖို့ မျက်နှာပင့်ကာ မသေမသပ် အဝတ်ကြေမွသည်ကို ပြန်၍ ပြင်ဆင်ရုံတည်း။ ထို့နောက် စကားတစ်ခွန်း စသည်နှင့်ပင် သူတို့ မသင့်မြတ်မှုပြန်ထလာမည်ပင်။ ဒါတင်မက စက်ရုပ်များလှုပ်သလောက်မှ အဓိပ္ပာယ်မရှိသော နီးနှောမှုကြောင့် စက်ဆုပ်စိတ်များ ပိုလို့ ပြင်းထန်လာဦးမည်။ ပြီးတော့လည်း မိန်းမကို ယနေ့ အပြင်ခေါ်ထွက်ခဲ့သည်မှာ ဒါအတွက် မဟုတ်ချေ။

ဖျတ်ခနဲ သူထလာ်ရာ သူ့မိန်းမ မြက်ပေါ်မှာကျန်ရစ်ခဲ့သည်။ သူ့မိန်းမသည် ထထိုင်ကာ မကျေမချမ်းနှင့် ပြော၏။

"အကြမ်းဖက်လို့တော့ ဘယ်စခန်းမှ မရောက်ဘူးဆိုတာ ရှင်သိသားနဲ့"

သူသည် ဟားတိုက်၊ ရယ်မောလိုက်ချင်၏။ ပြီးတော့ သူ့မိန်းမနှင့်စပ်လျှင် အကြမ်းဖက်မှုတစ်ခုတည်းနှင့်သာ အလုပ်လုပ်လို့ ရသည်ဆိုတာ ပြောပြလိုက်ချင်၏။ တစ်ချိန်တည်းမှာပင် သူ့မိန်းမပြောသည်မှာလည်း မှန်နေကြောင်း သူသိ၏။ သူဘာလိုချင်သည် ဖြစ်စေ၊ အကြမ်းဖက်ခြင်းဖြင့်တော့ မရနိုင်ချေ။ ဒါနှင့်တောင်မှ သူ ရက်ရက်

စက်စက် ပြောမိသေး၏။ "ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ငါသာ ခုလို ထမလာ ရင် မကြာပါဘူး၊ မင်း... ဟုတ်တယ်မဟုတ်လား"

"သိပ်စုတ်ပဲ့တာပဲ" ဟု သူ့မိန်းမက တကယ်ပင် စက်ဆုပ်စွာ ပြောလာ၏။ ပြီး တော့ မြက်ခင်းပေါ်မှ ထကာ ချုံဖုတ်များကို တိုး၍ မြေသလင်းဘက်သို့ ဦးတည်၍သွား၏။

သူကတော့ မြက်ခင်းကို စိုက်ငေးကျန်ရစ်သည်။ သူ့မိန်းမ ပြော စကားများကို ကြားရပြီးနောက်တော့ သူသည် တစ်ဘဝလုံး ဘာလုပ်ခဲ့ သည်၊ ဘာကြောင့် အသက်ရှင်နေထိုင်ခဲ့သည်ဆိုတာ မသိမြင်သာ တော့ချေ။ မိန်းမပြောတာမှန်တယ်၊ တစ်ဘဝလုံး အဓိပ္ပာယ်ကင်းတဲ့ အိပ်မက်ထဲ နစ်မျောနေတာပဲ။ ခုမှ ငါနိုးလာတယ်၊ အတိတ်ကို ပြန်တွေး လျှင် ဘာကိုမှမမှတ်မိတော့။ သူ၏ မသွေဖည်ခဲ့သော သဘောထား မှန်ကိုသာ သတိရမိ၏။ ယုတ်မြတ်မရွေး မိတ်ဆွေရန်သူမဟူ သူ့မိန်းမ မှအစ သူမေတ္တာထားခဲ့သည်။ အဆုံးမှာတော့ ထိုမေတ္တာတရားသည် မကောင်းကျိုးကိုသာ ပြုခဲ့ပြီထင်သည်။ အကြောင်းမှာ တစ်သက်လုံး ပြုံးရွှင်ရယ်မောခဲ့သမျှ သွက်လက်ပြောဆိုခဲ့သမျှ ယခုတော့ မပြုံးချင်။ စကား မဆိုချင်ပြီ။ လျှာနှင့်ပါးစပ် မသုံးတတ်သလို ဖြစ်ခဲ့သည်။ သည်အခြေအနေမှာတော့ သူ့ မိန်းမလို အရူးအမိုက်ပင်လျှင် သူ့ကို အဖက်ပြုစရာလို့ ထင်ဖွယ်မရှိ။

ကားစက်နှိုးသံ ကြားရ၏။ သူသည် ခုန်ထပြီး နားထောင်သေး ၏။ ပြီးတော့ သက်မကင်း ဖြစ်လာကာ ထင်းရှူးတောကို ဖြတ်၍ပြေး လေ၏။ ချုံဖုတ်များနှင့် မညီ ညာသော မြေပေါ်ခုန်ကျော်ကာ မြေပြောင် သလင်းသို့ ရောက်လာ၏။ ဟောဟဲလိုက်ကာ ရောက်လာသည့်အခါ မှာတော့ သူ့မိန်းမ ကားမောင်းထွက်သွားသဖြင့် ကျန်ခဲ့သည့် ဖုန်သာ လေမှာအပြည့်ရှိသည်ကို တွေ့လေ၏။

ထိုနေ့အဖို့ လျော်ကန်လှသော အဆုံးသတ်ဟန်ပင်၊ သူသည် စိတ်အနှောင့်အယှက်ပင် မဖြစ်လှချေ။ စစ်ကားတစ်ကားကို လက်ပြ၍ ရပ်စေပြီး အိမ်သို့ပြန်လိုက် သွားခဲ့၏။ အလွန်ဆုံး ၂ မိုင်လောက် ခြေကျင်လျှောက်ရရုံပင် လမ်းမသို့ ရောက်နိုင်၏။ လမ်းမမှာ ကား

များစွာ သွားလာနေရာ တစ်စီးစီးကတော့ သူ့ကို တင်မောင်းမည်ပင်။ သို့သော် ထင်းရှူးတောအတွင်း လမ်းကလေးသို့ ပြန်ရောက်လျှင်မူ ပင်လယ်၏ခေါ်သံကို ကြားရလေ၏။ မြို့မပြန်ခင် ပင်လယ်၏ မပြတ်သော လှုပ်ရှားမှု၊ မပြတ်သော ရိုက်ခတ်သံဆီသို့ ပြန်ချင်သေး၏။ ပြီးတော့ သူ့မိန်းမရှေ့မှာ သူ မလုပ်ဝံ့တာတစ်ခုလည်း လုပ်ချင်သေး၏။ ထိုတစ်ခုမှာ ဖိနပ်ကိုချွတ်၊ ဘောင်းဘီကိုလိပ်တင်၊ ပြီးလျှင် အီလည်နေသော လှိုင်းရေ တိမ်တင်သည့် ပင်လယ်ရေစပ်မှာ လျှောက်သွားနေခြင်းပင်တည်း။

ပြီးတော့ သည်လိုလုပ်ခြင်းဖြင့် သူ့မိန်းမ ထွက်ပြေးသွားတာကို သူ ဂရုမစိုက်ပါ ဆိုတာကိုလည်း ပြချင်၏။

သို့သော် သူ့ဖိနပ်များကို ငုံ့ချွတ်သည့်အခါမှာတော့ သူ့လက်များတုန်နေလေသည်။ ဖိနပ်နှင့်ခြေအိတ်ကိုချွတ်၏။ ဒူးကောက်ကွေးနားအထိ ဘောင်းဘီကို လိပ်တင်လိုက်၏။ ပြီးလျှင် သံဆူးခက်ကြားမှဖြတ်ကာ ရေစပ်သို့လာခဲ့သည်။ စီးခွေအီလည်သော ရေစပ်၌ ဖိနပ်များကို လက်ဖြင့်ကိုင်ကာ ခေါင်းငုံ့မျက်လွှာချပြီး လျှောက်သွားစပြုသည်။

သူ့ကိုမြင်လျှင် စဉ်းစားတွေးတောနေသည်နှင့် တူသော်လည်း စင်စစ် သူဘာမှစဉ်းစားမနေချေ။ ရေမြှုပ်များ သူ့ခြေကိုဖြတ်ကာ ဒူးအထိ တက်လာသည်ကို ကြည့်၏။ ခြေချင်းဝတ်ကို တစ်ဖန်ရစ်ပတ်၍ မအူမလည်နှင့် လျှောကျသွားသည်ကိုကြည့်၏။ ပြီးတော့ နင်းထားသောသဲများကို သယ်တိုက်သွားသည်မို့ သက်ရှိသတ္တဝါပမာ ခြေဖဝါးယားကျိအောင် ကလိထိုးဆင်းသွားတာကို ကြည့်၏။ ခေါင်းငုံ့နေသဖြင့် ဘေးနှစ်ဖက်မှာ ရေကိုသာ မြင်ပြီး နောက်ကျိပတ်လှည့်နေသော အမြှုပ်ကွင်းဝိုင်းများ ဖြူးကြဲနေဟန်ကို ကြည့်၏။

ကမ်းစပ်က ပင်လယ်ရေပေါ်ရှိ မှော်မည်းမည်းများကိုကား လှိုင်းပုတ်သဖြင့် ကမ်းပေါ်တင်လိုက်၊ ဂယက်ရိုက်၍ ပြန်ပါသွားလိုက်ဖြစ်နေလေသည်။ တုတ်ချောင်းကလေးများ၊ ဘဲဥပုံအကြေးခွံပြောင်ပြောင်ကလေးများ၊ သစ်သားစမှုန်မှုန်မွှားမွှားကလေးများသည် သဲဖြင့် လေးလံ၍ အမြဲလှုပ်ရှား ဂယက်ရိုက်နေသော ရေမှာ ပေါ်နေသည်။ ဂဏန်းခွံ

ခြောက်ကလေးများ၊ ပင်လယ်မှော်စိမ်းများ၊ သစ်မြစ်ပြတ်အဝါများက လည်း အမှိုက်သရိုက် အမည်းရောင်ကြားဝယ် နှောဝင်လာသေး၏။

ရေတလှိုင်း အိသွားသည်ဆိုလျှင် ရေမှော်တို့သည် သူ့ခြေကို အလောတကြီး ကပ်တွယ်ကာ ဝင်းဝင်းလက်လက်ပြူသည့် မှော်ပြင်မှာ တရုတ်စာလို အနက်ကွက် ပြောက်များပေါ်စေလေ၏။ ရေပြင်၌ ရုတ် ရုတ်ရက်ရက် နှောင့်ယှက်လှုပ်ရှား အမြှုပ်ထဆဲ တစ်လှိုင်းနှင့် နောက် တစ်လှိုင်းကြားမှာ ပို၍ ကြီးမားသော ဒိုက်ကိုလည်း ဟိုမှာသည်မှာ မြင်ရပြန်၏။ မနီးမဝေးမှာ တိရစ္ဆာန်နှင့်တူသော ဘာရောင်လို့လည်း မပြောသာ၊ ဘာပုံသဏ္ဌာန်လို့လည်း မဆိုနိုင်သော တစ်စုံတစ်ခုကို မြင်လိုက်သေး၏။ သို့သော် ထိုတစ်စုံတစ်ခုမှာ ခြေထောက်ရောဂါကု သည့် ပုံတုမိန်းမဖိနပ်မှ သစ်သားခွာမျှသာ ဖြစ်သည်ကို သိရလေ၏။ ဖိနပ်ဦးကို စိမ်းနုဖြူမြသော ခရုခွံကလေးများဖြင့် သိပ်သည်းစွာခြယ်စီ ကာ ဖုတ်သိုက်ကလေးဖြစ်အောင် ထင်ထား၏။ ဖိနပ်ခုံမှာမူ အနီဝတ် ကပ်မြဲကျန်သေး၏။ သူကြည့်နေဆဲ အမြှုပ်မပါသော လှိုင်းမြင့်တစ်လုံး ရိုက်ဝင်လာကာ သူ့ပေါင်ရင်းဆီအထိ စိုရွှဲသွားစေလေ၏။ သူသည် ဖိနပ်ကို လွှင့်ပစ်လိုက်ပြီး ကမ်းစပ်သို့ နောက်ပြန်ဆုတ်ခဲ့သည်။

ထိုသောင်းကျန်းသော ရေလှိုင်းရိုက်သည့် နူးညံ့မျောပါနေသော သဲအောက်ခံ သည့် ကမ်းခြေရေစပ်တွင် သူဘယ်လောက်ကြာကြာ လျှောက်မိသည် မသိတော့ချေ။ သို့သော် ဒူးဆီသို့ လာတိုက်ပြီး သူ့မျက် ကွယ်မှ ကမ်းခြေသို့ ပြေးရိုက်နေသည့် လှိုင်းများစွာကို ကြည့်ပါများ သော် မူးနောက်လာ၏။ ပင်လယ်သို့ မျှော်ကြည့်လျှင်တော့ မြင့်မား၍ မတ်စောက်သော ရေတံတိုင်းကြီးလိုသာ မြင်ရလေ၏။ မိုးကုပ်စက်ဝိုင်း ပေါ်ရှိ ကောင်းကင်ကို အခိုးအငွေ့တန်းကလေးမျှသာ မြင်ရလေ၏။ အဲသည်မှာ ပင်လယ်ငှက်တစ်ကောင်တလေသည် ရေပြင်ကို သီသီ ဖြတ်၍ အန္တရာယ်များလှစွာ အဝေးသို့ ပျံသည်ကိုမြင်ရ၏။ သေရည်မူး သည့်ပမာ လွန်ကျူးပြင်းထန်သော လေကျနေသည်ကို သတိရ၏။ သူသည် မူးဝေလာပြီး ပို၍လေးလံသော လှိုင်းလုံးကြီးတစ်လုံး၏ ဒဏ် အောက်မှာ လဲကျလုလု ဖြစ်သွားသေး၏။ လှိုင်းရိုက်သံများသည်

ဒါကိုမြင်၍ အားတက်လာသလို ချက်ချင်းပင် ပို၍ ကျယ်လောင်စူးရှစွာ အော်ကြသည် ထင်ရလေ၏။

ကြောက်မိသလိုလိုဖြစ်ကာ ကမ်းဘက်သို့လှည့်၏။ ရေမှလွတ်ရာ ခြောက်သွေ့သောသဲပေါ်မှာ ခဏထိုင်ချင်၏။ သူလျှောက်လာသည်မှာ ကမ်းခြေမှဝေးခဲ့ပြီပင်၊ မြေသလင်းနှင့် အပြိုအပျက်များ ဟိုအဝေးမှာ ကျန်ခဲ့ပြီ။ သည်မှာတော့ သဲများအလိပ်လိပ်ထနေပြီး တိုင်ငုတ်များနှင့် သံဆူးခက်များသာ လူတွေဆန့်တန်းစီကာ ဆီးတားသည့်သဖွယ်ရှိနေလေ၏။ သူသည် ကျပ်သိပ်သော နက်မှောင်ပြောင်လက်သည့် ရေမှော်ပြင်ကို မြင်ရပြန်၏။ ထိုရေမှော်ပြင်အောက်မှာ လှိုင်းဒဏ်ကြောင့် သဲချိုင့်ခွက်ကြီး ဖြစ်နေ၏။ ထိုရေမှော်ပြင်သို့ ရောက်အောင် သူစုန်လိုက်ပြီး မြေကြီးကိုလက်နှင့်ထောက်ကာ ရေမှော်ပြင်ပေါ် ခုန်လိုက်ပြန်သည်။

ရေမှော်နှင့်သဲများသည် မြည်ဟည်းပေါက်ကွဲသံနှင့်အတူ လေထဲမြောက်တက်လာဆဲ သူ့မျက်လုံးများမှောင်သွားပြီး သူ လဲကျသွား၏။ မဆုံးနိုင်သော မှန်တိုင်းထဲမှာ ဦးစောက်ထိုးကျခဲ့သည်လို့ထင်ရ၏။ သို့သော် တိတ်ဆိတ်ခြင်းနှင့် မလှုပ်ရှား ငြိမ်သက်ခြင်းတို့သာ လိုက်လာ၏။ သူသည် ရေထဲမှာ ပက်လက်ကျနေလေ၏။ ပင်လယ်၏ အသံနှင့် လှုပ်ရှားဟန်ကို သဲ့သဲ့သာကြားသိကာ အထူးတလည် ချိုမြလှသည်ထင်၏။ ကောင်းကင်ကို ပြန်မြင်ရသည်။ ပင်လယ်ရေသည် သူ့ကိုဆံပင်မှ ကိုင်၍ဆွဲချသည်။ သူ့ကိုယ်ခန္ဓာသည် လှိုင်းတစ်လုံးနှင့်အတူ ဦးစောက်ထိုး ဆင်းသွားဆဲ ကြီးမားသော အနီကွက်ကြီးတစ်ခု ကမ်းဘက်သို့ အသော့သွားသည်ကို မြင်လိုက်၏။ အမြှုပ်ကွင်းဝိုင်းများနှင့် ဒိုက်သရော မည်းများလည်း လိုက်ပါသွား၏။ နောက်လှိုင်းတစ်လုံး ရောက်လာပြန်ကာ သူ့ကို ဆွဲချပြန်လေရာ သူသည် မျက်စိများကို မှိတ်လိုက်လေသည် ......။

***(Alberto Moravia၏ Back to the Sea ကို ဘာသာပြန်ဆိုပါသည်။)***

*မြဝတီမဂ္ဂဇင်း၊ မေ၊ ၁၉၆၃*

❑



## မိုးလားမောင်ရို့

စနေနေ့ဆိုရင် ကျွန်တော်တို့လင်မယားဟာ ဆိုင်ကြီးတွေမှာ ခင်းကျင်းပြထားတဲ့ ပြတင်းပေါက်ကို ငေးမောဖို့ ထွက်ကြပါရော။ အဲဒီတော့ ဘာဖြစ်သလဲသိလား၊ ဖိနပ်မျိုးစုံ ပြထားတာ၊ ဒါမှမဟုတ် အထည်အဝတ်တွေ ပြထားတာ ငေးမောလို့ ကောင်းတုန်း ကျွန်တော့် လက်မောင်းကို သူ တငင်ငင်ဆွဲပါပြီ။

"အချစ်ရေ ... ကြည့်စမ်းပါဦး။ ကြည့်စမ်းပါဦး" လို့ ကျွန်တော့် မယားအလှက တိုးတိုးတိုးတိုး လုပ်ပါရော။ "ဟိုမိန်းကလေးကြည့်စမ်း ပါဦး။ ရှိလှ ၁၈ နှစ်ပေါ့"၊

"အေးလေ၊ မင်းကိုကော ဘယ်သူက ၁၈ နှစ်ကျော်ပြီလို့ ပြောမှာ လဲ။ အေးလေ အလွန်ဆုံး ၁၉ နှစ်ကွာ၊ ဘယ်နည်းနဲ့မှ ၁၉ နှစ်ထက် တော့ ပိုမှန်းဝုံမှာမဟုတ်ဘူး။ လောင်းရဲတယ်"

"အမယ် ... ကျုပ်ကြီးလှပြီဆိုတာ လူတိုင်းသိပါ့တော်။ ၂၄ နှစ်ကျော်လို့ ၂၅ နှစ်ထဲ ဝင်လာပြီရှင်ရေ့။ ဟော ... မကြာခင်ဘဲ ၂၆ နှစ်ပြည့်တော့မှာ။ ၂၆ နှစ်ဆိုတာ အသက်သုံးဆယ်နား ဘယ်လောက် နီးနေပြီဆိုတာ သိတယ်မဟုတ်လား"

ကျွန်တော်တို့နှစ်ယောက်ဟာ ဆိုင်တစ်သီကြီးကို ဖြတ်ခဲ့ပြီးပြီ

ဆိုရင် အလှဟာ ကျွန်တော့်လက်မောင်းကို ဆွဲပြန်ပါရော။ ဒီတစ်ခါ တော့ သူပြတာက မိန်းမ ခပ်ကြီးကြီး ကလေးပေါက်စကလေးတစ် ကောင် လက်တွန်းလှည်းထဲ ထည့်တွန်းရုံမက ဘယ်ဘက်က ယောက်ျားကလေးတစ်ကောင် ညာဘက်က ကောင်မလေးတစ်ကောင် သူ့အင်္ကျီစတစ်ဖက်စီ ဆွဲပြီး လိုက်လာလိုက်ကြတာ။ အဲဒီအမေ့အင်္ကျီစ ဟာ ဗိုက်ဖုံးအင်္ကျီဖြစ်ချင်တောင် ဖြစ်နေသေးသဗျ။

"အမယ်လေးတော် ... ကြည့်စမ်းပါဦး။ ပေါတဲ့သူများတော့ ပေါလိုက်တာနော်" လို့ ကျွန်တော့်မယားက ညည်းရှာတယ်။ ဒါတင် မက အဲဒီကလေးတစ်သိုက်နဲ့ ကလေးတွေ အမေကို ကမ္ဘာအံ့ချီးဖွယ်ရာ တစ်ခု မြင်ရသလို ပြူးတူးပြဲတဲကြည့်နေချည်တော့ဗျို့။ မှန်တာပြော ရရင် ကျွန်တော့်စိတ်ထဲမလည်း ပဟေဠိ အဖြေရှာမရတဲ့အဖြစ်မျိုး ခံစားရပါရဲ့။

ကျွန်တော်တို့လင်မယားလည်း အသာကလေးအိမ်ပြန်လာပြီး အဖေနေခွင့်ပေးထားတဲ့ အဖေ့အိမ်ပေါ်ထပ် ဝရန်တာကလေးမှာ ထိုင် ကြပါတော့တယ်။ ငုံ့ကြည့်လိုက်ရင် မြေရာကွက်လပ်၊ ပြီးတော့ ကွက်လပ်အလယ်ကောင်မှာ ကြော်ငြာဆိုင်းဘုတ်ကြီးရဲ့ နောက်ကျော၊ ပြီးတော့ လူတွေရပ်နေလေ့ရှိတဲ့ ဘတ်စ်ကားမှတ်တိုင်ကို မြင်ရပါတယ်။ ဆိုင်းဘုတ်ကြီးပတ်လည်က မြက်ပင်ရှည်ကြားမှာ ကလေးတွေ ခုန် ပေါက်ကစားလို့ပေါ့ဗျာ။ တစ်လောကလုံး မအားမလပ်ဖြစ်နေတဲ့ပုံ ပါပဲ။

"ဘာတွေစဉ်းစားနေလဲဟေ့။ ပြောပြရင် ပိုက်ဆံတစ်စေ့ပေးမယ်" လို့ ကျွန်တော်က လှန့်နှိုးသလိုပြောရတယ်။ "ဟို အင်္ကျီစလေး လိုချင် နေလို့လားဟင်" လို့ အလှကို မေးရပါတယ်။

"အင်္ကျီတွေရှိသားပဲ"

"ဒါဖြင့် ဘာလိုချင်လဲ"

"ကလေးတစ်ယောက်လောက် လိုချင်တယ်"

လို့ သူ့မျက်နှာကလေး တည့်တည့်လှည့်လာပြီး ပြောတယ်။ "ကလေးလိုချင်လိုက်တာ ရင်ထဲ ကလိကလိနဲ့နေတာပဲမောင်ရေ့" လို့

ပြောသေးဗျား။

"ဒါများကွာ ရမှာပေါ့။ တစ်ဒါဇင်တောင် ကျော်ဦးမယ်"လို့ပြော တော့ အလှက ပြောတယ်။ "သိရက်သားနဲ့အချစ်ရယ် မဟုတ်တာတွေ ပြောမနေပါနဲ့"တဲ့။

အလှဟာ လှရုံမက ဝမ်းနည်းညှိုးငယ်ပြီး လိုရာမရ တောင့်တာ နေရှာတော့တယ်။ သူ့ကို ပွေ့ယူပိုက်ထွေးလိုက်ရင်တော့ ရေနစ်သူ ကောက်ရိုးတွယ်သလို ကျွန်တော့်ကို တွယ်ခိုပြီး နေရှာပါတော့တယ်။

တခြားနေ့တွေကျရင်တော့ ကျွန်တော်တို့လင်မယားဟာ စကား များပါရော။ ဘာကိစ္စမှမရှိဘဲ စကားများကြပြီး တစ်ယောက်ယောက်က စိတ်ကောက်ပြီး အိမ်ပြင်ထွက်ရင် ထွက်၊ မထွက်ရင် အလှငိုရတဲ့ဘဝ ရောက်ရော။

တစ်နေ့တော့ ကျွန်တော်ကပြောတယ် "ဒီမှာ အလှ၊ တို့ဟာ ဘာမှ ရန်ဖြစ်စရာမရှိ ဖြစ်နေတယ်။ အဲဒါ ဘာကြောင့်ပါလိမ့်ဟင်"

သူ့ခမျာလည်း အငိုရပ်ပြီး မီးဖိုချောင်အလယ်ကောင်မှာရပ်လို့ အဖြေပေးရှာပါတယ်။

"ဘာဖြစ်ရမလဲရှင်ရဲ့၊ အိမ်ထောင်ကျတာလည်း ၄ နှစ်ရှိပြီ။ အစကလည်း နှစ်ယောက်၊ ခုလည်း နှစ်ယောက်ပဲ။ အလှလည်း မပြော တတ်တော့ဘူး။ ဒါပေမဲ့ အလှတို့နှစ်ယောက် ငုတ်တုတ်ကြီးရပ်နေတုန်း သူတကာက ကျော်ကျော်သွားကြသလို အောက်မေ့တယ်"လို့ ပြောချေ တော့တယ်။

ကျွန်တော်လည်း မယားသည်ကို လက်မောင်းကြားထဲထည့်ပြီး "အေးကွာ ... ငါလည်း ဘာမှမတတ်နိုင်ဘူး။ စိတ်မဆိုးပါနဲ့။ တတ်နိုင် တာဆို ဘာမဆိုလုပ်ပါရဲ့ အလှရယ်" လို့ ပြောမိတယ်။

အလှလည်း ကျွန်တော့်ပခုံးပေါ် ခေါင်းကလေးမှီပြီး မောသွား သလို သက်ပြင်းချရှာတယ်။ သူ့ဆံပင်မွှိုင်းညို့ညို့ဟာ ကျွန်တော့် မျက်နှာမှာ သန့်စင်မွှေးကြိုင်လာပါတယ်။

"အချစ်ရေ ... ကလေးတစ်ယောက် မွေးစားရရင် မကောင်း လား"

"မကောင်းပါဘူးလို့ပြောတာ ဘယ်နှခါရှိပြီ အလှရဲ့"

"ဘယ်နှခါမှ မပြောရသေးဘူး။ ဒီအကြောင်းပြောတိုင်း ရန်ဖြစ်ရော။ ဘာဖြစ်လို့လဲ"

ကျွန်တော်လည်း ဘာမှမဖြေတတ်ဘူး။ ဘာဖြေရမှန်းလည်း မသိဘူး။ ကျွန်တော် သိသမျှကတော့ အလှ အဲဒီကိစ္စ စကားစတိုင်း ကျွန်တော့်ရင်ထဲ လိပ်ပြာတစ်ထောင် ဝဲပျံနေသလား ခံစားရသဗျ။

"ဘာဖြစ်လို့များ ဒီလောက်အရင်လိုနေတာလဲကွာ။ တစ်နှစ်၊ နှစ်နှစ်ကြာလို့ ကိုယ့်အိမ်ကိုယ့်ရာကလေးဖြစ်လာတော့မှ"

"မဟုတ်သေးပါဘူး အချစ်ရယ်၊ ဟောဒီလိုအခန်းမျိုးနဲ့ နေနိုင်ရင်ကို ဖြစ်တယ်လို့ သူတို့က ပြောတယ်"

"ဘယ်သူတို့က ပြောတယ်"

"ကလေးရှာပေးမယ့်အဖွဲ့ကပေါ့"

ကျွန်တော်လည်း သူ့ကို သေသေချာချာကြည့်ပြီး

"မင်း ဘယ်သူတွေနဲ့ တွေ့လာသလဲ"လို့ မေးလိုက်ပါတယ်။

"အို ... ရုံးက အသိမကလေးက ပြောတာ၊ သူ့အစ်မက ..."

"နေစမ်းပါဦး ..." လို့ ကျွန်တော်က အော်လိုက်ပါတယ်။

"ကိုယ့်အိမ်ကိစ္စကို ဘာဖြစ်လို့ လူတကာနဲ့ လျှောက်ပြောနေတာလဲ။ မင်းမှာ တိုင်ပင်စရာ ငါတစ်ယောက်လုံးရှိတယ်မဟုတ်လား"

ဘာကြောင့် ဒီလို မယားကို ရန်ရှာမိသလဲ၊ ကျွန်တော်လည်း မပြောတတ်တော့ပါဘူး။ ကျွန်တော့်စိတ်ထဲတော့ ထောင်ချောက်ထဲက မထွက်နိုင်သလိုဖြစ်ရတယ်။ အဲဒီ အခါမှာ မယားအလှလည်း "ကဲ၊ ကြည့်ပါလား ... ဒီကိစ္စနဲ့ပတ်သက်ရင် စကားကောင်း ပြောလို့မရပါဘူးလို့ ဆို"လို့ပြောပြီး ငိုပါလေရော။

ကျွန်တော် ဘာမှပြန်မပြောရသေးခင် အောက်ထပ် အဖေတို့အခန်းက အသံကြားတယ်။ အဖေပေါ့ဗျာ၊ သုန်ကြီးမှုန်ကြီးနဲ့ လှေကားခြေရင်းက ရပ်ပြီး "ကောင်မလေးကို ရန်မရှာပါနဲ့လို့ပြောတာ မရဘူးလား"လို့ ကြိမ်းတယ်ခင်ဗျ။

"ကျွန်တော်က ရန်ရှာတယ်။ ဘာများပြောရသေးလို့လဲ အဖေရ။

ကျွန်တော်တို့ ကိစ္စတစ်ခုပြောနေတာ”

“ဘာပဲဖြစ်ဖြစ် မင်းတစ်မျက်နှာ သူ့မှာ အားကိုးနေရတာ”လို့ အဖေက ဟောက်ပြန်ပါရော။ “သူ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ လုပ်ရင် မင်းနဲ့ငါနဲ့ တွေ့မယ်”တဲ့ ခင်ဗျ။

အဖေလည်း အိမ်ထဲပြန်ဝင်သွားရော၊ အမေ ထွက်လာပါလေရော။

“အလှရေ ... သမီး အောက်ထပ်ဆင်းလာခဲ့ဟေ့။ ဒီကောင် နည်းနည်း ယဉ်ကျေးလာတဲ့အထိ တစ်ယောက်တည်း နေပေစေဦး”လို့ ဆိုပြန်ချည်သေး။ ပြီးတော့ အိမ်ထဲ ဖောင့်ခနဲ ပြန်ဝင်သွားတော့ ကျွန်တော်လည်း ဘာမှမပြောတတ်ဘဲ အလှရှိရာ မီးဖိုခန်းကို လာခဲ့ပါတယ်။

“ကျေနပ်ပလား မမ၊ သူတို့က ခင်ဗျားကို ကျုပ်က ရိုက်နေပြီလို့ ထင်နေကြတယ်” လို့ ပြောလိုက်တော့ အလှလည်း ဘာမှမပြောဘဲ ငိုရာကရယ်၊ ရယ်ရင်းလည်း ငိုပြီးနေပါတော့တယ်။ ကျွန်တော်လည်း မယားကလေး အသာမွှေးနမ်းပြီး ခေါင်းရှင်းဖို့ ထွက်ခဲ့တယ်။ လမ်းထိပ်ရောက်တော့ လက်ဖက်ရည်ဆိုင်မှာ မာဒင်နဲ့တွေ့ပါတယ်။ မာဒင်ဆိုတာက ကျွန်တော်တို့စက်ရုံမှာ အလုပ်လုပ်ဖက်ပေါ့ဗျာ။ အင်မတန်ထွားကျိုင်းတဲ့ကောင်ကြီး။ ၃ တန်ကားလောက်ရှိတယ်။ စက်ရုံမှာ ကျွန်တော်တို့နှစ်ယောက်လုံး ကုန်ထုပ်ပို့တဲ့ဘက်မှာလုပ်ကြပါတယ်။

“ဘာဖြစ်လာတုံး အလှနေကောင်းရဲ့လား” လို့ သူကမေးတော့

“အေးဗျ၊ ခုပဲ စကားများလာတယ်။ ကလေးလိုချင်လို့တဲ့ဗျ” လို့ ကျွန်တော် ဝန်ခံလိုက်တယ်။

“ကလေးလိုချင်တာများ ဘယ်ဥပဒေက တားထားလို့တုံး”

“သူက မွေးစားချင်တာဗျ”

“မွေးစားချင် မွေးစားပေါ့။ ကိုယ်တို့လင်မယားတောင် တစ်ခါ မွေးစားဖြစ်မလို့”

“ဘာဖြစ်လို့ မမွေးစားလဲ”

“ဘာဖြစ်လို့လဲဆိုတော့ လေးယောက်မွေးပြီးသားရှိလို့ဟေ့၊

သိပလား” တဲ့။ “အေးကွ၊ မိန်းမဆိုတာ လုံးထီးဖြစ်လွန်းရင် ရူးမတတ်၊ သေမတတ် ဖြစ်တတ်တာနော”လို့ သူက တရားပြပြန်တယ်။

သူပြောမှပဲ ကျွန်တော်လည်း ဒီအတွက်ပူနေတာ ကိုယ့်ဘာသာ သတိရတယ်။ သတင်းစာထဲ ဖတ်ဖူးသလို တစ်သက်လုံး ရိုးရိုးဖြောင့် ဖြောင့်နေလာပြီး တစ်နေ့ကျတော့ စိတ်ရူးပေါက်ပြီး သူများကလေး လက်တွန်းလှည်းထဲက ခိုးပြေးတဲ့မိန်းမလေးလို အလှများ လုပ်မိလေ မလား။ ရှက်တော့ ရှက်ပါရဲ့၊ ဒါပေမဲ့ အဲဒါ တကယ်ပဲဖြစ်နေသလို ကျွန်တော် အလန့်ကြီးလန့်မိတယ်။ ချက်ချင်းပဲ ကျွန်တော် အိမ်ပြန်လာ လိုက်တာ မပြေးရုံတမယ်ပဲ။

အိမ်လည်းရောက်ရော လှေကားကို နှစ်ထစ်ကျော် ပြေးတက်ပြီး မီးဖိုထဲ ဝင်လာလိုက်တာ ဘာများတွေ့ရမလဲလို့ မတွေးဝံ့သလောက်ပဲ။ ဒါပေမဲ့ အလှက ရှပ်အင်္ကျီတွေ မီးပူတိုက်နေသဗျ။

“နေကောင်းရဲ့လား အလှ … ဟင်”လို့မေးတော့

“ကောင်းလိုက်တာမှ ဒင်ဒင်မြည်လို့။ ဘာဖြစ်လာလဲ”တဲ့။ ကျွန်တော့်ကို မျက်လုံးပြူးကြီးနဲ့ကြည့်တယ်။

“ဘာမှမဖြစ်ပါဘူး။ တယ်လီဖုန်းသာ သွားဆက်ချေပါ”

“ဘယ်သူ့ဆက်ရမှာလဲ၊ ဘာလဲ”

“အဲဒီ ကလေးရှာပေးတဲ့အဖွဲ့ဆိုတာပေါ့ကွာ။ တို့ ကလေးတစ် ယောက် မွေးစားချင်တယ်လို့”

အလှက မယုံနိုင်သလိုကြည့်ပြီး “ခုချက်ချင်းလား”တဲ့ မေး တယ်။

“ဒါပေါ့ … နို့မဟုတ်ရင် သူများ တို့အရင်ဦးသွားလိမ့်မယ်”

အလှလည်း တကယ်ကျတော့ကြောက်လန့်နေပြီး “အို … အလှ မလုပ်နိုင်ဘူး” လို့ ငြင်းတယ်။

“ဘာမလုပ်နိုင်တာလဲ”

“အလှတို့ကို ပယ်ချလိုက်ရင် ဘယ့်နဲ့လုပ်မလဲ”

“သူတို့ပယ်ချင်တိုင်း ပယ်ချလို့ရမလားကွ။ ဒါ လွတ်လပ်တဲ့ နိုင်ငံကွ”

"တစ်ခုက အချစ်ရော လှရော လူကြီးစိတ် သိပ်ဝင်သေးတာ မဟုတ်ဘူး။ ပြီးတော့ အချစ်ရဲ့လခကလည်း မများလှဘူး။ ဒီအိမ်ခန်း မျိုးကိုလည်း ကျေနပ်ချင်မှ ကျေနပ်မယ်" အလှဟာ စကားရပ်ပြီး ငိုရပြန်ပါရော။ "မယုံရင်ကြည့်၊ ပထမအဆင့် စစ်ဆေးရုံနဲ့ အလှ တို့ ပယ်ချခံထိမှာ"

အဲဒီနေရာတော့ အလှမှားသဗျို့။ ပထမအဆင့်တင်မက နောက် ထပ်အဆင့်တွေပါ ကျွန်တော်တို့အောင်တယ်။ လူမှုဝန်ထမ်းမှူးဟာ ကျွန်တော်တို့အိမ်ရော၊ ကျွန်တော်တို့ကိုရော သဘောကျသွားပြီး ဆရာဝန်က ထောက်ခံရုံလိုတော့တဲ့ လက်မှတ်ကို ထုတ်ပေးပါရော။

ကျွန်တော်တို့ရဲ့ဆရာဝန်က အသက်ငယ်ငယ်ပဲ၊ လူနာကျအောင် တော့ မပြောတတ်ဘူး။ ဆေးကုတော့ အင်မတန်တော်ပါတယ်။

"ကလေးမွေးစားချင်လို့တဲ့လား ... ဘာကိစ္စ မွေးစားချင်တာ တုံး။ စံပြမိဘ ဖြစ်နိုင်တယ်လို့များ ထင်နေကြလား"လို့ ပြောသဗျ။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"လို့ အလှက ပြန်ပြောတော့။

"ခင်ဗျားတို့နှစ်ယောက်လုံး လူကြီးမဖြစ်သေးလို့ဗျ။ အဲဒါပဲ စိတ် တော့ မရှိနဲ့။ ထောက်ခံစာ မရေးပေးနိုင်ဘူး"တဲ့။

(အဓိပ္ပာယ်ကတော့ ဆရာဝန်က ကျွန်တော်တို့ ကလေးမွေးစား တာ သိပ်ဝမ်းသာတယ်။ အူကိုမြူးလို့ ထောက်ခံစာအတုနဲ့လာတောင် စာရွက်စာတမ်းအမျိုးမျိုးထိုးပြီး လက်မှတ်ထိုးဦးမယ်)

"သိပ်တော့ မျှော်လင့်မနေနဲ့နော်။ မွေးစားဖို့ ကလေးဆိုတာ အဆင်သင့်ခဲသား ၄-၅-၆ နှစ်တောင် စောင့်ရင် စောင့်ရတာ"လို့ ပြောလိုက်သေး။

၆ နှစ် ဘယ်ဟုတ်မတုံး၊ ၆လတောင် မကြာပါဘူး။ ၈ လသား ယောကျ်ားကလေးတစ်ယောက် ရပါတယ်။ မျက်နှာကလေး မှုန်ကုပ် ကုပ် ရှုံ့တုံ့တုံ့နဲ့ နားရွက်ကြီးကြီးနဲ့။

"အမယ်လေး အချစ်ရယ်၊ လှလိုက်တဲ့ကလေးနော် ... လှလိုက် တဲ့သားလေး" လို့ အလှက ဆိုတော့

"နားရွက်ကတော့ ခန့်ခန့်ပဲဟေ့။ နားချော်ပြီး မကြားလိုက်တော့

ဘယ်တော့မှ ရှိမှာမဟုတ်ဘူး” လို့ ကျွန်တော်က ဖြေပါတယ်။

ကလေးကလေးချီပြီး အိမ်ပြန်တော့ အမေနဲ့ အဖေ လမ်းထိပ်က ဆီးကြိုပါတယ်။ အဖေက ကလေးကို ဆီးချီပြီး အိမ်အထိ သယ်လာသလေ။

“သူ့ ဘယ်လိုနာမည်မှည့်မလဲ” လို့ မေးသေး။

“ဖိုးအောင်ပေါ့ဗျာ” လို့ ကျွန်တော်ကပြောတော့ အဖေက ကလေးကို သူနဲ့ မျက်နှာချင်းထိမတတ် ချီမပြီး “ဖိုးအောင်ချစ်ကွ၊ ဒါမှ မင်းနာမည်ပါ ပါမပေါ့။ ဖိုးအောင်ချစ်ကလေး ... မင်းဟာ တို့ အိမ်သားဖြစ်ပြီ။ တို့အိမ်သားထဲမှာတောင် တကယ့်ထိပ်သီးနေရာက ကောင်ဟေ့။ ဘယ်သူ ဘာပြောမတုံး”လို့ ဆိုပါတယ်။

အမေက ဝင်ပြီး “ကလေးကို ဒီပေးစမ်းပါရှင့်၊ ကလေး သေးစို နေတာ မြင်ဘူးလား။ ကလေးသေးစိုနေတုန်း မိန့်ခွန်းရှည်ကြီး ပေးနေရသလား။ အလှရေ... ဘယ်မလဲဟဲ့ ... ကလေးခါးတောင်းကျိုက်...”

ကလေးရကတည်းက အလှလည်း လမ်းမထွက်ရင် ကိုယ်ဝန်ဆောင်မိန်းသားတွေကို သတိမပြုမိတော့ဘူး။ ကလေးအမေတွေ ကလေးချီလာရင် စိန်လည်တုံကြီး ရောင်းဖို့ ပြထားတာ မြင်ရသလို လိုချင်တပ်မက် မဖြစ်တော့ဘဲ ဝမ်းနည်းပြီး အလိုမပြည့်တဲ့ရုပ်လည်း ပျောက်ခဲ့ပါတယ်။

ကျွန်တော်လည်း ပြောင်းလဲသွားတယ်။ ချက်ချင်းပဲ စားသောက်လို့ မမြိန်တော့ဘူးခင်ဗျ။ ဆင်တစ်ကောင်ကုန်အောင်စားပြီးတောင် နောက်တစ်ပန်းကန်ပေးဦး တောင်းတဲ့ကောင်စားမျိုးက ခုတော့ ဘာစားမိလို့ စားမိမှန်းမသိ။ အိမ်ထဲ ပတ်ချာလှည့်ပြီး စိတ်ညစ်နေတော့တယ်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်တောင် မလျှောက်မိဘူး။

အလှ စိတ်မကောင်းမှာစိုးလို့ ဟန်လုပ်နေပေမဲ့လည်း သိတာပေါ့ဗျာ။ အရူးမှ မဟုတ်တာ။

“အချစ် နေကောင်းရဲ့လား”တဲ့။

“ငါလား ... ဘာဖြစ်လို့တုံး ... နေကောင်းလိုက်တာမှ”

"ဒါပေမဲ့ တမှိုင်မှိုင်တတွေတွေနဲ့ပါလား။ စားတောင် မစားနိုင်ဘူး"

"ရောဂါတစ်ခုခုများ ဝင်သလားတော့ မသိ"

အလှက နဖူးလာစမ်းပြီး လက်က သွေးခုန်တာ စမ်းပြန်တယ်။

"ဘာရောဂါမှ မဖြစ်ဘူး။ ပြောစမ်းပါ ဘာဖြစ်နေလဲ"

"မှန်တာပြောမယ်နားထောင်မလား။ ငါ့ဟာ ငါလည်း ဘာဖြစ်နေမှန်းမသိဘူး အလှရဲ့။ တစ်ခုတော့ တစ်ခုပဲ"

ကျွန်တော် ညာမပြောပါဘူး။ တကယ့်ကို ဘာဖြစ်နေမှန်း ကိုယ့်ဘာသာ မသိတာပါ။ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေတာ အမှန်ပဲ။ စိတ်မနှံ့ဖြစ်ချင်သလားတောင် မသိပါဘူးဗျာ။

"အလှသိတယ် ... ကလေးကြောင့်၊ ကလေးကြောင့်" လို့ သူက အတတ်ပြောတယ်။

ကျွန်တော်လည်း စိတ်ကောက်ချင်လာပြီး "ကလေးနဲ့ ဘာဆိုင်လို့လဲ" လို့ အော်မိပါတယ်။

"ကလေးရောက်လာကတည်းက အချစ် အဲဒီလိုဖြစ်တာ ... သားသားကို မောင် သဘောမကျဘူးလားဟင်"

"သဘောကျတာပေါ့။ ဘာမကျစရာရှိသလဲ။ သွားစမ်းပါကွာ... စိတ်ရှုပ်ရတဲ့ အထဲ"

အဲဒီလိုလည်း အော်လိုက်ရော၊ ကလေးနိုးလာပြီး ငိုပါလေရောဗျာ။ အလှလည်း အပြေးအလွှား သွားကောက်ချီလာပြီး ကျွန်တော့်ရှေ့လာထိုင်တယ်။ ကျွန်တော်ဟာ ကိုက်စားတတ်တဲ့ သတ္တဝါကြီးကျနေတာပဲ။ ကလေးကို ကာကွယ်သိမ်းဖက်ထားလိုက်တာ။ ပြီးတော့ ပြောတယ် ...

"ကလေးတော့ လက်မလွှတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်ဘူး"

"မင်း ဘယ်သူက ဘာလုပ်ခိုင်းလို့လဲ။ ပြဿနာတ်ဆန်မနေစမ်းပါနဲ့"

"အချစ် အလှကိုချစ်ရင် တစ်ခုလုပ်ပါ။ ဆရာဝန်နဲ့ သွားတွေ့ပါ"

"ဆရာဝန်ကို ဘာကိစ္စသွားတွေ့ရမှာတုံး။ သွားတွေ့လို့ ရောဂါပေါ်လာရင် မင်းကို ငါပြောမယ် စိတ်ချ"

ဒါပေမဲ့ တစ်ပတ်မကြာခင်ပဲ ဆရာဝန်နဲ့ တွေ့ချင်စိတ်ပေါ်လာပါတယ်။ စားလည်း မစားနိုင်၊ ရင်ထဲမှာ လိပ်ပြာအကောင်တစ်ထောင်ကလည်း ပျံကြပြန်ပါတယ်။ ကျွန်တော့်ဗိုက်ကို ကပွဲခန်းမဆောင်များအောက်မေ့ကြသလား မဆိုနိုင်၊ အလုပ်မှာတောင် စိတ်မဝင်စားနိုင်လို့ မာဒင်က ဖုံးဖိလုပ်ကိုင်ပေးရပါတယ်။ နို့မဟုတ်ရင် ပြုတ်တောင် ပြုတ်နေပြီ။

အဲဒီအခါမှာတော့ ကျွန်တော် ပူပင်လာပါတယ်။ အလုပ်ပြုတ်ရင် ဘာဖြစ်မယ်ဆိုတာကို ကျွန်တော် မတွေးချင်ဘူး။ ဘာဖြစ်မယ်ဆိုတာက သေချာပြီးသားကလား။ အလုပ်ပြန်ရှာလို့ တော်တော်နဲ့ရမှာမဟုတ်ဘူး။ ဒီတော့ သူတို့လာပြီး ကလေးကိုခေါ်သွားကြမယ်။ အလုလည်း ကျွန်တော့်ကိုပစ်ပြီး ထွက်သွားမှာ အမှန်ပဲ။ အမေနဲ့ အဖေက အမွေဖြတ်ဦးမယ်။ ဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်ပါ ကြမ်းပိုး သူခိုးထောင်စာဘဝရောက်ရမှာ။

တွေးရုံနဲ့လန့်ပြီး ကျွန်တော်လည်း ဆရာဝန်ဆီ ရောက်ခဲ့ပါတယ်။ ကျွန်တော် စိတ်ညစ်ထိုင်းမှိုင်းတာကို ပျောက်အောင် ဗိုက်ထဲက လိပ်ပြာအကောင်တစ်ထောင် ငြိမ်အောင် အနည်းအကျဉ်းတော့ လုပ်နိုင်မယ်ထင်ပါရဲ့။

ဆရာဝန်က ကျွန်တော်ဖ မျှော်လင့်ထားတဲ့နည်းနဲ့ပဲ ဆီးလို့ နှုတ်ဆက်ပါတယ်။ "ဘာဖြစ်လာပြန်သလဲ ကိုဖိုးချစ်။ တခြားဆရာဝန်အသိ မရှိဘူးလား။ ဆရာဝန်တစ်ယောက် ရှာပေးဦးမှပဲ"

"အလုပ်အကိုင် ဖြောင့်ရဲ့လားဆရာ"

"ဖြောင့် မဖြောင့်တော့ မသိဘူး။ လူတောင် ပေါင်ရတော့မယ်။ ဘယ့်နှယ် ကလေးအဖေဘဝ အရသာရှိရဲ့လား'

"မပြောတတ်ပါဘူးဗျာ။ အဲဒါကြောင့်ပဲ ဒီကိုလာခဲ့တာ"

"တယ် အလာကောင်း။ ကျုပ်ကိုယ်တိုင်တောင် ကလေးသုံးယောက်အဖေဖြစ်နေပြီ။ ဘယ်လိုမှန်းမသိသေးဘူး'

"ဒါပေမဲ့ စိတ်မနှံ့ချင်တဲ့အထိတော့ ဖြစ်ဖူးမယ်မထင်ပါဘူး။ ကျွန်တော့်စိတ်ထဲ ခုတလော ဘယ်လိုလေးမှန်းမသိဘူး ဆရာရယ်"

ဆရာဝန်ကို အတော်အံ့အားသင့်သွားလိမ့်မယ်ထင်တာ။ သူက စိုက်ကြည့်နေရုံနေပြီး "အလှကော ဘယ့်နဲ့လဲ" လို့ မေးပါတယ်။

အလှက သိပ်ဟန်ကျနေပြီး ကျွန်တော့်မှာ လိပ်ပြာအကောင်တစ်ထောင် ဗိုက်ထဲ ဝင်နေတဲ့အကြောင်းတွေ၊ အလုပ်ပြုတ်မှာတောင်ကြောက်နေရတဲ့အကြောင်းတွေ၊ ကလေး ပြန်ခေါ်သွားလို့ အလှကပစ်သွားရင် ကျွန်တော် ထောင်စာဖြစ်မယ့်အကြောင်းတွေ ကုန်ရောဗျို့။ ကျွန်တော်လည်း ပြောလိုက်တာ ဆရာဝန်နားရွက်ကို ပူပြီး မီးလောင်မတတ်ပဲ။ တကယ်တော့ ဒါတွေအကုန်ပြောပြဖို့ ကျွန်တော် မရည်ရွယ်ခဲ့ပါဘူး။

ကျွန်တော်လည်း အပြောရပ်ရော၊ ဆရာဝန်လည်း ရေစစ်အိုးထဲက ရေအေးတစ်ခွက်ကို အပြေးယူပြီး ကျိုက်ခနဲ သောက်ချတယ်။

"အဲဒါ ဘာဖြစ်သလဲဆရာ" လို့ ကျွန်တော်မေးတော့။

"သိပ်မသေချာဘူး။ ဒါပေမဲ့ ဆီကြော်စာ သိပ်စားလို့ထင်တယ်"

"ကျွန်တော်လား"

"ကျုပ်ပါ၊ ဆီနဲ့ နည်းနည်းမှမတည့်ဘူး" လို့ ဆိုချည်သေးတယ်။

"ကျွန်တော့်လည်း လုပ်ပါဦး ဆရာရဲ့။ ကျွန်တော် ဘာဖြစ်နေသလဲ"

"အတွင်းစိတ်ချင်းတိုက်ပွဲလို့ ခေါ်တယ်"

"အတွင်းစိတ်ချင်း တိုက်ပွဲ"

"ဒါပေါ့ ... ကလေးမွေးစားချင်တာ ဘယ်သူ့အကြံလဲ"

"ကျွန်တော့်အကြံပေါ့။ ကျွန်တော်နဲ့ အလှတို့ အကြံပေါ့"

"ဟုတ်ပြီ၊ အလှက အရင်အကြံရတာတစ်ခုပဲ။ တကယ်တော့ ခင်ဗျား ဒီကိစ္စကို နည်းနည်းမှ သဘောမတူဘူးမဟုတ်လား"

"နေပါဦး ... အလှနဲ့ ခင်ဗျား ဘယ်တုန်းက ဘာတွေပြောသလဲ"

"အလှနဲ့မဟုတ်ပါဘူး ... ကျုပ်မိန်းမနဲ့ ကျုပ်ပြောတာပါ။ ကလေးလိုချင်ပြန်သတဲ့ဗျား။ သူ့ကိုယ်သူ ကစားစရာအရုပ်စုနေ

တယ်များ မှတ်နေသလားမသိဘူး။ ဒီမှာ ကိုဖိုးချစ်၊ ခင်ဗျား တကယ် တော့ ဒီကလေး ချစ်ဖို့ကောင်းတယ်။ မချစ်ရင် သဘာဝမကျဘူးလို့ ထင်နေတယ်မဟုတ်လား"

"ဒါပေမဲ့ ကျွန်တော် တကယ့်ကိုချစ်တယ်ဗျ။ ကလေးလေးက တော်တော့်ကို သဘောကျစရာကောင်းတာ"

ဆရာဝန်က ကျွန်တော့်ကို သေသေချာချာကြည့်ပြီး "ကြည့်ကြ ပါဦး အရပ်ကတို့။ ကျွန်တော် တကယ့်ကိုချစ်တယ်ဗျာတဲ့။ ကလေး လေးက တော်တော့်ကို သဘောကျစရာ ကောင်းတာတဲ့ဗျာ" လို့ ပြောင် ပါတယ်။ ပြီးမှ ... "ဒီမှာ ကိုဖိုးချစ်၊ သူစိမ်းကောင်ကလေး ခင်ဗျားအိမ် ကို ဝင်လာပြီး မယားရဲ့အချစ်ကို လုသွားတာ တော်တော်သဘောကျ စရာ ကောင်းတယ်နော်" တဲ့။

"ဆရာဝန်က ပိုခက်နေပါပြီ" လို့ ကျွန်တော်ကညည်းတော့

"ဆရာဝန့်ပညာလည်း နည်းနည်းတော့ ရှိသေးဦးလေ"

လို့ပြောပြီး ဆေးဖြူကလေးတစ်ထုပ် ပေးပါချေရောဗျို့။ "ဒါ မှန်မှန်သောက်ပါ။ လိပ်ပြာရောဂါအတွက်"လို့ ပြောပါတယ်။

"ဆေးပြားတွေကြည့်ရတာ ခဏခဏ မြင်ဖူးသလိုလို။ ဆရာ့ ဆေးပြားက ဇဖ ပါးရောဂါအတွက် ထင်ပါရဲ့"

"အေးလေ၊ မကောင်းဘူးလား။ ကျုပ်ကိုယ်တိုင်တောင် တစ်ခါ တစ်ခါ သောက်သေးတယ်။ တစ်နေ့ကို လေးပြားသောက်ပါ၊ ၂ ပတ် ကြာရင် လာခဲ့ပါဦး"

ကျွန်တော်က အံ့အားသင့်ပြီး "ဒါပဲလား ဆရာ"လို့ မေးတော့ "ဒါပဲလေ ... ငွေစက္ကူကလေးတစ်ရွက်နဲ့ ဘာလိုချင်သေးလဲ၊ အာခေါင် က အကြိတ်ဖြတ်ပေးရမလား" တဲ့။

နှစ်ပတ်ကြာမပြောနဲ့။ နှစ်လကြာတောင် ဆရာဝန်ဆီသွားဖို့ စိတ်မကူးပေမဲ့ ခိုက်မိတာနဲ့ ဆရာဝန်ဆီ ရောက်ပြန်ပါတယ်။ မာဒင်နဲ့ ဖြစ်တာပေါ့ဗျ။ သူကပြောတယ်။

"မင်းကလေးကတော့ အတော်နိုပ်သားပဲကွ"

"ဒါပေါ့ဗျာ"

"သူ့ကြည့်ရတာ တစ်မျိုးလေးကွ။ နားရွက်ကြီးတွေ အခုံသားနဲ့"

"နားရွက်ကားတာ ... ဉာဏ်တောင်ကောင်းသေး"

"ဆင်နားရွက်ကျနေတာပဲ"

"ဘာ ... ဘာပြောတယ်။ ဆင်နားရွက်ဟုတ်လား"

"ဟုတ်ပါဘူးကွာ။ ငါပြောတာက နားရွက်က သိပ်မကြီးလှပါဘူးလို့"

"နားရွက် သိပ်မကြီးလှပါဘူးဆိုပြီး ခင်ဗျား ရယ်တယ် ဟုတ်လား"

"ငါ ဘယ်မှာရယ်လို့လဲ၊ တစ်မျိုးလေးလို့ ပြောတာ။ ကဲ ... တော်ပါကွာ"

"မတော်နိုင်ဘူး။ သူများကလေး နားရွက်ကို ပြောချင်တိုင်း ပြောပြီးမှ ခင်ဗျားက မွေးတဲ့ဘဲကလေးတွေကို ကြည့်ပါဦး။ ပေါက်ပေါက်ဆုပ်နဲ့ မတူလား"

မာဒင်ဟာ ပါးစပ်ကြီးဟပြီး ကျွန်တော့်ကို ငေးကြည့်နေပါတော့တယ်။ ကျွန်တော့် စိတ်ထဲလည်း ဘယ်လိုဖြစ်မှန်းမသိပါ။ ကျွန်တော့် အိမ်ထဲဝင်ပြီး အိမ်ဦးတက်ထိုင်တဲ့လူကို ရင်ဆိုင်ရသလိုပဲ။

မာဒင်ကတော့ "စိတ်မဆိုးနဲ့ ဖိုးချစ်ရာ ... ငါက ပေါ့ပေါ့ပြောတာပါ"

"အို ... ကိုယ်နဲ့ရွယ်တူကို ရန်စပေါ့ဗျာ၊ သတ္တိရှိရင်။ အားမဲ့တဲ့ ကလေးငယ်ကလေးကိုမှ စရတယ်လို့"

"မင်း ဘာဖြစ်နေတာလဲ" လို့ သူက အော်ပါတယ်။ "မင်း ရူးနေသလား ... ကလေးနားရွက် ဆင်လောက်ကြီးတော့ကော ဘာဖြစ်လဲကွ"

အဲဒီမှာ ကျွန်တော် ခိုက်မိတာပေါ့။ ကျွန်တော် ထပြီး ထိုးလိုက်တာ ၃ တန်ကားကြီးလောက်ရှိတဲ့ မာဒင်က ပြန်မလုပ်ပါဘူး။ အသာကလေး လက်နဲ့ပုတ်လိုက်ရုံနဲ့ပဲ ကျွန်တော်လည်း မြက်တောထဲ ထိုးလဲပါတော့တယ်။ မာဒင်က ကုန်းငုံ့ကြည့်ပြီး

"ဖိုးချစ် ... ဟေ့ ... ဖိုးချစ်၊ စကားပြောပါဦးကွ" တဲ့။

"ကောင်းပါပြီခင်ဗျာ ... ဘာအကြောင်း ဆွေးနွေးချင်ပါသလဲ" လို့ ကျွန်တော်က မျက်စိပုတ်ခတ်ပုတ်ခတ်နဲ့ပြောတော့

"ဘုရား ... ဘုရား၊ ဒီကောင် သတိလစ်နေပြီ"တဲ့။

"ငါ ဘာမှမဖြစ်ပါဘူး မာဒင်ရ။ နှာခေါင်းကျိုးရုံပါပဲ"

မာဒင်လည်း ပျာလောင်ခတ်သွားပြီး "ဒုက္ခပါပဲ ... ဒုက္ခပါပဲ။ ငါ တာဝန်ခံပါတယ်ကွာ ... ဖိုးချစ်၊ နှာခေါင်းဆက် အကောင်းဆုံး ဆရာဝန် ငါရှာပေးမယ်"လို့ ဆိုတယ်။

ဒါပေမဲ့ အကောင်းဆုံးနှာခေါင်းဆက်ဆရာဝန်ဆီမရောက်ဘဲ ကျွန်တော့်ဆရာဝန်ဆီပဲ ရောက်ခဲ့ပါတယ်။

မာဒင်လည်း လူတွေတပုံကြီးစောင့်နေတဲ့ ဆရာဝန့်ဘေးခန်း တံခါးကို သပ်ရိုက်သွင်းသလား အောက်မေ့ရအောင် သူ့လက်သီး ဆုပ်ကြီးနဲ့ တဗြုန်းဗြုန်းထုပါရော။

"ဟောဗျ၊ ကိုဖိုးချစ်ပါပဲလားကရို။ ဘာဖြစ်လာသလဲ"လို့ ဆရာဝန်က ဆီးမေးပါတယ်။

"သူက စရန်မူတော့ ကျွန်တော်လည်း မတတ်နိုင်ပါဘူးဆရာ ရယ် ... နည်းနည်း ပြန်လုပ်မိပါတယ်"လို့ မာဒင်က ပြောပြတယ်။

ဆရာဝန်က မာဒင်ကို ခြေပြန်ခေါင်းပြန်ကြည့်ပြီး "ခင်ဗျားကို သူက စရန်မူတယ်။ ပုလိပ်အစောင့်အရှောက် မလိုချင်ဘူးလား။ နေဦး... ဒီလူသတ်သမားကို ကျုပ် ထိန်းထားမယ်"လို့ သရော်ပါတယ်။

ကျွန်တော့်နှာခေါင်းကို ရေခဲအိတ်တင်ပြီး သွေးရပ်အောင် လုပ် ပေးတယ်။

"ကျွန်တော့်နှာခေါင်းလေး ကျိုးပြီလားဗျာ။ ထက်ပိုင်းကို ကျိုး ရောလားဗျာ"လို့ မေးရင်တော့ ဆရာဝန်က

"အချိုင့်တောင် မပေါ်ဘူးဗျို့။ သွေးအားကောင်းလို့ သွေးထွက် တာ"လို့ အားပေးပါတယ်။

"ရောင်တာလျော့အောင်တော့ လုပ်ပါဆရာ။ အလှကို မမြင်စေ ချင်လို့ပါ"

"ရောင်လည်း မရောင်လှပါဘူး။ သိပ်အဖြစ်မသည်းစမ်းပါနဲ့။

ဒါထက် ခင်ဗျားလို မင်းသားနဲ့လေးက ဘယ်လိုသတ္တိတွေဝင်ပြီး ၃ တန်ကားကြီးကို ဝင်ဆောင့်တာတုံး”

“ကိုယ်ရေးကိစ္စကြောင့်ပဲ” လို့ ပြတ်ပြတ်ပြောပါတယ်။

“ဘာလဲ ... ခင်ဗျားပိုက်ဆံအိတ် သူနှိုက်သလား”

“ဖိုးအောင့်ကို ဆင်နားရွက်ကြီးလို့ပြောလို့”

“ဘယ်သူ”

“ကျွန်တော့်ကောင်လေး ဖိုးအောင်”

“ကျွန်တော့် ဘယ်သူ”

ကျွန်တော်လည်း ဆရာဝန်ကို စေ့စေ့ကြည့်ပြီး

“နားလေးနေသလားဗျာ။ ကျွန်တော့်ကောင်လေး၊ ကျွန်တော့်သားလေး ... ဟို ... ဘယ်လိုခေါ်ရမလဲ”

ဆရာဝန်က “ခေါ်ချင်သလို ခေါ်လေ။ ကြိုက်သလိုပေါ့။ ဒါထက် ခင်ဗျားသားက နားရွက်တကယ်ကြီးလို့လား”

“မကြီးလှပါဘူး။ သူလိုကိုယ်လိုပါပဲ”

“ဟုတ်လား ... ဒါဖြင့်လည်း ပြီးရောပေါ့ဗျာ”

အင်း ... ဆရာဝန်တော့ ကျွန်တော့်ကို ဖအေစိတ် ဖြုန်းဖြုန်းဒိုင်းဒိုင်းဝင်လာပြီ ဘာညာနဲ့ ထင်နေပါပြီ။ ကျွန်တော် သိပါတယ်။ ဒါနဲ့ ပြောရတယ် ...

“ဒီမှာဆရာ ... ဒီလိုပါ။ ကလေးလေးဟာ ကျွန်တော်ကလွဲလို့ လောကကြီးမှာ ဘယ်သူ့မှ အားကိုးစရာမရှိ။ ဒါလေးကို ၃ တန်ကား ကောင်ကြီးက လာပြီးလှောင်တော့ ကျွန်တော်လည်း မိုက်ခနဲ ဒေါသဖြစ်သွားတယ်”

“ဒေါသကတော့ ခဏခဏထွက်ပေးတာကောင်းတယ်” လို့ ဆရာဝန်က ညွှန်းပါတယ်။ ဒါပေမဲ့ နောက်တစ်ခါကျရင်တော့ ကိုယ်နဲ့ ရွယ်တူကိုရှာပြီး ရန်ဖြစ်ပါ။ ခုလည်း သေတော့ မသေနိုင်ကောင်းပါဘူး။ ကဲ .. ကျုပ်ကို မေတ္တာထားရင် အိမ်ပြန်ပါတော့”

“ဟုတ်တယ်ဆရာရဲ့။ ဒေါသထွက်လိုက်တာနဲ့ သွေးထိုင်း စိတ်ညစ်နေတာတောင် ပျောက်သွားတယ်၊ လိပ်ပြာတွေရော”

"သိပ်အထင်မကြီးနဲ့ဦးလေ။ နောက်ထပ် စာရင်းရှင်းစရာ တစ်ကွက် နှစ်ကွက် ကျန်သေးတယ်"

"မာဒင့်အပြစ်မဟုတ်ရှာပါဘူး။ တကယ်ပါ ... သူ့ လူကောင်းပါ"

"ဒါပေါ့၊ ဒါပေါ့၊ ကဲ သွားပေဦးတော့ဗျို့"

အိမ်ပြန်ရောက်တော့ အလှအိမ်မှာမရှိဘဲ ကလေးလေးသာ အာခေါင်ခြစ်အော်နေတာ တွေ့ရတယ်။ ကျွန်တော်လည်း ကောက်ချီလိုက်ရော ချက်ချင်းတိတ်သွားရောဗျ။

"မင်း တယ်ဆိုးတဲ့ကောင်ပဲ၊ ဘာမှဖြစ်တာမဟုတ်ဘဲနဲ့ သေးကလေးစိုရုံနဲ့ အော်ရသလားကွာ ..."

ကလေးပေါက်စများ စဉ်းစားဉာဏ်ရှိသလား ဘာလားမသိ။ ပေါက်စကတော့ မော့ကြည့်ပြီး "မင်း ဘယ်သူလဲကွ" လို့ ကျွန်တော့်ကို မေးသလိုပဲ၊ ဒါနဲ့ ဖြေရတယ်။ "ကျွန်တော်ကတော့ ဖိုးချစ်ကြီးပါဗျာ။ ခင်ဗျားနာမည်နဲ့ ဆင်ဆင်ပဲ ဖိုးချစ်ကလေးရဲ့။ နေပါဦး ခါးတောင်းကျိုက်ထဲ မင်း ဘယ်အရွယ်ထိ သေးပေါက်ထည့်နေမှာလဲဟင်... ဟင်"

ကောင်လေးက ကျွန်တော့်လက်မကို ဖမ်းစုပ်ပေမဲ့ မမိဘူးဗျ။ သူ့ခေါ်လာတဲ့နေ့က အဖေလုပ်သလို ကျွန်တော်လည်း သူ့ကို မျက်နှာချင်းထိအောင် မ,ချီပြီး ပြောမိတယ်။

"မင်းလေး ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်။ ဒါမှ ထွားလာမယ် သိလား။ အံမယ်..။ မင်း မကြာခင်ပဲ ဖအေ့ဆီက မိန်းမလှည့်နည်းတောင်းတော့မှာ"

နောက်တော့ အသံကြားလို့ ကြည့်တော့ အလှ တံခါးဝမှာ ရောက်နေပါတယ်။

"ဘာချောင်း နားထောင်နေတာလဲ။ ဘယ်လောက်ကြာပလဲ ရောက်နေတာ" လို့ ပြောတော့။

"ကလေးငိုသံကြားသလားလို့ ခု ကောင်းသွားပလား"

"သေးစိုလို့ပါကွာ။ ပြီးတော့ သူ့မှာ အတွင်းစိတ်ချင်း တိုက်ခိုက်တဲ့ရောဂါ ရှိတယ်ကွ"

"အတွင်းစိတ်ချင်းတိုက်ခိုက်တာ"

"အေး ... ဆရာဝန်ပြောတာပဲ"

"ရောဂါဆိုးလား အချစ် ..."

"မကြာခင် ပျောက်သွားမှာတဲ့။ ဒါပေမဲ့ စာရင်းရှင်းစရာ တစ်ကွက်နှစ်ကွက်တော့ ကျန်သေးတယ်ဆိုပဲ"

အလှက ဘာမျှမပြောဘဲ ညိုမှောင်ပြူးကျယ်တဲ့ မျက်လုံးကြီးများနဲ့ ကြည့်နေပါတယ်။ ခြံထဲဆင်းပြီး လုပ်ကိုင်နေတာမို့ ပေရေနေပေမဲ့ တကယ့်ကိုလှတဲ့ အလှပါဗျာ။

"ဘာဖြစ်လဲ အလှ" လို့မေးတော့

"ရင်ထဲ ခုန်လွန်းလို့ပါ"တဲ့။

"ဟုတ်လား ... ဒီကောင်လေးကြောင့်လား၊ မောင့်ကြောင့်လား"

"မောင့်ကြောင့်ရော၊ သူ့ကြောင့်ရောပေါ့"

"သင့်မြတ်ပါပေ့ဗျား"လို့ ကျွန်တော်က ဆိုတော့

"အချစ် ... အချစ်"လို့ဆိုပြီး သူကလေးပြေးဝင်လာပါတယ်။ ကျွန်တော်တို့သုံးယောက် ဖက်သိုင်းရပ်နေကြတုန်း ကလေးရဲ့ သေးစိ ခါးတောင်းကျိုက်ကလေးကို ကျွန်တော့် ဂျာစီကတစ်ဆင့် ဖောက်ပြီး ထိတွေ့ရပါတယ်။ အတော်ပေါက်နိုင်တဲ့ကောင်လေးဗျနော် ... ကောင်လေးလေ၊ ကျွန်တော့်ကလေး၊ ကျွန်တော့်သား၊ ဟို ဘယ်လိုခေါ်ရမလဲဗျာ၊ အဲဒီဟာကလေးဟာ တကယ့်ရွှေအောင်ကို ပေါက်နိုင်တာ အမှန်ပဲခင်ဗျ။ ။

***(Sam.F.Ciulla ၏ Everybody But Us ကို ပြန်ဆိုပါသည်။)***

❑

## သီတာနွမ်း

ပါရီတွင် ကျွန်တော်နေရာ ရပ်ကွက်နှင့် မနီးမဝေးမှာ သားဖွား ပညာရှင်ဆိုသည့် ဆရာဝန်တစ်ယောက်နေပါသည်။ သူသည် ရှန့် ကြမ်း၏။ ထေ့ငေါ့မဲ့ပြုံးတတ်၏။ ကျွန်တော့်ကို မကြာခဏ ခေါ်ငင် ဆွေးနွေးတတ်သော်လည်း စင်စစ် သူ့တာဝန်တချို့ကို ပခုံးလွှဲခြင်းသာ ဖြစ်လေ၏။ နောက်ဆုံးတစ်ကြိမ်မှာမူ သက်ာမကင်းဖွယ်ရာ ဗိုက် ရောဂါနှင့် သေလုဆဲ မိန်းမငယ်၏ဝေဒနာကို ဝိုင်းဝန်းကုသခဲ့ရပါ သည်။ လူနာသေလက်မှတ်တွင် သူနှင့်ယှဉ်၍ ဝန်လေးစွာ လက်မှတ် ထိုးခဲ့ရသေးသည်။ သူနှင့် ဘဖယ်တော့မှ မဆက်ဆံတော့လို့လည်း ဆုံးဖြတ်လိုက်ပါသည်။ သို့သော် အိမ်ပြန်နောက်ကျသည့်တစ်ညမှာ သူ့ထံက အရေးတကြီး အခေါ်လွှတ်သည့်ရထားကို အိမ်ဝမှာ တွေ့ရ ကာ လူနာသေရေးရှင်ရေးဖြစ်ဟန်တူသည်မို့ သွားရပြန်ပါသည်။

သူ့လက်ရုံး ဝမ်းဆွဲဆရာမကြီးဆိုသူက ကျွန်တော့်အား ဆီးကြို ကာ အရင်မိန်းမပျို သေခဲ့သည့်အခန်းသို့ ခေါ်သွားပါသည်။ သွေးပေ ကျံသည့် မျက်နှာသုတ်ပဝါများ၊ အိပ်ရာခင်းများ၊ စောင်များ ပြန့်ကျဲနေ သည်ကို တွေ့ရ၏။ အိပ်ရာအောက်သို့ သွေးတတောက်တောက် စီးကျ သံကြီးကိုလည်း ကြားရသေး၏။ ကျွန်တော် အကူအညီလာသဖြင့်

ကျေးဇူးတင်လှပါ၍ ရှိသည့် ဆရာဝန်မှာ ပျာယာခတ်လျက်ရှိသည်ကို လည်း တွေ့ရသည်။ "နေးနေ လို့မဖြစ်ဘူး။ နေးနေလို့မဖြစ်ဘူး" ဟု သူက ဆိုသည်။ မှန်ပါပေသည်။ မွေးခုတင်ပေါ်က မိန်းမောနေသည့် မိန်းမမှာ လူနာနှင့်မတူ၊ လူသေနှင့် ပို၍တူလေသည်။

လူနာကို အမြန်ပင်စမ်းသပ်ရပြီး ဒေါသများစွာနှင့် မေးရ၏။ ဘာကြောင့် ကျွန်တော့်အစား ခွဲစိတ်တတ်သူ ဆရာဝန်၊ သို့မဟုတ် သားဖွားဆရာဝန်ကို မခေါ်ပါသလဲ။ သည်လူနာမျိုးကို သူနှင့် ကျွန်တော်နှစ်ဦးလုံးပင် နိုင်နိုင်နင်းနင်း ကုသနိုင်သည်မဟုတ်။ ကျွန် တော်သည် ဆေးနှစ်လုံးခန့် ထိုးပေးလိုက်သော် လူနာအနည်းငယ် လန်းလာသည်ကို တွေ့ရပါသည်။ ဆရာဝန်ကို မေ့ဆေးအနည်းငယ် ပေးကူစေပြီး လူနာကို ကျွန်တော် ကိုင်တွယ်ရပါသည်။ ကံကောင်းနေ ကျအတိုင်း အားလုံးအဆင်ပြေလေ၏။ မွန်းနေသော ကလေးပင် ခပ်သွက်သွက် နိုပ်နယ်၍ အသက်ရှူစေခြင်းဖြင့် အသက်ရှင်ခဲ့ပါပြီ။



သို့သော် သားအမိနှစ်ယောက်လုံးပင် သေဘေးမှ ဆံတစ်မျှင်ခြား လွတ်လာသည်မှာ အမှန်ပင်။ သွေးသွန်လိုက်သည်မှာ ဆို့ပိတ်စရာ အဝတ်ရယ်လို့မရှိတော့။ ကံကောင်းပြန်သည်မို့ လူနာနှင့် ပါလာသည့် လက်ဆွဲအိတ်ထဲမှ အတွင်းခံအဝတ်များကိုတွေ့ကာ ဆုတ်ဖြဲ သုံးရ လေသည်။

ကျွန်တော့်မိတ်ဆွေဆရာဝန်က ရှင်မီးတစ်ထည်ကို မြှောက်ကိုင် ကာ "ဒီလောက် အဖိုးတန်တဲ့ဟာမျိုး မြင်ဖူးပေါင်ဗျာ" ဟု ပြောသည်။ ပိုးကြိုးနီဖြင့် သရဖူနှင့် အမ်စာလုံး အမှတ်အသား ပန်းထိုးထားသည် ကိုပြပြီး "အမယ် ကျုပ်တို့က ဘယ်ခေလို့တုံး၊ အထက်တန်းစားလူနာ ကို ကုနေရပြီပဲ။ အင်း ... ခုနေတော့ သူ့ခမျာဘာမှ မက်စရာမကျန် တော့ရှာပါဘူး။ မသေလို့နေရသေးရင် အတော်ချောမယ့်ကလေးမ နော်။ ပြန်ပြီး ကြုံကြိုက်ချင်ပါသေးဗျာ" ဟု ပြောသည်။

ဆရာဝန်သည် ကြမ်းပေါ်သို့ ထွက်ကျခဲ့သော စိန်ရင်ထိုးကို ကောက်ယူလိုက်လေ၏။ "ဟောဗျ၊ တကယ့် အဖိုးတန်ပါကလား။ ဆရာဝန်ခတော့ ရပြီဗျို့။ ဒီလူနာမျိုးက ဘာမှ အတတ်ပြောနိုင်တာ မဟုတ်ဘူး။ ဘွားခနဲ ပေါ်လာသလို ဖြုတ်ခနဲ ပြန်ပျောက်သွားတတ် တာ။ ဆေးဖိုးဝါးခမရရင် ဘယ့်နှယ်လုပ်မလဲ"

ကျွန်တော်သည် သူ့နီရဲသော လက်ချောင်းများကြားမှ စိန်ရင်ထိုး ကို ဆတ်ခနဲဆွဲယူကာ အင်္ကျီအိတ်ထဲထည့်လိုက်ပြီး ...

"ဆေးဖိုးဝါးခဆီ မရောက်သေးဘူးဗျ။ နေဦး ... ပြင်သစ်ဥပဒေ အရဆိုရင်တော့ သင်္ဂြိုဟ်စရိတ် အရင်ရှင်းပြီးမှ ဆေးဖိုးဝါးခနှိမ်ရတယ် ခင်ဗျ။ ဒီလူနာက ဘယ်စရိတ် အရင်နှိမ်မလဲ မပြောနိုင်သေးဘူး။ ပြီးတော့ မွေးပေါက်စလေးအတွက် ဘာလုပ်မလဲ"

ဆရာဝန်က ခစ်ခနဲရယ်သည်။ "ကလေးအတွက်တော့ မပူပါနဲ့ လေ။ တစ်ခုခုဖြစ်ရင် အစားထိုးစရာ ကလေးမွေးပေါက်စကလေးတွေ ကို ပုံလို့ဗျား။ ကျုပ် ဝမ်းဆွဲဆရာမကြီးဆို တစ်ပတ်ကို ဒါဇင်ဝက် လောက် ဒါဇင်ဝက်လောက်တော်ရာ ပို့ပို့ပစ်ရသေးတယ်။ ဒါပေမဲ့လည်း လေ ဒီလူနာတော့ အသေမခံနိုင်သေးတာ အမှန်ပဲဗျို့။ လူနာသေ

လက်မှတ် နာမည်ထိုးရတာကို နှစ်ပတ်အတွင်း နှစ်ခါရှိပြီဆိုတော့ စာရင်းပြလို့ တယ်မလှသေးဘူး"

မိုးလင်း၍ ကျွန်တော်ပြန်လာသည့်အခါမှာမူ လူနာသည် သတိကောင်းစွာ မလည်သေးသော်လည်း သွေးခုန်မှန်နေပါပြီ။ အသက်ရှင်ပါလိမ့်မည်လို့လည်း ပြောဝံ့ခဲ့ပါသည်။ သို့သော် ကျွန်တော်သည် အတော်ပင် ချောက်ချားခဲ့ဟန်ရှိသည်။ သို့မဟုတ်လျှင် ဝမ်းဆွဲသည်မကြီး ကမ်းလင့်သည့် ကော်ဖီခွက်ကို လက်ခံနိုင်မည်မဟုတ်ပါ။

ကျွန်တော်က စိန်ရင်ထိုးကို အပ်နှံလျှင်တော့ ဝမ်းဆွဲသည်မကြီးသည် မီးအလင်းရောင်မှာ ထောင်ကြည့်ကာ "ဟောတော့၊ အဖိုးတန်ကြီးပါလား။ ကျောက်တွေကတော့ တွင်းထွက်စစ်ပါတယ်နော်" ဟုပြောသည်။ စိန်ရင်ထိုးမှာ အမ်စာလုံးပုံ ပထမတန်းစား စိန်များစီကာ ပတ္တမြားဖြင့် သရဖူပုံ ခြယ်ပြန်သေးသည်။ ရင်ထိုးမှ ရတနာများက စစ်မှန် ပြောင်လက်သော်လည်း မိန်းမကြီး၏ လောဘထွက်သည့် မျက်လုံးများတွင် သံသယဝင် နေလေသေး၏။

ကျွန်တော်လည်း သည်တော့မှ ကိုယ့်မိုက်မဲမှုကို ပြင်ချင်ကာ "ချက်ကျောက်တွေပါဗျာ" ဟု ပြောလိုက်ပါသည်။

မိန်းမကြီးကမူ ကျွန်တော်မှားပါစေဟု မျှော်လင့်သည်။ အကြောင်းမှာ လူနာသည် ထုံးစံအတိုင်း ကြိုတင်၍ ဆရာဝန်ခ မပေးနိုင်ခဲ့ချေ။ ရောက်လာသည့်အခါမှာ သတိရတစ်ချက်၊ မရတစ်ချက်ဖြစ်နေလေပြီ။ သူ့ပစ္စည်းပစ္စယများမှာ နာမည်လည်း မတပ်ဆင်ခဲ့။ လန်ဒန်မှလာခဲ့ကြောင်းသာ သိရသည်။

"မပူပါနဲ့လေ၊ ခင်ဗျား ဝမ်းဆွဲခတော့ ရမှာပေါ့" ဟု ကျွန်တော်က ပြောလိုက်၏။ ဝမ်းဆွဲသည်မကြီးသည် ကျွန်တော့်အား နောက်ထပ်တွေ့ကြဦးမည်ဟု နှုတ်ဆက်လိုက်သေးလျှင်တော့ ကြက်သီးတုန်ချမ်းမိပါတော့သည်။

နှစ်ပတ်မျှကြာလျှင် ကျွန်တော့်မိတ်ဆွေကြီးဆီက စာရ၏။ အားလုံး အဆင်ပြေပါမည်တဲ့။ လူနာသည် ထနိုင်သည်နှင့်တစ်ပြိုင်နက် ထွက်ခွာသွားခဲ့ပြီ။ စာရင်းရှိသမျှကို ရှင်းသွားသည်။ ကလေးကိုလည်း

မွေးစားမည့်သူ လူကောင်းသူကောင်းလက်ထဲ ရောက်ပါစေတော့ရယ်လို့၊ ငွေစက္ကူအထပ်လိုက်နှင့် အပ်ခဲ့သည်။ ကျွန်တော်ကမူ ကျွန်တော့်အတွက် ခွဲဝေပေးလိုက်သည့် ဆရာဝန်ခကို စာတစ်စောင်နှင့်အတူ ပြန်ပို့လိုက်ပါသည်။ ကျေးဇူးပြု၍ လူသတ်မည်ကြံလျှင် ကျွန်တော့်ကို အဖော်မစပ်ပါနှင့်တော့ဟု တောင်းပန်လိုက်ပါသည်။ သူနှင့် သူ့ဝမ်းဆွဲသည်မကြီးကို ပြန်၍ မမြင်မတွေ့ချင်တော့ပေ။

ဆရာဝန်ကိုတော့ ထပ်၍ မမြင်တွေ့ရတော့ချေ။ ဝမ်းဆွဲသည်မကြီးကိုတော့ ပြန်လည်ကြုံကြိုက်ရပါမည်။

***

ကျွန်တော်သည် မနက်စာစားရင်း သတင်းစာကို လှန်လှောရာ စိတ်ဝင်စားစရာ ဘာမျှမတွေ့ဟုထင်ဆဲ။ "စက်ဆုပ်ဖွယ်လုပ်ငန်း" ဟူသော ကြီးမားသော ခေါင်းစဉ်နှင့် သတင်းတစ်စကို ဖတ်ရပါသည်။ ကျွန်တော်တို့ ဝမ်းဆွဲဆရာမကြီးကို ဖမ်းဆီးလိုက်ပြီတဲ့။ မိန်းမငယ်တစ်ယောက် သက်မကင်းဖွယ် သေဆုံးမှု၊ ထို့ပြင် သူ့ထံ စောင့်ရှောက်ရန် အပ်နှံထားသည့် မွေးစကလေးများ ပျောက်ဆုံးမှုနှင့် စွဲချက်တင်ထားသည်။ ဆရာဝန်ကိုဖမ်းရန် အမိန့်ထုတ်ထားသော်လည်း နိုင်ငံမှ ထွက်ခွာသွားပြီဟု ထင်ရသည်။

သတင်းစာကို လွှတ်ချလိုက်ပြီး ထိုသတင်းကို စိုက်ငေးမိ၏။ လူတကာ၏ ဒုက္ခဆင်းရဲများစွာနှင့် လုံးထွေးရှုပ်ပွေကာ ကျွန်တော်သည် လွန်ခဲ့သည့် သုံးနှစ်ခန့်က ကြုံခဲ့ရသည့် ထိုကြောက်မက်ဖွယ်ရာတစ်ညကို မေ့လျော့ခဲ့လေသည်။ လက်ဖက်ရည်ကို တဖြည်းဖြည်းကျိုက်ရင်း သတင်းကို ထပ်တလဲလဲဖတ်ကာ သည်မိန်းမကြီးကို နောက်ဆုံး ဖမ်းဆီးလိုက်သည်ကိုသာ သဘောကျနေမိသည်။ သူနှင့် သူ့အပေါင်းပါ ဆရာဝန်တို့က သေအောင်မသတ်နိုင်ခင် သားအမိနှစ်ယောက်ကို ကျွန်တော် ကယ်ဆယ်ခဲ့ရသည်ကိုလည်း ကျေနပ်နေမိသည်။ သို့သော် အသက်ရှင်ခဲ့ပြီဖြစ်သော ထိုနှစ်ဘဝအတွက် ကျွန်တော် ဘာလုပ်ခဲ့ပါသလဲ။ ကိုးကွယ်ရာအမဲ့ဆုံးအချိန်မှာမှ ... အလိုအပ်ဆုံးသူငယ် စွန့်ခွာ

ခြင်းခံခဲ့ရသည်။ ထိုကလေးအမေအတွက် ကျွန်တော် ဘာလုပ်ခဲ့ပါသလဲ။

မိန်းမငယ်သည် မေ့ဆေးဖြင့် မိန်းမောဆဲ၊ "ငွါန် ... ငွါန်" ဟု တသ ညည်းညူခဲ့သည်။

ကျွန်တော်သည်လည်း ထိုလူနှင့် ကွာလှသည်မဟုတ်။ ကျွန်တော့်ကို အလိုအပ်ဆုံးအချိန်မှာ လူနာကိုပစ်ကာ ထွက်ခွာခဲ့သည်ပင်။ မိန်းမငယ်သည် လူသတ်သမား ဝမ်းဆွဲသည်နှင့် ဆရာဝန်တို့လက်တွင်း မရောက်ခင်ကလည်း သူမဆုံစည်းခဲ့သည့် ဒုက္ခရယ်လို့လည်း ရှိတော့မည်မဟုတ်။ ထိုညတွင် မြောနစ်ရာမှ သတိလည်လာသည့်အခါ တုန်လှုပ်ဖွယ်ပတ်ဝန်းကျင်ကို သူမြင်၍ ခံစားရမည့် စိတ်ဝေဒနာလည်း ကြီးမားလှမည်ပင်။ ကျွန်တော်ကိုယ်တိုင် နှုတ်ခမ်းချင်းတေ့ကာ အဆုတ်တွင်း လေမှုတ်၍ အသက်ငွေ့သွင်းခဲ့ရသည်။ မွန်းနေသော ကလေးငယ်သည် ကျွန်တော့်ကို သူ့မျက်လုံးပြာကြီးများနှင့် လှန်၍ ကြည့်ခဲ့သည်။ သူ့အတွက်ကော ကျွန်တော် ဘာလုပ်ခဲ့ပါသလဲ။ သေမင်းလက်က လုကာ ဝမ်းဆွဲသည်မကြီး၏ အဆိပ်နို့ကို စို့စေရန် အပ်ခဲ့ရုံပင်။ မွေးစကလေး ဘယ်နှယောက်သည် ထိုနည်းဖြင့် သေဆုံးခဲ့ပြီလဲ။ မျက်လုံးပြာနှင့် ကလေးငယ်ကို သူတို့ဘာလုပ်ပစ်ခဲ့ပြီလဲ။ ငယ်ရွယ်သေးစဉ်ကပင် သေဆုံးပြီလား။ ဒုက္ခနှင့် ရေ့တိုးပိုလို့ပင် တွေ့ရန် အသက်ရှင်ဆဲလေလား။

ကျွန်တော်သည် ဖောင်အာဏာပိုင်များထံမှ အခွင့်တောင်းကာ ဝမ်းဆွဲသည်မကြီးကို တွေ့ဆုံပါသည်။ ကျွန်တော့်ကို မှတ်မိရုံသာမက ဝမ်းသာအားရ ဆီး၍နှုတ်ဆက်သည်မို့ နေမထိ ထိုင်မသာ ဖြစ်ရပါသေး၏။

သူ့အဆိုအရ ကလေးသည် မွေးစားမိဘများနှင့် ပျော်ရွှင်စွာ နေထိုင်သည်။ နေရပ်အတိအကျကိုတော့ မရှာဖွေပေးနိုင်ပါ။ စာရင်းစာအုပ်တွင် မှားယွင်းရေးသားခဲ့မိသည်။ သို့သော် ကံကောင်းလျှင် သူ့လင်က မှတ်မိကောင်း မှတ်မိပါလိမ့်မည်။

ကျွန်တော်ကမူ ကလေးသည် အသက်ရှင်နေတော့မည်ဟု

မထင်ပါချေ။ သို့ပေမည့် လုပ်စရာရှိသမျှ ဘာမျှမကျန်အောင် လုပ်ချင်သည်မို့ ... ၂ ရက်အတွင်း နေရပ်လိပ်စာကို ပေးနိုင်လျှင် ကလေးသတ်မှု၊ စိန်ရင်ထိုးခိုးမှုဖြင့် တိုင်မည်ဟု ပြောလိုက်ပါသည်။ မိန်းမကြီးက သူ့ပြောင်လက်သော မျက်လုံးများထဲမှ မျက်ရည်အနည်းငယ်ကို ညှစ်ထုတ်သေး၏။ "ကျိန်ရဲပါတယ်တော် ... စိန်ရင်ထိုးကို ခိုးထားတာမဟုတ်ပါဘူး။ လူနာကလေးမကို ကျုပ်သမီးကလေးလို ချစ်လွန်း၊ သနားလွန်းလို့ အပြုစုကြီး ပြုစုပြီးမှ အမှတ်တရ သိမ်းထားတာပါ" ဟု ဆိုပြန်သေး၏။

"၂ ရက်အချိန်ပေးမယ်ဗျာ" ဟုသာ ကျွန်တော်က ပြောပြီး စဉ်းစားတွေဝေသွားသော မိန်းမကြီးကို ထားခဲ့ပါသည်။

နောက်တစ်နေ့မနက်တွင် မိန်းမကြီး၏လင်သည် ရောက်လာပါသည်။ စိန်ရင်ထိုးကို ပေါင်ထားသည့် လက်မှတ်ကို ပေးသည်။ ထိုနှစ်အတွင်း မွေးစကလေးများ ပို့လွှတ်ခဲ့သော ကျေးရွာသုံးရွာ၏ နာမည်ကိုလည်း ပေးသည်။ ထိုကျေးရွာသုံးရွာသို့ သုံးနှစ်ရွယ် မျက်လုံးပြာနှင့် ယောကျ်ားကလေးတစ်ယောက် ဘယ်သူမွေးစားထားသည်ဆိုတာကို လှမ်း၍စုံစမ်းရ၏။ အချိန်ကာလကြာမှ ပထမနှစ်ရွာမှ မရှိဟူသောအဖြေရကာ တတိယရွာမှ အဖြေလုံးလုံးမရပါ။ ထို့ကြောင့် ထိုရွာသုံးရွာမှ ဘုန်းတော်ကြီးများကို စာရေးစုံစမ်းရပြန်သည်။ လများစွာကြာပြန်ပြီ၊ သတင်းရသည်။ ဖိနပ်ချုပ်သမား၏ မယားက မွေးစားသော ကလေးသည် ကျွန်တော်ပြောသလို မျက်လုံးပြာနှင့် သုံးနှစ်သားယောကျ်ားကလေးဖြစ်သည်တဲ့။

နာတာလူးပွဲရက်အတွင်း အနားယူရန် အချိန်တော်ပင်၊ စင်စစ်ခရစ္စမတ်နေ့မှာ ဖြစ်ပါသည်။ ကျွန်တော်သည် ဖိနပ်ချုပ်သမား အိမ်တံခါးကို ခေါက်ပါသည်။ အဖြေမရ၊ မှောင်ရီသော အခန်းတွင်းသို့ ဝင်ခဲ့သော် ပြတင်းနှင့် ကပ်လျက်မှာ ဖိနပ်ချုပ်သော ခုံနိမ့်ကို တွေ့ရ၏။ ရွှံ့ပေ၍ ဟောင်းစုတ်သော ဖိနပ်များအရွယ်အစားစား ကြမ်းပေါ်ပြန့်ကျဲနေသည်ကိုတွေ့၏။ ခေါင်းပါးနှင့် ကပ်တန်းထားသည့် ကြိုးတွင် လျှော်ပြီးစ ရုပ်အင်္ကျီနှင့် ချွေးခံအင်္ကျီများလှန်းထားသည်။ အိပ်ရာကို

လည်း မသိမ်းရသေး၊ အိပ်ရာခင်းနှင့် စောင်များမှာလည်း ပြောမပြတတ်အောင် ညစ်ပေလေ၏။ ကျောက်ခင်းသည့် နံစော်သော မီးဖိုတွင် ကိုယ်တစ်ဝက်တုံးလုံးရှိသော ကလေးငယ်သည် အာလူးအစိမ်းကို ကိုက်စားနေပါသည်။ ကျွန်တော့်ကိုမြင်လျှင် မျက်လုံးပြာများ ဝိုင်းသွားကာ လက်ထဲက အာလူးကိုပစ်ချပြီး အထိုးအရိုက်ခံရမည်စိုးသကဲ့သို့ လက်ဖြင့် အလိုအလျောက် သူ့ကိုယ်သူ ကာလိုက်ပါသည်။ တခြားအခန်းတွင်းသို့ ကပျာကယာ တွားဝင်ပြေးသွားပါသည်။ ကလေးသည် ခုတင်အောက်သို့ တွားဝင်ပြန်ဆဲ ကျွန်တော် ဖမ်းမိကာ ပြတင်းပေါက်နားသို့ ချီယူခဲ့ပြီး သူ့သွားများကို စစ်ဆေးကြည့်ပါသည်။ ၃ နှစ်ခွဲခန့်ရှိလိမ့်မည်။ ခြေလက်များမှာ အရိုးငေါငေါသာဖြစ်ကာ ရင်ဘတ်ကျဉ်းကျဉ်းနှင့် ဗိုက်က ထုံးစံထက် ၂ ဆမျှ ပူနေပါသည်။ ကျွန်တော့်ပေါင်ပေါ်တွင် သူ ငြိမ်သက်စွာနေသည်။ သူ့သွားများကို စစ်ဆေးစဉ်ကလည်း အသံတစ်ချက်ထွက်မလာပါ။ ကလေး၏ ရွှင်ပျော်ခြင်းကင်းမဲ့သည့် မျက်လုံးများသည် ကျွန်တော့်မျက်လုံးများနှင့် အရောင်ဆင်တူပင်ပြာလဲ့နေပါသည်။ ဖိနပ်ချုပ်သမားသည် တံခါးကို ဝုန်းခနဲဖွင့်ကာ လူမှန်းမသိ မူးပြီး ယိမ်းထိုးဝင်လာသည်။ သူ့အနောက်မှ မိန်းမတစ်ယောက်သည် ကလေးပေါက်စကို နို့တိုက်ရင်း အင်္ကျီစတန်းလန်းဆွဲကာလိုက်လာသူ ကလေးငယ်နှစ်ယောက်နှင့်အတူ ကြက်သေသေကာ ရပ်လျက်နေသည်။ ဖိနပ်ချုပ်သမားက ခုလို တာဝန်တစ်ခု ကျွတ်လွတ်သွားရသည်ကို သိပ်ကျေနပ်သည်မှန်လည်း သူ့အပေါ် တင်ရှိသည့်ငွေကို ရှင်းရမည်ဆိုပေ၏။ ထိုငွေအတွက် ဝမ်းဆွဲသည်မထံစာအတန်တန်ရေးလည်း အကြောင်းမပြန်ခဲ့ချေ။ သူလုပ်ကိုင်ရှာကြံ၍ရသည့်ငွေဖြင့် လာအပ်နှံထားသည့် သတ္တဝါကလေးကို ကျွေးမွေးရမှာလား။ သူ့မယားမှာ မွေးသည့် ကလေးက တစ်ယောက်၊ အပ်နှံထားသည့် ကလေးပိုက နှစ်ယောက်နှင့်မို့ သတ္တဝါကလေးကို အလိုမရှိတော့ချေ။ သူ့မယားက ဖိနပ်ချုပ်သမားကို တစ်စုံတစ်ခုပြောလိုက်ပါသည်။ ပြီးတော့ လင်မယားနှစ်ယောက်သည် ကျွန်တော့်မျက်နှာနှင့် ကလေးမျက်နှာကို တစ်လှည့်စီ ကြည့်ကြပါသည်။ ကျွန်တော့်လက်

တွင်းက ကလေးသည် မျက်လုံးများဝိုင်းဝိုင်းလည်နေရာက လက်များ ပင် တုန်လာပါသည်။ ထို့ကြောင့် ကျွန်တော့်အိတ်တွင်းက သစ်သား မြင်းရုပ်ကို ထုတ်ပေးလိုက်ပါသည်။ ကလေးသည် တိတ်ဆိတ်စွာပင် ယူလိုက်ကာ စိတ်မဝင်စားသလိုနေလေ၏။

ဖိနပ်ချုပ်သမား မယားက "ကြည့်စမ်း ... မင်းဖေဖေ မြို့က ဝယ်လာတဲ့ မြင်းရုပ်ကလေး မလှလား ဂျူးလ်" ဟု မေးသည်။

ကျွန်တော်က "သူ့နာမည် ဂျွန်ပါ"

"ဒီကလေးဟာ အားအားရှိ မှိုင်နေတာပဲ။ စကားလည်း တစ်ခွန်းမှ မထွက်ဘူး။ မေမေတောင် ခေါ်ရမှန်းမသိဘူး။ တစ်ခါမှလည်း ရယ်တာ ပြုံးတာ မတွေ့ရဘူး" ဟု ဖိနပ်ချုပ်သမား မယားက ပြော သည်။

ကျွန်တော်သည် ဂျွန်ကို စောင်ဖြင့် ထွေးပတ်ချီပွေ့ခဲ့ကာ ဘုန်း တော်ကြီးထံ လာခဲ့ပါသည်။ သူက ဂျွန်အတွက် သိုးမွေးအကျီနှင့် စောင်ထူထူတစ်ထည်ဝယ်ရန် လူလွှတ်ခိုင်းပေးပါသည်။ ပြီးလျှင် ကျွန်တော့်ကို စူးစိုက်ကြည့်ကာ မကောင်းမှုဒုစရိုက်၏ဒဏ် အပြစ်မဲ့ သော ကလေးများ ခံရပုံကို တရားဟောပါလေ၏။ "ဒါပေမဲ့ ခုလို နောင်တရလို့ ကလေးကို ပြန်ခေါ်ရမှန်းသိတဲ့စိတ်ကိုတော့ ချီးမွမ်းလို့ မဆုံးပါဘူးဗျာ။ ကောင်းပါလေရဲ့၊ ကောင်းပါလေရဲ့။ သို့မဟုတ်ရင် အသက်ရှည်မယ့်ကလေးမဟုတ်ပါဘူး။ မိဘမဲ့ကလေးတွေ ကျုပ်စောင့် ပြီး သင်္ဂြိုဟ်နေတာ များလှပါပြီ" ဟု ကျွန်တော့်ပခုံးကို တို့ပြီးပြောပါ သည်။

ကံကောင်းလျှင် ကျွန်တော်တို့ ညရထားကို မီနိုင်ပါမည်။ ထို့ကြောင့် ဘုန်းတော်ကြီးကို ဘာမှမထုချေ၊ မရှင်းလင်းနိုင်တော့ပါ။ ကလေးသည် စောင်ခြုံနှင့်ကွေးကာ အိပ်ပျော်ပြီး ပါလာသည်။ ကျွန် တော်သာ ငုတ်တုတ်ထိုင်ကာ ဘာဆက်လုပ်ရမည် မသိချေ။ ကျွန်တော် ကြောက်ရသည့် အိမ်ထိန်းမိန်းမကြီးကြောင့်သာမဟုတ်လျှင်တော့ အိမ်ကို တောက်လျှောက်ခေါ်သွားရုံတည်း။ ယခုတော့ ခင်မင်သော သီလရှင်ကျောင်းသို့ တစ်နေ့မျှသွား၍ အပ်နှံရပါ၏။ ကလေးကို

လက်ခံစောင့်ရှောက်မည့်အိမ်ကို တွေ့အောင်သူတို့ ရှာဖွေမည်တဲ့။ ကလေးကို မွေးစားမည့် လင်မယားတစ်စုံကို သိသည်တဲ့။ ထိုလင်မယားသည် သူတို့၏တစ်ဦးတည်းသား၏ သေဆုံးပြီးစမို့ ပို၍သင့်လျော်မည်။ ထိုအိမ်ထောင်ရှင် မိန်းမမှာ သွက်လက်ချက်ချာ၍ စိတ်အနည်းငယ်ထက်မြန်ဟန်ရှိပါသည်။ သို့သော် သီလရှင်များက သူသည် မအေကောင်းတစ်ယောက်ပါပဲဟု တာဝန်ခံသည်။

ကလေးအဝတ်အစားအတွက် လိုသောငွေ၊ ကလေးကို စောင့်ရှောက်ကျွေးမွေးရန်လိုသော ငွေ၊ သုံးလစာကို ကြိုတင်ပေးရသော်လည်း စင်စစ် ကျွန်တော့် စီးကရက်ဖိုးမျှပင် မကုန်ကျသည်ကို တွေ့ရလေ၏။ ကျွန်တော့်နေရပ်ကိုမူ မပေးခဲ့ပါ။ ကျွန်တော့်အိမ်ထိန်း မိန်းမကြီးက အကြောင်းစုံကို သိရလျှင် ဘာဖြစ်မလဲ မပြောနိုင်ပါ။ ကလေးတစ်စုံတစ်ခုဖြစ်လျှင်၊ နေမကောင်းလျှင် သီလရှင်များကို အကြောင်းကြားဖို့ မှာခဲ့ရပေသည်။

မကြာခင်ပင် ကလေးသည် အပြင်းဖျားကာ မသေရုံကျန်ပါသည်။ ဂျွန် လိုသည်မှာ နာလန်ထမှာ ပြုစုယုယခြင်းနှင့် ကစားစရာ အရုပ်သာ ဖြစ်ပါသည်။ သူ့မွေးစားမိခင်သည် ကြင်နာသနားတတ်၍ ကျွန်တော့်ဆေးအိတ်တွင် အရုပ်များစွာပါလေရာ ဂျွန်သည် နှစ်ခုစလုံးကို ရပါသည်။

"ကလေးက တော်တော်ထူးဆန်းတဲ့ ကလေးရှင့်၊ ဘယ်တော့မှ မေမေလို့ ခေါ်ရမှန်းမသိဘူး။ ပြုံးဖော်၊ ရယ်ဖော်လည်း မရဘူး" ဟု သူ့မွေးစားမိခင်က ပြောသေးသည်။

နာတာလူးပွဲချိန် ရောက်ခဲ့ပြန်ပြီ။ ဂျွန်သည် ထိုအိမ်တွင် တစ်နှစ်ကြာခဲ့ပြီပေါ့။ ကျွန်တော့်အတွက် တာဝန်တစ်ခုပို၍ အပူတစ်ရပ်တိုးတာမှန်လည်း ဂျွန်အဖို့ အနည်းနှင့် အများ ကိုယ်စိတ်ချမ်းသာခဲ့သည်မှာ မှန်သည်။ သူ့မွေးစားမိခင်သည် စိတ်တိုတတ်၏။ ကလေးကို သန့်ရှင်းအောင် မထားသည့်အတွက် ပြတင်းကို လေဝင်အောင်ဖွင့်စေသော်လည်း မဖွင့်သည့်အတွက် ကျွန်တော်က ဆူပူလျှင် ရိုင်းရိုင်းပင် ပြန်ပြောတတ်၏။ သို့သော် ကလေးကို ကြမ်းတမ်းသော

လေသံသုံးသည်ကို မကြားရ။ ဂျွန်သည် ထိုမိန်းမကို မခင်မင်သော်လည်း မကြောက်ရွံ့ဘဲ နေထိုင်လို့ရသည်ကို တွေ့ရ၏။ ကလေးသည် ဘာမျှ စုံမက်ခြင်းမရှိ၊ စိတ်ဝင်စားခြင်းမပြု၊ လျစ်လျူသာ နေတတ်သည်ကိုလည်း ထူးဆန်းစွာ တွေ့ရပါသည်။

ကြာပြန်သော် ဂျွန်အတွက် ပူပင်ကြောင့်ကြရပြန်သည်။ ကလေးကို မျက်လုံးဝိုင်းဝိုင်း လည်နေဟန် တွေ့ရပြန်ပါသည်။ သူတို့မွေးစားသည့် မိန်းမသည် ကိုယ်ဝန်ရှိလာလေရာ ဂျွန်ကို အလိုမရှိတော့။ ဂရုမစိုက်ချင်တော့ ဖြစ်လာ၏။ သူ့ကလေး သူမွေးပြီးလျှင် ပို၍ဆိုးရွားမည်တည်း။ ဂျွန်အတွက် နေရာသစ်ရှာရပေဦးမည်။ သည်တစ်ခါတော့ အမှားမခံနိုင်တော့ပါ။ ကျွန်တော် နားလည်ပါပြီ။

ကျွန်တော်သည် တစ်နေ့တွင် ဆေးခန်းမှ ဆူညံသံကို တွေ့ကြုံရ၏။ ဧည့်ခန်းတွင် လူနာအပြည့်ရှိကာ ထောင့်တစ်ထောင့်တွင် အင်္ဂလိပ်ဘုန်းကြီးကတော်နားမှာ ဂျွန်သည် ကုပ်ကုပ်ကလေး ထိုင်နေသည်ကို တွေ့၏။ သူ့ကို မွေးစားသည့် မိန်းမကမူ အခန်းလယ်မှာရပ်လျက် လက်ဟန်ခြေဟန်နှင့် အော်ကြီးဟစ်ကျယ် ပြောလျက်ရှိသည်။ ကျွန်တော့်ကို မြင်လျှင်မူ ဂျွန်ကို ပြေးချီကာ ပစ်ပေးလိုက်ရာ လွတ်မကျအောင် မနည်းဖမ်းယူလိုက်ရသည်။

"ကဲ- ရှင့်သကောင့်သားကလေးကို ရှင်ပဲ ပြန်ခေါ်ပေတော့။ ကျွန်မလိုဟာက ထိန်းဖို့မတန်တော့ဘူးပေါ့။ ရှင်ကြိမ်းဝါးတာတွေလည်း မခံနိုင်တော့။ ရှင့်မုသာဝါဒတွေလည်း မကြားချင်တော့ဘူး။ ကြည့်ကြပါဦးတော်။ ဒီကလေးကို မိဘမဲ့ကလေးရှာတွေ့လာတာတဲ့။ ဟုတ်နိုင်ပါ့မလား။ ကလေးအဖေ ဘယ်သူလဲဆိုတာ မေးနေစရာတောင် မလိုပါဘူး။ သူတို့မျက်လုံးကြည့်လိုက်ရင် သိနိုင်ပါတယ်တော်"

မိန်းမသည် ဝုန်းခနဲထွက်သွားရာ ကျွန်တော့်အိမ်ထိန်း မိန်းမကြီးနှင့် တိုက်မိမတတ် ဖြစ်လေ၏။ မိန်းမကြီး၏ မျက်သားဖြူကြီးများက ကျွန်တော့်ထံ ဝဲလိုက်ရာ ကျွန်တော်သည် ထိုနေရာမှ မလှုပ်နိုင်တော့ဘဲ ရှိပါလေ၏။ အင်္ဂလိပ်ဘုန်းကြီးကတော်ကမူ ဂါဝန်စွန်တောင်ဆွဲ၍ ကျွန်တော့်ကို ကျော်ဖြတ်ကာ ဆေးခန်းမှ ထွက်သွားပါသည်။

"ဒီကလေးကို ထမင်းစားခန်းထဲ ခေါ်သွားပါ။ ကျွန်တော် လာတဲ့အထိ သူနဲ့နေပါ" ဟု အိမ်ထိန်းမိန်းမကြီးကို ပြောလိုက်ရာ သူသည် အညစ်အကြေး ပေကျံမည်စိုးသကဲ့သို့ လက်များဆန့်တန်းပြီး သူ့ကိုယ်သူ ကာကွယ်ထားလေ၏။ သူ့ကောက်ချိတ်သော နှာခေါင်း အောက်က ပါးစပ်လို့ ခေါ်ရမည်ဖြစ်သော အမြောင်းသည် ပွင့်ပြူကာ ကြောက်စရာ ပြုံး လိုက်ပြီး မိန်းမကြီးသည် စောစောက ထွက်သွားသည့် ညှော်သည်လိုပင် အခန်းထဲက ထွက်သွားသည်။

နေ့လယ်စာစားလျှင် ဂျွန်ကို ပန်းသီးတစ်လုံးပေးကာ အိမ်ဖော် မိန်းကလေး ရိုစလီကို ခေါ်လိုက်ပါသည်။

"ရိုစလီ ဟောဒီပိုက်ဆံကိုယူ၊ အဝတ်စုံတစ်စုံကို ကောင်းကောင်း ဝယ်ဝတ်၊ လိုတာရှိရင် ထပ်ဝယ်။ မင်း ဒီနေ့ကစပြီး ဂျွန်ရဲ့ကလေး ထိန်းဆရာမ ဖြစ်သွားပြီ။ ဒီညတော့ ကလေး ငါ့အခန်းထဲ အိပ်မယ်၊ မနက်ဖြန်ကစပြီး အိမ်ထိန်းမိန်းမကြီးအခန်းကို မင်းရော၊ ကလေးရော ပြောင်းရမယ်"

ရိုစလီက တုန်လှုပ်ချောက်ချားနေပါသည်။

"အိမ်ထိန်းမိန်းမကြီးကို အလုပ်က ထုတ်ပစ်လိုက်ပြီ"

ကျွန်တော်သည် လူနာများကို ပြန်လွှတ်လိုက်ကာ မိန်းမကြီး အခန်းသို့ သွား၍ တံခါးခေါက်တော့မည် နှစ်ကြိမ်ရွယ်ပါသည်။ သို့သော် ညနေစာစားပြီး စိတ်ပြေလည် အေးချမ်းမှ တွေ့ဆုံရတာ ကောင်းမည်လို့ စိတ်ကူးလိုက်၏။ မိန်းမကြီးကမူ ပျောက်ချက်သား ကောင်းနေ၏။ ညနေစာကို ရိုစလီက ချက်ကျွေးသည်။ စားလို့လည်း ကောင်းလှသည်။ ဝိုင်အရက်နှစ်ခွက် အပိုသောက်ပြီးလည်း ကျွန်တော် သည် ဒေါသဖြင့် တုန်နေသေး၏။ ထို့ကြောင့် အခန်းတံခါးမခေါက် ဖြစ်ပြန်ချေ။ မိန်းမကြီးနှင့် စကားများရလျှင် အိပ်၍ ရတော့မည်မဟုတ်။ မနက်ဖြန်မှ တွေ့ဆုံပြောဆိုပါတော့မည်။

မနက်မိုးလင်း၍ နံနက်စာ စားပြီးသည့်အခါ ကျွန်တော့်အိမ် ထိန်းမိန်းမကြီးကို စာဖြင့်ရေးသားကာ အလုပ်ရပ်စဲခြင်းသည် အကောင်း ဆုံးဖြစ်သည်ဟု ဆုံးဖြတ်မိ၏။ ထို့ကြောင့် ပြင်းထန်လှသော စာတစ်

စောင်ကို စတင်ရေးစဉ် ရိုစလီဝင်လာပြီး စာတိုတစ်စောင် ပေးလေ၏။ မိန်းမကြီး၏ သေးငယ်မြဲမြဲသော လက်ရေးလက်သားကို မြင်ရ၏။ "ဂုဏ်သိန်ရှိသူမှန်သမျှ သည်လိုအိမ်မျိုးမှာ တစ်ရက်တောင် နေနိုင်တော့မယ်မဟုတ်သဖြင့် သည်နေ့လယ်တွင်ပင် ရာသက်ပန်ထွက်ခွာသွားပါပြီ။ ဘယ်တော့မှလည်း ပြန်မတွေ့လိုပါ" ဟု သူ့စာက ဆိုသည်။ ကျွန်တော် ပြောချင်သမျှကို သူက ပြောသွားလေ၏။

မိန်းမကြီးမရှိတော့သော်လည်း သူ့အရှိန်အဝါက အိမ်ကို ချောက်နေသေး၏။ ကျွန်တော်သည် ဂျွန်ဖို့ ခုတင်အိပ်ရာများ ဝယ်ခြမ်းပါတော့သည်။ ဂျွန်ကြောင့်သာ အိမ်ထိန်းမိန်းမကြီး ဖိစီးခြင်းမှ လွတ်ရသည်မို့ ကျေးဇူးတင်သည့်အနေဖြင့် ဂျွန်အဖို့ လှုပ်စီးရသော မြင်းရုပ်တစ်ရုပ် ဝယ်လိုက်သေး၏။ ထမင်းချက်သူလည်း ပြန်လာလေပြီ။ ရိုစလီမှာမူ ပျော်ရွှင်ဝင်းထိန်လို့ မဆုံးချေ။ ဂျွန်ကိုယ်၌ပင် သူ့နွေးထွေးသော အိပ်ရာကလေးနှင့် ပတ်ဝန်းကျင်ကို အတော်ကျေနပ်ဟန်ရှိလေသည်။ ကျွန်တော်သည်လည်း ကျောင်းပိတ်ရက် အားလပ်ချိန်ရသည့် ကျောင်းသားငယ်လို ဝမ်းသာပျော်ရွှင်မိလေသည်။

သို့သော် အားလပ်ချိန်ဆိုသည်မှာ ကြာရှည်သည်မဟုတ်ချေ။ ရတ်ခြည်းပင် ကျွန်တော်သည် လူနာများနှင့် မိုးလင်းမှ မိုးချုပ် အလုပ်ရှုပ်ရပြန်သည်။ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များကလည်း ခေါ်ငင်ဆွေးနွေးသည်။ အံ့သြဖွယ်ရာမှာ အဲသည်ကတည်းက ကျွန်တော်သည် တာဝန်ကိုမကြောက်ရွံ့တတ်ခဲ့ခြင်းပင်တည်း။ နောင်သောအခါ ကျွန်တော် ၏အောင်မြင်ခြင်းဟူသမျှသည် တာဝန်မကြောက်ခြင်းဟူသည့် လျှို့ဝှက်ချက်ကြောင့်တစ်ကြောင်းဖြစ်သည်ဆိုတာကို သိမြင်ခဲ့လေ၏။ တခြားလျှို့ဝှက်ချက်တစ်ခုမှာတော့ အမြဲလို ကံကောင်းနေခြင်းဖြစ်သည်။ အိမ်မှာ အဆောင်လက်ဖွဲ့များတောင် ရှိလာသလား ထင်ရလေ၏။ ယခုဆိုလျှင် ညညပင် အိပ်ပျော်တတ်လေပြီ။ အိပ်ရာဝင်ချိန်မှာ ဂျွန်၏အခန်းသို့ သွားကာ သူကလေးအိပ်ပျော်နေသည်ကို ကြည့်ရသောကြောင့်ထင်သည်။

ကျွန်တော့်ဆေးခန်းမှ အင်္ဂလိပ်ဘုန်းကြီးကတော်သည် ဂါဝန်

စွန်တောင်ဆွဲ ထွက်သွားခဲ့သော်လည်း သူ့မိတ်ဆွေလူနာအများပင် သူ့နေရာတွင်ထိုင်ကာ ဧည့်ခန်းမှာ ကျွန်တော့်ကို စောင့်မြဲပင်။ ပါမောက္ခ ရှာကိုး၏အမည်သည် လင်းထိန်ဝင်းပလှလေရာ သူ့ကို ခြံရံသည့် ကြယ်ငယ်များပင် ရောင်ပြန်ဟပ်လို့မဆုံးချေ။ အင်္ဂလိပ်လူမျိုးတို့က လည်း အာရုံကြောရောဂါဟူသမျှ ပြင်သစ်ဆရာဝန်များလောက် ဘယ်သူမှ မသိနားမလည်ဟု ထင်လေသည်။ မှန်သည် မှားသည်ထား ၍ ကျွန်တော့်အဖို့ ကံကောင်းသည်မှာတော့ အမှန်ပင်။ ကျွန်တော့်ကို လန်ဒန်မြို့မှ ဖိတ်ကြားလိုက်သည်။

လူနာနှင့် ကျွန်တော် သိကျွမ်းသည်မဟုတ်ပါ။ သူ့အိမ်သားတစ် ယောက်ကိုမူ ကုသပေးခဲ့ဖူးပါသည်။ ကံကောင်းမြဲပင် ကံကောင်းခဲ့ပါ သည်။ ထို့ကြောင့် အင်္ဂလိပ်ဆရာဝန်နှစ်ဦးက မျှော်လင့်ချက်မထား တော့ပြီဆိုသည့်အခါမှာ ကျွန်တော် ရောက်ရှိသွားသည်။ လူနာကို ကျွန်တော် စမ်းသပ်နေဆဲ ထိုဆရာနှစ်ယောက်သည် အားပျော့အုံမှိုင်း သော မျက်နှာကြီးများနှင့် ရပ်ကြည့်နေကြသည်။ တစ်အိမ်သားလုံးသို့ အုံ့မှိုင်းခြင်းကူးခဲ့သည်မို့ လူနာသည်လည်း မျှော်လင့်ချက်မထားနိုင်။ ကြောက်ရွံ့အားငယ်ကာ အသက်ရှင်နေလိုသည့် စိတ်မာန်ကျိုးခဲ့လေပြီ။ ထိုဆရာဝန်နှစ်ယောက်သည် ရောဂါဆိုးရွားပုံကို ကျွန်တော့်ထက် များစွာပို၍ သိမြင်ကောင်း သိမြင်လိမ့်မည်။ သို့သော် သူတို့မသိတာ တစ်ခု ကျွန်တော် သိမြင်ရသည်မှာ မျှော်လင့်ချက်ဆိုသည့်အရာ လောက် အစွမ်းထက်သည့်ဆေးရယ်လို့မရှိ။ ဆေးဆရာ၏ မျက်နှာ ထားနှင့် စကားတို့သည် အားပျော့ဟန်ပေါ်ခြင်းသည် လူနာ့ အသက် တစ်ချောင်း ဆုံးရှုံးစေသည်ဆိုခြင်း ဖြစ်ပါ၏။ ဆေးပညာစကားတို့ကို မသုံးဘဲ အလွယ်ဆုံးပြောရမည်ဆိုလျှင် ကျွန်တော့်သဘောအရ လူနာ ၏ အဆိုးဆုံးလက္ခဏာများမှာ အာရုံကြောထိခိုက်ခြင်း၊ စိတ်နှလုံး တွေဝေခြင်းသာ ဖြစ်ပါ၏။

လူနာ၏နဖူးကိုလက်တင်ကာ "သည်ညအဖို့ မော်ဖီးယားမလို တော့ဘူး" ဟု ကျွန်တော်က တည်ငြိမ်သောအသံဖြင့် ပြောလိုက်ပါ သည်။ အင်္ဂလိပ်ဆရာဝန်နှစ်ယောက်ကမူ သူတို့၏ကျယ်ပြန့်သော

ပခုံးကြီးများကို တွန့်လို့သာနေသည်။ လူနာမိန်းမသည် ယခု ကောင်းစွာအိပ်ပျော်ပြီး မိုးလင်းလျှင် ကောင်းစွာ သက်သာလာသည်။ မနက်ဖြန် ကျွန်တော် လန်ဒန်မှ မထွက်ခွာမီပင် အသက်အန္တရာယ်မှ ကောင်းစွာလွတ်ပေတော့မည်။ မိနစ်အနည်းငယ်အတွင်းမှာ လူနာသည် တကယ်အိပ်ပျော်သွားကာ ညတွင်းချင်းပင် အဖျားဒီဂရီ ကျသွားသည်မှာ ကြိုက်ချင်စရာပင် တယ်မကောင်း။ သွေးခုန်လည်း မှန်သွား၏။ မိုးလင်းလျှင် လူနာသည် ကျွန်တော့်အား ပြုံးကြည့်ကာ ကောင်းစွာ သက်သာပါသည်လို့ ပြောလေသည်။

လူနာ့မိခင်က လန်ဒန်တွင် တစ်ရက်မျှပိုနေပါဦးလို့ တောင်းပန်ပြန်လေ၏။ သူ့ယောက်မ စစ်ဗိုလ်မှူးကတော်အတွက် သူတို့ စိုးရိမ်လျက်ရှိသည်။ အာရုံကြောပါရဂူဆရာဝန်နှင့် တွေ့ဆုံခိုင်းလို့လည်းမရ။ သားသမီးထွန်းကားလျှင်တော့ ကောင်းမွန်သွားမည်လို့ ထင်ပါသည်။ ယခုမူ ဆရာဝန်ဆိုသူများကို နည်းနည်းမှ မနှစ်သက်တတ်သော ခေလေ့နှင့်သာ နေပါသည်။ ထို့ကြောင့် ညစာစားပွဲတည်ခင်းစဉ် ထိုလူနာနှင့် ယှဉ်ထိုင်ကာ အနည်းဆုံး ဘယ်လိုထင်မြင်သည်ဆိုတာလောက်တော့ ကျွန်တော် မပြောနိုင်ပါဘူးလား။ ပါမောက္ခ ရှားကိုးများ တစ်စုံတစ်ခု တတ်နိုင်လေမည်လား။ ထိုလူနာသည် ချစ်ခင်မြတ်နိုးသော လင်သည် လည်းရှိ၏။ ဘဝမှ အကောင်းဟူသမျှကိုလည်း ရရှိ၏။ ဟော်နန်းပမာ သိုက်မြိုက်သော အိမ်နှင့်ခြံမြေလည်းရှိ၏။ ကိုယ်ပိုင်သင်္ဘောနှင့် ခရီး ရှည်ကြီးထွက်ကာ အိန္ဒိယမှ ပြန်လာခဲ့လေပြီ။ သူသည် ဘယ်တော့မှ ရပ်တည်မနေနိုင်။ တစ်စုံတစ်ခုကို ရှာဖွေလို့ မဆုံးသည့်ပမာ ... တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာနေခဲ့သည်။ သူ့မျက်လုံးများမှာ ပြောမပြနိုင်သော ဝမ်းနည်းခြင်းအတိရှိမည်။ ယခင်ကဆိုလျှင် ထိုမိန်းမသည် အနုပညာမှာ စိတ်ဝင်စားတတ်ကာ ပန်းချီရေးဆွဲလေ့ရှိသူ၊ ပါရီမြို့တွင် တစ်ဆောင်းပတ်လည်ကြာအောင် ပန်းချီပညာလေ့လာခဲ့သူပင်။ ယခုတော့ ဘယ်မှာမှ စိတ်မရှိတော့။ မစုံမက်တော့။ ကလေးသူငယ်များ သက်သာချောင်ချိရေးဆိုတာမျိုးကိုတော့ သူ စိတ်ဝင်စားတတ်ကာ မိဘမဲ့ကလေးများ ရန်ပုံငွေအတွက် အကြီးအကျယ်

လှုဒါန်းလေ့ရှိသည်။

လေးတုံ့နေပြီးမှ ကျွန်တော်သဘောတူလိုက်ရပါသည်။ ကျွန်တော့်စိတ်မှာမူ ပါရီသို့ သာ အမြန်ပြန်ချင်ပါ၏။ ဂျွန် ယခုတစ်လော ချောင်းဆိုးလှမည်ကို ပူပင်မိ၏။ ညစာစားပွဲတွင် ကျွန်တော့်ဘေးတွင် ထိုင်သော စစ်ဗိုလ်မှူးကတော်သည် မြင်ဖူးသမျှ မိန်းမတကာမှာ အလှဆုံးတစ်ယောက်ဖြစ်သည်ဆိုတာကိုတော့ ကျွန်တော့်ကို မပြောခဲ့ကြပေ။ ဆိုစရာမရှိ ... ညိုမှောင်လှပသည့် မျက်လုံးများတွင် ဝမ်းနည်းလှသည့် သဏ္ဌာန်ကို အံ့အားသင့်စွာ မြင်ရ၏။ သူ့မျက်နှာတစ်ရပ်လုံးပင် အသက်ကင်းမဲ့သည့်အမူအရာသာရှိလေ၏။ ကျွန်တော်နှင့် စကားပြောရသည်ကို ပျင်းရိလှသည်ကိုလည်း မဖုံးကွယ်ပေ။ သူ့ဝါသနာပါဖူးသည်ဆိုသော ပန်းချီအကြောင်းပြောဆိုလည်း ပိုလို့သာ သူပျင်းရိလာပါသည်။ ထို့ကြောင့် ကျွန်တော်သည် လန်ဒန်ရှိ ကလေးဆေးရုံအကြောင်းကို စတင်မိပါသည်။ ပါရီတွင် ကလေးဆေးရုံကို ကျွန်တော်မှန်မှန်သွားတတ်သည်လို့လည်း ပြောပြလိုက်ပါသည်။

ပြင်သစ်ဆေးရုံများသည် ကောင်းမွန်လှသည်လို့ သူက ထင်ပါသည်။ သို့သော် မဟုတ်ပါ။ ဆေးရုံတွင်းနှင့် ဆေးရုံပြင်မှာ ကလေးသေစာရင်း ကြောက်စရာကြီးမားလှသည်လို့ ကျွန်တော်က ပြောသည်။ တောနယ်များသို့ စွန့်ပစ်ထားခဲ့သည့် မွေးစကလေးများ ထောင်နှင့်ချီ၍ ပို့ပစ်လေ့ရှိသည်မှာ အမှန်ပင်။

စစ်ဗိုလ်မှူးကတော်သည် ပထမဦးဆုံးအကြိမ် ကျွန်တော့်ကို သူ ဝမ်းနည်းသော မျက်လုံးများနှင့် တည့်တည့်ကြည့်လိုက်ပါ၏။ အသက်ကင်းမဲ့သော မျက်နှာအမူအရာလည်း ပျောက်သွား၏။ ထို့ကြောင့် သူ့စိတ်နှလုံးမှာ ကြင်နာခြင်းတော့ ရှိပေသားပဲဟု တွေးထင်မိ၏။

ပါရီသို့ပြန်တော့မည်ဖြစ်သော ကျွန်တော်သည် လူနာရှင်အိမ်သည်ကို ပြောခဲ့သည်။ စစ်ဗိုလ်မှူးကတော်ကို ကျွန်တော်လည်း မကုနိုင်။ ပါမောက္ခရှားကိုးလည်း မကုနိုင်။ အာရုံကြောရောဂါပါရဂူသာ ခေါ်ရန်လိုသည်။ သားသမီးထွန်းကားလျှင် ကောင်းမွန်သွား လိမ့်မည်

ဆိုတာလည်း မှန်သောစကားပါပဲ။

အိမ်တွင် ဂျွန်သည် ကျွန်တော်ပြန်လာသည်ကို ကျေနပ်ပုံရလေသည်။ သို့သော် နေ့လယ်စာစားပွဲမှာ အတူထိုင်လျှင်တော့ ကလေးသည် ဖြူဖျော့၍ ပိန်ချောင်သွားသည်ကို သိမြင်ရ၏။ ညတိုင်း ချောင်းဆိုးလှသည်လို့ ရိစလီက ပြောပါသည်။ ညနေစောင်းလျှင် အပူဒီဂရီ တက်တတ်သည်။ အိပ်ရာထဲတောင် ၂ ရက်မျှနေရသေး၏။ သို့သော် မကြာခင်ပင် သူ့နဂိုဘဝအစီအစဉ်ကလေးအတိုင်း နေထိုင်သည့် နေ့လယ်ဆိုလျှင် သူ့ထုံးစံအတိုင်း တိတ်ဆိတ်တည်ကြည်စွာ ရိစလီကို ကူညီ၍ ကျွန်တော့်နေ့လယ်စာစားပွဲကို ပြင်သည်။ ညနေဦးမှာ ပန်းခြံသို့ လမ်းလျှောက်သွားသည်။

လန်ဒန်မှပြန်လာပြီး ၂ ပတ်မျှကြာလျှင် ကျွန်တော့်ဧည့်ခန်းတွင် စစ်ဗိုလ်မှူးကိုတွေ့၍ အံ့အားသင့်ရလေ၏။ စစ်ဗိုလ်မှူးကတော်သည် စိတ်ပြောင်းသွားကာ ပါရီသို့ ဈေးဝယ် ဝင်ချင်သည်လို့ ဖြစ်ပြန်သည်။ ထို့ကြောင့် မြေထဲပင်လယ်ဘက်သို့ ခရီးရှည်ထွက်ရန် သူတို့သင်္ဘောကို ပြင်သစ်ပြည်မှ တွေ့ဆုံမည်။ စစ်ဗိုလ်မှူးကတော်သည် ကလေးဆေးရုံ တစ်ခုခုသို့ သွားလိုလှရာ ကျွန်တော်က ပို့နိုင်ပါမည်လား။ သူတို့ဖိတ်သော နေ့လယ်စာကိုကား မစားအားဘဲ ကျွန်တော့်ဆေးခန်း အလုပ်ပြီးချိန်မှာ လာခေါ်လျှင် လိုက်ပို့ပါမည်လို့ ပြောလိုက်ရလေ၏။

စစ်ဗိုလ်မှူးကတော်၏ ခံ့ညားလှသည့် အမိုးရှင်နှင့်ရထားသည် ကျွန်တော့်ဆေးခန်းရှေ့၌ ရပ်သည့်အခါ ကျွန်တော့်ဆေးခန်းမှာ လူနာဖြင့် ပြည့်ဆဲပင်။ စစ်ဗိုလ်မှူးကတော်သည် ဧည့်ခန်းတွင် ထိုင်မစောင့်လိုပါက နာရီဝက်ကြာမှ ပြန်လာပါရန် ရိစလီကို ပြောခိုင်းလိုက်ပါသည်။ သို့သော် နာရီဝက်ကြာသော် စစ်ဗိုလ်မှူးကတော်ကို ဧည့်ခန်းတွင်း ထိုင်လျက်တွေ့သည်။ သူ့ပေါင်ပေါ်တွင် ဂျွန် ထိုင်နေချေတော့ကာ ကလေးက အရုပ်မျိုးစုံကို ထုတ်ကစားပြနေသည်ကို အင်မတန် စိတ်ဝင်စားနေဟန်ရှိလေ၏။

"သူ့မျက်လုံးတွေက ရှင်နဲ့ သိပ်တူတာပဲနော်" လို့ စစ်ဗိုလ်ကတော်က ပြောပါသည်။ ကျွန်မ အစက ရှင် အိမ်ထောင်ရှိမှန်း

မသိပါဘူး”

“ကျွန်တော့်မှာ အိမ်ထောင်မရှိပါဘူး”ဟု ဖြေလိုက်လျှင် သူသည် မျက်နှာနီသွားကာ ဂျွန်၏အရုပ်စာအုပ်သစ်သို့ ပြန်ရောက်သွားလေသည်။ ထို့နောက် အားတင်းကာ မိန်းမပီပီပင် စပ်စုချင်ဟန်နှင့် ဂျွန့်မိခင်သည် ဘာလူမျိုးလဲ၊ ဂျွန့်ဆံပင်က ရွှေရောင်ဝါလှသည်။ မျက်လုံးက ပြာလှသည်လို့ မေးပါသည်။

သူဘာဆိုလိုသည်ကို ကျွန်တော် သိပါသည်။ ရိုစလီကအစနွားနို့သည်နှင့် ပေါင်မုန့်သည်အဆုံး ကျွန်တော့်ကို ကလေးအဖေလို့ ထင်ကြပေသည်။ ကျွန်တော့်ရထားမောင်းသမားကိုယ်၌ကပင် ဂျွန်ကို “ကျူပ်ဆရာသား”လို့ ခေါ်လေသည်။ ရှင်းလင်းပြောပြလို့ ဘာအကျိုးမှ မရှိနိုင်သည်ကိုလည်း ကျွန်တော်သိပါ၏။ သူတို့ ယုံကြည်ကြမည် မဟုတ်။ တစ်ဖန် ကျွန်တော်သည် ဂျွန့်အဖေဖြစ်သည်လို့လည်း ကိုယ့်ဘာသာတောင် ယုံချင်နေပြန်သည်။ သို့သော် သည်ကြင်နာတတ်သည့် မိန်းမတစ်ယောက်ကိုတော့ အမှန်ကို သိမြင်စေသင့်သည်ထင်သဖြင့် ရယ်ဟာဟာနှင့် ...

“ဗိုလ်မှူးကတော်ဟာ ဂျွန့်အမေမဟုတ်နိုင်သလောက်ပဲ။ ကျွန်တော်လည်း အဖေ မဟုတ်ခဲ့ပါဘူးခင်ဗျ။ ဂျွန်ဟာ မိဘမဲ့ကလေးပါ။ သူ့အဖြစ်ကတော့ ဝမ်းနည်းစရာကြီးပဲ။ မကြားချင်ပါနဲ့တော့။ စိတ်မချမ်းသာရုံသာ ရှိတော့မယ်”ဟုပြောကာ ကလေး၏အင်္ကျီလက်မောင်းကို ဆွဲတင်၍ အနာရွတ်ကို ပြလိုက်ပါသည်။ ဂျွန်သည် ရိုစလီနှင့် ကျွန်တော်တို့ရှိ ငြိမို့ အေးချမ်းပြီဖြစ်သော်လည်း သူပြုံးသည်ကို မြင်မှ သူ့အတိတ်ကို မေ့တော့မည်လို့ ယူဆရပါသည်။ သူသည် ဘယ်တော့မှမပြုံးရယ်ပါ။

“တကယ်ပါပဲ” ဟု သူက ညင်သာစွာပြောပါသည်။ “ဂျွန်ဟာ သူ့အရုပ်တွေ ပြတုန်းတောင် တစ်ခါလေးတောင်မှ မပြုံးဘူး။ တခြားကလေးတွေလို”

ကလေးတို့တိုင်းပြည်ကို ကျွန်တော်တို့ ရောက်နိုင်စွမ်းမရှိသဖြင့် ကလေးတို့ စိတ်ထားပုံကို သိရခက်ပါသည်လို့ ကျွန်တော်က ပြော

လိုက်ပါသည်။ မိခင်ရဲ့အလိုလို သိတတ်သည့်စိတ်ကသာ တစ်ခါ တစ်ရံ ကလေးတို့တစ်တွေကို ရိပ်ဖမ်းမိနိုင်သည်မဟုတ်ပါလား။

ကျွန်တော့်မေးခွန်းကို စစ်ဗိုလ်မှူးကတော်က ခေါင်းညွှတ်ကာ ဂျွန်ကို တယုတယ နမ်းခြင်းဖြင့်သာ အဖြေပေးပါသည်။ ဂျွန်သည် အံ့အားကြီးသင့်ကာ မျက်လုံးပြာကြီးများ နှင့် ကြည့်နေပါ၏။

"လူ့ဘဝမှာ ဒီတစ်ခါ ပထမဆုံး အနမ်းခံရရှာတာ ထင်ပါရဲ့ဗျာ" ဟု ကျွန်တော် ပြောမိလေ၏။

ရိုစလီသည် ဂျွန်ကို ပန်းခြံသို့ လမ်းလျှောက်သွားဖို့ လာခေါ် လျှင်တော့ စစ်ဗိုလ်မှူးကတော်သည် သူ့ရထားနှင့် အပျော်ထွက်စီးကြဖို့ အကြံပေးလေ၏။ ကျွန်တော်လည်း ဆေးရုံသို့ လိုက်ပို့ခွင့်မှ လွတ်မည် ကိုမြင်၍ ကျေနပ်သဘောတူလိုက်ပါသည်။

ထိုနေ့ကစ၍ ဂျွန်အတွက် ဘဝတစ်မျိုးသစ်လာလေသည်။ တစ်စုံတစ်ယောက် အတွက်လည်း ဘဝသစ်သည် မည်မှာပင်၊ မနက် လင်းတိုင်းပင် စစ်ဗိုလ်မှူးကတော်သည် အရုပ်တစ်ရုပ်ကို ဝယ်ယူကိုင် ဆောင်ကာ ဂျွန့်အခန်းတွင်းသို့ ဝင်လာသည်။ ညနေစောင်းတိုင်းပင် ရထားစီးထွက်ရသည်။ ရိုစလီက အကြော့သား ပြင်ဆင်ဝတ်စား၍ လိုက်ရသည်။ တိရစ္ဆာန်ဥယျာဉ်ရောက်သည့်အခါဆိုလျှင်တော့ ဂျွန် သည် ရယ်မောနေသောကလေးများ အလယ်မှာ တည်ကြည်လေးနက် သော မျက်နှာထားဖြင့် ကုလားအုတ်စီးတတ်သည်။

ကျွန်တော်က ပြောရပါ၏။

"အဖိုးတန်အရုပ်တွေ သိပ်မဝယ်ပေးပါနဲ့ ဗိုလ်မှူးကတော်။ ကလေးဆိုတာတော့ အဖိုးမတန်လည်း အရုပ်ဖြစ်ရင် ကြိုက်တာပါပဲ။ တချို့ကလေးဆို တစ်ရုပ်မှတောင် မရရှာပါဘူး။ ပြီးတော့ ချမ်းသာ ပေ့ဆိုတဲ့ကလေးတွေတောင် ၂ ပြားတန် အိုးပုတ်ကို တကယ်စုံ မက် တတ်တာပဲ။ ကလေးဆိုတာ သူ့အရုပ်ရဲ့ အဖိုးတန်ပုံ၊ အထက်တန်း ကျပုံကို သိတတ်နားလည်လှပြီဆိုတာ ကလေးတို့ရဲ့ နိဗ္ဗာန်က ထွက်ရ တော့ပဲခင်ဗျ။ ကလေးဘဝဟာ ကုန်သွားတော့တာပဲ။ ပြီးတော့ ဂျွန်မှာ အရုပ်တွေများလွန်းနေပြီ။ တစ်ရုပ်မှမရှိရှာတဲ့ ကလေးတွေကို ဝေပေးရ

မယ်ဆိုတာ သူ့ကို နားလည်အောင် သင်ဖို့ကောင်းပြီ။ ကလေးအဖို့ တတ်ရခက်တဲ့သင်ခန်းစာပါပဲ။ ဒီသင်ခန်းစာကို အလွယ်နဲ့တတ်တယ်။ ခက်ခက်ခဲခဲနဲ့မှ တတ်ရတယ်ဆိုတာကပဲ သူတို့ဟာ ဘယ်လိုမိန်းမယောက်ျားတွေ ဖြစ်လာမယ်ဆိုတာကို ပြနိုင်တယ်ထင်တယ်"

ရိုစလီက ပြောသည်မှာ သူတို့ရထားစီးထွက်ရာက ပြန်လာတိုင်းလုပသော မမသည် ဂျွန်ကို ချီ၍ အပေါ်ထပ်သို့တက်လေ့ရှိသည်။ ဒါတွင်မက ဂျွန်ရေချိုးရာမှာ သူပါပါသည်။ ထို့နောက်တော့ ကလေးကို ရေချိုးပေးသည်မှာ သူကိုယ်တိုင်သာဖြစ်ကာ ရိုစလီ၏တာဝန်မှာ ကိုယ်သုတ်ပဝါလှမ်းပေးခြင်းမျှသာဖြစ်တော့လေ၏။ ရိုစလီပြောပြသည့်အထဲတွင် ကျွန်တော့်စိတ်ထိခိုက်စေသည့်တစ်ခုမှာ မမသည် ကလေးကိုယ်မှ ရေသုတ်ပေးပြီး အကျႌဝတ်ပေးတိုင်း လက်မောင်းပေါ်မှ အနာရွတ်ကို အစဉ်နမ်းလိုက်သည်တဲ့။ ထို့နောက် ကလေးကို အိပ်ရာထဲထည့်ကာ အိပ်ပျော်သည်အထိ စောင့်သူမှာ စစ်ဗိုလ်မှူးကတော်သာဖြစ်ပြန်လေ၏။ ကျွန်တော်ကမူ တစ်နေ့ကုန် ထွက်နေသူမို့ သူ့ကို မတွေ့လှပါ။ သူ့လင်သည် ဗိုလ်မှူးကလည်း သူ့ကို တစ်နေ့တစ်နေ့တွေ့ရလှသည်မဟုတ်။ စစ်ဗိုလ်မှူးကတော်သည် ကလေးနှင့်သာ တစ်နေ့ကုန်လေသည်။ မြေထဲပင်လယ် ခရီးထွက်မည့်အစီအစဉ်ကို ဖျက်လိုက်ပေပြီ။ ပါရီတွင်သာ နေကြဦးမည်။ မည်မျှကြာမည်ကို ဘယ်သူမှ မပြောနိုင်။ ဗိုလ်မှူးအဖို့ ဇနီးသည် စိတ်ချမ်းသာသည်ကိုသာ မြင်လိုလှပါ၏။ စစ်ဗိုလ်မှူးကတော်သည် တစ်ခါမျှ ခုလောက် မကြည်သာခဲ့စဖူး။ သူ့မျက်နှာ အမူအရာတစ်ရပ်လုံး ပြောင်းလဲခဲ့ကာ မတိုင်းဆနိုင်သော နူးညံ့ခြင်းဖြင့် သူ့ညိုမှောင်သော မျက်လုံးများ လဲ့ရွှန်းခဲ့လေ၏။

ဂျွန်သည် ကောင်းစွာမအိပ်နိုင်ချေ။ အိပ်ရာဝင်ခါနီး သူ့ကိုသွားကြည့်တိုင်း ကလေးမျက်နှာသည် သွေးရောင်လျှမ်းနေတတ်သည်ကို မြင်ရ၏။ ရိုစလီကလည်း ကလေးသည် တစ်ညလုံး ချောင်းဆိုးလှသည်ဆိုသည်။ တစ်မနက်မှာတော့ ဂျွန်၏ညာဘက် အဆုတ်ထိပ်ဖျားမှ ချွဲသံကိုကြား၏။ ရောဂါကို ကောင်းစွာသိလိုက်ပါ၏။ ဂျွန့်မိတ်ဆွေ

စစ်ဗိုလ်မှူးကတော်ကို ပြောပြလျှင်တော့ ကျွန်တော့်ထက်စောစွာပင် ရိပ်မိသိရှိခဲ့ဟန်ပြပါသည်။ ရိစလီနှင့် ကူညီ၍ ကလေးကိုပြုစုရန် သူနာပြုဆရာမတစ်ယောက် ကျွန်တော် အလိုရှိသော်လည်း စစ်ဗိုလ်မှူးကတော်သည် နားမှလေသံ မကြားလိုဘဲ သူသာ ပြုစုချင်သည်ဟု တောင်းပန်ပါသည်။ ဂျွန်ကလည်း စစ်ဗိုလ်မှူးကတော်အခန်းတွင်းမှ ခဏထွက်လျှင်တောင် အိပ်ပျော်ရာက သိသည့်ပမာ တလှုပ်လှုပ်ဖြစ်လာတတ်သည်။ ထို့ကြောင့် ရိစလီသည် ဝဲလင်းခန်းသို့တက်ကာ ထမင်းချက်နှင့်သွားအိပ်ပြီး မြို့စားသမီးက အိမ်ဖော်မိန်းကလေး၏ အိပ်ရာတွင် အိပ်လေသည်။

နှစ်ရက်ခန့်ကြာလျှင် ဂျွန်သည် သွေးအနည်းငယ်အန်သည်။ ထိုညမှာ အဖျားဒီဂရီတက်သည်။ ရောဂါတိုးပုံ မြန်ဆန်လှသည်။

ရိစလီသည် မျက်ရည်ကိုသုတ်ကာ "ကြာရှည်နေရတော့မှာ မဟုတ်ပါဘူးရှင်။ မျက်နှာကလေးကို ကြည့်ပါလား၊ သိသာနေပါပြီ" ဟု ပြောသည်။

ရိစလီအိပ်ရာပြင်ခင်းသည့်အခါ ဂျွန်သည် သူ့အား ပြုစုယုယသူ့ပေါင်ပေါ် ခဏထိုင်တတ်လေ၏။ ဂျွန်သည် အသိဉာဏ်ထက်မြက်၍ လိမ္မာရေးခြားရှိသည်ဟု ကျွန်တော် ထင်မြင်ခဲ့သော်လည်း ရုပ်ရည်ချောမောသည်လို့ တစ်ခါမျှမထင်ခဲ့ဖူးပါ။ ယခုတော့ သူ့ မျက်နှာအချိုးအဆက်ပင် ပြောင်းလဲသွားသည်ထင်ရ၏။ မျက်လုံးများ ပို၍ ဝိုင်းဝန်းညို့မှောင်လာတယ်ထင်ရ၏။ ဗိုလ်မှူးကတော်နှင့် ကလေးတို့ ပါးချင်းအပ်၍ ထိုသို့ထိုင်ဆဲ မျက်နှာနှစ်ခုကို ယှဉ်ကြည့်ကာ ကျွန်တော်သည် တွေးတောအံ့ဩတတ်၏။ သည်မိန်းမ၏ ကြီးမားလှသော မေတ္တာသည်ပဲ သေဆုံးတော့မည့်ကလေး၏ မျက်နှာပုံပန်းလို ပျော့ပျောင်းနူးညံ့စေကာ မျက်နှာနှစ်ခုသည် တူဆင်လေသလား၊ လူ့ဘဝ၏ အိပ်မက်တောင် မမက်မိသော ဆန်းကြယ်သော အဖြစ်တစ်ရပ်ကို ကျွန်တော် ရင်ဆိုင်နေရပြီလား။ သေမင်းသည်ပင် ကလေး၏ မျက်လုံးများကို လက်ဖြင့် မပိတ်ခင် ရုပ်သဏ္ဌာန်ကို ပြင်ဆင်သည်လား၊ နဖူးတို့သည်လည်း ဆင်တူပင် ပြန့်ပြူးသန့်စင်၏။ မျက်ခုံးတို့သည်လည်း ဆင်တူ

ပင် သွယ်တန်းကော့ညွတ်၏။ ရှည်လျားသော မျက်တောင်တို့လည်း တူဆင်သည်ပင်။ ဂျွန်၏ နှုတ်ခမ်းကလေးများသာ ပြုံးနိုင်မယ်ဆိုလျှင် ထိုမိန်းမ တစ်ညပြုံးပုံနှင့်ဆင်မည်ထင် သည်။ ထိုတစ်ညတွင် ဂျွန်သည် အိပ်ပျော်ရာမှယောင်ယမ်း၍ လူ့ဘဝတွင် ပထမဆုံးအကြိမ် "မေမေ-ဖေဖေ" ဟု ကလေးဟူသမျှ အဆိုချင်ဆုံးစကား၊ မိန်းမဟူသမျှ အကြားချင်ဆုံး စကားကို ဆိုလေသည်။

ထိုညတွင် ဂျွန်သည် အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်ရှိရာ စစ်ဗိုလ်မှူးကတော်သည် ကလေးအနားမှ မခွာတော့။ သန်းခေါင်ကျော်မှ ကလေးသည် အသက်ရှူချောင်လာပြီး အိပ်ပျော်သွားပေ၏။ ကျွန်တော်လည်း သူ့ကို တစ်နာရီမျှ လဲလျောင်းအိပ်စက်ဖို့ရာ အကျောက်အကန်ပြောရပါ၏။ ကလေးပြန်နိုးလာလာချင်း နှိုးပါမည်လို့လည်း ရိုစလီက ဝန်ခံရ၏။ ရောင်နီပျို့ချိန်တွင် ကျွန်တော်လာကြည့်လျှင်မူ ရိုစလီသည် အသံမပြုရန် အချက်ပြပြီး ကလေးရော လူကြီးပါ အိပ်ပျော်နေကြသည်လို့ တိုးတိတ်စွာ ပြောပါသည်။

"ကြည့်စမ်းပါဦး ... ကြည့်စမ်းပါဦး။ ဂျွန်ကလေး အိပ်မက်မက်နေတယ်ထင်တယ်" ဟု တိုးတိုးပြောပြန်သည်။

ကလေးမျက်နှာသည် သာယာအေးချမ်းကာ နှုတ်ခမ်းများလည်း ပွင့်ဟပြုံးရယ်နေပါသည်။ နလုံးကို စမ်းကြည့်လျှင်တော့ သေဆုံးခဲ့ပြီကို တွေ့ရ၏။ ပြုံးနေသော ကလေးမျက်နှာမှ အိပ်ပျော်နေသော မိန်းမမျက်နှာသို့ ကြည့်လိုက်၏။ မျက်နှာနှစ်ခုသည် တစ်ဆင်တည်းသာတည်း။

ဂျွန်ကို နောက်ဆုံးအကြိမ်အဖြစ် စစ်ဗိုလ်မှူးကတော်သည် ရေချိုးအဝတ်အစားလဲပေးလေ၏။ သေတ္တာထဲလည်း သူကိုယ်တိုင်ထည့်ရာ ရိုစလီကူညီသည်ကိုပင် လက်မခံချေ။ ကလေးအလောင်း ခေါင်းအောက်မှ ခေါင်းအုံးကို ၂ ကြိမ်တိုင် အသစ်ဝယ်စေ၏။ ကလေးခေါင်းအုံးကြည့်ရသည်မှာ သက်သာစေသည်မထင်။

သေတ္တာအဖုံးမပိတ်ဘဲ တစ်နေ့မျှထားရန် တောင်းပန်သေး၏။ အသက်ရှင်နေထိုင်ခြင်း၏ ရင်နာဖွယ်ကို သူသိပေလိမ့်မည်။ သေခြင်း

နောက်မှ ရင်နာဖွယ်များကို သူ သိဦးမည်မဟုတ်။ ကျွန်တော်သည်သာ ဆေးဆရာဖြစ်၍ ၂ ခုလုံးနှင့် အကျွမ်းဝင်ရာ သေခြင်း၌ မျက်နှာ ၂ ခု ရှိသည်ဆိုတာ ပြောပြရပါသည်။ တစ်မျက်နှာမှာ လှပ၍ ငြိမ်းချမ်း၏။ နောက်တစ်မျက်နှာသည်တော့ ချောက်ချားလန့်ထိတ်စေနိုင်၏။ ပြုံးရယ်ခြင်းဖြင့် သေဆုံးသွားသူ ဂျွန်၏နှုတ်ခမ်းပေါ်တွင် ထိုအပြုံးကို သေမင်းက ကြာရှည်ထားလိမ့်မည် မဟုတ်။ ယနေ့ညဝင် အလောင်းကို ပိတ်ဖုံးဖို့လိုလိမ့်မည်။ စစ်ဗိုလ်မှူးကတော်သည် ခေါင်းငုံ့ကာ ဘာမျှ မပြောဘဲနေလေ၏။ သေတ္တာ၏အဖုံးကို ကျွန်တော် ကိုင်တွယ်လိုက်လျှင်တော့ သူသည် ငိုရှိုက်ကာ ဂျွန်ကို မခွဲနိုင်ပါ။ တစ်ရပ်တစ်မြေမှာ မမြှုပ်နှံခဲ့နိုင်ပါဟု ပြောလေ၏။

"ဂျွန်နဲ့ ခွဲစရာမလိုပါဘူး၊ လေးတဲ့ပစ္စည်းမှမဟုတ်ဘဲ။ အင်္ဂလန်ကို ယူသွားပြီး ဘုရားရှိခိုးကျောင်းဝင်းထဲမှာ မြှုပ်ပါလား"

သူသည် မျက်ရည်ကြားမှ ပြုံးနိုင်လာကာ မတ်တတ်ရပ်လိုက်သည်။

"တကယ်လားဟင် ... တကယ်လား" ဟု ဝမ်းသာအားရပမာ ပြောရှာသည်။

"အခု သေတ္တာပိတ်ခွင့်ပေးရင် ဖြစ်နိုင်ပါတယ်။ အချိန်မရှိတော့ဘူး။ သို့မဟုတ်ရင် ဒီမှာ မြှုပ်ခဲ့ရလိမ့်မယ်"

သေတ္တာပိတ်ခါနီးတွင် သူသည် ဝိုင်အိုလက်ပန်းများကို ကလေး၏ပါးပြင်မှာ ကပ်၍ထည့်လိုက်လေသည်။

"ဂျွန်၊ ဂျွန်ကို ပေးလိုက်စရာ ဘာမှမရှိပါလား။ ကျွန်မဆီက တစ်ခုခုယူသွားစရာ ပေးလိုက်ချင်ပါရဲ့ရှင်" ဟု ငိုရှိုက်၍ ပြောပါသည်။

"ဟောဒီဟာကိုတော့ သူ ယူသွားနိုင်ပါလိမ့်မယ်" ဟုပြောကာ ကျွန်တော်သည် အိတ်ထဲမှ စိန်ရင်ထိုးကိုနှိုက်ယူ၍ ဂျွန်၏ခေါင်းအုံးပေါ်တွင် တပ်ဆင်လိုက်ပါသည်။ "သူ့ အမေရဲ့ပစ္စည်းပါပဲ"

စစ်ဗိုလ်မှူးကတော်သည် အသံတစ်ချက်မှမထွက်ဘဲ သူ့သားငယ်သို့သာ လက်များဆန့်တန်းကာ သတိလစ်ပြီး လဲကျသွားပါသည်။

ကျွန်တော်လည်း သူ့ကို ပွေ့ချီ၍ ရိစလီ၏အိပ်ရာပေါ်သို့

တင်လိုက်၏။ ကလေးအလောင်းထည့်သည့် သေတ္တာကို ပိတ်လိုက်၏။ သင်္ချိုင်းသို့သွား၍ ကလေးအလောင်းကို အင်္ဂလန်သို့ယူနိုင်ရန် ငွေဖြင့်ပေါက်၍ စီမံရ၏။ တစ်ဖန် စစ်ဗိုလ်မှူး၏ ဟိုတယ်သို့သွားကာ သင်္ဘောအသင့်ပြင်စေရန် စီမံရပြန်၏။ ထို့နောက် စစ်ဗိုလ်မှူးကတော်အတွက် စာတစ်စောင်ရေးရပါသည်။ ကလေးအလောင်းသည် မနက်ဖြန်ညတွင် သူတို့သင်္ဘောပေါ်သို့ ရောက်နှင့်မည်။ ကျွန်တော်ကလည်း ခရီးထွက်မည်မို့ နောက်ဆုံး နှုတ်ခွန်းဆက်လိုက်ပါသည်။

ဤကျွန်၏သင်္ချိုင်းဂူကို နောင် မြင်ရပါမည်။ မြိုင်နှင်းဆီနှင့် ဝိုင်အိုလက်ပန်းများ ဂူကို ရစ်ဝိုင်း၍ ပေါက်ရောက်ပွင့်ဖူးနေကြပါသည်။ ငှက်နက်ကလေးများ ဂူခေါင်းရင်းမှာ သီချင်းဆိုနေကြပါသည်။ သူ့မိခင်ကိုတော့ ပြန်မတွေ့တော့ပါ။ ဒါပဲ ကောင်းပါပေသည်။

***(အက်ဆယ်မွန်ထေ၏ 'ဆန်မီရှဲလဲပုံပြင်' မှ ဘာသာပြန်ပါသည်။)***

*ရှုမဝမဂ္ဂဇင်း၊ အတွဲ ၂၀၊ အမှတ် ၂၃၀၊ ဇူလိုင်၊ ၁၉၆၆*

❑

# ကြည်အေး

## ဂျိုကာမပါဘဲ တုတ်စားခြင်း
နှင့်အခြားဝတ္ထုတိုများ

စာပေစိစစ်ရေးကာလက
ဝတ္ထုတိုပေါင်းချုပ်စာအုပ်များတွင်
ဖော်ပြခွင့် မရခဲ့သော
ကြည်အေး၏ ဝတ္ထုတိုလက်ရာများကို
ပြန်လည် စုစည်းခြင်း ဖြစ်ပါသည်။
ဘာသာပြန်လက်ရာ ၄ ပုဒ် ကိုလည်း
ယခု စုစည်းမှုတွင် ဖြည့်စွက်
ထည့်သွင်းထားပါသည်။

မကြာမီကမှ ပြင်ဆင်ဖြည့်စွက် ထွက်ရှိထားသော
"ဝတ္ထုတိုပေါင်းချုပ်သစ်" တွင်မူ
ယခုဝတ္ထုများ ပါဝင်ပြီး ဖြစ်ပါသည်။

မပြည့်စုံသော ယခင်ပေါင်းချုပ်များ
ဝယ်ယူထားခဲ့သူများအတွက်သာ ရည်ရွယ်ကာ
စုဆောင်းရလွယ်ကူစေရေး
သီးခြားစီစဉ် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

KA0016
MMK 4,000.00